www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ – ဦးပိုင်ဇော်ဟိန်း (၀၁၆၅၉)

ရွှေငွေခိုင်စာပေ၊ အမှတ်(၃၇)၊ ၄၄–လမ်း

ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ – ဒေါ်နွဲ့နွဲ့ရီ (၀၀၇၁၁)

အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်

အမှတ်(၆၆)၊ ပြည်တော်အေးလမ်း၊

လေးထောင့်ကန်ရပ်ကွက်၊ သဃ်ာန်းကျွန်း

ရန်ကုန်မြို့။

အကြိမ် – ပထမအကြိမ်

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀၀/–

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃


မဟူရာ (လွှိုင်ကော်)

အမုန်းချိုချို/မဟူရာ (လွှိုင်ကော်)။

ရန်ကုန်။ ရွှေငွေခိုင်စာပေ၊ ၂၀၁၆။

၃၆၆ စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။

(၁) အမုန်းချိုချို

www.burmeseclassic.com

အချစ်သည် . . .

လှပသောစကား ကဗျာလေးတွေကိုလည်း

မီးသွယ်ကျူလာတတ်စေပါသည် . . .

နားဆင်စေနိုင်စွမ်းပါချေသည်တကား . . . ။

ငါ၏ချစ်ခြင်းအား

သင်ခြင်းပယ်လိုက်ချိန်မှစ၍

ငါ၏အနာဂတ်သည် မလှပတော့ဘဲ

ငါသည်လည်း . . .

ကြေကွဲခြင်းဖြင့် ကျန်ခဲ့ရချေသည် . . . ။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

နားလည်မှုလွဲမှားခြင်းဆိုသည့်
အဆီးအတားတစ်ခုကို
ဖယ်ရှားလိုက်သောအခါ
အချစ်ဆိုတာ ...
ရုတ်ချည်းထွန်းလင်းတောက်ပစွာ
နှလုံးအိမ်ဆီသို့
အရောင်ဖြာယှက်၍ ကျလာချေသည် ...။

အမှားသည် နောင်တဖြစ်၏ ...
ရင်သည် ...
ကိုယ့်လက်သီးဆုပ်ဖြင့်
ကိုယ်ညှစ်ထားသည့်
နှလုံးအိမ်ဆီမှ
နာကျင်မှုတွေ၏အောက်မှာ
ပြားပြားဝပ်သည်သို့ရှိ၏ ...။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ချစ်သူ၏ပုခုံးပေါ်

ခေါင်းလေးတင်ခွင့်ရချင် ...

ငိုခွင့်ရချင် ...

အားရှိလှပါသည် ...။

အလွမ်းဒဏ်ရာတို့သည်လည်း

သက်သာရာရသွားပါချေလိမ့်မည် ...။

ချစ်သူ ...

အတွန့်အဝါးမှာအမြဲရှိနေပါလှည့် ...။

စိမ်းလန်းခြင်းခေါ်အောက်မှာ

ရှိနေသည်ဟု . . .

အများက ထင်နေကြသော်လည်း


ကျွန်ုပ်ခေါင်းသည်

မီးလောင်ပြင်လို

မီးခိုးတွေ အူထနေပြီ . . .။

www.burmeseclassic.com

www.burmeseclassic.com





# မဟူရာ (လှိုင်ကော်)

အမှုန်းချိုချို



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာ
ချိုပါသတဲ့ ..။

အမုန်းဆိုတာ
ခါးပါသတဲ့ ....။

အမုန်းခါးခါးတွေ
ရှိနေကြချေတယ်လို့
မစို့မပို့ဟန်ထယ်ရင်း
ငါလေမင်းကို မုန်းပြခဲ့ ....။


အစကတည်းက
မခါးရက်နိုင်ခဲ့
ချိုတဲ့အမုန်းတွေသာအမြဲ
ငါ့ရင်ထဲမှာ စွဲထင်ခဲ့တာ
ဘာကြောင့်များပါလဲကွယ် ...။

သခင့်အတွက်
ဘဝသက်တမ်းရှည်ရှည်
အချစ်တွေပဲရှိနေခဲ့ပါသလား ...
ဝန်ခံသွားစေတဲ့အရာဟာ
အမုန်းချိုချိုများပါလား .. ကွယ် ...။
ဪ ...
အမုန်းချိုချိုများပါလားကွယ် ....။

www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၁)

"ဟ .. ငါလူ .. မျက်နှာကြီးမှုန်တေတေနဲ့ .. တစ်ခုခုတော့ စိတ်ချမ်းသာစရာကြုံလာပုံကောန်မလွဲပဲ .."

"ဘယ်ကစိတ်ချမ်းသာရမှာလဲ လေးလေးသိန်း ရ .. စိတ်ညစ်လာတာဗျ .."

"ဩော် .. စိတ်ညစ်နေတာလား .. မသိပါဘူး .. ဒီလောက် မျက်နှာကြီး မှုန်သုန်မောင်းတင်ဖြစ်နေမှတော့ .. သေချာပေါက်စိတ်ချမ်းသာနေတယ်မှတ်တာ .. ဟေးဟေး .."

သူ့ မျက်မှောင်ကြီးပိုကုတ်ကွေး၍ လေးလေးသိန်း ကို ကြည့်တော့ ဝဲ့ဝဲ့စံအတိုင်း တဟေးဟေးဖြင့် လေးလေးသိန်း ရယ်နေ၏။ ဆေးပေါ့လိပ်ကို ဖွာသည်။ ပြုံး၍ကြည့်သည်။ ပြီးတော့ သူ့လက်ထဲက စာအုပ်ကိုလည်း ကြည့်သည်။

"အံမယ် .. ငါလူက နတ်သျှင်နောင်ရတုပေါင်းချုပ်ကြီးကို ကိုင်လို့ပါလားကွ .. ဟေ .. ငါးတန်းကျောင်းသားက ရတုကြီးဖတ်နေတယ်ပေါ့ .."

"ခြောက်တန်းတက်တော့မှာပါဗျ .. ခန့် စိတ်ညစ်တဲ့အထဲမှာ ဒါပါနေတယ်သိရဲ့လား .. နွေကျောင်းပိတ်ပါတယ်ဆိုမှ .. စာအုပ်တွေ

www.burmeseclassic.com

www.burmeseclassic.com



ဘာတွေအေးအေးဆေးဆေး ဖိမ်ခတ်ပြီး ဖတ်ရမလားမှတ်တယ် .. ဒီနေ့ ညွှိသည်ရောက်မယ်တဲ့ .. ကြာမှယ်တဲ့ .. ရန်ကုန်ကတဲ့ .. ကောင်မလေး တစ်ယောက်လည်းပါမယ်တဲ့ .. အဲဒါ .. ညီမလေးကို အဖော်လုပ်တဲ့.. မေမေ ပြောတယ် .. စိတ်ညစ်တယ်ဗျာ .. အသေညစ်တာ .. အဟုတ် .."

သူ ခြုံသံပါအောင် ညည်းရိုက် လေးလေးသိန်း ပြုံး၍ကြည့်သည်။ ဘိုကေလေးကျော့အောင်ဖြီးထားကာ ပုဆိုးအပြာကွက်စိပ်လေးနှင့် .. လည်ကတုံးအင်္ကျီလေးနှင့် အလွန်စာဖတ်အားကောင်းသည့်လူကြီးဆန်ဆန် ကောင်လေးတစ်ယောက် ..။ ငယ်ကတည်းက မျက်မှန်ကတာပ်နေရပြီ..။ စီးထားသည့် ဖိနပ်ကလည်း ကတ္တီပါသည်းကြိုးတပ်အနီရောင်လေး ..။ အလွန်သပ်သပ်ခပ်ခပ်လည်းနေသည်။ အသက်ကဆယ့်တစ်နှစ်ပြည့်ရုံလေး ပဲရှိသေးသည်။ အနေကငြိမ်သည့်ဘက်များနေ၏။ ကစားတာသိပ်မရှိ။ စာဖတ်တာများသည်။ ခုလည်း .. နွေကျောင်းပိတ်ရက်မှာ အိမ်ကိုဧည့်သည် လာမည့်ကိစ္စ ခန့်ညားမောင် ဆိုသည့် ချာတိတ် စိတ်ညစ်နေတာသိသာ နေသည်တည့် ..။

"အိမ်ရှင်ပဲကွာ .. ကြည့်ကြက်ပြီး .. ပြေပြေလည်လည်နေပေးရမှာ ပေါ့ ငါ့လူရ .. စာအုပ်ကြီးခဏဗီရိုထဲတို့ .. စားပွဲပေါ်တို့ နားထားလိုက် ပေါ့ .. သူတို့ပြန်တော့ ဖတ်ပေါ့ .. စာများတစ်သက်လုံးဖတ်ရမှာ .. အရှည်ကြီးရယ်ကွ .. ခဏနားတော့လည်း ဘာဖြစ်တာမှတ်လို့ .."

လေးလေးသိန်း ပြောတော့ သူ ခေါင်းခါသည်။

"ဧည့်သည်က .. မကောင်မလေးဖြစ်နေတယ် လေးလေးသိန်းရ .. သူ့ကို ခန့် က ဘယ်လိုအဖော်လုပ်ရမှာတဲ့လဲ .. အိုးပုတ်တမ်းကစားပေး ရမှာလား .. အရုပ်လေးတွေနဲ့တူတူကစားနေရမှာလား .. အဲဒါ ကောင်မလေး တွေအချင်းချင်း ကစားမှဖြစ်တာဗျ .. ခက်တယ် လေးလေးသိန်း ရာ.. လွှတ်ခက်တာပဲ .."

စာအုပ်လေး ခုံတန်းပြာထက်မှာချ၍ ခေါင်းတွင်တွင်ကုတ်ကာ



လူကြီးလေးစတိုင်ဖြင့် ညည်းညည်းညူညူလုပ်နေသည့် ချာတိတ်ပေါက်စန လေးကိုပြုံး၍ကြည့်နေသည်က လေးလေးသိန်း ..။

"ဘာပြုံးတာလဲဗျ .."

မျက်မှောင်လေးပိုကုတ်ကွေး၍ ဘုကြည့်ကြည့်စပြုလာနေသည့် ခန့် ကို ခေါင်းလေးပုတ်၍ လေးလေးသိန်း ရယ်သည်။

"အေးလေ .. ဂျင်ပေါက်တမ်းတို့ .. ဘောလုံးကန်းတမ်းတို့ .. ကြက်တောင်ရိုက်တာတို့ ဘာကဲ့ဆိုလည်းအဟုတ် .. ဒါနဲ့ .. နေစမ်း ပါ .. ငါ့လူကရော ကောင်လေးတွေကစားတတ်တဲ့ ဂျင်ပေါက်တာတို့ ဘာတို့ရလို့လား .. ဟိုက ရောက်လာမယ့် ကောင်မလေးက ယောကျ်ား လေးလို ခေါင်းမာင်မာ... ...င်နေတတ်တာမျိုးဖြစ်နေရင် ဘယ်နှယ့် လုပ်မလဲ .. ကဲ .."

ဒက်ခနဲထိအောင် .. ...က်မေးတော့ ခန့် မျက်နှာပျက်၏။ တကာ... တမ်းကျတော့ ဂျင်သည်... ခပေါက်တတ် ..။ ငယ်ကတည်းက စာအုပ် အလွန်မက်သည့် အ...ကျင့်တစ်ခုတည်းဖြင့် ပျော်မွေ့နေသည့်စရိုက်က နေသားတကျရှိနေ... ပြီ။

"ခန့် ... ... ဖတ်တာလေ .. ဘောလုံးကန်ရင်လည်း ပေရေနေ တာဆိုးတယ် လေ ..လေးသိန်း ရ .. အဝတ်တွေပေတယ် .. ခြေထောက် တွေပေတယ် .. မိုးရွာနေတုန်းကန်ရင် .. ပိုဆိုးသေးတယ် .. ဘောလုံး ကန်တယ်ဆို...ဘာက ဘောလုံးလုရင်းထိမိရင်း လဲကျတတ်တာ .. အဝတ် တွေလည်း...ပေ .. လူလည်းပေ .. ရွှံ့တွေဘာတွေနဲ့ ညစ်ပတ်တယ်ဗျ .."

ခြေ...လက်လေးတွေကအစ ဖြူနုသန့်နေသည့် ကောင်လေးကိုကြည့် ၍ လေ...လေးသိန်း ဤတစ်ကြိမ်မှာတော့ ပြုံးလာတာမရှိ။

"ဘောလုံးကန်တာပဲကွ .. ပေ .. ပေ ပေါ့ .. ရေချိုးတော့ ပြန်...သန့် သွားတာပဲ .. အဝတ်လဲလိုက်တော့ သန့်သွားတာပဲ .. ငါ့လူကမဟုတ်...သေး ...ူးသိလား .. ဖြူဥဥ .. နုဖန့်ဖန့်နဲ့ .. အဲဒါ .. ရေရှည်မကောင်း...ူးသိရဲ့

www.burmeseclassic.com



လား .. ယောကျ်ားပဲကွ .. ကျား .. ပေါ့ .. မင်းက .. ယုန်လိုလို .. သိုးလိုလိုဖြစ်နေတယ် .. လက်သည်းခြေသည်းကအစ ပန်းနုရောင်ကိုဖြစ်လို့ .. သိပ်ပြီးတော့ .. ကိုယ့်အသားနာမှာကိုကြောက်တာမကောင်းဘူး သိရဲ့လား .. ငါကတော့ .. ဆုတောင်းပါရဲ့ .. ရောက်လာတဲ့ ကောင်မလေး မင်းကိုကောင်းကောင်းလက်ချာပေးပါစေလို့ .. အဟက်ဟက် ..''

အားမနာလျှာမကျိုး ဆုတွေဘာတွေပင်တောင်း၍ တဟက်ဟက် ရယ်နေသည့် လေးလေးသိန်း ကို သူခပ်တည်တည်ပြန်ကြည့်၏။ လောလောဆယ်မှာ နှစ်ယောက်သား စကားပြောသိပ်အဆင်ချောဖို့မမြင် ..။

''အသားနာမှာ ကြောက်တာနဲ့ .. သန့်သန့်ရှင်းရှင်းနေတာနဲ့ .. အဲဒါ ခြားနားနေတာ လေးလေးသိန်း ရ .. ကျွတ် .. သိပ်ခက်တာပဲ .. ခု .. ခန့် ကို တစ်ယောက်ယောက်ကလာထိုးကြည့်ပါလား .. ပြန်ထိုးမှာပေါ့ .. အသားနာမှာကြောက်နေရင် .. ဘယ်ပြန်ထိုးရဲမလဲ .. ဟော .. တစ်ယောက်ယောက်က .. ခန့် ကို ဖြစ်ဖြစ် .. ဖေဖေနဲ့ မေမေ့ကိုဖြစ်ဖြစ် ဟောဒီက လေးလေးသိန်း ကိုဖြစ်ဖြစ် .. စော်စော်ကားကားပြောကြည့်ပါလား .. ဘာရမလဲ .. ခန့် ထိုးပစ်မှာပေါ့ .. အသားနာမှာကြောက်နေရင် ငြိမ်နေမှာဗျ .. သိရဲ့လား .. သန့်သန့်ရှင်းရှင်းနေချင်တာဟာ နေချင်တာပဲ .. အသားနာမှာကြောက်တာနဲ့ ဘာမှရောထွေးပစ်လို့မရဘူး .. သန့်သန့်ရှင်းရှင်းနေတဲ့သူဟာ .. လူကြောက်မဟုတ်ဘူးဗျ .. သဲကွဲမကြောင်ဘူး .. ခွဲခြားမြင်ပေးပါ လေးလေးသိန်း ရာ .. ခက်တာပဲ .. လေးလေးသိန်း စကားက မရှင်းမရှင်းနဲ့ .. သိပ်ရှုပ်တာပဲ ..''

ချက်နှင့်လက်နှင့် ပြန်တွယ်သည့် စာဂျပိုးလေးကို လေးလေးသိန်း ကြည့်ရင်းရယ်၏။ ရယ်ပြီးသည့်နောက်မှာ ခေါင်းခါ၏။ ဆေးလိပ်ဖွာ၏။

''မင်းကို နိုင်အောင်မပြောနိုင်သေးတာမို့ .. ခဏအချိန်ဆွဲကြည့်တာ ငါ့လူ .. မင်းက စာအိုးဆိုတော့ .. ချက်ကျလက်ကျတယ်ပြောတတ်သကိုး .. ဒီတော့လည်း .. ငါက .. တစ်ခုခုတော့ ပြန်ရှင်းမှဖြစ်လိမ့်မယ်



ငါ့လူ .. ခက်တာက .. ဘယ်လိုရှင်းရမှန်း စကားအစရှာမရတာပဲကွ .. မင်းတယ်ခက်တာပဲ .. အင်း ဒီလိုကွာ .. ငါ .. ပြန်ရှင်းချင်တာက .. ယောကျ်ားလေးဆိုတာ .. အဲ .. ယောကျ်ားလေးလိုပဲ ရှင်သန်တာပိုသင့်တယ် .. အံမယ် .. ငါတောင်မှ မင်းလိုပညာရှိဆန်ဆန်လေသံပစ်တတ်လာသကွ .. ဟေး ဟေး .. ဘာတဲ့ ရှင်သန်တာတို့ဘာတို့ပေါ့ကွာ .. ပြောတတ်လာပြီ .. ဒါ .. တိုးတက်ခြင်းပဲကွ ..''

အရေးထဲ ကိုယ့်ကိုယ်ကိုယ် ချီးမွမ်းခန်းဖွင့်နေသည့် လေးလေးသိန်း ကို မျက်မှောင်လေးကုတ်၍ သူကြည့်၏။ ဘာတဲ့ ..။ ယောကျ်ားလေးလို ရှင်သန်ဖို့သင့်သည်တဲ့ ..။ သဘောက သူက ယောကျ်ားလေးလို မရှင်သန်သူဖြစ်နေသည်။ သူ မကြိုက်။ ဟုတ်သည်။ လေးလေးသိန်း ၏ စကား ကို မကြိုက် ..။

''ဘာလဲဗျ .. လေးလေးသိန်း က .. ခန့် ကို .. ယောကျ်ားလေးလို မရှင်သန်ဘူးလို့ ပြောတာလား .. မိန်းကလေးလို ရှင်သန်တယ်လို့ပြောတဲ့သဘောလား ..''

လက်တကာကာဖြင့် လေးလေးသိန်း ခေါင်းခါသည်။ မျက်လုံးပြူး၍ အထူးတဆန်းဟန်ဖြင့် တမင်တကာကြည့်ပြသည်။ သူ့စိတ်ထဲ ကသိကအောင့်ပိုဖြစ်ရပါ၏။ ဤနေ့ကံမကောင်း။ မေမေကလည်း ဧည့်သည်ကောင်မလေးကို အဖော်လုပ်ရမည်ဟုပြောသည်။ သူ စိတ်လက်ညစ်၍ လေးလေးသိန်း ထံရောက်လာရပါ၏။ ရောက်တော့မှ စကားအပြောက အဆင်မချော။ အပြောမတည့်ဖြစ်နေပြီ ..။

''အ .. ပါ .. မောင်ရာ .. ငါပြောတဲ့အထဲမှာ မင်းကိုမိန်းကလေးလို ရှင်သန်တယ်လို့ တစ်ခွန်းများရောနှောပါသွားလို့လား ငါ့လူရာ .. ဒီမှာ .. ယောကျ်ားလေးလို .. ဂျင်ပေါက်ကွာ .. ဘောလုံးကန်ကွာ .. ရေကူးကွာ .. လှေလှော်ကွာ .. ဒီမှာများ ချောင်းတွေကန်တွေပေါပါ့ .. သစ်ပင်တက် မလား .. ငှက်သိုက်တက်နှိုက်မလား .. ပြည့်လို့ .. ကြက်တောင်ရိုက်

www.burmeseclassic.com



မလား .. ဒီခြံကြီးမှ အကျယ်ကြီးရယ် .. မင်းကွာ .. တာပဲဖတ် .. ဖတ်မဆုံးဖြစ်နတယ် .. လူကနုနုညဉဖြစ်နေပြီ .. ခြေထောက်ပေမှာစိုးတာနဲ့ အဝတ်ပေမှာစိုးတာနဲ့ .. ကြာရင် .. မင်း .. အနေနဲ့ .. အထိုင်နဲ့ .. အသန့်များနေရင်းနဲ့ .. မင်း .. နုသထက်နုပြီး .. အသားတွေနဲ့ .. အူအသည်းတွေ ဘယ်ပိုးမျိုးမဆို .. အလွယ်တကူ မင်းကိုဖိုးနုကိုယ်ထဲ ဝင်နိုင်ထွက်နိုင် .. လည်ပတ်နိုင် .. ဥမ်းထိုးနိုင် .. လျှောစီးနိုင်ပြီး .. ငါ့လူ .. ရှုံးနှာရှိုက်ကုန်းဖြစ်နိုင်တယ်သိရဲ့လား .. ကဲ .."

ဟု ဆေးလိပ်တဖွာဖွာဖြင့် အားမနာလျှာမကျိုးပြောနေသည့် လေးလေးသိန်း ကို သူ ခံရခက်စိတ်ဖြင့် မိုက်ကြည့်ကြည့်မိပြီ။

အရေးထဲ လေးလေးသိန်း က လက်မောင်း လက်ဖျံတွေကို ဗလပြကာပြနှင့် အကြွားသန်နေသေးသည့်အဖြစ်။ သူက ပိန်ပိန်ပါးပါးလေး၊ လေးလေးသိန်း က ဝတုတ်ကြီးမဟုတ်ပေမယ့် ကျစ်ကျစ်ခဲခဲရှိသည့်သူ။

"ဗလပြမနေနဲ့ .. လေးလေးသိန်း ရဲ့ လက်သည်းတွေပြန်ကြည့်ပါဦး .. ရှည်နေပြီ .. ညစ်ပတ်နေတာပဲ .. ခြေသည်းတွေလည်းရှည်နေတယ် .. ခန့် လို သန့်သန့်ပြန့်ပြန့်မနေတတ်တိုင်း သူများသန့်တာကို အပြစ်လိုက်ရှာနေတာ .."

လေးလေးသိန်း ကမန်းကတမ်းလက်သည်း ခြေသည်းတွေကိုကြည့်၏။ နောက်တော့ မျက်နှာပျက်သည်။ ရှက်ရယ်ရယ်၏။

"ငါက ဒရိုင်ဘာ မာလီပဲကွ .. လက်သည်းများညစ်ပတ်မှာပေါ့ .. အခုပဲ မြေတူးမြေဆွ .. ဘာညာလုပ်ပြီး .. ခဏသစ်ရိပ်အောက်မှာထိုင်နားနေတုန်း ငါ့လူရောက်လာသကိုးကွ .. ခြေဆေးလက်ဆေးမှမလုပ်ရသေးတာ .. မြေကြီးနဲ့ အလုပ်လုပ်တာ မြေမပေလို့ ဘာပေမလဲကွ .. မင်းကြားဖူးမှာပေါ့ .. ဆီရောင်းရင်း ဆီတော့လက်ပေသတဲ့ .. ပြီးတော့ ငါက အချိန်ဇယားနဲ့ အလုပ်လုပ်တာ .. ငါ့ခြေသည်းလက်သည်းထဲ နှစ်ပတ်နေမှတစ်ခါ ညှပ်တယ်လေ .. အဟက်ဟက် .."



ကြံဖန်၍ ဉာဏ်နီဉာဏ်နက်တွေ ဖျစ်ညှစ်ထုတ်ကာ စကားနိုင်လုနေသည့် လေးလေးသိန်း ကို သူ ခေါင်းခါ၍ကြည့်သည်။ စောစောက သူ့ကို လေးလေးသိန်း ကြည့်သည့်အကြည့်မျိုးကို ဟန်ပန်အချိုးကအစ လိုက်၍တုခြင်း ..။

ထိုစဉ်ခိုက် ခြံတံခါးရှေ့မှာ ကားဟွန်းသံပေါ်လာသည်မို့ ...

"ဟော .. မင်း ပြောတဲ့ကောင်မလေး ရောက်လာပြီထင်ရဲ့ .. ခြံတံခါး ပြေးဖွင့်လိုက်ဦးမှကွ .. အဟေးဟေး .. အဲဒီတစ်မိသားစုလုံး ညစ်ညစ်ပတ်ပတ်နေကြပါစေလို့ ဆုတောင်းချင်သကွ .. ဥပမာ .. စားရင်းသောက်ရင်း လေအန်တာတို့ .. ချွဲဟပ်တာတို့ .. လုပ်တာမျိုးပေါ့ .. ဟေး .. ဟေး .. ဟေးဟေး .."

အလွန်ရွံရှာတတ်သည့် သူ့အကြောင်းကို အစင်းသိဖြစ်သည့် လေးလေးသိန်း နောက်ဆုံးပိတ် စကားအသိမ်းအဖြစ် စိတ်ညစ်အောင်ရွှေးပြောသည်။ ပြေးလည်းပြေးပြီ ..။ သူနေရာမှ မခွာ ..။ ခုံတန်းပြာပေါ်ခြေတွဲလောင်းချ၍ထိုင်နေရင်း ငြိမ်ကျန်ခဲ့ပါ၏။ ဧည့်သည်တွေနှင့် သူ လောလောဆယ်မဆုံချင်သေး။ ဘယ်တုန်းကမှ မသိဖူးမမြင်ဖူးသည့်မျက်နှာစိမ်းတွေကြားထဲမှာ သူမနေချင် ..။ ဖေဖေနှင့် မေမေက သူ့ကို ပခုံးလေးပုတ်ပြ ..။ ခေါင်းလေးသပ်ပြပြီးတာနှင့် ...

"သားလေးလေ .. ခန့်ညားမောင် တဲ့ ."

ဟု မိတ်ဆက်ပေးတာမျိုးကို သူ စိတ်ညစ်သည်။ လူကြီးတွေကို ပြုံး၍ ခါးလေးညွှတ်ကာညွှတ်ကာဖြင့် ...

"ဟုတ်ကဲ့ခင်ဗျ .. မင်္ဂလာပါခင်ဗျ .."

ဟု ပြောရဦးမည်။

"အဲမယ်လေးလေ .. သားက လူချောလေးရယ် .."

ဟု ချီးမွမ်းလျှင် သွားဖြဲလေးဖြင့် ငြိမ်နားထောင်ပေးရဦးမည်။ လူကြီးကြားထဲ ကလေးရောက်လျှင် ..။ ရောက်သည့်ကလေး ဒုက္ခဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ကို ကလေးတွေပဲသိကြသည်။ ခြေထောက်မလှုပ်ရဲ။ လက်လေးပိုက်၍ ငြိမ်ထိုင်ရသည်။ လူကြီးတွေစကားတဖောင်ဖောင်ဖြစ်နေတာကို အေးအေး ငြိမ်၍ ထိုင်နားထောင်နေရသည်။ စိတ်ဝင်စားစရာလည်းကောင်းတာ မဟုတ်။ အလုပ်အကြောင်း ..။ ပိုက်ဆံအကြောင်း ..။ မိတ်ဆွေအကြောင်း.. ဟိုအကြောင်းသည်အကြောင်းတွေကို လူကြီးတွေက တပျော်ပျော်ဖြင့် ပြောနေချိန်မှာ တသိမ်းသိမ်းတဝေဝေဖြစ်ချင်နေသမျှကို ချုပ်ထိန်းရင်း ငုတ်တုတ်ငြိမ်နေရသည့်ဒုက္ခလောက်ဆိုးတာမရှိ။ စိတ်ဆင်းရဲဖို့ကောင်းတာမရှိ ..။ ဒါကြောင့် .. သူ .. လောလောဆယ်မှာ .. သစ်ပင်ရိပ်အောက်မှာပဲ ငြိမ်သက်၍ တခဏတာ အနေလွတ်လပ်အောင်နေမိရခြင်းပါ ..

ဒါပေမယ့် .. ခြံတံခါးဘက်ကိုတော့မကြည့်ဘဲမနေနိုင် ..။ လှမ်းကြည့်မိရပါ၏။ သဘောကောင်း လေးလေးသိန်း ဆိုတာက ဉယျာဉ်မှူး ဘဘညို ကိုလည်း ပန်းခြံအလုပ်ကူညီလုပ်ကိုင်ပေးတတ်သူ .. ခြံစောင့်ဉယျာဉ်မှူး ဘဘညို ခြံတံခါးပြေးဖွင့်လျှင်လည်း လိုက်၍ဖွင့်ပေး.. တံခါးပိတ်ပေးနှင့် အေးကလိုက်ကူတတ်သူပါ။ ခုလည်း ဘဘညို နှင့် လေးလေးသိန်း တို့ ခြံတံခါးမကြီးကိုဖွင့်နေကြပြီ။ ဖေဖေနှင့် မေမေလည်း ပေါ်တီကိုအောက်မှာကြိုတင်၍ ရောက်နေကြပြီ။ ကားဟွန်းသံကြောင့် ဖေဖေနှင့် မေမေလည်း ထွက်ကြိုကြဟန်တူပါ၏။ သူ့အာရုံထဲမှာ ကြီးမားသော နောက်ယှက်မှုကြီးတစ်ခုက အုပ်မိုးထား၏။ ဧည့်သည်ကောင်မလေး တစ်ယောက်ကို သူက တကောက်ကောက်အဖော်လုပ်ရမည်ဆိုသည့် အသိ ..။ ခက်သည်က မေမေ့စကားကို နားမထောင်ပါပဲ နေ၍လည်း ရတာမဟုတ် ..။

စိတ်လက်ညစ်ညစ်ဖြင့် ရတုစာအုပ်လေးကိုဖွင့်လိုက်မိရကာ ရောက်သည့်စာမျက်နှာကို ဖတ်လိုက်မိသည်က လတ်တလောမှာ သူ့အတွက် က စာဖတ်လိုက်ခြင်းသည် စိတ်သက်သာရာတစ်ခုကို ရှာဖွေလိုက်နိုင်သည့်နယ် ထွက်ပေါက်တစ်ခုရှာလိုက်သည့်နယ်ပါ။



"မပြောက်မည်းပြာ၊ တဆင်းသာတည့်၊ ညိုတ့ါသိမ်းမဲ၊ မရောပဲလျှင်၊ ပုလဲငုံဖူး၊ နွဲ့ရှင့်ကျူး၍၊ တိမ်ဦးလုလင်၊ မြပန်းဆင်သော်၊ ရွှေရင်သည်းအူ၊ ဆွတ်ခြွေယူသို့၊ စည်သူမထိုက်၊ လှံမကိုင်ရှကြောင့်၊ ခေါ်စိုက်မြင်မိ၊ ရေးရေးရှိလျက်၊ လျှပ်တိတောင်မြောက်၊ ရွှေနောက်ဝေမှိုင်း၊ လွမ်းသာဆိုင်း၍၊ ရှုတိုင်းမျက်နှာ၊ ထင်ယောင်လာသည်၊ သည်းချာနှလုံးလွင့်ပြီလော .."

အကြည့်သည်တန့်၏။ ရတု၏စာသားတစ်နေရာ ..။ ခြော် .. သည်းချာနှလုံးလွင့်ပြီလော .. တဲ့လားလေ ..။

ဤကောင်မလေးနှင့် လူချင်းမဆုံမိရသေးခင်မှာ ရတုလေးဖတ်စဉ်နိုက် .. ဤမျှကြေမြွေဖွယ်ရာစာသားလေးကို သူ ဖတ်လိုက်ရပြီ။ သူ့နှလုံးသားတို့ လွင့်ရချေတော့မည်ထင်။ ဤကောင်မလေးကြောင့်.. သူသည် .. စိတ်ချမ်းသာဖို့ရာလမ်းမရှိပြီလားမသိ။ ပြီးတော့ .. ရတုထဲက စာသားထဲမှာ .. အလွန်လှသည့် မိန်းကလေးကို ရည်ညွှန်းထားတာရှိသည်။ ဘာတဲ့ ..။ လှမကိုင်ရှ ..။ အလှဆုံးသော မိန်းကလေး ..။ သူ စာဖတ်အလွန်နှာပြီမို့ ..။ မြန်မာစာကို ခံစားတတ်သည်။ ရတုကိုမြတ်နိုးသည်နှင့်အမျှ ခံစားတတ်သည်။ ခု .. သူရင်ထဲလေးနေ၏။

အစတည်းက ကောင်မလေးတစ်ယောက်နှင့် အဖော်မလုပ်ချင်ရသည့်အထဲမှာ ..။ ရတုထဲက စာသားလေးကြောင့် ပို၍စိတ်လေး၏။ ဤကောင်မလေးသည် ကံကောင်ခြင်းကို သယ်ဆောင်လာခြင်းမှ ဟုတ်ပါလေစ။ သူ၏နှလုံးသား ..။ သူ၏သည်းချာနှလုံးတို့ လွင့်အောင်လုပ်မည့် ကောင်မလေးဖြစ်နေနိုင်သည်။

ဤသည်က .. သူ .. မကြာခင်ရင်ဆိုင်ရမည့်ကောင်မလေးနှင့် ပတ်သက်၍ ငယ်ဘဝကတည်းက .. သူ့ခံစားချက် ..။

မေမေပြောသည်လေ ..။ ကောင်မလေးက .. သူ့ထက်နှစ်နှစ်ငယ်သည်တဲ့။ သူက ခြောက်တန်းတက်မည်ဆိုတော့ .. ကောင်မလေးက

www.burmeseclassic.com

www.burmeseclassic.com



လေးတန်းတက်မည်ပေါ့။

သူက ဆယ့်တစ်နှစ်ပြည့်ပြီဆိုတော့ ..။ ကောင်မလေးက ကိုးနှစ်..။ နာမည်က .. ရွှေသွန်းမေ ..။ အတော်လှသည့်နာမည် ..။

ဒါပေမယ့် .. ရွှေသွန်းမေ သည် .. အစတည်းက .. စိတ်ရှုပ်ထွေးစေခြင်း၊ စိတ်ကို မလွှတ်မလပ်ခံစားနေရစေခြင်းတို့ကို လူချင်းမမြင်ရခင်ကတည်းက သူ့ထံအရင်ပို့ဆောင်ထားသည့် ကောင်မလေး ..။

နွေကျောင်းပိတ်ရက်တစ်ခုထဲမှာ သူပိုင်ဆိုင်ရမည့် စာဖတ်ချိန်များစွာကို နှုတ်သိမ်းမည့် ကောင်မလေး။ အလွန်စကားများသည့် ကောင်မလေး ဖြစ်များဖြစ်နေလျှင် နားညည်းဒုက္ခပါ သူခံရဦးမည်။ သူက .. စကားများတာကို သိပ်မကြိုက် ..။ နားရှုပ်သည်။ ပြီးတော့ .. ကောင်မလေးအဆော့သန်နေလျှင်လည်း အခက် ..။ သူ .. မျက်စိနောက်ရဦးမည်။

ရွှေသွန်းမေ ဆိုသည့် ကောင်မလေး ရောက်လာခြင်းကို .. သူ .. ရင်ထဲမှာ နှစ်နှစ်လိုလိုမရှိသည်ကတော့ အမှန်ပဲဖြစ်လေသည်။



## အခန်း (၂)

သူ တမင်ရှောင်၍ နေရာပြောင်းထိုင်ခဲ့ရာ ဝက်သစ်ချပင်ကြီးအောက်ဆီသို့ လေးလေးသိန်း ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာပါ၏။

"မမလေးက ညှော်သည်တွေနဲ့ ငါ့လူကို ဆုံပေးမလို့တဲ့ .. ငါ့ အခေါ်လွှတ်လိုက်လို့ တစ်ကျော့လာခေါ်ရသလိုပေါ့ ခန့်ညားမောင် .. အံမယ်.. ကောင်မလေးက အချောလေးကွ .. သေးသေးပါးပါးလေးရယ် .. လက်ထဲမှာလည်း အရုပ်ကြီးပိုက်လို့ .. ပန်ဒါရုပ်လေးကွ .. ကလေး .. ကလေးလိုနေတဲ့ကောင်မလေးပဲ .. ရုပ်ကလေးကပြုံးချိုချိုရယ် .. ချစ်စရာလေးကွ .. အဟောဟော .."

"ဘာလဲဗျ .. သေးသေးပါးပါး .. ဟုတ်လား .."

တစ်ခါတစ်ခါ လေးလေးသိန်း ပြောသည့်စကားကနည်းနည်း နားထဲ ထုံတုံတုံဝင်၏။ နားကြားမရှင်း ..။ သဘောမရှင်း ..။

တကယ်က .. သူ နည်းနည်းလေးစပ်စုချင်တာလည်း ပါသည်။ သူ တွေ့ရမည့်ကောင်မလေးနှင့်ပတ်သက်၍ လေးလေးသိန်း ဘယ်လိုအမြင်ရှိသည်ဆိုတာ ရှေ့ပြေးစုံစမ်းချင်တာလည်းပါသည်။

"ဟ .. ပိန်ပိန်ပါးပါး .. သေးသေးသွယ်သွယ် .. အဲဒါရှိတယ်ခဟုတ်လား .. နှစ်ခုပေါင်းလိုက်တော့ သေးသေးပါးပါးလေးဖြစ်တာပေါ့ကွ .. တကယ့်အရုပ်လေးကျလို့ ငါ့လူရာ .. မင်းတော့ .. ချောင်မယ်

www.burmeseclassic.com

www.burmeseclassic.com



မထင်ဘူး .. ကောင်မလေးက ရှင်လန်းလန်းတယ်ရှိတဲ့ ကလေးပဲ .. အဲသလို နိုးနိုးကြားကြားစရိုက်ရှိတဲ့ ကလေးနဲ့ မင်း တူတူနေရမှာဆိုတော့ .. သူက .. တစ်နေရာတည်းငြိမ်ပြီး ဆော့မယ့်ပုံမပေါက်ဖူးကွ.. စိတ်ထဲလွတ်လွတ်လပ်လပ်ရှိ .. ရှိသလို .. လုပ်မယ့်သဘောမျိုး .. သူ့ရုပ်အဆင်းလက္ခဏာမှာ ငါမြင်ရသလိုရှိတယ်ကွ .. တကယ့်ငါ့အမြင်မှန်မမှန်တော့ .. စောင့်ကြည့်ရပေမပေါ့ .. အဲ .. ငါမှန်တယ်ဆိုရင်တော့.. မင်း .. သူ နောက်တကောက်ကောက် လိုက်ရမှာ အသေအချာပဲ .. သူက မင်းနောက် တကောက်ကောက်လိုက်ပြီး တပည့်ခံမယ်လို့ ငါမထင်ဘူးကွာ .. အမောပေါ့ .."

တဟေးဟေးဖြင့် အလကားနေရင်း အူမြူးနေသည့် လေးလေးသိန်းကို သူ စိတ်ထဲမကြည်လင်။ ရင်ထဲလည်း တစ်ချက်လေး၏။ လေးလေးသိန်း ပြောသလိုများ သူက တကောက်ကောက်လိုက်နေရသည့် နေရာမှာရှိရလျှင် အခက်။ သူက .. ဘယ်သူ့နောက်မှ လိုက်ချင်တာမဟုတ်။ သူ့နောက်ကိုလိုက်တာလည်း မကြိုက် ..။ တစ်ယောက်တည်း အေးအေးဆေးဆေးနေချင်သည်။

"အဲဒါ .. သူများရှေ့က ကြွချင်တဲ့စရိုက်ဗျ .. ကလေး .. ကလေးလိုနေတယ်လို့များ လေးလေးသိန်း မို့ ပြောထွက်တယ် .. အဲဒါ .. ကလေးလို နေတာလို့မခေါ်ဘူး .. လူလည်ကျပြီး သူများကို ဆရာလုပ်ချင်တဲ့သဘော ဖြစ်တယ် .. ကလေးဆိုတာက အကြီးနောက်ကို တကောက်ကောက်လိုက်ရတာဗျ .. အကြီးစကားကို နားထောင်ရတယ် .. အကြီးက လိုက်ခဲ့ဆိုလိုက်ရတယ်၊ အကြီးကနေခဲ့ဆိုရင်လည်း နေခဲ့ရတယ် .. အကြီးက ငြိမ်ငြိမ်နေဆို ရင်လည်း ငြိမ်ရတယ် .. အဲဒါမှကလေး .."

သူထင်သည်က လေးလေးသိန်း ရှုံးပြီဟု ..။ စောစောကပြောသည် .. ကောင်မလေးက .. ကလေးလိုနေသည်တဲ့ ..။ သဘောက ကလေးပီသသည် ဆိုသည့်သဘော ..။ သို့ဆိုလျှင် .. သူက ကလေးမပီသဘဲ လူကြီးစတိုင်ချိုးနေသည်ဟု ပြောင်ပြောင်တင်းတင်း အတင်းတုတ်သည့်သဘော



သက်ရောက်၏။ ဒါကြောင့် .. ကောင်မလေးသည် .. လူစွာလေးဟုမြင်အောင် သူ တမင်ပြောခြင်း ..။ ချီးကျူးခန်းဖွင့်နေနှင့်သည့် လေးလေးသိန်း အယ်ခနဲ အသံထွက်၏။ ရယ်၏။ သူ့ခေါင်းကိုပုတ်၏။

"ဟုတ်သပ ခန့်ညားမောင် ရယ် .. ဒီတော့ကာ .. ကိုကလေးရယ် .. ကလေးကို ကိုလူကြီးတွေကလာခဲ့တဲ့ .. ခေါ်ပြီ .. သွားတော့ .."

ဟု အပိုင်ပြောကာ ပြုံးစေ့စေ့ဆက်ကြည့်သည်။ ပေကပ်ကပ်ရပ်နေသည့် သူ့ကို စောင့်ခေါ်သည့်ဟန်ကလည်း မလျှော့ ..။

"ငါက မင်းထက်ကြီးတယ် ကိုကလေးရဲ့ .. အခု .. ငါစောင့်ခေါ်နေတာမို့ ကိုကလေး .. လိုက်ခဲ့ပေရော့ .."

ဟု ခေါ်နေတော့ ကိုယ့်စကားနှင့်ကိုယ် မိကာ သူမလိုက်ချင်လိုက်ချင် ဖြင့်စာအုပ်လေးပိုက်၍ လိုက်ခဲ့ရပါ၏။

"တကယ်က .. မင်းစတိုင်လ်က .. တက္ကသိုလ်ကျောင်းသားစတိုင်လ်ဖြစ်နေသကွ .. ကိုင်ထားတဲ့စာအုပ်ကိုက .. နှယ်နှယ်ရရမဟုတ်ဘူး .. ရတုဘုရင့်ရဲ့စာအုပ် .. လောလောဆယ်တော့ .. အဲဒီစာအုပ်ကြောင့် .. ညှိသည်လူကြီးတွေကတော့ .. အထင်တကြီး မင်းကိုဖြစ်ကြမှာ သေချာသကွ .. စာအုပ်ကို အလွန်ဖတ်သကိုးဆိုပြီး အမှတ်အပြည့်ပေးကြမှာလည်း သေချာတယ်၊ အဲဒါတော့ .. ဒက်ထိမှန်မယ့် ငါ့ရဲ့ ကြိုတင်ထင်မြင်ချက်ဆိုပါတော့ .."

အံမယ် ..။ ခုလိုကျတော့လည်း ရှေ့ပြေးချီးကျူးစကားကို ကြိုတင်နှိမ်ဖတ်နေသည့် လေးလေးသိန်း ပေမို့ .. သူက သဘောကျ၏။ မျက်နှာပြုံးလာသည်။

"ဖေဖေနဲ့ မေမေက အမြဲပြောတာဗျ .. ခန့် က .. ဘိုးဘိုးနဲ့ တူတယ်တဲ့၊ ဘိုးဘိုးရဲ့ စာကြည့်ခန်းထဲက စာအုပ်တွေကို ယူယူဖတ်နေတာကိုက .. စွဲလန်းနေတာကိုက .. ဘိုးဘိုးရဲ့ ဗီဇသွေးကြောင့်တဲ့သိလား .."

ဘိုးဘိုးဦးဖေယျထင်၏ စာကြည့်ခန်းသည် သူ့အတွက်ကတော့ ကြိုက်သလိုဖတ်စရာ ရတနာသိုက်ကြီးဖြစ်နေသည်ပါပဲ။ သူ ငါးနှစ်အရွယ်မှာ ဘိုးဘိုး

www.burmeseclassic.com

www.burmeseclassic.com



ဆုံးသည်လေ။ ဘိုးဘိုးသည် သူ့ကိုအလွန်ချစ်၏။ အရပ်ထောင်ထောင် မောင်းမောင်းရှိ၏။ သူ့ကိုပွေ့၍ စာအုပ်တွေဖတ်တတ်၏။ သူ့ကို မုန့်ပဲသွားရည်စာတွေကျွေး၏။ ဒါကိုတော့ သူမှတ်မိသည်။ သူ ငယ်ငယ်ရွယ်ရွယ်လေးကတည်းက ရင်းနှီးခဲ့ရသည်က စာအုပ်တွေဖြစ်နေခြင်းမှာ ဘိုးဘိုးကြောင့်ပဲဖြစ်လေသည်။ သူ စာကောင်းကောင်းဖတ်တတ်လာသည့်အရွယ်မှာ စာအုပ်တွေကို တခြားမှာသွားရှာဖတ်ဖို့မလို ..။

"အေး .. ဘဘဦးဖေချယ်ထင် က .. အရမ်းစာဖတ်တတ်တာကွ .. သဘောကလည်းကောင်းတယ် .. တည်ကြည်တယ်ကွ .. မင်းနဲ့ ရုပ်ချင်းအတော်ဆင်တယ် ငါ့လူ .. ဘိုးအေတူတယ်ဆိုတာ နယ်နယ်ရရ ကံကောင်းတာမှတ်လို့.. နဖူးရည်ဒူးရည်မြင့်မြတ်တယ်လို့ ခေါ်သကွ ..အဲဒါကတော့ ငါတကယ်ပြောတာ မောင် .. မြှောက်ပြောတယ်မထင်နဲ့ .."

ခုလိုကျတော့လည်း နှစ်ယောက်သား လေကြောတည့်လာကြသည်တည့် ..။ မလိုက်ချင့်လိုက်ချင်ဖြင့် လိုက်လာရသည့်အချိန်လေးပေမယ့် ခုလို နဖူးရည်ဒူးရည် ကောင်းသည်တို့ဘာတို့ကြားလာရတော့လည်း ချိုချိုမြိန်မြိန် အချိန်လေးဖြစ်လာသယောင်ရှိ၏။

အိမ်ထဲနှစ်ယောက်သား တူတူဝင်ဖြစ်ကြစဉ်ခိုက် ပထမဆုံးမြင်ရသည့် မြင်ကွင်းက မေမေ့ရင်ခွင်ကို အပိုင်စီးထားသည့် ကောင်မလေးပဲဖြစ်လေသည်။ ပိန်ပါးပါးလေး ..။ ပြီးတော့ ဂျပန်ဆံတောက် နက်နက်လေးနှင့် ကောင်မလေးသည် ရုပ်ရည်လေးလည်း အချောလေးထဲကဖြစ်နေသည်။ လက်ထဲမှာပွေ့ထားသည့် ပန်းဒါအရုပ်လေးထက်ပင် ချစ်စရာကောင်းနေတာလည်း အမှန်။ ထိုသို့ဖြစ်နေတာကို သူမကြိုက် ..။ ခုလောက် ချောမွေ့မွေ့ကောင်မလေးကို မေမေ ချစ်သွားနိုင်သည်။ သူက မေမေ့အချစ်ဆုံးဆိုသည့် သားတစ်ယောက်နေရာမှ တစ်ရွေ့လေးမှပင် အရွေ့ခံချင်တာမဟုတ် ..။

"မော .. ရောက်လာပါပြီ ထားရေ .. သူက .. သူ့ဘိုးဘိုးလို .. စာအလွန်ဖတ်တာ ထား ရဲ့ .. ခုလည်း စာတစ်အုပ်နဲ့ ရောက်လာလေရဲ့ .."



ဟု ပြောလာသည်က မေမေပဲဖြစ်လေသည်။ ဧည့်သည်အန်ကယ်နှင့် စကားပြောနေသည့် ဖေဖေကလည်း ပြုံး၍ ...

"လာ .. သား .. ဧည့်သည်တွေနဲ့ ဆုံမှေးမလို့ကွ .. ညီမလေးနဲ့လည်း တူတူဆော့နော် .. သားကအကြီးဆုံးဆိုတော့ .. ညီမလေးကို စောင့်ရှောက်ရမယ် .. လာ .. လာ .."

ဟု ခေါ်တာမို့ ဖေဖေ့ဘေးမှာ သွားကပ်ထိုင်သည်။ နောက်တော့ နေရာရွှေ့ကာ ဖေဖေ့ရင်ခွင်ထဲသူဝင်၏။ ဖေဖေကလည်း အလိုက်တသင့် ပွေ့ထားသည်ပါပဲ ..။ ဆိုဖာကြီးမှာ ဖေဖေနှင့်အတူထိုင်နေရင်း ကောင်မလေးကို သူ တစ်ချက်ကြည့်၏။ ကောင်မလေးက မေမေ့ရင်ခွင်ထဲအပိုင်ဝင်နေလျှင် သူကလည်း ဖေဖေ့ရင်ခွင်ထဲ စတိုင်လေးနှင့် ဝင်ပြရမည်ပေါ့ ..။ အေးစက်စက် သူ့အကြည့်ကို နားလည်ပုံမရသည့် ကောင်မလေးကတော့ ပြုံး၍ သူ့ကိုကြည့်သည်။ သူ့အဝတ်အစားကိုလည်း ကြည့်သည်။ သူ့လက်ထဲက ကတ်ထူဖုံး စာအုပ်ထူထူလေးကိုလည်းကြည့်သည်။ ရှုးရှူးစမ်းစမ်း အတော်ရှိမည့်အချိုး။ ပြီးတော့ ဝေဝေဖန်ဖန်လည်း လုပ်နိုင်သည့်အချိုး။ ကောင်မလေးစိတ်ထဲမှာ သူ့ကို ဘာတွေဝေဖန်နေပြီလဲဆိုသည့် အနှောက်အယှက်အတွေးတစ်ခုက စတင်၍ သူ့ကိုမွှန်းခြယ်လာစေပြီ ..။

"ညီမလေးနာမည်က ရွှေသွန်းမေ တဲ့ .. သမီးလေးက ဒီကကိုကိုခန့်ညားမောင် ကို .. ကိုကိုလို့ခေါ်နော် .."

မေမေပြောတော့ သူခေါင်းခါ၍ ..

"ဟင် .. ကိုကိုဆိုတာကြီးက .. ရှက်စရာကြီး .."

သူ မနေတတ်သလို ရှက်အမ်းအမ်းဖြင့်ပြောတော့ လူကြီးတွေက ဝိုင်းရယ်ကြသည်။ အံမယ် ..။ ကောင်မလေးကလည်း ရောကောသောကောဖြင့် ဝင်ရယ်သည်။ သူကြီးကိစ္စ ဤကောင်မလေးက ဘာကြောင့်ဝင်ပါနေရသည်တဲ့လဲ ..။ သူမကြိုက် ..။ မျက်မှောင်ကုတ်၍ကြည့်တော့ ကောင်မလေး၏ မျက်ဝန်းလေးတွေက ပြုံးနေသည်။ သူ့ကိုကြည့်သည့်

www.burmeseclassic.com

www.burmeseclassic.com



အကြည့်သည် တရင်းတနှီးဆန်နေသည်။ သူ ရှက်တတ်နေတာကိုပင် သဘောကျနေသယောင်ရှိနေသည့်အပြုံး။ ခုမှတွေ့ဖူးရုံပဲရှိသေးသည်။ ကောင်မလေးက သူရှက်နေတာ ကိုလည်းပြုံးသည်။ သူ မျက်မှောင်ကုတ်၍ကြည့်တာကိုလည်း ပြုံးသည်။ အံမယ် ..။ လူကြီးတွေ သူ့ကို သဘောတကျကျဖြင့်ပြုံးကြည့်နေသည့်အချိုးကိုပင် အသားတကျလိုက်၍ တုံ့တုံ့ပပ အတုခိုး၍ ကြည့်သည့်အပြုံး ..။ ဤ ကောင်မလေးက မလွယ် ..။ တော်တော် လူတတ်လုပ်မည့် ကောင်မလေး..။

"ဒါက အန်ကယ်ဦးသုတ .. ဒါက အန်တီထား .. ညီမလေး ရွှေသွန်းမေ ရဲ့ ဖေဖေနဲ့ မေမေလေ သားရဲ့ ..သား နှစ်နှစ်သားလောက်က ဖေဖေနဲ့ မေမေ ရန်ကုန်ကိုရောက်ခဲ့သေးတယ်ကွယ့် .. အန်ကယ် သူတို့ရဲ့ ကြာရိုပ်မှူး အိမ်ကြီးကို သားငယ်သေးတော့ ဘယ်မှတ်မိပါ့မလဲ .. အဲဒီတုန်းက ရွှေသွန်းလေး ကို သားရဲ့ အန်တီထားက ဝမ်းမှာလွယ်ထားတုန်းလေ .. မေမေတို့ ရန်ကုန်ကို မရောက်တာကြာပြီ .. သားဖေဖေရဲ့ စက်ရုံကိစ္စနဲ့ပဲ ဒီနောင်တရားမှာ ကြာနေရတော့တာ .. ဘယ်မှ ခရီးမထွက်ဖြစ်နိုင်ပဲ မေမေ အိမ်မြဲနေရတာ ကွယ့် သားရဲ့ .. သား ဖေဖေကတော့ ရန်ကုန်ကို အလုပ်ကိစ္စနဲ့ရောက်တတ်ပါရဲ့ .. မေမေ့မှာ စက်ရုံကိုဝင်ဝင်ကြည့်ပေးနေရတာမို့ .. မရောက်ဖြစ်လွန်း လို့ .. ဟောဒီက အန်တီထား က .. မေမေ့ဆီကို အလည်လာတာနော် .. သားက ညီမလေး ရွှေသွန်းမေ ကို အလိုလိုက်ရမယ် .. အဖော်လုပ်ရမယ် .. ညီမလေး ပူဆာတာရှိရင် .. လုပ်ပေးကိုင်ပေးရမယ် .. ကြားလားသား .."

မေမေ စကားရှည်ကြီးပြော၍ သူ့ကိုတာဝန်တွေအပ်နှင်းနေချိန်မှာ ကောင်မလေးကတော့ ပြုံးနေသည်ပါပဲ။ သူသာစိတ်အိုက်နေသည်။ ဤတစ်နွေမှာတော့ဖြင့် ဤညှော်သည်တွေ အနေကြာကြာလျှင် အခက် ..။ သူ့စာအုပ်တွေနှင့် ဝေးရလျှင်အခက် ..။ ဤကောင်မလေး၏သားမှာ အရိပ်လိုတကောက်ကောက်ပါရင်း နိုင်းသမျှလုပ်ကိုင်ပေးနေရမည့် အချိန်တွေလောက် စိတ်ဆင်းရဲစရာကောင်းနေတာမရှိနိုင် ..။



"ကဲ .. သား .. ညီမလေးကို .. ပန်းခြံဘက်ခေါ်သွား .. ဧည့်သည်တွေ အခန်းထဲခဏနားချိန်မှာ .. သားက .. ညီမလေးကို ပန်းလေးတွေ ပြလိုက် .. ပြီးရင် အဆာပြေစားဖို့ ဒေါ်ကြီးဥ နဲ့ အခုခေါ်လွှတ်လိုက်မယ် .. ဟုတ်ပလား"

ဟု မေမေဆက်ပြောတော့ သူ ခေါင်းမညိတ်ဘဲနေ၍ရသည်မှ မဟုတ်ပဲလေ ..။ ဧည့်သည် အန်တီထားနှင့် အန်ကယ်တို့ကို အပေါ်ထပ်သို့ မေမေ ခေါ်သွားသည်။ ဖေဖေလည်း လိုက်သွားသည်။ အခန်းထဲ အရောက်လိုက်ပို့ကြခြင်း ..။ တစ်ခုခုလိုအပ်တာရှိနေလျှင်လည်း ဒေါ်ကြီးဥ တို့ကို ခိုင်းဖို့ ဖေဖေနှင့် မေမေ တူတူလိုက်သွားကြတာဖြစ်မည်။

"ကြိုတင်ပြီး ဖုန်းဆက်တာမဟုတ်ဘူး ထားရယ် .. ဒီမနက်ကျတော့မှ .. ရောက်လာကြတော့မယ်ဆိုပြီး ဖုန်းဝင်လာတော့ .. လွှမ်း မှာဖြင့် ကမန်းကတမ်း ထား တို့အတွက် အခန်းကို ပြင်ဆင်ရတာ .. ဧည့်သည်တွေအတွက် အခန်းကျယ်ကြီးရှိပေမယ့် .. အိပ်ရာတွေဘာတွေ မခင်းကျင်းထားဘူးဆိုတော့ .. ကမန်းကတမ်း အိပ်ရာခင်းနဲ့ ထားရယ် .. ဒီတ်တိုင်းကျကြီးတော့ မဖြစ်ဘဲရှိနေတော့တာပဲ .. ခန်းဆီးတွေဘာတွေ ချက်ချင်းလဲခိုင်းရတာ ထား ရဲ့ .. ကလေးတွေခြံထဲရှိနေတုန်း လွှမ်းနဲ့ ထား .. အခန်းထဲမှာ ဘာလိုသေး သလဲဆိုတာ ထပ်ကြည့်ကြတာပေါ့ .. ကိုစည်သူ နဲ့ ကိုသု တို့ ခဏတဖြုတ် အခန်းထဲတူတူထိုင်ကြပါစေပေါ့ ထားရယ် .. အခန်းထဲမှာ ဆိုဖာရှည်ကြီးတွေလည်းရှိတာမို့ .. သူတို့ အေးအေးဆေးဆေးပြောကြဆိုကြပါစေ .. ဒေါ်ကြီးဥ ထားတို့အတွက် နွားနို့ပူပူနဲ့ ပေါင်မုန့်လာပို့လိမ့်မယ် .. လွှမ်း တို့လည်း တူတူ သောက်ကြစားကြမှာပေါ့ .. ကလေးတွေအတွက်တော့ .. ပန်းခြံထဲကိုပဲ စားစရာလေးတွေ အပို့လွှတ်လိုက်မယ်လေ .."

မေမေကတော့ အန်တီထား ကို စကားတပြောပြောဖြင့် လှေကားထစ်များကို နင်းတက်ရင်း ခေါ်သွားပြီ ..။ သူသာကျန်ခဲ့ရသည့် အဖြစ် ..။ ကောင်မလေးကို သူတစ်ချက်ကြည့်သည်။ သူ မခေါ်သေး

www.burmeseclassic.com

www.burmeseclassic.com



၍လား မသိ ..။ အရုပ်ကြီး အပိုက်မပျက်ထိုင်မြဲထိုင်နေသည်။ သူ့ကိုလည်း တကြည့်ကြည့်ဖြင့်လုပ်နေ၏။

"လာ .. ပန်းခြံထဲသွားကြမယ် .."

အရေးထဲ လေးလေးသိန်း ကလည်းမရှိတော့ပြီ။ သူ့ကိုလာပို့ပြီး တာနှင့် လှည့်ပြန်သွားပြီ။ ဧည့်သည်တွေရှိတာမို့ လေးလေးသိန်း ဆက်ရပ် မနေတာလည်းဖြစ်မည်။ ခုကျတော့ သူ့မှာ အဖော်မဲ့နေပြီ။ လေးလေးသိန်း ရှိလျှင် ကောင်မလေးကို လေးလေးသိန်း လက်ထဲအသာလေးအပ်၍ ..။ ကောင်မလေးနှင့် လေးလေးသိန်း လေကြောပစ်နေကြချိန်မှာ သူ ငြိမ်နေ လိုက်၍ ရသည်။ ခုကျတော့ .. သူပဲ ခေါ်ရ ..။ သူပဲပြောရဖြင့် တစ်ယောက် တည်းရှိနေရပြီတည့်။ ဤကောင်မလေးအပေါ်တာဝန်ကျေရှုမည့်ကိစ္စသည် သူ့အပေါ် လုံးလုံးလျားလျား တာဝန်ကျနေသည်။

သူ ခေါ်တော့မှ ကောင်မလေး ထရပ်၏။ အပြာနုရောင်ဂါဝန်ရှည် လေးဖြင့် ကောင်မလေးတစ်ယောက် သူ့ဘေးမှာပါလာခြင်းသည် သူ့ဘဝ မှာ ထူးဆန်းနေသည်။ သူ့မှာ မိန်းကလေးအပေါင်းအဖော်မရှိ။ ကျောင်း မှာ ဖိုးကျော် တစ်ယောက်ပဲ သူ ရင်းရင်းနှီးနှီးပေါင်းသည်။ ကျောင်းသား အတန်းဖော်တွေနှင့်ပင် သူအားလုံးနှင့် ရောရောနှောနှောမရှိလှ။ သူ့လို ဘောလုံးမကန် ဘာမကန်နှင့်ရှိသည့် သူ့ကိုလည်း အဘယ်ကျောင်းသား တွေကမှ ကြာကြာအချိန်ယူပေါင်းသင်းနေကြရတာလည်းမရှိခဲ့ကြ။ ဖိုးကျော် ပင်လျှင် ဘောလုံးကန်ချိန်ဆို သူ့ဘေးမှာမရှိတတ် ..။ သူ့အဖော် သည် စာအုပ်ပဲဖြစ်လေသည်။ မိန်းကလေးကျောင်းသူအဖော်ဆိုတာ သူ့မှာ ရှိကိုမရှိ။ စကားတဖောင်ဖောင်ပြောတတ်သည့် အတန်းဖော် ကောင်မလေးတွေကို သူ နားညည်းသည်။ မုန့်တွေအစားကြမ်းသည့် ကောင်မလေးတွေဆို သူမျက်စိနောက်သည်။ ခပ်ကင်းကင်းနေတတ် သည့်သူ့ကိုလည်း အတန်းဖော်တွေက ခပ်ကင်းကင်းပဲ ပြန်နေလိုက်ကြ သည်ပါပဲ။ ဖိုးကျော်က ပြောသည်လေ ..။ ချမ်းသာဂုဏ်ဖြင့် ကိန်းကြီး ခမ်းကြီးသီးသီးသန့်သန့်အရမ်းနေသည့်သူဟု သူ့ကိုကြည့်မရကြသည့်



အတန်းဖော်တွေကလည်း များသည်တဲ့ ..။ သူ ဝမ်းမနည်းပါ။ သူ နေ တတ်သလိုနေတာကို တစ်မျိုးမြင်ကြတာကိုလည်း ရှင်းမပြချင်ပါ။ နှစ်ယောက် တူတူထိုင်ရသည့် ဖိုးကျော်တစ်ယောက်ပဲ သူ့အဖော်လို ဖြစ်နေတာကို သူ ပိုကြိုက်သည်။ သူငယ်ချင်းများများ စားစားမရှိတော့ သူ စာဖတ်ချင်သမျှကို ဖတ်၍ရသည်။ အေးအေးဆေးဆေးနေချင်သမျှ နေ၍ရသည်လေ ..။

ခုခက်နေရသည်က .. ဤကောင်မလေးကိစ္စ ..။ တစ်နေ့လုံးများ မပြန်ဘဲနေနေကြလျှင်အခက် ..။ ခြံထဲခေါ်လာရင်း ကောင်မလေးကို တစ်ချက်ခွေ၍ ကြည့်သည်။ ဘေးမှာကပ်၍ ခုန်ပေါက်ခုန်ပေါက်လုပ် ရင်း လိုက်လာသည့် ကောင်မလေး ..။ ပျော်ပျော်လေးလည်း နေတတ်ပုံရ သည်။ ရောက်ရာအရပ်မှာ နေသားတကျနေတတ်ပုံလည်းရသည်။ သူက အိမ်ရှင်ဖြစ်လျက် လောလောဆယ်မှာ အနေကြပ်၊ အသွားကြပ်၊ စိတ်မွန်းကြပ်ဖြင့် ကြပ်သုံးကြပ်ဖြစ်နေချိန်မှာ ..။ ဧည ည် .. သူငယ်မ က .. လွတ်လပ်ကြည်စင်နေသည်။ ကိုယ့်အိမ်ကိုယ်ယာမှာ နေနေသည့် အချိုးပင် ကောင်မလေးဟန်ကဖြစ်နေသည်တည့် ..။ သူ ကျွတ်ခနဲ စုတ် သပ်သည်။ ခေါင်းကိုတစ်ချက်ဖွသည်။ စိတ်ညစ်သည်ဆိုသည့် သဘော..။ ကောင်မလေး မော့၍အကဲခတ်သလိုကြည့်၏။

"ငါ့ကို .. ကိုကိုလို့မခေါ်နဲ့ကွ .. မတော်တဆ .. ငါ့သူငယ်ချင်း ဖိုးကျော် ငါ့အိမ်ကိုအလည်လာတဲ့အခါ .. နင် .. ငါ့ကိုအဲ့သလိုခေါ်တာကြား သွားရင်.. ငါရှက်တယ်သိရဲ့လား .."

သူပြောတော့ ကောင်မလေး ခေါင်းညိတ်ပြသည်။

"ဒါချို့ .. ဘယ်လိုထော်ရမလဲဟင် .. ကိုးကိုးလို့မထော်ရဘူးချိုရင်.. ဒီရိုထော်မယ်လေ .. ဒီဂ .. ကိုးကိုးရဲ့နာမယ်ဂ ... ထန့်နားမောင်ချိုတော့ .. မောင်ကျိုးလို့ထော်မယ်လေ .."

သူ အမ်းခနဲဖြစ်၏။ ဟင်ခနဲလည်း အသံထွက်၏။ ကောင်မလေး က စကားမပီသည့်ကောင်မလေးပါတကား ..။ ကိုးနှစ်အရွယ်မှာ ကလေးလို

www.burmeseclassic.com



အသံ တွေက စကားလုံးမပီပဲဖြစ်နေရှာသည်ကောလေ ..။ သူ .. ပို၍ ရင်ထု လိုက်ချင်သည်ပါပဲ ..။ ဤကောင်မလေးနှင့် သူ တူတူရှိနေချိန် ဖိုးကျော် အလည်ရောက်လျှင်တော့ခက်ပြီ။ စကားပင်မပီသည့် ဤကောင်မလေး နှင့် သူ အတူရှိနေရင်း ..။ အဖော်လုပ်နေရင်း ..။ ပြောဆိုနေရသည့် အဖြစ်ကို ဖိုးကျော် မြင်လျှင် စိတ်ထဲကကျိတ်ပြုံးချေမည်သာ ..။

"ဟ .. မင်းက စကားမပီဘူးလား .. ဒုက္ခပဲ .."

သူ ညည်းခိုက် ကောင်မလေးကတော့ အေးအေးဆေးဆေးဖြစ်နေ သည်။ ရှက်ပုံလည်း မရ။ အနေခက်ပုံလည်း မရှိ။ အရုပ်ကြီး အပိုက် မပျက်သေးမှာ ခုန်ပေါက်ရင်း တူတူလိုက်လာသည်ပါပဲ။

"ဂျဂါး မပီဒါဘာဖြစ်လဲ .. နောက်တော့လည်း ပီတွားမှာပေါ့ .. တတက် လုံးမပီဘဲဒေါ့မဖြစ်နိုင်ဘူး .. ဆိတ်လည်း မပူဘာဘူး .. တွန်း လေး ရှယ်နှစ် .. ရှယ့်တနှစ်လောက် အတက်ကျီးလာရင် .. ဂျဂါး လည်း ပီလာမှာ တေချာဘာ ဒယ် .. ဒါနဲ့ .. မောင်ကျီးရဲ့ လက်ထဲက ရှာအုပ်က ဘာရှာအုပ်လည်းဟင် .. ကဒ်ဖုံးကျီးနဲ့နော် .."

သူ စိတ်လက်ညစ်နေသည်။ သူ့နာမည်လည်း ခန့်ညားမောင် နေရာမှ ထန့်နားမောင်တွေဘာတွေဖြစ်နေကုန်ရပြီ။ အလှကားနေရင်း လူနာမည်ပျက်ရသည်။ ပြီးတော့ ခေါ်မည်ဆိုသည့် အမည်ကလည်း ကြည့် ..။ မောင်ကြီး တဲ့ ..။ နေရင်းထိုင်ရင်း လူက သိုက်သမိုင်းထဲက မင်းသားလိုလို ..။ ရာဇဝင်ထဲက မင်းသားလိုလို ..။ ပြီးတော့ တောသား လိုလို ..။ သူ ကျွတ်ခနဲစုတ် သပ်၍ ညည်းသည်။ မောင်ကျီး ဟု သူ့ကို ကောင်မလေးခေါ်တာများ ဖိုးကျော် ကြားလျှင် ဟက်ဟက်ပါအောင် ရယ်လိုက်မှာ သေချာသည်။

"ကြောလေ .. ဘာချာအုပ်ကျီးလည်းလို့ .."

"နတ်သျှင်နောင်ရဲ့ ရတုပေါင်းချုပ်စာအုပ်ကွ .."

"နတ်ချင်နောင် .. တူက ဘယ်သူလည်းဟင် .."

"ရတုတွေရေးတဲ့ စာဆိုကြီးပေါ့ကွ .. သိပ်တော်တာ .. ဟိုး ရှေးရှေး



တုန်းက ရေးခဲ့တာလေ .. အခုမရှိတော့ဘူး .."

"ဟိုးချေးချေးတုန်းကရေးခဲ့ဒါ .. ဒါဆို .. ပုံပြင်ပေါ့ .."

သူ စိတ်ညစ်လာသည်။ ပေါက်ပေါက်စစအလွန်မေးသည့် ကောင်မလေး။ ရှေးရှေးတုန်းက .. ဆိုတာနှင့်ပဲ ပုံပြင်ဖြစ်ရရောတဲ့လား လေ ..။

"မေမေ ကြောတဲ့ပုံပြင်တွေထဲမှာပါဒယ်လေ .. ဟိုး .. ချေးချေးတုံး က ပေါ့ကွယ် .. ချိုပြီးတော့လေ .. ချပြောဒါ .."

စပြောတာ .. ဆိုတာလည်း ကောင်မလေး ပါးစပ်ထဲရောက်တော့ ချပြောတာဖြစ်ကုန်ပြီ။

"ထိုင်မယ် .."

သူ ခုံတန်းမှာ ထိုင်တော့ ကောင်မလေးကလည်း ဂါဝန်ရှည်လေး ကို လက်လေးဖြင့် ဟန်ကျပန်ကျသိမ်း၍ကျကျနနထိုင်သည်။

"ရတု ဆိုဒါ .. ဘာလည်းဟင် .."

အမေးအမြန်းဆက်လာပြန်သည်။ သူ ခေါင်းနောက်လာ၏။ ခက် သည်က ရတုဆိုတာကို သူရှင်းပြလျှင် ဤကောင်မလေး နားလည်ပါ့ မည်လား မသိ ..။

"ရတုဆိုတာက .. လေးလုံးတပါဒစပ်ဆိုတဲ့ လင်္ကာတစ်မျိုးပေါ့ ကွ .. အသံကလည်း သာယာတယ် .. အဲဒါကိုပြောတာ .."

သူ ဖြေတော့ ကောင်မလေး သူ့ကိုသေချာကြည့်သည်။ အထင်တ ကြီးနိုင်နေသော အကြည့် ..။ ထိုအခါကျတော့လည်း အထင်ကြီးခံရ၍ သူ ပျော်သွားသည်ပါပဲ။ အံမယ် ..။ ခုလိုကျတော့လည်း ကောင်မလေး နှင့်စကားပြောရတာ သိပ်တော့ မဆိုးလှ ..။ သူ့မှာ ကြွားဖော်ရသည်ပေါ့။

"ဆိုပြ ..."

နေရင်းထိုင်ရင်း သူက အခိုင်းခံဖြစ်လာနေခြင်းဆိုတာကို နားလည် လာမိရပြန်သည်။ မေးတာကိုဖြေနေရသည်။ ဆိုပြ .. ဆိုတော့လည်း ဆိုပြရဦးမည်။ မဆိုပြဘဲနေလျှင် .. သူ .. ရတုမဖတ်တတ်ဟု အထင်

www.burmeseclassic.com

www.burmeseclassic.com



သေးခံရမှာကို ကျတော့လည်း မခံနိုင်ပြန်။ ဒါကြောင့် စာအုပ်ကို ဖွင့်လိုက်မိရပါ၏။ ကြွားရမည့်အဖော်မရဘဲ ကိုယ်ကစာဖတ်တော်ဘဝ ရောက်နေရပြီ။

"သူ့ကိုယ်သူများ .. နန်းဆောင်ကရွှေမင်းသမီးကျနေတာပဲ .. ငါ့ကိုများ ရတုဖတ်ခိုင်းဘာခိုင်းနဲ့ .."

ဟု စိတ်ထဲကတော့ မအီမသာ ရွတ်မိရသည်ပါပဲ။

ကောင်မလေးက အရုပ်တွေဘာတွေဘေးချ၍ လက်ပိုက်ကာ ရတု နားထောင်ဖို့အဆင်သင့်ဖြစ်နေပြီ။ သူ .. ရာဇဓာတုကလျာဘွဲ့ရတုကို ဖတ်ပြ လိုက်မိရပါပြီ။ ဖွင့်လိုက်သည့်စာမျက်နှာက ထိုရတုနေရာဖြစ်နေ သည်ကိုးလေ ..။

"ဟင် .. ဖတ်ပြမှာလား မောင်ကျီး .. အလွတ်မရဘူးလား .."

ဘယ်လောက်များ ဖွတ်ပြဖို့ကောင်းသည့်ကောင်မလေးပါလဲ ..။ ခု ကတည်းက ကဲ့ကဲ့ရဲ့ရဲ့လုပ်နေပြီ ..။

"ဟ .. အလွတ်တော့ ဘယ်ရမလဲကွ .. ဒီလောက်ခက်တဲ့ဥစ္စာ .."

"ဟင် .. အချဂပြောဒေါ့ .. အတာတာယာဒယ်ဆို .. ဆိုရတာလွယ် မှာပေါ့ .. တွန်းလေး ထင်ဒါက ... မောင်ကျီးဂအလွတ်ရွတ်ဆိုနိုင်မယ် ထင်ဒါ .."

"ဟ .. အသံသာယာတိုင်း အလွတ်ရနိုင်မလားကွ .. ဒီမယ် .. နား ထောင်ချင်ထောင် .. မထောင်ချင်နေ .."

"အန်တီလွမ်း ဂို ပြန်တိုင်ပလိုက်ရမလား .."

တပြန်တမောင်းပြန်၍ပင် ကောင်မလေးက သူ့ကို ချောက်လုံးတွေ ပစ်သွင်းနေသေးသည့်အဖြစ်။

သူ ရတုပဟာမပုဒ်ကို ဖတ်ပြလိုက်သည်။ ဒေါ်ပြီ ..။ တစ်ပိုဒ်ပဲဖတ် ပြမည်။ တစ်ပုဒ်လုံး ဖက်မပြဘဲထားလိုက်မည်။ ရတုမှာ သုံးပိုဒ်ရှိတာ ဤကောင်မလေးလည်း သိနိုင်တာမဟုတ်။ ဘာမှစာကြောင်းပေကြောင်း သိသည့်အရွယ်လည်းမဟုတ်။



"တင့်လှပေဟန်၊ ဖက်မဲ့ရန်တည့်၊ ခြောက်တန်နတ်ရွာ၊ ဘုံကလာ သို့၊ ပြာပြာလတ်လတ်၊ မွတ်မွတ်ညက်ညက်၊ ရွှန်းရွှန်းစက်မျှ၊ ဝင်းလက် ရောင်ရွှေ၊ အခေါင်ပေမည့်၊ တောင်နေနတ်ဟန်၊ မြတ် သစ်ကြန်နှင့်၊ ပန်းမှန်ရေးချေ၊ ထုံးနေမကျော၊ ပန်းရောဆံကြာ၊ ချတိုင်းသာလျှင်၊ ရွှေဝါဖိတ်ရှင်း၊ ထည်ချင်း စံပယ်၊ နံ့ကြွယ်လှိုင်ကြူ၊ မဇ္ဈူမျက်မည်း၊ ပေါ်ထပ်စည်းနှင့်၊ မရည်းမထင်၊ ဖြုတ်ချည်းမြင်က၊ နတ်ပင်ယိုးမှား၊ ပိုးဝါးထွေးချွတ်၊ စိတ်လုံးညွတ်သည်။ ဘုံထွတ်နန်းတောင်နေတို့လော .."

"ဂျဘယ်ပန်းလည်း ပါဒယ်နော် .. ဂျဘယ်ပန်းအကြောင်းရေးဒါ .. ရတုလားဟင် .."

သူ့မှာ ဖတ်လိုက်ရပါသည့် ရတု ..။ ထည်ချင်း စံပယ် ဆိုသည့် စာသားတစ်ခုကို မှတ်မှတ်ထင်ထင်ရှိနေရင်း ကောင်မလေးပြောသည်။ စံပယ်ပန်းပါသည့် ရတုတဲ့လားလေ ..။ စံပယ်အကြောင်းကို စပ်သည့် တဲ့လား ..။ ရာဇ ဓာတုကလျာဘွဲ့ကိုရေးသည့် ရတုစာဆို နတ်သျှင်နောင် သာကြားလျှင် မည်သို့ရှိမည်မသိ ..။

"ဟ .. အဲဒါ .. သူအလွန်ချစ်တဲ့ ရာဇဓာတုကလျာ ဘယ်လောက် ချောတယ်ဆိုတာ ရေးထားတာကွ .. သိလည်း မသိဘဲနဲ့ .. ရတုနား ထောင်ချင်နေသေးတယ် .. အဲဒါပြောတာပေါ့ .. ကျွဲပါးစောင်းတီး ဆိုတာ .."

ဟု ပြောတော့ ကောင်မလေးငြိမ်နေသည်။ ကျွဲပါးစောင်းတီးဆို တာကို နားလည်ပုံမရ။ ဒါကြောင့် မျက်နှာလည်းမပျက်။ စိတ်လည်း မဆိုး။ အေးအေးလူလူရှိနေသည့် ကောင်မလေး ..။

"ဩော် .. အဲဒါလား .."

သဘောပေါက်သလိုလိုဖြင့် ကောင်မလေးပြောသည်။ ဘာကို သဘောပေါက်ပြီး ဘာကိုအဲ့ဒါလားသည်တော့ သူ မသိ။

"ချောတာကိုရေးတာလား .. တွန်းလေးကိုတွေ့ရင်လည်း အဲဒီ နတ်ချင်နောင်ဂရေးမှာဘဲ တဲလား .. တွန်းလေးဂိတ်ချောဒါတဲ့ .. နတ်သမီး

www.burmeseclassic.com

www.burmeseclassic.com



လေး လိုဘဲတဲ့ .. အိမ်မှာပြောလိုက်ပါလေ .. ဟင်း .. ဟင်း .."

ဟု ဂုဏ်တင်နေတော့ သူ မျက်မှောင်ကုတ်၍ ကြည့်သည်။ ကောင်မလေး ဂါဝန်လေးကိုလက်ဖြင့်သိမ်း ထရပ်သည်။ ဂါဝန်ရှည်လေးကို လက်လေးဖြင့် ဘေးတစ်ဖက်တစ်ချက်သို့ ဖြန့်ကားကားလေး လုပ်ကာ လှည့်ပတ်၍ ကပြပြန်၏။ ကလေးဆိုတော့ စိတ်ထဲရှိတာ ကောက်၍လုပ်ပြခြင်း။ ကြိုးသိုင်းဖိနပ် ဖြူဖြူလေးနှင့် ကောင်မလေး ..။ အပြာနုရောင်ဂါဝန်ရှည်လေးကို ဘေးဘက်ဆီကို ပြန့်ကားအောင် လက်လေးဖြင့် ကိုင်ထားတာကလည်း ဟန်ပါသည်။ လှည့်ပတ်ကနေတာကလည်း လှနေသည်။ ဂျပန်ဆံတောက်နက်နက်လေးကလည်း နွဲ့နွဲ့လေးလိုက်၍ခါနေ၏။ အသားလေးကဖြူဥဥ၊ မျက်ခုံးထူထူနက်နက်လေးနှင့် မျက်တောင်လေးက ထူထူသိပ်သိပ် ..။ ရယ်မောနေရင်း ပေါ့ပေါ့ပါးပါးကနေသည့်ဟန်လေးကိုကြည့်ကာ သူကြည့်ခဲ့သည့် စနိုးဝှိုက်ကာတွန်းကားထဲက မင်းသမီးလေးကို မြင်လာမိသည်တည့်။ ရုတ်ခနဲ ကောင်မလေး အကရပ်သည်။ သူ့ကိုကြည့်သည်။

"မောင်ကျီး .. ရတုစပ်တော့လေ .. တွန်းလေး လှဒါ .. ကဒါ .. အဲဒါကို စပ် .."

ဟု ခိုင်းလာတော့ သူ အကြပ်ရိုက်ပြီ။ ဘယ့်နှယ်လုပ်၍ ဤသူငယ်မ ကတာတွေလှတာတွေကို သူက ရတုစာဆိုလုပ်၍ စပ်ပေးနိုင်ပါ့မည်တဲ့လဲလေ ..။

မစပ်တတ်သည့် လူညံ့ဟု ကောင်မလေး အထင်သေးတာကိုလည်း မခံချင် ..။ ထိုစဉ်ခိုက် ကယ်တင်ရှင်ပေါ်လာ၏။ ဒေါ်ကြီးဥ ..။ တစ်ခုခု စားဖို့လာခေါ်တာဖြစ်မည်။ ထိုအခါကျတော့မှ သူ သက်ပြင်းကို ပေါ့ပေါ့ပါးပါးချလိုက်မိရပါသတည်း။



## အခန်း (၃)

နေ့လယ်စာထမင်းစားချိန်လည်း မရောက်သေးတာမို့ ညှော်သည်တွေ အဆာပြေ၊ အမောပြေသဘောမျိုးဖြင့် မေမေက ပေါင်မုန့်အလုံးလေးတွေကို ထက်ခြမ်းခွဲ၍အလယ်မှာ ကြက်သားစင်းကောအချိုကြော်လေးကိုညှပ်၊ ကြက်ဥပြုတ်တစ်စိပ်ကိုညှပ်၍ ကော်ဖီပူပူနို့များများလေးဖြင့် စားဖို့စီစဉ်ထားခြင်း..

အံန်ကယ်သုနှင့် အန်တီထား ရော၊ ကောင်မလေးရော စားမြိန်ကြသည်။ သူလည်းစားကောင်းနေသည်ပါပဲ ..။

"နေ့လယ်စာသေးကို ဖွယ်ဖွယ်ရာရာလေးထပ်ဖြစ်အောင် နောက်ထပ် ကြက်ပေါင်းနဲ့ ငါးကြော်၊ ပြီးတော့ ပဲပုတ်ထောင်းလေး ထပ်စီစဉ်ထားတယ် ထားရေ .. အိမ်မှာ နေ့လယ်စာအတွက်ချက်တဲ့ဟင်းတွေ ရှိနေပေမယ့် .. ထား တို့ကို ရောက်ရောက်ချင်း ဖွယ်ဖွယ်ရာရာလေးတော့ စားစေချင်တယ်လေ .. အဲဒါ .. ဒေါ်ကြီးဥနဲ့ လွှမ်း တို့ ထပ်ပြီး ဟင်းအမယ်တိုးထားတာ .. မီးဖို မှာ ဒေါ်ကြီးဥ ငါးကြော်နေလေရဲ့ .."

ဟု မေမေပြောနေတော့ အန်တီထား မှ ..၊

"အလကားအလုပ်ပိုအောင် လွှမ်း ရယ် .. လူစိမ်းတွေကျနေတာပဲ ကွယ် .. အထူးဧည့်သည်တွေလိုမလုပ်ချင်စမ်းပါနဲ့ လွှမ်း ရဲ့ .. အနေကြပ်တယ်သိရဲ့လား .."

www.burmeseclassic.com

www.burmeseclassic.com



ဟု အန်တီထား ပြောသည်။ ကောင်မလေး ပန်းကန်ထဲ နောက်ထပ် ပေါင်မုန့်အသားညှပ်ကို အန်တီထား ထည့်ပေးတော့ ကောင်မလေးက မငြင်း။ တီးနေသည်ပါပဲ။ စားတာသောက်တာ ဟန်ပန်သိပ်မလုပ် ..။ လွတ်လွတ်လပ်လပ် စားဟယ်သောက်ဟယ်ဖြစ်နေသည့် ကောင်မလေး ..။ ပေါင်မုန့်အလုံးဆိုတာက ကြားမှာအသားညှပ်၊ ကြက်ဥပြုတ် ညှပ်ထားတာမို့ ပါးစပ်ကို အားပါးတရားကြီးဟ၍ ကိုက်လိုက်ဝါးလိုက်လုပ်နေသည့် ကောင်မလေး။ သူက ဖြည်းဖြည်းချင်းဖွဲ့၍ကိုက် ..။ သာသာလေး ဝါးစားတတ်သည့်အကျင့်ရှိသူ ..။ ကောင်မလေးက ဖြတ်ဆို ပေါင်မုန့်တစ်လုံးအသာလေးပြောင်သလင်းခါသွားအောင် ပေါင်မုန့်တစ်ကိုက်ကြီးကိုက် ..။ အားပါးတရကြီး ဝါး ..။ ကော်ဖီသောက်၍ မျိုချနှင့် အစားအသောက်ကိစ္စထဲ နစ်မြုပ်နေသည်တည့်..။

"ကြည့်ပါဦး .. စားနေပုံက .. ပေါင်မုန့်မမြင်ဖူးတာကျနေတာပဲ၊ ပါးဖြဲ နားဖြဲစားတယ်ဆိုတာ ဒါမျိုးပေါ့ .. သွားတွေမှာလည်း ကြက်ဥအနှစ်ဝါဝါ တွေကပ်လို့ .. ငါ့နယ်နော် .. အစားပျက်လိုက်တာ .."

သူတကယ်ပဲ ဆက်မစားနိုင်ဘဲ နှလုံးနောက်လာသည်။ ဧည့်သည်တွေ လာကြတုန်းက .. ကားပေါ်က မဆင်းကြသေးခင်မှာ ဝက်သစ်ချပင်ကြီးဘက် အကွယ်ယူ၍ သူအသာလေးပုန်းနေ ထိုင်နေလိုက်ခြင်းကြောင့် ..။ ကောင်မလေးတို့ ကားပေါ်ကဆင်းတာကို သူ မမြင်ခဲ့။ သူ့ကို မမြင်စေချင်၍ တမင်တကာ သူ ရှောင်နေခဲ့သည့်အချိန်လေးသည် ကျန်ခဲ့ပြီ။ ခုကျတော့ မျက်နှာချင်းဆိုင်မှာထိုင်နေရင်း ပါးလုတ်ပါးလောင်းတီးနေ အုပ်နေသည့် ကောင်မလေးကြောင့် လောလောဆယ်မှာ အစားပျက်အသောက်ပျက်ဒုက္ခကို သူရင်ဆိုင်ရပြီတည့်။ ကောင်မလေး မုန့်နှစ်ခုစားပြီးတော့ ကော်ဖီသောက်သည်။ သွားမှာကပ်နေသည့် အစာအကြွင်းအကျန်ကို လျှာဖြင့်သိမ်းသည်။ လျှာကငြိမ်နေတာမဟုတ် ..။ ဟိုဘက်နှုတ်ခမ်းအောက်ကိုရွှေ့ ..။ ဒီဘက်နှုတ်ခမ်းအောက်ကိုရွှေ့ ..



သွားပေါ်မှာ ကပ်သမျှကို ကျွတ်ခနဲ .. ကျွတ်ခနဲအသံထွက်အောင် စုတ်၍ မြိုချနေတော့ သူ ဘယ့်နှယ်လုပ်၍ နှလုံးမနောက်ပဲနေနိုင်ပါအံ့မည်တဲ့လဲ ..။ ကိုင်ထားလက်စ ပေါင်မုန့်တစ်ဝက်ကို ပန်းကန်ပေါ် သူ ချလိုက်ချိန်မှာ မေမေကြည့်သည်။

"သား .. မုန့်ကုန်အောင်စားလေ .. ထမင်းနည်းနည်းနောက်ကျပြီး စားမှာနော် သား .."

ဟု ပြောတော့ သူ ခေါင်းခါသည်။ အန်ကယ်သု နှင့် ဖေဖေကတော့ စားရင်းသောက်ရင်း အလုပ်ကိစ္စတွေပြောနေကြတာမို့ သူ ပေါင်မုန့်တစ်ဝက်ကျန်နေသည့်ကိစ္စကို အရေးအရာဟု ထင်ထားပုံပင်မရ ..။ အာရုံလည်း မစိုက်နေကြ ..။ မေမေကတော့ ထုံးစံအတိုင်း သားလုပ်သူ အစားအသောက် အစားနည်းတာကအစ ကြည့်တတ်သည့်စရိုက်အတိုင်း သိလည်း သိ ..။ နေ့လယ် စာ အစားနောက်ကျလျှင် ဗိုက်ဆာမှာစိုး၍လည်း သတိပေးလာချေ၏။ သူ ခေါင်းခါတာကိုမြင်သည့် မေမေ ဘာမှစကားမဆက်ရသေး .. လက်မြန်ခြေမြန်ဖြင့် ကောင်မလေး သူ့ပန်းကန်ထဲမှ မုန့်တစ်ဝက်ကိုယူ၍ ...

"ချားလိုက်တော့မယ် .. နမျောဂျရာဂျီး .."

ဟု ပြောကာ ဆိုကာ တကယ်တီးပစ်တော့ အန်တီထား မှ မျက်နှာပျက်ကာ ...

"သမီး သွန်း .. ကိုကို စားတာကုန်အောင် စားပါ့စေလား .. ပြီးတော့.. နောက်တီးနောက်တောက် ပြောတတ်တဲ့အကျင့်ကိုပြင်ပါ့ကွယ် .. ခက်ပြီပဲ"

ဟု ညည်းတော့ ကောင်မလေး ရယ်ပြသည်။ သွားမှာကပ်နေသည့် ကြက်ဥပြုတ်အနှစ်ဝါဝါတွေကို သူ ထပ်မြင်ရပြန်၏။ လည်ချောင်းထဲမှ မျို့ချင်ချင်ပင် သူဖြစ်လာရပြီ ..။

အန်တီထား မှာ မေမေ့ကိုကြည့်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"အဲလိုပဲ လွမ်း ရေ .. ဒီသမီးလေးဟာလေ .. ကြာရိပ်ဖူးမှာလည်း တစ်ချက်မငြိမ်ဘူး .. ဟိုလူ့နောက် .. သည်လူ့စ .. အလွန်ရွှတ်တွတ်တွတ်.. ပေတောတောလေးနေတတ်တာ လွမ်း ရဲ့ .. ခုကြည့် .. ဟိုမှာ ဆက်စားပါ့ စေလား .. လက်သွက်ခြေသွက်နဲ့ .. ယူပစ်ပလိုက်ပြီ .. အိမ်မှာလည်း .. အဖေနဲ့ အမေ့ ပန်းကန်ထဲက မုန့် .. တယ်ဥစ္စာကျန်နေမလဲဆိုတာ အမြဲပတ်ချောင်းနေတာ လွမ်း ရဲ့ .. မကုန်ပဲရှိ .. သူ ရှင်းပစ်တာပဲ .. ခု လည်း .. လုပ်ပြီ .."

"နမျောဂျရာဂျီး မေမေရ .. ဒီလောက်ကောင်းတဲ့ဥစ္စာကို .. မစားပဲ ထားရင်.. ပေါင်မုန့်ဂ .. နှစ်ရာလောက်တန်တယ် .. ကြက်တားလည်း ပါဒယ်.. ကြက်ဥလည်းပါဒယ် .. ဒါဆိုရင် .. ပေါင်မုန့်တစ်ဝက်က ငါး ဆယ် .. ကြက်ဥနဲ့ ကြက်တားတစ်ဝက်က တစ်ရာ .. ဒါဆိုရင် .. တစ်ရာ့ ငါးဆယ်လောက် ဖြုန်းလိုက်တာလိုဖြစ်သွားမှာပေါ့ .. နမျောဂျရာ ဘယ်လောက်ကောင်းတလဲ.. ဒါကြောင့် ပရွက်ရှိတ်တို့ .. ခွေးတို့မစား ရအောင် .. တန်ဖိုးရှိရှိနဲ့ ဒီမုန့်ဂ ဗိုက်ထဲရောက်ဖို့လိုဒါမို့ .. ခပ်မြန်မြန်ဘဲ ဗိုက်ထဲပို့လိုက်ဒါဘာ .."

ဟု ပြောတော့ စကားမပီသည့်ကောင်မလေးကိုကြည့်၍ သူ့မှာ ရယ်ပဲ ရယ်လိုက်ရင်း လှောင်ထေ့ထေ့လုပ်လိုက်ရမလိုလို ..။ လူကို လူဖြုန်း ကြီးဟု သွယ်ဝိုက်ကာ ပြောသယောင်ယောင်ရှိနေသည့်စကားကိုပဲ ဒေါပွရမလိုလိုဖြင့် သူ့မှာ စိတ်လည်း မဆိုးလိုက်ရ ..။ ရယ်လည်း မရယ် လိုက်ရဘဲ ဂွတ်တုတ်ကြီး အူကြောင်ကြောင်ထဲရောက်နေရသည်။ စိတ် လည်း ဆိုးချင်သည်။ ရယ်လည်း ရယ်ချင်သည်။ ရယ်လိုက်ခြင်းက ကောင်မလေးကို နှိမ်လိုက်ရာရောက်မည်။ စိတ်ဆိုးလိုက်လျှင်လည်း ကောင်မလေးက အငယ်ဖြစ်နေသည်။ မေမေ ဆူမည်။ ဘာတစ်ခုမှ သူ မလုပ်နိုင်သေးဘဲ အူလည်လည်ကြီး ငုတ်ရိုက်ထားသလို ငြိမ်နေရတာ လောက်ဆိုးတာ မရှိ။



"ဟောဒီမှာ ကိုသု .. သမီးကိုထိန်းဦး .. စကားမပီတာတွေဘာတွေ လုပ်နေပြန်ပြီ .. ပြီးတော့ .. သူ့ကိုကိုရဲ့ မုန့်လည်းယူစားပစ်ပလိုက် ပြီ .."

ဟု အန်တီထား စိတ်ညစ်ပုံ ညည်းတွားသံဖြင့် အန်ကယ်သု ကို ပြောတော့ ..၊

"သမီးလေး ပျော်နေလို့ဖြစ်မှာပါ သားရယ် .. လွမ်းရေ .. ဒီသမီး ဘယ်နက္ခတ်နဲ့များ မွေးတယ်မသိပေါင်ဗျာ .. အလွန်အနောက်သန်တာဗျ .. ကြာရိပ်ဖူးမှာလည်း အဲသလိုပဲ စကားမပီသလိုလုပ်လုပ်ပြောလိုက် .. မာလီ ရန်ကနားလို စကားသံဝဲပြီး ပြောတာမျိုးတောင်ရှိတတ်ရဲ့ .. ထမင်းချက် တဲ့ ဒေါ်ကြီးစာကို တောက်တဲ့အရုပ်ကြီးနဲ့ ချောက်လို့ချောက် .. အို .. အလွန် အပျော်သန်တဲ့ သမီးဗျ .. ဒါပေမယ့် .. သမီးက သူ့အိမ်သူ့ယာမှာပဲ အဲသလိုပျော်တတ်တာပါ .. ကျောင်းမှာ မလုပ်ရှာပါဘူး .. အခု .. မွေးနေ့သာ ကိုရောက်လာခိုက်မှာ .. သမီးက မိဘတွေတရင်းတချာနေတဲ့သူတွေရဲ့ အိမ်မှန်းသိလို့ .. သူ့အိမ် သူ့ယာလိုသဘောပိုက်ပြီး ပျော်နေရှာတာဖြစ်မှာ ပါ .. ထား ကလည်း .. သမီးလေး ပျော်တာ .. ပျော်ပါစေကွယ် .. သူ့ကိုကို စားတဲ့ဥစ္စာ .. စားတာပဲ.. စားပါစေ .."

ဟု ပြောလာတော့ အန်တီထား ခေါင်းခါသည်။

"အဖေ အလိုလိုက်တိုင်း မဆိုးနဲ့ သွန်းလေး .. စကားကို ပီပီသသ ပြောစမ်း .. အကျင့်ပါကုန်တော့မှာပဲ .. ရွှတ်နောက်နောက်နဲ့ လုပ်ရင်း လုပ်ရင်း.. ညည်းလေး တကယ် စကားမပီပဲဖြစ်ကုန်မယ်သိလား .."

ကျော့ချမှ စားပြမှန်းသိ .. ဆိုသလိုဖြစ်ကုန်ပြီ။ သူ ခံလိုက်ရချေ သည်ကောလေ ..။ ကောင်မလေး တကယ်စကားမပီတာမဟုတ်။ တမင် တကာ မပီချင်ယောင်ဆောင်ခြင်း။

"မောင်ဂျီး .. တူ့ကို .. ကိုးကိုးလို့ မထော်နဲ့ချိုလို့ .. မောင်ဂျီးလို့ ခေါ်မယ်လို့ပြောရင်း .. မောင်ဂျီးကို .. နည်းနည်းလေးခင်လာဒါနဲ့ ..

www.burmeseclassic.com

www.burmeseclassic.com



ခင်ခင်မင်မင် ဒသောနဲ့ .. ဂျဂါးမပီချင်ယောင်ရှောင်လိုက်ဒါဘာ မမေ ရဲ့ .. ဟင်းဟင်း .. မောင်ဂျီးက သွန်းလေး တကယ်စကား မပီဘူး ထင်ပြီး သနားနေတာ သိရဲ့ လား မမေ .. စာအုပ်အထူကြီးဖတ်ပြီး .. လှုရှည်မဆည်ဘူး သိလား .. သွန်း နောက်တီးနောက်တောက်လုပ်တာကို မရိပ်မိဘူး မေမေရဲ့ .. ပြီးတော့ .. ရာဇဝတ်ကလျာချောတဲ့အကြောင်း နတ်သျှင်နောင် စပ်ထားတဲ့ရတုကိုတောင်မှ ရွတ်ပြလိုက်သေးတာ .. သွန်း လိုပဲ ချောတယ်လို့တောင် ပြောသေးတယ် မေမေရဲ့ .."

"ဟင် .. ငါ မပြောဘူးနော် .. နင်ပဲပြောတာ .. နင့်ကိုယ်နင် .. သိပ် ချောတာပဲဘာညာဆိုပြီးတော့လေ .."

သူ ရက်အမ်းအမ်းဖြင့် ဖြေရှင်းနေချိန်မှာ အားလုံးဝိုင်းရယ်တာ ကိုခံရ ပြန်၏။ ကောင်မလေး ရယ်တာက အကျယ်ဆုံး ..။ ကြက်ဥအနှစ် ပေနေသည့် သွားဝါဝါတွေကို အသားကုန်ဖွင့်၍ ရယ်နေခြင်း ..။

သူ ရှက်ခနဲ ရှက်စိတ်ဖြင့် ထရပ်တော့ မေမေရယ်၍ သူ့ကိုကြည့် ကာ..

"သားကလည်း .. ဘာလို့ထရပ်တာလဲ .. ညီမလေးက ချစ်လို့ပြော တာကို ရှက်စရာလား .. ပြန်ထိုင် .. ပြန်ထိုင် .."

ဟု ပြောကာမှ သူ ပို၍ဆိုးကာ ပြေးထွက်လာမိရပြီ ..။

"မောင်ဂျီးဂ .. တိတ်ချက်တတ်ဒါဘဲ .. တွန်းလေးကို .. စောင့်ပါ ဦး .. စောင့်ပါဦး .."

ဟု ပြောသံကြားတော့ သူပို၍ တက်သုတ်နှင်သည်။ အောင်မလေး တကယ်လိုက်လာမည်ထင်၍ လန့်လန့်ဖြင့် သူ တစ်ချက်ကြည့်မိသည် က အခန်းတံခါးရောက်လုလုမှာပါ ..။

ကောင်မလေး လိုက်မလာ ..။ လက်ကလေးပိုက်၍ အထိုင်မပျက်ပဲ သူ့ကိုပြုံး၍ကြည့်နေသည်။ မျက်ခုံးလေးတွေလည်း ပြုံးနေသည်။ နှုတ်ခမ်းလေးလည်း ပြုံးနေသည်။ ရွှန်းတောက်နေအောင် ပြုံးနေသည့်



မျက်ဝန်းနှင့် နှုတ်ခမ်းလေးတွေက တကယ့်ကိုလှနေသည်ပါပဲ။ ဒါပေ မယ့် .. သူ .. ထိုမျှ လှနေသည့် ကောင်မလေးကိုကြည့်မရသည့် စိတ်ပဲဖြစ် တည်၏။ ရှက်စရာကြီး.. ဟု သူခံစားနေရှသည်။ သူ့ကို ချစ်စနိုးလေး နောက်နေသည့် လူကြီးသူကြီးတစ်ယောက်စတိုင်ဖမ်း၍ ကြည့်နေသည့် အကြည့်ဟုလည်း သူခံစားနေရသည်။ အနေတည်တာကို သူကြိုက်၏။ ခုဥစ္စာက .. စိတ်ထဲထင်ရာကို ကောက်လုပ်တတ်သည့် မှန်းဆရခက်ခဲ သောစိတ်လေးဖြင့် တပျော်ပျော်နေတတ်သည့် ကောင်မလေးတစ်ယောက် နှင့်အတူ ဤတစ်နေ့ကို သူ ဖြတ်သန်းရမည်ဆိုလျှင် ..။ သူ .. မွန်းကြပ်သော ခံစားချက်တွေဖြင့် စုန်းစုန်းမြုပ်ရချေမည်သာ..။

ခပ်သုတ်သုတ် သူ အခန်းထဲမှ ပြေးထွက်ချိန်မှာ အားလုံးကတော့ ချစ်စနိုး ဝိုင်းရယ်ကျန်ခဲ့ကြသည်ပါပဲ ..။

"ကိုသု သမီးလေးက .. စီးပွားရေးသမားဖြစ်မှာဗျ .. စောစော တုန်းက ပေါင်မုန့်တန်ဖိုးတွက်ပြတာများ ကျော့မော့နေတာပဲ .. ဒက်ခနဲ့ ကို ထိထိမိမိလည်း ပြောနိုင်သဗျ .. သမီးလေး တော်သကွ .."

ဟု ဖေဖေ့ ချီးကျူးသံကို သူ ဆက်ကြားနေရတော့ ပို၍ပင် ကောင်မလေး ကို မနာလိုဖြစ်လာတာ တိုးသွားရပြန်၏။ ဖေဖေနှင့် အန်ကယ်သုတို့ စကား တွေပြောနေ၍ ဘာမှစားပွဲသောက်ပွဲကို စိတ်မဝင်စားဟု သူ ထင်ထားခဲ့ပေမယ့် ..။ တကယ်တမ်းကျတော့ ထိုသို့မဟုတ် ..။ ကောင်မလေး ပြောသည့် စကားတွေကို ဖေဖေက မှတ်မှတ်ရရအထင်တကြီးပင်ရှိနေ သေးသည်တည့်..။

"မြှောက်မနေနဲ့ ကိုကြီးစည်သူ ရေ .. ဒီအမြှောက်ကြိုက်မလေး က .. သူ့ကို မြှောက်ရင် .. ခြေဖျားလေးတွေလေထဲဝဲနေတဲ့ မြေမနင်း ကောင်မလေးမျိုး .. ချောတယ်ပြောလည်းကြိုက် .. တော်တယ်လို့ ပြော လည်းကြိုက် .. အိမ်မှာလည်း ငြိမ်နေတယ်ကိုမရှိဘူး .. မျောက်ဖြူလေး မွေးထားရသလိုပဲ ကိုကြီးရဲ့ .."

www.burmeseclassic.com

www.burmeseclassic.com



ဟု အန်တီထား ပြောနေချိန်မှာ ရယ်သံတွေ ပေါ်လာပြန်သည်။

အံမယ် ..။ ကောင်မလေးကလည်း ရောနှောရယ်နေသေးသည့် အဖြစ်။

သူ မှတ်မိသည်လေ ..။ သေးသေးစူးစူးလေးဖြင့် ရယ်သည့်အသံ ..။

ကောင်မလေး၏အသံ ..။

ဤကောင်မလေး .. စိတ်ဆိုးတတ်ပုံမရ ..။

ပျော်တတ်ပုံပဲရနေသည် ..။

အန်ကယ်သူ ပြောသည့်လေသံကို ခဏယူသုံး၍ ပြောရလျှင်ဖြင့် .. ဤ ကောင်မလေး .. ဘယ်အပျော်နက္ခတ်နှင့် မွေးလာသည်မသိ ..။

သေချာတာတစ်ခုကတော့ .. သူ့အတွက်ကဖြင့် .. ကောင်မလေး ရောက်လာခြင်းသည် .. ပျော်စရာဖြစ်မနေတာပဲဖြစ်ချေသည်။



## အခန်း (၄)

သစ်သီးစည်သွပ်ဘူးနှင့် ဖျော်ရည်စက်ရုံကြီးထဲမှာ လူကြီးတွေ ကြည့်ကြ ..။ စကားပြောကြ ..။ စီးပွားရေးကိစ္စ ..။ ဖြန့်ဖြူးရေးကိစ္စ တွေပြောဆိုကြ ဖြင့်ရှိနေကြချိန်မှာ သူ ပျင်းနေသည်။ ကောင်မလေး ကလည်း တသမ်းသမ်းတဝေဝေဖြင့်ရှိနေ၏။ အန်တီထားမှ သမီးကို ကြည့်ကာ ..၊

"ရွှေသွန်းလေး .. ပျင်းရင် .. ကိုကိုနဲ့ စက်ရုံအပြင်ဘက်က ပန်းခြံ ထဲမှာဖြစ်ဖြစ် .. ဒီနားတစ်ဝိုက်မှာပဲဖြစ်ဖြစ် .. သွားလိုက်ပါလား .. ခန့်လေးရေ.. ညီမလေးကို ခေါ်သွားနော် .."

ဟု ပြောတော့ မေမေမှ သူ့ကိုကြည့်ကာ ...

"ဟုတ်ပါရဲ့ .. ကလေးပျင်းနေရှာရောပေါ့ .. ယာတောအိမ်ကို လေးလေးသိန်း နဲ့ သားလိုက်ပို့ခိုင်း .. ဟိုဘက်က သစ်တော့ခြံနဲ့ လိမ္မော်ခြံ တွေ .. ပင်မှည့်ခြံတွေက လွှမ်းတို့ရဲ့ခြံတွေ ထားရဲ့ .. ကိုစည်သူ ထပ်ဝယ် ထားတဲ့ ခြံတွေလေ .. အဲဒီနားမှာ စမ်းချောင်းလေးရှိတယ် .. သားလိုက်ပြ လိုက်နော်"

အန်တီထား ကို လှည့်ပြောလိုက် ..။ သူ့ကိုပြောလိုက်ဖြင့် မေမေက တော့ ကောင်မလေး၏ အထိန်းတော်တာဝန်ကို သူ့ထံအပ်နှင်းပြီ။ သူ မပို့ချင် ..။ အလွန်စကားများသည့် ကောင်မလေး ခုလိုပျင်းနေကာ

www.burmeseclassic.com

www.burmeseclassic.com



တသမ်းသမ်းတဝေဝေဖြင့် ငြိမ်နေတာလောက် သူ့မှာ စိတ်ချမ်းသာနေတာမရှိ။ နားအေးပါးအေးလေးဖြစ်နေချိန်မှာ ဤ ကောင်မလေး စကားတဖောင်ဖောင်ဖြင့်ရှိစေ မည့်ကိစ္စ သူ့ဘက်ကျလာပြီ။ စမ်းချောင်းလေးသို့ရောက်လျှင် ဟိုးတစ်ဖက်က ပင်စိမ်းတောဘက်ကိုလည်း ကြည့်လိမ့်မည်။ စကားပုင်တန်းရှိရာ ချောင်းစပ်မှာလည်း ပြေးချင်ပြေးနေလိမ့်ဦးမည်။ ဟိုဟာမေးသည်ဟာမေးနှင့် စပ်စုတာတွေကလည်း ရှိလာဦးမည်။

သူ .. စိတ်ညစ်ညစ်ဖြင့် ကောင်မလေးကိုကြည့်မိရပါ၏။ မတော်တဆချောင်းထဲပြုတ်ကျတာတွေကြုံမှာ သူ ရင်လေးနေခိုက်မှာ ကောင်မလေးကတော့ဖြင့် တက်တက်ကြွကြွအသွင်ကူးပြောင်းလျက်ရှိနေပြီ။ မျက်စိတွေ ဘာတွေကျယ် ..။ ငိုက်မြည်းနေတာတွေလည်း လွင့်ခနဲဖြစ် ..။ လန်းဆန်းတက်ကြွနေသည့်ဘက်ကို လုံးဝရောက်နေပြီတည့် ..။

"အံ့ပါရဲ့ .. စပရိန်ကျနေတာပဲ .. ခုကျုံ့ချည် .. ခု ဆန့်ချည်နဲ့တယ်ပြီး မျက်ကြောပြောင်းတဲ့ ကောင်မလေး .. ကြည့်စမ်း .. တစ်ခါမှ သူ ငိုက်မနေတဲ့အတိုင်းပဲ .. မါးကြောနားကြောတွေများ ပြူးနေလိုက်တာ .."

သူ တတ်စွမ်းသမျှဖြင့် စိတ်ထဲက မျက်ကြောမတည့်ဂါထာတွေ တန်းစီရွတ်နေချိန်မှာ ကောင်မလေးကတော့ သူ့ဘေးမှာရပ်နေသည်တည့် ..။ သဘောက .. သွားတော့မည်ဆိုသည့်သဘော ..။ မေမေကိုယ်တိုင်ပဲ ကောင်မလေးကိုလက်ဆွဲခေါ်ကာ စက်ရုံအပြင်ဘက်သို့ခေါ်လာတော့ သူနောက်က မလိုက်ဘဲကျန်နေ၍မှ မရသည်ပဲလေ။

ကားရပ်ထားရာ သစ်ပင်အရိပ်အောက်မှာ ကားကိုမှီ၍ ရပ်နေရင်းဆေးပေါ့လိပ်လေးတဖွာဖွာဖြင့် စည်းစိမ်ကျနေသည့် လေးလေးသိန်းထံ မေမေ လျှောက်သွားခိုက်မှာ .. လေးလေးသိန်း ကမန်းကတန်း ဆေးလိပ်ကိုလက်ကြား ပြန်ညှပ်၍ ကိုယ်လေးရို့ကာ ရပ်နေပါ၏။ မေမေ့ရှေ့မှာပဲဖြစ်ဖြစ် ..။ ဖေဖေ့ ရှေ့မှာပဲဖြစ်ဖြစ် ..။ ဘယ်တော့မှ လေးလေးသိန်း ဆေးလိပ်မဖွာ ..။ ကားမောင်းလျှင်လည်း ဆေးလိပ်မသောက် ..။ ဤ



သည်က ဖေဖေနှင့် မေမေရှေ့မှာ လေးလေးသိန်း တလေးတစားထား၍နေခြင်း ..။

"ကိုသိန်း .. ကလေးတွေကို .. စမ်းချောင်းဘက်ခေါ်သွားလိုက်နော် .. နေ့လယ်စာအမီ သစ်တော့ခြံ ယာတောအိမ်ကို မမလွမ်း တို့ အရောက်လာ ကြမယ် .. အဲဒီ .. ယာတောအိမ်မှာစောင့် .. ဟုတ်ပလား .."

ဟု ပြောတာမို့ လေးလေးသိန်း ခေါင်းညိတ်သည်။ မေမေ့လက်က ကောင်မလေး၏ လက်လေးကိုလွှတ်ပေးလိုက်တာမို့ ကောင်မလေး သူ့ဘေးမှာ လာရပ်၏။

"တွားဂျစို့ မောင်ဂျီး .."

ဟု ပြောတော့ မေမေရယ်နေသည်။ လေးလေးသိန်း ကလည်း ကောင်မလေးကိုတစ်လှည့် သူ့ကိုတစ်လှည့်ကြည့်ကာ မျက်လုံးတွေပြူးလာနေ၏။ မေမေ့ရှေ့မှာမို့ လေးလေးသိန်း၏ ရယ်သံထွက်ကျ မလာရခြင်းဖြစ်ပေမည်။ ဒါမှမဟုတ်လျှင် လေးလေးသိန်း ၏ တဟက်ဟက် .. တဟိုးဟိုးဖြင့် အားမနာလျှာမကျိုးရယ်သံကြီးကို သူ အကြာကြီး မေ့တွာစိတ်ကုန်လောက်အောင် ကြားနေရမှာ သေချာသည်တည့် ..။

"ကလေးတွေအတွက် .. သစ်သီးစည်သွပ်ဘူးနဲ့ ဖျော်ရည်ဘူးတွေ ကိုသိန်း ခဏလိုက်ယူ .. ပါလာတဲ့ ဘီစကစ်တွေလည်း ထည့်ပေးလိုက်မယ် .. ကလေးတွေကိုလည်းကျွေး .. ကိုသိန်း လည်း စား .. ဟုတ်ပလား .."

ဟုပြောတော့ လေးလေးသိန်း ခေါင်းညိတ်ကာ ...

"ဟုတ်ကဲ့ပါ မမလွမ်း .. ကဲ .. ဖိုးခန့်ညား ရေ .. ကားပေါ်က စောင့် .. သမီးလေးလည်း ထိုင်စောင့် .."

ဟုပြောကာ လေးလေးသိန်း ကိုယ်တိုင် ပရာဒိုကားရှေ့ခန်း ထိုင်ခုံမှာ ကောင်မလေးကို အရင်မွေ့တင်သည်။ ပြီးတော့ သူ့ကို မျက်စပစ်၍ ကြည့်၏။ သဘောက .. ဘေးမှာကပ်ထိုင်ဆိုသည့်သဘော ..။ သူ မှန်တေတေဖြင့် နောက်ခန်းတံခါးဖွင့်ကာ ဝင်ထိုင်ပစ်လိုက်သည်ပါ၏။ ဘာကြောင့်

www.burmeseclassic.com



သူက ကောင်မလေးဆီမှာ ကပ်သပ်၍ထိုင်ရမည်တဲ့လဲ။ မထိုင် ..။ စကားပူ၊ နားပူအလွန်နိုင်သည့် ကောင်မလေး ..။ အသားလည်း ပူမှာသေချာသည်။ သူ .. နားပူလည်း မခံနိုင် ..။ အသားပူလည်း မခံနိုင် ..။

လေးလေးသိန်း ချောင်းမသိမသာဆိုး၏။ ရယ်ချင်နေတာ သိသာနေသည်ပါပဲ။ မေမေ့ရှေ့မှာမို့ မရယ်ခြင်း ..။ ထိုစဉ်နိုက်မှာ ကောင်မလေး ရှေ့ခန်းမှ ဆင်းသည်။ သူ့ဘေးဘက်က နောက်ခန်းတံခါးကိုဖွင့်၍ တက်ထိုင်သည်။

"ဟ .. ရှေ့မှာထိုင်လေ .. နင်က .. ဧည့်သည်ပဲ .. ဦးစားပေးရမှာပေါ့ .. ရှေ့မှာထိုင် .. ရှေ့မှာထိုင် .."

သူ တူတူမထိုင်ချင်သမျှ ပြောင်တင်းတင်းပြော၍ကလည်း မေမေ့ရှေ့မှာမို့ မဖြစ်နိုင် ..။ စကားအလှကို ရွေး၍ပြောရသည်။

"ဟင် .. မောင်ကြီးက .. သွန်းလေး ထက် အကြီးပဲဥစ္စာ .. သွန်းလေး ဘာလို့ ရှေ့ခန်းမှာထိုင်ရမှာလဲ .. မောင်ကြီးနဲ့အတူတူ .. နောက်ခန်းမှာ ထိုင်မှာပေါ့ .. ဒါမှမဟုတ်ရင် .. သွန်းလေးနဲ့ တူတူမထိုင်ချင်ရင် .. မောင်ကြီး ရှေ့ခန်းမှာ ထိုင်လေ .."

နေရင်းထိုင်းရင်း သူ့မှာ မောင်ကြီး နာမည်ကြီးတွင်ရပြီ။ တားမရ ဘာမရ .. မောင်ကြီးဘဝသို့ အလိုလိုကူးပြောင်းရချေသမျှ သူ .. ရင်ကို သာထု၍ အသံကုန်ဒေါသတကြီးအော်ချင်နေသည်ပါပဲ။ စိတ်ရှိတိုင်း အုပ်ထည့် လိုက်ရလျှင်ဖြင့် ကောင်မလေး တင်ပါးတွေ နီစပ်ကုန်အောင် တုတ်ချက်များများဖြင့် ဆော်ပစ်ချင်တီးပစ်ချင်နေရပြီ။

"အံမယ် .. သမီးလေးက .. သမီး ကိုကို့ကို တရိုတသေထားသကိုးကွယ့် .. ကဲ .. သားက .. သမီးနဲ့တူတူစီး .. ဟုတ်ပလား .. ညီမလေးကို လမ်းမှာ ပုံတွေဘာတွေလည်း ပြောပြပေါ့ .. သားဖတ်ထားတဲ့ ဒုံပြင် စာအုပ်တွေလည်း မနည်းလှပဲဥစ္စာ .. ပြီးတော့ .. ဝါးတောတွေ .. စိုက်ခင်းတွေ .. သစ်တော့ခြံတွေကိုလည်း တွေ့သမျှ ရှင်းပြသွား .."



မေမေ ပြောကာ ပြုံး၍ စက်ရုံဘက်သွားလိုက်တော့ လေးလေးသိန်း နောက်မှလိုက်သွားပါ၏။ သူ .. နှစ်ယောက်တည်းရှိခိုက်မှာ ကောင်မလေးကို မှုန်ကုတ်ကုတ်ကြည့်သည်။

"ငါ့ကို .. မောင်ကြီး .. မောင်ကြီးလို့မခေါ်ပါနဲ့ဆိုတာ မရဘဲကိုးကွ၊ ငါရိုက်ပလိုက်ရ .."

တစ်ချက် ခြောက်ကြည့်သည်။ ကောင်မလေး သူ့ကိုကြည့်ကာ စတင်၍ မျက်နှာလေးညှိုးလာ၏။ နောက်တော့ မဲ့တဲ့တဲ့လေးလုပ်လာပြီ။ မကြာလိုက် ..။ စတင်၍ ငို၏။ ငိုတာကလည်း တိုးတိုးလေးမဟုတ် ..။ အသံက တဖြည်းဖြည်းကျယ်လာသည်။

"တူညားဂ .. မောင်ကျီးလို့ ဆော်ဒွဲဥစ္စာဂို .. ရိုက်မယ်ဒွဲ .. ကြောက်ဒယ် .. ကြောက်ဒယ် .. အိန်ကျန်မယ် .. အိန်ကျယ်ဒေါ့မယ် .. ရန်ဂုန်ဂ အိန်ကို ကျန်မယ် .. ဖေဖေနဲ့ မေမေ့ကို .. ကျန်ပို့ခိုင်းဒေါ့မယ် .."

ငိုသည်မှ ရိုးရိုးမငို ..။ ရှုတ်နောက်နောက်အကျင့်က ရောထွေးနေသေးသည်။ ဝမ်းပန်းတနည်းငိုနေသည်ပဲ ..။ စကားမပီတာတွေ ထည့်၍ ငိုရမည်တဲ့လား။ ခုဥစ္စာက ..။ ရှုတ်နောက်နောက်လုပ်၍ ပြောသည့်စကားနှင့် အတည်ငိုနေသည့်အငိုကို အတူမွှေနှောက်၍ ငိုသည့်အငိုဖြစ်နေသည်။ သူ .. မြင်ကို မမြင်ဖူးသည့် အဆန်းတကာ့ တစ်ရာထဲက ကောင်မလေးကို ဘယ်လိုစကားမျိုးဖြင့် ဝေဖန်ရမည်ဆိုတာ စကားလုံးပင် ပျောက်နေသည့်အဖြစ်။

"ငိုရင် .. စကားကို အပီပြောငိုကွာ .. ဘယ့်နှယ် .. မပီကလာပီကလာနဲ့ ငိုရသလား .."

"အိန်မှာလည်း .. အဲဒလိုငိုဒါပဲ .. ငိုဒွဲအခါတိုင်း စဂါးမပီဘဲ ငိုငိုနေခဲ့တာ .. အကျင့်ပါနေပြီ .."

သူ မျက်လုံးကြီးပြူး၍ကြည့်မိသည်။ အတည်လား ..။ မအတ်မတည့်ပြောနေခြင်းလားဟု အကဲခတ်ကြည့်၏။ ဤကောင်မလေးကို ဘာမှ

www.burmeseclassic.com

www.burmeseclassic.com



စိတ်ချရတာမဟုတ်။ မျက်ရည်တွေဘာတွေသုတ်လိုက် ငိုလိုက်ပြောလိုက်ဖြင့်ရှိနေတာကို အတန်ကြာ သူအကဲခတ်ကြည့်သည်။ တကယ်ပဲ ရန်ကုန်က ကြာရိပ်ဖူးဆိုသည့်အိမ်ကြီးမှာ ဤကောင်မလေးသည် ငိုသည့်အခါတိုင်း စကားမပီဘဲ ပြောငိုနေခဲ့တာဖြစ်နိုင်သည်။ ဘာတဲ့ ..။ စောစောက ပြောသည်လေ ..။ အကျင့်ပါနေပြီတဲ့လားလေ ..။ အံမယ်မင်းဟုသာ ရင်ကိုထုချင်သည်။ စကားမပီသည့် အကျင့်ဖြင့်ငိုသည်တဲ့။ နောက်ထပ်ထိုသို့အကျင့်ပါနေသည့်ကိစ္စတွေ ဘယ်လောက်များတန်းစီးပြီး ဤကောင်မလေးထံမှာရှိနေသေးသည်မသိ ..။ ရှုတ်နောက်နောက် ပြောကျင့် ..။ ပျော်ပျော်နေတတ်သည့်အကျင့် ..။ တစ်ဖက်သား မခံချင်အောင်နောက်ပြောကျီစယ်တတ်သည့်အကျင့် ..။ စကားများသည့် အကျင့် ..။ ဉာဏ်များသည့်အကျင့် ..။ ကြွားသည့်အကျင့် ..။ ထိုသို့သော အကျင့်ပါနေခြင်းများစွာကို ဤရက်ပိုင်းအတွင်းမှာ သူ သိနေရပြီးပြီ ..။ သူ မသိရသေးသည့်အကျင့်တွေက မနည်းကြီးကျန်နေနိုင်သေးသည်တည့် ..။

"မငိုနဲ့ .. တိတ် .."

"မျက်ရည်က .. ကျနေဒါ .. ဘားလို့မှမရဒါ .. မောင်ကျီးဂ တိတ်ပီးဒေါ့ .. ချိတ်ချီးလွယ်ဒါပဲ .. မျက်နှာထိ ျကနှာထားကျီးနဲ့လည်း တိတ်နေချင်ဒါဘဲ .. တွန်းလေးဂ အဲ့ဒယ်ဘာ .. ဘယ်ပျော်ဒေါ့မလဲ .."

"မပျော်လို့ တော်ရဲ့ .. ပျော်များပျော်ရင် .. နှင် .. ငါ့ကို ချောက်ကျအောင် ဒီထက်ပိုလုပ်မှာသိရဲ့လား .. ခုလည်းကြည့် .. တစ်ခုလေးပဲ ငေါက်ကြည့်ရသေးတယ် .. မလန့်တဲ့အပြင် .. ငိုနေလိုက်တာ .. မေမေမြင်ရင် အဆူခံထိအောင် နင်လုပ်နေတာ သိရဲ့လား .."

"သိတယ် .."

သူ ဆလံသလိုက်သည်ပါပဲ။ သူ အဆူခံမှာကိုလည်း သိသည်တဲ့။ စကားဆက်ရန်လမ်းပင် မကျန်။ သူ့ထက်အရာရာမှ ပို၍တတ်နေတော်နေသည့် ကောင်မလေး ပိုပိုဖြစ်ဖြစ်လာနေပြီ။



"ကဲ .. မငိုနဲ့တော့ .. တိတ်တော့ .. နင် ငါ့ကို မောင်ကြီးလို့ထော်မယ်မဟုတ်လား .. ထော် .. ထော် .."

ဟု သံယောင်လိုက်၍ သူ ညည်းခိုက် ကောင်မလေး သူ့ကိုကြည့်လာသည်။ နောက်တော့ မျက်ရည်ကိုစင်အောင်သုတ်၏။ မျက်လုံးလေးတွေပြုံးလာသည်။ နောက်တော့ ရယ်၏။

"ဒါဆို .. အိုကေပြီနော် .. နောက် .. မဆူကြေး .."

ဟု သဘောတူညီချက်တွေဘာတွေ ယူနေသေးသည်။ သူ ခေါင်းပဲညိတ်ပြလိုက်ရသည်ပါပဲ။

"ဒီလိုလုပ်စမ်းပါ မောင်ကြီးကလည်း .. တစ်ယောက်နဲ့ တစ်ယောက် ကျေကျေအေးအေး .. ပြောပြောဆိုဆို .. ရှိကြတော့ .. နှစ်ယောက်စလုံး ပျော်ရတာပေါ့ .. ပျော်တယ်ဆိုတာ ကောင်းတယ် မောင်ကြီးရဲ့ .. မပျော်တာပဲ မကောင်းတာ .. ကောင်းတာဖြစ်အောင် ပျော်ပျော်နေရမှာပေါ့ .. မကောင်းတာဖြစ်အောင် မပျော်ပဲနေမယ်ဆိုရင် .. ဘယ်ကောင်းတော့မလဲ .."

သူ လန့်ခနဲ ကောင်မလေးကိုကြည့်မိသည်။ စကားတော်တော်တတ်သည့် ကောင်မလေး။ ပေါက်ပေါက်ကပ်ကပ်လည်း ပြောတတ်သည့် ကောင်မလေး ..။ လျှော့တွက်၍တော့ ရအံ့မထင် ..။ သူ လျှော့တွက်ထားမိသည်လေ ..။ စာသိပ်တတ်ပုံမရသည့် ကောင်မလေးသည် တကယ်တမ်း စကားနိုင်လုကြမည်ဆိုလျှင် သူ့ကိုနိုင်မည်မဟုတ်ဟု သူ့ဘက်သူ အသာတွက်ထားမိခဲ့သည်။ လောလောဆယ်မှာတော့ သူ သိပ်စိတ်မချရဲတော့ပြီ ..။

"ညည်း .. ကြာရိပ်ဖူးမှာ .. တစ်နေကုန်စကားပြောနေတာပဲလား .. စကားနိုင်လုတာတွေဘာတွေလည်း ပါသလား .."

သူ ကောက်ကာငင်ကာမေးတော့ ကောင်မလေး ခေါင်းညိတ်သည်။ ဂါဝန်နီရဲရဲလေးကို လက်ဖြင့်သပ်လိုက်ကာ သူ့ကို မော့ကြည့်၏။ ဆံပင်ဆံတောက်လေးကိုလည်း လက်ဖြင့်သပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ .. ပြောတာပေါ့ .. စကားမပြောဘဲနေရင် ပျင်းစရာကြီးဥစ္စာ - ဒေါ်ကြီးစာနဲ့လည်း ပြောတာပဲ .. အန်ကယ်ရန်ကနားနဲ့လည်း ပြောတာပဲ၊ ဖေဖေမေမေနဲ့လည်းပြောတာပဲ .. စကားနိုင်လုတယ်ဆိုတာကတော့ သိပ်တော့နားမလည်ဘူးပေါ့နော် .. ဥပမာ .. တောက်တဲ့ဆိုတာ ပုတ်သင်ညို က ဖြစ်တာလို့ ဒေါ်ကြီးစာ နဲ့ ငြင်းချင်လည်း ငြင်းတာပေါ့ .. ကင်းလိပ် လျှော့ဆိုတာ .. မိကျောင်းငယ်ငယ်လေးဆိုပြီးတော့လည်း အန်ကယ်ရန် ကနားနဲ့လည်း ငြင်းချင်ငြင်းတာပေါ့ .. ငြင်းတယ်ဆိုတာ .. စကားပြော ကျင့်တာပဲလေ .. အလေ့အကျင့် .."

သူ မျက်စိမျက်နှာပျက်စပြုလာပြီ။ ကောင်မလေး မခေ ..။ ဒါဆို - ကောင်မလေးကို သူတွေ့တုန်းက ကျွဲပါးစောင်းတီးဆိုသည့် ခပ်နိမ့်နိမ့် စကားကို ဤစကားအိုးကွဲ ကောင်မလေး နားမလည်ဘဲရှိမှာမဟုတ်။ နားလည်ပါရက်ကယ်နှင့် နားမလည်ချင်ယောင်နေတာ ဖြစ်နိုင်သည်။

"နေစမ်းပါ .. ညည်းက .. စကားပြောကျင့်ရအောင် .. ကြီးရင် ဘာလုပ်မှာတဲ့လဲ .."

"အင်း .. ဆရာဝန်လည်း လုပ်ချင်တယ် .. ရှေ့နေလည်း လုပ်ချင် တယ် .. ဆရာမလည်း လုပ်ချင်တယ် .. မဲနိုက်ရမယ်ထင်တယ် .."

ဘယ်ဟာရွေးမည်ဆိုတာများ မဲနှိုက်မည်တဲ့လားလေ ..။ ပေါက်ပေါက် စစအလွန်ပြောတတ်သည့် ကောင်မလေးကို သူ နည်းနည်းတော့ သတိ ထားရမည်။ ခုမှ ဇာတိပြလာသည့် သူငယ်မ ..။ အူသလိုလို .. အသလိုလို ဖြင့် လုပ်ပြခဲ့တာကို အဟုတ်သွားမှတ်၍ မဖြစ် ..။ တော်တော် လူလည် ကျလျက် ဂျလည်လုပ်မည့် ကောင်မလေး ..။

"မောင်ကြီးကော ဘာလုပ်မှာလဲဟင် .. ကြီးလာရင် .."

ကားနောက်ခန်းမှာထိုင်နေရင်း ခြေထောက်လေးတွေ လွှဲကာလွှဲကာ တစ်ချက်အငြိမ်မနေပဲမေးလာတော့ သူ ခပ်တည်တည်ဖြေသည်။

"ငါက .. စာရေးဆရာလုပ်မှာ .. နင့်လို .. မဲနှိုက်မှာမျိုးဝါသနာ



တွေ အများကြီးမထားဘူး .. ဒါကြောင့် .. ငါ .. စာအုပ်တွေဖတ်တာ ပေါ့ကွ .. စာတတ်တယ်ဆိုတာ .. ဦးနှောက်ကို .. ပိုပြီး ထက်မြက်စေ တယ် နားလည်လား .."

"အင်း .. အင်း .. ဦးနှောက်ကို ပေါလစ်တင်တာပေါ့နော် .."

ဘာတဲ့ ..။ ပေါလစ်တင်သည်တဲ့လား ..။ သူ နားမလည်သလို ကောင်မလေးကိုကြည့်တော့ ရယ်ပြသည်။

"မောင်ကြီး စာများများဖတ်တော့ .. ဦးနှောက်ကို ပိုတောက်ပ လာအောင် ပေါလစ်(ရှ်)တင်လိုက်တာမျိုးဖြစ်သွားတာပေါ့ .. အိမ်မှာ သွန်းလေး စာကျက်တော့မယ်ဆိုရင် .. အဲသလိုပဲပြောတယ် .. သွန်းလေး ဦးနှောက်ကို ပေါလစ်(ရှ်)တင်တော့မယ်လို့ .. ဟင်း ဟင်း .."

သူ ပြုံးလိုက်မိပြီ။ ဟုတ်ပြီ။ ကောင်မလေးကိုခေါ်ရမည့်အမည် ..။ သူ တွေ့ပြီ ..။

"ဒေါ်ပေါလစ်(ရှ်)လေးရေ .. မင်းကို ပေါလစ်လို့ခေါ်မယ်သိလား .. သဘောက .. ခင်တောက်ပ .. ဆိုပါတော့ .."

ဟု ပြောတော့ ကောင်မလေးရယ်သည်။ ထိုသို့အခေါ်ခံရမှာကို စိတ်ဆိုးပုံလည်းမရ။

"ကောင်းတယ် .. မောင်ကြီး စာဖတ်တဲ့အခါတိုင်း .. ဦးနှောက်ကို ပေါလစ်(ရှ်)တင်တိုင်း .. သွန်းလေးကို သတိရနေရမှာပေါ့ .."

ဟု ပြောတာတစ်ချက်ဖြင့်ပင် ထိုအမည်ကို ဘယ်တော့မှမခေါ် တော့ဖို့ သူအပြတ်ဆုံးဖြတ်လိုက်ရပါပြီ။

"ငါတော့ .. ခုကတည်းက .. ဒီငချွတ်လေးကို ရှုံးနေပြီ .. ဒါ .. နိမိတ် တော့ သိပ်မကောင်းချင်ဘူး .. ခုမှ တွေ့တယ်ဆိုရုံရှိသေးတာ .. သူက ငါ့ကို ငယ်နိုင်လာလုပ်နေရင် .. ငါ .. အနာဂတ်မကောင်းပဲဖြစ်ကုန်မယ် .."

ဟု စိတ်လေးလေးဖြင့် တွေးငြိမ်မိနေမိစဉ်မှာ လေးလေးသိန်း လေတချွန်ချွန်ဖြင့် ရောက်လာသည်။ လက်ထဲမှာပါလာသည့် ပလပ်

www.burmeseclassic.com

www.burmeseclassic.com



စတစ်ခြင်းကို ဘေးဘက်ထိုင်ခုံမှာတင်သည်။ ကားစတင်၍ ထွက်၏။

"ပျင်းနေကြလားကွ .. ဆာနေကြသလား .. ဆာရင် .. မုန့်ယူစား .."

ပြုံး၍ လှည့်ပြောရုံရှိသေးသည်။ ကောင်မလေး ကိုယ်လေးကိုကိုင်း၍ ရှေ့ခန်းမှ ဆွဲခြင်းကိုဆွဲယူနေတာမို့ လေးလေးသိန်း လက်တံရှည်ကြီးဖြင့် နောက်ဘက်သို့ ခြင်းကိုပို့ပေးလာသည်။ ခြင်းက ဟိုဝဲသည်ဝဲဖြင့် သူ့ခေါင်းပေါ် ထိလုထိခင် ..။ ခေါင်းကို တိမ်းလိုက်ရရင်းမှ ကောင်မလေးကိုပို၍ အမြင်ကပ်လာရသည်ပါပဲ ..။

"အစားသိပ်ငမ်းတာပဲ .. နည်းနည်းလေးမှကို ဟန်ဆယ်ပန်ဆယ်လေးမရှိဘူး .. စားလို့ .. ပြောတဲ့သူက ပါးစပ်တောင်မပိတ်ရသေးဘူး .. သူက .. ငတ်နေပြီ .."

စိတ်ထဲက မေတ္တာတွေမနှားတမ်းပို့နေချိန်မှာ ကောင်မလေးကတော့ ဝေဖာတွေယူစားနေပြီ။ စားတော့လည်း မက်မက်စက်စက်စားနေခြင်း ..။ ဘေးလူသွားရည်ကျလောက်အောင် စားတတ်သည့် သူငယ်မ ..။ သူ စိတ်တင်းထားသည်။ ဘာတစ်ခုကိုမှ သူ ယူမစား ..။ တစ်ခြင်းလုံး ကောင်မလေး စားစေ ..။ သူက .. အစားမငမ်းဆိုသည့်သဘောကို .. ကောင်မလေးသိအောင် ဟန်ကြီးပန်ကြီးဖြင့် နေပြဖို့လိုသည်။

"စားလေ မောင်ကြီး ရဲ့ .. မုန့်တွေမှ အများကြီးဥစ္စာ .."

သူ ခေါင်းယမ်းပြတော့ ကောင်မလေးဆက်၍ တိုက်တွန်းတာတွေ ရှိ မလာတော့။ တစ်ယောက်တည်း ဘီစကစ်စားလိုက် ..။ ရေသောက်လိုက်..။ ချိုချဉ်ဝါးလိုက်ဖြင့် ကားထဲမှာ အဆင်အပြေဆုံးလူသား ဖြစ်နေသည်။

ရေတဂွတ်ဂွတ်သောက်သံ ..။ ချိုချဉ်တဂျွတ်ဂျွတ်ဝါးသံ ..။ ဘီစကစ်တွေ ဂျိုးဂျိုးဂျွတ်ဂျွတ်မြည်အောင် စားသံတွေကို ဘေးမှာငြိမ်ထိုင် နားထောင်ရင်း သူ့မှာ ကားပေါ်ပါလာရသည့်အဖြစ် ..။



"လေးလေးသိန်း .. စားမလား .."

"အေး .. သွန်းလေး စားတာမြင်ရင်း ငါတောင်ဆာလာတယ်ကွ .. ဟေး ဟေး .. ချိုချဉ်ပေးကွာ .. ညည်းလေးစားသလို တဂျွတ်ဂျွတ် ဝါးကြည့်ချင်သကွ .."

အံမယ် ..။ ကောင်မလေးကလည်း ချိုချဉ်တွေဘာတွေခွာ၍ပေး ..။ လေးလေးသိန်း က တဂျွတ်ဂျွတ်ဝါးဖြင့် အပေးအယူမျှနေကြသည့်အဖြစ် ..။ ငြိမ်နေသည့် သူ့ကိုလည်း လေးလေးသိန်း အကဲခတ်ကြည့် လှည့်ကြည့်သည်။

"မဆာဘူးလား ငါ့လူ .."

သူ ခေါင်းခါပြမိသည်။ ရှုခင်းတွေဘက် အကြည့်ကိုပြောင်းယား မိလိုက်ရပါ၏။

"ဟင် .. အဲဒါ .. ဘာပင်လည်းဟင် .."

"ဝါးပင်တွေကွ .. ဟိုးဘက်က .. ပင်စိမ်းတော .. ဟိုမှာက .. ပန်းနှမ်းပင်အခင်းတွေ .. ဟိုးမှာက .. နာနတ်ခင်း .. ဟိုမှာက သစ်တော့ခြံတွေ .."

သူ့ကိုမေးသည်ထင်၍ မဖြေချင့်ဖြေချင်စတိုင်ဖြင့် ဖြေမည်ကြံရုံရှိသေးသည်။ လေးလေးသိန်း ဝင်ဖြေလိုက်တာမို့ သူ နှုတ်ပိတ်ကျသွားရပါ၏။

ခုလိုကျတော့လည်း သူ့မှာတစ်ယောက်တည်းလိုဖြစ်နေရသည့်နယ် ဖြစ်ရပြန်၏။ လေပေးလေယူ ရှေ့ခန်းနောက်ခန်း ဖြောင့်နေကြသည့် လေးလေးသိန်း နှင့် ကောင်မလေးကို ရင်ထဲမှာကြည့်မရချင် ..။

သူ .. ဘာကြောင့် .. ကောင်မလေးကို .. စကားပြောချင်နေရပါသတဲ့လဲ ..။ မပြောချင်ဟန်ဆောင်နေရင်း .. ဘာကြောင့် .. စကားတွေပြောနေချင်ရပါသတဲ့လည်း ..။ သူ့ကိုယ်သူလည်း နားမလည်ချင် ..။

ကားက မြေနီလမ်းလေးဘက်ကို ချိုး၏။ စမ်းချောင်းဘက်ကို သွားသည့် မြေနီလမ်းလေး။ ဖေဖေ၊ မေမေတို့နှင့် ကျောင်းပိတ်ရက်မှာ သစ်တော့ခြံ ယာတောအိမ်သို့ ရောက်တတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် စမ်းချောင်းဘက်ကိုသွားကြ ..။ ဖေဖေက ငါးမျှား ..။ သူက သစ်ရိပ်တစ်ခုအောက်မှာ လေတာခွန်လွှတ်ချင်လွှတ် ..။ ဒါမှမဟုတ်လျှင် စာဖတ်ချင်ဖတ် ။ အက်ဖ်အမ် ဓာတ်ခဲရေဒီယိုလေးဖွင့်၍ သီချင်းနားထောင်ချင်ထောင် ..။ မေမေ့ဘေးမှာ သွားထိုင်ရင်း ဖိုခနောက်မီးဖိုလေးဖြင့် အလုပ်ရှုပ်နေတတ်သည့် မေမေ့ကို ထမင်းချက်ဟင်းချက် ဝိုင်းကူချင်ကူ ..။ ဤသို့ရှိခဲ့ရပေမယ့် ..။ ဤနေ့မှာတော့ မေမေသည် စမ်းချောင်းဘေးမှာ ဖိုခနောက်မီးဖိုလေးဖြင့် ထင်းခြောက်လေးတွေ မီးဖိုပြီး ပျော်စရာအေးမြမြရှုခင်းတွေနှင့်အပြိုင် အေးချမ်းစွာ ချက်ပြုတ်မည့်ပုံမပေါ် ..။

စောစောကပြောသည့်အထဲမှာ ပါသည်လေ ..။ ယာတောအိမ်မှာ ထမင်းစားမည်ဟု လေးလေးသိန်း ကို မှာထားသည် ..။ ခြံစောင့် ဘဘလုံနှင့် ဒေါ်ကြီးခမ်းအိမ် တို့မှ ထမင်းဟင်းကြိုတင်ချက်ထားဖို့ မေမေ ဖုန်းဆက် မှာထားသည်လား မသိ ..။ ဒါမှမဟုတ်လျှင် .. မေမေရောက်မှ ချက်ပြုတ်မည်လားမသိ ..။ လောလောဆယ်မှာတော့ သူသည် ကောင်မလေး၏ အထိန်းတော်တာဝန်ဖြင့် ကားပေါ်မှာ စိတ်လက်ညစ်စွာပါလာနေရပါသည့်အဖြစ် ..။

စမ်းချောင်းဘေး သစ်ရိပ်အောက်မှာ ကားရပ်လိုက်တာနှင့် အတက်ကြွဆုံးကားပေါ်မှ ဆင်းသူသည်လည်း ကောင်မလေးပဲဖြစ်လေသည်။

"ဟေး .. ဟေး .. ငါးမျှားမယ်ကွ .. ငါ့လူကတော့ ထုံးစံအတိုင်း ငါးမျှားမှာမဟုတ်ပါဘူးလေ .. ဒီမယ် .. သွန်းလေး .. လေးလေးသိန်း နဲ့ ငါးတူတူမျှားမလား .. မင်းလေးရဲ့ မောင်ကြီးနဲ့ စွန်တူတူ လွှတ်မလား .."

ဒုတိယအတက်ကြွဆုံးဖြစ်နေသည့် လေးလေးသိန်း မှ မျက်စိတချီချီဖြင့် ကောင်မလေးကို မေးခွန်းတွေဘာတွေ ထုတ်နေပြန်၏။

ကားကူရှင်နောက်ဘက်နေရာလေးမှာ ရှိနေပါသည့် ခေါက်ငါးမျှားတံကို လေးလေးသိန်း လောလောဆယ်မှာ အပိုင်သိမ်းမည့်သဘောရှိနေ



ပြီ။ ဖေဖေ ပါမလာတာမို့ ဖေဖေ့ငါးမျှားတံသည် လေးလေးသိန်း ၏ လက်သုံးတော်ဘဝ ရောက်ရပေဦးမည်တော့မည်။

"ဘာလဲဗျ .. ဘာမောင်ကြီးလည်း လေးလေးသိန်း ရ .. မခေါ်နဲ့ဗျာ .. အဲဒီ မောင်ကြီး .."

နေ့ရင်းထိုင်ရင်း မွေးနံ့သာမှာ ဟိုက မောင်ကြီး၊ သည်က မောင်ကြီးဖြင့် နုတ်ကျိုးခံရမည့်ကိစ္စ သူအဖြစ်မခံနိုင် ..။ ကောင်မလေး အချိန်တန်၍ ရန်ကုန်ပြန်သွားချိန်မှာ မောင်ကြီးနာမည် အဖတ်တင်ကျန်ခဲ့ရမည့်ကိစ္စကိုတော့ သူ ငြိမ်နေ၍မဖြစ် ..။

"ဩော် .. မခေါ်ရဘူးလား .. သွန်းလေး တစ်ယောက်တည်းပဲ ခေါ်ပိုင်ခွင့်ရှိတဲ့နာမည်ဆိုပါတော့ .. မသိပေါင်ကွာ .. ငါက .. ငါတို့လည်း ခေါ်၍ ရသည်မှတ်၍ ခေါ်မိပါသည် ခန့်ညားမောင်ငယ် .."

သူ မျက်မှောင်ကုတ်၍ လေးလေးသိန်း ကို ကြည့်မိသည်။ ဤနေ့မှာ လေးလေးသိန်း တော်တော်အူရှင်နေသည်။ သူ စိတ်ညစ်နေချိန်မှာ အူမြူးရွှင်ပျလုပ်နေသည်ကို ကြည့်မရချင်။

"ဒီမှာ စိတ်ညစ်နေတယ်နော် လေးလေးသိန်း .. အခုကတည်းက မှာထားမယ် .. အဲဒီ ဒေါ်ပေါလစ် .. လေးလေးသိန်း နဲ့ တူတူ ငါးမျှားတဲ့နေရာမှာရှိနေရင် .. လေးလေးသိန်း တာဝန်ပဲ .. သူ့အဆော့သန်ပြီး ခြေချော်လက်ချော်နဲ့ ချောင်းထဲပြုတ်ကျရင် .. လေးလေးသိန်း ဆင်းဆယ် .. ဒီကိစ္စ.. ခန့် နဲ့ မဆိုင်ဘူး .. ခန့် က .. စွန်လွှတ်မှာ .."

ခုကတည်းက တာဝန်တွေ ခွဲတမ်းချနေချိန်မှာ လေးလေးသိန်း ကတော့ ငါးမျှားဖို့ပဲ စိတ်ဝင်စားနေသည်။ လေလေးတချွန်ချွန်ဖြင့် ငါးမျှားတံတကိုင်ကိုင်နှင့် တက်ကြွလန်းဆန်းစွာထွက်သွားချိန်မှာ သူကတော့ ကားဘေးမှာရပ်ရင်း ကျန်ခဲ့ရသည်ပါပဲ။ လေးလေးသိန်း နောက်မှ ကောင်မလေးကလည်း ခုန်ပေါက်ပြီး လိုက်သွားပြီ ..။

သူကလည်း စွန်လွှတ်မည်ဟုပြောထားပြီးပြီ ..။ ကားနောက်ဘက်

www.burmeseclassic.com

www.burmeseclassic.com



ဆီမှာ ပါလာပါသည့် စွန်ဝါဝါလေးနှင့် ရစ်ဘီးကိုယူသည်။ စားကျက်ခင်းဘက်ဆီသို့ သူ လျှောက်ခဲ့ပါ၏။ တစ်ယောက်တည်း စွန်လေးလွှတ်ရင်း ကောင်းကင်မြင့်ထက်မှာ တလွင့်လွင့်ဟိုသည်ပျံသမ်းနေပါသည့် အဝါရောင်စွန်လေးကို ကြည်နူးစိတ်ဖြင့် မော့မော့ကြည့်နေမိရသည်ပါပဲ။ ရစ်ဘီးကိုလိုသလိုရစ်၍ ကြိုးကို အလျှော့အတင်းသူလုပ်နေသည်ပါပဲ ..။

ငါးမျှားတာကို သူမကြိုက် ..။ ငါးတစ်ကောင်မိလိုက်တိုင်း ဖျတ်ဖျတ်လူးရင်း ငါးမျှားချိတ်မှာ ပါပါလာသည့် ငါးကို သူ ပီတိဖြင့်မကြည့်နိုင် ..။ စိတ်ထဲမှုန်းကြပ်သည်။ ပျော်စရာဟု သူ မထင် ..။ ဒါပေမယ့် ဖေဖေဝါသနာပါသည့် ငါးမျှားခြင်းပေမို့ သူ အပြစ်မပြောပါ။ ဖေဖေ့ဘေးမှာ ကြာရှည် သူမထိုင်ဖြစ်ဘဲ စွန်လွှတ်လိုက်မိတတ်သည်ကလည်း ငါးမိတာကို မကြည့်ရက်နိုင်သည့်စိတ်ကြောင့်လည်းပါပါသည်။

ခုလည်း .. ကောင်မလေးနှင့် လေးလေးသိန်းတို့ စမ်းချောင်းဘေးမှာ ငါးဘယ်နှစ်ကောင်လောက်များ မိနေကြပြီမသိ ..။

ဘာပဲဖြစ်ဖြစ် ..။ ခုလို သူတစ်ယောက်တည်းရှိနေရတာကို စိတ်ချမ်းသာနေမိရသည်ပါပဲ။ ဒါပေမယ့် .. ကြာကြာမခံ ..။ ကောင်မလေး ပြေးလာနေသည်ကိုးလေ ..။ လက်ထဲမှာလည်း ဘယ်သစ်ပင်အောက်က ကောက်လာသည်မသိ ..။ သစ်ကိုင်းခြောက်တစ်ခုပါလာသည်။

"မောင်ကြီးရေ .. လေးလေးသိန်း ငါးမိတယ်သိလား .. အကြီးကြီးမှ အကြီးကြီးပဲ ... ဟောလောက်ရှိတယ် .. လေးလေးသိန်း က ငါးကင်ကျွေးမယ်တဲ့ .. သိလား .. ထင်းလာကောက်တာလေ .."

"ထင်းကောက်တာဆို .. ကောက်ပြီးသွားပို့လေ .. ဒီလောက် သစ်ကိုင်းခြောက်ပေါက်စနလေးနဲ့ နှင့်ငါး ဘယ်ကင်လို့ရမှာတဲ့လဲ .. နေစမ်းပါ .. လေးလေးသိန်း က နှင့်ကို ငါးကင်ကျွေးရအောင် .. ဆားနနွင်းတို့ ငါးကင်တံ တို့ ပါလာလို့လား .. အဲဒါပြောတာပေါ့ .. လေးလေးသိန်း က ဘယ်တော့မှ မသေချာဘူး .. ဘာနဲ့ ငါးကင်နိုင်မှာမို့ .. နှင့်ကို ထင်း



ခြောက်ကောက်ခိုင်းရတာတဲ့လဲ .."

ဟု ပြောတော့ ကောင်မလေး သူ့ဘေးမှာ ထိုင်သည်။ လက်ထဲကိုင်လျက်သားပါလာသည့် သစ်ကိုင်းချောက်ကို ဘေးဘက်မှာ ချထားလိုက်သေးသည်။

"ဒါဆိုလည်း မကောက်တော့ဘူးလေ .. မောင်ကြီး စွန်လွှတ်တာကို ကြည့်မယ် .. ဟင် .. အမြင့်ကြီးပဲနော် .. သွန်းလေး လွှတ်ကြည့်ချင်တယ်.. လွှတ်မယ်နော် မောင်ကြီး .."

ကောင်မလေး သစ်ကိုင်းခြောက်တွေကောက်ပြီး ပြန်သွားမည့်ကိစ္စ ..။ သူ လျှာချောင်မိသည့်အမှားကြောင့် သူ့ဘေးမှာ ထိုင်နေသည့်ကိစ္စ ပေါ်လာပြီ ..။ ပြီးတော့ .. စွန်လွှတ်ချင်နေသေးသည့် ကောင်မလေး ..။

"မရဘူး .. နင် လွှတ်တတ်မှာမှ မဟုတ်တာ .."

"ဟင် .. လွှတ်တတ်ပါတယ် .. ဘာခက်လို့လည်း .. လွယ်လွယ်လေးဥစ္စာ .. ပေး .. ပေး .."

အတင်း လက်ထဲမှ ရစ်ဘီးကိုလာလုနေတော့ သူ လက်ကိုမြှောက်၍ ထရပ်လိုက်သည်ပါပဲ ..။

"ဟေ့ .. ဟေ့ .. အရမ်းမလုပ်နဲ့ကွာ .. စွန်လွှတ်ထားတာက အမြင့်ကြီးရောက်နေပြီ .. လေတိုးတယ်သိလား .. ငါ့စွန်ပြတ်သွားမယ် .. ဘာမှတ်လဲ.."

သူ ပြောနေချိန်မှာ ကောင်မလေးကတော့ ပေကပ်ကပ်ဖြင့် မခံချင်ပုံလေးဖမ်းရင်း ရစ်ဘီးကိုအတင်းလိုက်လုနေတော့ သူ စိတ်ပေါက်ပေါက်ဖြင့် တစ်ချက် ကောင်မလေးခေါင်းကို ရစ်ဘီးနှင့် ခေါက်ပစ်လိုက်မိပါသတည်း ..။

ကောင်မလေး တစ်ချက်ကြောင်အမ်းအမ်းလေးဖြစ်သွားသည်။ ခုလို သူ ခေါက်ပစ်လိုက်မည်ဟု ထင်ထားပုံမရ ..။ သူ့ကိုယ်တိုင်ကလည်း သူ့ကိုယ်သူပင် မထင်လိုက်မိ ..။ စွန်ဓာဖြင့် ထုပစ်လိုက်မိခြင်း ..။

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေး၏ လက်ဖြူဉဉလေးတွေက ခေါင်းပေါ်တစ်ချက်အုပ်၏။ မျက်ရည်တွေကျလာသည်။

"နာသွားလားဟင် .. နင်က လုတာကိုးကွ .."

ဟု မေးမည်ပြုခိုက် ..။ မေးပင်မမေးလိုက်ရ ..။ ကောင်မလေး ထင်းခြောက်ကို ကောက်သည်။ သူ့စွန်ကြိုး လွှတ်ထားရာနေရာ အမြှင့်တန်းမှာ ပတ်ပစ်သည်။ သစ်ကိုင်းခြောက်မှာ စွန်ကြိုးသည် အရစ်ရစ် ပတ်လျက်သားရှိနေပြီ..။

ကောင်မလေး ဘာလုပ်တော့မည်ဆိုတာ သူ သိလိုက်ချိန်မှာ နောက်ကျသွားပါပြီတည်း ..။ စွန်ကြိုးကိုဆောင့်၍ ဖြတ်ပစ်လိုက်သည်က ကောင်မလေးပါ ..။

အထိန်းမရှိတော့သည့် စွန်သည် ကောင်းကင်မှာ လွင့်ဝဲသွားသည်။ လေအဟုန်ဖြင့် စွန်ကြိုးပြတ်သည်လည်း မျောလွင့်ပါသွားပြီ။ သူ လိုက်ဖမ်းပေမယ့် လေရှိန်ဖြင့်လွင့်ဝဲပါသွားသည်က မြန်လွန်းသည်မို့ မမီလိုက်နိုင် ..။

ဤတစ်ကြိမ်မှာတော့ သူ တကယ့်ကို စိတ်လက်ဆိုးသွားရကာ ..။ ကောင်မလေးလက်ထဲမှ သစ်ကိုင်းခြောက်ကို စိုက်ကြည့်နေမိပြီ ..။

"သွန်း ကို ထုရင် .. ရိုက်ရင် .. ပြန်လုပ်မှာပဲသိလား .."

ဟု ကောင်မလေးကလည်း မျက်ဝန်းလေးတွေ လက်တောက်နေရင်း မော့ပြောလာ၏။ အမြဲပျော်ပျော်နေတတ်လျက် ရွှင်ကြည်အေးမြနေသည့် ကောင်မလေး မဟုတ်တော့ပြီ။ မျက်မှောင်လေးတင်းနေသည့် ကောင်မလေး..။ ခေါင်းမာသည့် ကောင်မလေး ..။ လက်တုန့်ပြန်မြန်သည့် ကောင်မလေး ဖြစ်နေသည်။

သူကလည်း မခံ ..။ ကောင်မလေး လက်ထဲမှ သစ်ကိုင်းခြောက်ကို ဆတ်ခနဲယူကာ တင်ပါးလေးကို တီးအုပ်ထည့်လိုက်သည်ပါပဲ ..။ ဖြန်းဖြန်းပါအောင် နှစ်ချက်သုံးချက်ရိုက်မိပြီးမှ ကောင်မလေးကို အံ့ခဲ၍



သူကြည့်သည်။

ကောင်မလေးကလည်း အံ့ခဲ၍ ပြန်ကြည့်သည်။ အံ့မယ် ..။ ကောင်မလေး ဤတစ်ချီမှာ အော်မငို ..။ အတည့်တုန့်ပြန်သည့်အကြည့်က မာကြောကြည့် ဖြစ်နေသည်။

သူထင်သည်က ကောင်မလေး အော်ငိုမည်ဟု ..။ ငိုချင်ငို .. ဟု စွန်ဓောဖြင့် သူကလည်း တွေးပစ်ခဲ့သည်ပါပဲ။ ဒါပေမယ့် .. ကောင်မလေး မငို ..။

"ငါ့ကို မောင်ကြီးလို့မခေါ်နဲ့ .. ငါ့နားမကပ်နဲ့ .. ငါ့ကို စကားလည်းလာမပြောနဲ့ .. နင်ဟာ သိပ်ရှုပ်တဲ့ကောင်မလေး .. ငါ့စွန်ကိုလည်း ဖြတ်ပစ်တယ် .. ငါစာဖတ်မှာကိုလည်း အနှောင့်အယှက်လာပေးနေတယ် .. နင်ရှိလို့ .. ငါ ..အရင်တုန်းကလိုစာတွေလည်း အေးအေးဆေးဆေး မဖတ်ရဘူး.. နင့်ကြောင့် .. ငါ့စွန်လည်း မရှိတော့ဘူး .. နင်ဟာ သိပ်ရှုပ်တဲ့ကောင်မလေး.. ငါ့ကို .. ဘယ်တော့မှ .. မခေါ်နဲ့ .. နင် .. မေမေ့ကို သွားတိုင်ချင်တိုင် .. မေမေ ဆူရင်လည်း ငါခံမယ် .. ရိုက်ရင်လည်း ခံမယ် .. နင်နဲ့တော့ မပေါင်းတော့ဘူး .. နင်ဟာ .. သိပ်ပြီးတော့ .. နင့်အတွက်ပဲနင်သိတဲ့ကောင်မလေး.. သွား .. နင့်ကို ငါ မကြောက်ဖူးသိရဲ့လား .. မေမေ့ကို တိုင်မယ်မဟုတ်လား.. မေမေ့ကို တိုင်မယ်မဟုတ်လား .. တိုင် .. တိုင် .."

ဟု ဆက်တိုက် သူ ဒေါသဖြင့်ပြောတော့ ကောင်မလေး စိုက်ကြည့်နေသည်။

မျက်လုံးလေးတွေ တင်းမာလိုက်ပါသည့်အကြည့် ..။ မျက်ရည်ထပ်ကျလာတာလည်း မရှိတော့ပြီ။ မမိတ်မသုန်ကြည့်နေသည့်အကြည့်သည် .. တေးတေးမှတ်မှတ်နိုင်နေ၏။

ချာခနဲလှည့်၍ ကောင်မလေးထွက်သွားသည်။ ဘာမျှ သူ့ကို ပြောစွာတာလည်းမရှိ ..။

www.burmeseclassic.com

www.burmeseclassic.com



အမြဲတမ်း သူ့ကို ရယ်လိုက်မောလိုက်ဖြင့် ပြောနေတတ်ခဲ့ပါသည့် ကောင်မလေး မဟုတ်တော့ပြီ။

လုံးဝ .. မျက်နှာထားလေးတည်လွန်းနေသည့်အဖြစ် ..။

သူ .. ကြိုတင်ပြင်ဆင်ထားမိရပြီ ..။

ဤကောင်မလေး .. ပထမဆုံး .. လေးလေးသိန်း ကို ပြေးတိုင်လိမ့်မည် ..။ နောက် .. တစ်ဆင့်ကတော့ဖြင့် .. မေမေ့ကို တိုင်လိမ့်မည် ..။

သူ .. သစ်ကိုင်းခြောက်ဖြင့် ရိုက်ပါသည်ပေါ့ ..။

ဇွန်ရစ်ဘီးနှင့် ခေါက်ပါသည်ပေါ့ ..။

သူ .. အံခဲထား၏။ ရင်ကိုကော့ထားသည်။ တိုင်ပေ့စေ ..။

သူ .. အဆူခံမည်။ ရိုက်လျှင်လည်း ခံမည်။ ဘယ်တုန်းကမှ မေမေသည် သူ့ကိုရိုက်ဖူးတာမဟုတ်။ ဤ ကောင်မလေး ညည့်သည်လာလုပ်မှ .. အရိုက်ခံရလျှင်လည်း ခံရစေ ..။

သူ .. ငြိမ်၍ခံလိုက်မည်။

ညည့်သည်ကို .. သစ်ကိုင်းခြောက်ဖြင့်ရိုက်ရပါမို့လားဟု မေ့မေကလည်း အန်တီထား တို့ကို အားနာရင်း ..။ အန်တီထား ရှေ့မှာ ..။ ဩော် .. ကောင်မလေး၏ရှေ့မှာ သူ့ကိုရိုက်နိုင်သည်လေ ..။

ကောင်မလေးကတော့ .. ပျော်ချေမည်ပေါ့ ..။

သူလည်း ငိုပြမည့် ခန့်ညားမောင် မှ မဟုတ်ချေပဲလေ ..။

ဤကောင်မလေးကြောင့် .. သူ့အသားမှာ ဘယ်နှစ်ချက် အရိုက်ခံရသည်ဆိုတာကို သေချာရင်ထဲမှာ မှတ်ထားမည့် ခန့်ညားမောင် ပဲ အသေအချာဖြစ်ကိုဖြစ်ရချေမည်သာ ..။



## အခန်း (၅)

စမ်းချောင်းသို့ သူ ပြန်လာခိုက်မှာဖြင့် ကောင်မလေးနှင့် လေးလေးသိန်းတို့ နှစ်ယောက် စမ်းချောင်းကမ်းစပ်မှာထိုင်လျက်ရှိနေမြဲ ..။ လေးလေးသိန်းဘေးမှာ မြက်ရိုင်းပင်ရှည်ကြီးကိုဖြတ်၍ ငါးပါးဟက်ဆီထိုး၍ သီတွဲထားသော ငါးတွဲရှိနေသည်။ ငါးက အကောင်ကြီးတာများနေ၏။ သူ မလှမ်းမကမ်းမှာ ခြေသံလုံလုံဖြင့်သွားထိုင်မိရပါ၏။ ကောင်မလေး ဘာတွေများ အပိုတွေဖောချဲ၍ သူ့ မကောင်းကြောင်းတွေ ပြောနေချေမည်လည်းဆိုတာ သိချင်၍ပါ ..။

"ဒီကောင့်လေး .. ခုထိ ပြန်မရောက်သေးဘူးကွ .. ဇွန်လွှတ်ရင်ဖြင့် ကမ္ဘာမေ့တဲ့ကောင် .."

စတင်ကြားနေရပြီ။ သူ ပြန်မရောက်သေးတာကို လေးလေးသိန်း သိပ် စိတ်မရှည်တော့တာ သေချာနေပြီတည့် ..။ သူကလည်း မလှမ်းမကမ်းမှာ ပြောင်တင်းတင်းထိုင်သည်မှ မဟုတ်ချေပဲလေ ..။ အရိပ်မြိုင်သည့် ဝါးတောအကွယ်မှာ ထိုင်နေခြင်း ..။ ခိုးကြောင်ခိုးဝှက် ချောင်းနားထောင်သည့်အကျင့်တွေပင် ဤကောင်မလေးကြောင့် သူ့မှာ မဖြစ်စဖူးလာဖြစ်နေရတာကိုက အကျင့်ပျက်နေရပြီကော .. ဟု သူတွေး၏။ ရင်ထဲမှာ တနုံ့နုံ့ဖြင့် နမြောမဆုံးအောင် ခံစားနေရသည်က သူ့မြတ်သော ဇွန်ဝါဝါလေးကို ဆုံးရှုံးလိုက်ရခြင်းပဲဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ညည်းလေး ထင်းခြောက်သွားကောက်တုန်းက .. ဘာမှလည်း ကောက်လာတာမရှိပဲလက်ချည်းသက်သက်ဖြစ်နေတာနော် .. အေး .. ရန်ကုန်ကဆိုတော့ သစ်ကိုင်းခြောက်လည်း ကောက်တတ်ပုံမရပါဘူး .. ဒီမယ် .. သစ်ကိုင်းခြောက်ဆိုတာ သေးသေး .. ကြီးကြီး .. မီးမွှေးလို့ရရင် ထင်းဖြစ်တယ်ကွ .. နားလည်လား .. အဲဒါ .. ထင်းမပါလာတဲ့အတူတူ .. မထူးပါဘူးဆိုပြီး ငါလည်း ငါးဆက်မျှားနေလိုက်သလေ .. ငါးကလည်း မိသကိုးကွ .. ထင်းအကောက်မထွက်နိုင်တော့ပဲ ဖြစ်ကုန်ရသပေါ့ မယ်ရွှေသွန်းရဲ့ .. ငါ့ခွဲက ငါးထပ်မိချင်နေတာပဲ ကပ်နေသကိုး .. ဟော .. မိသဟေ့ နောက်တစ်ကောင် .."

ဤတစ်ကြိမ်မိသည်က ငါးမြွေထိုးထဲကဖြစ်နေသည်။ လေးလေးသိန်းကတော့ ထိပေါက်သလို အူမြူးနေသည်ပါပဲ ..။

"ထင်းခြောက်ကောက်ပါတယ် လေးလေးသိန်း ရဲ့ .. မောင်ကြီးနဲ့ တိုးတယ်လေ .. စွန်လွှတ်နေတာ .. မောင်ကြီးကို နောက်ချင်ပြောင်ချင်တာနဲ့ .. စွန်ကြိုးကို ထင်းကိုင်းခြောက်နဲ့ရစ်ပြီး ဖြတ်ပစ်ခဲ့တာသိလား .. မောင်ကြီး စိတ်ညစ်ပြီးကျန်ခဲ့တယ် .. အဲဒါ .. လန့်လို့ ပြန်ပြေးလာတာ လေးလေးရဲ့.."

"ဟော ...."

လေးလေးသိန်း ၏ ဟောခနဲအသံက သူ့ထံလွင့်၏။ သူလည်း နားမ မရှင်း ..။ ဤကောင်မလေး ဘာထွင်နေပြီမသိ ..။ ပြီးတော့ .. ခုမှ လေးလေးသိန်း ကို ဇွန်ကိစ္စပြောသည့် ကောင်မလေး ..။

"ညည်းလေး စောစောက ငါ့မပြောဘဲကိုးကွ .. ဒါဆို .. ငါ့ကောင်ကြီး .. ဟိုမှာ စိတ်ညစ်ထိုင်နေတယ်နဲ့တူရဲ့ .. ညည်းလေးကလည်း အဲသလောက်တော့ မလုပ်သင့်ဘူးဗွ .. ငါ့ကောင်ကြီးက .. သူ့စွန်ကို အလွန်ချစ်တာ .."

"စောစောကမပြောပြတာက .. လေးလေးသိန်း ကမှ မမေးတာကိုး .. ခုမှ .. မောင်ကြီးကို .. ပြန်မလာသေးတာတွေဘာတွေ သတိရပြီး



ပြောလာမှ .. သွန်းလေးလည်း အဲဒီကိစ္စပြောပြဖို့သတိရလာတာလေ .. ဒါကြောင့် ခုမှ ပြောပြရတာပေါ့လို့ .. မောင်ကြီးခမျာ .. မျက်ရည်တွေကျကျန်ခဲ့တာသိလား.. နှပ်ချေးတွေတောင် ညှစ်လို့ .."

သူ အမြင်ကပ်လိုက်ရပါသည့် ကောင်မလေး ..။ နေရင်းထိုင်ရင်း သူက ငိုကျန်ခဲ့သည့် ပျော့ညံ့ညံ့ ခန့်ညားမောင် ဖြစ်နေရပြီ။ ပြီးတော့ .. နှပ်ချေးပင်ထွက်သည်တဲ့ ..။ တော်တော် ပလီစီချောက်ချက် ပြောတတ်သည့် ကလေးမ ..။

"ဟ .. နေစမ်းပါ .. တကယ်လား သွန်းလေး ရဲ့ .. ငါ့ကောင်ကြီး ငိုတယ်ဆိုတာလေ .. ဒီကောင် မငိုဖူးဘူးကွ .. စိတ်သာနူးညံ့တာ .. ငိုလိုက်ယိုလိုက်မလုပ်တတ်ဘူး .. စိတ်ကတော့ ထက်တယ်လေ .. ခုမှ .. ဘယ့်နှယ်လုပ် ငိုကျန်ခဲ့တာတဲ့လဲ .. အံ့ရော .. ညည်းလေး မှန်မှန်ပြောစမ်း .. ညည်း တစ်ခုခုထပ်လုပ်ခဲ့သေးလား .. ငါ့ကောင်ကြီးကို .."

"ဟင်း .. ဟင်း .. သွန်းလေး က မောင်ကြီးလို့ခေါ်တယ် .. လေးလေးက .. ကောင်ကြီးလို့ခေါ်တယ် .. လေးလေးရဲ့ ကောင်ကြီးက .. သူ့စွန်ကို နမြောလို့ငိုတာနေမှာပေါ့ .. စွန်ပဲ .. အသစ်ပြန်ဝယ်ရန် တစ်ထပ်ကြီး အရောင်စုံတောင် ကြိုက်သလောက်ဝယ်လို့ရတာများ .. ငိုလိုက်တာမှ မျက်ရည်စက်လက် .. အဲဒါ .. သွန်းလေး ပြန်တိုင်မလို့ .."

ခု မျက်စိကျယ်လာသည်။ နားကို အသားကုန်ဖွင့်မိရပါသည့် အဖြစ်..။ ကောင်မလေး ပြန်တိုင်မည်တဲ့ ..။ အတိုင်အတောအလုပ်ကိုတော့ တော်တော်ဝါသနာပါသည့်ပုံ ..။

"နေစမ်းပါ့ .. ငါ့ကောင်ကြီးကို .. ညည်းလေးကလည်း စွန်ကြိုးဖြတ်ပစ်ခဲ့သေးတယ် .. ပြန်တိုင်ဦးမယ်ဆိုတော့ .. ဘာတိုင်မှာလဲကွ .. ဘာလဲ .. စွန်ကြိုးမဖြတ်ရင် .. ညည်းလေးကို နားရင်းအုပ်မယ်လို့ ငါ့ကောင်ကြီးကပြောလို့ .. ညည်းလေးက မလုပ်ချင့်လုပ်ချင်နဲ့ စွန်ကြိုးဖြတ်ခဲ့ရတဲ့သဘောမျိုးလား .. အဲဒါတော့ .. ယုတ္တိမရှိဘူးနော် .."

"အမှန်ပဲ .."

www.burmeseclassic.com

www.burmeseclassic.com



လေးလေးသိန်း ပြောတာကို သူနားထောင်နေရင်း ထောက်ခံလိုက်မိသည်က ရင်ထဲမှ အသံတိတ်ဖြင့်ပါ ..။

"သွန်းလေး က .. မေမေ့ကို ပြန်တိုင်မှာပါ လေးလေးရဲ့ .. မောင်ကြီးရဲ့ စွန်ကြိုးကို သွန်းလေး ဖြတ်ပစ်ခဲ့ကြောင်း .. အပြစ်ရှိကြောင်း .. မောင်ကြီးရဲ့ ရှေ့မှာ သွန်းလေး ကို အပြစ်ပေးပါဆိုပြီး တိုင်မှာလေ .. သွန်းလေးက ကိုယ့်အပြစ်လုပ်မိရင်လည်း ကိုယ့်ဘာသာကိုယ် .. ပြန်တိုင်တဲ့အကျင့်ရှိတယ်လေ .."

လေးလေးသိန်း မျက်စိမျက်ဆံပြူး၍ ကောင်မလေးကို ကြည့်နေ၏။ ခပ်ရှားရှားထဲက ကောင်မလေးအဖြစ် အံ့သြနေတာလည်း သိသာနေသည်ပါပဲ။

ကောင်မလေး ပြောသည့်အထဲမှာ သူ ရစ်ဘီးနှင့် ခေါက်တာ ..။ သစ်ကိုင်းခြောက်နှင့် ကောက်တီးခဲ့တာတွေမပါဘဲ ချန်ထားတာကိုလည်း သူ့ဘက်က ဆန်းနေသည်။ ကြားရတာ မယုံနိုင်ဖွယ်အတိဖြစ်နေချေ၏။ သူ့လိပ်ပြာလည်း သူ မလုံ ..။

"ဒါပေမယ့် ငါက အိမ်ရှင်ပဲ .. သူက ချန်ထားတယ်ပဲရှိစေ .. ငါက .. ငါ့အပြစ် ငါ ဝန်ခံသင့်တာပေါ့ .."

ဟု တစ်ချက်တွေး၏။

"သွန်းလေး က .. လိမ္မာတယ်လို့ မေမေပြောတယ် လေးလေးရဲ့ .. အဲသလို .. ကိုယ့်အပြစ်ဝန်ခံတာ ကောင်းတယ်တဲ့ .."

"အဲသလိုဆိုရင်လည်း .. အစကတည်းက အပြစ်မလုပ်တော့ ပိုကောင်းတာပေါ့ ကလေးရဲ့ .. ဝန်ခံစရာလည်း မလိုတော့ဘူးပေါ့ .."

မဆိုး ..။ လေးလေးသိန်း ပြောတာမှန်နေသည်။ တကယ်က .. ကောင်မလေးဘက်က သစ်ကိုင်းခြောက်ဖြင့် သူ့စွန်ကြိုးကို ဆွဲရစ် မဖြတ်ပစ်လျှင် သူကလည်း သစ်ကိုင်းခြောက်နှင့် ရိုက်စရာမလို ..။ အရှင်းဆိုရလျှင်ဖြင့် .. အစကတည်းက ကောင်မလေး သူ့လက်ထဲက စွန်ရစ်ဘီးကို ဝင်လုတာတွေ .. စွန်လွှတ်ချင်တာတွေရှိမလာခဲ့လျှင် သူကလည်း ရစ်ဘီး



ဖြင့် ခေါက်စရာကိုမရှိ ..။ ဒါပေမယ့် .. ခက်သည်က .. သူက အိမ်ရှင်ဖြစ်နေသည်။ ဧည့်သည်က ဆိုးသည်ပဲရှိစေ ..။ သူ့ဘက်က ခုလိုမလုပ်သင့် ..။

"ဒါက .. ခုလို စိတ်နည်းနည်းအေးလာချိန်မှာမို့ .. ခုလိုတွေးနိုင်တာပေါ့ .. သူ .. ငါ့ရစ်ဘီးကို အတင်းဝင်လုတုန်းက ငါ့စွန်ကြိုးပြတ်သွားမှာပဲ ငါက လန့်နေတာကိုး .. ရစ်ဘီးနဲ့ ခေါက်ပစ်မိတာပေါ့ .. သူကိုက လွန်တာ .."

တစ်ယောက်တည်း ထိုင်နေပေမယ့် စိတ်က နှစ်ယောက်စာ တွေးနေခြင်း ..။ တစ်ခုသောအတွေးက ကောင်မလေးဘက်က တွေးပေးသည်။ တစ်ခုက .. သူ့ကိုယ်ကို ကာကွယ်တွေးတွေးသည်။

"ခုကျတော့ .. ညည်းလေးက ငါ့ကောင်ကြီးကို စွန်ကြိုးဖြတ်ပစ်တော့ ငါ့ကောင်ကြီး ငိုကျန်ခဲ့တယ်ဆိုတာ မကောင်းဘူးကွ .. ခမျာ .. အတော်စိတ်ထိခိုက်လို့ မျက်ရည်တောင်ကျရတာ သိရဲ့လား .. ငါ့ကောင်က လူအေးလေးပါကွာ .. စာဖတ်ဖော်အလွန်ကြီးတဲ့ကောင် .."

"ဟင်းဟင်း .. မောင်ကြီးက စာရေးဆရာလုပ်မှာတဲ့ .. ဒါကြောင့် စာတွေဖတ်နေတာနေမှာပေါ့ .. သူများရေးတာတွေ နင်းကန်ဖတ်ပြီး အလွတ်ကျက်နေတယ်ထင်ပါရဲ့ .. သွန်းလေး ကတော့ .. ကာတွန်းပဲဖတ်တယ် .. လူကြီးဖြစ်တဲ့အခါကျတော့မှ စာအုပ်အထူကြီးတွေဖတ်မှာပေါ့ .. ကလေးဖြစ်တုန်း ကာတွန်းလေးဖတ်ရတဲ့ဥစ္စာ .. စာအုပ်အထူကြီးတွေက လူကြီးဖြစ်ရင် တစ်သက်လုံးဖတ်ရမှာလေ .."

အံမယ်မယ် ..။ သူ့ကိုများ ဝေဝေဖန်ဖန်လုပ်နေသည့် ကောင်မလေး ..။ သူ မြင်ပြင်းကပ်လာသည်။ စောစောက ကောင်မလေးဘက် နည်းနည်းပါးပါး မှုမှုတတတွေးပေးချင်သည့်စိတ်ပင် ကျဆင်းလာကြရပြီ ..။

"အေး .. ဟုတ်သကွ .. အဲဒါတော့ ငါထောက်ခံတယ်သိလား .. ညည်းလေးပြောတာ နည်းသလိုလိုတောင်ရှိရဲ့ .. ဘယ့်နှယ်ကွာ .. ဖတ်လိုက်ရတဲ့စာအုပ်ထူကြီးတွေ .. ဒါကြောင့် မျက်မှန်တပ်ရတာပေါ့ကွ ..

www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်ပေါင်းပေါင်းလေးနဲ့ ..''

သူ မှန်းသည့်အထဲမှာ တိုင်ငယ်ငယ်ပေါင်းပေါင်းဆိုသည့် လေးလေးသိန်း၏အပြောလည်းပါသည်။ ငယ်သည်ဆိုတာကတော့ ထားပါ ..။ ပေါင်းကြီးကို ဘာကြောင့်ထည့်ရမည်တဲ့လဲ ..။

''ပြီးတော့ .. မောင်ကြီးက .. လူကြီးလိုပဲ ဝတ်တာ လေးလေးရဲ့ .. ပျင်းစရာကြီး .. မောင်ကြီးက စတစ်ကော်လာအင်္ကျီနဲ့ .. ပုဆိုးနဲ့ .. မျက်မှန်နဲ့ဆိုတော့ အလှူအိမ်သွားမလိုလို .. မင်္ဂလာဆောင်ပွဲသွားမလိုလို .. ပြီးတော့ မင်းသားကျနေတာပဲ .. အဝတ်ပေမှာစိုးနေသလိုကြီးသိလား .. နနရှရှအလွန်နေတာ လေးလေးရဲ့ ..''

သူ အံ့သြလာသည်။ ကောင်မလေး အတော်စကားကြွယ်သည်ပဲ ..။ နနရှရှနေသည်တို့ဘာတို့ပင် ပြောဟယ်ဆိုဟယ်ဖြင့် အတင်းတုတ်တာကို အဆင့်မြင့်မြင့်တုတ်တတ်နေသည့်အဖြစ် ..။

''ငါ .. သူ့ကိုကျွဲပါးစောင်းတီးဆိုပြီး တွေ့တွေ့ချင်း ခပ်နှိမ်နှိမ်ပြောခဲ့တုန်းက .. သူက နားမလည်တဲ့အချိုးနဲ့ နေခဲ့တာကဖြင့် .. ဟန်ဆောင်တာပဲဖြစ်ရမယ် .. ဒီကောင်မလေး အတော်ကြီး စကားကို လည်လည်ပတ်ပတ်ပြောတတ်ပုံရတယ် .. ငါကတော့ .. လူတတ်ကြီးလုပ်ပြီး သူ့ကိုအထင်သေးနေမိခဲ့တာ .. တကယ်က .. ငါ ခံခဲ့ရပြီထင်ပါရဲ့ ..''

သူ ကောင်မလေးကို လျှော့မတွက်ရဲဘဲဖြစ်လာနေရပြီ ..။

''သွန်း ဆိုရင် .. ဆော့ပစ်တာပဲ .. ကြာရိပ်ဖူးမှာဆိုရင် .. ခြံထဲပြေးဆော့တယ် .. မြက်ခင်းပေါ်ထိုင်ချင်ထိုင်တယ် .. ပန်းပင်တွေ အန်ကယ်ရှန်နဲ့တူတူ မြေကြီးတွေဆွ .. ပေချင်ပေ .. လုပ်ပစ်တာပဲ .. ဒါမှ .. သွန်းလေးကြီးလာတဲ့အခါ .. ပန်းပင်တွေဘာတွေစိုက်တတ်မှာပေါ့ .. အိမ်ကိုလှအောင် လုပ်နိုင်မှာပေါ့ .. မောင်ကြီးကတော့ .. မြေကြီးပေမှာ ကြောက်နေတဲ့ဥစ္စာ .. သိပ်သိသာတာပဲ သိလား .. သူ့အစားပျင်းလိုက်တာ လေးလေးရယ် ..''

ချက်ကျလက်ကျအတင်းချတတ်သည့် ကလေးမကို သူ ဆံပင်လေး



ပင် ဆောင့်ချင်လာသည်။

''ငါတော့ .. အကျင့်ပျက်ပြီ .. သူများကို ရိုက်ချင်ပုတ်ချင်တဲ့စိတ် ဘယ်တုန်းကမှ မဖြစ်ခဲ့ဖူးပါဘူး .. ဒီကောင့်မလေး ရောက်လာမှ ငါလည်း စိတ်ကောင်းတွေပျက်လာပြီ ..''

သူ ခေါင်းခါ၍ ညည်းမိရပါသတည်း ..။

''သွန်းလေး ဆိုရင် .. မျက်မှန်လည်းမတပ်ရဘူး .. ဆေးလည်းမထိုးရဘူး .. အမြဲဆော့နေတော့ မျက်စိလည်း မမှုန်ဘူး .. အမြဲနေကောင်းနေတာသိလား .. မဖျားဘူး ..''

သူကပဲ ငြိမ်လွန်း၍ မကျန်းမာသယောင်ယောင်ကဲ့ကဲ့ရဲ့ရဲ့ ပြောနေသည့် ကလေးမ ..။ သူ မျက်မှောင်ကုတ်၍ ကြည့်နေမိရပါ၏။

''ငါ့စွန် ကြိုးဖြတ်တဲ့ကိစ္စ .. သူ့အပြစ်ဝန်ခံမှာလေးဘာလေးနဲ့ .. အလွန်ရိုးသားသလိုလို လေပစ်နေတဲ့ ကောင်မလေး .. တကယ်က .. ငါ့ကို အတင်းအုပ်ဖို့ တော်တော်ထောင့်စေ့နေတာပါလား .. ကြည့်စမ်း အရသာတရှိရှိနဲ့ ငါ့အကြောင်းပြောနေတာများ မုန့်မျိုးရှစ်ဆယ်ရှေ့မှာချပြီး စားနေရတဲ့အတိုင်းပဲ .. တော်ပြီ .. သူ့အပြစ်သူ ဝန်ခံချင်ဝန်ခံပေ့စေ .. သူ့ကို သူ့အမေက ဆူချင် ဆူပေ့စေ .. ရိုက်ချင်ရိုက်ပေ့စေ .. ငါ့စွန်ကြိုးဖြတ်တာသူခံပေါ့ .. ဘာလို့ငါက.. ရစ်ဘီးနဲ့ ခေါက်တဲ့ကိစ္စ ပြန်ဖော်နေရမှာလဲ .. မဖော်တော့ဘူး ..''

မေတ္တာကုန်ခမ်းနေရင်း သူ မျက်မှောင်ကုတ်နေချိန်မှာ ကောင်မလေးကတော့ လေးလေးသိန်း နှင့် လေပေးဖြောင့်နေပါ၏။

''သွန်းလေး က .. ဆော့ပေမယ့် .. မင်းသမီးလိုလည်း ကတတ်တယ် သိရဲ့လား .. မယုံဘူးလား .. တကယ်ပြောတာ လေးလေးရဲ့ .. ကျောင်းမှာ အကဝင်ပြိုင်တာ .. ပထမတောင်ရသေးတယ် .. ဒီမှာကြည့် .. သွန်းလေး ကပြမယ် ..''

အစည်အချင်းတွေ အသားကုန်ထုတ်ကြွားနေသည့် ရွှေသွန်းမေ ..။ ထရပ်လိုက်ကာ ကိုယ်လေးကို အချိုးတကျကွေးညွတ်၍ ခြေဖျားလေး

www.burmeseclassic.com

www.burmeseclassic.com



သောက်ကာရှိ၏။ သူ ဝါးရုံရိပ်အောက်မှာ ပုန်း၍ ချောင်းကြည့်နေရင်း နှုတ်ခမ်းကို မဲ့ကာ အသံတိတ်ကဲ့ရဲ့နေချိန်မှာ ..။

"အစ်ကိုတို့ရဲ့ မေတ္တာ .. မမတို့ရဲ့ မေတ္တာ .. စေတနာထူးသော ကြောင့် အဝေယာဟောန္တုပါသရှင် .. မြတ်ပရမေကိုအပ်ပါသည် .. ကျွန်မ .. မသေပါဘူးရှင် .. သမ္ဗေသတ္တာဂုဏ်ရည် .."

မင်းသမီးဟန်လေးချိ၍ ရပ်နေရာမှ .. ကိုယ်လေးကို ဟန်ပန်အချိုး တကျ.. လက်ချလက်တင် .. ခါးညွတ် .. ကိုယ်နွဲ့ .. ခေါင်းဆတ် .. ခြေဖျားလေး ကော့၍ ခြေတစ်ဖက်ဆုတ် ..။ လှလှပပ .. ကလိုက်တော့ သူ အယ်ခနဲ ဖြစ်၏။ အံ့မယ်မင်း .. တကယ့်ကို ကတတ်ချေသည်တကား ..။ သူ .. ကိုယ့် နဖူးကိုယ်ရိုက်မိပြီ။ သူ .. ဤကောင်မလေးနှင့်ပြိုင်လျှင် .. ရှုံးကိန်း များနေပြီ။ သူက .. စာပဲကျိုးဖတ်နေသည့်သူ ..။ အဝတ်ပေမှာကြောက် သည့်သူ ..။ ကောင်မလေးက ပုန်းပင်လည်း စိုက်တတ်နေပြီ။ သီချင်း လည်း ဆိုတတ်နေသည်။ ရိုးရိုးဆိုရုံပင်မဟုတ် ..။ မင်းသမီးပင်ဖြစ်နေ သည်။ အသံကလည်း မင်းသမီးဟဲလေးဖြစ်နေသည်။

"သေနိုင်ပါရိုးလား လေဘာတီရေ .. ပေတရာဆီ လျှောက်ပါလို့ ထင်သလောက်ဖြင့် ပြလိုက်ချင်သည် .. သေနိုင်ပါရိုးလား လေဘာတီရေ .. ပေတရာဆီ လျှောက်ပါလို့ ထင်သလောက်ဖြင့် ပြလိုက်ချင်သည် .. အခြေ လည်းတိုးတယ် .. အနေလည်းတိုးတယ် .. အခြေလည်းတိုးတယ် .. အနေလည်း တိုးတယ် .."

မေးကလေးဆတ် .. မေးဖျားလေးမှာ လက်ဖမိုးလေးနွဲ့နွဲ့ထိ ..။ မျက်ခုံးလေးပင့်ကာပင့်ကာဖြင့် အဆိုပိုင်အကပိုင်နေသည့် ကလေးမ ..။ သူ .. ကြည့်နေရင်းကြည့်နေရင်း တစ်ချက်ငေးခနဲဖြစ်၏။ တကယ့်ကို လှလှပပကပြတတ်ပါသည့် ကောင်မလေးပါတကား။ စွာတာတာ မဟုတ် လျှင် ဤကောင်မလေး ချစ်ဖို့ကောင်းမည်။ ခုကျတော့ စွာတာတာ .. လည်းလုပ်သည်။ နောက်တောက်တောက်လည်း လုပ်သည်။ ဉာဏ်လည်း များသည်။ အတင်းလည်းတုတ်သည်။ မကောင်းတာတွေက များနေ



သည်တည့် ..။

"အခြေလည်းတိုးတယ် .. အနေလည်းတိုးတယ် .. မသေပဲကိုးကွယ် ဆိုတော်မူကြသည် .. သြော် .. မမုန်းနဲ့နော် ကျွန်မအတည် .. ရုပ်တော်တော် နေပါသည် .. တုံးကျော်မ လေဘာတီ .."

လေးလေးသိန်း ကတော့ လက်ခုပ်တွေဘာတွေတီးနေပြီ ..။ ဝင်၍ ဝင်၍ပင် သီချင်းဟဲနေသေးသည့် လေးလေးသိန်း ..။ ဤသီချင်း လေးလေးသိန်း ရနေသည်တဲ့လား ..။ လေးလေးသိန်းနှင့် သူ ဤမျှကြာအောင်နေနေ သည့်ကိစ္စ ..။ ဘယ်လောက်များ သူ ညံ့သည်လည်းဆိုလျှင် ..။ လေးလေးသိန်း သီချင်းတွေတယ်လောက်ထိ ဆိုတတ်နေသည်။ သီချင်းဘယ်လောက် များများ ဆိုတတ်နေသည်ဆိုတာ အာရုံပင်မထားမိ ..။ ပန်းခြံထဲရှိနေရင်း အပင် တွေမြေဆွ ပေါင်းသင်ရင်း လေးလေးသိန်း သီချင်းညည်းတတ်တာ လောက်ပဲ သူ အပေါ်ယံသိထားတာလောက်ပဲရှိသည်လေ ..။

"မယ်ရင်မာပါစီ .. မြရင်မာပါစီ .. ပေးတဲ့စာ .. မေးတဲ့စာ .. အရပ်ရပ် က လာကြသည် .."

ကောင်မလေး ဆိုရင်းကရင်းရှိနေချိန်မှာ လေးလေးသိန်းက လက်ခုပ် တီး၍တီး၍ ဝင်ဝင်ဆိုနေတော့ အသံဝါကြီးနှင့် လေးလေးသိန်း ၏ မြိုင် နေအောင်ဆိုသည့်အဆိုကြောင့် အကသည်ပို၍သွက်လာသည်။ လှလာ သည်။

စမ်းချောင်းဘေးကမ်းစပ်မှာ လေပြည်နုနှင့် အတူ ..။ ကျေးငှက်တို့ ၏ မြည်ကြွေးသံတို့နှင့်အတူ ..။ လေးလေးသိန်းနှင့် အတူ .. ရှိနေရင်း .. ကောင်မလေးသည် လွတ်လပ်စွာ အဆို .. အက .. တို့နှင့်အတူ .. ရှိနေ ၏။ အနုပညာနှင့်အတူ မျိုးကြွသော ကိန္နရီလေးနှယ် လှလှပပ .. စိတ်လက် ကိုယ်ပါ .. ကနေသည်။ အကြောင်နကျကင်းနေသည်။ လုပ်ချင်တာကို လုပ်လိုက်တတ်ခြင်းဆိုသည့် လွတ်လပ်ပေါ့ပါးသောဘဝထဲမှာ ရှိနေ သည်။ အားကျစိတ်သည် ရုတ်ခနဲရင်မှာဖြစ်၏။ ပျော်စရာတော့ ကောင်း သား .. ဟု ဝန်ခံမိ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤကောင်မလေးထံမှာ စိတ်သည်ရှင်းနေသည်။ ဝိတ်ပင်ထားတာမရှိ။ ထိန်ချန်ထားတာလည်းမရှိ ..။ လွှတ်ထားသော်စိတ်သည် ပေါ့ပါးနေသည်။ ကြည်လင်နေသည်။ ခြော် .. ပြီးတော့ .. ဖြူစင်နေသည် .. ဟု စတင်၍ သူ နားလည်လာရချေသည်တကား။

"မယ်ရင်မာပါစီ .. မြရင်မာပါစီ .. ပေးတဲ့စာ .. မေးတဲ့စာ .. အရပ်ရပ် ကလာကြသည် .. အလွန်ပင်ကျေးဇူးတင်ပါသည် .. အမှန်ပင်ကျေးဇူးတင် ပါသည် .. အမှန်ပင် ကျေးဇူးတင်ပါသည် .."

လေးလေးသိန်း၏ မြိုင်နေအောင်လိုက်၍ ဆိုနေသည့် သီချင်းသံ ..။ ကောင်မလေး၏ အက ..။ အေးချမ်းလှပနေသော တောတောင်စမ်းရေတို့၏ အေသ ..။ ဤနေရာလေးသည် .. ဤနေ့တွင် .. ပို၍ .. အသက်ဝင်လှပအေးချမ်းလာသယောင်ရှိချေသည်တကား ..။

သူ့လက်ဖဝါးနှစ်ဖက်က အလိုလိုလက်ခုပ်တီးသည့်နှယ် ခိုးကြောင်ခိုးဝှက်လုပ်လာသည်။

လက်ဖျောက်လေး လိုက်တီးချင်လာသည်။

သူ .. ပျော်နေချေသည်ကောလေ ..။

ဤကောင်မလေးကြောင့် .. သူ ပျော်နေသည်တဲ့လား ..။

စွန်လေးကို နှမျောနေသည့်စိတ်တွေဖြင့် မွန်းကြပ်နေခဲ့ရတာတွေ ပျောက်ဆုံးသွားရပြီတဲ့လား ..။

သူ့ကိုယ်သူလည်း .. နားမလည်ချင်တော့ပါ ..။



## အခန်း (၆)

သူ ထမင်းစားရတာ စိတ်ဖြောင့်လက်ဖြောင့်မရှိ ..။

ဘယ်အချိန်များ ကောင်မလေး ဘာထပြောလိုက်လိမ့်မည်လဲဆိုသည့် စိုးရိမ်ကြောင့်ကြစိတ်က အစားအသောက်ပျက်နေစေပြီကိုးလေ ..။

"ငါ့အပြစ်တွေချန်ထားပြီး .. သူ့အပြစ်တွေကိုပဲ ပြောပြဝန်ခံတာတွေလုပ်လာရင် .. ငါက ငြိမ်နေရင် .. ဘယ်ကောင်းမလဲ .. ငါက .. လူလိမ်ကြီးဖြစ်သွားမှာပေါ့ .. မရိုးသားရာရောက်မှာပေါ့ .. ဒီကောင်မလေးဟာလေ .. ရှင်းရှင်းလင်းလင်းကိုမရှိတာ .. အညှန့်တော်တော်တက်တဲ့ကောင်မလေး ... ခုပဲကြည့် .. ငါက .. သူ့ကို စွန်ရစ်ဘီးနဲ့ခေါက် .. ခေါက်တယ်ပေါ့ .. သစ်ကိုင်း ချောက်နဲ့ရိုက် .. ရိုက်တယ်ပေါ့ .. တိုင်ပြောပါ့လား .. အဲသလိုမဟုတ်ဘဲ.. သူကပဲ ငါ့ကို ဒုက္ခပေးသလိုလို လေသံမျိုးနဲ့ .. ဝန်ခံမလေးဘာလေးလုပ်နေ တာ ကောင်းသလား .. ငါအဆူခံပဲ ထိလိုက်ချင်တယ် .. ကိုယ့်ကို သူက တောင်းပန်တာမျိုးကို ငြိမ်ပြီး နားထောင်တာမျိုးလုပ်ရမှာ လိပ်ပြာမလုံဘူး.. ခက်တာပဲ .. အဲဒါမှခက်တာပဲ .."

သူ့ရင်ထဲမှာ ရှုပ်ထွေးနေသည်။ ဘယ်လိုပဲ ကောင်မလေးကို ကြည့်မရတာရှိစေ ..။ ကောင်မလေး ဆိုးသည့်အပြစ် .. ကောင်မလေးပဲ ခံစေ ..။ ကိုယ်က သူတော်ကောင်းလိုလို .. ဘာလိုလိုဖြင့် ငြိမ်နေပစ်နိုင်မည်ဟု စိတ်ထဲ တင်းခံတွေးမိခဲ့ပေမယ့် ..။ လက်တွေ့မှာ နေသားတကျဖြစ် မနေနိုင် ..။ မနေတတ် မထိုင်တတ်ဖြင့် နေရကြပ်နေသည်။ ယောကျ်ား

www.burmeseclassic.com



ဆိုတာ ရိုးသားရဲရမည်။ ကိုယ်လုပ်သည့်အပြစ် ဖော်ပြရဲရမည်ဟု စိတ်ရင်းခံက သူ့ကိုသတိပေးနေသည်။ စိတ်ကို ဝက်အူရစ်ရစ်သလို ကောင်းကောင်းကြပ်နေသည်။ ဒါကြောင့် .. သူ့မှာ စားရသောက်ရတာ ချိုချိုမြိန်မြိန် ရှိမနေရ ..။

ကောင်မလေးကိုကြည့်လိုက်တော့ ထုံးစံအတိုင်း အရသာတရှိရှိဖြင့် စိတ်လွှတ်လပ်စွာ စားနေသည့်အဖြစ် ..။ ဂျုံးမြစ်ကြော်နှင့် နယ်ဖတ်စားလိုက် ..။ ငါးရံ့ခေါင်းချဉ်ရည်ဟင်းကို ဟင်းအဖြစ် နယ်ဖတ်၍ စားချင်စား ..။ ဇွန်းဖြင့် ခပ်သောက်လိုသောက် ..။ ငါးရံ့ငရုပ်သီးစိမ်းအိုးကပ်ချက်ကိုလည်း အရိုးတွေဘာတွေ သေချာထွင်၍ နွှင်၍စားနေသည်မှ ထမင်းလုတ်ထဲ ဂျုံးမြစ်ကြော်၊ ပဲပုပ်ချက်နှင့် သခွားသီး တို့စရာကိုမြုပ်၍ စားလိုက်သောက်လိုက်ဖြင့် တော်တော်ခံတွင်းလိုက်နေသည့် ကလေးမ..။

"သူ ငါ့စွန်ကိုဖြတ်လိုက်တဲ့ကိစ္စ သူ့ဘာသာသူ ဝန်ခံမယ်ဆိုပြီး ဆုံးဖြတ်ထားတဲ့ကြားက .. လေးလေးသိန်း ကိုလည်း တုံးကျော်မ သီချင်းတွေဘာတွေ ဆိုပြ .. ကပြ .. ခုလည်း ထမင်းလိုက်ပွဲတွေဘာတွေယူပြီး အစားမပျက် အသောက်မပျက်နဲ့ တော်တော်ပေါ့ပါးအေးဆေး ဖြစ်နေတာပဲ .. ငါ့မှာသာ အစားမဝင်ဖြစ်နေရတာ .."

မျက်နှာချက်မှာလည်နေသည့် ပန်ကာ၏ လေအေးပင်လျှင် သူ့မျက်နှာမှ ချွေးကို မတိတ်စေနိုင်ပဲဖြစ်နေသည်။

ဖေဖေနှင့် မေမေတို့ကတော့ အန်ကယ်သု နှင့် အန်တီထားကို ဟင်းတွေထည့်ပေးလိုက် ..။ စကားပြောလိုက် ..။ ရယ်မောလိုက်ဖြင့်ရှိနေ၏။ အန်ကယ်သု နှင့် အန်တီထား ကလည်း တပြန်တလဲ ဟင်းတွေခပ်၍ ဖေဖေနှင့် မေမေ့ကို ထည့်ပေးနေကြသည့်အဖြစ် ..။

"ဝက်သစ်ချသားနဲ့လုပ်ထားတဲ့ ဒီထမင်းစားစားပွဲကြီးကိုတော့ ထား ဖြင့် သိပ်သဘောကျတာပဲ လွမ်း ရယ် .."

ခြံထဲမှာ ဝက်သစ်ချပင်ကြီးတွေရှိသည်။ ဖေဖေက ဝက်သစ်ချပင်ကို သဘောကျသည်လေ ..။ အရှက်အောက်ဘက်မှာ ငွေမှင်ရည်ဆမ်းထားသည့်နှယ်ရှိ၍ ..။ အပေါ်ဘက်မှာ စိမ်းမြမှောင်နေသည့် ဝက်သစ်ချ



ရွက်တွေကို လေတိုက်လျှင် သူလည်း သဘောတကျကျဖြင့် ငေးကြည့်တတ်သည်ပါပဲ။ ငွေမှင်ရည်ပေါ်လိုက် ..။ စိမ်းမြမြဖင်လိုက်ဖြင့် လေယူရာပါရင်းမြင်ကွင်းသည် လှနေစေတတ်ပါသည့် ဝက်သစ်ချရွက်များကိုသူလည်း ချစ်သည်။ ပင်စည်ကြီးကြီးဖြင့် ရှိတတ်ပါသည့် ဝက်သစ်ချပင်တွေ၏ ခိုင်မာမှုကိုလည်း သူနှစ်သက်သည်။ ဒါပေမယ့် .. ဤခနမှာတော့ သူ ထမင်းစား၍လည်း မမြိန် ..။ ဝက်သစ်ချပင်ကြီးအောက်သို့လည်း သူ မရောက်ဖြစ်ခဲ့ ..။ ရင်ထဲမှာ စိတ်ညစ်နေတာပဲရှိနေသည်တည့် ..။

"ကြည့်ပါဦး .. သမီးလေးကလည်း စားကောင်းနေလိုက်တာ .. လွမ်း ဖြင့်လေ .. ရွှေသွန်းလေး ကို သိပ်သဘောကျတာပဲ .. အမြဲတမ်းလွတ်လပ် ကြည်စင်နေတာသိလား .. အဲဒါ .. လူဖြစ်ရကျိုးနပ်တယ်ဆိုတဲ့ စရိုက်လေးပဲ ထား ရဲ့ .. ဟန်ဆောင်ပန်ဆောင်မရှိတာလေးကိုကချစ်ဖို့ကောင်းနေတာ .. သူ့ကိုမြင်ရတဲ့သူလည်း စိတ်ချမ်းသာတယ် .. သွန်းလေး ကိုယ်တိုင်လည်း စိတ်ကြည်လင်နေစေတယ် .."

အရေးထဲ မေမေက ဤသူငယ်မကို ချီးမွမ်းခန်းဖွင့်နေသေးသည့် အဖြစ်..။ သားဖြစ်သူ ဘယ်လောက်စိတ်မွန်းကြပ်အောင် ထို ကောင်မလေး လုပ်ထားသည်ဆိုတာ မေမေမှ မသိပဲလေ ..။

"သား .. သိပ်မစားပါလား .. ဘာဖြစ်လို့လည်း သားရဲ့ .. ပဲပုပ်ချက် ဆိုရင် သား အရမ်းကြိုက်တာပဲဥစ္စာ .."

ပဲပုပ်ချက်ကို မီးကင်၍ ထောင်း၊ မြေပဲဆံလှော်ထောင်းထားတာနှင့် ငရုပ်သီးစိမ်းအတောင့်လိုက်ထည့်၍ ချက်သည့် ပဲပုပ်ချက်ကို သူ အလွန်ကြိုက်တာအမှန်။ ခု .. သူ လက်နှေးနေတာ မေမေ သတိထားမိပုံဖြင့်မေးတော့ သူ ပဲပုပ်ချက်ကို နယ်ဖတ်၍ သခွားသီးတို့စရာဖြင့် စားပြလိုက်ရသည်ပါပဲ..။

စားသောက်ပြီးကြတော့ ဖရဲသီးစိပ်လေးတွေ စားဖြစ်ကြသည်။

အေးအေးဆေးဆေး ဧည့်ခန်းမှာ ထိုင်ဖြစ်ကြပါ၏။ လေးလေးသိန်းကတော့ ထမင်းပွဲသိမ်းကျန်ခဲ့သည်ပါပဲ ..။ သူ အစားအသောက်နည်းနေတာကို လေးလေးသိန်း စိတ်ကောင်းပုံမရ ..။ ကွက်ကြည့်ကွက်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



နှင့် လုပ်နေသည်။ သူ့စွန်လေးကို နှမျောပြီး ထမင်းမဝင် ဟင်းမဝင်ဖြစ်နေသည်ဟုများ လေးလေးသိန်း ထင်နေသည်လား မသိ။ သူ့ကို သနားကြည့် လေးပင်ကြည့် ကြည့်နေသေးသည့်အဖြစ် ..။

သူ့မှာ စွန်လေးကို နှမျောနေရသည့်အထဲ ပို၍စိတ်သောကဖြစ်နေရသည်က မကြာမလင့်မှာ ရင်ဆိုင်တိုးရမည့်ကိစ္စကြောင့်ပါ ..။

"ဖေဖေနဲ့ မေမေ .. သွန်း ဝန်ခံစရာရှိတယ်သိလား .."

ဟော .. စပြီ ..။ ဂြိုဟ်စီးဂြိုဟ်နင်း မကောင်းသည့် ပြဿနာကအင်အားနှင့် စပြီ ..။ အန်ကယ်သု နှင့် အန်တီထား တို့ ပြုံး၍ကြည့်ကြသည်က သမီးဖြစ်သူကိုပါ ..။

ဆိုဖာမှာ အမေ့ဘေးကပ်ထိုင်နေရာမှ ရွှေသွန်းမေ ကျေးဇူးရှင်ကတော့ လက်ကလေးပိုက်၍ အမေ့ရှေ့မှာ ရပ်နေချေ၏။

"ဟော .. ကိုသု ရေ .. တားတို့ သမီးလေးတစ်ခုခုတော့ လုပ်ထားပြီထင်ရဲ့ .. အမယ် .. သမီးသွန်း က .. ဟောဒီက အန်ကယ်စည်သူ နဲ့ အန်တီလွှမ်း ရှေ့မှာကို ဝန်ခံစရာရှိနေပြီဆိုပါတော့ .. ကဲ .. သမီးသွန်း .. ပန်းတွေနင်းကန်ရှုးခဲ့သလား .. ခြံထဲက ပန်းတွေလိုတာထက် ပိုရှုးဆော့ခဲ့ပြီဆိုပါတော့ .."

အန်တီထား မေးခိုက်မှာ အန်ကယ်သု ရယ်၍ ...

"အဲ့သလိုပဲ ကိုစည်သူ ရေ .. သမီးက .. ပန်းဆိုရင်လည်း ရှုးပန်ချင်ပန် .. လည်ပင်းမှာ ဆွဲချင်ဆွဲ .. အလွန်ပန်းရှုးကြမ်းတဲ့ ကောင်မလေးဗျ .. သမီးသွန်းကို ဖေဖေ ဘာမှာထားသလဲ .. တခြားအိမ်မှာ ပန်းရှူး မကြမ်းရဘူးလို့လေ .."

သူ ကောင်မလေးကိုကြည့်မိသည်။ ကြာရိပ်ဖူးအိမ်မှာ ဤသူငယ်မ ပန်းတွေအင့်အင့်ပါအောင် ရှူးတတ်ပုံရသည်။ မနည်းမနောရှူးချင်သလောက်ရှူး ..။ ပန်ချင်သလောက်ပန် ..။ ပန်းဆွဲကြိုးတွေဘာတွေဆွဲချင်သလောက် ဆွဲပုံရသည်။ ဥယျာဉ်မှူးတွေ မျက်ရည်ကျအောင်များ ပန်းရှူးသောင်းကျန်း ချေသည်လားမသိ ..။ ခုပဲကြည့် ..။ အန်ကယ်သုမှ သမီးကို လှမ်းမေးနေပြီ ..။



"မဟုတ်ဘူး ဖေဖေ .. အခု .. သွန်း လုပ်ခဲ့တာက .. မောင်ကြီးရဲ့ စွန်ကြိုးကိုဖြတ်ခဲ့တာ .. မောင်ကြီး စွန်လွှတ်နေတာကိုကြည့်ပြီး .. မောင်ကြီး ငိုအောင်လုပ်ချင်လာတာနဲ့ .. ဟို .. ချစ်လို့ .. နောက်ပြောင်ချင်လာတာနဲ့.. လုပ်ခဲ့တာပါ .. သစ်ကိုင်းချောက်နဲ့ စွန်ကြိုးကိုဖြတ်ပစ်လိုက်တော့ .. မောင်ကြီး ခမျာ .. တကယ်မျက်ရည်ကျတာ ဖေဖေရဲ့ .."

ပလီစီချောက်ချက် .. ခုနစ်ချက် .. ရှစ်ချက်တို့ဖြင့် လက်ကလေးပိုက်၍ အမှတ်ယူနေသည့် ကောင်မလေး ..။ လူကြီးတွေဝိုင်းရယ်ကြသည်။ သူ ငိုသည်ဆို၍ မေမေကလည်း အံ့ဩသလို လှမ်းကြည့်သည်။ သားလုပ်သူကို ငိုအောင်လုပ်ရပါမို့လားဟု ကောင်မလေးကိုလည်း စိတ်ဆိုးဖော်ပင်မရ ..။ ရယ်မော၍ပင် ပါးတွေဘာတွေနမ်းနေသေးသည့် မေမေပါ ..။

"ဟယ် .. သမီး .. အဲသလိုသမီးရဲ့ ကိုကို စိတ်ညစ်အောင်လုပ်ရသတဲ့လား .. လူတစ်ယောက်ကို မျက်ရည်ကျအောင် နောက်ပြောင်ကျီစယ်တာမျိုးမလုပ်ရဘူးလို့လေ .. အိမ်မှာလည်း ဒေါ်ကြီးစာကို တောက်တဲ့ပလပ်စတစ်ရုပ်နဲ့ ချောက်လို့ချောက် .. ဟိုကလန့်အော်ငို .. အဲသလိုလုပ်ရင် မေမေ .. သမီးလက်ကို ပေတံနဲ့ ရိုက်တာနော် .. ခု .. ဒီမှာထပ် လုပ်ပြန်ပြီ .. အဲဒါပဲ ကိုသုရယ် .. တွေ့တယ်မဟုတ်လား .. သမီးဟာလေ .. ဒီရောက်တာနဲ့ .. အိမ်ရှင်ကို ငိုအောင်လုပ်ပြီ .. မရဘူး .. မေမေ .. မေမေ့စည်းကမ်းအတိုင်း သမီးလက်ဖဝါးကို ပေတံနဲ့ ရိုက်မယ် .. ဒါပေမယ့် .. ဒီမှာ ပေတံတော့မရှိနိုင်ဘူး .. ဒီတော့ သမီးကို .. သစ်ကိုင်းခြောက်နဲ့ လက်ဖဝါးကိုရိုက်မယ် .."

တကယ့်ကို စည်းကမ်းထားပုံရပါသည့် အန်တီထား မျက်နှာပျက်၍ ပြောခိုက်မှာ မေမေက မျက်စိမျက်နှာမကောင်းနိုင်တော့ဘဲ ဝင်တားနေရပြီ..။ အန်ကယ်သု ကတော့ ငြိမ်နေသည်။ စည်းကမ်းကတော့ စည်းကမ်းဆိုသည့် သဘော ..။

"ဒီကလေးဟာလေ .. အလွန်အနောက်သန်တာတစ်ခုခက်တယ် .. ကြီးရင် .. ဒီအကျင့် .. သူ့ကို ဒုက္ခပေးမယ် လွှမ်း ရဲ့ .. မရဘူး .. သမီး

www.burmeseclassic.com

www.burmeseclassic.com



ကိုချစ်တာ .. အလိုလိုက်တာက လိုက်တာပဲ .. ဒီလိုသူတစ်ပါးမျက်ရည်ကျအောင်လုပ်တာတော့ ရိုက်ရမှာပဲ လွမ်း ..''

ဟု အန်တီထား ပြောချိန်မှာ ကောင်မလေးကို သူ ကြည့်မိရပါ၏။ ကောင်မလေး သူ့ကိုကြည့်နေသည်။ သူ .. ရစ်ဘီးနှင့် ခေါက်စဉ် ..။ သြော်.. သစ်ကိုင်းခြောက်ဖြင့်ရိုက်စဉ်မှာ အေးစက်စက်ထုံပေပေ ကြည့်သည့်အကြည့် ကို သူ ထပ်ရင်ဆိုင်ရချေသည်တကား ..။ သူ .. ရင်ထဲမှာလန့်နေတာအမှန်။ ကောင်မလေးကို တကယ်ပဲ အန်တီထား ရိုက်တော့မှာ သေချာနေသည်လေ..။ ကိုယ်ကို သူ မတ်သည်။ ကောင်မလေး အရိုက်ခံရတာကို သူ ငြိမ်၍ကြည့်နေလျှင် ..။ သူဘယ်မှာ ယောကျ်ားပီသပါတော့မည်တဲ့လဲ ..။ သူတစ်ပါး အရိုက်ခံရတာကို အရသာခံ၍ကြည့်နေတာနှင့်တူနေမည်ပေါ့ ..။ တကယ်တမ်းကျတော့ သူလည်း အပြစ်ကင်းနေသည်မှ မဟုတ်ချေပဲ ..။ သူတော်ကောင်း ယောင်ယောင် ဘာယောင်ယောင် ငြိမ်နေရမှာ သူ လိပ်ပြာမလုံ ..။

''မဟုတ်ဘူး အန်တီထား .. ခန့် က .. ရွှေသွန်းမေ ကို စွန်ပေးမလွှတ်တာနဲ့ .. ရွှေသွန်းမေ က .. အဲသလို စွန်ကြိုးကိုဖြတ်တာပါ .. သူ စွန်လွှတ်ကြည့်ချင်တာကို ခန့် အလိုလိုက်ခဲ့ရင် .. အဲသလို သူကလည်း စွန်ကြိုးကို ဖြတ်မှာမဟုတ်ပါဘူး .. အဲဒါ .. စွန်ကြိုးကိုဖြတ်လိုက်ရမလားဆိုပြီး သားက ရစ်ဘီးနဲ့ သူ့ကို ခေါင်းလည်းခေါက်ပစ်တယ် .. သူ့ကိုလည်း သစ်ကိုင်းခြောက်နဲ့ ရိုက်ပစ်တယ် .. မောင်းလည်းမောင်းထုတ်လိုက်တယ် .. သူ့ကြောင့် သား ငိုရတာမဟုတ်ပါဘူး .. ငိုတာက .. သူပါ ..''

သူ ကမန်းကတမ်း ဝင်ပြောတော့ ဖေဖေနှင့် မေမေ သူ့ကို မျက်မှောင်ကုတ်၍ကြည့်သည်။

''အံမယ်လေးလေ .. ငါ့သမီးလေးကို မင်းက ရိုက်တယ် .. ဟုတ်လား.. ခန့်ညားရယ် .. ညီ့သည်ကို အဲသလိုလုပ်ရသလား .. အစတည်းက .. ညီ့သည်လာရင် .. ဒီကလေးလေးကို ဂရုစိုက်ပါလို့ မေမေ မှာထားတယ် မဟုတ်လား .. ခု .. ရိုက်တောင်ရိုက်ရသတဲ့လား .. မှန်း .. သမီးလေး



လာစမ်း.. လာစမ်းပါဦးကွယ် .. သစ်ကိုင်းခြောက်နဲ့ ရိုက်တယ်ဆိုတော့ .. နာရှာမှာ ..''

မေမေ ရင်တီးလက်ခတ်ဖြင့် သူ့ကို ဆူလည်းဆူ ..။ ရွှေသွန်းမေကို ပွေ့ချီနှင့်လုပ်တော့ ပြုံး၍ကြည့်လာသည်က ရွှေသွန်းမေ သူငယ်မပဲ ဖြစ်လေသည်။

သူ့ကို အောင်နိုင်သည့်အပြုံးဖြင့်ကြည့်ခြင်း ..။ သူ .. တဖြည်းဖြည်း နားလည်စပြုလာသည်။ သူ့ကို တိုင်တောတာလည်း မဟုတ်။ ဒါပေမယ့်.. တိုင်တောတာနှင့် တူတူပဲဖြစ်နေအောင် ဉာဏ်ပွင့်ပါသည့် သူငယ်မ ..။ ခု .. သူလုပ်သည့်အပြစ် ..။ ကောင်မလေးက ဖွင့်ပြောစရာကို မလို ..။ သူ့နှုတ်က အလိုလိုဝင်ပြောပြီး ဝန်ခံလိုက်သည့်ဘဝထဲရောက်ရပြီ ..။

ဤကောင်မလေးကို လျှော့တွက်၍မရ ..။ ဉာဏ်တော်တော် ပြေးသည့် ကောင်မလေး ..။ ခုပဲကြည့် ..။ ကောင်မလေးဆင်သည့်အကြောထဲ သူဝင်မိပြီးပြီ ..။ နင်းမိပြီးပြီ။ သူ ကောင်မလေးကို ရစ်ဘီးနှင့် ခေါက်တာ ..။ တုတ်နှင့် ရိုက်တာ ..။ ဘယ်သူမှ စစ်စရာမလို ..။ သူ့ဘာသာသူ ..။ သူ့ပါးစပ်နှင့် သူ ..။ လူကြီးတွေကို ပြောပြခဲ့ရပြီ ..။

''အီး .. မောင်ကြီးကို မရိုက်ပါနဲ့ .. သနားပါတယ် .. သွန်း က စွန်ဖြတ်ပစ်လို့ပါ .. မရိုက်ပါနဲ့ .. ရိုက်ရင်.. သွန်း ငိုမှာပဲ .. အီးဟီးဟီး ..''

ဟု ကောက်ကာငင်ကာ ကောင်မလေးအော်ငိုတော့ လူကြီးတွေမှာ ဘယ်သူ့ဘယ်သူကိုမှ ရိုက်၍မရတော့ ..။ ကလေးနှစ်ယောက်ကိုကြည့်သည့် အကြည့်တွေဖြင့် ဝိုင်းကြည့်ရင်း ..။ ရယ်မောသံတွေပဲ ပွင့်ကျလာပါသတည်း..။

ကြည့် ..။ ကောင်မလေး .. အရိုက်ခံရမည့်ဘေးကိုလည်း ရှောင်တတ်ချေသည်တကား။ သူ့ကိုပြုံးကြည့်နေသည့်အကြည့်ထဲမှာ လှောင်ရိပ်ပါသည်ဟု သူ နားလည်လာသည်။

အငယ်လုပ်သူက သူ့လိုစာဂျပိုးကို အနိုင်ယူနိုင်လိုက်တာ ရင်ထဲမှာ ခံရဆိုးလာသည်။ ရှုံးပွဲ .. တစ်ခုဟုသိလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"အံမယ်လေး .. ခုကတည်းက .. ထား ရဲ့ သမီးလေးက .. သူ့ကိုကို အရိုက်ခံရမှာကို .. ငိုယိုနေတာပါပဲလား .. အို .. ငိုနေလိုက်တာများ .. သနားစရာကွယ် .. တိတ် .. တိတ် .."

တကယ့်ကို ဖြတ်ခနဲဆိုမှ ဖြတ်ခနဲ သူ့ကိုကြည့်သည့် အနိုင်ယူအကြည့်ကို ချက်ချင်း ငိုငိုယိုယို အိုက်တင်ဘက်ကူးပြောင်းလိုက်နိုင်ပါသည့် ကောင် မလေး ..။ ခုလည်း မေမေ့ရင်ခွင်ထဲက အချစ်ခံ ရွှေသွန်းမေ အဖြစ် ရောက်သွားတာ ..။ မေမေ နမ်းနေတာကို သူ စိတ်မသက်မသာဖြင့် မြင်နေရသည် ပါပဲ ..။

"အံမယ် .. ငါတို့သားကလည်း .. သူ့ ရွှေသွန်းမေ ကို .. ထား ရိုက်မှာလန့်ပြီး .. ချက်ချင်း ကာဘာဝင်လုပ်ပေးတာနော် .. ဟေးဟေး .. ကိုသုရေ .. ဒီကလေးနှစ်ယောက်ကို ရွှေလမ်းငွေလမ်း .. ခုကတည်းက ကြိုတင်ဖောက်ထားလိုက်ကြရအောင်ဗျာ .. သူတို့က .. တစ်ယောက်အရိုက်ခံရမှာကို .. တစ်ယောက် မမြင်ရက်ကြတာဗျာရဲ့ .."

ဖေဖေကလည်း အော်ရယ်၍ အန်ကယ်သု ကို ပြောသည်။ သူ့ကိုလည်း လာ၍ ဖေဖေ ဖက်ချေ၏။ ဖေဖေ့ရင်ခွင်ထဲမှနေ၍ သူ ကောင်မလေးကို ခိုးကြည့်မိသည်။

ကောင်မလေးကလည်း မေမေ့ရင်ခွင်ထဲမှနေ၍ သူ့ကိုခိုးကြည့်သည်။

အကြည့်သည် လှောင်ထေ့ထေ့အရိပ်ပါ၏။ အနိုင်ပြုံးပါ၏။ သူ .. ရင်ထဲမှာ ခံပြင်းသည်။ ဤကောင်မလေး သူ့ကို .. အနိုင်ယူသွားတာ သိသိကြီးနှင့် ငြိမ်နေရတာလောက် ခံရဆိုးတာမရှိ ..။

သူတို့နှစ်ယောက်ကိုကြည့်၍ ရယ်မောနေကြသည့် လူကြီးတွေ၏ ရယ်သံကို သူ မကြည်နူးနိုင် ..။ ရင်ထဲမှာ ပူနေသည်။ ခံပြင်းသောအပူ ..။ အရှုံးပေးရသည်ဆိုတာမျိုးကို .. သူ .. မကြိုက် ..။ လှလှပပလေး သူ့ကို အနိုင်ယူပြသည့် ကောင်မလေးကိုလည်း သူ မကြိုက် ..။ မြင်နေရတာကိုက .. ရင်ထဲမှာ ပူသည်။ ဆူသည် ..။



မိုးကုပ်စက်ဝိုင်းကြီးတစ်ခုအတွက်
ရောင်စုံခြယ်သက်တံ့တံတားတစ်စင်းကို
တန်ခိုးရှင် နတ်သမီးတစ်ပါးက
ဖန်ဆင်းပေးထားတယ်လို့များ
မင်း ...
ထင်မိခဲ့ဖူးပါသလား ...။

တကယ်တော့ နေခြည်နဲ့ ရေမှုံလေးတွေ
ဆုံဆည်းခြင်းရဲ့သင်္ကေတ
တဒင်္ဂကာလတိုလေးသာရှင်သန်ခွင့်ရလိုက်တဲ့
သက်တံ့တံတားဆိုတာ ...
ငါသိတယ် ...။

ငါက ...
တည်ငြိမ်တဲ့မိုးကုပ်စက်ဝိုင်း ....။
မင်းက ...
မိုးကုတ်စက်ဝိုင်းအနားက
ပျောက်ဆုံးသွားရမယ့်
သက်တံ့တံတားတစ်စင်းပါပဲ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

ခါတိုင်းနေ့များထက် ဤနေ့မှာ သားအဖနှစ်ယောက် စက်ရုံမှအပြန်နောက်ကျသည်။ ဖေဖေသည်လည်း အပြန်လမ်းမှာ ခါတိုင်းထက် နှုတ်ဆိတ်နေတာကို သူ သတိပြုမိရသည်ပါပဲ။ စက်ရုံခန်းမှာလည်း စာရင်းအင်းစာအုပ်တွေအားလုံးကို ဤနေ့မှာ ဖေဖေသည် သူ့ထံမှတောင်းသည်။

"ဖေဖေ့သား ခရီးထွက်ဖို့ရှိတယ် .."

ဆိုသည့်စကားကိုပဲ ဖေဖေပြောခဲ့ပါ၏။ သူ ဘယ်ကိုများ ခရီးထွက်ရမည်မသိ။ ဘယ်ကိုများ ဖေဖေလွှတ်မ ည်မသိ။ ပြီးတော့ စာရင်းစာအုပ်တွေ ဘာတွေကအစ သူ့ထံမှ တောင်း ည်ဆိုတော့ ခရီးကကြာနိုင်သည့်သဘောဖြစ်နေသည်။ ဖေဖေ ဘာခိုင်းခိုင်း သူ မဖြစ်မနေလုပ်တတ်သည့် ငယ်ကျင့်ကလည်းရှိနေတာမို့ ခုချိန်မှာလည်း ဖေဖေ့ကို သူ ဖွင့်မမေး။ သား .. ဘယ်ကို သွားရမှာလဲဆိုသည့် မေးခွန်းတစ်ခုကို သူ မေးဖို့ကိုမလို ..။ အချိန်တန်လျှင် သူ အလိုက်တသင့်ခရီးထွက်လိုက်ဖို့ပဲရှိသည်ကိုးလေ ..။ ကားမောင်းရင်း အပြန်ခရီးမှာ သူ မကြာမကြာတော့ ဖေဖေ့ကို အကဲခတ်သလိုကြည့်ကြည့်နေမိသည်မှာ အမှန် ..။ ဖေဖေ့မျက်နှာမှာ ထူးခြားသော အရိပ်ကို သူ တွေ့နေရသည်သို့ရှိ၏။ ဘာကိစ္စဆိုတာကိုသာ သူ မသိနိုင်ခြင်း ..။

မွှေးနံ့သာခြံဝင်းတွင်းသို့ ကားမောင်းဝင်လာချိန်ထိလည်း ဖေဖေ



ဘာမျှ သူ့ကိုပြောမလာသေး။ ပေါ်တီကိုကြီးအောက်မှာ ကားရပ်လိုက်ချိန်ကျတော့မှ ဖေဖေ သူ့ကိုကြည့်လာသည်။ ထုံးစံအတိုင်း ဖေဖေ့ သားရေလက်ဆွဲအိတ်နှင့် သူ့လက်ဆွဲအိတ်ကို ကောက်ဆွဲကိုင်ကာ သူ ကားပေါ်မှာ ဆင်းခိုက် ...

"သားအတွက် .. လုပ်ငန်းတစ်ခု .. ဖေဖေ စီစဉ်ထားပြီးပြီ .."

ဟု ရုတ်ခနဲ ဖေဖေပြောလာပါ၏။ နောက်တော့ အိမ်တွင်းသို့ ဖေဖေ ခြေလှမ်းမှန်မှန်ဖြင့် ဝင်သည်မို့ သူ နောက်မှ လိုက်လာမိရသည်ပါပဲ ..။

"ဘာလုပ်ငန်းလဲ ဖေဖေ .. ဒီက စက်ရုံမှာ ဖေဖေနဲ့အတူ ခန့် လုပ်နေတာပဲဥစ္စာ .. ခန့် က တခြားတစ်ခုကိုသွားလုပ်ရင် ဖေဖေ ပင်ပန်းမှာပေါ့ .."

ဟု ပြောမိသည်ကိုက .. ဖေဖေ တစ်ယောက်တည်းစက်ရုံမှာ အရာရာလုပ်ကိုင်မှာ ..။ ပင်ပန်းမှာစိုးရိမ်စိတ်ဖြင့်ပါ ..။ ဒါကြောင့်လည်း ငယ်ကျင့်ကို ခဏဖျောက်၍ အမေးအစမ်းအလုပ်ကို စတင်၍ သူ ကျင့်သုံးလိုက်ရခြင်းပါတည့် ..။

"မပူနဲ့ .. သား မေမေရှိတယ် .. စက်ရုံကိစ္စ .. လုပ်ကိုင်ကူနိုင်တယ် .. သားငယ်ငယ်တုန်းက .. သား မေမေပဲ ဖေဖေ့ကို လုပ်ကိုင်ကူခဲ့တာပဲလေ.. အခု .. သားအရွယ်ရောက် ာတော့မှ .. သားရဲ့မေမေ .. အိမ်မှာပဲ အနားယူလိုက်တာ .."

သူ့အတွက် လုပ်ငန်းတစ်ခုကို ထူထောင်ပေးသည်ဆိုတာကိုက .. လုပ်ငန်း ခွဲပေးတာမျိုးဖြစ်နေသည်။ ဒါကို သူ့ရင်ထဲမှာ မကောင်း ..။ သူ့ဆန္ဒက ဖေဖေနှင့် တစ်သားတည်းနေရင်း ဖေဖေ့လုပ်ငန်းကိုင်ငန်းကို တူတူလုပ်ကိုင်ချင်သည်။ တသီးတသန့်ခွဲထွက်လိုက်ရတာတွေ သူ အဖြစ်မခံနိုင် ..။

ဒါပေမယ့် .. စကားကြာကြာပြောနိုင်ခြင်းမရှိစွာပဲ ဧည့်ခန်းထဲ သားအဖနှစ်ယောက် ရောက်သွားရသည်ပါပဲ။ ဖေဖေကလည်း ပြောပြောဆိုဆို ဧည့်ခန်းထဲဝင်သည်ကိုးလေ။ ဧည့်ခန်းထဲရောက်တော့ ရှေ့ဆက်မေးမည့်စကားလုံးတွေ ပျောက်ဆုံး ုန်ရသည်က မြင်လိုက်ကြုံလိုက်ရသည့်

www.burmeseclassic.com

www.burmeseclassic.com



မြင်ကွင်းကြောင့်ပါ။ သူ မမျှော်လင့်မိခဲ့ ..။ ညွှေခန်းနံရံမှာ ကောင်မလေး တစ်ယောက်၏ ဓာတ်ပုံတွေ ဤမျှများပြားစွာ ချိတ်ထားမည်ဟု သူ မထင်ထားမိခဲ့..။ သူ မမြင်ဖူးသော ကောင်မလေးတစ်ယောက် ..။ လှပပျိုမျစ် ခြင်းနှင့်အတူ ပေါ့ပါးကြည်စင်သောအပြုံးလေးတွေကို ပိုင်ဆိုင်ထား ပါသည့် ကောင်မလေး ..။

ဆံပင်ရှည်ရှည်ထူထူနက်နက်ကြီးကို ဖြန့်ထားလျက်ရှိနေသည့် အချိုးတကျနိုင်လှသော ဓာတ်ပုံလည်းရှိသည်။ ဆံပင်ကို ချည်နှောင် ထားရင်း ရိုက်ထားတာလည်းရှိသည်။ ဂါဝန်ရှည်ပုံစံလှလှလေးဖြင့် ရိုက်ထားတာလည်းရှိသည်။ မြန်မာဝတ်စုံ ထမီရှည်ရှည် ..။ အင်္ကျီလက်ရှည် လေးနှင့် ရိုက်ထားတာ လည်းရှိသည်။ အံ့မယ် .. ဒူးဆစ်ဖုံးဘောင်းဘီနှင့် ပွချောင်ချောင် ဘလောက်ပုံဆန်းလေးဖြင့် ကလေးလေးနယ် ပေါ့ပါးစွာ ချွေးအုပ်စုလေးထဲမှာရှိနေရင်း မြက်ခင်းထက်မှာထိုင်နေသည့် ကောင်မလေး ပုံလည်းပါနေသေးသည်။ သူ.. မျက်မှောင်စကုတ်မိလာရပါ၏။ သူ မြင်ဖူးသည် ..။ ထိုမျှအထိ ကြည်စင်ရွှန်းလဲ့သော မျက်ဝန်းနက်နက် လေးတွေ ..။ မျက်ခုံးထူထူတန်းတန်းလေးအောက်မှ ထို မျက်ဝန်းလေး တွေကို သူသိနေသည်ဟု ခံစားလာနေရပြီ။ ဟုတ်သည် ..။ သူ မမေ့နိုင် သော မျက်ဝန်း ..။

"ဒါ .. ဒါ .. ဟို ဂုံးထိုးမလေးပဲ .. ဟုတ်တယ် .. ဂုံးတိုက်ချန်ပီယံ လေးပဲ .. ကြည့်စမ်း .. ဒီလောက်ပျော်ရွှင်ကြည်လဲ့နေတဲ့ မျက်လုံးတွေကို ခုထိ သူက ပိုင်နေတုန်းပဲ .. ကြီးသာကြီးလာတာ .. အကျင့်ကတော့ ပြင်ပုံမရပါဘူး .. ပျော်ပျော်ပါးပါးကြီး သူများတွေကို စိတ်အနှောင့် အယှက်ပေးရင်း.. ရွှင်လန်းနိုးကြားနေတဲ့မျက်လုံးတွေကို အပြောင်းအလဲ မရှိ ငါ မြင်နေရပါလား .. သေချာတယ် .. ဒါ .. ရွှေသွန်းမေ ဖြစ်ရမယ် .. ဒီနှစ်ထဲမှာ ဖေဖေနဲ့ မေမေ .. တစ်လှည့်စီ .. ရန်ကုန်ဘက် ခြေလှမ်းစိပ် နေတာလည်း ငါ အစကတည်းက သိပ်နှလုံးမတွေ့ပဲဖြစ်နေတာ .. ဒီငတိရဲ့



ဓာတ်ပုံတွေ ဒီလောက်အများကြီး ဘယ်ကတည်းကသယ်သယ်လာ ကြပါလိမ့် .. ပေးတဲ့လူကလည်း ပေးလိုက်သတဲ့လား .. ဒါ .. မေမေပဲ ဖြစ်မယ် .. အန်တီထားဆီက တောင်းတောင်းလာတာဖြစ်မယ် .. နေစမ်း ပါ .. ဘာကိစ္စနဲ့ ဒီလောက်များတဲ့ ဓာတ်ပုံတွေ တခုတ်တရ .. တမင် မောမော .. သယ်လာရပါလိမ့် .. ခု .. ဘာကြောင့်.. ညွှေခန်းမှာ ချိတ်ထား ရပါလိမ့် .. ချိတ်မယ့်ချိတ်တော့လည်း ဓာတ်ပုံပြခန်းကျနေတာပဲ .. သူ့ပုံတွေချည်း ညွှေခန်းကို အပိုင်သိမ်းထားသလို ဖြစ်နေပါလား .. ဖေဖေနဲ့ မေမေ့ပုံတွေ .. ငါ့ပုံတွေတောင် ပျောက်လုလုဖြစ်ကုန်ရပြီ.. အိမ်ရှင်ရဲ့ ဓာတ်ပုံတွေက သူ့ဓာတ်ပုံတွေကြားထဲ ကြားညှပ်နေသလိုဖြစ်နေတာကို က သဘာဝမကျဆုံးပဲ .. ဒါ .. ဖြစ်စရာလား .. အိမ်ရှင်ရဲ့ပုံတွေက သူ့ဓာတ်ပုံ ထက်ပိုပြီး အရေအတွက်များနေရမှာပေါ့ .. ခုကျတော့ .. သူ့ပုံတွေ ဒီလောက် နင်းကန်လာချိတ်ထားရသတဲ့လား .."

ညွှေခန်းမှာ ခြေစုံရပ်နေသည်။ အကြည့်က နံရံမှာရှိနေသည်။ ပါးစပ်က စကားတစ်လုံးမှ ပွင့်ကျလာတာမရှိ ..။ ဒါပေမယ့် ရှည်လျား များမြောင်သည့် စကားလုံးတွေက ရင်ထဲမှာ ကားတန်းရှည်ကြီး လမ်းကြော ပိတ်ရပ်နေသလို တသီတသန်းရှိနေ၏။

မေမေကတော့ ပြုံး၍ ဆိုဖာထက်မှာထိုင်နေရင်း သူ့ကိုကြည့်နေ သည်ပါပဲ ..။

ဖေဖေကလည်း မေမေ့ဘေးမှာ ထိုင်နေပြီ ..။ အကြည့်သည် သူ့ထံမှာ ပဲ စုပြုံသက်ဆင်းနေကြပါ၏။

"အဲဒါ .. ရွှေသွန်းမေလေး ရဲ့ ပုံတွေပေါ့ သားရဲ့ .. ဒီနေ့ .. သားခန့် တို့ သားအဖ စက်ရုံထွက်သွားလိုက်ပြီးတာနဲ့ .. ဓာတ်ပုံတွေ ချိတ်တာ လေ .. ပုံကြီးချဲ့ထားတာတော့ကြာပါပြီ .. မှန်ဘောင်သွင်းခဲ့တာလည်း ကြာပါပြီ .. ဒီနေ့မှ ချိတ်တာ သားခန့် ရဲ့ .."

မေမေပြောနေတော့ သူ စိတ်မသက်မသာဖြင့် ဓာတ်ပုံတွေကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်မိသည်။ ဤကောင်မလေးကို သူ မကြည့်ချင် ..။ မရင်းနှီးချင် ..။ မဆက်ဆံချင် ..။ ဒါ .. ဝယ်ကျင့်ဖြစ်နေပြီးပြီ။ ဒါကြောင့်လည်း ဖေဖေနှင့် မေမေ .. ရန်ကုန်သွားလျှင် သူ ဘယ်တော့မှမလိုက် ..။ ခေါ်လည်း မလိုက် ..။ ငြင်းသည်။ ဤကောင်မလေးကြောင့် သူ ငယ်တုန်းက ရှုံးခဲ့ရတာတွေကို မမေ့..။ စွန်ရစ်ဘီးနှင့် ခေါက်မိသည့်ကိစ္စ ..။ အားလုံးရှေ့မှာ သူတောင်းပန်ခဲ့ရဖူးသည်။ အရိုက်မခံခဲ့ရပေမယ့် ..။ အားလုံး၏ ရယ်မောရင်း ဝိုင်းကြည့်ခဲ့ကြတာကို သူ ခံခဲ့ရသည်။ ခန့်ညားမောင်ဆိုတာ .. ဘယ်သူ့ကိုမှ တောင်းပန်ခဲ့ဖူးတာမဟုတ်။ ဒါပေမယ့် .. ကောင်မလေးကို တောင်းပန်ခဲ့ရသည်။ အန်တီထားကလည်း ကောင်မလေးကို တောင်းပန်ခိုင်းသည်ပါပဲ။ သူ့ စွန်ကြိုးကိုပြတ်အောင်လုပ်မိသည့်အတွက် ကောင်မလေးက သူ့ကို တောင်းပန်ရသည်လေ..။ ပေါ့ပေါ့ပါးပါးပင် ကောင်မလေးကတော့ အခက်အခဲမရှိစွာဘဲ သူ့ကိုတောင်းပန်ခဲ့သည်ပါပဲ ..။

"ခွင့်လွှတ်ပါ မောင်ကြီး .."

တဲ့လားလေ ..။ အားလုံးက ဝိုင်းရယ်ကြသည်ပေါ့ ..။ သူ့မှာ အရယ်ခံကောင်လေးလိုဖြစ်ခဲ့ရသည်တည့် ..။ မမေ့ ..။ သူ မမေ့ ..။ သူ့ စွန်ပါလေးကို ပြတ်လွင့်သွားအောင် လုပ်ခဲ့တာကိုလည်း မမေ့ ..။ သူ့အပြစ်တွေကို သူ ဝန်ခံလိုက်မိရအောင် ဉာဏ်ကွက်ဆင်၍ အနိုင်ယူခဲ့တာကိုလည်း မမေ့ ..။ ဉာဏ်ပြေးသည့် ထိုကောင်မလေးကို သူ ဆက်ဆံ၍မဖြစ်။ ထိုကောင်မလေး လူလည်ကျပြီးရင်းကျရင်း လုပ်သမျှဒဏ်ကိုလည်း မခံချင် ..။ သူ ညံ့ရာရောက်မည်။ ပြန်၍ ဉာဏ်ကစားလိုက်မိပြန်လျှင်လည်း အငယ်ကို အကြီးကအနိုင်ယူသည်ဖြစ်ဦးမည်။ မိန်းကလေးကို ယောကျ်ား··လေးတန်မဲ့ပြိုင်ဆိုင်သည်ဟုလည်း အပြောခံထိဦးမည်။

"အေးလေ .. ငါ .. ရန်ကုန်ကို ပါမသွားသလို .. အဲဒီငတိမလေးကလည်း .. အန်တီထား နဲ့ အန်ကယ်သု တို့နဲ့ ဘယ်တုန်းက ဒီမွေးနံ့သာကို ထပ်လိုက်လာဖူးလို့လဲ .. ရန်ကုန်မှာ နေခဲ့တာချည်းပဲ .. ခုမှ .. သူ့ဓာတ်ပုံ



တွေကိုတောင်မှ .. ငါ .. သူ့ကို ဒီအရွယ်ဒီအချိုးနဲ့ .. မြင်ဖူးရတော့တာ .."

သူ တွေးရင်း ရင်ထဲမှာသိနေတာတစ်ခုရှိနေပြန်သည်။ ကောင်မလေးသည်လည်း .. သူ ပြောခဲ့တာကို မမေ့၍ မွေးနံ့သာသို့ နောက်ထပ်မလာတော့ခြင်းဆိုသည့်အချက် ..။ သူ ပြောခဲ့သည်လေ ..။ ဘယ်တော့မှ သူ့ကို စကားမပြောနှင့် ..။ သူ့အနားမလာနှင့်ဆိုသည့်စကား ..။ စွန်လေးအဖြတ်ခံလိုက်ရတုန်းက ပြောခဲ့တာတွေကို ကောင်မလေးကလည်း တေးမှတ်ထားပုံရသည်။ ဒါကြောင့်လည်း .. လိုက်မလာတာဖြစ်မည် ..။

"အန်တီထား နဲ့ အန်ကယ်သုတို့ မွေးရာသီမှာလာတဲ့အခါ .. သူက အကသင်တန်းတက်နေသလိုလို .. အဆိုသင်တန်းတက်နေသလိုလို .. အတီးသင်တန်းတက်နေသလိုလိုနဲ့ .. ကျန်ကျန်ခဲ့တာတွေ .. အန်တီထား မေမေ့ကို ပြောပြောပြခဲ့တာတွေ ငါ မမှတ်မိဘဲရှိပါ့မလား .. တကယ်က .. သူ ငါနဲ့မတွေ့ချင်လို့တမင် .. ဟိုမှာနေခဲ့တာ ငါသိတာပေါ့၊ ငါကလည်း ဝမ်းမနည်းပါဘူး .. ခုဥစ္စာက .. သူ့ပုံတွေ .. ဘာကိစ္စနဲ့ ဒီလောက်အုံကျင်းလိုက် ဒီအိမ်ထဲရောက်နေရတာတဲ့လဲ .. ဒါ .. အဓိပ္ပာယ်မဲ့တော့ ခဖြစ်နိုင်ဘူး .. အဓိပ္ပာယ် ရှိကိုရှိနေတယ် .."

သူ ရင်ထဲလေးနေရင်း စိတ်ထဲမွန်းကြပ်လာသည်ပါပဲ ..။

"ထိုင်ပါဦး .. သား ခန့်ကို ဖေဖေ ပြောစရာရှိတယ် .."

ဖေဖေခေါ်တော့ သူ မျက်နှာမကောင်းနိုင်ပဲ ဖေဖေ့ရှေ့ ဆိုဖာမှာ ထိုင်လိုက်ရသည်ပါပဲ။ ခက်သည်က ဘယ်ဘက်ကိုပဲ မျက်နှာမူထိုင်ထိုင် ..။ သူငယ်မနှင့် မကင်း ..။ ဓာတ်ပုံတွေက ရှေ့တည့်တည့်နံရံမှာရှိနေသည်။ ခွေးကိုပိုက်ဖက်၍ ရယ်နေသည့် ကောင်မလေး ..။ ခွေးက အမွေးစုတ်ဖွားဖြူဖြူလေး ..။ ခွေးကိုပိုက်ထားသည်များ ရွှေတုံးရွှေခဲကျနေသည်ပါပဲ။ ဆံမေးဖျားက ခွေးခေါင်းပေါ်ပင် တင်နေသေးသည်။ သူက အသန့်သမား .. ရှုတတ်တတ် ခန့်ညားမောင်။ ဟိုနေရာဝင်ခွေ ..။ သည်မြက်ခင်းပေါ် ဝင်အိပ် ..။ ဟိုနားသည်နားသေးပန်း..။ သေးပန်းသည့်ထိုနေရာမှာ ဝင်

www.burmeseclassic.com

www.burmeseclassic.com



အိပ်ချင်အိပ်နိုင်သည့် ခွေးအကျင့်ကို သူ သိသည်။ ထိုသို့သော ခွေး၏ ခေါင်းပေါ် မေးဖျားကိုပင် တင်ထားသည့် ကောင်မလေး ..။ ပြီးတော့ ဖက်ထားလိုက်သည်ကလည်း ရင်ခွင်ထဲမြုပ်နေလောက်အောင် တမွေ့ ငင်ငင် .. တပိုက်ထွေးထွေး ..။

"ဟွန်း .. အဲဒီခွေး .. သူ မမွေ့ခင် .. အီအီးသွားပါခဲ့ချင်လည်း ပါခဲ့နိုင်တာပဲ .. ခွေးကိုများ ပိုက်ထားလိုက်တာ .. ခွေးချေးအစအန တွေတော့ဖြင့် .. သူ့လက်ပေါ် ပေကုန်နိုင်တာပဲ .. အဲဒါပေါ့ .. ခွေးချေးနဲ့ အတူ မာတ်ပုံရိုက်တဲ့သူဆိုတာ .."

ကဲ့ကဲ့ရဲ့ရဲ့ သက်သက်သာသာတော့မရှိ။ သူ့ရင်ထဲ ခွေးချေးရွံသည့် စိတ်က ဝင်လာလျက် ..။ နောက်တောက်တောက်ပင်ဖြစ်လာသည်။ ထိုစဉ်ခိုက် ဖေဖေ သူ့ကိုကြည့်လာပါ၏။ ပြုံး၍ထရပ်သည်။ သူ့ထံ လျှောက်လာကာ ပခုံးကိုတစ်ချက်ပုတ်၏။

"ညှော်ခန်းမှာ မပြောတော့ဘူး ခန့်ကြီးရေ .. သားရဲ့အခန်းကိုပဲ သွားလိုက်ကြရအောင် .. လွှမ်း လည်း တူတူလိုက်လာခဲ့ .."

ဟု ပြောတာမို့ မေမေလည်း ထရပ်သည်။

မီးဖိုဆောင်ဘက်မှ ထွက်လာသည့် ဒေါ်ကြီးဥ လည်း သယ်လာရာ လင်ပန်းကိုကိုင်၍ နောက်ပါးမှ ခပ်ခွာခွာပင် လေ့ကားထစ်တွေကို နင်းဖြတ်၍ သူတို့နောက်မှ လိုက်လာသည်ပါပဲ ..။ သူ့အခန်းထဲမဝင်ခင်မှာပင် မေမေမှ ပြုံး၍ ဒေါ်ကြီးဥ လက်ထဲမှ လင်ပန်းကိုယူသည်။

"ဒေါ်ကြီးဥရော ကိုသိန်း ရော ဒီနေ့ဓာတ်ပုံချိတ်တဲ့ကိစ္စမှာ အတော် အလုပ်များခဲ့ရတာဆိုတော့ .. ခဏနားလိုက်ပါဦး .. ညနေစာစားဖို့ပဲ ထမင်းပွဲ ပြင်ရမယ့်ကိစ္စပဲ ကျန်တာလေ .. ရေမိုးတစ်ချက်ချိုးလိုက်တော့ ဒေါ်ကြီးဥ.."

ဟုပြောလာတော့ ဒေါ်ကြီးဥ ပြုံး၍ တစ်ချက် သူ့ကိုကြည့်သည်။ အကြည့်ထဲမှာ လျှို့ဝှက်သောအရိပ်တွေပါနေသည်ဟု သူထင်၏။ တစ်ခုခု



ကိုကြိုတင်၍ ပြုံးရယ်ချင်နေသည့် ခံစားချက်ကို ဖုံးကွယ်ထားဖို့ ကြိုး စားနေခြင်း ..။ ထိုသို့ သူ ထင်သည်။

"ဘာမှမဟုတ်ဘူး .. ဟိုကောင်မလေး ဓာတ်ပုံတွေချိတ်တဲ့ကိစ္စမှာ .. လေးလေးသိန်း ကချိတ် .. ဒေါ်ကြီးဥ နဲ့ မီလုံးတို့က ဓာတ်ပုံတွေ ယူယူပေး .. မေမေက .. ဘယ်နေရာချိတ်ဆိုပြီးပြော .. အဲလိုနဲ့ ဒီနေ့ တစ်ဝက်လောက်ဟာ ကုန်ဆုံးခဲ့ရပုံပေါက်တယ် .. ညှော်ခန်းတစ်ခုလုံး ကျေးဇူးရှင် မဟာဒေဝီပုံတွေချည်းပဲဖြစ်နေတာကြည့်ပါလား .."

ဟု သူ ဆက်တိုက်တွေးဖြစ်၏။ ခါတိုင်းဆို .. သူနှင့် ဖေဖေတို့ ရောက်လာကြလျှင် ဒေါ်ကြီးဥ က အမောပြေစားဖို့အတွက် နွားနို့ပူပူ နှစ်ခွက် ..။ ပေါင်မုန့်အသားညှပ်လေးပဲဖြစ်ဖြစ်၊ ပူတင်းလေးပဲဖြစ်ဖြစ် ..။ ညှော်ခန်းသို့ယူလာကာ ဆက်တီစားပွဲပေါ်ချပေးထားတတ်သည်။ သူနှင့် ဖေဖေ အဆာပြေစား ..။ နောက်တော့ .. ကိုယ်စီအခန်းသို့ တက်ခဲ့ကာ ..။ ရေမိုးချိုး ..။ တစ်အောင့်လောက်နား ..။ ခြံထဲဆင်းလျှောက်ချင်လျှောက် ..။ ညစာကို ခြောက်နာရီလေးဆယ့်ငါးလောက်ကျတော့မှ စားဖြစ်ကြသည်။ ခုဥစ္စာက.. ညနေခင်း အဆာပြေစားသည့်ကိစ္စက ညှော်ခန်းမှာ မဖြစ်လိုက် ရဘဲ သူ့အခန်းထဲ ရောက်မည့်ကိစ္စဖြစ်နေသည်။ ပြီးတော့ .. ဤညနေမှာ မေမေလည်း တူတူစားသောက်မည့်သဘောဖြစ်နေ၏။ နွားနို့သုံးဖန် ခွက် ..။ အသားညှပ်မုန့်က ခြောက်ချပ်ဖြစ်နေသည်တည့် ..။ တကယ်က .. ညနေခင်းမှာ မေမေ ထမင်းမစားခင် ဘာမျှမစားတတ်ခဲ့ ..။ ဤညနေမှာ တော့ တူတူစားသောက်ရင်း သူနှင့် စကားစမြည်ပြောမည့် သဘောဖြစ် နေသည်။ ပြီးတော့ .. ထိုသို့စားဖို့ အတွက်လည်း ဒေါ်ကြီးဥကို မေမေ့ အတွက်ပါ စားစရာတိုးလာဖို့မှာထားခဲ့ပြီးတာလည်းဖြစ်မည်။

"ဒါဆို .. ညစာစားတာ နည်းနည်းများနောက်ကျနေမယ့် သဘော လားမသိဘူး .. ဖေဖေနဲ့ မေမေ ငါ့ကိုဘာတွေများအကြာကြီး ပြောဖို့ စရာရှိနေလည်း မသိဘူး .. ငါ့ကို အဲ့ဒီလုပ်ငန်းသစ်လုပ်ကိုင်ဖို့ကိစ္စတွေ

www.burmeseclassic.com



မှာစရာပြုစရာအများကြီးရှိနေလို့ထင်ပါရဲ့ ..''

ဘယ်က ဘာလုပ်ငန်းဆိုတာ သူ မသိရသေး ..။ စိတ်ထဲလည်း မကောင်းနိုင် ..။ ဖေဖေ မေမေတို့ကို မွေးနံ့သာမှာ ထားခဲ့ရမည်။ သူက .. အလုပ်သစ်တစ်ခုကို သွားလုပ်ရမည်။ ဘာကြောင့် .. ခုလို .. ဆိုင်းမဆင့်ဗုံမဆင့်ကြီး လုပ်ငန်းကိုင်ငန်းတစ်ခုကို .. သူ့ထံ အပ်နှင်းဖို့ဖြစ်လာရပါသတဲ့လဲ ..။ ပြီးတော့ကျတော့ .. ဧည့်ခန်းမှာလည်း ဤနေ့မှာ ကောင်မလေး၏ ဓာတ်ပုံတွေ ပြည့်နေအောင်ချိတ်ထားသေးသည်။ သူ ကြည့်မရသည့် ကောင်မလေး၏ပုံတွေ ဆိုက်ဆိုက်မြိုက်မြိုက် အိမ်ပေါ်တက်လာချိန်မှာ တိုက်ဆိုင်စွာပင် သူကလည်း တခြားအလုပ်တစ်ခုကို ဦးစီးလုပ်ကိုင်ရမည့်ကိစ္စ ဖေဖေနှင့် မေမေတို့က စီစဉ်ထားသည့်နေ့ ဖြစ်နေသည်။ ဒါ .. သာမန်မတော်တဆတိုက်ဆိုင်မှုမျိုးမှ ဟုတ်နိုင်ပါလေစ ..။ တမင်တကာများ တိုက်ဆိုင်နေစေသည်များလားလေ ..။ သူ .. ရင်ထဲလေးလံလာရသည်။

ဖေဖေနှင့် မေမေတို့ သူ့အခန်းထဲ ဝင်ကြပြီမို့ သူလည်း နောက်က လိုက်ဝင်သည်ပါပဲ ..။

''ဟာ !...''

ပထမ ဟာခနဲ သူ အသံထွက်၏။ မြင်ကွင်းကြောင့် စိတ်မသက်မသာဖြစ်၏။ နောက်ထပ်လည်း အင်ခနဲ ခပ်ညည်းညည်းအသံက ပွင့်ကျလာသေးသည်။ အကြည့်က နံရံမှာတန့်နေသည်။ ဘာတွေဖြစ်ကုန်ပြီလဲ .. ဟုပင် သူ နားမလည်ချင် ..။ ဖေဖေနှင့် မေမေ့ကို သူ ကြည့်မိရပြီ။ မေမေကတော့ အေးအေးဆေးဆေးပင် ဆက်တီစားပွဲပေါ် လင်ပန်းကိုချသည်။ နို့ခွက်တွေကိုလည်း စားပွဲပေါ်တင်နေသည်။ ဘာမျှ ထူးခြားမှုတစ်စုံတစ်ရာ ဤအခန်းထဲမှာရှိမနေသည့်နှယ် အေးအေးလူလူဟန်ဖြင့် မေမေရှိနေသည့်နှယ် ဖေဖေကလည်း ဆိုဖာထက်မှာ သက်သောင့်သက်သာ ထိုင်လိုက်ပြီ။ သူ့မှာသာ မသက်မသာဖြစ်နေရသည်။ မွန်းကြပ်နေသည်။ စိတ်တွေရှုပ်ထွေးနေရသည်တည့် ..။ တာကြောင့်ဆို .. သူ့အခန်းနံရံ



တွေမှာလည်း ကောင်မလေး၏ ဓာတ်ပုံတွေချိတ်ထားသည်ကိုးလေ ..။ နံရံတိုင်းမှာပင် သူ့ပုံဆိုတာကရှိတာမဟုတ် ..။ ပြတင်းပေါက်အထက် ဘေးဘက်နေရာမှာသာ သူ့ဓာတ်ပုံတစ်ပုံရှိသည်။ မွေးနံ့သာစက်ရုံကို နောက်ခံပြုထားရင်း ရိုက်ထားရာပုံ ..။ သူ့ခေါင်းရင်းမှာကျတော့ ဖေဖေနှင့် မေမေတို့ပုံ ..။ ဒါပဲရှိသည်။ စားပွဲပေါ်မှာကျတော့ မိသားစုသုံးယောက် ရယ်မောကြည်ရွှင်ရှိနေပါသည့် ဓာတ်ပုံကို ထောင်ထားတာရှိသည်။ ခုဥစ္စာက ..ခေါင်းရင်း နံရံမှလွဲ၍ ကောင်မလေး၏ ဓာတ်ပုံတွေ ပုံအောအောင်ချိတ်ထားသည် ..။ အဆုံးစွန် .. ခုတင်မှာလှဲနေလျှင်သော်မှ ခြေရင်းနေရမှာ မှန်ဘောင်ကြီးတွေဖြင့် အကျချိတ်ထားသည့် ကောင်မလေး၏ ပုံတွေရှိနေသေးသည်။ အိပ်ဖို့လှဲလိုက်လျှင်သော်မှ ကောင်မလေး၏ မျက်နှာနှင့် သူ စက်ကွင်းမလွတ် ..။ ဈာတ်ခနဲ သူ စုတ်သပ်မိသည်။

''ခက်ပြီပဲ ..''

ညည်းမိပြီ ..။ ဆိုးသည်က ခွေးတစ်အုပ်ကြီးကြားမှာ ရယ်မောရင်း ခုန်ပေါက်စဉ်ခိုက် ရိုက်ထားသောပုံ ..။ လူက ခြေထောက်မြေမထိ ..။ မြက်ခင်းနှင့် လွတ်နေသည်။ ဒူးဆစ်ဖုံးဘောင်းဘီပန်းရောင်လေးသည် ကာတွန်းရုပ်စုံပါသော အဆင်အသွေးနှင့်ဖြစ်နေကာ ..။ လက်တိုအနားတွန့်ဘလောက်အင်္ကျီလေးကလည်း ထက်အောက်ဆင်တူအဖြစ် ပွပွဖားဖားလေးရှိနေ၏။ သေးသွယ်သော ပါးလျားလျားကောင်မလေးသည် ကလေးတစ်ယောက်နှင့် မခြား ..။ ရယ်ဂနသည်ကလည်း အားရပါးရ ..။ လက်ထဲမှာ လက်တစ်ဖက်က မုန့်ထုပ်ကြီး ကိုင်ထားသည်။ လက်တစ်ဖက်က ဘီစကစ်တစ်ချပ်ကို ကိုင်ထားသည်။ ခုန်ပေါက်ရင်း ခွေးတွေကို မုန့်ဖြင့် နောက်တောက်တောက် ကြည်စယ်နေတာဖြစ်နိုင်သည်။ ခွေးတွေကလည်း မုန့်ဓာဖြင့်ခုန်၍ မုန့်ကိုယူ ဖို့ကြိုးစားနေသည်။ ဒါကို ရိုက်ထားသည့် ဓာတ်ပုံ ..။ ခွေးဟာစချို့၏ ခြေထောက်တွေပင် မြက်ခင်းနှင့်လွတ်ကာ ခုန်၍ အစားဓာကပ်နေသည့်အဖြစ် ..။

www.burmeseclassic.com

www.burmeseclassic.com



"လူကလည်း ဆတ်ကော့လက်ကော့နဲ့ .. တော်တော် မိန်းကလေး မပီသတဲ့ ကောင်မလေးပဲ .. ခွေးတစ်အုပ်နဲ့ ဆော့စရာအရွယ်လား .. ပြီးတော့ .. မုန့်လေးတစ်ချပ်ကိုင်ပြီး မုန့်တစ်ထုပ်ကို ဗန်းပြ .. ခွေးတွေကို ဒုက္ခပေးနေတဲ့ပုံပဲ .. သူ့မုန့်တစ်ချပ်ကို ခွေးတစ်အုပ်က လုယက်နေရမယ့်ဒုက္ခ .. သူကပေးနေတာ .. ကြည့်စမ်း .. ခွေးတောင် အလွတ်မပေးဘူး .. စိတ်ဆင်းရဲအောင်လုပ်တယ် .."

သူကသာ အတင်းအုပ်နေခြင်း ..။ သကောင့်သား ခွေးခြောက်ကောင်ကဖြင့် လျှာလေးတွေထွက်၍ ..။ မျက်လုံးလေးတွေတောက်၍ ..။ ပါးစပ်လေးတွေဖြဲထားသည်မှ ပြုံးရယ်နေသည့်အလားရှိ၍ ..။ မြူးတူးကြွတဖြင့် ပုံထဲမှာ ခွေးရောလူရော ဆတ်ကော့လတ်ကော့တွေ ဘက်ညီတက်ညီ ရှိနေကြသည်ပဲ ..။

"အဲသလိုပုံကို .. ငါက .. အိပ်ရာထဲလှဲနေရင်း .. မလွတ်တမ်းမြင်နေရမှာတဲ့လား .. ပြေးမလွတ်မြင်နေရမှာတဲ့လား .. ဟိုဘက်ကပုံကလည်းကြည့်.. တယောထိုးနေတဲ့ပုံ .. ကြည့်လိုက်ရင် .. ဒူးဆစ်ဖုံးဘောင်းဘီနဲ့ .. အနားတွန့်လက်ပြတ်အပွနဲ့ .. တော်တော်ပူလောင်အိုက်စပ်နေတဲ့အတိုင်းပဲ .. တယောထိုးတဲ့ပုံပဲ .. မွန်မွန်ရည်ရည်လေး ဝတ်ရိုက်ပါလား .. ကြည့်ရတာ .. ဒီသူငယ်မလုပ်တာတွေကို .. သူ့အိမ်က လူတွေက .. သူမသိအောင် ရိုက်ရိုက်ထားတဲ့ပုံတွေများဖြစ်နေမလား .."

လူကသာ မကြိုက်နိုင်ပဲဖြစ်နေရသည်။ နံရံမှ ဓာတ်ပုံတွေကိုဖြုတ်ချလိုက်ချင်တာပဲရှိနေသည်။ ဒါပေမယ့် .. ကောင်မလေးနှင့် ပတ်သက်၍ သူ့ အတော် မသတ်တွေးနေရတတ်ရပြီ ..။ ကြည့် ..။ ကောင်မလေးကို ကောင်မလေးမသိအောင် စောင့်၍များ ဓာတ်ပုံတွေ ကြာရိပ်ဖူးမှလူတွေက ချစ်စနိုးဖြင့် ရိုက်နေကြသည်လား မသိ .. ဟု သူ တွေးတွေးဆဆ တွေးပေးနေတတ်သူပင် ဖြစ်နေသည်ကောလေ ..။

"စာကြည့်စားပွဲပေါ်မှာ ဖိုင်ရှိတယ် ခန့်ကြီး .. အဲဒါ .. ဖေဖေ့ခန့်ကြီး



လုပ်ရမယ့် လုပ်ငန်းသစ်တစ်ခုရဲ့ ဖိုင်ပဲ .."

ဟု ပြောလာသည်က ဖေဖေပါ ..။ သူ .. ဖိုင်ကိုသွားမယူဖြစ် နိုင်သေး ..။ ဓာတ်ပုံတွေတစ်လှည့် ဖေဖေနှင့်မေမေ့ကို တစ်လှည့်ကြည့်မိသည်။ အခန်းတိုင်းမှာများ ဓာတ်ပုံတွေချိတ်ထားသည်လားမသိဟု မအီမချင့်တွေးပင်တွေးတောစ ပြုလာနေရပြီ ..။

"အဲဒီဖိုင်ထဲမှာ .. မွေးနံ့သာဆိုတဲ့ ဟိုတယ်ကြီးတစ်ခုရဲ့ စာရွက်စာတမ်းတွေရှိတယ် .. ပြီးတော့ .. သား နေရမယ့် အိမ်ကြီးတစ်အိမ်ရဲ့ ပတ်သက်ရာစာရွက်စာတမ်းတွေရှိတယ် .. မွေးနံ့သာဟိုတယ်က .. သား လုပ်ကိုင်ရမယ့်လုပ်ငန်းသစ်တစ်ခုပဲ ခန့်ကြီး .. အိမ်ကကော့ ရွှေနဝေဆိုတဲ့ အမည်လှလှပေးထားတဲ့အိမ် .. နှစ်ထပ်အိမ်ကြီးဖြစ်တယ် .. အဲဒီမှာ ခန့်ကြီး နေရလိမ့်မယ် .. ခန့်ကြီးနဲ့အတူ .. လေးလေးသိန်း တူတူလိုက်နေမယ် .. ဒေါ်ကြီးဥ နဲ့ မိလုံးတို့ တူဝရီးလည်းပါမယ် .. ဟိုမှာ အိမ်အတွက်စိတ်ချရမယ့် ထမင်းချက်တစ်ယောက်ရပြီဆိုမှ ဒေါ်ကြီးဥ ပြန်လာလိမ့်မယ် .. မိလုံး ကျန်ခဲ့လိမ့်မယ် .. မနက်ဖြန် ရန်ကုန်ကို ခန့်ကြီး သွားရလိမ့်မယ် .."

သူ သွားမယူဖြစ်သေးသည့် ဖိုင်ထဲမှာ ဘာတွေရှိနေသည်ဆိုတာ ဖေဖေ ပြောလာတော့ သူ တွေတွေကြီး ဖေဖေနှင့် မေမေ့ကို ကြည့်မိရပါပြီ ..။ ပြုံး၍ ကြည့်နေသည့် ဖေဖေနှင့် မေမေတို့ကိုလည်း နားလည်စပြုလာပြီ ..။ ဖေဖေနှင့် မေမေသည် သူ့ကို ခိုင်မာသော စီးပွားရေးလုပ်ငန်းကြီးတစ်ခုကိုလည်း ထူထောင်ပေးပြီ ..။ အခြေတကျ .. နေထိုင်ရန်အတွက်လည်း အိမ်ကြီးအိုးကြီးတစ်လုံးကို ဝယ်ထားပြီးပြီ ..။ ပြီးတော့ .. ကောင်မလေး၏ ဓာတ်ပုံတွေကိုလည်း ဤမွေးနံ့သာမှာ ပုံအနှေ၍လည်း ဤနေ့မှာ ချိတ်ထားသည်။ သူ့အိပ်ခန်းပါမကျန် ..။

"ဒီကောင်မလေးဟာ .. ငါနဲ့ ပတ်သက်ရမယ်လို့ဆိုလိုနေကြတာလား .."

ဟု ထိတ်လန့်စွာ တွေးစပြုလာချိန်မှာပင် ...

www.burmeseclassic.com

www.burmeseclassic.com



"ခန့်ကြီး နဲ့ .. ရွှေသွန်းမေလေး ကို .. နေရာချဖို့ နှစ်ဖက်မိဘချင်း သဘောတူထားကြတယ် .. ကိုသု တို့ မိသားတစ်စု နွေတစ်နွေမှာ အလည် လာခဲ့ရာက .. ဟိုမှာ ကျန်ခဲ့တဲ့ ထမင်းချက်ကြီး ဒေါ်စာ သွေးတိုးလို့ ဆေးရုံ တင်လိုက်ရတယ်ဆိုတဲ့ သတင်းကြောင့် ကမန်းကတန်းပြန်သွားကြ ကတည်းက .. နောက်ပိုင်းမှာ သူတို့အလည်လာကြရင်လည်း ရွှေသွန်း မေလေး မလိုက်လာဘဲ ကျန်ခဲ့သလို .. ဖေဖေတို့ ရန်ကုန်သွားရင်လည်း ခန့်ကြီး မလိုက်ဘဲနေခဲ့တာ မိဘတွေပဲကွယ် .. သိကြတာပေါ့ .. မင်းတို့ ချင်း မပတ်သတ်ချင်ကြပေမယ့် .. ငါတို့မိဘတွေကတော့ ပတ်သက် ချင်ကြတယ်လေ .. ခုလို နေရာချဖို့ကိစ္စကိုတော့ .. သွန်းလေး ကို နှစ်ဖက်မိဘ တွေက အသိမပေးဘဲထားဖို့ ဆုံးဖြတ်ကြပေမယ့် .. ခန့်ကြီးကိုတော့ အသိပေးဖို့ .. ဖေဖေနဲ့ မေမေက ဆုံးဖြတ်ထားကြတယ်ကွယ့် .. ကိုသု တို့ကတော့ ပြောပါတယ် .. သား လက်ခံမှ ဒီကိစ္စ .. စီစဉ်ပါတဲ့ .. ဖွတ် မစီမံပါနဲ့တဲ့ .. ဒီမှာ ခန့်ကြီး .. သွန်းလေး ဟာ ဖြူစင်တယ် .. အပြစ်ကင်း တယ် .. ကလေးတစ်ယောက်လိုဖြူစင်တဲ့ ကလေးမလေးဖြစ်တယ် .. သွန်းလေး မှာ ဟန်ဆောင်တာတို့ .. အကောက်ကြံတာတို့ မရှိဘူး .. အလွန်ချစ်စရာ ကောင်းတဲ့ မိန်းကလေး .. ဖေဖေနဲ့ မေမေတို့အတွက် အလွန်ချစ်ဖို့ ကောင်းတဲ့ ချွေးမလေးအဖြစ်ရှိချင်တယ် .. သမီးလေးအဖြစ် အပိုင် .. ပိုင် ဆိုင်ထားချင်တယ် .. ခန့်ကြီး အတွက် .. ထိုက်တန်ရာ .. စိတ်အေးရာ .. ဖြူဖြူစင်စင် .. ချောချောမွေ့မွေ့လေးကို .. ဘဝတစ်သက်အတွက် ရွေးချယ် ပေးထားခဲ့ချင်တယ် .. သား ခန့်ကြီးနဲ့ သမီးလေး ရွှေသွန်းတို့ နှစ်ယောက် အတွက် မေတ္တာပေါင်းကူးတံတားလေးတစ်စင်း ရှိကိုရှိလာကြရမှာပါ ကွယ် .. ဘာလို့လည်းဆိုတော့ .. ခန့်ကြီး နဲ့ ရွှေသွန်း တို့ဟာ စိတ်ထား ဖြောင့်မတ်ကြတာချင်းတူကြတယ်လေ .. အဲဒါ အရေးအကြီးဆုံးပဲ .. ဖြူစင်တဲ့ စိတ်ရင်းတွေရှိကြတယ်ဆိုပါတော့ .. အဲဒါဟာ သားတို့နှစ် ယောက်ရဲ့ ရင်ထဲကို ကူးယှက်ဖေးမယ့် မေတ္တာတံတားလေးတစ်စင်းပဲ



ဖြစ်နေရလိမ့်ပေမပေါ့ .."

ဖေဖေ စီကာပတ်ကုံးပြောနေသမျှ သူ ထိတ်လန့်စွာ နားထောင် နေရသူသက်သက်ဖြစ်နေရပါပြီ။

"မဟုတ်ဘူး ဖေဖေ .. သူနဲ့ ခန့် .. စိတ်ဓာတ်ချင်းမတူကြဘူး .. လုံးဝ ခြားနားတယ် .. သူက ဘာကိုမှသိပ်လေးလေးနက်နက်ရှိတာ မဟုတ် ဘူး .. ဘဝကို ပေါ့ပေါ့ပါးပါးဖြတ်သန်းတဲ့ စိတ်မျိုးပဲရှိတာ .. ခန့် က .. အရာရာ အနာဂတ်ကို စံနစ်တကျထားတဲ့သူ .. သူက ပေါ့ပျက်ပျက် နေတတ်တဲ့သူ.. ဘယ်အရာမဆို ရယ်စရာလုပ်ပစ်တတ်တဲ့သူ .. မဖြစ်ဘူး ဖေဖေ .. ပြီးတော့ သူ့ကြောင့် ခန့် မှာ .. ဘယ်လောက် စိတ်မသက် မသာဖြစ်ရလဲ .. ဖေဖေ စဉ်းစားကြည့် .. ခန့်ညားမောင် ဆိုတဲ့နာမည်ထဲ က .. မောင်ဆိုတာကို ရွေးပြီး .. တမင်တကာ မောင်ကြီးလို့ ခေါ်တယ် .. အဲဒါကို အကြောင်းပြုပြီး ဖေဖေနဲ့ မေမေ တို့က .. ခန့် လို့ ခေါ်ရာကနေ .. ချစ်စနိုးခေါ်တယ် .. ချစ်စနိုး ခေါ်တယ်ဆိုပြီး .. ခန့်ကြီးလို့ ပြောင်းခေါ် တယ် .. လေးလေးသိန်း ကျတော့ ခန့်ညားမောင် ဆိုတဲ့ ဥစ္စာထဲက ညားကြီး .. ညားကြီး နဲ့ ခေါ်လာတာ ခု .. နှုတ်ကျိုးနေပြီ .. ဘယ်လောက်စိတ်ညစ် ဖို့ကောင်းလဲ .. အဲဒါ .. အဲဒီကောင်မလေးရဲ့ စံနက်က အစတည်တာ .. မဖြစ်ဘူး ဖေဖေ .. သူနဲ့ သားနဲ့ စရိုက်မတူဘူး .. စိတ်ညစ်ရလိမ့်မယ်ဗျ .. ပျက်တိပျက်ချော်အလွန်နိုင်တဲ့သူနဲ့ .. ခန့် နဲ့ မဖြစ်ဘူး .. မဖြစ်ပါဘူး .."

သူ့ ခေါင်းတွင်တွင်ခါရင်း ပြတ်ပြတ်သားသားငြင်းနေချိန်မှာ ဖေဖေ နှင့် မေမေကတော့ ခပ်တည်တည်ကြည့်နေကြသည်ပါပဲ ..။

"သူက ဉာဏ်သိပ်များတယ် ဖေဖေ .. သူ့ဒဏ် .. ခန့် မခံနိုင်ဘူး .."

သူ ထပ်၍ ရင်ထဲက အဖြေကို ဖွင့်ချမိစဉ်မှာ မေမေ ထရပ်ပါ၏။ နွားနို့ ခွက်ကို သူ့လက်ထဲထည့်သည်။

"သောက် ..."

ဟု ပြောကာ မေမေ တည်တည်ကြီးကြည့်နေတော့ သူ နွားနို့

www.burmeseclassic.com

www.burmeseclassic.com



သောက်လိုက်ရပါ၏။ ဖေဖေ့ လက်ထဲ မေမေ နွားနို့ ဖန်ခွက်ကမ်းပေးသည့် . ထုံးစံအတိုင်း တရိုတသေလက်နှစ်ဖက်ဖြင့် ကမ်းပေးခြင်း။ ဤသည်ကတော့ မေမေ၏ ထာဝရမူပိုင်အကျင့်ပါ ..။ ဖေဖေ့ကို အမြဲတရိုတသေတလေးတမြတ်ထားပါသည့် မေမေပါ။ ဖေဖေ နို့ဖန်ခွက်ကို အသားပေးကျကိုင်၍ စတင်သောက်တော့မှ မေမေလည်း နွားနို့ဖန်ခွက်၏အဖုံးလေးကိုဖွင့်၍ ထိုအခါကျတော့မှ စတင်သောက်ပါ၏။ ထမင်းပွဲမှာလည်း ဘယ်တော့မှမဆို ဖေဖေ့ ပန်းကန်ထဲ ဟင်းကောင်းအသားကောင်းတွေရွေး၍ ဦးချပြီးမှ ..။ ဖေဖေ စတင်၍ ထမင်းတစ်လုတ်စားပြီးမှ ..။ မေမေ ထမင်းတစ်လုတ်ကို စတင်၍ နယ်ဖတ် စားတတ်စမြဲ ..။ သူ မျှော်လင့်ရာ သူ့အိမ်ထောင်သည်လည်း ထို့နယ်ပင်ရှိ၏။ သူ့ကို တလေးတစား တန်ဖိုးထားသော အိမ်ထောင်ဘက်တစ်ယောက်ပဲဖြစ်စေချင်သည်။

သူ့ကို နောက်ပြောင်ပြောင်ပြောင်ဟယ်လုပ်သည့် မိန်းကလေးမျိုး ..။ ထမင်းစားချိန်မှာ ဟောင်ဖွာဟောင်ဖွာနှင့်စကားတွေ တရစပ်ပြောတတ်သည့် မိန်းမမျိုး ..။ သူ့ကို ရိုသေရကောင်းမှန်းမသိဘဲ သူငယ်ချင်းပေါင်း ပေါင်းသည့် မိန်းမမျိုးနှင့် မဖြစ်။ ခုဥစ္စာ .. ရွှေသွန်းမေ က ထိုသို့သော ကောင်မလေးမျိုးဖြစ်နေသည်။ ဘယ့်နှယ်လုပ်၍ သူ .. လက်ထပ်ချင်ပါ့မည်တဲ့လဲ ..။

"အစားလည်း စားလိုက်ဦး .."

ဖေဖေ ပေါင်မုန့်အသားညှပ်ကိုယူရင်း သူ့ကိုလှမ်းပြောတော့ သူ ကောက်ကိုင်လိုက်ရသည်ပါပဲ ..။ စားချင်စိတ်တော့ လုံးဝမရှိ။ ဒါပေမယ့် စားရပြန်သည်။

"ငါတို့ သားအမိ သားအဖတွေ ညနေစာ ထမင်းတော့ နောက်ကျ စားဖြစ်ကြလိမ့်မယ်ကွ .. မင်းနဲ့ ငြင်းခုန်ကြရပေတော့မကိုး .. နေစမ်းပါ့ ဖေဖေ့သား ခန့်ညားမောင်ကြီး ရယ် .. မေးစမ်းပါရစေ .. မင်းက .. မင်းကို ဒုက္ခပေးမယ့် မိန်းကလေးတစ်ယောက်နဲ့ ငါတို့က .. တမင်တကာ ရွေးချယ်စီမံနေကြတယ်လို့များ .. တိတိပပ .. စွပ်စွဲခြင်းအမှုကိစ္စကို .. လက်တွေ့ပြနေသလားလို့ပါကွာ .. ဒီမှာ .. ငါတို့က မိဘတွေပါ၊ အရင်းတွေပါကွ .. ဘယ့်နှယ် .. မတော်မတဲ့ .. မထိုက်မတန် .. မတူမတန်ရာ .. အကျင့်ပျက်အကျင့်ဆိုး မိန်းကလေးကို ငါတို့က ကျိုးစားပမ်းစား ရှာဖွေ ရွေးချယ်ကြတယ်လို့များ .. စွပ်စွဲနေတာလား ငါ့သား ခန့်ညားမောင်ကြီးရယ် .."



စိတ်ညစ်ရသည့်အထဲ ပိုညစ်ရသည်က .. ထိုခေါ်သည့် အခေါ်ထဲမှာပင် ခေါ်သထည့်ပြောသည့် စကားကြားထဲမှာ ခန့်ညားမောင်ကြီး ဆိုသည့် အမည် ကပ်ပါနေခြင်းပါ ..။ ထို .. ကြီး .. ဆိုသည့် အမည်တစ်လုံး ဖြည့်လိုက်ရသည်ကိုက .. ဉာဏ်ကျယ်သူငယ်မ၏ ကျေးဇူး ..။ ခုလည်း .. ငြင်းမည်ဆိုရာမှာ တူးတူးခါးခါး ဆက်ငြင်းဖို့စကားလုံးတွေ သူ ရွေးချယ်နေချိန်မှာ ..။ ဖေဖေက သူ့ထက်ပို၍ မြန်နေသည်။ ခပ်အေးအေး မေးနေသည့် ဖေဖေ့စကားတွေက ထွေလုံး ငေါ့လုံးဖြစ်နေပြီ ..။ အေးစက်စက်ကြည့်နေသည့်အကြည့်သည် တင်းမာခြင်းဘက်ကို ကူးနေပြီ ..။

"အဲသလို .. ခန့် .. စွပ်စွပ်စွဲစွဲပြောတာမဟုတ်ပါဘူး ဖေဖေရာ .. ခက် ပြီဗျာ .. သားက .. သူ့ကို .. လက်မထပ်ချင်တာပြောတာပါ .. သူ့အကျင့်တွေ သား မကြိုက်တာပြောတာပါ .."

"အေး .. ငါကလည်း .. အဲဒါဆက်ပြောနေတာလေ .. မင်းပြောပုံက အကျင့်မကြိုက်ဖူးဆိုတော့ .. ချွေးမတစ်ယောက်ရဲ့ အရည်အချင်းမရှိတဲ့ ရွှေသွန်း ကို ဖေဖေတို့က တမင်တကာယုတ်ပတ်ပြီး မင်းအတွက် ရွေးချယ်စီမံနေကြတယ်လို့ ပြောနေတဲ့သဘောပေါ့ကွ .. နေရင်း တိုင်ရင်း .. ငါတို့က .. ဒုက္ခတောထဲ မင်းကို ဆွဲနှစ်နေကြသူတွေကို ဖြစ်နေပါရောလား .. ဒီမှာ .. ဖေဖေ ပြတ်ပြတ်ပြောမယ် .. ဒီအိမ်မှာ .. ဒီဓာတ်ပုံတွေနဲ့ .. နေ့တိုင်းကြည့်ကြည့်ပြီး မင်း နေမလား .. ရန်ကုန်ကို သွားမလား .. ဒါ တစ်ခုဖြေ .. ဒီအိမ်မှာ ငါတို့ ချိတ်ချင်တဲ့ပုံတွေ .. ဘယ်အခန်းမှာမဆို ချိတ်ထားနိုင်တယ်ဆိုတာကိုလည်း သိထား .. နောက်တစ်ချက်က .. မင်း .. ရွှေသွန်းမေ ကို .. လက်ထပ်ရလိမ့်မယ် .. ဒါ .. ငါတို့ရဲ့ ..

www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်ထားတဲ့ ရောမ .. အနာဂတ်ကြီးပဲကွ .. မျှော်လင့်ချက်ကြီးပဲ .. အဲဒီအနာဂတ်ဟာ .. ပစ္စုပ္ပန်ဆိုတဲ့အထဲ ရောက်ရလိမ့်မယ် .. အမြဲပဲ အနာဂတ်ထဲမှာရှိမနေစေရဘူးဆိုတာ မင်း နားလည်းထား .. ဟိုတယ်ကို သွားဦးစီးပါ .. မိန်းကလေးကို .. သေချာအကောင်းဘက်က ကြည့်ပါ .. အပြစ်တွေချည်း မျက်စိရှေ့ချပြီး ကြည့်နေရင်တော့ .. မင်း ဒီတစ်သက် .. ဒီကလေးကို .. အကောင်းမြင်ကိန်းမရှိဘူး .. မှတ်တဲ့စိတ် ရှိစမ်းပါကွ .."

ဖေဖေ အပြတ်ပြောနေသမျှ မေမေကလည်း အေးလေ .. အေးလေ နှင့် လိုက်၍ ခေါင်းကထောက်ထောက်ခံခံလုပ်နေသည်။

"ဒီငါးနှစ်အတွင်းမှာ .. မင်း မသိအောင် .. သားဖောနဲ့ .. ဟိုတယ်ကြီး တစ်ခုကို .. ငါတို့ဖိုးမောင်နဲ့ ထူထောင်ပေးခဲ့ကြတာကွ .. ကိုသုတ ကလည်း ဟိုတယ်ဆောက်တဲ့ကိစ္စမှာ .. ငါ .. မျက်နှာလွှဲထားရလောက်အောင် ကိုယ်ဖိရင်ဖို .. ကြပ်မတ်ကူညီပေးတယ် .. ရန်ကုန်မြို့က .. အကောင်းဆုံး အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းကြီးလက်ထဲ ငါတို့အပ်ခဲ့ကြတာမှန် ပေမယ့် .. ကိုသုတ ရဲ့ အနီးတကပ်လိုက်လိုက်ကြည့် ပေးတဲ့ကိစ္စတစ်ခု ဟာ အလွန်တန်ဖိုးရှိတယ်ကွ .. ဟိုတယ်ကြီးကို .. ငါတို့ဖွင့်ခဲ့ပြီးပြီ .. ဒီနောက်ဆုံးတစ်ခေါက်သွားခြင်းဟာ .. ဟိုတယ်ဖွင့်ဖို့ပဲ .. မင်းကတော့ ထုံးစံအတိုင်း နေရစ်ခဲ့တတ်တဲ့အကျင့်ကြီးအတိုင်း နေခဲ့တာပဲလေ .. ဟိုတယ်ကို လောလောဆယ်မှာ ကိုသု ရုံးခန်း ထိုင်ပေးနေရှာတယ် .. သူ့ရဲ့ ကြာရိပ်ဖူး အထည်ချုပ်စက်ရုံနဲ့ အထည်စက်ရုံ တစ်ဖက်နဲ့ လုပ်ကိုင်ပေး နေရှာတာကွ .. မင်း .. ရန်ကုန်အမြန်သွားရမှာမို့ .. မနက်ဖြန်သွားရ မယ့်ကိစ္စ .. ငြင်းမယ်မကြံနဲ့ .. ဟိုတယ်တစ်ခုကို တည်ဆောက်ရတာ .. ဝန်ထမ်းတွေ ခန့်ထားရတာ .. ဘယ်လောက်ရင်းနှီးမြှုပ်နှံလိုက်ရ တယ်ဆို တာ .. မင်းလည်း ပညာတတ်ပဲ .. မိဘက စီမံတာကို .. မင်း ခံစား ချက်သေးသေးလေး ရှေ့တန်းတင်ပြီး ရန်ကုန်ကိုမသွားချင်ဘူး .. ရွှေသွန်း ကို မတွေ့ချင်ဘူးဆိုတာတွေ ဆက်လုပ်နေချင်သပဆိုရင်တော့ .. သဘော



ပေါ့ကွာ .. ငါတို့မိဘတွေ .. ဟိုတယ်ကြီး မင်းအတွက် ထူထောင်ပေး ခဲ့လေခြင်းလို့ ရင်ထုရုံပဲ ရှိပေမပေါ့ .."

ဟု ပြောတော့ သူ ငိုင်ကျန်ရစ်ပါ၏။ ဖေဖေ ထရပ်သည်။ မေမေ့ကို ခေါ်သည်။ မျက်မှောင်ကုတ်၍လည်း သူ့ကိုကြည့်သည်။

"ဒီမယ် ခန့်ညားမောင် .. ဘာမှမဖြေတော့ဘူးလားကွ .. ဟေ .."

ဟု ဖေဖေ ထအော်တော့ သူ မျက်ဝန်းကို စုန်မှိတ်လိုက်ရပြီ။

ဖေဖေ ပြောခဲ့သည်လေ ..။ သူ့ရင်ထဲမှာရှိနေသည့် ခံစားချက်က .. သေးသေးလေးပါတဲ့ ..။ ရွှေသွန်းမေ ကို .. မဆုံချင်သည့် ထိုခံစားချက် သည် ဖေဖေမေမေတို့၏ မေတ္တာနှင့်ယှဉ်လျှက် သေးသေးလေးဖြစ်နေ ပါသည်တဲ့ ..။

သူ့အပေါ်ထားသည့် ဖေဖေတို့၏ မေတ္တာသည် .. ဟိုတယ်ကြီး တစ်ခုကို ငွေကြေးများစွာကုန်ကျခံ၍ ထူထောင်ပေးသည့်ဖော ဖြစ်တည် ရပါသည်တဲ့ ..။

သူ .. သူ .. ရန်ကုန်ကိုမသွားနိုင်ပါဟု .. ဘယ့်နှယ်လုပ်၍ ငြင်းနိုင်ရက် ပါ့မည်တဲ့လဲလေ။

"သား .. မနက်ဖြန် .. သွားပါ့မယ် .. ဖေဖေ .."

သူ အသံတိမ်တိမ်ဖြင့် ဖြေ၏။ ရင်ထဲမှာတော့ မွန်းကြပ်နေသည် ပါပဲ..။

"အေး .. ကျေးဇူးတင်တယ် .. အဲသလိုသွားမယ်လို့ဖြေပေးတဲ့ အတွက်ဆိုပါတော့ .. အေး .. ထပ်မှာလိုက်ပါရစေ .. ဟိုရောက်ရင် .. ရွှေသွန်းလေးကို စိတ်ညစ်အောင်မလုပ်ပြပါနဲ့ .. သူနဲ့ ဆန့်ကျင်ဘက် လုပ်ပါနဲ့ .. ခန့်ကြီး ကြောင့် .. ကိုသု နဲ့ ထားတို့လည်း စိတ်မညစ်ကြ ပါစေနဲ့ .. သူတို့မှာ အဲဒီ သမီးလေးတစ်ယောက်ပဲရှိသကွ .. တသသနဲ့ .. ရွှေရုပ်လေးလို ထားထားကြတာကွ .. သိရဲ့လား .."

ဟု ဖေဖေ ထပ်ပြောတော့ သူ ခေါင်းပဲညိတ်ပြရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"လက်ထပ်ဖို့ကိစ္စတော့ .. အလောတကြီး မစီစဉ်ပါနဲ့ ဖေဖေ .. အဲဒါတော့ .. လိုက်လျောပေးပါဗျာ .."

ဟု သူ အသံတိမ်တိမ်ဖြင့် ခပ်ဃယပြောမိချိန်မှာ ဖေဖေရော မေမေရော အခန်းထဲမှ ထွက်သွားကြပါ၏။ နောက်ဆုတ်မည့် အရိပ်လေးပင် မမြင်ရ ..။ ကောင်မလေးကို သူ့ဘဝလက်တွဲဖော်အဖြစ် .. အသေအချာ ရွေးချယ်သတ်မှတ်ထားကြသည်တည့် ..။ သူ .. စိတ်ပန်းကိုယ်ပန်း ထိုင်ချမိသည်။ နံရံမှာရှိသည့် ပုံကိုကြည့်မိသည်။ ခွေးတစ်အုပ်နှင့် ပျော်နေသည့် ကလေးမ ..။

"အေး .. နင်ပဲကောင်းတယ် .. အမြဲပျော်ဖို့ပဲသိတဲ့ ကောင်မလေး .. စိတ်ညစ်တယ်ဆိုတာ .. နားလည်ပုံကိုမရဘူး .. ငါ့မှာ နင့်ကြောင့် ဒီမှာ စိတ်ညစ်နေရတယ်ကွ .. သိရဲ့လား .. ဒေါ်ခွေးချစ် ရဲ့ .."

ဟု စိတ်ထဲမှ မြည်တွန်မိပြီ ..။

နောက်တော့ တစ်ချက်ငိုင်၏။

ဘာတဲ့ ..။ ကောင်မလေးသည် .. သူ့ဘဝဖော် ..။ သူနှင့် ကောင်မလေး တို့၏ မေတ္တာသည် .. ရင်ခွင်ပေါင်းကူးတံတားဖြစ်မည်တဲ့ ..။

"တကယ်တော့ .. ဖေဖေတို့ထင်နေတဲ့ အဲဒီ တံတားဟာ သက်တံ့ တံတားပဲ ရွှေသွန်းမေ .. မိုးကုတ်စက်ဝိုင်းကြီးကတော့ ငါပဲ ရွှေသွန်းမေ ရေ .. မင်းဟာ .. ငါ့ထံပါးက .. မကြာမလင့်မီမှာ ထွက်ခွာသွားရမယ့် သက်တံ့တံတား ပါပဲ .. ရေမှုံလေးတွေနဲ့ နေခြည်ခဏတာတွေဆုံရင်း တဒင်္ဂဖြစ်တည်လိုက်ရတဲ့ .. သက်တံ့တံတားတစ်စင်းပေါ့ .."

ဟု သူ အံခဲ၍တွေးသည်။ ဘယ်သောအခါတွင်မှ .. ရွှေသွန်းမေ သည်.. သူ့ဘဝထဲ မရောက်စေရ ..။ သူ မချစ်သော မိန်းကလေးကို .. သူ .. လက်မထပ်နိုင် ..။



ကျွန်မ မက်မောသော တန်ဖိုးထားတဲ့
ပျော်ရွှင်စွာ နေထိုင်ခြင်းဆိုတဲ့အရာကို
ပျက်သုဉ်းစေမယ့်သူဟာ
ကျွန်မကို မနှစ်မမြို့ဖြစ်နေတဲ့
ရှင်ဖြစ်တယ်ဆိုတာ
ကျွန်မသိပါတယ် ...။

ဒါပေမယ့် ...
ရှင့်ထံပါးက ပျော်ရွှင်ခြင်းများကို
စွန့်ခွာသွားစေဖို့ရာအတွက်
ကျွန်မ ဘယ်တော့မှလုပ်မိမှာမဟုတ်ပါဘူး ...။

ဘာလို့လည်းဆိုတော့ ...
ကျွန်မ မက်မောတန်ဖိုးထားတဲ့အရာကို
ဘယ်လိုမှ ...
ဘယ်သူ့ထံပါးဆီကမှ ...
ကျွန်မ .. မဖျက်ဆီးရက်လို့ပါပဲ ...။

ပျော်ရွှင်ခြင်းများစွာကို
ရှင်ဆက်လက်ပိုင်ဆိုင်သွားနိုင်ပါစေ ....။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

"ဆစ်ခေါင်း .. စတောင်းနံအပ် .."

သခင်နှင့် ခွေးခြောက်ကောင် ..။ လိုက်တော့ လိုက်ကြသည်။ ရွှေသွန်းမေ က ဆစ်ခေါင်းလျှပ်.. ထိုင်သည်။ စတောင်းနံအပ်ဟု ပြောလျှင် ထသည်။ ပြီး တော့ .. အားချင်းတိုက် တန်းစီ၍ ထိုင်ခြင်းထခြင်း ..။

"လက်ပေး .. လေးဝက် .."

လက်ဖဝါးလေးဖြန့်၍ တစ်ကောင်ရှေ့မှာ လက်အကျသားထားရင်း ရွှေသွန်းမေ ပြောလျှင် တစ်ကောင်ပေးသည်။ နောက်ထပ် ဘာမှ ထပ်ပြောစရာမလို ..။ ခွေးတစ်ကောင်၏ လက်ကို လွှတ်လိုက်တာနှင့် နောက်တစ်ကောင်က မြူးတူးလက်ကြွဖြင့် လက်ကို တက်တက်ကြွကြွ ချက်ချင်းပေးသည်။ တန်းစီ၍ ဘေးချင်း ညီညီညာညာထိုင်နေကြသည့် ခွေး ..။ တစ်ကောင်ပြီး တစ်ကောင် ခလုတ်နှိပ်လိုက်သည့်နှယ် ဒတ်ခနဲဒက်ခနဲ လက်တွေအလှည့်ကျ မြန်မြန်သွက်သွက်ပေးနေကြသဖြင့် ရွှေသွန်း အလွန်သဘောကျ၏။

ဘေးမှာထိုင်ရင်း ပျော်နေသည့် အပုလေးကိုလည်း ကြွား၍ကြည့်သည်။

"တွေ့တယ်မလား .. မမသွန်း ရဲ့ ခွေးတွေ ဘယ်လောက်မှတ်ဉာဏ်ကောင်းလည်းဆိုတာ .. ဘယ်တော့မဆို .. သူတို့ကို လက်ပေးခိုင်းလည်း



ရတယ် .. ထိုင်ခိုင်းထခိုင်းလည်းရတယ် .. အင်္ဂလိပ်လို ဆစ်ခေါင်းဆိုရင် ထိုင်တယ် .. စတောင်းနံအပ်ဆိုရင် ထတယ် .. ကဲ .. ကြည့် .. လက်ပေး ဆိုရင်လည်း ပေးတတ်တယ် .."

ပြောပြီး ဘီစကစ်တွေ ပလတ်စတစ်အိတ်ထဲမှယူ၍ တစ်ကောင်ချင်းကိုကျွေးသည်။ ခွေးတွေကလည်း ပါးစပ်ရှေ့ မုန့်ချပ်ကိုင်သည့်လက်ရောက်တာနှင့် အလိုက်သင့်ပါးစပ်လေးဟ၍ သွားဖြင့် မုန့်ကို ဖွဖွကိုက်သည်။ သွန်း ၏ လက်ကိုပင်မထိစေရ ..။ ညင်သာသည် ခွေးခြောက်ကောင် ..။

"ကဲ .. ဗဲရီးကလဲဝါးဘွိုင်းလေးတွေ .. သွားဆော့ .."

သွန်း ပြုံး၍ပြောကာ တစ်ကောင်ချင်း၏ ခေါင်းတွေကို လက်ဖြင့်ပုတ်သည်။ ဘေးမှာရှိသည့် ဘောလုံးရောင်စုံခြောက်လုံးကို မြက်ခင်းဘက် ပစ်ပေးတော့ သကောင့်သားခြောက်ကောင် ပြေး၍ ပါးစပ်ဖြင့်ချီ ..။ မြက်ခင်းပေါ်ချ ..။ နှုတ်သီးဖြင့် မြက်ခင်းပေါ် ဘောလုံးကို တွန်းဟယ်တိုက်ဟယ်ဖြင့် ဆော့ ..။ ဆော့နေရင်း တန်းလန်းမှ တစ်ကောင်နှင့် တစ်ကောင်ပွမ်းသဒ္ဒါလန်အောင် လုံးထွေးသည့် ခွေးက တဆော့ဆော့ဖြင့်ပျော် ..။ မြက်ခင်းကြားထဲ ကံဆိုးစွာ မျက်စိရှေ့တည့်တည့်ရောက်ရှာသည့် နွားချေးပိုးထိုးတစ်ကောင်ကို နှုတ်သီးဖြင့် တို့လိုက် ..။ လက်ဖြင့် တို့ထိလိုက် .. ကလော်လိုက်ဖြင့် တစ်ကောင်က အလုပ်ရှုပ် ..။ တစ်ကောင်ကလည်း မိုးကောင်းကင်မှ ရွေ့နေသည့် တိမ်အုပ်ကြီးကို အသားလွှတ် မျက်စိနောက်နေရင်း မော့ဟောင်နေသည်။ သွန်း ကတော့ လက်ထဲမှ ဘီစကစ်ထုပ်ထဲကတစ်ချပ်ကိုယူ၍ ဝါး၏။ ဘေးမှာရှိနေသည့် ညိုပိန်ပိန် အပုလေးကိုလည်း တစ်ချပ်ပေးသည်။ အပုလေး ခေါင်းခါ၏။ သဘောက ခွေးကျွေးသည့်မုန့်ထုပ်မို့ မသတီခြင်း ..။

"ဟဲ့ .. မော်ဒယ်လ်ပု .. စားလေ .."

အသက်ဆယ့်လေးနှစ်မပြည့်သေးသည့် အပုလေး ဆိုတာက ညိုညိုပိန်ကပ်ကပ်နှင့် အရပ်လေးကလည်း ရှည်ချင်သည်။ ဒါကြောင့်လည်း

www.burmeseclassic.com



ရွှေသွန်းမေ က မော်ဒယ်လ်ပု ဟု ခေါ်ခြင်း ..။ စကိုင်းနက်မှာ မော်ဒယ်လ်တွေ လျှောက်လမ်းမှာ လှလှပပလျှောက်ကြတာကို အလွန်ကြည့်၍ မဝနိုင်သည့် အပုလေး ကလည်း မော်ဒယ်လ်ပု အခေါ်ခံရတာကို မြောက်တောက်မြောက်တောက်ဖြင့် အလွန်ခံတွင်းကျသည်တည့် ..။ မိဘမဲ့တူမလေးကို ခေါ်ထားခွင့်တောင်းပြီး ဒေါ်ကြီးစာမှ လွှန်ခဲ့သည့် တစ်နှစ်ကျော်လောက်က အပုလေးကို ကြာရိပ်ဖူးမှာ ခေါ်ထားခဲ့ခြင်းပါ။ ဖေဖေနှင့်မေမေကလည်း ခွင့်ပြုသည်ကိုးလေ ..။ ရောက်ခါစထက်နည်းနည်းလေး အသားပိုလတ်လာရုံ ..၊ အရပ်လေး ပိုထွက်လာရုံပဲရှိသည်။ မော်ဒယ်လ်ပုကတော့ ရောက်ခါစရုပ်ကို မပျောက်နိုင်သေး..။ ဆံပင်ကလည်း ဒေါ်ကြီးစာကပ်ကြေးညှပ်ကြောင့် ဂုတ်ထောက်လေးပဲရှိသည်။ ရောက်ခါစတုန်းကတော့ ကြာရိပ်ဖူးကို နန်းတော်ကြီးတစ်ခုနယ် ခံစားရင်း တအံ့တသြကြည့်မဆုံး၊ ဘာကိုမှ ရဲရဲမထိရဲဖြစ်၍ မဆုံးနိုင်ဘဲရှိခဲ့သည့် အပုလေး ..။ ခုကျတော့ ဘီစကစ်မုန့်ကိုပင် ခွေးကျွေးသည့်မုန့်ထုပ်မို့ မသတိနိုင်အောင် ဖြစ်တတ်လာနေသည်တည့်။ အဝတ်အစားဆိုတာကလည်း ဖေဖေနှင့် မေမေက အပုလေးကို အဝတ်ကောင်းလေးတွေလည်း ဒေါ်ကြီးစာနှင့် အဝယ်ခိုင်းသည်။ အိမ်နေအဝတ်အစားပင်လျှင် လှလှပပဂါဝန်ရှည်တစ်ချို့ ..။ ပုံဆန်းအင်္ကျီနှင့် ထမီဝမ်းဆက်လေးတွေကအစ ဝတ်မို့မေမေ စီစဉ်ပေးခဲ့သည်မို့ ..။ အပုလေး တော်တော်မျက်စိမပွင့်ချင် ..။ ဘဝင်လေးတချိုချိုဖြင့် ရှိတတ်လာနေသည်တည့် ..။

"ဟဲ့ .. မော်ဒယ်လ်ပု .. ဒါ .. ငါစားတဲ့ မုန့်ထုပ်ပါဟဲ့ .. ငါ့ကောင်တွေကို ယူကျွေးတာပဲရှိတာ .. ဒီမှာ .. တွေ့လား ဘီစကစ်သကြားညှပ်နော် .. သကြားတစ်ခုထဲမဟုတ်ဘူး သိရဲ့လား .. အလွယ်ပြောသဘောနဲ့ သကြားညှပ်လို့ပြောပေမယ့် .. ဒီသကြားညှပ်ထဲမှာ နို့ပါတယ် .. ထောပတ်ပါတယ် .. သိရဲ့လား .. စား .."

"ဟင် .. ဘုန်းနိမ့်ပါမယ်ဆိုမှ .."

"နေစမ်းပါ့ .. ညည်းလေးက ဘုန်းနိမ့်သလေး .. ဘာလေးနဲ့ ..



ဘယ်မှာလည်း ဆံထုံး .."

ဆံတိုဂုတ်ထောက်လေးကို လက်ဖြင့်ပုတ်၍ သွန်း ပြောတော့ လက်လေးဖြင့် ဆံပင်လေးကို ကမန်းကတမ်းသပ်သည်က အပုလေး ပါ ..။

"ဟင် .. မမသွန်း ကလည်း .. ဘာဆိုင်လို့လည်း .. ဆံထုံးက .."

အပုလေးနှင့် လေပစ်ရတာ အဖော်လည်းရတာမို့ ရွှေသွန်း ဆိုတာက ခြံထဲဆင်းလည်း တူတူခေါ်ထားတတ်သည်ချည်း ..။ ဤနေ့မှာတော့ မုန့်ကအစ ကဂျီကဂျောင်ဖြင့် ခေါင်းခါနေသည့် အပုလေးကို မျက်ခုံးလေးပင့်ကာ ရွှေသွန်း ကြည့်သည်။

"ဟဲ့ .. နင် .. မကြားဖူးဘူးလား .. စကားပုံရှိတယ်လေ .. ယောက်ျားတို့ဘုန်း လက်ရုံး .. မိန်းမတို့ဘုန်း ဆံထုံးတဲ့ .. နင့်မှာ ဘုန်းနိမ့်သလေး ဘာလေး ပြောရအောင် ဆံထုံးရှိလို့လား .. ကဲ .. ဒီမှာကြည့် .. ငါ့မှာက .. ဆံပင်မှ အရှည်ကြီးရယ် .. ညည်းက ဆံပင်ဂုတ်ထိလေးနဲ့ .."

ဟု ကဲ့ကဲ့ရဲ့ရဲ့လေး နှာခေါင်းတွေဘာတွေ ရှုံ့ကာ၊ မျက်စိတွေဘာတွေ မှေးပြကာ ကလေးကို တမင်မခံချင်အောင်လုပ်ပြနေသည်က ရွှေသွန်း ပါ ..။ ရှူးတူးပေါ်တောလေးဖြစ်သည့် အပုလေး ကလည်း ခုမှဆံပင်တိုစိစိလေးကို လက်ဖြင့်သပ်လိုက် ..။ ခေါင်းလေးကုတ်၍ စိတ်ညစ်လိုက် ..။ ဆံပင်ကိုပြန်၍ သပ်လိုက်ဖြင့် ငုငုလေးဖြစ်နေသည်။

"ဟုတ်တယ်နော် .. ထားတော့မယ် မမသွန်းရဲ့ .. ဆံပင်အရှည် .."

ဘုန်းရှိဖို့အရေး ဆံပင်အရှည်ထားမည်တွေ ဘာတွေလုပ်လာပြီဖြစ်သည့် အပုလေးကို ကြည့်ကာ ရွှေသွန်းမေ မုန့်တွေတစ်ချပ်ပြီးတစ်ချပ်ကလေးသွား ရည်ကျအောင်စားပြလိုက် ..။ လျှာစုတ်၍ အရသာခံလိုက် ..။ အဖျတ်ဖျတ် မြည်အောင်ဝါးလိုက် ..။ မုန့်နှစ်ချပ်ပူးကပ်ထားတာကို ခွာ၍ အလည်မှ ရေခဲညှပ်ဟုခေါ်ကြပါလေသော သကြားခဲပြန့်ပြန့်ကို လက်ညှိုးနှင့်သပ်ခြစ်၍ ကော်စားပြလိုက်ဖြင့် ရှိနေသမျှ ..။ ကလေးပီပီ

www.burmeseclassic.com

www.burmeseclassic.com



ကြာတော့လည်း သွားရည်မနိုင် အပုလေးဘဝ ရောက်လာရကာ တဂွတ်ဂွတ်ဖြင့် ကိုယ့်သွားရည်ကိုယ် ပြန်မြိုချသံက ဘေးလူပင်ကြား လာရပါချေသတည်း ...။

ရွှေသွန်း ကလည်း မှတ်မှတ်သားသားရှိအောင် ဘီစကစ်လက်ကျန်အားလုံး တစ်ချပ်ပြီးတစ်ချပ် ဝါးစားပြ ...။ သကြားကလော် ခြစ်စားပြဖြင့် လက်မလည်အောင် ဘေးလူသွားရည်မထိန်းဘာမထိန်းဖြစ်သည်အထိ စားပြသောက်ပြလိုက်ပါသတည်း ...။ ပလပ်စတစ်ထဲကျန်နေသေးသည့် မုန့်ကျိုး မုန့်ကြွေအစအနတွေကိုပင် လက်ဖဝါးဖြန့်၍ ခေါက်ယည့်ပြီး အပြီးသပ်ကိစ္စ ပြတ်စားပြပစ်လိုက်သမှ အပုလေး ခမျာ မုန့်တစ်ချပ်မှ မစားလိုက်ရဘဲ သွားရည်တွေသာ တဂွတ်ဂွတ်မြိုချခြင်းဖြင့် အငတ်ကျန်ဘဝ ဖြစ်ရရှာ၏။ ဗွီဗွီဖျော်ရည်ဘူးကို စုတ်တံလေးဖြင့်ဖောက်၍ ရွှေသွန်း အရသာခံသောက်သည်။ ဤတစ်ခါ မှာတော့ အပုလေး ကို သနားစိတ်ဖြင့် တစ်ဘူးကမ်းပေးတော့ လက်တံရှည်လေးဖြင့် သုတ်သုတ်ယူရှာ၏။

"ဒီမယ် .. နင့်ကို ငါ ခိုင်းစရာရှိတယ်သိလား .. ဒီမှာကြည့် .. မထူးဆန်းဘူးလား .."

အဖုံးလေး သေချာဖုန်းထားကာ လှလှပပပင် ပုလင်းအလည်မှာ ဖဲကြိုးဝါဝါလေးဖြင့် ပန်းပွင့်ပုံဖော်၍ ချည်ထားသေးသည့် ပုလင်း ...။ ပုလင်းထဲမှာ အိမ်မြှောင်တစ်ကောင် ...။

အပုလေး မျက်တောင်မခပ်ကြည့်၏။ အိမ်မြှောင်များ အဆန်းအကျယ်လုပ်လို့ဟု ရင်ထဲမှာ တွေးသည်ကလည်း အပုလေး ပါ။

"ဟဲ့ .. ဖြေလေ .. မဆန်းဘူးလားဆို .."

"ဘာဆန်းစရာရှိလို့လည်း မမသွန်း ကလည်း .. အိမ်မြှောင်များပြည့်လို့ .. အိမ်နံရံမှာ မြင်မြင်နေရတာပဲဥစ္စာ ... ကားဂိုဒေါင်ထဲဆို .. ပိုတောင်တွေ့သေး .. အကောင်တွေမှ အကြီးအသေးအစုံ .."



"ဩော် .. မော်ဒယ်ပု ကလည်း .. ဒါ အိမ်မြှောင်မဟုတ်ဘူးဟဲ့ .."

"ဟင် .. မဟုတ်ဘူး .. ဒါဆို .. ဘာလဲဟင် .. အိမ်မြှောင်ပဲဥစ္စာကို.."

"အဲဒါပြောတာပေါ့ မော်ဒယ်ပုရဲ့ .. ဒီမယ် .. သေချာကြည့် .. အဲဒါ.. အိမ်မြှောင်အစစ်မဟုတ်ဘူး .. စက်ရုပ်အိမ်မြှောင် .. နင် ဘာသိလို့လည်း .. ဟိုနေ့က မမလေးသွန်း ကုန်းတိုက်သွားတယ်လေ .. အဲဒီမှာ ခုလိုပဲ ပုလင်းလေးတွေနဲ့ .. စက်ရုပ်အိမ်မြှောင်တို့ .. စက်ရုပ်ငှက်တို့ .. ကြွက်တို့ .. မြွေတို့.. ဖားတို့ .. တောက်တဲ့တို့ .. အံမယ် .. စာကလေးတို့တောင်တွေ့သေး .. အဲဒါ ဒီစက်ရုပ်အိမ်မြှောင်လေးက အစစ်နဲ့ အတူဆုံးမို့ .. မမသွန်း ဝယ်ခဲ့တာသိရဲ့လား .. ဒါတစ်ခုကို .. တစ်ထောင်တောင်မှ ပေးရတာ အပုရဲ့ .."

"ဟင် .. တစ်ထောင်တောင် .."

မျက်စိကျယ်၍ အပုလေး သေချာပုလင်းကို မျက်စိလေးကပ်၍ ကြည့်သည်။ မျက်စိလေးပြူး၍ အိမ်မြှောင်ကလည်း ပုလင်းထဲမှ ကြည့်နေသည်။ ပါးစပ်လေးဟနေသည်။ အမြီးက ခပ်သွဲ့သွဲ့လှုပ်၏။ အားမရှိ အင်မရှိပုံ ခွာန်နေသည်။

"အစစ်အတိုင်းပဲနော် .."

အံ့ဩသံဖြင့် အပုလေး ပြောသည်။ အံ့ဩသည့်နှယ်လည်း သွန်းကို ကြည့်သည်။

"ဘာလုပ်ဖို့ ဒီဥစ္စာကို ဝယ်ရတာလည်း မမသွန်း ရဲ့ .. အိမ်မြှောင်နဲ့တူတာတစ်ခုပဲရှိတာကို .. အိမ်မြှောင်ဆိုတာ ကလှလည်းလှတာ မဟုတ်ဘူး .. ဝယ်ရင်လည်း ငှက်လှလှလေး ဝယ်တာမဟုတ်ဘူး .."

ငှက်လှလှလည်း မြင်ဖူးလိုက်ရတာမဟုတ်။ ရွှေသွန်း အပြောဖြင့် ပုလင်းထဲရှိနေသည့် ငှက်ဆိုတာတွေ၊ မြွေဆိုတာတွေ၊ ဖားဆိုတာတွေကို မျက်စိထဲ မြင်ယောင်ရင်း အပုလေး ပြောခြင်းပါ ...။

"ဟဲ့ .. ဒါက .. အစစ်နဲ့ အလွန်တူလို့ပါဆိုမှ .. အေး .. နောက်တစ်

www.burmeseclassic.com

www.burmeseclassic.com



ခေါက် ကုန်တိုက်သွားတဲ့အခါကျတော့မှ .. ခုလို ပုလင်းလှလှလေးထဲ ထည့်ထားတဲ့ စက်ရုပ်ငှက်လေးဝယ်လာမယ်သိလား .."

ဟု ပြောကာ ပုလင်းကို မြက်ခင်းပေါ် ချသည်။ ပြီးတော့ အဖုံးကို ဖွင့်၏။

"လက်ဖဝါးဖြန့်စမ်း .."

ဟု ပြောတော့ အူကြောင်ကြောင် အပုလေး လက်ဖဝါးကို သေသေချာချာ လက်နှစ်ဖက်ပူးဖြန့်သည်။ သွန်း ခပ်အေးအေးပင် ပုလင်းကို အပုလေး လက်ပေါ်မှောက်၍ ခေါက်ချလိုက်တော့ အိမ်မြှောင်သည် လက်ဖဝါးပေါ် ဖုတ်ခနဲကျ၏။ ပျော့စိစိအေးစက်စက်ဖြစ်နေသည့် အထိအတွေ့ကြောင့် အပုလေး လန့်ခနဲဖြစ်သည်။ မျက်စိလေးပြူး၍ကြည့်သည်။ ပုလင်းမှောက်ထားတာလည်း ခုထိရှိနေဆဲမို့ အိမ်မြှောင်သည် အေးစက်စက်ပျော့အိအိဖြင့် ခြေထောက်တွေလှုပ်၍ လက်ဖဝါးပေါ် ဟိုဟိုသည်သည်ရွေ့သည်။

"ဟင် .. အစစ်ကျနေတာပဲနော် .."

ဟု လွှတ်ခနဲ အပုလေး ပြောတော့ ပုလင်းကိုဖိထားရင်းမှ ...

"အေး .. အဲဒါ အစစ်ပဲ .. ငါ .. ခြင်ဆေးဖြန်းတုန်း နံရံကမူးပြီး ဒီမနက် ပြုတ်ကျတာကို ငါ ကောက်ပြီး ပုလင်းထဲထည့်ထားတာလေ .. ဒေါ်ဘုန်းရှိရဲ့ .."

ပြောလည်းပြော ...။ ပုလင်းကိုလည်း ဖယ်လိုက်စဉ်ခိုက် သတ္တိခဲ အပုလေး ခမျာ ငယ်သံပါအောင်အော် ...။ လက်ကိုလည်း ဖြတ်ဖြတ်လူးခါချ ...။ အိမ်မြှောင်ကလည်း လန့်ရှိန်ဖြင့် ပြုတ်ကျ ...။ အပုလေး၏ ဂါဝန်ရှည်လေး ဝတ်ထားရာ ပေါင်ပေါ်ရောက်တာမို့ အပုလေး ထခုန်သည်။ လက်ဖြင့်ခါသည်။ ဂါဝန်ကြီးဖားခနဲ ဖားခနဲနေအောင် ဟိုခါသည်ခါ ...။ ပတ်ချာလည်၍ ခုန် လည်းခုန် ...။ အော်လည်းအော် ...။ ငိုလည်း ငိုဖြင့်ရှိနေချိန် ရွှေသွန်း ကတော့ တဟက်ဟက်ရယ်နေသတည်း ...။

"ဟင်းဟင်း ...စက်ရုပ်ပါဟဲ့ .."



"မယုံဘူး အစစ်ကြီး .."

ရွှေသွန်း ပြောပေမယ့် ခုတ်သိ အပုလေး ငိုရင်းယိုရင်း ခေါင်းခါသည်။ မြက်ခင်းပေါ် ဘယ်နေရာကျသွားမှန်းမသိတာမို့ ဟိုဟိုသည်လည်း မျက်စိဖြို့၍ အိမ်မြှောင်ကို ရှာ၏။

"ကဲ .. ပြန်မယ် .."

ရွှေသွန်း ထရပ်တော့ အပုလေး ရှေ့မှသုတ်သုတ်လစ်၏။ အပုလေး ...ရှုတွေကိုကြည့်ကာ ရွှေသွန်း ရယ်မဆုံး ...။ နောက်တော့ ခွေးခြောက်...ကို လေချွန်၍ အသံပေးလိုက်တာနှင့် ရောက်လာကြသည်ပါပဲ ...။

"အိမ်ထဲသွားမယ် .. ခုလောက်ဆို .. ညနေအဆာပြေမုန့်တစ်ခုခုနဲ့ ...သောက်ကြရတော့မှာဟဲ့ .. ဒီနေ့ ...နက်ခွေနေ့မို့ .. ဖေဖေလည်း ...ကြ နေ့တစ်ဝက်စောပြီး ပြန်...သလေ .. လာ .."

ဟု အရေးအရာထားရှ် စကားပြောခိုက် ခွေးတွေကလည်း ...ယောင်ယောင်ဖြင့် ...းကပ်ပါလာကြသည်ပါပဲ ...။

...ည့်ခန်းထဲဝင်တော့ ဖေဖေ ဖုန်းပြောနေသည်။ မေမေက ဖေဖေ ...နေတာကို ဘေး...ထိုင်၍ တပြုံးပြုံးရှိနေပါ၏။ ရွှေသွန်း ဝင်လာ ... မေမေ လှမ်းကြည့်သည်။

"သြော် .. မနက်ဖြန် အဲဒီကထွက်မှာလား .. ကောင်းတယ် .. ကောင်း ... ရောက်ရောက်ချင်း .. ကြာရိပ်ဖူးမှာ လာအိပ်ပါစေလား .. ဒီမှာ ...ားရမှာပေါ့ .. ... ရက်နှစ်ရက်နားပြီးမှ ရွှက်နဝေကို သွားကြ... .. မဟုတ်...သေးပါဘူးကွာ .. ဟိုမှာပဲ တိုက်ရိုက်ဝင်ပါစေ ...ကြ မဟုတ်... ... ကိုစည်ရာ .."

ဟု ဖေဖေပြော...သည်။ အန်ကယ်စည် နှင့် အန်တီလွှမ်း တို့လာကြ...င့် ...။ ရွှေသွန်း မေမေ့ဘေးမှာထိုင်သည်။ ခွေးတစ်အုပ်ကတော့ ...လစ်ကုန်...ပြီ ...။

"နက်ဖြန် .. မောင်ခန့်ညားမောင် .. ရန်ကုန်ကို ခရီးထွက်လာ...

www.burmeseclassic.com



တဲ့ကွယ် .. ညနေလောက်ရောက်မယ်ထင်ပါရဲ့ .. ကိုသိန်း လည်းပါမယ် .. ဒေါ်ကြီးဥ နဲ့ မိလုံး လည်း ပါမယ် .. သမီးရဲ့ အန်ကယ်နဲ့ အန်တီတို့ တော့ မပါကြဘူးကွယ် ..''

ဟု ဖေဖေပြောတော့ ရွှေသွန်း ရယ်သည်။

''ဩော် .. မောင်ကျိုး လာမှာတဲ့လား .. အံ့ဩစရာပဲ .. ဒီလောက်ခြေ သင်းပင်းနဲ့ ချီတက်လာပုံထောက်တော့ .. ရှက်နဝေ မှာနေတော့မယ် ထင်ပါရဲ့ .. မောင်ကြီးက စာပေဝါသနာပါတယ်ဆိုတော့ကာ .. ရန်ကုန် လာပြီး စာရေးဆရာလုပ်တော့မယ်ထင်ပါရဲ့ .. ဒီမှာက စာပေတိုက် တွေပေါသကိုး လေ .. အင်း .. ဒါမှမဟုတ် .. ရန်ကုန်မှာ စာပေတိုက် ထောင်ပြီးတော့ကာ.. သူ့စာအုပ်တွေ ထုတ်တော့မယ်ထင်ပါရဲ့ .. အဟင်း ဟင်း ရယ်ရတယ်သိလား.. သူ ရောက်တဲ့အခါကျတော့ကာ .. ဒီက ရွှေသွန်းမေလေး က .. ဒီအချိန်မှာ ကဗျာဆရာမ .. စာရေးဆရာမဖြစ် နေပြီဆိုတာ သိများသိရင် .. ရင်တီးလက်ခတ် နဲ့ ညစာထမင်းမစား .. နေ့စာ ထမင်းမစား .. မနက်စာထမင်းမစားနဲ့ .. ဝိန်ညှောင်ပြီး အာဟာရပြတ် .. လေဟပ်နိုင်တယ်သိရဲ့လား ..''

ရွှေသွန်းမေ ပဲလေ ..။ တစ်ခါက .. ရွှေသွန်း ကို ကြည့်မရပြုမရဖြင့် ဘဝင်ခပ်မြင့်မြင့်ရှိလွန်းပါသည့် မောင်ကြီးကို ဘယ်မေ့နိုင်ပါ့မည်တဲ့လဲ .. မာနတလူလူတင်ရင်း ရန်ကုန်ကို တစ်ခေါက်ပင် ရောက်မလာနိုင်လောက် အောင် ဟန်ထယ်မာန်ထယ်နှင့် တော်တော်စိတ်ကြီးဝင်နေသည့်သူ ..။ ဤ သည်ကလည်း ရွှေသွန်း ကို ကြည့်မရသည့်စိတ်ကြောင့် ရန်ကုန်လိုက် မလာခြင်းဆိုတာ ရွှေသွန်း သိသည်ပေါ့ ..။ ရွှေသွန်းမေ ဆိုတာ ငနုံ မဟုတ်သည်ပဲလေ ..။ ဒါပေမယ့် .. မောင်ကြီးကို ရွှေသွန်း ကြည့်မ ချင်တာ မှန်ပေမယ့် မုန်းတော့ မမုန်းပါ။ ရွှေသွန်း ဆိုတာက ဘယ်သူ့ မဆို အပျော်ဘက်ကပဲ ကြည့်ချင်သည်။ အမုန်းဘက်က မကြည့်ချင် .. ကြည့်မရသည်က ကြည့်မရသည်ပဲရှိမည်။ မုန်းဟယ်ပြုဟယ်ဖြင့်ရှိလျှင်



ရွှေသွန်း ရင်ထဲ အမုန်းပူလာဟပ်မည်ပေါ့။ ဘယ်ကောင်းမည်တဲ့လဲ ..။ အပူဆိုတာ ရှောင်လျှင် အကောင်းဆုံးပေပဲလေ ..။ ခုလည်း .. မောင်ကြီး ရောက်လာမည်ဆိုတာသိရတော့ ရယ်စရာလုပ်၍ ပြောလိုက်ရသည်ပါပဲ။ ပြီးတော့ကျတော့ .. တကယ်လည်း ရွှေသွန်း ဆိုတာ စာရေးဆရာမလေး ဖြစ်နေပြီကိုးလေ ..။ ငွေသွန်းခင်ခင် ဆိုတာ ရွှေသွန်း ၏ ကလောင်အမည် ..။ လုံးချင်းနှစ်အုပ်ထွက်ပြီးပြီ ..။ ထုတ်ဝေသူကို စာမူခြောက်အုပ်အပ်ထား သေးသည်။ ဆက်တိုက်တစ်လတစ်အုပ်ထွက်မည်ဟု ထုတ်ဝေသူ မမလေး ဒေါ်ကေသရီနိုင် မှ ပြောသည်လေ ..။ ရွှေကောင်းကင်စာပေတိုက်မှ ထွက်နေခြင်း ..။

''သွန်း .. မေမေပြောမယ် .. တစ်ဖက်သားကို ပြိုင်ဘက်လိုသဘော ထားတာ မကောင်းဘူးနော် .. ဒါပဲပြောချင်ရဲ့ .. ပြီးတော့ .. အဲဒီလိုသဘော ထားခံနေရတဲ့လူက .. တခြားလူမဟုတ်ဘူး .. အစ်ကိုကြီးစည် နဲ့ လွှမ်း တို့ရဲ့ သား .. စန့်ညားမောင် ဖြစ်နေတယ် .. လူကြီးချင်း မျက်နှာပျက် အောင် စိတ်ထားမမွေးချင်စမ်းပါနဲ့ ..''

ဟု ခပ်တိုးတိုး မေမေ သတိပေးသလိုလို .. ဟန့်တားသလိုလိုဖြင့် ပြောလာတော့ ရွှေသွန်း ရယ်လိုက်သည်ပါပဲ ..။

''ဟင် .. မေမေကလည်း .. သွန်း ဘယ်မှာပြိုင်နေလို့လည်းလို့ .. ရွှေသွန်း ဝါသနာပါတဲ့ ဥပဒေပညာကို သင်တယ် .. ခု .. ရှေ့နေဖြစ်ဖို့အတွက် (Chamber) ဆင်းနေ တယ် .. တစ်နှစ်ပြည့်ရင် .. သွန်း ရှေ့နေဖြစ်ပြီ .. ပြီး တော့ .. စာပေဝါသနာပါလာတဲ့ သွန်း .. အထက်တန်းကျောင်းသူ ဘဝကတည်းက ဝတ္ထုတိုတွေဘာတွေရေး .. ကဗျာတွေရေး .. မဂ္ဂဇင်း တိုက်တွေပို့နဲ့ .. ခုဟာ .. စာမူ အရွေးခံရရာက စာရေးဆရာမ .. ကဗျာ ဆရာမလေးဖြစ်လာခဲ့တာပဲဥစ္စာ .. စာရေးတယ်ဆိုတာ .. ပြိုင်ဖို့ရှိုင်း ရတာမှ မဟုတ်တာ .. လူတစ်ယောက်ကို ပြိုင်ချင်လို့ .. အနိုင်ယူချင်လို့ .. စာရေးဆရာသူဖြစ်ရင် ငါလည်းဖြစ်ရမယ်ဆိုပြီး ပြိုင်ရအောင် .. အဲဒါက အပြေးပြိုင်တာမှမဟုတ်တာ မေမေရာ .. ပါရမီပါမှ .. စာရေးဆရာဖြစ်တာ

www.burmeseclassic.com



မေမေရဲ့ .. အဟက်ဟက် .. နည်းနည်းတော့ တိုက်ဆိုင်တာတော့ရှိတာပေါ့လေ .. သူနဲ့ သွန်း နဲ့ .. အနုပညာသည် ဖြစ်ရတာ တူနေသလိုဖြစ်နေတယ် .. ဒါပေမယ့် .. သူ့ခမျာ .. ခုထိ စာရေးဆရာ ဖြစ်ပုံမရပေါင် .. ဘာသံမှကို မကြားတာ .."

ဟု ပြောကာ ရယ်နေတော့ မေမေ မျက်မှောင်ကုတ်၍ကြည့်သည်။ နလုံးတွေ့ပုံမရသော အကြည့် ..။

"ညည်းလေး စာရေးဆရာဖြစ်နေတာ ခန့် ကို ပြောတောင်မပြောထားဘူးနော် .. ဟိုကရောက်လာရင် .. ပစ်ကြွားမနေနဲ့ .. ညည်းလေးဟာလေ .. သူများကို ကြွားဖို့ဆို ထိပ်တန်းက .. နည်းနည်းမှကို သိုသိုသိပ်သိပ်မရှိဘူး .."

မေမေပြောတော့မှ ရွှေသွန်း သိရသည်။ ဖေဖေနှင့် မေမေတို့က .. ရွှေသွန်း စာရေးဆရာမလေးဖြစ်နေတာကို အန်ကယ်နှင့် အန်တီကို ပြောပြကြသည်ပဲလေ။ ဒါပေမယ့် .. မောင်ကြီးကို အန်ကယ်နှင့် အန်တီတို့က မပြောပြဘဲ ထားသည့်ကိစ္စ ..။ ခုမှ သိရခြင်း ..။

"ဟင် .. ဟုတ်လား .. သွန်း ထင်တာက .. သူ့ခမျာ .. ရင်ထဲအောင့်သက်သက် .. နင့်တင့်တင့် .. မျက်တက်တက်နဲ့ ဖါးစားရင်း .. အူမှုပြီး မေ့ချင်စိတ်ပေါက်နေရှာတယ်လို့ ထင်နေတာ အဟက်ဟက် .. သူက .. သွန်းကို လွှတ်အထင်သေးတာရှင့် .. ကြည့်တာကိုက .. မျက်မှန်ထဲက ပြူးပြီးကြည့်တာ .. အထက်ဆီးကြည့် .. သူက အကောတ်ဆုံး .."

အတင်းအုပ် သည်ဟုဆိုရအောင်လည်း မှဲ့မှဲ့ရွှဲရွှဲပြောနေပုံမျိုး ဖြစ်မနေ။ ပြုံးဟယ်ရယ်ဟယ်ဖြင့် ရွှင်ရွှင်ပျပျပြောနေခြင်းပေမို့ ဘာမှတ်ချပေးရမှန်းမသိဖြောင် ဖြစ်နေရသည်က ဒေါ်ထားထားခင် ပါ ..။

"ဟုတ်တယ် .. ခမျာ .. သူ့မိဘအလုပ်တွေ လုပ်ကိုင်ကူညီနေရတာနဲ့ .. မြန်မာစာအမိကနဲ့ ကျောင်းပြီးလိုက်ရတာပဲရှိတယ် .. စာကို ဟုတ်ဟုတ်ညာညာမရေးနိုင်ရှာဘူး .. ခမျာ .. စာပေမြတ်နိုးလွန်းလို့ စာအုပ်နဲ့မျက်နှာမပြတ်တဲ့ ကလေးပါကွယ် .. ခမျာ .. အချိန်မရလို့သာ



စာတွေမရေးဖြစ်ပဲ အဖေလုပ်သူရဲ့ စက်ရုံကစာရင်းအင်းတွေနဲ့ စက်ရုံအလုပ်တွေနဲ့ ဝန်ပိနေရရှာတာ .. ညည်းလို .. အိမ်မှာ ကလေးလိုနေ .. အချိန်တန်တက္ကသိုလ်တက် .. ဘွဲ့ရ .. ကျော့ကျော့မော့မော့နဲ့အလုပ်သင်ရှေ့နေဆင်း .. အဲသလိုနေရရှာတယ်များ မှတ်သလား .."

သွန်း မေမေ့ကို သိပ်မသက်ာချင် ..။ ခမျာက .. ခမျာကနှင့် တော်တော်ကရုဏာငွေ့တွေ မေမေ့ လေထဲမှာ စီးမျောနေသည်။

"ဟိုကရောက်တောင်မလာသေးဘူး .. လာမယ်ဆိုရုံရှိသေး .. မေမေက .. သူ့ကို ကရုဏာသက်နေတယ် .. သနားချင်းသနားရင် .. သွန်းကို သနားပေါ့ .. သွန်း မှာ ဒီလောက်ထူတဲ့ဥပဒေစာအုပ်ကြီးတွေ ဖတ်ရ .. ကျက်ရ .. ဖြေရပြုရကြားထဲက .. စာရေးတဲ့ကိစ္စလည်းရှိနေရသေးတာ .. အိမ်မှာလည်း ငြိမ်နေလို့ရလား .. မေမေခိုင်းတဲ့ မီးဖိုချောင်ကိစ္စ .. ဒေါ်ကြီးစာကို ကူရတယ် .. ခွေးတွေနဲ့လည်း ဆော့ရသေးတယ် .. ဖေဖေနဲ့ မေမေ့ကိုလည်း ချွဲရသေးတယ် .. သွန်း ရှိလို့ ဒီကြာရိပ်ဖူးအိမ်ကြီး စည်ကားနေတာ သိရဲ့လားလို့ .."

ဤတစ်ကြိမ်မှာတော့ သွန်း နည်းနည်း မနာလိုတတ်လာပြီ။ သူ့ကို ဖေဖေနှင့် မေမေ မေတ္တာအရမ်းထားလိုက်မှာကို အူမွှအူတိုချင်လာသည်လေ ..။

"ပြိုင်ဘက်မရှိ .. ဖေဖေနဲ့ မေမေ့အချစ်ကို ပိုင်ထားတာနော် .. ဘယ်သူ့ကိုမှ ဖွဲ့မပေးနိုင်ဘူး .."

ဖေဖေ ကတော့ရယ်နေသည်။ မေမေကတော့ လိုက်မရယ်။ ခပ်တည်တည်ကြည့်နေ၏။ နောက်တော့ ထမင်းစားခန်းသို့ လက်ဆွဲ၍ ခေါ်လာသည်။

နွားနို့တစ်ခွက်၊ ပူတင်းတစ်တုံးစားခိုင်းသည်။ ဖေဖေနှင့် မေမေလည်းစားသည်။ နောက်တော့ သွန်း လက်ကိုဆွဲ၍ အပေါ်ထပ်ခေါ်လာပါ၏။

"ပြောစရာရှိတယ် .."

ဟုပဲ မေမေပြောသည်။ သွန်း နည်းနည်းတော့ စိတ်လက်ညစ်လာ

www.burmeseclassic.com

www.burmeseclassic.com



၏။ မောင်ကြီး လာမည်ဆိုကတည်းက သွန်း မှာ လွတ်လပ်ခြင်းတွေ ကျဉ်းကြပ်လာတော့မည်လားဟု နည်းနည်းတော့ စိတ်လေးစပြုလာ၏။ ဖေဖေနှင့် မေမေ့ပုံစံက မောင်ကြီးရောက်လာမည့်ကိစ္စကို အတော် လေးလေး နက်နက်ရှိနေကြသည်ဟု သွန်း ထင်လာသည်လေ ..။ ခုလည်း သွန်း ကို သွန်း၏ အခန်းထဲထိခေါ်လာပြီး မေမေ ဘာတွေမှာတမ်းခြွေမည်မသိ ..။ ဟင့်အင်း..။ စည်းကမ်းချမည်မသိ ..။ ဘယ်လိုနေ ..။ ဘယ်လိုပြော ..။ ဘယ်လိုယဉ်ကျေး..။ ဘယ်လိုဧည့်ဝတ်ကျေ ..။ ဘယ်လိုလိမ္မာ ..။ ပြော တော့မည်ထင့် ..။

"ဒီမယ် .. ရွှေသွန်းမေ .. တည့်တည့်ပြောချင်ပါရဲ့ .. ညည်းလေး ပုစိကွေးလေးကတည်းက ဉာဏ်များတာ မေမေသိတယ်နော် .. ခန့်ကြီး ကို အနိုင်ယူခဲ့တာ မေမေ သိတာပဲဥစ္စာ .. သူ့အပြစ်သူ ဝန်ခံအောင် .. ယောကျ်ားလေးမာနကို ညည်းလေးသွားဆွပြီး .. ညည်းရဲ့အပြစ်ကို ဝန်ခံ သလိုလိုနဲ့ .. သွန်း က မောင်ကြီးကို စွန်ဖြတ်ပစ်တယ်တွေဘာတွေ လုပ် တော့ ဟိုကငြိမ်နေရမှာ ယောကျ်ားမာနနဲ့ရှက်ပြီး သူ့အပြစ်ဝန်ခံလာ တာ မေမေ မသိဘူးများမှတ် နေလား .. အေး .. အခုချိန်မှာ .. ညည်းလည်း ကလေးမဟုတ်တော့ဘူး... သူလည်း ကလေးမဟုတ်တော့ဘူး .."

"သိပါတယ် မေမေရဲ့ .. သွန်း ဝေ င်မှ ကလေးမဟုတ်ဘူးလို့ မေမေ ထင်နေရင် .. သူက သွန်းထက် အကြီးပဲဥစ္စာ .. ပိုပြီးလူကြီးဖြစ်နေ တာပေါ့လို့ .. စိတ်မပူပါနဲ့ မေမေရယ် .. မောင်ကြီးကို မောင်ကြီးရဲ့ မေမေ အန်တီလွှမ်းကလည်း သေချာဆုံးမလွှတ်လိုက်မှာပါ .. သူ့ထက် ငယ်တဲ့ သွန်း ကို အနိုင်မကျင့်ဖို့။ ပြေပြေပြစ်ပြစ်ဆက်ဆံဖို့ .. ရန်မဖြစ်ဖို့ .. စကားကန့်လန့်မတိုက် ဖို့ .. ဘာမဆို အလျှော့ပေးဖို့ .. တစ်ခုခု သွန်းလေး ဘက်က ဆိုးနေရင်တောင်မှ မောင်ကြီးက အကြီးပေမို့ .. ဘယ်တော့မှ မဆူဖို့ .. အဲသလိုမှာမှာ သေချာပြီးသား .. ဘာမှစိတ်မပူနဲ့ မေမေ .. သူက သူ့မေမေ့စကားကို နားထောင်မှာပါ .. သွန်း ကို ရန်မဖြစ်အောင် သူ သေသေချာချာဂရုစိုက်ပြီးတော့ကာ.. ဆင်ဆင်ခြင်ခြင်နေပါလိမ့်မယ် .."



"ဟဲ့ .. သွန်းမမ .. အမေလုပ်သူက ပါးစပ်လေးဟရုံရှိသေးတယ် .. ညည်းက ပါးစပ်စကားတစ်လုံးပြေးနေပြီ .. ပါးစပ်ပိတ်ငြိမ်စမ်း .."

ဟက်ခနဲ ရယ်သံပေါ်လာ၏။ သွန်း ကတော့ ဤသို့ပါပဲလေ။ ပျော်ပျော်နေဖို့ဆိုတာက ဉာဉ်လိုဖြစ်နေပြီ။ မူပိုင်ဖြစ်နေပြီ။ ငယ်ကျင့်ဖြစ် နေပြီ။ ဘာမဆို ပြုံးရယ်စရာအဖြစ်ပဲ ခံယူတတ်တာများသည်လေ ..။ ယခုလည်း မေမေ့ကိုဖက်၍ ရယ်ပြနေလိုက်သည်ပါပဲ။

ဖေဖေ ထရပ်ကာ သွန်း ၏ ခေါင်းကိုပုတ်သည်။

"အဲဒါကြောင့် .. ဒီလိုအပြစ်ကင်းတဲ့ ဒီသမီးလေးကို ဖေဖေချစ် ဘာကွ .."

ဟု ပြောတာမို့ ပါးချိုင့်လေးခွက်ခွက်ပါအောင် သွန်း ရယ်သည်။

"အဲလိုပြောပေးပါ ဖေဖေရာ .. ပျော်လို့ .."

ဟု မေမေ့ကို ဖက်ထားသည့် လက်တစ်ဖက်ကိုဖြည်၍ ဖေဖေ့ကို ခိုမကမ်း လှမ်းဖက်ရင်း ချွဲပစ်လိုက်သည်ပါပဲ။

"သွန်း .. ညည်း မှန်ထဲကြည့်စမ်း .."

ဟု မေမေပြောတော့ သွန်း ရယ်၍ မှန်ကိုလှမ်းကြည့်သည်။ ထရပ် ၍လည်း မှန်ရှေ့မှာ ချာလ ဲချာလည်လေး ဖေဖေနှင့် မေမေ့ကို လုပ်ပြ ပါ၏။ မှန်ရှေ့မှာရပ်၍ ဆံကျစ်ရှည်ကြီးနှစ်ဖက်ကို ရှေ့ချလိုက် သေးသည်။ ဒူးဆစ်ဖုံးဘောင်းဘီအနားတွန့်ကိုလည်း ဂါဝန်ဘေးစလေး သက်ဖြင့် ညှပ်ဖေးကိုင် သည့်နှယ်လုပ်၍ တစ်ချက်လှည့်ပက်ပြလိုက် သေး၏။ လက်အနားတွန့်လေးတွေပါသော လက်တိုအကျီလေးသည် လည်း ဘောင်းဘီနှင့် ဆင်တူကာတွန်းရုပ်တွေနှင့် ဖြစ်ပါ၏။ မှန်ထက် မှာ ထင်နေသည့် ပါးချိုင့်ခွက်ခွက်ပါအောင်ရယ်နေသည့် မျက်နှာကို ကြည့်ကာ ..။ မျက်တောင့်ထူထူဖြောင့်ဖြောင့်ရှည်ရှည်ကို ထိသည်။ မျက်ဝန်းနက်နက် တောက်တော က်လေးကိုလည်းကြည့်သည်။ သွားတက် ဒူးလေးပေါ်အောင်လည်း ရယ်ပြလိုက်သေးသည်။ နှာတံလေးငေါ်နေ ကာ နှုတ်ခမ်းလေးဖူးနုဥနေသည့် ပုံရိပ်ကိုကြည့်၍ သွန်း ဟက်ခနဲ ရယ်ပြ

www.burmeseclassic.com

www.burmeseclassic.com



မိသည်က မေမေ့ကိုပါ ...။

"ရှေ့နေဝတ်စုံလေးနဲ့ဆို သိပ်လိုက်မှာနော် .. အဲ့ဒီအခါကျရင် သွန်း က ထမီရှည်ရှည်လေး .. ဂျူတီကုတ်အနက်လေး .. ဆံထုံးလေး ဗန်းလေး ဘာလေးတစ်ပွင့်လောက်တော့ ပန်ရင်း .. အမှုတွဲဖိုင်ကြီးပိုက် ဥပဒေစာအုပ်ကြီးတွေဘာတွေနဲ့ .. တော်တော်ကြည့်လို့ပြုလို့လှနေ နော် .. ဖေဖေ .."

အဖေလုပ်သူကိုပါ လှမ်း၍ သွန်း ချွဲနေချိန်မှာ မေမေ သွန်း ကြည့်ကာ ...

"အေး .. ညည်း .. အဲသလို .. လူကြီးဆန်ဆန်လေးဖြစ်ရတော့ နားလည်ထားဖို့လိုနေပြီဆိုတာလည်း ထည့်တွေးဖို့မမေ့နဲ့ .. ကဲ .. ပြော စရာရှိတာပြောမယ် .. ညည်း ပါးစပ်ခဏလောက်ငြိမ်စေ့ထားစမ်း .."

ဟု လှမ်းတားယူရသည်။ သွန်း လက်ဖဝါးလေးဖြင့် ပါးစပ်ပေ အုပ်၍ ပိတ်ပေမယ့် မျက်ဝန်းတွေးက ပြုံးနေသည်။

"အေး .. ညည်းကို အိမ်ထောင်ချမလို့ .."

ဟု မေမေ ကောက်ကာငင်ကာပြောတော့ သွန်း တစ်ချက်ငေး ကြည့်၏။ နောက်တော့ နှုတ်ခမ်းပေါ်အုပ်ထားသည့် လက်ဖဝါးလေး ကိုဖယ်သည်။ ရင်ကိုဖိသည်။ မှန်ထက်မှာ ထင်နေသည့် အင်္ကျီလက်ပြတ် အနားတွန့်နှင့် ဒူးဆစ်ဖုံး ဘောင်းဘီကာတွန်းရုပ်ဒီဇိုင်းနှင့်ရှိနေသည် ပုံကိုကြည့်သည်။ နောက်တော့ရယ်၏။

"ဟက်ဟက် .. ဒီပုံကြီးနဲ့ သွန်း ကို မေမေက အိမ်ထောင်ချ ပေးမယ် .. ဟက်ဟက် .. ကလေးလေးလိုရှိနေတဲ့ဥစ္စာကိုများ .. မေမေက နောက်နေသေးတယ် .. ရီရတယ် မေမေရယ် .. ဟက်ဟက် .. ဒီပုံကိုတဲ့ အိမ်ထောင်ချမလို့တဲ့ .."

ကျစ်ဆံမြီးရှည်နှစ်ဖက်ကိုလည်း လက်ဖြင့်ကတော့ထိုး၍ကိုင်ပြီး မှန်ထဲကို ကြည့်ကာ ရယ်ပြန်၏။

"မိသွန်း .. မေမေ နောက်နေတယ်ထင်မနေနဲ့ .. တကယ်ပြော



နေတာသိရဲ့လား .. အိမ်မှာ ညည်းလေးပေါ်တာထနေတာ ကိစ္စမရှိဘူး .. တစ်သက်လုံး အဲသလိုပေါ်တာလုပ်နေလို့ရမလား .. ညည်းလေး အရွယ် ရောက်နေပြီဆိုတာ ညည်းဘာသာညည်း သိဖော်မရပေမယ့် .. မိဘတွေက မသိလို့မရဘူး၊ ဒီတော့ .. သမီးကညာအရွယ်ရောက်လာ .. ချိန်ခါမလင့်ပါ စေနှင့်ဆိုသလို .. ညည်းကို .. အိမ်ထောင်ချမှာ တကယ်ပြောနေတာ .. ပြောလိုက်ရင် .. ဘယ်စကားမဆို .. ပြက်လုံးထုတ်တယ်ထင်ပြီး ရယ်ဖို့ပဲ တွေးနေ .."

တကယ် မေမေ အတည်ပြောနေခြင်းများလားဟု ရွှေသွန်း နည်းနည်း လန့်စပြုလာသည်။ ဖေဖေ့ကို တစ်ချက်လှမ်းကြည့်တော့ ခေါင်းညိတ်ပြ သည်က ဖေဖေပါ ..။

"ဟုတ်တယ် သမီးသွန်း .. သွန်းလေး ကို မောင်ခန့်ညား နဲ့ နေရာချ ဖို့ ဖေဖေတို့နှစ်ဖက်မိဘက သဘောမျှထားတယ် .. အဲဒါ .. မောင်ခန့် ရောက်လာတဲ့အခါ .. အပြောအဆို .. တစ်ဖက်သားရင်ထဲမကောင်း အောင် နောက်ပြောင်ကျီစယ်တာတွေမလုပ်မိပါစေနဲ့ကွယ် .. သမီးရဲ့ အဲ့ဒီအကျင့်ကိုသိလို့ ဖေဖေနဲ့ မေမေတို့က ကြိုတင်ပြီး .. သတိပေး .. အသိ ပေးရတာပါ .. သတိပေးတာက .. မနောက်ပြောင်ဖို့ .. အဲသလိုမနောက် ပြောင်ဖို့ဆိုတာကလည်း .. တစ်နေ့မှာ မောင်ခန့် ဟာ သမီးရဲ့ ခင်ပွန်း ဖြစ်လာမယ်ဆိုတာကို အသိပေးမှ ဖြစ်မှာမို့ အသိပေးရတာပါကွယ် .. ဖေဖေနဲ့ မေမေတို့က စိုးရိမ်တယ်လေ .."

သွန်း ငြိမ်နေပြီ။ လုံးဝ ငြိမ်နေခြင်း။ ဖေဖေ စကားဆက်၏။

"သွန်းလေးမှာက .. ဘယ်သူ့မဆို .. နောက်ပြောင်ကျီစယ်တဲ့ ငယ်ကျင့် ရှိတယ် .. အဲဒီအကျင့်ကြီးကြောင့် .. အဲဒီ ခန့်လေး ကို .. တစ်ခုခု သမီး ကျီဆယ်လိုက်မှာစိုးတာပဲ ... ဒါကြောင့် .. အဲသလို မလုပ်မိအောင် .. သမီးကို ဒီကိစ္စအသိပေးရတာ .. ကိုယ် လက်ထပ်ရမယ့်သူ တစ်ယောက်ကို .. လေးလေးစားစားဆက်ဆံရမယ်လေ သမီးရဲ့ .. နောက်တီး နောက်တောက် သွားလုပ်မိရင် .. ဟိုက စော်မှတ်သွားလောက်အောင် စိတ်နာသွားတာ

www.burmeseclassic.com

www.burmeseclassic.com



မျိုးဖြစ်ကျန်မှာ စိုးရိမ်တယ် .. စကားပုံရှိတယ် မဟုတ်လား .. အကျီစားသန် .. ရန်သူဖြစ်ဆိုတာလေ .."

ဟု ပြောနေတော့ သွန်း မျက်တောင်တဖျတ်ဖျတ်ခတ်သည်။ နောက်တော့ စတင်၍ငို၏။

"သွန်း ကဖြင့် .. ပျော်လို့တောင်မဝသေးဘူး .. ဖေဖေနဲ့ မေမေ့ဆီမှာ ကလေးလိုနေနေတဲ့ သမီးကို .. ဖေဖေနဲ့ မေမေမို့ .. လူကြီးလုပ်နိုင်းရက်တယ် .. ကလေးလိုနေတာ နေပါစေလား .. ဘယ်သူ့ကိုဆိခိုက်တာမှတ်လို့ .. ပြီးတော့ .. အဲဒီလူကြီးကိုလည်း လက်မထပ်ချင်ပါဘူး .. သူက သွန်း ကို မေတ္တာပျက်နေတာသိရဲ့လား .. မေတ္တာတုံးနေတာသိရဲ့လား .. အဲဒါကြီးနဲ့ လက်ထပ်ပွဲကျင်းပရင်ဖြင့် .. အဲဒီနေ့မှာပဲ .. သွန်းတော့ စိတ်ညစ်လို့ သေမှာ .. မျက်နှာက ရှစ်ခေါက်ချိုး .. မျက်မှန်ကထူသေး .. ဘဝင်ကမြင့်သေး .. သူ့ထက်သာတဲ့သူ မွေးကိုမမွေးသေးတဲ့အတိုင်း .. မမွေးဖူးတဲ့အတိုင်း တခြားအမေတွေကိုပါ အထင်သေးတဲ့လူမျိုး .. အဲသလိုလူမျိုးနဲ့ သွန်း လက်ထပ်ရရင်တော့ .. သူ့မာနပိလို့ သွန်း က သေရမှာ .."

သွန်း ငိုကာယိုကာပြောသည်။ ပြောရင်းလည်း နှပ်ညှစ် ..။ ဘောင်းဘီမှာ ပွတ်သုတ်ရင်း ဖေဖေနှင့် မေမေ့ကို ခိုး၍ကြည့်သည်။ အေးအေးဆေးဆေးငြိမ်ကြည့်နေတာမြင်တော့ စိတ်ဓာတ်ကျလာရသည်ပါပဲ။ သနားကြပုံမပေါ် ချေသည်ပဲဟု သိလာရသယောင်ရှိနေပြီကိုးလေ ..။

"ပေးစားမှာပဲ .. ငိုပြမနေနဲ့ .. ညည်းနဲ့ အသင့်တော်ဆုံး မောင်ခန့်ညားနဲ့ .. ညည်းကို လက်ထပ်ပေးမယ် .. နှစ်ဖက်မိဘသဘောမျှထားတဲ့ကိစ္စ .. ညည်း ငိုပြလို့လည်း မပျက်ဖူးသိရဲ့လား .. သူ ရောက်လာရင် .. ညည်းဘက်က မေတ္တာမတုံးဖို့လိုတယ် .. ဘဝင်မြင့်မပြဖို့လိုတယ် .. မကြွားဖို့လိုတယ် .. မစွာဖို့လိုတယ် .. ဉာဏ်မများဖို့လိုတယ် .. နားလည်လား .. ညည်းက .. ညည်းလောက်တော်တဲ့သူ ဘယ်အမေကမှ မမွေးသေးဘူးလို့ ညည်းကိုယ် ညည်းမထင်ဘူးမဟုတ်လား .. အေး .. အဲသလိုနေ ..



ညည်းထက်တော်တဲ့ မောင်ခန့်ညားမောင် ဆိုတာ ရှိပါလားလို့ နှလုံးပိုက် .."

ဟု ချက်နှင့်လက်နှင့် ပြောတော့ အော်ငိုသည်။ ဘာ့ရမည်လဲ ..။ ဘိုးတိုး ငိုပြ၍မရလျှင် ကျယ်ကျယ်ငိုပြမည်။

"မယူဘူးဆို မယူဘူးနော် .. သတ်သေပစ်မယ်သိရဲ့လား .."

ဟု အော်ငိုရင်းပြောချိန်မှာပင် သွန်း အော်ငိုသံကြောင့် အပုလေးနှင့်အတူ မျက်စိမျက်နှာပျက်ကာ အခန်းထဲရောက်လာသည့် ဒေါ်ကြီးစာ ခများ လန့်သွားရှာပြီ ..။

"ဘုရား .. ဘုရား .. သွန်းလေး ဘာဖြစ်တာလဲ .. ဘာလို့ငိုတာလဲ .. ဖြစ်ရလေ .. ဘယ်တုန်းကမှ ဒီလိုဝမ်းနည်းပက်လက်မငိုစဖူးရှင် .."

ဟု ဒေါ်ကြီးစာ ခများ အသည်းကျော် သွန်း ကို မေ့၍မေးရှာသည်။

"ညည်းလေး ပညာတွေတတ်ထားတာနော် .. မိဘကချစ်လို့ အားလုံး အလိုလိုက်အကြိုက်ဆောင်ခဲ့တာ မမေ့နဲ့ .. ကိုယ့်ကိုယ်ကိုယ် သတ်သေတယ်ဆိုတာ .. မိဘရင်ကိုကွဲအောင်လုပ်ခဲ့တာပဲသိရဲ့လား .. လုပ်ရက်ရင် လုပ်ကြည့်လေ .. မိဘတွေ ရင်ကွဲနာကျအောင် ကျိန်စာတိုက်ခဲ့သလိုလုပ်ရက်ရင်လုပ်.."

ဟု မေမေပြောကာ ဖေဖေ့လက်ကိုဆွဲ၍ အခန်းထဲထွက်တော့ ဒေါ်ကြီးစာ မျက်ရည်စက်လက်ဖြင့် ကျန်ခဲ့သည်ပါပဲ။ သွန်း ကလည်း ဒေါ်ကြီးစာ ကိုပဲ အားကိုးကျန်တော့သည့်နှယ် ဖက်၍ဖက်၍ ငိုကျန်ခဲ့ရပါ၏။

"ဒေါ်ကြီးစာ .. သူ့ကို အရေးအရာလုပ်ချော့မနေနဲ့ .. လာခဲ့ .. အပုလေးနေခဲ့ .."

ဟု မေမေ အခန်းတံခါးအရောက်မှာ လှည့်ပြောတော့ ဒေါ်ကြီးစာ ချက်နှာညှိုးသွားရရှာသည်။ မေမေတို့မရှိတော့မှ သက်ပြင်းရှိုက်၍ ..။

"မကြံကောင်း မစည်ရာမလုပ်မိစေနဲ့နော် .. ဘာလို့ ဒေါ်ကြီးစာ့ သွန်းလေး ဒီလောက်ဝမ်းနည်းပန်းနည်းဖြစ်များဖြစ်နေရလိမ့်မလဲလေ .."

"သွန်း ကို ယောကျ်ားပေးစားမလို့တဲ့ .. အဲဒါ .. ပေးစားရာလား

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြီးစာ ရဲ့ .. ဒီ ရွှေသွန်းလေး ကို .. ပေးစားစရာလားလို့ .. ကဲ .."

ဆောင်းဘီစလေးလက်ဖြင့် ဆေးဘက်လက်လေးဖြန့်၍ ပြလိုက် ..။ အင်္ကျီလေး လက်ဖြင့်ပွတ်ပြလိုက်ဖြင့်ရှိနေရင်း မော့မေးတော့ ...

"ဟဲ့ .. ဟုတ်ရဲ့လား ကလေးရယ် .. ဒီလို ကလေးလေးလို နေတဲ့ ဥစ္စာ ကို ပေးစားမှာတဲ့လား .. နားကြားလွဲတယ်ထင်ပါရဲ့ ကလေးရယ် .. မမလေးထား က အဲသလိုပြောမယ်မထင်ပါဘူး သွန်း ရဲ့ .."

ဟု ပြောတော့ သွန်း ပို၍အော်ငိုပြသည်။ အောက်ထပ်က မေမေတို့ ကြားအောင် အော်ငိုပြခြင်း ..။ တက်လာပြီးတော့များ ခေါင်းလေး ဘာလေးပွတ် ..။

"ဒီလောက်ငိုနေရင်ဖြင့်လည်း .. မပေးစားတော့ဘူး .. တိတ် .. တိတ်တော့ .."

ဟုများပြောလာမည်လားဟု မျှော်ကိုးရင်း အော်ငိုခြင်း ..။ ဒါပေမယ့်.. ဘယ်သူမှ တက်မလာ ..။ ခြေသံနှင့် တူတာဆို၍ လေတိုးသံပင်မရှိ။ စိတ်ဓာတ်ကျလာသည်က သွန်း ပါ။ နေရင်းထိုင်ရင်း ယောကျ်ားယူ ရတော့မည်လားဟု လန့်ဖျန့်လာသည်။

မောင်ကြီးကို အမုန်းစိတ်မမွေးပေမယ့် ..။ ခုလိုကျတော့လည်း အချစ်စိတ်ကြီးမွေးဖို့ဆိုတာကတော့ဖြင့် ခက်သည်။ သွန်း က .. ဘဝင်မြင့် သည့် လူတစ်ယောက်ကို လက်ထပ်ချင်စိတ်မမွေးနိုင်သည့် သွန်း ပဲလေ ..။

"ဆိုင်းမဆင့် ဗုံမဆင့်ကြီး ကြားရတာကွယ် .. မဖြစ်နိုင်ပါဘူး .. မဟုတ်နိုင်ပါဘူး .."

ဟု ဒေါ်ကြီးစာ ပင် မယုံနိုင်ပဲဖြစ်နေသည်။

"အဲဒါပြောတာပေါ့လို့ .. ဒေါ်ကြီးစာတောင် မယုံနိုင်ပဲဖြစ်နေတဲ့ ကိစ္စ သွန်း က ပိုဆိုးတယ်သိလား .. လုံးဝကို နားမလည်နိုင်ဘူးဖြစ် နေတယ် .. ကလေးလိုနေနေတဲ့ သွန်း ကို .. ဒီတိုင်းထားတော့ ဘာဖြစ် မှာကျလို့ .. ဖေဖေနဲ့ မေမေမို့ .. ယောကျ်ားပေးစားဖို့ အကြံထွက် ရက်တယ် .. ဒီအကြံမထွက်သင့်ဘူး .. သိရဲ့လား .. ဟုတ်တယ်နော်



ဒေါ်ကြီးစာ .."

ဟု ပြောပြော ငိုရင်းမှ ...

"သတ်သေမှာနော် .."

ဟု အောက်ထပ်ကကြားအောင် အော်ပြောချိန်မှာ ...

"ဒေါ်ကြီးစာ .."

ဟု မေမေ့ခေါ်သံပေါ်လာတော့ ဒေါ်ကြီးစာ ခများ မနေသာ ..။ အောက်ထပ်ဆင်းဖို့ ခေါင်းတကုတ်ကုတ်ဖြင့်ထရပ်သည်။

"အပုလေး .."

"ရှင့် .. အဟာစ်ဟင့် .."

အပုလေး ကလည်း သွန်း ကို သနား၍ငိုနေပြီ။ ဘာမုန်းညာမုန်း မသိဘဲ ဝမ်းနည်းပမ်းနည်းငိုကြီးချက်မဖြစ်လာသည်က အပုလေး ..။ အပုလေး သွန်း ကို သနားသလို ဖေဖေနှင့် မေမေ လိုက်၍ သနားကြ လျှင်အကောင်း ..။ ခုက .. သနားရမည့်သူက မသနားဘဲ အောက်ထပ်ရောက် နေတာဆိုးသည်ဟု သွန်း တွေးမိပြန်၏။

"ညည်း မမသွန်း ကို သေချာကြည့် .. အခန်းထဲလည်း သေချာ လိုက်ရှာ .. ဖြစ်ပါဘူးလေ .. ငါလည်း ရှာမှပါ .."

ဟု ပြောကာ စာကြည့်စားပွဲပေါ်က ခဲတံချွန်သည့်ဓား စက္ကူဖြတ် သည့် ဓားပါမကျန် ရှာဖွေပြီး ဒေါ်ကြီးစာ သိမ်း၏။ သွန်း ကတော့ ဆိုဖာပေါ် ခြေဆင်းထိုင်ငိုနေဆဲ ..။ နှစ်ယောက်ထိုင် ဆိုဖာပေါ် တူတူ လိုက်ထိုင်၍ အငိုကူးနေသည့် အပုလေး ကို ဒေါ်ကြီးစာ ကြည့်သည်။

"ဟဲ့ အပုလေး .. ငိုကြောရှည်မနေနဲ့ .. ရှာစမ်း .. အပ်တိုတစ် ချောင်းတောင်မရှိစေနဲ့ .. တွေ့ရင်သိမ်းစမ်း .."

ဟု ပြောတော့ အပုလေး မျက်ရည်ကိုသုတ်ရင်း ထရပ်၏။ ဟိုဟို သည်သည်ကြည့်၏။ စားပွဲပေါ်ရှာ၏။ ရှုးပေါ်ပေါ်တူမတော်ကို ခုမှ ဒေါ်ကြီးစာ စိတ်မချ လက်မချ ထပ်ကြည့်ရင်းမှ ...

"ဟဲ့ .. ဘာရှာနေတာလဲ .."

www.burmeseclassic.com

www.burmeseclassic.com



"နော့ .. အပ်တိုရှာဆို .. အပ်တို မတွေ့ဘူး .."

ဟု ဖြေတော့ ဒေါ်ကြီးစာ နဖူးပေါ် လက်ကို ဖတ်ခနဲရိုက်၍ ...

"သေချင်တယ်ဟယ် .. ညည်းနဲ့ .."

ဟု ညည်းကာ စိတ်လေးလေးဖြင့် အခန်းထဲမှထွက်ဖို့ပြင်သည်။ ဒေါ်ကြီးစာ လက်ထဲမှာလည်း ဓားပေါက်စနစ်ခုပါ၏။

နောက်တော့လည်း စိတ်မချနိုင်စွာ ပြတင်းပေါက်တွေ လိုက်ပိတ်ပြန်၏။ ဆေးဗီရိုထဲမှ အကိုက်အခဲပျောက်ဆေး၊ အဖျားပျောက်ဆေး၊ ပရုပ်ဆီဘူးပါမကျန် သိမ်း၏။ လိမ်းဆေးလည်း ချန်မထားခဲ့ ...။

"အပုလေး .."

"ရှင့် .. အဟင့်ဟင့် .. အီးဟီး .."

ခုထိ ငိုရှိန်မသတ်နိုင်သေးပဲ အပုလေး ထူး၏။ သွန်း အငိုမရပ်သရွေ့ အပုလေးလည်း ရပ်မှာမဟုတ်တာကို သိလာရသည်မို့ ...။ အပုလေးကို သနားစိတ်ဖြင့် သွန်း အငိုရပ်ဖို့ စတင်ကြိုးစားနေရပြီ ...။

"ညည်း မမသွန်း .. ပြတင်းပေါက် မဖွင့်စေနဲ့ .. ကြားလား .."

သွန်း ပြတင်းပေါက်ပေါ်က ခုန်ချမှာ လန့်ရှိန်ဖြင့် ဒေါ်ကြီးစာ တားခြင်း။

"ဟုတ်ကဲ့ .. အီး .. ဟင့်ဟင့် .. အီး .."

"ဟဲ့ .. ငိုတာရပ်စမ်း .. ညည်းက .. ဘာကို့ .. ဒီလောက်အငိုသန်နေရတာလဲ .. စိတ်များညစ်ပါရဲ့နော် .."

"မမသွန်း ကို သနားလို့ပါဆို .. သနားလို့ပါဆို .. မမသွန်း ရဲ့ .. မငိုပါနဲ့ .. အပုလေး .. မမသွန်း ငိုတာ .. မမြင်ဖူးဘူး .. ခုမှ မြင်ဖူးတာ .. သိပ်သနားတာပဲ .."

ဟု ငိုကြီးချက်မဖြင့် အပုလေး တငိုငိုတယိုယိုဖြစ်လာတော့ သွန်းမှာ အငိုရပ်လိုက်ပါသတည်း။ သွန်း ငိုင်ခနဲဖြစ်၏။

ခန့်ညားမောင် ဆိုသော မောင်ကြီး ...။

သူသည် သွန်း မက်မောတန်ဖိုးထားသော ပျော်ရွှင်ခြင်းများကို



ရင်မှ နှုတ်သိမ်းသည့်သူဖြစ်နေသည်။

ဒါပေမယ့် .. ပျော်ရွှင်ခြင်းကို မြတ်နိုးတန်ဖိုးထားသော သွန်း၏ အရင်းခံစိတ်သည် ...။ သူတစ်ပါးထံမှ ပျော်ရွှင်ခြင်းဆိုတာကို ဘယ်လိုမှ မနှုတ်သိမ်းရက်နိုင်သူဖြစ်ချေသည်မို့ ...။

မောင်ကြီးထံမှ ပျော်ရွှင်ခြင်းများကို .. ဘယ်လိုမှ မဖျက်ဆီးရက်ပါ ...။

ကိုယ်မြတ်နိုးမက်မောသော အရာတစ်ခုကို .. သူတစ်ပါးထံမှ လည်း မလုယူရက်ပါ ...။ မဖယ်ရှားရက်ပါ ...။

ဒါကြောင့် .. သွန်း .. တစ်ခုခုတော့ .. ကြိုးစားရမည်။ စဉ်းစားရမည် ...။ သွန်း အငိုရပ်၏။ အကြံထုတ်၏။ မျက်ရည်ဆိုတာက .. အငိုရပ်ဖို့ ကြိုးစားပေမယ့် ကျတတ်သည်ကောလေ ...။ ပါးပြင်ပေါ်ကျလာသည့် မျက်ရည်ကို သွန်း ဝမ်းနည်းပမ်းနည်း သုတ်မိရသည်ပါပဲ ...။

မေမေ'.. ဤမျက်ရည်ကို .. မသုတ်ပေးပဲနေဖို့ .. ပြတ်သားနေသည်တကား ...။ အားကိုးရာမရှိသည့်နှယ် ခံစားရသည်က .. သွန်း ပါ ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

"ဒါဆို ငါ့လူက .. အဲဒီသေးတာတာကောင်မလေးနဲ့ တစ်နေ့မှာ လက်ထပ်ဖို့ရာအတွက် လွန်ခဲ့သော နှစ်ကာလကြာညောင်းချိန်ကတည်းက .. ဆုံခဲ့ရတယ်လို့ ပြောရမလိုဖြစ်နေတယ်ကွ .. အဲသဟာပြောတာပေါ့ .. ငယ်စဉ်ကကြုံခဲ့ရ .. ထူးဆန်းပါ့ ဤဖူးစာ .. ဆိုတာလေ .. ဟက်ဟက် .. ငါတော့ ဝမ်းသာသကွ .. ကောင်မလေးက အချောလေး .. တော်တော်ကြီးကို ချောတာသိရဲ့လား .. စာတတ်ပေတတ်လေးလည်းဖြစ်တယ် .. ရှေ့နေတောင်ဖြစ်တော့မယ်ဆိုပဲ .. ငါ့ဖြင့် အံ့ရော .. အဲသလို အလွန်ပျော်တတ်တဲ့ ကလေးလေးဟာ ရှေ့နေတွေဘာတွေများ ဖြစ်တော့မှာပါလားလို့လေ .. အိုး .. လှလိုက်ချက် ကတော့ 'ဖွေးဖွေးကိုဥလို့ .. မှုန်မှုန်ကိုညက်လို့ .."

ရွှက်နုဝေရောက်ပြီး ခဏနား ..။ ရေမိုးချိုးပြီး သူ ခြံထဲဆင်းလာချိန်မှာ လေးလေးသိန်း ကို ဆေးပေါ့လိပ်တစ်တိုခဲလျက်ဖြင့် ဥယျာဉ်ထဲမှာရှိနေတာတွေ့ရသည်မို့ သူ ခုံတန်းပြာထက်မှာ သွားထိုင်မိရ ..။ လေးလေးသိန်း ကို ခေါ်မိရ ..။ ရင်ထဲမွန်းကြပ်နေတာတွေကို ဖွင့်ပြောမိရနှင့် ဖြစ်ကုန်ရသည်ပါပဲ။ ဘာကြောင့်ဆို .. ရွှေသွန်းမေ နှင့် သူ့ကို နေရာချချင်သည့်ကိစ္စ လေးလေးသိန်း သိပြီးလည်းဖြစ်ချင်ဖြစ်နိုင်သည်လေ ..။ ဖေဖေနှင့် မေမေတို့ဖွင့်ပြောပြထားနိုင် သည်။ ဒါကြောင့် .. လေးလေးသိန်း



ကို သူ့ရင်ထဲ တင်းခဲနေတာတွေ အတန်မျှပေါ့အောင် ရင်ဖွင့်ရခြင်း ..။ ပြီးတော့ကျတော့ ကောင်မလေးနှင့်ပတ်သက်၍ ဘာတွေအဆိုးရှိသည်ဆိုတာ လေးလေးသိန်း ထံမှာ သူ အစ်အောက်မေးစမ်းဖို့ စဉ်းစားထားသည်လေ ..။ လေးလေးသိန်း က ကြာရိပ်ဖူးသို့ ရောက်သည့်သူ ..။ ဖေဖေနှင့် မေမေတို့နောက် တကောက်ကောက် ကားမောင်းပို့ခဲ့ရသည့်သူပေမို့ ..။ ရန်ကုန်သို့ ဖေဖေတို့ ရောက်လျှင် လေးလေးသိန်း လည်း ရောက်သည်။ ကောင်မလေးရှိရာ ကြာရိပ်ဖူးသို့လည်း ရောက်သည်။ ကောင်မလေးကိုလည်း ကောင်းကောင်းတွေ့ဖူး ..။ အကျင့်ဆိုးလေးရှိသမျှလည်း သိဖူးမြင်ဖူးရမည်လေ၊ ဒါတွေကို သူ သိထားဖို့လိုသည်။ ကောင်မလေး ဆိုးတာတွေကိုအကြောင်းပြ၍ ဖေဖေနှင့် မေမေ့ကို ငြင်းရမည်ပေါ့ ..။

လေးလေးသိန်း ကတော့ သူ့ထံမှ ရင်ဖွင့်စကားကိုကြားတာနှင့် မြူးတူး ရွှင်ပျဖြစ်ကုန်သည်မို့ ..။ သူ စိတ်ဓာတ်တော့ ကျချင်ချင် ..။ ဘယ့်နှယ် .. လေးလေးသိန်း ၏ ပုံအချိုးက သူ့ကို ကောင်မလေးနှင့် သဘောမျှနေသည့် အချိုး ..။

"အစ်ကိုကြီးနဲ့ မမလေးတို့ နှုတ်လုံလိုက်ပုံများ .. မင်းနဲ့ သွန်းလေးကို ခုလို .. စီစဉ်ထားတာတွေ လေသံတောင်မသမ်းဘူးကွ .. ငါ့ကို .. အသိပေးဖို့နေနေသာသာ .. အစ်ကိုကြီးနဲ့ မမလေးတို့ ကားထဲမှာရှိနေကြရင်း တစ်ယောက်နဲ့တစ်ယောက် အဲဒီကိစ္စတွေပြောနေကြတာမျိုးတောင် မရှိခဲ့ကြဘူး သိရဲ့လား .. ရန်ကုန်နဲ့ နောင်တရားထိသွားရတဲ့ခရီးဆိုတာ နည်းတဲ့ ခရီးလား .. အရှည်ကြီးရယ် .. တောင်တောင်အီအီပြောတာမျိုးတွေထဲ ညှပ်ပြီး ပြောတာမျိုးတောင်မရှိခဲ့ဘူးကွ .. တန်တော့ ကြည့်ရတာ .. ငါသိရင် .. ငါ့လူကို လျှာချောင်နေမှာစိုးပုံရတယ်ကွ .. အေး ... ငါကလည်း တကယ်တမ်း သိကြည့် .. ကြားကြည့် .. ငါ့လူကို .. ဝမ်းသာစိတ်နဲ့ သံတော်ဦးတင်မိမှာ သေချာသဟော့ .. ဟေးဟေး .. နေနဲ့လ .. ရွှေနဲ့မြလို အလွန်လိုက်ဖက်ကြတဲ့သူတွေကိုး .."

အရိပ်အကဲ လုံးဝမသိပဲ အပျော်တွေ တစ်ကိုယ်လုံး လူးနေသည့် လေးလေးသိန်းကို သူ မျက်မှောင်ကုတ်၍ ကြည့်မိပြီ။ သေချာတာတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ကတော့ ကောင်မလေးနှင့်ပတ်သက်၍ ဘာအပြစ်မှ လေးလေးသိန်း ရှာတွေ့ထားပုံမရတာပဲလေသည်။

ရွက်နုဝေအတွက် ဖေဖေခန့်ထားသော ခြံစောင့်လည်းဖြစ်၊ ဥယျာဉ်မှူး လည်းဖြစ်ပါသည့် ဘဘစိမ်း ဆိုတာကတော့ ပန်းပင်တွေမြေဆွ ပေါင်း သင်လုပ်လိုက် ..။ ခဏနား၍ ဆေးပေါ့လိပ်လေး ဖွာလိုက် ..။ ရေတာမာရိပ် မှာ တစ်အောင့်နားလိုက်ဖြင့် အေးအေးချမ်းချမ်းရှိနေသည်။ ဤနေ့မှာ ရောက်တာမို့ ဘဘစိမ်းနှင့် လူချင်းမရင်းနှီးနိုင်ကြသေးပဲရှိသည်က သူ့ပဲဖြစ်လေသည်။ လေးလေးသိန်း နှင့် ကတော့ အရင်အခေါက်တွေ ကတည်းက ဘဘစိမ်းနှင့် တရင်းတချာ ရွက်နုဝေမှာရှိခဲ့ပြီးတာ သေချာ နေသည်။ မွန်းလွဲပိုင်း တစ်နာရီလောက်မှာ ရွက်နုဝေ ခြံတံခါးရှေ့ရောက် တာနှင့် ဘဘစိမ်း၏ အမည်ကို လေးလေးသိန်း ခေါ်သည်။ ဘဘစိမ်း ပြေး၍ တံခါးလာဖွင့်ခဲ့သည်ပါပဲ ..။ အသွားညီညီ ..။ ပိန်ပါးပါးဖြင့် ဘဘစိမ်း သည် စိတ်ထားအေးချမ်းပုံရလျက်..။ အသက်ငါးဆယ်ကျော် ဝန်းကျင်လောက်ပဲရှိပုံရပါ၏။

"ဒါပေမယ့် .. ခန့် မှ .. သူ့ကို လက်မထပ်ချင်တာ လေးလေးသိန်း သိဖို့လိုတာပေါ့ဗျ .. သူနဲ့ ခန့် က .. ငယ်ကတည်းက မျက်စိတွေ့ခဲ့ကြတာ မှ မဟုတ်တာ၊ သူက .. အလွန်အနောက်သန်တယ် .. ပေါ့ပေါ့တန်တန် ဘဝကို ဖြတ်သန်းမယ့်ပုံစံအရမ်းပေါက်တာပဲဥစ္စာ .. ခန့် က အဲသလိုမှ မဟုတ်တာ .. မဖြစ်ဘူးဗျာ .. အဲဒါ .. သူနဲ့ ခန့် .. လက်မထပ်ဖြစ်အောင် လေးလေးသိန်း ကူညီရမယ် .. အကြံဉာဏ်လေးဘာလေးလည်း ပေးရ မယ် .. ပြီးတော့ .. သူနဲ့ဝေးအောင် ခန့် ကြံစည်တာတွေကိုလည်း လေးလေးသိန်း ကူညီဆောင်ရွက်ပေးရမယ် .. အဲသလို ကူညီပေးရတာတွေကိုလည်း ဖေဖေနဲ့ မေမေတို့ မသိအောင် နှုတ်လုံရမယ် .."

သူ တောက်လျှောက်ပြောတော့ လေးလေးသိန်း လန့်ဖျန့်ပုံကြီးဖြင့် လက်တကာကာ ခေါင်းတခါခါဖြင့် ရှိကုန်သည်ပါပဲ။

"ဟ .. ဘယ့်နှယ် လူ့ကိုဒုက္ခလာပေးဖို့ကြံစည်ရသတဲ့တုန်း ငါ့ ကောင်ရယ် .. မကူညီနိုင်ပေါင်ကွာ .. ဒီလောက်လှတဲ့ .. အပြစ်ကင်းတဲ့



ကောင်မလေး နဲ့ ဝေးအောင်လုပ်မိရင် .. ငါ့လောက်အသုံးမကျတဲ့လူ လောကကြီးထဲမှာ ရှိကိုရှိတော့မှာမဟုတ်ဘူး မောင် .."

ဟု သေချင်စိတ်ပေါက်လောက်အောင်ပဲ သူ့ စိတ်ဓာတ်တွေ ဖြုန်းဖြုန်း ကျနေရင်း ကြားလိုက်ရသည့်အဖြစ် ..။

"ငါ့လူက ကောင်မလေးကို ငယ်ကြွေးမကျေစိတ်ကြီးမွေးနေတာ ငါသိသပေါ့ကွာ .. ဒါကြောင့်လည်း သွန်းလေး ဘယ်လောက်တော် တယ် .. ချောတယ်ဆိုတာတွေကို ပြောပြခဲ့ချင်ပေမယ့် .. ငါ မြိုသိပ်ခဲ့ရ တာကွ .. ကောင်မလေးက တကယ့်ကိုစိတ်ရင်းကောင်းလေးကွ .. သွေးသွန်းလေး အကြောင်း ငါ့လူကဘယ်လောက်များ သိထားနိုင်သေးလို့လဲ .. ဟော .. ဒီမယ် .. ငယ်တုန်း ကလို မျက်စိမတွေ့ဘူး လုပ်မနေနဲ့ .. ဟိုတုန်းက ငါ့ လူကလည်း ကလေး.. သူလည်း ကလေး .. ကလေးချင်းချင်း မတည့် မပြုတဲ့ စိတ်ကျိတ်ဖြစ်ခဲ့တာကို ခုထိ သယ်မလာနဲ့ .. နားလည်လား ကောင်မလေးဘယ်လောက်ချောတယ်.. ချစ်စရာကောင်းတယ်ဆိုတာ .. မင်း ဓာတ်ပုံထဲမြင်ဖူးခဲ့ပြီပဲ .. လူမမြင်ဖူးသေးလို့ပါကွာ .. မြင်ဖူးကြည့် ပါလား .. ဟိုသီချင်းလို ဖြစ်ကုန်ချေမပေါ့ .. မြတ်နိုးသူရယ် ×× .. အဟမ်း .. မြတ်နိုးသူရယ် .. ချစ်မိုးရွာခဲ့တယ် ×× ဘုံကြိုး ပြတ်တဲ့ ဒေဝီနတ်မျိုးနွယ် ×× .."

ချစ်မိုးရွာသီချင်းကို ကောက်ကာငင်ကာ စကားထဲဖြည့်ဆိုပြီးနောက် ပြုံး၍ သူ့ကို လေးလေးသိန်း အတန်ကြာကြည့်သည်။ မီးသေသွားသည့် ဆေးပေါ့လိပ်ကို ဂတ်(စ်)မီးခြစ်အပြာလေးဖြင့် ဟန်စတိုင်ထုတ်၍ မီးညှိဖွာနေသည်။ ပုံစံကိုက ပညာရှိဟန် ..။

"ဟာ .. ဘာဆိုင်လည်းဗျ .. ဘာလဲ .. အောင်သွယ်နေတာလား .."

သူ လေးလေးသိန်း ဘာမှမပြောနိုင်သေးခင်မှာ မျက်နှာကြီးညို၍ လေသံတင်းနေတော့ လေးလေးသိန်း ခေါင်းခါသည်။ ဆေးလိပ်ဖွာသည်။

"ညံ့ပါ့ ငါ့လူရာ .. ငါက ဘာကိစ္စနဲ့ အောင်သွယ်ရမှာတဲ့လဲ .. မင်းတို့ ညားဖို့ အစ်ကိုကြီးနဲ့ မမလေးတို့က စီမံထားပေါ့ဥစ္စာ .. ခုကိစ္စက .. ငါ ပြောတာက အောင်သွယ်အဆင့်မဟုတ်ဘူး .. လက်ထပ်ဖို့ တိုက်တွန်း

www.burmeseclassic.com



ခြင်းအဆင့် ဒီမယ် .. ငြင်းမယ်မကြံနဲ့ .. ငါ့လူတစ်သက်ရင် ကျိုးကိန်းမြင်နေနှင့်တယ်နော် .. ငါ့လူရဲ့ ချစ်ခြင်းအနာဂတ်သည် .. ကောင်မလေးကို ငြင်းပယ်လိုက် ချိန်မှစ၍ မလှပတော့ဘဲ နောင်တဖြင့် ကျန်ခဲ့ရချေလတ္တံ့လို့ ငါမြင်တယ် ..''

စာအုပ်ကျိုးဖြစ်သည့် သူ့ကြောင့် ...။ လေးလေးသိန်းလည်း သူ့လက်ထဲက စာအုပ်တွေတောင်းပြီး ယူယူဖတ်တတ်ခဲ့သည်မို့ ...။ ကြာလာတော့ လေးလေးသိန်း လေသံတွေထဲမှာ စာသံပေသံတွေ ပါပါလာတတ်သည်တည့် ...။

"ဒီမယ် .. ငါသီချင်းဆိုတာ မပြီးသေးဘူးကွ .. ဟိုအပိုဒ်ကွာ .. အဲဒါ .. ငါ့လူရင်ထဲ ဒက်ထိတိုးမယ့်အပိုဒ် .. ဘာတဲ့ .. အဟမ်း .. ဟမ်း ..''

လည်ချောင်းတွေဘာတွေ အကျရှင်းပြီးမှ လေးလေးသိန်း အသံဝါကြီးဖြင့် ချစ်မိုးဇွေ ကို ဟဲ၏။

"မျက်နှာလေး .. ထာဝစဥ် မောင်တွေးပါလို့ရယ် .. ×× ကြည်ဖြူပါကွယ် ×× အသည်းကစွဲလှတယ် ×× ချစ်တဲ့သူကလေး ရယ် ×× ကြိုက်တဲ့သူကလေးရယ် ×× စားရင်လည်း ခင့်စိတ်ပါပဲကွယ် ×× အဲသလို ×× အဲသလိုဖြစ်မှာကွ .. ငါ့လူရ .. ဒီလောက်လှတဲ့ ကလေးမကို .. ငါ့လူ .. ရင်ဘတ်ထဲ ထည့်မသိမ်းပဲကို နေနိုင်မယ်မထင် ..''

ဟု ဆက်ပြောတော့ သူ ခေါင်းခါသည်။ လေးလေးသိန်း ကို တစ်ချက်ကြည့်၏။

သူ ထရပ်တော့ လေးလေးသိန်း လိုက်ရပ်သည်မို့ လက်ကာ၍ ...

''ပြန်ထိုင်ပါဗျ လေးလေးသိန်း ရ .. ခန့် ပြောစရာရှိလို့ ..''

သူ တည်တည်ကြည်ကြည်ပြောတော့ လေးလေးသိန်း စိတ်ညစ်ပုံဖြင့် ဟင်းခနဲ သက်ပြင်းချသည်။

"စိတ်ညစ်ပါရဲ့ကွာ .. ကလေးမလေးကို ငြင်းဆန်တဲ့စကားတွေ .. စွတ်တင်မပြောနဲ့ ငါ့လူ .. အပြောလွန်မိတော့ .. အရှက်လွန်ပြီးတော့ကာ .. မျက်စိမှိတ်ပြီး ဆက်ငြင်းပြနေရတဲ့ဒုက္ခက တယ်ဆိုးသနော် .. အဲဒါ .. ဟို စကားပုံလိုဖြစ်ကုန်မှာစိုးရသကွ .. မရဲပဲ ကျွဲပြစ်းဆိုတာမျိုးပေါ့ .. မရဲပဲ



နဲ့ .. ရဲတယ်ရဲတယ်ဆိုပြီး ကျွဲပြကြီးစီးမိတော့ ကျွဲဆိုးပေါ်ရောက်ပြီးတော့မှ .. ဆင်းလည်းမဆင်းရဲ .. ဆက်လည်းမစီးရဲ .. မစီးရဲပေမယ့် ကိုယ့်စကားနဲ့ကိုယ် ဆက်စီးနေရင်း ဒုက္ခများနေသလိုဖြစ်ပါ့မယ် ငါ့လူရယ် .. မကြိုက်ဖူး .. မယူဘူးနဲ့ နင်းကန်ပြောပြီးတော့ .. တကယ်တမ်းကျတော့ မကြိုက်ပဲလည်း မနေနိုင် .. ကြိုက်တယ်ပြောရမှာလည်း အခက်ကြုံ .. ကိုယ်ပြောတဲ့စကား ကို .. ကိုယ်စီးရင်း .. ရင်ကွဲခြင်းတွေ ရင်ထဲသိမ်းထားရလိမ့်မနော် .. ဒီတော့.. ငါ့လူစကား မကျွံမိစေနဲ့ .. လေတစ်လုံးမိုးတစ်လုံးပြောမိပြီးတော့မှ .. ငါ့လူခမျာ .. ငါ့လူစကားကို ပြန်မရုတ်သိမ်းရဲတော့တာနဲ့ .. ရှက်ရှက်နဲ့ ကျိတ်အသည်းကွဲနေလိမ့်မနော် ..''

''ဟာ .. ညွန်းလှချေလား လေးလေးသိန်းရ .. သူ ဘယ်လောက်လှလှ.. ခန့် စိတ်မဝင်စားဘူး .. လက်လည်း လက်မထပ်နိုင်ဘူး .. သူ့ကို .. ခန့် မကြိုက်ဖူးဗျ .. စရိုက်ကိုမကြိုက်တာ .. အလကားနေရင်း ဟိုလူ့နောက်.. ဒီလူ့နောက်နဲ့ ရှိတာတစ်ချက်ထဲနဲ့ ခန့် စိတ်ပျက်နေပြီးပြီ .. ပြီးတော့ .. ဘာမဆို ပေါ့ပေါ့တွေးတတ်ပုံရတဲ့စရိုက်ကိုလည်း မကြိုက်ဖူး .. သူက .. ခန့် ကို ရှိရှိသေသေလည်း ဆက်ဆံမှာမဟုတ်ဘူး .. ပေါတောတောနိုင်နေတဲ့ မိန်းမတစ်ယောက်ကိုယူပြီး .. အရှုံးကို မယားတော်ထားရတာမျိုး .. ခန့် ရဲ့ အိမ်ထောင်ရေးမှာ အဖြစ်မခံနိုင်ဘူးဗျ .. ပြီးတော့ .. အချစ်ဆိုတာက လှတာနဲ့မဆိုင်ဘူး .. လှတာလေးမြင်လိုက်တာနဲ့ .. ချစ်မိုးဇွေမယ့်သူထဲမှာ.ခန့် မပါဘူး .. ဒါပဲ ..''

ဟု ပြောတော့ လေးလေးသိန်း ခေါင်းခါ၏။ ဆေးလိပ်ကို ဆက်တိုက်ဖွာသည်။

''စိတ်ပင်ပန်းလိုက်တာ ငါ့လူရာ .. အဟုတ် .. အင်း .. ရင်လေးသကွာ .. ရင်လေးသကွာ ..''

ဟု ပြောကာ ထရပ်သည်။ ထိုစဥ်ခိုက် ခြံဝဆီမှာ ကားဟွန်းသံပေါ်လာတာမို့ ဘဘစိမ်း ပြေး၍ ခြံတံခါးဖွင့်နေတာကို နှစ်ယောက်သားကြည့်မိကြပါ၏။

ကားကိုမြင်လိုက်သည်နှင့် သူ သိပြီ။ နောင်တရားသို့လာတိုင်း

www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်စည် နှင့် အန်တီထားတို့ စီးလာနေကျကား ..။ လဲင်န်ခရုဆာ အဖြူရောင်ကား ..။ သူ ရင်ထဲမကောင်း။ လိပ်ပြာမလုံပြန်။ သူ့ဘက်က ရွှေသွန်းမေ ကို ပျစ်ပျစ်ခဲခဲကြီးအပြစ်တွေ သဲသဲမဲမဲပြောနေချိန်မှာ အန်ကယ်တို့ဘက်ကကားဖြင့် ရောက်လာပြီ။ ဤနေ့မှာပဲ သူ ရောက်ရှိရှိ သေးသည်။ အန်ကယ်ရောက်လာပြီထင့် ..။

ကားက ပေါ်တီကိုအောက်ရပ်၏။ ကားပေါ်မှ အန်ကယ်နှင့် အန်တီထား တို့ ဆင်းလာကြပြီ။ သူရော လေးလေးသိန်းရော ပေါ်တီကိုရှိရာသို့ ခြေလှမ်း သုတ်သုတ်ဖြင့် စောစောကတည်းက လျှောက်လာကြရသည်မို့ ..။ ပေါ်တီကို အောက်မှာဆုံမိကြခြင်း ..။ ကားနောက်ခန်းမှ တံခါးပွင့် လာတော့ သူရင်ထဲလေးခနဲဖြစ်၏။ ကောင်မလေး နောက်ခန်းမှ ဆင်းလာ ချေတော့မည်ထင့် ..။ သူ .. မဆုံချင် ..။ ရင်ထဲရှုပ်ထွေးလာရပါသည့်အဖြစ် ..။ ဒါပေမယ့် .. တကယ် တမ်းကျတော့ ပိန်ရှည်ရှည်ညိုတိုတိုနှင့် ချာတိတ် မလေးတစ်ယောက်ဖြစ်နေသည်။ ထိုအခါမှ ရင်ထဲပေါ့သယောင်ဖြစ် သွားရသည်ပါပဲ။ ကောင်မလေး လိုက်လာပုံမရ ..။ နောက်ထပ်များ ကောင်မလေး ဆင်းလာဦးမည်လားဟုတော့ ရင်ထဲထိတ်နေရင်း တစ်ဖက် နောက်ခန်းတံခါးကို အကဲခတ်သလိုတော့ ကြည့်မိသေးသည်။ တံခါး လည်း ပွင့်မလာ ..။ လူလည်း ဆင်းမလာ ..။ ကောင်မလေး လိုက်မလာတာ သေချာနေပြီ ..။ ထိုအခါကျတော့မှ ရင်ထဲဟင်းခနဲ သက်ပြင်းကြီးကို လွှတ်ချလိုက်နိုင်ရပါချေ၏။

"ခန့် တို့အတွက် .. ထမင်းလာပို့တာ ကလေးရဲ့ .. ရောက်ရောက် ချင်းဆိုတော့ စားရေးသောက်ရေးခက်မယ် .. မနက်ဖြန်လည်း မချက်နဲ့ .. အိမ်မှာလာစား .. နောက်တော့မှ ဒေါ်ကြီးဥ နဲ့ မိလုံး တို့ ဈေးအဝယ် ထွက်တာတို့ဘာတို့ ကိုသိန်း မောင်းပို့ပေ့စေ .. တစ်ရက်နှစ်ရက် .. အိမ်မှာ ပဲစားကြကွယ်.. ခရီးပန်းကြတဲ့ဥစ္စာ .. ဒေါ်ကြီးဥရယ် မိလုံး ရယ် .. ခန့် နဲ့ ကိုသိန်း ရယ် .. လေးယောက်ပဲဥစ္စာကွယ် .. ဦးစိမ်း အတွက်လည်း ထမင်းအပို့လွှတ်မယ်လေ .."

ဟု အန်ကယ်သူ ပြောတော့ သူ ရင်ထဲပို၍ အားနာလာရပြီ။



လေးလေးသိန်း ကတော့ မျက်စိစွေ၍ သူ့ကိုခိုးကြည့်၏။ စောစောကပဲ အန်ကယ်သု ၏သမီး ရွှေသွန်းမေ ကို .. ပြစ်ပြစ်ခါခါသူပြောခဲ့သည်။ အခုကျတော့ .. အန်ကယ်သု နှင့် အန်တီထားတို့ ဘက်က စေတနာမေတ္တာ ဖြင့် ထမင်းချိုင့်ကြီးတွေနှင့် ရောက်လာပြီ။ ထိုသို့ရှိလာတော့လည်း သူ အားနာလာရသည်။ နေရခက်လာရသည်။ မလုံမလဲပင်ဖြစ်နေရသည် ဘည့် ..။ မနေတတ်မထိုင်တတ် နေရခက်ခြင်းဆိုတာက တစ်ခုခုလွန် သည့် သူ့ဘက်က ခံစားရတတ်စမြဲပေပဲလေ..။ သူက .. အပြောလွန်ခဲ့ သူဖြစ်နေခဲ့ပြီးပြီ။ အန်ကယ်သု နှင့် အန်တီထား တို့၏ စိတ်ရင်းကောင်း တွေကို မထောက်ထားရာတော့ ရောက်နေသည်။ ဒါပေမယ့် ခက်သည် က .. သူ မချစ်နိုင်သည့် မိန်းကလေးသည် .. အန်ကယ်သု နှင့် အန်တီထား တို့၏ သမီးဖြစ်နေခြင်းပဲဖြစ်လေသည်။ သူ မချစ်နိုင်သည့် မိန်းကလေး တစ်ယောက်ကိုဖြင့် အန်ကယ်နှင့် အန်တီတို့၏မျက်နှာကိုထောက် ၍ သက်ထပ်လိုက်ရမည်ဆိုတာမျိုးကတော့ အလွန်စွန့်စားလွန်းရာ ရောက်နေ ပါချေလိမ့်မည်။

"ရန်ကုန်ဝင်ပြီးတာနဲ့ .. ထမင်းဆိုင်ရှေ့ကားရပ်ပြီး ထမင်းတွေ ဟင်းတွေ .. ဖော့ဘူးတွေနဲ့ အမယ်စုံဝယ်ခဲ့ပါတယ် အန်ကယ်ရယ် .. ဒေါ်ကြီးဥ.. ထမင်းပွဲပြင်ပေးလောက်ပါပြီ .. ဒုက္ခရှာလို့ အန်ကယ်ရယ် .. အားနာဖို့ကောင်းနေပါပြီ .. အန်ကယ်နဲ့ အန်တီကြွပါခင်ဗျ .."

သူပြောလည်းပြော ..။ အန်ကယ်သုနှင့် အန်တီထားကို အိမ်ထဲခေါ် လာရပါ၏။

"မနက်ဖြန် ဟိုတယ်ကို အန်ကယ်လည်းလိုက်မယ် လူလေး .. အန်ကယ် လုပ်ကိုင်ခဲ့တဲ့ ရုံးခန်းထိုင်ခဲ့တဲ့ကိစ္စတွေ .. အားလုံး လူလေးကို သေချာ ရှင်းပြဖြီး လွှဲမှာလေ .. အဲဒီမှာ လူလေးရဲ့ ဖေဖေ ခန့်ထားတဲ့ စိတ်ချတဲ့ လူယုံကြီး ဦးအိမ်စိုး လည်း ရှိပါတယ် .."

ညှို့ခန်းထဲ ယှဉ်၍ဝင်လာရင်း အန်ကယ်သု ပြောနေချိန်မှာ သူကတော့ ခေါင်းလေးညိတ်၍ ဟုတ်ကဲ့ .. ဟုတ်ကဲ့နှင့် ရှိနေရပေမယ့် စိတ်ထဲတော့ ထင့်နေသည်။ နောက်တီးနောက်တောက် အလွန်လုပ်တတ်သည့်

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေး ..။ ခုကျတော့မှများ .. ကားနောက်ခန်းထဲမှ ထွက်လည်း ထွက်လာ ..။ မောင်ကြီးဟုများ လှမ်းခေါ်ရင်း ဧည့်ခန်းထဲဝင်ချလာမည်လားဟု စိတ်ထဲလေးနေသေးသည်တည့် ..။

ဒါပေမယ့် .. ကောင်မလေး ရောက်မလာ ..။ ထိုအခါမှ သူ ရင်ထဲအတန်သက်သာရာရသည်။

"သေချာတာတစ်ခုကတော့ .. သူလည်း ငါ့ကိုကြည့်မရတဲ့ အချက်ပဲ .. ဒါကြောင့် သူ .. လိုက်မလာတာပေါ့ .. အရင်တုန်းကလည်း နံ့သာမွှေးကို သူ နောက်ထပ် ဘယ်တုန်းက လိုက်လာဖူးလို့လဲ .. တမင် ချန်ချန်နေရစ်ခဲ့တာ ငါ ရိပ်မိနေတာပဲဥစ္စာ .. ခုလည်း .. နေရစ်ခဲ့တာပဲလေ .. အင်း .. သူရောငါရော တစ်ယောက်နဲ့တစ်ယောက် မဆုံချင်ကြတာချင်းတော့တူနေပြီဆိုတော့ .. အဲဒီ လက်ထပ်ရမယ်ဆိုတဲ့ကိစ္စကို .. ငါတို့နှစ်ယောက်ဘက်က .. ဘယ်လိုရှောင်ကွင်းရမလဲဆိုတာ .. ငါ စဉ်းစားဖို့တော့လိုလာပြီ .. ငါ့အပြစ်လွတ်အောင် .. ငါ ငြင်းပြတတ်ဖို့ နည်းလမ်းရှာရမယ် .. သူက ငြင်းလို့ .. ငါက လက်မထပ်ဘဲ နေလိုက်ရတယ်ဆိုတာမျိုးဖြစ်ဖို့လိုတယ် .. ဒါမှ .. ဖေဖေနဲ့ မေမေ ငါ့ကို .. အပြစ်မပြောနိုင်ပဲဖြစ်သွားရမှာ ..."

ခုကတည်းက သူသည် မရိုးမသားဖြစ်နေပါပြီ။ ကောင်မလေးပဲ အပြစ်တင်ခံရပြီး သူက အပြစ်လွတ်အောင်နေချင်သည့်လူတစ်ယောက်ဖြစ်နေသည်။ မတတ်နိုင် ..။ တစ်ခါတစ်ခါကျတော့လည်း ကိုယ်ဖြစ်ချင်သည့်အရာတစ်ခုကို .. ကိုယ်လည်း အပြစ်လွတ်စေသည့်နည်းကို သုံးသင့်လျှင် သုံးရမည်။ ရွေးချယ်သင့်လျှင်လည်း ရွေးချယ်ရမည်သာ ..။

လူကသာ အန်ကယ်သု နှင့် အန်တီထား တို့နှင့်တူတူ ဧည့်ခန်းထဲဝင်လာရ ..။ ဆိုဖာမှာ ထိုင်လိုက်ရပေမယ့် .. သူ့ဦးနှောက်တွေကမငြိမ် ..။ အကြံတွေ တန်းစီ၍ထုတ်နေဆဲ ..။



## အခန်း (၁၀)

"ဘာလဲ .. ဘာလဲ .. ဖေဖေနဲ့ မေမေက ဘရိတ်ဖက်(စ်) လာစားဖို့ခေါ်ခိုင်းလိုက်တာလား .. မစားဘူးလို့ငိုပြီး ပြောလိုက်တယ်လို့ ပြန်ဖြေလိုက် .. ဒါမှ .. ငါ့ကိုသနားပြီး .. ဟိုကိစ္စ .. လက်လျှော့မှာ .."

မနက်စောစော ခွေးတစ်အုပ်ဖြင့် မြက်ခင်းပေါ်ရောက်နေသည့် သွန်း မျက်မှောင်လေးကုတ်၍ အပုလေး ကို ပြောတော့ ...

"ဟင့်အင်း .. မခေါ်ခိုင်းဘူး မမသွန်း .. အဲ့ဒီမှာပဲ ဆက်နေနေတဲ့ .. မစားချင်လည်း ရတယ်တဲ့ .. ခေါက်ဆွဲကြီးစာ နဲ့ ထမင်းကြော် အပို့လွှတ်လိုက်မယ်တဲ့ .. ခွေးတွေနဲ့ မြက်ခင်းပေါ်တူတူထိုင်ရင်းစားတဲ့ .. အန်တီထား အပြောလွှတ်လိုက်လို့လာပြောရတာ .."

ဟု ဖြေတော့ သွန်း စိတ်လက်ညစ်ညစ်ဖြင့် ခေါင်းကို ပုထူအောင် စုန်ကုတ်ဖွပစ်ရပြီ။ ဘယ့်နှယ် ..။ ချော့များချော့မည်လားဟု စံချိန်လေး တစ်ချက်တင်ကြည့်သည်။ သူ့စံချိန် ခါးလည်ကကျိုးအောင် မေမေ ခပ်ပြတ်ပြတ်တုန့်ပြန်လိုက်တော့ စိတ်ကောက်နေသည့် အကောက်ကို ဘယ်ဘက်ဆက် ပြရမှန်း မသိဘဲ အူလည်လည်ဖြစ်ကုန်ရသည်ကိုးလေ ..။

"ဟဲ့ .. အဲဒီတော့လည်း ပြောလိုက်ပေါ့ .. ငါက .. ငိုပြီးပြောတယ်လို့ .. ထမင်းကြော်လည်း မစားဘူးလို့ .. ငတ်ပေ့စေဆို့ပြောတယ်လို့ .. မျက်ရည် တွေရွဲနေအောင်ကျပြီး ပြောတယ်လို့ မေမေ့ကို နှင်ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



တိုင်ကလည်း မျက်နှာငယ်လေးနဲ့ပြောလိုက် .. ကြားလား ..”

“ဟင် .. မမသွန်း မှ တကယ်မငိုတဲ့ဥစ္စာ .. မလိမ်ချင်ပါဘူး၊ ဟိုနေ့တုန်းကတော့ ငိုတယ်လေ .. အဲဒီလို ငိုလို့လည်း အပုလေး လိုက်ငိုလိုက်ရတာ .. ရင်ဘတ်ထဲ ခုထိအောင့်နေတုန်းပဲ .. အခု မမသွန်း ငိုကြည့်ပါလား.. အပုလေး ဘယ်နေနိုင်မလဲ .. လိုက်ငိုမှာပေါ့ .. ခုဥစ္စာက မငိုတော့ အပုလေးလည်း မငိုချင်နေဘူး ..”

အရေးထဲ အငိုအစစ်ဖြစ်အောင်ပြောနေတော့ သွန်း စိတ်ပိုအိုက်လာသည်။ ခက်သည်က လောလောဆယ်မှာ ငိုမရသည့်ကိစ္စပဲဖြစ်လေသည်။ ဟိုနေ့တုန်းကတော့ ရုတ်တရက် ကြားလိုက်ရသည့် လက်ထပ်ရမယ့်ကိစ္စကြောင့် တငိုငိုတယိုယိုဖြင့် တကယ့်ကိုရှိုက်ခဲ့ခြင်း ..။ ကြားမှာ တစ်ရက်ခြားပြီမို့ ခုကျတော့ ငိုမရနိုင်ပဲဖြစ်နေသည်။ လက်ထပ်ရမယ့်ကိစ္စ ဘယ်လိုကွင်းရှောင်ရမည်လည်းဆိုတာကို အကြံတွေထုတ်ရင်း ညဏ်နီညဏ်နက်တွေပဲလောလောဆယ်မှာ ကုတ်ကပ်ထုတ်နေရတာမို့ ..။ အငိုဘက်စိတ်ကမရောက် ..။ ညဏ်ဆင်ဖို့ပဲ စိတ်က အာရုံနစ်နေသည်ကိုးလေ ..။

“ဟဲ့ .. အဲဒါခက်တာပေါ့ အပု ရဲ့ .. လောလောဆယ် ငါ ငိုမရဘူးဟ .. အရေးထဲ နင်ကလည်းဟာယ် .. ငါငိုတယ်လို့ လိမ်လိုက်ရင် ဘာဖြစ်မှာကျလို့ ..”

“ရဲကျမှာပေါ့ မမသွန်း ရဲ့ .. မလိမ်ရဘူးလို့ အပုလေး ရဲ့ အဘနဲ့ အမေကလည်း သင်ခဲ့တာ .. ဆုံးမခဲ့တာ .. ဒီအိမ်ကြီးကိုရောက်တော့လည်း ဒေါ်ကြီးစာ က အမြဲသင်ပေးတာ .. လိမ်ရင် ငါးပါးသီလထဲက တစ်ပါးကျိုးတယ်တဲ့ .. အဲသလို ..”

“အေး .. မလိမ်နဲ့ .. ပြီးရော .. ပြန်တော့ .. ထမင်းကြော်လည်း မစားဘူးလို့ မမသွန်း က စိတ်ညစ်ညစ်နဲ့ ဖြေလိုက်တယ်လို့ ညည်းပြောဖို့လောက်တော့ ဝန်မလေးပါဘူးနော် .. တကတည်း .. နည်းနည်းပါးပါး ပိုသနားလာအောင်ငိုနေတယ်လို့ ညာခိုင်းမိပါတယ် .. သမာဓိအား



ကောင်းတဲ့သူနဲ့ လာတိုးနေရတယ်လို့ ..”

ဟု ညည်းညည်းညူညူအသံလေးဆွဲ၍ သွန်း ပြောမိရပါသတည်း။

“စနိုး လာခဲ့ .. လက်ပေး .. ဂိုး .. ဂျက်ကီလာခဲ့ .. လက်ပေး .. ဂိုး .. ဘလက်ကီ .. ကမ်းမွန် .. လက်ပေး .. ဂိုး .. တိုင်းဂါး .. လာ .. လက်ပေး .. ဂိုး ..”

ခွေးတွေကလည်း ကိုယ့်နာမည်ကိုယ်သိသည်။ သူတို့နာမည်တွေ ခေါ်မှ ရှေ့တိုးလက်ပေး ..။ ဂိုး .. ဆိုလျှင် မြက်ခင်းအလည်မှာသွားဆော့ ..။ တစ်ကောင်ချင်းစီ ကိုယ့်အမည်အလှည့်ကိုယ်စောင့်ပြီး လက်တွေပေးကြ ..။ ရှေ့မှာ သွားလိုက်ကြဖြင့်ရှိနေသည်။

“မန်းကီး .. လာ .. ထိုင် .. ဘတ်တားဖလိုင်း .. လာ .. ထိုင် ..”

လက်ကျန်နှစ်ကောင်ကိုတန်းစီ၍ ထိုင်ခိုင်းပြီး လက်ကိုဆန့်တန်း၍ သွန်း ပေးတော့ နှစ်ကောင်စလုံး တစ်ပြိုင်နက်တည်း လက်တွေ ဖုတ်ခနဲဖတ်ခနဲ သွန်း လက်ထဲ ပြိုင်တူထည့်ကြ၏။ အလွန်ချွဲသည့် ဘတ်တားဖလိုင်းဆိုသည့် လိပ်ပြာအဖမ်းတော်သည့် အညိုခံမှာ အဖြူကွက်ကြားပါသည့်သကောင်သားက ပို၍လက်တွေတဆတ်ဆတ်ပေးမဆုံးနိုင်ဘဲ ဆက်တိုက်ပေးနေသေးသည့်အဖြစ် ..။ အညိုရောင် ပိန်ရှည်ရှည်နှင့် အဆော့သန်သည့် မန်းကီးကတော့ သွန်း ထံမှ ဂိုးသံပေါ်လာတာနှင့် မြက်ခင်းထက်မှာ ဆော့နေသည့် ဘလက်ကီဆိုသည့် ခွေးအနက်ကြီးကို ခြေထောက်နှစ်ချောင်းနောက်က လိုက်ဆွဲဆော့နေပြီ ..။ ပျော်မ်းပစ်လောက်အောင် ဆော့ကြသည့် ခွေးတစ်အုပ်ကြားမှာ သွန်း ဤနေ့ မျက်နှာသိပ်မလန်းနိုင် ..။ စနိုးစုတ်ဖွားပုတုတုကတော့ သွန်း ၏ ခြေဖဝါးလေးကို ခေါင်းလာအုံးကာ ပက်လက်လှန်ပြီး ကိုယ့်အမြီးကို ကိုယ်ပြန်ဖမ်းဆော့နေသည်တည့် ..။

“ခွေးမွေးတယ်ဆိုတာ အဖော်ရသဟဲ့ .. ခုကြည့်ပါလား .. ငါ စိတ်ညစ်နေချိန်မှာ သူတို့က ငါ့ကို စိတ်သက်သာရာရအောင် ဖျော်ဆော့သည်ဆော့နဲ့ လုပ်ပြကြ .. လက်ပေးကြ .. ဆော့နေရင်းတည်း ငါ့ကို ချစ်ချစ်ခင်ခင်ကြည့်ကြနဲ့ ရှိနေကြတာ .. နင်ပဲ .. မမသွန်း ကို ထောက်

www.burmeseclassic.com

www.burmeseclassic.com



ထားဖော်မရဘဲ .. မလိမ်ပေးနိုင်ပါဘူးလေး .. ငရဲကျမလေ့းနဲ့ မသနားဘဲနေရက်တာ .. မျက်ရည်ကျတယ် .. ငိုတယ်ဆိုတာလောက် လေးမေမေ့ကို ညည်းလိမ်ပေးရမယ့်ကိစ္စ ချောက်ထဲကျနေတာပဲ .. ပြောချင်ဘူး .. ညည်း .. ငါ့အပေါ် တယ်ရက်စက်တာအေ့ရယ် ..”

ဟု သိုင်းဝိုင်းကာပြောတော့ အပုလေး ရင်ထဲမကောင်း ..။ မျက်နှာငယ်လေးဖြင့်ငေး၍ သွန်းကို ကြည့်သည်။ လက်ကလေးပိုက်၍ တစ်ချက်ငြိမ်နေ၏။

“နည်းနည်းပါးပါး လိမ်ပေးလိုက်ရုံပဲရှိမယ် .. ညည်း အဲသလိုလိမ်ပေးလိုက်တော့ မေမေက ငါ့ကို သနားပြီး .. သမီးသွန်းလေး စိတ်ဆင်းစိတ်ဆင်းရဲ နေရှာတယ် .. မဖြစ်ပါဘူးလေ .. နည်းနည်း ပါးပါးလေးသွား ချော့မော့လိုက်ပါဦးမယ်တို့ ဘာတို့ဖြစ်လာမှာပေါ့ဟဲ့မော်ဒယ်ပုရဲ့ .. ညည်း .. နည်းနည်း လေးလိမ်ပေးလိုက်ပေမယ့် ငါ့အပေါ်မေမေသနားသွားတဲ့အတွက် .. ညည်း ကုသိုလ်တောင်ရဦးမှာ .. အဲသလိုတွေးစမ်းပါ ..”

စည်းရုံးရေးဆင်းနေသည့် သွန်း ကို မျက်လုံးလေး ပေကလပ်ပေကလပ်ဖြင့် အပုလေး ကြည့်နေ၏။ နားထောင်ရင်းလည်း ဟုတ်တုတ်တုတ်လိုလို ဖြစ်လာရရင်းမှ ..

“ဟုတ်တယ်နော် .. ကုသိုလ်ရမှာနော် ..”

ဟု အူလည်လည်ဓာတ်စခင်း၏။ ဒါပဲလေ ..။ အပုလေး ရိုးသားတာတာကို ကြာကြာသိပ်ပြီး လှည့်ပတ်လိုက်ဖို့မလို ..။ သွန်း ဘက်ပါလာပြီ။ လိမ်ရမှာကြောက်သည့် အပုလေး .. လိမ်ပေးလိုက်ဖို့ တွေးတွေးတောတောလုပ်လာပြီတည့်။

ထိုစဉ်ခိုက် ခြံဝဆီမှ ကားဟွန်းသံပေါ်လာတာမို့ သွန်း ရင်ထဲထစ်ခနဲလေး၏။

“ဟဲ့ .. ဒုတ်ကောက်ပဲ .. အဲ .. ဒုက္ခပဲ ..”

ဘယ်တော့မဆို .. ဒုက္ခဆိုသည့်စကားကို ဒုတ်ကောက်ဟု ရယ်စရာ



လုပ်ပြော့ရင်း နူတ်ကျိုးနေသည့် သွန်း .. ။ အခုလည်း မှားပြောမိပြီးမှ သွားလေးတစ်ချက်တစ်ခနဲထုတ်၍ ...

“အပုလေး .. အိမ်ထဲဝင် .. အိမ်ထဲဝင် .. ခြံဝမှာဧည့်သည်ရောက်ပြီဆင်တယ် .. ငါလည်းခြံနောက်ဘက်က ဧကရာဇ်ပင်ကြီးအောက် ခဏသစ်မယ် .. ဒီမယ် .. ဒေါ်ကြီးစာ ကိုပြော .. မေမေနဲ့ဖေဖေ့အလစ်မှာထမင်းကြော်တစ်ပွဲကို ကြက်သားဖတ်များများ .. ငရုပ်ဆီကြက်သွန်ကွင်းသုပ်ကို ကြွပ်ကြွပ်အိတ်ငယ်လေးနဲ့ထည့် .. ဖျော်ရည်လေးဘူးလောက်နဲ့ .. အဲဒီဧကရာဇ်ပင်ကြီးအောက်ကို အရိပ်အကဲသေချာကြည့်ပြီးမှ .. သေချာမှ .. ဘယ်သူမှမသိအောင် .. လာပို့လို့ သိလား .. သေချာ နားထောင် အပုလေး .. ညည်းလာမပို့နဲ့ .. ညည်းနဲ့အပို့လွှတ်လို့ကတော့ .. မေမေ့ရှေ့မှာ ညည်းအရုပ်ရှည်မျောမျောကြီးနဲ့ လမ်းသလားပြီး ထမင်းကြော်ပန်းကန်သယ်လာမှာ သေချာတယ် .. ငါ့ကို မေမေတို့ မသိအောင် ထမင်းကြော်ပို့တယ်ဆိုတာ ဘယ်သူမှ မသိဖို့လိုတယ် .. ဒါမှ .. ငါ .. ဗိုက်ဆာနေမှာပဲဆိုပြီး မေမေသနားမှာ .. ကဲ .. သွားတော့ .. သွားတော့ .. ဧည့်သည်တွေလာနေပြီထင်ပါရဲ့ .. ငါ့နှယ်နော် .. စောစောစီးစီးမှာ ဝမ်းထဲ အစာမရောက်ခင် .. အဲဒီလူ့ဂွစာကြီးနဲ့ လာဆုံရမလိုဖြစ်နေတယ် ..”

ခွေးခြောက်ကောင်ကို တစ်ကောင်ချင်း အမည်မခေါ်တော့ ..။ ထုံးစံအတိုင်း လေချွန်သံပေးလိုက်လျှင် တစ်ကောင်မကျန် အမြီးတယမ်းယမ်းဖြင့် သွန်း နောက်သို့ တကောက်ကောက်လိုက်ကြတာမို့ .. ။ ခုလည်း လေချွန် သံပေးပြီး ခြံနောက်ဘက်သို့ သွန်း လစ်၏။ ရှေ့ညာဏ်တော်စူးသည့် အပုလေး လည်း အိမ်ပြန်ပြီ ..။ သိပ်တော့ စိတ်မချရ .. ။ အပုလေးဆိုတာက .. ဘယ်သူအစ်အောက်လိုက် .. ။ ဖော်ကောင်လုပ်လိုက်တာက ခပ်များများဖြစ်တတ်သည်မို့ .. ။ သွန်း ထမင်းကြော်မှာသည့် ကိစ္စလွှာမချောင်ပါစေနှင့်ဟုတော့ ကျိတ်၍ ရင်ဖိထားရသည်က သွန်း ပါ..။

ဧကရာဇ်ပင်အောက်မှာ အိမ်ကြီးဘက်ကို ပင်စည်ကြီးအားကိုးဖြင့်ကျောခိုင်း၍ ပုန်းလျှိုးကွယ်လျှိုးထိုင်ဖို့ ကြိုးစားပေမယ့် မအောင်မြင် ..။

www.burmeseclassic.com



ဘာကြောင့်ဆို .. လူကသာ ပင်စည်ကို ကျောမှီခြေစင်း၍ ပုန်းထိုင်နိုင်ပေမယ့် ...။ မန်းကီးအုပ်စုကို ဘယ့်နှယ်လုပ်၍ ပုန်းခိုင်းနိုင်ပါ့မည်တဲ့လဲလေ ...။ သွန်း အနီးမှာ သစ်ပင်ကိုပတ်ပြေးသည့် ဂျက်ကီကို မန်းကီးကလိုက်၍ အမြီးဆွဲလိုက် ...။ နားရွက်ဆွဲလိုက်ဖြင့် မျောက်ရှုံးအောင်ဆော့နေသည်။ ဘယ်တော့မဆို .. ဘယ်အကြိုအကြားဆီမှ နွားချေးပိုးထိုးပဲဖြစ်ဖြစ်၊ ဘောက်ဖတ်ပဲဖြစ်ဖြစ် ...။ တွေ့သမျှကို လက်ဖြင့်ကလော်လိုက် ...။ တို့လိုက် ထိလိုက်ဖြင့် လုပ်တတ်သည့် ဟန့်တာတိုင်းဂါးကလည်း ခု .. ဘာတွေ့ သည်မသိ..။ ဖင်မြီးထောင်၍ မြေကြီးကို လက်ဖြင့်ယက်နေသည်။

"အေး .. နင်က ကျွင်းတူး .. ဘာဘကျော် က မြေပြန်ဖို့နဲ့ရှိနေရတယ် သိရဲ့လား .. ဟော့ကောင် တိုင်းဂါး .. လက်တွေပေကျန်မယ်ဟဲ့ .."

ဟု လှမ်းတားပေမယ့်မရ ..။ မြေကိုယက်နေဆဲ ..။ ဘေးမှာလိုက်၍ စိတ်ပါဝင်စားစွာ ထိုင်ကြည့်နေသည်က ဘာလက်ကီ ..။ အရပ်မြင့်မြင့်၊ အမွေးနက်ပြောင်ပြောင်၊ အမြီးရှည်ဖွားဖွားဖြင့် အကောင်ကြီးသလောက် အူအအနိုင်သည့် ဘာလက်ကီပါ ..။ ဘယ်တော့မဆို ခွေးတကာ၏ နောက်လိုက်လုပ်သည်။ မန်းကီးဆော့နေလျှင် အတုယူ၍လိုက်ဆော့သည်။ ဘတ်တားဖလိုင်း လိပ်ပြာဖမ်းနေလျှင် တူတူလိုက်၍ဖမ်းသည်။ ဘယ်တော့မှလည်း ဖမ်းမမိ ..။ ဥယျာဉ်ထဲမှ ပန်းကြားထဲအဝင်မပျက်အောင် ဘတ်တားဖလိုင်းက လိပ်ပြာဖမ်းကျွမ်းပေမယ့် ဘာလက်ကီကတော့ အပင်တွေနင်းချင်နင်း၊ ဟိုပြေးသည်ဖမ်းနှင့်လုပ်တာမို့ ဘာဘကျော် ၏ အမုန်းကို အများဆုံးခံရသည့် ငတိဖြစ်၏။

"ဒီလူကြီးကလည်း .. မနက်မှ မိုးလင်းရုံရှိသေး .. မနေ့ကရောက်တဲ့ကိစ္စ .. ဟိုမှာ ဘရိတ်ဖတ်စ်ပါလား .. ဒီမှာလာပြီး လျှာအရသာခံချင်နေတယ် .. သူကလည်း ငါ့ကြည့်မရ .. ငါကလည်း သူ့ကြည့်မရနဲ့ ရှိကြတာ စိတ်ချင်းတူလို့ အလိုလိုသိနေကြတာပဲဥစ္စာ .. သူမို့ .. မနက်စောစောလာပြီး ဒီမှာ ဘရိတ်ဖတ်စ်ဖို့ ဆုံးဖြတ်ရက်တယ် .. ငါ အစားအသောက်ပျက်အောင်လုပ်တာနဲ့တူတူပဲ .."



ဝမ်းထဲက ဆာလာတာမို့ ပွစိပွစိခပ်တိုးတိုးရွတ် ...။ အိမ်ကြီး၏ နောက်ဖေးဘက်ကို ပင်စည်အကွယ်ဆီမှနေ၍ ခေါင်းလေးပြူရုံ ...။ မျက်စိလေးတစ်ဖတ်ပေါ်ရုံလေး ခိုး၍ကြည့် ...။ ဒေါ်ကြီးစာကို မျှော်နေမိရပြီ။ တကယ်က ဒေါ်ကြီးစာ ဆိုတာထက် ထမင်းကြော်ကို မျှော်ခြင်း ...။

"ဟဲ့ ..."

ခုမှအာရုံထဲတိုးဝင်လာသည်က ကား ...။ ဟုတ်သည် ...။ စောစောက ခြံထဲဝင်လာသည့်ကား ...။ သွန်း ကေရာဓိပင်ကြီးဆီ သုတ်သုတ်လစ်တာမို့ ...။ ခြံတံခါးဆီမှဝင်လာသော ကားဆိုတာကို တစ်ချက်လောက်ပဲ သုတ်သီးသုတ်ပျာလှမ်းကြည့်မိရ ...။ သွန်း ကို ဘယ်သူ့ဘယ်သူမှ မမြင်ခင်လစ်ဖို့ တာစူရဖြင့်ရှိခဲ့သမျှ ...။ ခုမှ ကားအရောင်ကိုလည်း အာရုံထဲ ပြန်မြင်လာရ ...။ ကားက .. ဖေဖေ့ကားဖြစ်နေတာကို သိလိုက်မိရပါပြီတည်း ...။ ကျွတ်ခနဲ စုတ်သပ်၍ သွန်း ခေါင်းကုတ်၏။

"ငါ့နှယ်နော် .. မနက်စောစောထပြီး မြက်ခင်းဘက်ထွက်လာခဲ့မိပါရဲ့ .. ငါ့ကို မေမေမြင်နိုင်အောင် .. ဥယျာဉ်နဲ့ မဝေးတဲ့ဒီနေရာကိုလည်း တာမင်ရွေးပြီး မြက်ခင်းမှာ လူလုံးပြနေမိခဲ့သမျှ .. မေမေက ငါ့ကိုချော့ဖို့ နေနေသာသာ .. အဲဒီညြသည်ကို မျှော်နေတာကိုး .. ဘယ်အချိန်ကြီးထဲကများ ဖေဖေအစောကြီးထပြီး .. အဲဒီမောင်ကြီးကို သွားခေါ်လိုက်ပါလိမ့် .. ငါ့ထက်တောင်စောနေပါရော့လား .."

ဟု တွေးကာ စိတ်အိုက်နေမိရရင်းမှ ဖြုတ်ဆို တိုးဝင်လာသည်က အသိတစ်ခု ...။

"ဟဲ့ .. အဲဒါဆို .. ဖေဖေ မနက်စောစော .. အဲဒီလူတွေကို သွားခေါ်တာလည်း ဖြစ်ချင်မှဖြစ်မှာပါ .. တစ်ခုခု .. ကိတ်မုန့်တွေ ဘာတွေများ သွားဝယ်တာများလား .. နေဦး .. ဒီနေ့ .. ကြာရိပ်ဖူးမှာ ဘယ်သူ့မွေးနေ့ဖြစ်မလဲ .. အင်း .."

အိမ်ရှိလူကုန် မွေးနေ့အလွတ်ရသည့် သွန်း ...။ ကမန်းကတမ်းစဉ်းစားရင်း စိတ်ညစ်မိပြန်သည်။ ဘယ်သူ့မွေးနေ့မှ ဖြစ်မနေ ...။ တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ယောက် မွေးနေ့ဆို ဖေဖေသည် .. မနက်စောစောကားဖြင့် ထွက်သွားတတ်ကာ ..။ ပြန်လာလျှင် မွေးနေ့ကိတ်ကြီးပါပါလာတတ်သည်လေ ..။ ဤသည်က .. ဒေါ်ကြီးစာ တို့ ဘဘကျော် တို့ .. အန်ကယ်ရန်ကနား နှင့် လေးလေးမြိုင် တို့လို ဒရိုင်ဘာမကျန် .. အားလုံးမွေးနေ့ကို ဖေဖေ မှတ်သားထားတတ်ကာ..။ ထိုသို့ကျင်းပပေးတတ်စမြဲ ..။ ဒါကြောင့်လည်း ဖေဖေနှင့် မေမေ့ကိုရော .. သွန်း ကိုရော .. အိမ်မှာရှိသည့် အလုပ်သမားတိုင်းက သားချင်းပမာချစ်ကြသည်လေ ..။ ဖေဖေနှင့် မေမေ့ကိုဆို .. အရမ်းတလေးတစား .. တရိုတသေထားကြသည်တည့် ..။

"အင်း .. ဘာပဲဖြစ်ဖြစ် .. ငါက .. ကားသံကြားတာနဲ့ .. ဟိုမောင်ကြီးတို့ ဒီကိုလာတယ်ထင်ပြီး .. စွတ်တင်ပြီးလန့်သွားတာ .. မောင်ကြီးတို့ရဲ့ကား ရောက်လာတာလားဘာလားနဲ့ .. ကိုယ့်အိမ်ကကားတောင် ကိုယ်ပြန်လန့်နေသတဲ့ .. ဟက်ဟက် .. အဲဒါပြောတာ .. ကြောက်ချေးပါရင် .. မျက်စိပါပြာသတဲ့ .. ဟက်ဟက် .."

ထုံးစံအတိုင်း တွေးမိတွေးရာ ရာကြဲတွေးကာ ပျော်အောင်ကြိုးစားသည်က သွန်း ပါ။ ဒါပေမယ့် .. စိတ်က တုံးတုံးမချရဲနိုင်ပဲဖြစ်နေသည်။ မနက်စောစော မောင်ကြီးကို သွားခေါ်တာမျိုးလည်းဖြစ်နိုင်သည်လေ ..။ ဖေဖေက အရမ်းဗြဲ့ဝတ်ကျေပွန်သည်ပဲဥစ္စာ ..။ မနေ့ကလည်း .. မောင်ကြီးတို့အတွက် ချိုင့်ကြီးဖြင့် ထမင်းပို့ဟင်းပို့ကိစ္စ အပုလေးနှင့် အတူထွက်သွားသေးသည်ပဲ ..။ ဖေဖေနှင့်အတူ မေမေပါ လိုက်သွားသည်။ ညအခါ ပြေစားဖို့တွေလည်း ချိုင့်ဖြင့်သယ်သွားသေးသည်။ စတိုခန်းမှာ အစီအရီရှိသည့် မုန့်ပုန်းတွေ ပစ်သုံးလေးပုံး အဆစ်ထည့်သွားသေးသည်ပဲလေ ..။ ခုလို တွေးလိုက်တော့လည်း ခေါင်းလေးကုတ်၍ဖွ၍ သွန်း ပြန်စိတ်လက်ညစ်လာရပြန်သည်။

"အဲဒီကို ဖေဖေ မသွားဘူးဆိုရင် .. အောက်ဆုံးနံရိုးကို ထောက်မိစေ .. ဖွ .. ဖွ .. နံရိုးထောက် .. နံရိုးထောက် .."

ပါးစပ်လေးဟ ..။ လက်ညှိုးကိုထည့်၍ တံတွေးဆွတ် ..။ နံကျား



ဆောက်လိုက်တော့ လက်ညှိုးကအောက်ဆုံးနံရိုးကို မထောက်မိ ..။ အောက်ဆုံးကရေတွက်လျှင် နှစ်ခုမြောက်မှာ ကျကျနနထောက်တော့နေ၏။ မျက်မှောင်ကုတ်၍ ကိုယ့်လက်ညှိုးကို ဘုကလန့်တိုက်၍ အမုန်းချိုးကြည့်လိုက်မိသည်က သွန်း ပါ ..။

"အရေးဆို .. ကိုယ့်လက်ညှိုးကတောင် ကိုယ့်ကိုသစ္စာပြန်ဖောက်နေတယ် .. ဟိုဘက်ခပ်ပါပါ .."

လက်ညှိုးကို မျက်စိရှေ့တည့်တည့်ထောင်ပြီး ငေါက်ပစ်လိုက်မိသည်တည့် ..။

ထိုစဉ်ခိုက် သုတ်သုတ်ပါအောင် လျှောက်လာသည့် ဒေါ်ကြီးစာကို အိမ်နောက်ဖေးထောင့်ချိုးဆီမှ လှမ်းမြင်ရတာမို့ ..။ ဝမ်းသာသွားရသည်ပါပဲ..။

"အို .. ဘာဖြစ်လဲ .. မေမေက ထမင်းကြော်အပို့လွှတ်မယ်လို့ ဆောစောကတည်းက အပုလေး နဲ့ အပြောလွှတ်လိုက်တာပဲဥစ္စာ .. ငါဖြင်းဘာ အပုလေး မေမေ့ကိုသွားပြောပေမယ့် .. ဒေါ်ကြီးစာ က မေမေ့အပို့နိုင်းတာကို သေချာဂရုတစိုက်နဲ့ .. လာပို့တယ်လို့ပဲ သက်ရောက်ပါဘယ်လေ .. ငါဆာနေလို့ မျှော်နေတာ ဘယ်သူသိတာမှတ်လို့ .."

ဟု ကြဲဖန်တွေးကာ ပင်စည်အကွယ်ဆီမှာ ကိုယ်လေးကပ်ထားနေပါ၏။ သဘောက .. ဒေါ်ကြီးစာ ၏ ထမင်းကြော်ကို သွန်း လုံးဝမျှော်ဘဲ စိတ်လက်ညစ်နေသည့်သဘောမျိုးသက်ရောက်စေဖို့ပါ ..။

"သွန်းလေး .. ရော့ .. ရော့ .. စား .. ထမင်းကြော်ကို .. ကြွေအုပ်ကြီးနဲ့ ထည့်လာတာသိလား .. ငါးကြော်လည်းပါတယ် .. ကြွေခွက်သေးသေးလေးနဲ့ ခရမ်းချဉ်သီးသုပ်လည်းပါတယ် .. ငရုပ်ချဉ် ကြက်သွန်ကွင်းသုပ် မသုပ်ရဘူး .. ခရမ်းချဉ်သီးအကွင်းလိုက်ကို မြေပဲဆံနဲ့ ဆီချက်ကြက်သွန်နီကြော်နဲ့သုပ်လို့ မမလေးပြောတာမို့ အဲဒါပဲသုပ်ရတာ သွန်းရဲ့ .. ငံပြာရည်လေးနည်းနည်းပါတာမို့ အသုပ်ကကောင်းပါတယ် .. ငရုတ်သီးစိမ်းသေးသေးလှီး ထည့်တယ်နော် .. ကြည့်စမ်း .. ဒါက .. ကော်ဖီခွက်

www.burmeseclassic.com

www.burmeseclassic.com



ဘူး .. ဒါကဖျော်ရည် ဘူး .. သွန်း ကြိုက်တဲ့မြေပဲလိပ်ထုပ်လေးလည်း ထည့်လာတယ် .. ရေသန့်ဘူး လည်းပါတယ်သိလား .. အေးအေး ဆေးဆေး ဒီမှာနေ .. အေး .. အိမ်မှာလည်း ဧည့်သည်ရောက်နေသ တော့ ..”

ဆွဲခြင်းနီထဲက တစ်ခုပြီးတစ်ခုထုတ်လိုက် ..။ ပြောလိုက်ဖြင့်ရှိနေသည့် ဒေါ်ကြီးစာ၏ ပုံစံက .. တစ်နေရာခရီးဝေးသွားမည့်သူအတွက် စားစရာတွေထည့်လာသည့်အတိုင်း စုံစီနဖာစုံနေလွန်းသည့်အဖြစ် ..။ နောက်တော့ မှ သတိရသလိုဖြင့် ..။

“သြော် .. ခြင်းကြီးထားခဲ့မယ်လေ သွန်း ရဲ့ .. သွန်း ယူပြုစားချင်တာတွေ ခြင်းထဲကယူယူစား .. ဟုတ်ပလား .. ဧည့်သည်တွေ စားသောက်ဖို့လုပ်ခဲ့ .. ပွဲပြင်ခဲ့ပြီးမှ ဒီကိုခပ်မြန်မြန်လာခဲ့ရတာ .. ဒေါ်ကြီးစာ ပြန်တော့မယ် .. သွန်းလေး ဆာနေမှာ စိတ်ထဲထိခိုက်လွန်းလို့ သနားလွန်းလို့ .. နေမထိထိုင် မသာဖြစ်လွန်းလို့ .. လာပို့ရတာ အေရယ် ..”

ဒေါ်ကြီးစာ ပြောပြီး သွန်း ကို ကြည့်သည်။ ဧည့်သည်တွေလာသည်ဆိုတာကြောင့် တက်ကြွလန်းဆန်းစွာ ထမင်းကြော်အုပ်ကို ကိုင်ထားပါသည့် သွန်း မျက်စိမျက်နှာမကောင်းဘဲဖြစ်သွားတာကိုလည်း မြင်ရသည်ပါပဲ။

“အစ်ကိုကြီး မနက်စောစောကားနဲ့ ထွက်သွားတာ သွန်း ရဲ့ .. ပြန်လာတော့ .. အဲဒီလူတွေပါလာတာပဲ .. မိတ်ဆက်ပေးတယ်သိလား .. မောင် ခန့်ညားမောင် တဲ့ .. ဒေါ်ဥ နဲ့ မိလုံး တဲ့ .. အဲဒီထဲက ကိုသိန်း တစ်ယောက်ကိုတော့ သိပြီးခင်ပြီးသားပေါ့လေ .. အားလုံးပါလာအောင် အစ်ကိုကြီး ခေါ်လာတာ .. ဒေါ်ကြီးနဲ့ အပုလေး တို့ကိုပါမကျန်အောင် သေချာမိတ်ဆက်ပေးတာကွယ် .. အင်း .. မောင်ခန့်ညားမောင် ဆိုတာ အသားဖြူဖြူ .. အရပ်မြင့်မြင့်.. မျက်မှန်လေးနဲ့ကွယ် .. ရုပ်တော့ အချောရယ်သိလား .. ဒါပေမယ့် .. စကားနည်းသကွယ် ..”



သေချာပြီ .. ။ ဖေဖေ တာကန်တက မောင်ကြီးတို့အားလုံးကိုသွားခေါ်လာခြင်း ..။

“ဖေဖေ ခေါ်တာနဲ့ သူက လိုက်လာရမတဲ့လား .. ငတ်လိုက်ပုံများ ..”

စိတ်ထဲက ကဲ့ရဲ့ခြင်း ..။

“အံမယ် .. သူက .. ဟိုကြည့်သည်ကြည့်နဲ့သိလား .. ထမင်းကြော်မစားသေးခင်မှာ .. တောင်ကြည့်မြောက်ကြည့်နဲ့ ရှိနေတာ .. သွန်းလေးကို များရှာနေတာလား မသိပေါင်အေရယ် .. မေးတော့မမေးဘူးကွယ် .. အဲဒါ.. ထူးဆန်းတာက .. အစ်ကိုကြီးနဲ့ မမလေးတို့ကလည်း သွန်း နဲ့ ပတ်သက်ပြီး အဲဒီ မောင်ခန့်ညားမောင် ကို .. ဘာမှကိုမပြောဘဲ ထမင်းကြော်စားခိုင်း .. ကြက်ကြော်နဲ့ ငါးကြော်ထည့်ပေး .. ဘာပေးနဲ့လုပ်နေကြတာ .. အစ်ကိုကြီး စည်သူ နဲ့ မမလွမ်း တို့အကြောင်းလည်း မေးနေသေးတယ် .. စည်သွပ်စက်ရုံ လုပ်ငန်းကိုင်ငန်းကိစ္စ .. အဲဒါတွေဆက်မေးတယ် .. ပြီးတော့ ဟိုတယ်ကို ခေါ်သွားမယ်လို့လည်း .. အစ်ကိုကြီးက ပြောနေတယ် .. သူက အေးအေးဆေး ဆေးဖြေသကွယ် .. လူကြီးတော့ အဆန်သား ..”

ပြောပြနိုင်သမျှပြောပြပြီးတာနှင့် ဒေါ်ကြီးစာ ခပ်သုတ်သုတ်ပြန်သာ၏။ သွန်း စိတ်ညစ်နေရပေမယ့် ..။ ဝမ်းဆာသည့်ကိစ္စကိုတော့ အပျက်စီးမခံနိုင်..။ တဂျုတ်စက်ခုတ်နေပြီဖြစ်သည့် ဝမ်းမီးကို ဖျောက်ဖို့လိုသည်လေ ..။ ထမင်းကြော်အုပ်ကိုဖွင့် ..။ အသင့်ထည့်ထားသော ဇွန်းဖြင့် ကော်ခပ်စား ..။ စားတော်ပဲပြုတ်လေးနှင့် ကြက်သွန်နီ၊ ကြက်သွန်ဖြူဆီသပ်၍ မွှေးမြနေအောင် ကြော်ထားသော ထမင်းကြော်ကို မြိန်ရည်ယှက်ရည် သွန်း စားသည်။ ခြင်းထဲမှ အုပ်တစ်အုပ်ကိုဖွင့်၍ ငါးကြော်ကိုယူသည်။ ခရမ်းချဉ်သီးသုပ်ကိုလည်း စားသည်။ ရေသန့်ဘူးဖွင့်၍ သောက်သည်။

“ငါက .. စိတ်ညစ်တာနဲ့ အစားစားတာကို ကဏ္ဍခွဲသကွယ် .. ဒီတော့ .. စားသကွယ် ..”

www.burmeseclassic.com

www.burmeseclassic.com



စောစောက ဒေါ်ကြီးစာ ပြောသည့်အထဲမှာ မောင်ကြီးကိုများ အေးအေးဆေးဆေး ဖြေသကွယ့်တွေဘာတွေဖြင့် ထည့်ပြောသွားတာမို့ ..။ လိုက်တု၍ သွန်း ပြောသည်။ အမြီးတယမ်းယမ်းဖြင့်လာ၍ ထမင်းကြော် မိုက်ကြေးခွဲနေကြသည့် မန်းကီးတို့ တစ်အုပ်ကို ဟိုတစ်ပုံသည်တစ်ပုံ ထမင်းကြော်တွေပုံချ၍ကျွေးရင်း ပြောခြင်း ..။ သွန်း ငါးကြော် စားနေတော့ မန်းကီးက ဝုတ်ခနဲ အသံပေး၏။

ဘတ်တာဖလိုင်းက ရှေ့တည့်တည့်မှာ ဆောင့်ကြောင့်ထိုင်၍ သွန်း ၏ လက်ထဲမှ ငါးကြော်ကို မျက်တောင်မခပ်ပြူးပြဲ၍ တကောက်ကောက် ကြည့်၏။ သွန်း ၏ လက်ကပါးစပ်ဆီသို့ ရွေ့လျှင် အကြည့်ကလည်း လိုက်၏။

"ဟက်ဟက် .."

ရယ်လိုက်ရင်း သွန်း ငါးကြော်ကို အပေါ်သို့လက်မြှောက်၍ပြ၏။ ဘေးဘက်ကား၍ ဖြန့်၍ပြ၏။ နောက်တော့ အရသာခံ၍ စားပြ၏။

"ဒါတော့ မကျွေးနိုင်ဘူးကွ .. ငါးကြော်က .. ငါ့အတွက်ဟဲ့ .. နင်တို့ကို တစ်ကောင်ချင်း တစ်ဖဲ့စီကျွေးကြည့် .. ငါ့အတွက်ကျန်မှာ မဟုတ်ဘူး .. ဒီတော့ကာ .. ဆောရီးပဲ .."

ပြောပြီး ငါးကြော်ကိုဆက်၍ ဝါးသည်။ ထမင်းကြော်ကိုတော့ ဟိုဘက်သည်ဘက်ပုံ၍ပုံ၍ သကောင့်သားတွေကို ကျွေးလိုက်သည်ပါပဲ ..။ ဘယ်တော့မဆို အစာအိမ်ချက်အားကောင်းကာ စားကောင်းသောက် ကောင်းဖြင့် လှုပ်ကစ်နေကြသည့် သကောင့်သားခြောက်ကောင်ကလည်း ဖြုတ်ဆိုကုန်သွားကြသည်ပါပဲ။ တစ်ခုတော့ရှိသည်။ တခြားတစ်ကောင် ရှေ့ချပေးသော ထမင်းကြော်ကို ဘေးအကောင်တွေက ဝင်လုမစားကြ ..။ မြက်ရိုင်းပင်ပြားပြားကပ်သပ်တွေပေါက်နေသည့် နေရာမှာထိုင်ရင်း သွန်း ခွေးခြောက်ကောင်နှင့်အတူ မနက်စောစောစာကို ဝမ်းဖြည့်နေလိုက်သည်ပါပဲ ..။

နောက်တော့ ကော်ဖီမာတ်ဘူးကို သတိရလာသည်မို့ ..။ ခြင်းထဲမှ



ကြွေခွက်ကိုယူကာ လောင်းထည့်၍ အရသာခံသောက်ပြန်၏။ ထမင်းကြော်ကလည်း စားလက်စ ..။ ကော်ဖီတစ်ကျိုက် ..။ ထမင်းကြော် တစ်လုတ် ..။ အချဉ်သုပ်တစ်ဖွန်း ..။ ငါးကြော်တစ်ကိုက်ဖြင့် အစား အသောက်မပျက်ဘဲ စိတ်လက်ညစ်ခြင်းအခမ်းအနားကို တစ်ယောက် တည်း ကျင်းပသလိုဖြစ်နေတာကိုတွေးမိကာ ..။ စိတ်ညစ်နေသည့်ကြား ထဲမှ တစ်ချက်ဟက်ခနဲရယ်သည်။

"ဟော့ .. စနိုး .. ငါက အိမ်ရှင်ဖြစ်ပြီး ပုန်းနေရသဟဲ့ .. ဟက် .. ဟက်"

ခပ်တိုးတိုးလှမ်း၍ သွန်း ပြောတော့ စနိုး ဆိုသည့်အမည်ပါ၍ ထင့် ..။ ငပုစနိုး မော့ကြည့်သည်။ ဝုတ်ခနဲအသံပေးသည်။ အမြီးနှံ့သည်။ ရှေ့မှာပုံချထားသည့် ထမင်းကြော်ထဲက ပဲပြုတ်ကိုအရင်ရွေး၍ စားနေ သည်တည့် ..။ စနိုးက အကောင်းကြိုက် ..။ ဘယ်တော့မဆို .. အကောင်း ကို အရင်ရွေးစားတတ်သည့် ငနဲဖြစ်၏။

ထိုစဉ်ခိုက် နောက်ပါးဆီမှ ...

"ခွေးတွေနဲ့ မင်း တူတူစားနေသောက်နေတာကိုး .. မင်းက .. အရင် တုန်းကလိုပဲ .. ညစ်ပတ်နေတုံးပဲကိုးကွ .. လူနဲ့ ခွေးနဲ့ တူတူစားနေတာ မကောင်းဘူးသိလား .. ရောဂါဖြစ်တတ်တယ် .."

ဘုရားရေ ..။ နားအကြားလွဲစေ .. ဟု ဆုတောင်းသည်။ မော့ခနဲ ကြည့်မိခိုက်မှာ ..။ အသားဖြူဖြူ .. အရပ်မြင့်မြင့်ကြီးနှင့်လူ ..။ မျက်ဝန်း တွေက ရွှန်းတောက်နေသည်။ နှာတံကထင်း၏။ နှုတ်ခမ်းကို ခပ်စေ့စေ့ ဟန်ထယ်စွာ ရှိနေစေသည့်လူ။ စတစ်ကော်လံ အင်္ကျီမီးခိုးရောင်ကို သပ်သပ်ခပ်ခပ်ဝတ်ထားသည်။ အပြာရောင်ကွက်စိပ် ဆိတ်ခွံပုဆိုးကို မီးပူကျဲဝတ်ထားသည်။ ဆံပင်ကို သပ်သပ်ယပ်ယပ်နောက်လှန်၍ ဖြီးသင် ထားသည်။ ခြေထောက်ကဖြူဥနေကာ အညိုရောင်ကတ္တီပါဖိနပ်ကို စီး ထား၏။ သေချာသည်ပေါ့ ..။ ဤသူသည် .. ခန့်ညားမောင်မှ တစ်ပါး အခြားဘယ်သူမှမဖြစ်နိုင်။ ပို၍သေချာစေသည်က မျက်မှန်တပ်ထား

www.burmeseclassic.com

www.burmeseclassic.com



သည့်လူဖြစ်နေသည်လေ ...။ ရွှေကိုင်းမျက်မှန် နှင့် လူ ...။

"ဟယ် .. မောင်ကြီး .."

ဘယ်လိုကနေ ဘယ်လို လွှတ်ခနဲ စိတ်ညစ်သံလေးဖြင့် ထွက်သွားသည် မသိ ...။ မောင်ကြီးကလည်း သွန်း ကို ကဲ့ကဲ့ရဲ့ရဲ့ပုံဖြင့် ငုံ့မိုးကြည့်နေရာမှ ပို၍မျက်နှာမဲ့ခနဲဖြစ်၏။

"အဲဒါပြောတာ .. ခုထိ .. အချိုးမပြောင်းပဲကိုး .. မောင်ကြီးတဲ့လားကွာ .. ဒေါ်ပေါလစ်(ရှ်)ရာ .. မင်းညာဏ်တယ်ပြီး ပေါလစ်တင်သကိုးကွ .. ဟင် .."

ဟု ညည်းသံပေါ်လာပါသတည်း ...။

သွန်း ထမင်းအုပ်ထဲ ဇွန်းကိုပြန်ထည့် ...။ အဖုံးပြန်ဖုံး ...။ ခြင်းထဲထည့်...။ သူ့ကိုလည်း မော့ကြည့်ကာ ...၊

"မောင်ကြီးကလည်း .. ခုထိ .. သွန်း ကို .. ကဲ့ရဲ့ဖို့ပဲကြည့်နေတာကိုး .. ဟင် .."

ဟု .. ဟင်သံလေးကူး၍ ပြောတော့ သူ မျက်မှောင်ကုတ်၍ ကြည့်၏။

ဆံကျစ်ရှည်နှစ်ဖက်က မြက်ခင်းပေါ် ခွေတင်နေသည်။ မျက်တောင်ထူထူရှည်ရှင်စင်းစင်းလေးတွေက ငယ်တုန်းကနှယ်ပင် ကလေးမျက်နှာလေးထက်မှာ ထင်းနေ၏။ နှာတံလေးထင်းနေကာ ...။ နှုတ်ခမ်းဖူးဖူးအိအိ ...။ ပါးပြင်ထက်မှာ သနပ်ခါး ဟိုသည်တစ်ကွက် ထင်းနေကွက်နေကာ ...။ မျက်ခုံးထူလေးနှင့် ကောင်မလေး ...။ ဒူးဆစ်ဖုံး ဘောင်းဘီအနက်စင်း ...။ အကျီလက်တို ခါးဖုံးအနက်စင်းဆင်တူလေးနှင့် ကောင်မလေး ...။ ငယ်တုန်းကနှင့် ဘာမှမထူး ...။ အသန့်ကြိုက်သည့် သူ့စရိုက်နှင့် ခြားနားနေဆဲ။ ကြည့် ...။ ခွေးတစ်အုပ်နှင့်ရှိနေ စားနေသည့် ကလေးမ ...။ ဘယ့်နှယ်လုပ်၍ .. သူနှင့် အဆင်ချောမည့်တဲ့လဲလေ ..

"မင်းနဲ့ ငါ ဆွေးနွေးစရာရှိတယ် .. ငါတို့ကိစ္စပဲ .."

ဟု တည်တည်ငြိမ်ငြိမ်သူ ပြောကာ မထိုင်သေးဘဲ ငုံ့ကြည့်၏။ မော့ခနဲ ကြည့်လာသည့် သွန်း ကလည်း ခပ်တည်တည်ပြန်ပြောလိုက်



သည့်အဖြစ်။

"ဆွေးနွေးတယ်ဆိုတာ .. ကြာတတ်တယ်ရှင့် .. ရှင် .. အသန့်ကြိုက်တာ သွန်း သိပါတယ် .. ဒါပေမယ့် .. ဒီမှာက ထိုင်ပြောစရာဆိုလို့ .. ဒီမြက်ပင်လေးတွေပေါက်နေတဲ့ မြေကြီးပဲရှိတယ် .. သွန်း ကတော့ မြေကြီးနဲ့ကိုကြိုက်တဲ့သူ .. မြက်ခင်းနဲ့ကို နှစ်သက်တဲ့သူဆိုတော့ .. ထိုင်ရတာ ဝန်မလေးတတ် ဖူးလေ .. မောင်ကြီး ဆွေးနွေးချင်တယ်ဆိုရင်တော့ .. ထိုင်မှဖြစ်ပါလိမ့်မယ် ဘာလို့လည်းဆိုတော့ .. လူတစ်ယောက်ကိုမော့ကြည့်ပြီး သွန်း စကားပြောတတ်လို့ပါပဲ .. မော့ကြည့်ရတယ်ဆိုတာ .. အရှုံးပေးလိုက်ရသလိုဖြစ်နေတယ်လေ .."

သွန်း စကားကိုကြောင့် သူ အံ့သြလိုက်ကြည့်မိရပါပြီ။ ကောင်မလေးကလည်း မာနလေးတော့ထုတ်အပြဟု တွေးမိရင်းမှ တစ်ချက်ပြုံးသည်။

"ရပါတယ် .. ကိုယ်ကလည်း သိပ်ကြာကြာ ဒီမှာရှိနေမှာမဟုတ်ပါဘူး .. ခုလည်း ဘာရိတ်ဖတ်စ်စားပြီးချိန်မှာ အန်တီထားက ခြံထဲဆင်းလျှောက်ပါလားလို့ပြောတာနဲ့ .. ဆင်းလာလိုက်တာပါ .. မင်းကိုလည်း မနက်စာပွဲမှာ မတွေ့ခဲ့ရဘူးလေ .. တမင်ရှောင်နေလိမ့်မယ်လို့တော့ ထင်မိပါရဲ့ .. ခုလည်း လိုက်ရှာရင်းနဲ့ .. ဒီမှာတိုးတာပါပဲ .. မင်း .. ငါ့ကို .. မဆုံချင်လို့ရှောင်နေတာသိထားရတဲ့ငါက .. မညံ့ပါဘူး .. မင်း .. ငါ့ကို ငြင်းချင်တယ်မဟုတ်လား .. ငြင်းလိုက်ပါ .. ငါကလည်း .. သဘောတူပါတယ် .. ငါ့ဘက်က ဖေဖေနဲ့ မေမေ အရမ်းသဘောမျှနေလို့ .. ငါ ခက်နေရတာပါ .. ခုလည်း အန်ကယ်သု တကန်တကမနက်အစောကြီးလာခေါ်လို့ ငါတို့ပါလာရတာ ပါ .. မင်းကို .. ထပ်ပြောပါမယ် .. မင်းနဲ့ ငါ့ကိစ္စ .. ငါက ငြင်းတယ်ဆိုရင် .. ဖေဖေနဲ့ မေမေက အရမ်းစိတ်ထိခိုက်ကြ .. စိတ်ဆိုးကြမှာမို့ .. ငါ .. ခဏ ငြိမ်နေရတယ်ဆိုတာကိုပါပဲ .. မင်းက .. ငြင်းပိုင်ခွင့်ရှိနေတာပဲလေ .. ငြင်းပါ .. ငြင်းပါ .. အဲဒါကို .. ငါက စိတ်မထိခိုက်စွာ .. ပျော်ရွှင်စွာ .. စောင့်ဆိုင်းနေတယ်ဆိုတာ သိပေးပါ .. ကဲ .. ငါသွားမယ် .."

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာဆိုကာ ရုတ်ခနဲလှည့်ထွက်သွားတော့ သွန်း ရင်ထဲ နာကျင်ကျန်ခဲ့ရပါပြီ။ သွန်း ဘက်က စကားတစ်ခွန်းမှ မပြောလိုက်ရဘဲ ..။ သွန်း ကို .. သူ မနှစ်သက်တာတွေ တောက်လျှောက်ပြောပြီး ထွက်သွားသမျှကို .. ငြိမ်နားထောင်ကျန်ခဲ့ရ သည့်နှယ်ရှိသွားရသည်ကိုး လေ ..။

သွန်း ကျုံး၍ ထရပ်သည်။ ပြေး၍ သူ့နောက်ကိုလိုက်သည်။ သူ့လက်မောင်းကို အားမန်ဖြင့် စိတ်လိုက်မာန်ပါဆွဲလိုက်သည်က မီလာသည့် အချိန်မှာပါ။

သူ .. ရုတ်ခနဲ နောက်ပြန်လှည့်၍ကြည့်၏။ သွန်း ကလည်း မော့ကြည့်၏။ အရပ်မြင့်နေသည့်သူ့ကို ခြေဖျားထောက်၍ မျက်လုံးတည့်တည့်ကို မီနိုင်အောင်ကြိုးစားကြည့်ပေမယ့် .. သူ အရပ်ကမြင့်နေခဲ ..။

"ဒီမယ် .. ရှင် ငြင်းလိုက်ပါလား .. ရှင့်အပြစ်လွတ်အောင် .. သွန်း ကို တာဝန်လာမပေးနဲ့ .. ဒါပေမယ့် .. သွန်း ဘက်ကလည်း ပြောမယ် .. ရှင့်ကို .. သွန်း လက်မထပ်ချင်ဘူးဆိုတာ .. သေသေချာချာနားလည်ထားပါ .. ဒါပါပဲ .."

ဟု ပြောပြီးတာနှင့် သူ့လက်ကိုဆောင့်၍ တွန်းပစ်ပြီး နောက်ကြောင်းပြန်ပြေးမိခဲ့ရပါပြီတည်း ..။ မျက်ရည်ဝဲလာ၏။ နေရင်းထိုင်ရင်း .. သွန်းကို လာ၍ ချိုးချိုးဖွဲ့ဖွဲ့ လာနှိမ်နေသမျှ .. ခံရပြီတဲ့လား ..။ ခံရမည်တဲ့လားလေ ..။



## အခန်း (၁၁)

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ .. ထောက်ထားစရာရှိတာကိုတော့ အားရုံဘားသင့်တယ် ငါ့လူ .. မနက်ကကြည့် .. အန်ကယ်သု ကိုယ်တိုင် မနက်စာစားဖို့အတွက် ကားနဲ့လာကြိုတယ် .. အဲဒီကပဲ ဟိုတယ်ကိုသွားတော့လည်း ငါ့လူကို ဟိုတယ်အရောက် သူ့ကားနဲ့ မောင်းပို့တယ် .. ငါ့ကားက နောက်ကမောင်းလိုက်ခဲ့ရတာ .. အဲသလောက်ထိ ငါ့လူကို အရေးထား ဂရုစိုက်တာကိုတော့ ပေါ့ပေါ့တန်တန် မထားသင့်ဘူးပေါ့ကွာ .. ကောင်မလေးနဲ့ ငါ့လူကို လက်ထပ်ပေးဖို့ရှိရုံသက်သက်တစ်ခုတည်းကြောင့်မဟုတ်ဘူးဆိုတာ ငါ့လူ နားလည်မှာပါ .. ငါ့လူကို ငယ်ကတည်းက အန်ကယ်သု နဲ့ အန်တီထား တို့ ချစ်ကြတာ ငါ့လူ အသိပဲဥစ္စာ .. ခု .. ငါ့လူ ရန်ကုန်ရောက်တာနဲ့ ညှို့ဝတ်အရမ်းကျေနေကြရာတာဟာ သံယောဇဉ်ကြောင့်ကွ .. တခြားကြောင့်မထင်နဲ့ .. ဒီတော့ .. မင်း .. ကောင်မလေးကို မျက်စိထဲ အကောင်းမမြင်ဘဲ စွတ်ငြင်းချင်နေတယ်ဆိုရင်တောင်မှ.. ချက်ချင်းကြီး မြန်မြန်ဆန်ဆန် ငြင်းမပစ်တာတော့ ကောင်းမယ်ထင်တယ် .. အားနာစရာတွေ ဖြစ်ကုန်မယ်ကွ .. ငါ့ လူရဲ့ မိဘ .. မျက်နှာပျက်ကြရလိမ့်မယ် .. သူတို့ချင်းက ငယ်သူငယ်ချင်းတွေ .."

လေးလေးသိန်း ပြောတော့ သူ ငိုင်နေသည်။ ဟိုတယ်သို့သူ့အတွန်းကလည်း တကယ်ပဲ အန်ကယ်သု ကိုယ်တိုင် လိုက်ပို့ပေးသည်။ ဖေဖေ့

www.burmeseclassic.com

www.burmeseclassic.com



လူယုံ ဦးအိမ်စိုး ဆိုတာကလည်း အန်ကယ်သုမှ ဖေဖေ့အတွက် ရှာဖွေပေးခဲ့ပါလေသော အငြိမ်းစားဟိုတယ်မန်နေဂျာအဆင့်ရှိသူ ဖြစ်ပါ၏။ ဒါကြောင့်လည်း ဟိုတယ်နှင့်ပတ်သက်၍ အဘဦးအိမ်စိုး ကို သူ အားကိုး၍ရမည်။ လုပ်ငန်းခွင်ကိစ္စ သင်ယူ၍လည်းရမည်။ ဤသို့ အဆင်တပြေဖြစ်အောင် အန်ကယ်သု လုပ်ပေးခဲ့တာကိုတော့ သူ အသိအမှတ်မပြု၍မရနိုင် ...။ စိတ်သည် မနက်ခင်းဆီက ဟိုတယ်ဆီသို့ ရောက်ခဲ့ရသည့်ကာလသို့လည်း ရောက်၏။

ပြီးတော့ .. သြော် ... ပြီးတော့ .. ဟိုတယ်မသွားခင်ဧေးမှာ ဆုံခဲ့ရပါသည့် ကောင်မလေး၏ တောက်ပစူးရှသောအကြည့်နှင့် ခပ်တင်းတင်းပြောခဲ့သည့်စကားသံကိုလည်း ကြား၏။ ရင်ထဲက ထုတ်၍မရနိုင် ...။

"သူက . ခန့်ကို လက်မထပ်နိုင်ဘူးဆိုတာ အတိအကျပြောထားတာဗျ .."

ရင်ဖွင့်စရာဆို၍ လေးလေးသိန်း ပဲရှိတာမို့ .. ခုလို ဟိုတယ်မှအပြန်အိမ်ကိုပြန်ရောက်နားနေရသည့် ညနေခင်းလေးမှာ ပန်းခြံဘေး ခုံတန်း၌ တူတူထိုင်ဖြစ်ရင်း .. သူ ... ရင်ဖွင့်မိခြင်း ...။

"သြော် .. ဟုတ်လား .. အင်း .. ငါ့လူကို အန်တီထား က ခြံထဲဆင်းကြည့်ပါလားလို့ ဆိုကတည်းက ငါရိပ်မိသား .. ကောင်မလေးကို အိမ်ထဲမှာမှ မတွေ့ရတာကိုးကွ .. ခြံထဲမှာ ရှောင်နေပြီထင်ရဲ့လို့ ငါထင်သား .. မိန်းကလေးဆိုတော့ကာ .. မကြာမတင် လက်ထပ်ရဖို့ကိန်းရှိနေတဲ့လူတစ်ယောက်ကို ဆုံရမှာ မျက်နှာလေး ရှက်သွေးဆမ်းချေမပေါ့လို့ တွေးမိသား .."

အရေးထဲ လေးလေးသိန်း ၏ စကားတွေ ကဗျာဆန်နေသည်။ စိတ်ညစ်ညစ်ဖြင့် သူ ကြည့်၏။

မျက်မှောင်ကုတ်ကြွေး၍ကြည့်နေသည့် သူ့ကိုတု၍ လေးလေးသိန်းကလည်း ပုံစံတူ မျက်မှောင်လိုက်ကုတ်သည်။ ခပ်ရူးရူးပြန်ကြည့်သည်။



သူ .. ပို၍ စိတ်ညစ်လာရပါ၏။

"ဘာလဲဗျ .."

သူ ထအော်တော့ လေးလေးသိန်း စတင်၍ရယ်သည်။ မျက်ခုံးကို ဖြေသည်။ မျက်နှာကို ပခုံးပေါ်တင်ထားရာ သဘက်ယော်ဖြင့်သုတ်သည်။

"ဟ .. ဘာရမလဲ ငါ့လူရ .. ကြည့်တာပေါ့ကွ .. ငါ့လူမျက်ချိုးကိုကြည့်တာ .. တုန့်ပြန်တာ .. ဒီမှာ ငါပြောမယ် .. ငါ့လူက မျက်မှောင်ကုတ်ကြည့်ရင် ငါကလည်း ပြန်ကုတ်ကြည့်မယ်ကွာ .. ငါ့လူက .. လက်မထပ်နိုင်ဘူးလို့ပြောရင် .. ကောင်မလေးကလည်း အဲသလိုပဲပေါ့ကွ .. ပြန်ပြောမှာပေါ့ .. ဘယ့်နှယ်ကွာ .. ရှင်က ကျွန်မကို လက်မထပ်ချင်ပေမယ့် .. ကျွန်မက လက်ထပ်ချင်နေပါတယ်ရှင်လို့များ ဘယ်မိန်းကလေးက ပြောမှာတဲ့လဲ .. ဒီမှာ ငါ့လူ .. မင်းအကြောင်း အနုကြွေ အနုကောက် .. အနုဖြောင့်အနုတို .. အနုရှည်အနုကျွေး .. အားလုံးငါသိတယ်.. ငါ့လက်ပေါ်ကြီးတဲ့ကောင် .. အဲဒါသိထား .. အန်တီထား က မင်းကို ခြံထဲကြည့်နိုင်းကတည်းက .. မင်းတို့ချင်း ဆုံစေချင်လို့ဆိုတာ ငါသိတယ် .. မင်းလည်း ရိပ်မိမှာပါ .. ဟိုရောက်တော့ .. ကောင်မလေးကို မင်း လက်မထပ်ချင်တာပြောမယ်ဆိုတာလည်း ငါသိတယ် .. ဒါမှ .. ကောင်မလေးက .. မင်းကို ငြင်းတဲ့စကား ပြတ်သားစွာ နှစ်ဖက်မိဘတွေကို ဖြေမှာပေါ့ကွာ .. သူ့မိဘဆီကတစ်ဆင့် မင်းမိဘထံဆိုပါတော့.. အဲဒါ မင်းလိုချင်တာပဲမဟုတ်လား .."

ဟုပြောတော့ သူ ငြိမ်နေသည်။

လေးလေးသိန်း ခေါင်းခါ၏။ ဆေးလိပ်ဖွာ၏။ သူ့တို့ စိတ်မောပုံဖြင့်ကြည့်၏။

"အဲဒါ ရိပ်မိလို့ .. စောစောက ငါပြောခဲ့တဲ့စကားထဲမှာ .. မျက်နှာထောက်ဖို့ကိစ္စရှိတယ်ဆိုတာ ထည့်ထည့်ပြောတာပေါ့ .. ညားကြီးရာ.. မင်းမို့ကွာ .. မဆင်မခြင် ..."

အပြစ်တင်သံက ပေါ်ပေါ်တင်တင် နိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း .. ဘယ်လောက်အားနာဖို့ကောင်းလဲ .. ဒီမနက်မှာ မနက်စောစောကို မင်းကြောင့် .. ငါတို့တစ်အုပ်တစ်မကြီး ဟိုမှာ သွားစားခဲ့ကြတယ် .. စားထားရတာတွေ့ ပြန်မျက်နှာပူသကွာ .. မင်းမပူပေမယ့် ငါတို့ပူတယ် .. အဲဒါပြောတာပေါ့ .. အိုးကမပူ စလောင်းကပူဆိုတာလေ .. မင်းကွာ .. ခက်ပြီပဲ .. ခု .. ကြည့်စမ်း .. ဟိုတယ်လည်း လိုက်ပို့တယ် .. နေ့လယ်စာစားဖို့ အိမ်လာဖို့လည်း ပြောတယ် .. မင်း မနည်းငြင်းယူရသလို .. ရုံးခန်းမှာ ဘဘဦးအိမ်စိုးနဲ့ မင်းကိုဆုံပေးပြီး.. ဘဘဆီ မင်းကိုအပ် .. ကြာရိပ်မြိုင်မှာ ထမင်းပါကျွေးမွေးဖို့ ဆက်ပြောခဲ့တာဆို .. အဲဒါ .. အဲဒီကိစ္စ .. ငါ့ကို မင်းပဲ အိမ်အပြန် ကားပေါ်မှာ ပြောပြခဲ့တာလေ .. မင်းက .. ဟိုတယ်မှာပဲစားဖို့ အဆင်ပြေနေတာမို့ မစားပါရစေနဲ့လို့ မနည်းငြင်းရသဆို ..."

လေးလေးသိန်း မေးနေတော့ သူ ငြိမ်နေသည်။ ဟုတ်တော့ ဟုတ်သည်။ အန်ကယ်သု နှင့် အန်တီထား တို့ကိုတော့ အားနာစရာဖြစ်နေသည်မှာအမှန်။ ဒါပေမယ့် ခက်သည်က .. သူ့အိမ်ထောင်ရေးကိစ္စပေမို့.. သူ မနှစ်သက်နိုင်သည့် မိန်းကလေးတစ်ယောက်ကို ထိုမိန်းကလေး၏ မိဘတွေကို အားနာရုံသက်သက်မျှဖြင့် လက်ထပ်ပေးလိုက်ရမည်ဆိုတာကတော့ မဖြစ်သင့်သည့်ကိစ္စ ဖြစ်နေသည်လေ ..။ အလွန်စွန့်စား မိုက်မဲရာရောက်မည်ပေါ့ ..။

"ကဲ .. ငါမေးစမ်းပါ့မယ် .. အဲသလောက်ထိ .. အန်ကယ်သုနဲ့ အန်တီထား တို့ဘက်က .. ငါတို့အတွက် .. အဲ .. မင်းအတွက် အဓိကပေါ့ကွာ.. ချိုင့်တွေ ဘာတွေနဲ့တောင် စားစရာတွေ လာပို့ပေးခဲ့ရှာတာ.. အဲဒါတော့ မင်းစားခဲ့သလို .. ငါတို့လည်း စားခဲ့သောက်ခဲ့ကြတာပဲ.. ဟိုတယ်ကြီးတစ်ခုလုံး ပိုင်စိုးတော်မူတဲ့ မင်းကိုမေးမယ် .. ကဲ .. ဖြေ.. မင်း .. အန်ကယ်သုတို့မိသားစုကို .. ဟိုတယ်မှာ .. ဧည့်ခန်းဆောင်မှာ မင်း .. ထမင်းဖိတ်ကျွေးခဲ့မိသလား .. ကဲ .."

ဟု မေးလာတော့မှ သူ မျက်စိမျက်နှာပျက်သည်။ ဟုတ်သည်။



သူ ဝတ္တရားပျက်ခဲ့ပြီကောလေ။ ဟိုတယ်ကြီးတစ်ခုလုံးကိုပိုင်သည့် လူတစ်ယောက်အနေဖြင့် အကောင်းတကာ့အကောင်း အစားအစာတွေကို ပေါ်များစွာ .. အမယ်များစွာဖြင့် .. ကျွေးမွေးဖို့ဆိုတာ အလွန်တရာကိုမှ လွယ်ကူနေသောကိစ္စ..။ နိုင်ငံတကာစံမီ စားဖိုမှူးတွေမှ အများကြီးရှိနေသည့် ဟိုတယ်ကြီးကိုပိုင်ဆိုင်ထားသည့် သူ့ဘက်က .. ဤမျှလောက်တော့ ဧည့်ဝတ်တုန့်ပြန်မှုကို ဘာကြောင့်များ မပြုမိရပါလိမ့်။ သတိမရဘဲ ရှိရပါလိမ့်..။

သူ့ကိုကြည့်နေရာမှ လေးလေးသိန်း ခေါင်းခါသည်။

"အဲဒါ .. အတွပေါ့ ငါ့လူ .. မင်းရင်ထဲမှာ ကောင်မလေးကို လက်မထပ်ချင်နေတာပဲရှိတယ် .. အဲဒီနေရာမှာ .. အငြင်းလွတ်တဲ့နည်းနဲ့အကြံထုတ်ပြီး .. တစ်ဖက်သားက ငြင်းတာမျိုးကို လိုချင်နေတယ်.. အဲဒီစိတ်တစ်ခုနဲ့ လူဖြစ်နေတာလေ .. ဒါကြောင့် လူ့ဝတ္တရားတွေဘက်ကို အာရုံလည်းမရောက် .. တာဝန်လည်းမကျေ ဖြစ်ကုန်တာပေါ့.. ဒီမယ် ညားကြီး .. သွန်း .. အင်း .. ရွှေသွန်းဟာ .. မျိုးရိုးကောင်းတယ်.. ရုပ်ရည်ချောတယ် .. ပညာတတ်တယ် .. အန်ကယ်သု နဲ့ အန်တီထား တို့က .. သူတို့သမီးလေးကို .. ဘယ်သူကမှ လက်ထပ်မယ့်သူမရှိလို့ မင်းလက်ထဲ ထိုးအပ်ဖို့ ကြံနေတယ်လို့များ မင်းက ထင်များထင်နေသလား .. ဟင်.. မလုပ်ချင်စမ်းပါနဲ့ ငါ့လူရာ .. မင်းမှားလိမ့်မယ် .."

ဟုပြောတော့ သူ ငြိမ်နေ၏။ ငြင်းလည်း မငြင်းချင် ..။ လေးလေးသိန်း ပြောသည့် စကားတွေက အများစုမှန်နေသည်လေ ..။ တစ်ခုပဲရှိသည်။ ကောင်မလေးကို လက်ထပ်မည့်သူမရှိဟုတော့ သူ ဘယ်တုန်းကမှ သည်း မထင်ခဲ့ပါ။ ဤမျှချောမောသည့် ကလေးမကို .. မြတ်နိုး လက်ထပ်လိုသူတွေ မနည်းမနော ရှိနေကြချေမည်သာ ..။ သူ့အာရုံထဲမှာ ကောင်မလေး၏ပုံရိပ်လေး ပေါ်လာသည်။ ပါးပြင်ပေါ်မှာ အကြောမျှင်တို့ ရှိန်းမြမြ ဒိမ်းမြမြပြာနုနုတို့ သေးသေးထင်နေသည့် နုဖန့်ဖန့်ကောင်မလေး ..။ သူ့ပုံရိပ်နွဲ့လေးဖြင့် နန်းဆန်သည်ဟုပင် ပြောနိုင်သည်။ ဆံပင်ကလည်း ဒူး

www.burmeseclassic.com

www.burmeseclassic.com



ဆစ်လောက်ရောက်အောင်ရှည်သည်။ ထူထူထဲထဲရှိ၏။ ဆံကျစ်ရှည် နှစ်ဖက်သည် တုတ်တုတ်ခဲခဲရှိသည်ပဲရလ ..။ ဒါပေမယ့် ခက်သည်က .. ကောင်မလေးကို သူ မချစ်နိုင်ခြင်းပဲဖြစ်လေသည်။ ခုထိ .. ကလေးရုပ် လေးလည်း ရှိနေဆဲကောင်မလေး ..။ ထိုမျက်နှာလေးကိုမြင်လျှင် ကလေး ဘဝတုံးက သူ့ကို လူလည်ကျစ၍အနိုင်ယူခဲ့သည့် အဖြစ်ကို ပို၍မမေ့နိုင်ပဲ ဖြစ်ဖြစ်နေရသည်။ ပြီးတော့ .. ခုပဲကြည့် .. ခွေးတစ်အုပ်နှင့် ထမင်း တူတူစားရသည်တဲ့လား ..။ အသန့်ကြိုက် သူ့ စရိုက်နဲ့တော့ လားလားမှ မလိုက်ဖက်သည့်စရိုက်ဖြစ်နေသည်။

"ရွက်နုဝေကို ထွက်ကြတော့မယ့်ဆဲဆဲမှာ .. ရန်ကုန်ကို ထွက်လာ တော့မယ့်ငါ့ကို .. အစ်ကိုကြီးက မှာလိုက်တယ်သိရဲ့လား .. ဟိုရောက် ရင် သိလာလိမ့်မယ်တဲ့ .. ဘာကိစ္စကို သိလာရမယ်ဆိုတာ အစ်ကိုကြီး ဖွင့်မပြောလိုက်ဘူးတဲ့ .. ဖြစ်နိုင်တာကတော့ .. ခန့်ကြီး က ပြောကို ပြောပြမယ်ထင်ပါတယ်တဲ့ .. အဲဒါ .. လုပ်သင့်လုပ်ထိုက် .. တိုက်တွန်း သင့်တဲ့ကိစ္စကိုတော့ .. လုပ်ပေးပါတဲ့ .. တိုက်တွန်းပေးပါတဲ့ .. ငါ့မှာ လိုက်သလေ .. အစ်ကိုကြီး ဘာကိုမှာတယ်ဆိုတာ ငါ့လူသိမှာပါ .. ခု .. ငါပြောမယ် .. ငါ့လူကိုချစ်လို့ပြောတာမှတ်ပါ .. ကောင်မလေးကို .. လက်ခံသင့်တယ် ငါ့လူ .. အင်း .. မင်းငြင်းရင်ဖြင့် တစ်နေ့ နောင်တ .. အကြီးကြီးရလိမ့်မကွ .."

ဟုပြောတော့ သူ ခေါင်းခါသည်။

"မဖြစ်နိုင်ဘူး လေးလေးသိန်း .. သူနဲ့ ခန့် နဲ့ .. စရိုက်ချင်း လုံးဝ ကို မတူကြတာ .. အသွင်မတူ အိမ်သူမဖြစ်တဲ့ .. လေးလေးသိန်း ကြားဖူး မှာပါ .. မတူတဲ့စရိုက်ကို တူအောင်ညှိဖို့ မလွယ်ဘူးဗျ .. ဥပမာဗျာ .. သေးသေးမွှားမွှားလို့ လေးလေးသိန်း ထင်ထားတာရှိမယ် .. ခွေးကိစ္စ .. ခွေးက .. မနည်းမနောဗျ .. ခြောက်ကောင်တောင်မှ .. သူက ဖက်လုံး တကင်းနေတာ .. ခွေးတွေက ဟိုကကုတ်တက် .. လျှာနဲ့ရက် .. ခေါင်းနဲ့ ခွေ့ .. အဲသလိုရှိတာ .. ပြီးတော့ .. ခွေးနဲ့ ထမင်းတူတူစားတယ် .. ဘယ်



လောက်ဆိုးသလဲ .. ခန့် နဲ့ ဘယ်နေရာမှာမှ ညီညီမျှမျှ ဖြစ်မလာနိုင် မယ့်မိန်းကလေးပါ .. ဆံန့်ကျင်ဘက်ချည်းပဲ များနေတယ်ဗျ .. ပြီးတော့ .. သူက အရမ်းအာခံချင်တဲ့စိတ်များတယ်ဗျ .. အဲဒါ မကြိုက်ဘူး .."

ခြေသည်းလေးတွေကအစ ပန်းနုရောင်သမ်းနေအောင် သန့်နေ ကာ သွေးခြေဥမတုတ်နုနေသည့်အဖြစ်ကို သေချာငုံ၍ လေးလေးသိန်း တမင်တကာကြည့်ပြသည်။ အသန့်ကြိုက် သူ့အဝတ်အစားဆိုတာက လည်း မီးပူကျ ..။ အိမ်နေဝတ်သည့်အဝတ်ပင် မီးပူမကျတကျဆိုလျှင် သူ မဝတ် ..။ သဘောက .. ပြန့်နေအောင် သေချာမီးပူတိုက်မှ အဝတ် အစားမှာ ကပ်နေနိုင်သည့် လေမှုန်ပါ ပိုးမွှားတို့ သေကြေနိုင်သည်ဟု သူ ထင်သည်လေ ..။ ခုလည်း .. သူ့ခြေထောက်ကို အပြစ်ရှာကြည့်ဖြင့် လေးလေးသိန်း ကြည့်နေတာ သူ သိနေသည်။ ကတ္တီပါသည်းကြိုး အနီ လေးက ထင်းနေသမျှ သူ တစ်ချက်မလုံမလဲဖြစ်၏။ သူ သည် လူ့ဘဝ ကို ခြေဖဝါးတော်နုနုဖြင့် လျှောက်နေသူဟု လေးလေးသိန်း မကြာ မကြာ ပြောတတ်သည်ကိုးလေ ..။

"အေး .. မင်းရဲ့နှလုံးသားကလည်း နုနေမှာပါပဲ .. အဲဒီနုနေတဲ့ နှလုံးသားလေး ဒဏ်ရာအနာတရ မရပါစေနဲ့လို့ ငါဆုတောင်းတယ် ညားကြီး .. ငါ့လူနဲ့ ရွှေသွန်းတို့ မဖြစ်မနေ လက်ထပ်ဖြစ်ကြရမယ်လို့ တော့ ငါနားလည်ထားတယ် .. အေး .. အဲဒီအိမ်ထောင်ရေးဟာ သာယာ သင့်ပါရက်ကယ်နဲ့ .. မင်းကြောင့် မသာမယာဖြစ်ကုန်ပြီးတော့ .. ကြေ ကွဲနာကျင်နေတဲ့ နှလုံးသားကြီးတပ်ကပိုက်နဲ့ ငါ့လူအသက်ရှင်ရင်း ဘဝ ကို မဖြတ်သန်းရပါစေနဲ့လို့ ငါဆုတောင်းပါရဲ့ကွာ .. ကဲ .. ကဲ .. လေးလေးသိန်း ကားရေဆေးလိုက်ဦးမယ် .. အခုပြောတာတွေကို .. ချစ်လို့ပြောတယ်ပဲမှတ်ပါကွာ .."

လေးလေးသိန်း စကားကို ဖြတ်မယ့်ဖြတ်တော့လည်း ရုတ်ခနဲဖြတ်သွား တကယ်ပဲ ကားရေဆေးဖို့ထွက်သွားတာမို့ သူ ငိုင်၍ကျန်ခဲ့ရပါ၏။

အိမ်ထဲ သူ ဝင်လာတော့ မီးဖိုဆောင်ဆီမှ ချက်ပြုတ်ကြော်လှော်

www.burmeseclassic.com



သံတွေ ကြားနေရပြီ။ ရွက်နုဝေမှာပဲ ချတ်ပြုတ်စားပါရစေဟု မနည်းတောင်းပန်ခဲ့တာမို့ အန်ကယ်သု ခေါင်းညိတ်ခဲ့ခြင်းပါ။ သူ .. တစ်ချက်တော့ မနေတတ်မထိုင်တတ်ဖြစ်ချင်သည်။

"အေးလေ .. အန်ကယ်သု တို့ကိုတော့ အားနာဖို့ကောင်းပါတယ်.. သူတို့ရဲ့သမီးလေးက ချောချောညက်ညက်လေး .. အဲဒါကို ငါက ငြင်းတယ်ဆိုတော့ .. အင်း .. ငြင်းတဲ့အဖြေကိုပေးမယ်ဆိုတော့ .. သူတို့လည်း နာကျင်ခံစားကြမှာပါပဲ .. ရှက်မှာပေါ့လေ .. ဖေဖေနဲ့မေမေကတော့ ငါ့ကို ဒေါပွကြမှာသေချာတယ် .."

ဟုတွေးကာ အပေါ်ထပ်သို့ ခြေလှမ်းနှေးနှေးလေးဖြင့် တက်လာမိရပါ၏။ သူ့မှာ ခါတိုင်းလို အနှောင်အတွယ်ကင်းသည့် ပေါ့ပါးခြင်းများဖြင့် နေ့တွေကို ဖြတ်သန်းနေရတာမျိုး မဖြစ်တော့ပြီ ..။ ဤသည်ကလည်း ကောင်မလေးကြောင့်ပဲဖြစ်ပါ၏။

"သူက မိန်းကလေးပဲ .. ငြင်းလိုက်ပါလား .. အင်း .. ငြင်းတော့ ငြင်းမယ်ထင်ပါရဲ့ .. သူ .. ငါ့ကို ကြည့်လိုက်တဲ့အကြည့်တွေက အရမ်းကိုစူးရှတောက်ပနေကြတာပဲ .. သူ့မှာနကို ဆွသလို ဖြစ်ကျန်ခဲ့တာပဲလေ .."

သူ့ဘက်က လက်မထပ်ချင်ပါဟု အတိအလင်း မထောက်မရက်သွားပြောသလိုဖြစ်ခဲ့တာကိုတော့ တစ်ယောက်တည်းရှိနေချိန်မှာဖြင့် အမှန်အတိုင်း သူ ဝန်ခံမိရသည်ပါပဲ။ ဒါပေမယ့် .. ထိုသို့မလုပ်လျှင်လည်း မဖြစ်ချေသည်ကိုးလေ ..။ အဘယ်မိန်းကလေးတစ်ယောက်သည် .. တစ်ဖက်ယောက်ျားလေးထံမှ ငြင်းဆန်သည့်စကားကို နားနှင့်ဆတ်ဆတ်ကြားရလျှင် ရင်ထဲမခံပြင်းဘဲ နေမည်တဲ့လား။ တစ်သက်တာပင် မေ့နိုင်မည်မဟုတ်။ အတေးအမှတ်ဖြင့် ရင်ထဲမှာ ထိုနာကျင်ခြင်းတွေကို သိမ်းထားချေမည်သာ ..။

"မတတ်နိုင်ဘူးကွာ .. ငါ့မှာ အဲဒီလမ်းပဲ ရွေးချယ်စရာရှိနေတာကိုး .. သူ ငြင်းလိုက်မှာ သေချာနေပြီလေ .. ခုတော့ .. ငါဟာ မကြာမတင်မှာပဲ သူ့ရဲ့ ငြင်းဆန်ခြင်းကိုခံလိုက်ရတဲ့ ခန့်ညားမောင် ဖြစ်ရချေ



တော့မယ် .. အဲဒီအဖြစ်ကို ငါစောင့်ဆိုင်းနေရုံပဲရှိမယ် .. ကောင်မလေးက အန်ကယ်သု နဲ့ အန်တီထား ကို အပြတ်ငြင်းမှာလေ .."

ဟု ဆက်တိုက်တွေးကာ အခန်းထဲဝင်၏။ လသာဆောင်သို့ လျှောက်လာမိက်မှာ သူ့ဟန်းဖုန်းလေး မြည်လာသည်။ သူ ကြည့်လိုက်တော့ ဖေဖေ့ထံမှ ဖုန်းဖြစ်နေပါ၏။

"ဟုတ်ကဲ့ပါ ဖေဖေ .."

လေသံကို ဖော့ထားသည်။ အလွန်ရိုကျိုးသော လေသံ ..။ ဖေဖေ့နားထဲသို့ အပြစ်ကင်းနေသော သားတစ်ယောက်၏အသံအဖြစ် တိုးဝင်စေသတည်းဟု ဆုတောင်း၏။

"ဒီမယ် .. ဖေဖေ မေးမယ် .. ဒီမနက် .. ကြာရိပ်ဖူးကိုရောက်တယ်မဟုတ်လား .. အဲဒါ .. ဖြေစမ်းကွာ .. လက်ခံမလား .. လက်မခံဘူးလား ဆိုတဲ့အဖြေ .."

မြန်လိုက်တာ .. ဟု သူ စိတ်ညစ်၏။ ဒီလောက်လောနေတာကိုက မကောင်းဟု သူ တွေး၏။ ဒါပေမယ့် ထိုစိတ်ညစ်တာတွေ၊ တွေးတာတွေကို သူ့လေသံထဲမပါအောင် အထူးဂရုစိုက်၍ဖြေရမည်။ ဒါက အရေးကြီးသည်။ ဖေဖေ သူ့ကို မသင်္ကာလုံးဝမဖြစ်စေရ။

"တွေ့ပါတယ် ဖေဖေ .. သား .. အခုဖြေပါ့မယ် .. သူ .. မငြင်းရင် သားလည်းမငြင်းပါဘူး ဖေဖေ .. သူ ငြင်းရင် .. သားလည်း ငြင်းပါမယ် ဖေဖေ.."

"ဟ .. ဘာလဲကွ .. ဘာလဲကွ .. ဘာအဖြေကြီးလဲ .. ဟေ့ .."

"အဖေကလည်း .. သားက ယောကျ်ားလေးပဲဥစ္စာ .. ယောကျ်ားသိက္ခာတော့ ဆည်ရမှာပေါ့ .. ဒါကြောင့် ဖြေတာလေ .. သူ မငြင်းရင်သားမငြင်းပါဘူးလို့ .. အဲ .. သူငြင်းရင် .. သားလည်း ငြင်းပါတယ်လို့"

"ဟေ့ကောင် .. ဟေ့ကောင် .. ဉာဏ်မများနဲ့နော်၊ ဖြေတဲ့အခါရှင်းအောင်ဖြေကွာ .. တစ်ခုဖြေ .."

သူ့ကို ဖေဖေ ဟန်းဖုန်းထဲမှ လှမ်းအော်နေတာမို့ ကမန်းကတန်းဖုန်းကို နားနှင့်ဝေးအောင် ခွာယူရသည်။ အသံက မာသည်။ နားထဲ

www.burmeseclassic.com

www.burmeseclassic.com



ဆောင့်တိုးဝင်သည်ကိုးလေ ..။

"အဖေရာ .. ဒါဆို .. ဖြေမယ် .. သူ မငြင်းရင် .. သား မငြင်းဘူး"

ကောင်မလေး ငြင်းမှာ သေချာပေါက်ဖြစ်နေတာမို့ သူ အပိုင်တွေးကာ ဖြေလိုက်ခြင်း။ ဖေဖေ့ဘက်က ငြိမ်နေသည်။ ဘာတွေတွေး၍ ဘာအဖြေကို ထုတ်နေသည်မသိ ..။

"အင်း .. ဟုတ်ပြီ .. ဒါဆို .. ခန့်ကြီးစကားနဲ့ ခန့်ကြီးနော် .. ရွှေသွန်းလေး မငြင်းရင် .. မင်း .. လက်ထပ်ရပြီသာမှတ် .. ဖိတ်စာ အရင်ရိုက်ပစ်ပြီး .. ဝေပစ်မှာနော် .. ဒါပဲ .."

ဟုပြောတော့ တစ်ချက် သူ လန့်ခဲနဲ့ဖြစ်၏။ ဖေဖေ့ကို သူ ဝေ့လည်လည်ဖြင့် သူ အပြစ်လွှတ်အောင် ဖြေမိခြင်းသည် မှားနေပြီလားဟု စတင်၍ ရင်ထဲလေးလာမိပြန်သည်။

"ဟာ .. လန့်ရန်ကောက္ကာ .. လန့်တတ်ပါပေရဲ့ .. ဒီမယ် ခန့်ညားမောင် .. ကောင်မလေးက .. သေချာပေါက်ငြင်းမှာ သိရဲ့လား .. မင်း ကိုယ်တိုင် သူ့မျက်လုံးစူးရှရှလေးတွေကို လက်တောက်နေအောင် မြင်ခဲ့ရတာပဲ .. အရမ်းကို ငါ့အပေါ် ခံပြင်းနေတဲ့ မျက်လုံးနက်နက်လေးတွေလေ .."

သူ တွေးသည်။ ထိုမျက်ဝန်းရှင် မာနအတုံးအခဲလေးသည် သူ့ကို မလွဲမသွေ ငြင်းချေမည်ဆိုတာ သူ အတိအကျယုံကြည်နေသည်။ စိတ်ပူပန်ဖွယ်ရာကိုမရှိ ..။

ဒါပေမယ့် .. ဩော် .. ဒါပေမယ့် .. ထိုမာနကို့ဖြင့် လက်တောက်စူးရှနေသည့် မျက်ဝန်းနက်နက်လေးတွေသည် ထူထဲရှည်လျားသော မျက်တောင်အစုံဖြင့် အလှွန်တရာကိုမှ လှနေချေသည်ကို ဘာကြောင့်များ သူ မတွေးမိဘဲ မနေနိုင်အောင် ဖြစ်လာနေရပါသတဲ့လဲ ..။

သူ .. သူ .. နားမလည်နိုင်ဘဲ ဖြစ်နေရပြန်သည်ကောလေ ..။



## အခန်း (၁၂)

"လှပုံချောလေး အေရဲ့ .. စကားလည်းနည်းပုံရတယ် သွန်းလေးရေ .. စားတာသောက်တာကလည်း အေးအေးဆေးဆေးရယ် .. လူချမ်းသာဖြစ်လို့လား မသိပေါင်ကွယ် .. နုနုဖြူဖြူလည်း တယ်ရှိသကိုး .. ခြေထောက်လေးတွေကအစ .. ပန်းနုရောင်သမ်းနေ ပြီ ဖြူဥနေတာ.. လူယဉ်ကျေးဖြစ်ပုံရပါတယ် ကလေးရယ် .."

ညနေခင်းကြီးမှာ သွန်း စိတ်ညစ်ရပြန်ပြီ။ ဒေါ်ကြီးစာကို မီးဖိုခန်းမှာ လုပ်ကိုင်ကူနေရင်း တစ်ချက်အကဲခတ်သလို ကြည့်မိရပါ၏။ စိတ်ထဲ သက်ပြင်းရှည်ပင် မကုန်းချင်တော့ပြီကောလေ ..။ ဘယ့်နှယ် .. ခုမှတွေ့ရုံရှိသေးသည်။ မောင်ကြီး ကိုပြောလိုက်သည်မှ ညွှန့်နေသည်ပါပဲ။ ဘာတဲ့.. လှပုံချော ..။ ပြီးတော့ လူယဉ်ကျေး ..။ အဲမယ် .. စကားနည်းတာလေးပင် ချီးမွမ်းသံလေး ဖြည့်ဖြည့်စွက်စွက်လုပ်၍ အပိုဆောင်းနေသေးသည်။ မောင်ကြီး အပေါ် သွန်း စိတ်ကောင်းဖြင့်မြင်ပေးအောင် ပြောနေသည့် လေသံတွေများလားဟု စတင်၍ ဒေါ်ကြီးစာကိုပင် မသင်္ကာဖြစ်ချင်ချင်။

"မောင်ကြီး က လူကောင်းဖြစ်နေပေမယ့် .. ငါက အကောင်းမမြင်တဲ့စိတ်နဲ့ကြည့်ကြည့်ပြီး .. မကောင်းပြောနေတယ် လို့များ .. မေမေ့ဘက်က ဒေါ်ကြီးစာကို စည်းရုံးရေး ဆင်းထားလိုက်ပြီလားမသိ .. ငါ့ကို အရမ်းသနားနေတဲ့ ဒေါ်ကြီးစာက .. ခုလောလောဆယ် မှာ .. မောင်ကြီး

www.burmeseclassic.com



နဲ့ ငါ့ကို သဘောတူသလိုလို လေသံလှမ်းပစ်နေသလိုပါလား ..''

မျက်မှောင်လေးကုတ်ကွေး၍ ဒေါ်ကြီးစာ၏ရင်ထဲကို ဖောက်မြင်အောင် သွန်း ကြိုးစားနေချိန်မှာ ဒေါ်ကြီးစာ သွန်း ကိုကြည့်လာသည်။ သွန်း ပြုံးဟကြည့်ကြည့်နေတာကို သိပုံဖြင့်လည်း ရယ်သည်။ ရယ်လိုက်လျှင် ဒေါ်ကြီးစာ၏ သေးငယ်သောမျက်ဝန်းတွေ ပိတ်လုမတတ်ဖြစ်ကုန်ရသည်ချည်း ..။

''သိပ်ရယ်မနေနဲ့ .. မျက်စိပျောက်နေပြီ ..''

အငေါ်တူးသံကိုကြား၍ ဒေါ်ကြီးစာ ပို၍ရယ်သည်။ မျက်စိပေါက်က ပို၍ပိတ်သည်။ ထလာကာ သွန်းလေး ၏ကိုယ်လေးကို ဖက်ပါ၏။

''စိတ်ကောက်နေတယ်ပေါ့လေ .. အံမယ်လေးလေ .. ဒေါ်ကြီးစာက ဟိုသူငယ်လေးအပေါ် စိတ်ထဲမြင်ရာ ပြောပေးမိရတာပေါ့ တော်ရယ် .. သဘောမျှနေတယ်လို့များ မထင်လိုက်စမ်းပါနဲ့ .. ဟောဒီကနံ့သာခဲ .. ရွှေရုပ်လေးကိုများ .. တခြားလူနဲ့လက်ထပ်ပြီး တခြားအိမ်ပါသွားမှာကိုများ .. အဖြစ်မခံနိုင်ပေါင် .. ဒီမှာ ကလေးရဲ့ .. ဒေါ်ကြီးစာက ရိုးရိုးပြောတာပါ .. ဟိုသူငယ်လေး လူယဉ်ကျေးလေးပါလို့ .. ဒါပြောရုံလေးပါ အေရယ် .. သဘောမျှတယ်လို့များ တစ်ခွန်းပါလို့လား''

လူယဉ်ကျေး ..။ သွန်း နှုတ်ခမ်းလေးကို ထော်ပစ်သည်။ နှာခေါင်းလေးကို ရှုံ့မိသည်။ သွန်း ကိုများ တွေ့တွေ့ချင်း လက်မထပ်နိုင်ပါဟု မာနတလူလူတက်နေရင်း လေသံပြတ်ပြတ်ဖြင့် ပြောထွက်သည့်သူကိုများ လူယဉ်ကျေးတဲ့လားလေ ..။

အတွေးဖြင့် သွန်း ထပ်၍ မျက်စိကိုပိတ်ပစ်သည်။ ခေါင်းယမ်းပစ်သည်။ နှုတ်ခမ်းလေးထော်၊ နှာခေါင်းလေးရှုံ့၍ မျက်စိတွေဘာတွေပါ ပိတ်မိတ်ပစ်ပြီး ခေါင်းတွင်တွင်ယမ်းနေတော့လည်း အရုပ်လေးနှယ်ပင် ချစ်စရာလေးဖြစ်နေသမျှ ဒေါ်ကြီးစာ ငေးကြည့်နေမိရပါ၏။ ရင်ထဲမှာ နမြောသလိုလိုပင် ဖြစ်ချင်ချင် ..။ ဤမျှ ကလေးလေးနှယ် ချစ်ဖို့ကောင်းသည့် ကလေးမလေးကို ယောကျာ်းပေးစားလိုက်လျှင် အိမ်ထောင့်



တာဝန်တွေဖြင့် ခများလေး ပင်ပန်းရှာမည်ဟုလည်း တွေးသည်။ သူတစ်ပါးလက်ထဲ ထည့်ပေးလိုက်ရသလိုဖြစ်တာကိုလည်း နမြောသည်။

''ဟဲ့ .. ဒါက ဘာပုံလဲ မိရွှေသွန်း .. ဘယ်သူ့အတင်းအုပ်နေတာတဲ့လဲ .. မောင်ခန့်ညားလေးမှ ဟုတ်ရဲ့လား''

သွန်း လန့်ခံနဲ ဖြစ်သွားရကာ အယ်ခနဲ တစ်ချက်အသံထွက်၏။ လွှတ်လွှတ်ကျွတ်ကျွတ်ရှိနေသည်ဟုထင်ရင်း အသံမဲ့အတင်းအုပ်နေချိန်မှာ မေမေနှင့် ပက်ပင်းတိုးရပြီကောလေ ..။

''လာခဲ့ ...''

မေမေခေါ်တာမို့ သွန်း ဒေါ်ကြီးစာကို တစ်ချက်ကြည့်သည်။ အားကိုးကြည့် ...။ ဒါပေမယ့် ဒေါ်ကြီးစာခများ မေမေ့ကို ဘယ့်နှယ်လုပ်၍ အံတုလွန်ဆန်နိုင်မည်တဲ့လဲလေ။ အိမ်ဖော်ထမင်းချက်ကြီးဆိုသည့် ဘဝအရင်းအမှန်ကို ဒေါ်ကြီးစာ ရင်ထဲမှာ ထည့်ထားရှာရှာမည်သာ ..။ ဘယ်လိုပင် အိမ်သားနှယ် မေမေနှင့်ဖေဖေတို့ကထားပေမယ့် .. ဆက်ဆံပေမယ့် .. ကိုယ့်ဘဝကိုယ်သိနေသည့်နှယ် ဒေါ်ကြီးစာ ဤကိစ္စမှာဖြင့် တည့်တိုးကြီး ထိပ်တိုက်တော့ ဘယ်ပြောဝံ့ရှာပါ့မည်တဲ့လဲ..။

''သွန်းလေး .. ငိုနေပါ့မယ် မမလေးရယ် .. မဆူပါနဲ့နော် ..''

ဟုတော့ ပြောဖြစ်အောင် ပြောရှာ၏။ မေမေ တစ်ချက် ဒေါ်ကြီးစာကိုကြည့်သည်။ သွန်း အပေါ် ဒေါ်ကြီးစာ ဘယ်လောက်ထိချစ်တာသိသည်မို့ မေမေအပြစ်တင်စကားကို ပြောရမှာ နှုတ်ထဲကပွင့်ဖို့ ခက်နေမည်သာ ..။ ဘာမျှမပြောဘဲ သွန်း ကို တစ်ချက် မေမေကြည့်သည်။ သွန်း မှာဖြင့် ထော်သည့်နှုတ်ခမ်းကို ပြန်၍ ပုံသားတကျထား ..။ ရှုံ့သည့်နှာခေါင်းကိုဖြေ ..။ ပိတ်သည့်မျက်စိလည်းဖွင့် ..။ ယမ်းသည့်ခေါင်းလည်းငြိမ်ကာ အသနားခံသောမျက်နှာလေးအဖြစ် ရုတ်ခနဲ ပြောင်းကာ..

''သွန်း စိတ်ညစ်တယ် မေမေရ .. သွန်း က ...''

''နေစမ်းပါ့ .. မေမေ ဘာပြောသေးလို့လဲ .. ခုကတည်းက ကြိုတင်စိတ်ညစ်ပြနေရအောင် .. လိုက်ပါ့တော်ရယ် .. ဒေါ်ကြီးစာ ကလည်း

www.burmeseclassic.com



ကြိုတင်ပြောနေတယ် .. ကလေးငိုနေပါ့မယ် တဲ့ .. မဆူပါနဲ့တဲ့ .. ညည်းကလည်း စိတ်ညစ်တယ်တွေဘာတွေ နှိမိတ်သန်းပြောနေပြီ .. ငါက .. ဘာပြောရသေးလို့လဲ .. ကဲ .."

"ဪ .. ဟော် ဟော် .. သိဘူးလေ .. စိတ်ညစ်စရာမပြောဘူးလား မေမေရ .. ဒါဆို .. သိုင်းကျူး .. သိုင်းကျူး .. သွန်း က .. ဟိုကိစ္စပြောတော့မယ်ထင်လို့ ကြိုတင်ပြောမိတာပါ .. ဒေါ်ကြီးစာကလည်း ဟိုကိစ္စ မေမေပြောမယ်ထင်လို့ .. အဲသလိုပြောမိတာ ဖြစ်မှာပါ .. ဟက် ဟက် .. ဒါဆို .. ပြီးရော .. ပြီးရော .."

"ဘာပြီးရော့လဲ .. ရုပ်ကိုက စပရိန်လိုပဲ .. ချက်ချင်း ပြောင်းလဲပြောင်းနိုင်ပါ့ .. ဒီမှာ မရွှေသွန်း .. ခုပြောမယ့်စကားက စိတ်ညစ်စရာမဟုတ်ဘူးဆိုတာ အမှန်ပဲ .. စိတ်ချမ်းသာရမယ့်အစား .. ညည်းအတွက် နောင်ရေးစိတ်အေးရမယ့်အစား .. အဲ့ဒီ ခန့်ညားမောင်လေးကို .. ညည်းခြံထဲမှာ မြင်ဖူးပြီးပြီပဲ .. မေမေ တမင် သူ့ကို ခြံထဲလွှတ်လိုက်တာ .. မနက်စာမစား ဘာမစားနဲ့ ဆန္ဒပြနေတဲ့ညည်းကို မေမေ သနားနေမယ်များထင်သလား .. မစားရင် ငတ်ရုံပဲရှိမယ် .. ဒါပေမယ့် .. မေမေ့သိပြီးသားပါ .. ဒေါ်ကြီးစာ ဘယ်လက်နေးမ..နှန်း .. ညည်းအတွက် ပို့ပေးပြီးပြီ .. ညည်းစားပြီးပြီဆိုတာ သိပြီးသား .. သူ အပို့ကောင်းအောင်လည်း သွန်း အတွက် ထမင်းကြော်ပို့လိုက်ပါဆိုတာ ပြောထားပြီးသား .. သူလည်း ခိုးကြောင်ခိုးဝှက် ပို့ရာမရောက်တော့ဘူးပေါ့ .."

ဟု ဒက်ခနဲပြောတော့ ဒေါ်ကြီးစာ ရော သွန်း ရော ငြိမ်နေလိုက်ရသည်ပါပဲ ..။ ထမင်းတော်ပို့ ဒေါ်ကြီးစာ ခမျာ မျက်နှာကြီးဟိုင်သည်င့်ဖြင့် အနေခက်ရှာ၏။

"မေမေရော ဖေဖေရော သွန်း ကိုအလိုလိုက်ကြတာ အသိနော်.. ဒါပေမယ့် .. သမီးရေ့ရေးကိစ္စကိုတော့ .. ဖေဖေနဲ့မေမေတို့က ဖြစ်သင့်တာကို စီမံရမှာပဲ .. နေရာတကာ အလိုလိုက်ခံရတိုင်း .. နည်းနည်းလေးစိတ်တိုင်းမကျဖြစ်တာနဲ့ အော်ငိုပြ .. ကောက်ကွေးပြနေဖို့ မကြိုးစားနဲ့"



နည်းနည်းလေး စိတ်တိုင်းမကျခြင်းတဲ့လားလေ ..။ သွန်း ကိုထိုမျှဘဝင်မြင့်နေသည့် လူတစ်ယောက်နှင့် လက်ထပ်ခိုင်းမည့်ကိစ္စသည် ဘယ်လောက် သွန်း အတွက် ပြဿနာအိုးကြီးဖြစ်နေတာ မေမေသိနေသည်သာ ..။ ဒါပေမယ့် .. ထိုကိစ္စကိုများ နည်းနည်းစိတ်တိုင်းမကျရုံမျှရှိနေသည့် သာမန်စိတ်သဘောချင်း မတိုက်ဆိုင်မှုတစ်ခု ဖေဖေ မေမေနှင့် သွန်း ၏ကြားမှာ မဆိုစလောက်လေးရှိသည်ဟုများ သဘောပိုက်ထားလေသလားလေ ..။

"ကဲ .. လာခဲ့ .. စာကြည့်ခန်းထဲသွားမလို့ .. ညည်းဆီက .. အသံတစ်ခုခု မေမေကြားချင်တယ် .. လာ .."

ဟုခေါ်တော့ သွန်း ရေတစ်ခွက်သွားသောက်သည်။

လက်ကိုနမ်းကြည့်ကာ အနံ့ပဲတစ်ခုခုရသလိုနှင့် ဆပ်ပြာနှင့်လက်ကိုဆေးပြန်၏။ ပြီးတော့ လက်သုတ်ပဝါဖြင့်သုတ်သည်။ နောက်ဆပ်ပြန်နမ်းကြည့်သည်။ ထပ်၍ဆေးပြန်၏။

"မိသွန်း .. ဒါ .. ဘာအချိန်ဆွဲနည်းလဲဟင် .. ဉာဏ်တော်တော်ပွင့်နေတယ်နော် .. ဒီနေ့ ညည်း လက်ဆေးလို့ပြီးတော့မလား .."

သွန်း လက်သုတ်ကာ ရေတစ်ခွက်ထပ်သောက်ပြန်၏။ ခွက်ကိုရေအိုးဖုံးပေါ် ပြန်မှောက် ..၊ အပေါ်မှ လက်သုတ်ပဝါပြန်တင် ..၊ အပေါ်မှ ပလပ်စတစ်ကာဖုံးကို အုပ်ဖို့လုပ်ပြန်၏။

"လိုက်လာခဲ့ .. မေမေ စောင့်နေမယ် .."

ကလေးတစ်ယောက် ကျောင်းမတက်ချင်၍ ဟိုရမယ်ရှာ .. သည်ရမယ်ရှာဖြင့် လုပ်နေသည့်အချိုးနှင့်တူနေသည့် သမီးကို စိတ်မရှည်စွာမေမေ ပြောကာ မီးဖိုဆောင်မှ ထွက်သွားသော့ သွန်း သက်ပြင်းရှိုက်ကာ ခြေကုန်လက်ကုန်ဖြင့် ကုလားထိုင်မှာထိုင်၏။ ခေါင်းကုတ်၏။ ဆံရပ်ကာ လမ်းလျှောက်ပြန်၏။ သည်ဘက်နားထင်ကို လက်သီးဖြင့် ဖွဖွထု ..၊ ဟိုဘက်နားထင်ကို လက်သီးဖြင့် ဖွဖွထု ..၊ မေးစေ့ကိုပွတ်၍ လမ်းလျှောက် ..၊ မျက်စိမှိတ်၍ ငြိမ်ထိုင် ..၊ တစ်ယောက်တည်း ယောက်

www.burmeseclassic.com



ယက်ခတ်နေသည့် သွန်း ကို ဒေါ်ကြီးစာလည်း မကူနိုင် ...။ ငုတ်တုတ် ထိုင်ကြည့်ရင်း မျက်နှာပျက်နေသည့်သာ ...။

"အကြဲကလည်း မထွက်နိုင်လိုက်ပုံများ .."

နားထင်ထု၍လည်း အကြဲကမထွက် ...။ မေးစေ့ပွတ်၍လည်း အကြဲက ထွက်ဖော်မရ ...။

"အဲဒီလူ ငါ့ခေါင်းထဲက အကြဲတွေထွက်မကျအောင် အားလုံး ဝက်အူရစ်နဲ့ လိုက်ပိတ်ကျပ်ထားသလိုပါလား .."

မြားဦးက မောင်ကြီး ဘက်သို့လှည့်၏။

နောက်တော့ လက်ညှိုးလေးထောင်၍ ဟိုဘက်သည်ဘက် ဝဲယာ ရွှေ့သည်။ စိတ်ထဲမှ တွေးသည်က ...

"သူက ငါ့ကို လက်မထပ်နိုင်ဘူးလို့ပြောတယ် .. ငါကလည်း သူ့ကို လက်မထပ်နိုင်ဘူးလို့ ပြန်ပြောလိုက်ပြီ .. ဆိုတော့ကာ .. ဆို တော့ကာ ..."

ခေါင်းကို တစ်ချက်ကုတ်၏။ ဉာဏ်ထုတ်ခြင်း ...။ မေမေ့ကိုဖြေ ရမည့်အဖြေအတွက် ဉာဏ်ထုတ်ခြင်း ...။

"ဒီတော့ .. ငါ့ဘက်ကလည်း သူ့စကားကြောင့် ရင်ထဲအောင့်နေ သလို .. သူ့ဘက်ကလည်း အောင့်နေမှာပဲ .. ဒီတော့ .. သူ့ကို အန်ကယ်စည် နဲ့ အန်တီလွှမ်း တို့က သူ့သဘောမေးရင် .. သူ ဘာဖြေမလဲ .. သူ့ကို လက်မထပ်ချင်ပါဘူးလို့ တုန့်ပြန်ဖြေထားတဲ့ ငါ့ကို .. လက်ထပ်ပါ့ မယ်လို့ ဖြေပါ့မလား .. နိုး .. ဘယ်တော့မှ ဖြေမှာမဟုတ်ဘူး .. သေချာ တာကတော့ .. ငြင်းမယ် .. ဟုတ်တယ် .. ငြင်းလိမ့်မယ် .. ငယ်ကတည်း ကိုက .. ဆရာကြီးအိုက်တင်နဲ့ အလွန်သူများထက် ပိုတတ်နေသလိုလို တွေ လုပ်ပြတတ်တဲ့လူ .. ဘဝင်ကလည်း .. ခပ်မြင့်မြင့် ဒီလိုလူက .. ဘယ် .. လက်ထပ်ပါ့မလဲ .. ငါ့ကို .. ဟုတ်တယ် .. သူ့ကို ငြင်းတဲ့ငါ့ကို .. သူ့ကို ပြန်စွာတဲ့ ငါ့ကို .. သူ့လက်မောင်းကို ဆောင့်ဆွဲပြောခဲ့တဲ့ငါ့ကို .. ဘယ် .. လက်ထပ်ချင်ပါ့မလဲ .. ဒီတော့ .. သူ .. ငြင်းမယ် .."



အဖြေထုတ်၍ရသည့်နှယ် သွန်း ချက်ချင်းထရပ်၏။ ဘာရမည် တဲ့လဲလေ ...။ သွန်း ဆိုတာက အလွန်ထက်မြက်သည့် ရွှေသွန်းမေ ပဲ ဥစ္စာ ...။ မေမေတို့ မျက်စိလည်သွားအောင် ဖြေလိုက်ရုံပဲရှိမည်ပေါ့ ...။

"သွားမယ် ဒေါ်ကြီးစော .."

လက်ညှိုးလေး ဟိုသည်ရွှေ့ကာရွှေ့ကာ စဉ်းစားပြီးသကာလ .. သွန်း ထရပ်ကာပြောတော့ လှုပ်ရှားသမျှကို တစ်ခုမှ မလွတ်တမ်း လိုက် ကြည့်နေသည့် ဒေါ်ကြီးစာ သိသည်ပေါ့။ တစ်ခုခုတော့ ဤကလေး ဉာဏ်ထုတ်ပြီးပြီဟု ...။ ဘာတွေဆက်ဖြစ်မည်မသိဟုတော့ တစ်ချက် စိတ်ထဲလေးပုံဖြင့် ...

"အရမ်းမာမာကျောကျော မပြောနဲ့နော် ကလေး .. မမလေးတို့က မိဘတွေဆိုတော့ .. သမီးဖြစ်သူအတွက် စိတ်အေးအောင် စီမံတယ်ဆို တာကတော့ မှန်နေတယ်ကွယ့် .. သွန်းလေး လက်မခံနိုင်တဲ့လူဖြစ်နေ လို့သာ .. သွန်း .. မျက်စိထဲ မတွေ့တဲ့သူဖြစ်နေလို့သာ .. ဒေါ်ကြီးစာ ကလည်း သွန်း ဘက်က နေပေးနေရတာ .."

ဟုပြောတော့ သွန်း ခေါင်းညိတ်ပြကာ အခန်းထဲမှထွက်၏။ စာ ကြည့်ခန်းထဲဝင်၏။ စာကြည့်စားပွဲကို မှီရပ်၍ အသင့်စောင့်နေသည့် မေမေက သွန်း ကို အကဲခတ်သလို ဆီး၍ကြည့်သည်။ ဆိုဖာမှာ သွား ထိုင်ကာ ဘေးဘက်ကိုပုတ်ပြတော့ မေမေ့ဘေးမှာ ထိုင်လိုက်ရသည်က သွန်း ပါ ...။

"မိဘဆိုတာ သားသမီးအပေါ်မှာ မေတ္တာပဲထားကြတဲ့သူတွေ .. ကောင်းတာပဲဖြစ်စေချင်တဲ့သူတွေ .. အဲဒါကိုယုံလား .."

သွန်း ခေါင်းညိတ်သည်။ ဒါကတော့ အမှန်ပဲလေ ...။ သွန်း ဖေဖေ နှင့်မေမေ့အချစ်ကို ဘယ်တုန်းကမှ စော်ကားတုန့်ပြန်ဖို့ စိတ်ကူးမရှိခဲ့ ပါ။ ဤ .. မောင်ကြီး ကိစ္စတစ်ခုတည်းမှာသာ ခေါင်းခါသည့်အဖြေကို ပေးခဲ့မိတာတစ်ခုတည်း ရှိဖူးသည်။ အရင်တုန်းကဆို .. ဖေဖေနှင့်မေမေ မကြိုက်တာ ဘာမှကို လုပ်ခဲ့တာမရှိ။ ပြီးတော့ .. ဖေဖေနှင့်မေမေက

www.burmeseclassic.com

www.burmeseclassic.com



လည်း သွန်း ကိုဆို ဘယ်တုန်းကမှ သွန်း အပြစ်လုပ်သည်ဟူ၍ မြင်ဖူးတာမရှိ ..။ အမြဲ .. အေးချမ်းခဲ့ကြသည့် ကြာရိပ်ဖူးမှာ မောင်ကြီး ၏ ပြဿနာခဲကြီးဝင်လာမှ စိတ်လက်ဆင်းရဲနေကြရခြင်းပါ ..။

"ခန့်ညားမောင် ဆိုတာ .. မေမေ့မျက်စိရှေ့မှာ ကြီးလာတာ .. မေမေတို့ မွေးနံ့သာကို သွားလိုက် .. ပြန်လိုက် လုပ်ခဲ့သလို .. သွန်း ရဲ့ အန်ကယ်စည် နဲ့ အန်တီလွှမ်း တို့လည်း .. ဒီကြာရိပ်ဖူးကို သွားလိုက် ပြန်လိုက်နဲ့ .. တစ်နှစ် တစ်နှစ်မှာ နှစ်ဖက်လူကြီးတွေ ဘယ်လောက်ထိ တစ်သွေးတစ်သား ရှိခဲ့ကြသလဲ .. အရင်းအချာရှိနေကြသလဲ .. အဲဒါ သမီးကလည်း .. အန်ကယ်စည် နဲ့ အန်တီလွှမ်း ရဲ့ မျက်စိရှေ့မှာပဲ ကြီးလာတဲ့ကလေး ဖြစ်တာပါပဲ .. ဒီတော့ .. နှစ်ဖက်မိဘတွေက .. သူတို့မျက်စိရှေ့မှာ ကြီးလာတဲ့ ဒီကလေးနှစ်ယောက်ကို .. နေရာချပေးချင်တာဟာ .. ဒီကလေးနှစ်ယောက်ရဲ့ဘဝ .. ဒီကလေးနှစ်ယောက်ရဲ့ အနာဂတ် .. အားလုံးစိတ်အေးရဖို့ပဲဆိုတာ သမီး နားလည်စေချင်တယ်"

ဤတစ်ကြိမ်မှာတော့ မေမေ သွန်း ကို နားဝင်အောင် နူးနူးညံ့ညံ့ ပြောနေခြင်း။ မနေ့ကလို ဆူတာမျိုးမလုပ်။ ကရုဏာဒေါသောဖြင့် ပြောခဲ့သည့်ကိစ္စကို မနေ့ညနေမှာပဲ ချန်ခဲ့တာမဟုတ်။ ဤမနက်မှာပင် မေမေလက်ကိုင်ပြုထားဆဲ ..။ သွန်း မစားမသောက်နေပြတာကိုပင် သနားဖော်မရ ..။ ခုကျတော့ .. လေသံအေးအေးဖြင့် ပြောနေသည်မို့ မေမေ့ကိုလည်း လျှော့မတွက်ရဲစွာ အကဲခတ်ကြည့် သွန်း ကြည့်မိရပြီ။ ဤကိစ္စက မောင်ကြီး နှင့် လက်ထပ်ရမည့်ကိစ္စမို့ သတိကို နိုးနိုးကြားကြားထားရမည်ဟု ကြီးကြီးကျယ်ကျယ်ပင် တွေးချင်ချင် ..။

"ဟဲ့ .. မိရွှေသွန်း .. ဘာကြည့်တာလဲ .. မေမေ့ကို .. အကဲခတ်ရအောင် .."

သွန်း ရင်ဘတ်ထဲကအရာကို မြင်နေသည့်နှယ် မေမေ ဒက်ခနဲ မေးလာတော့ လန့်သွားရရင်းမှ ဟက်ခနဲ ရယ်ပြရ ..။ မေမေ့ကို ချော့ရဖြင့် ဘော်ကပ်ကာ ဖက်ပစ်ရင်းမှ ...



"မဟုတ်ပါဘူး မေမေရ .. အကဲခတ်တာမဟုတ်ပါဘူး .. ထူးဆန်းနေတာပါ .. ထူးဆန်းစွာကြည့်တာပါ .. ဟင်း ဟင်း .. မေမေက လေသံတွေ အရမ်းနူးညံ့ချိုသာနေတာကိုး .. အဲ့ကယ်က .. ဝေါက်လက်စနဲ့ ဆက်ဝေါက်နေရင် နည်းနည်း .. မထူးဆန်းဘူးပေါ့ မေမေရာ .. ခုဉစ္စာက .. ဝေါက်လက်စကြီးတန်းလန်းကို ဖျတ်ခနဲ ဖျောက်ပစ်ပြီး .. ဆတ်ခနဲ .. မြန်ဆန်လွန်းစွာဖြင့် ချိုသာသွားလို့ အံ့သြမှင်တက်စွာ .. ကြည့်နေမိခြင်းပါ .."

စာသံ ပေသံ စာရေးဟန်ဖြင့် သွန်း ပြောတော့ မေမေ သွန်း ကို ခေါင်းခေါက်လာပါ၏။

"ပက်ကျိလည်း လုပ်မရပါလားနော် .."

ပက်ကျိဆိုတာ ကိုင်လိုက်လျှင် ချွဲတဲတဲအရည်ထိတာမို့ ... ချွဲသည့်ကိစ္စဆိုလျှင် သွန်း က ပက်ကျိပက်ကျိလုပ်သည်ဟု ပြောနေကျ ..။ ခုလည်း ပြောလာသည်မို့ မေမေ သက်ပြင်းရှိုက်၍ ..

"ဒီကလေးဟာလေ .."

ဟု ညည်းရှာသတည်း။

"ကဲ .. မိသွန်း ... ခန့်လေးကို ဘယ်လိုမြင်သလဲ .. သူနဲ့ ဆုံပြီပဲ .. သူက .. ငယ်တုန်းကလို .. ဟန်ကြီးပန်ကြီးနဲ့ စာအုပ်တွေချည်းဖတ်လိုက် .. သီးသန့်နေလိုက် .. အဲသလိုမဟုတ်တော့ပါဘူးကွယ် .. မွေးနံ့သာစည်သွတ်စက်ရုံမှာဆိုရင်လည်း အလုပ်သမားတွေနဲ့ အဆင်တပြေရောရောနှောနှော နေတတ် ပြောတတ်တဲ့သူဖြစ်နေပြီ .. ဆက်ဆံရေးကောင်းတယ်လို့ အပြောခံရတဲ့သူဖြစ်နေပြီ .. ကူညီတတ်တဲ့စိတ်ရင်းကောင်းရှိတယ်လို့လည်း ပြောတတ်ကြသမျှ ဂုဏ်ယူလက်ခံနိုင်တဲ့သူ ဖြစ်ခဲ့ပြီးပြီ .. ဒီတော့ .. သမီး .. သွန်း .. ဘယ်လို သူ့အပေါ်မြင်လဲ .."

ဟု ပြောတော့ သွန်း တစ်ချက်တွေး၏။ စောစောက သွန်း တုတ်ထားသည့်အဖြေကို ချက်ချင်းပေး၍မဖြစ် ..။ အင်တင်တင်စကားကိုတော့ နည်းနည်းပါးပါး ပြောသင့်သည်လေ ..။

www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောင်းလဲရမှာလဲ မမေရဲ့ .. သွန်း ချွေးတွေနဲ့ တုတုရှိနေလို့ ညစ်ပတ်သလေးဘာလေးနဲ့ပြောတာ မမေရ .. သူက .. ဘာပြောင်းလဲနေလို့တဲ့လဲ .. ဝတ်ထားတာများ ကျော့မော့သန့်ပြန့်လို့ .. သွန်း လိုများ မြက်ခင်းပေါ်ထိုင်ရဲတယ်ထင်လို့လား .. ချွေးတွေနဲ့ ပျော်ရဲတယ်ထင်လို့လား .. သွန်း လို .. ဟောဒီလို ပေါ့ပေါ့ပါးပါး .. ဝတ်စားပြီး .. ကိုယ့်အိမ်မှာကိုယ် .. လွတ်လပ်အေးချမ်းစွာနေမယ်လို့များ ထင်လို့လား .. သူက .. စတစ်ကော်လံအကျီနဲ့ .. ပုဆိုးခပ်ရှည်ရှည်ဝတ်ပြီး .. ဘိုကေလေး ကျော့နေအောင်ဖြီးထားပြီး ကတ္တီပါဖိနပ်လေးကို ရှုရှုလေးစီး .. သန့်နေအောင်နေ .. ခြေထောက်တွေ လက်တွေ မြေကြီးအနံ့ မထိရှစေရဆိုတဲ့လူမျိုး .."

သွန်း ပင်လျှင် ကိုယ့်ဘာသာကိုယ် ပြန်အံ့သြသွားရသည်တည့်။ အံမယ် .. မဆိုး ..။ တန်းစီ၍ ပြောထွက်လိုက်ပါသည့်စကားလုံးတွေ။ လျှောခနဲ လျှောခနဲ နေ၏။ ခုလို သူများအပြစ်တွေ တန်းစီပြောနေသည့် သွန်း ကို မမေ စိုက်ကြည့်နေသည်။

"မျက်မှန်ကလည်း အထူကြီး .."

ကဲ့ရဲ့စကားလုံးကို အဆုံးသတ်အဖြစ် စကားပိတ်ပြောပြီးချိန်မှာ မမေ ခေါင်းယမ်း၏။

"ဒါပေမယ့် .. အဲဒီလောက် သွန်း က မကောင်းမြင်နေတဲ့သူကို ဖေဖေနဲ့မေမေတို့က သားမက်လောင်းလေးအဖြစ် .. ရွေးချယ်ထားခြင်းဟာ .. မှားနေတယ်လို့များ .. သွန်း ပြောရက်နေသလား .. ပြောထွက်နေမလား .. ဟင် .."

ဟု ကြေ'ွသံဖြင့် မေးလာတော့လည်း သွန်း ငိုင်ခနဲဖြစ်၏။ မမေ ထိုသို့ ဝမ်းနည်းနေတာကိုကျတော့လည်း ငုတ်တုတ်ငြိမ်ကြည့်နေရသလိုဖြစ်နေတာ ရင်ထဲ ထိနိုက်ရပြန်သည်။

"မိဘရဲ့မေတ္တာကိုတော့ သွန်း နားလည်စေချင်တယ်ကွယ် .."

ဟု ခပ်လေးလေးပြောကာ မမေ ထရပ်သည်။ ငုံ့မိုး၍ကြည့်သည်။



"ဖြေကြည့်စမ်းပါ သွန်း .. မမေလိုချင်တဲ့အဖြေကို သိထားတဲ့ သွန်း ဟာ .. မမေတို့ရင်နာစေမယ့်စကားကို ပြောထွက်ရက်မှာလား"

ဟုပြောတော့ သွန်း တစ်ချက်ငိုင်၏။ ဖေဖေနှင့်မေမေ့အပေါ် လူသည်ကျ၍ ဖြေရမည့်အဖြေတစ်ခုကို .. လောလောဆယ်မှာ ဖြေနိုင်ခွင့်အိန်းကတော့ ဆိုက်လာပြီ ..။ ဒါပေမယ့် ရင်ထဲမကောင်း ..။ ဖေဖေ့အပေါ် ..၊ မေမေ့အပေါ် လူလည်ကျခြင်းသည် မရိုးသားခြင်းပဲ ဖြစ်သည်ဆလ ..။ လက်မထပ်နိုင်ပါဟု ရိုးရိုးကြီးဖြေလျှင်လည်း မမေတို့က လက်ခံမှာမဟုတ်။ ကြေကွဲခြင်းတွေက ရင်ဝယ်တိုးဝင်နေကြချေဦးမည်။ မတတ်နိုင် ..။ သွန်း လည်း သက်သာစေ ..၊ အပြစ်လည်း လွတ်စေ .. ဆိုသည့်အတွေးဖြင့် တစ်ချက် လည်ချောင်းကိုဟန့်ရသည်။ အရေးထဲ လည်ချောင်းက ကပ်နေသည် ..။ မဟုတ်တာပြောရမည့်စကား ..၊ လူသည်စကားပေမို့ လည်ချောင်းပင် လန့်နေသည်ထင့် ..။ ချွဲကပ်သလိုလိုတွေ လာဖြစ်နေသည်။

"အဟမ်းဟမ်း ... ဟမ်း .. ခပ် .. ခပ် .."

ချောင်းဟန့်ရ ..၊ ချွဲကပ်နေတာ ခပ်ရနှင့်ရှိနေတော့ မမေ ကြည့်လာသည်။ နောက်တောက်တောက်လုပ်နေပြီလားဆိုသည့် အကြည့် ..။

"ဒါဆို မမေ .. မမေတို့က ဒီလောက်ထိ သဘောမျှနေတာဆိုတော့ .. သူက .. မငြင်းရင် .. သွန်း မငြင်းဘူး မမေ .. သူက ငြင်းရင် သွန်း ငြင်းမယ် .."

"ဟဲ့ ..."

မမေ့ထံမှ အံ့သြသံ ပွင့်လာ၏။ အကဲခတ်သလို သွန်း ကို အတန်ကြာစိုက်ကြည့်၏။ မယုံသင်္ကာအကြည့် ..။

"ဘယ့်နှယ်ပြောတယ် .. နေစမ်းပါ .. ညည်း .. အတည်ပြောတာလား .. ဟုတ်လား .. မေးမယ်အေရယ် .. ညည်းတို့နှစ်ယောက် .. တစ်ခုခု .. တိုင်ပင်ကြသေးလား .."

ရုတ်ခနဲ မေးတော့ သွန်း ခေါင်းယမ်းသည်။ မောင်ကြီးနှင့် တိုင်

www.burmeseclassic.com

www.burmeseclassic.com



ပင်ဖို့နေနေသာသာ ...၊ မိုက်ကြည့် ဘုကြည့်ပင် သွန်း က ကြည့်ခဲ့သေးသည်တည့် ...။

"ဒါဆို .. ဘာစကားလဲ .. ဒီစကားကြီးက .."

"သူက သွန်း ကိုမငြင်းရင် .. သွန်း ကလည်း မငြင်းဘူး .. သူက သွန်း ကိုငြင်းရင်တော့ သွန်း ကလည်း ပြန်ငြင်းရမှာပေါ့ မေမေရ .. သူက ငြင်းပေါ့ဥစ္စာ .. သွန်း က အတင်းလိုက်လက်ထပ်နေရမှာတဲ့လား လို့ .. ကဲ .."

ဟု ဆူအောင့်အောင့်လေးဖြေတော့ မေမေစိုက်ကြည့်သည်။

"စကားအတည်နော် မိသွန်း .."

ဟု မေးလာတော့ သွန်း တစ်ချက် လန့်ခနဲ ဖြစ်၏။ မောင်ကြီးက မငြင်းလျှင် သွန်း နှင့် ဖေဖေ မေမေတို့က လက်ထပ်ပေးတော့မည့်သဘော ...။

မတတ်နိုင် ...။ သွန်း ခေါင်းဆက်ညိတ်လိုက်ရသည်။ သေချာသည်ကတော့ .. မောင်ကြီးကလည်း .. သွန်း ကိုခေါင်းခါမည့်မောင်ကြီး၊ ငြင်းမည့်မောင်ကြီးဖြစ်နေသည်လေ ...။ မြေကြီးလက်ခတ်မလွဲ ...၊ သေချာပေါက်မလွဲ ...။

အတွေးဖြင့် သွန်း စိတ်ထဲ ပြန်၍ ပေါ့ပါးလာသည်။

ကိစ္စတစ်ခုတော့ .. မကြာမတင်မှာ .. ပြတ်သားစွာ ရှိချေတော့မည် ...။ သွန်း .. ကြာရိပ်ဖူးမှာ .. ပေါ့ပါးပျော်ရွှင်စွာ .. အကြောင်းကြကင်းစွာ .. မောင်ကြီး၏ ပတ်သက်ရာတွေ ကင်းစွာဖြင့် .. ဆက်လက်၍ နေသွားနိုင်တော့မည်ဟု ယုံကြည်နေမိရင်း ရင်သည် အေးချမ်းသွားရ ပြန်ပါ၏။



သိမ်မွေ့သော ရင်ခုန်ခြင်းများ
တောက်ပသော မျှော်လင့်ချက်များ
ရင်ထဲမှာ ပျောက်ဆုံးနေကြရသည့်
မင်္ဂလာပွဲတစ်ခု၏
အဆုံးမရှိ အပ်နှင်းလိုက်သော
ခြောက်သွေ့သည့်အနာဂတ်အား
သင်နှင့်ငါ ..
ပစ္စုပ္ပန်မှာ လက်ခံလိုက်ကြရပြီ ...

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

"အေး .. ဖေဖေနဲ့ မေမေတို့ရဲ့ရှောလင့်ချက်တွေ တကယ့်ကို ဖြစ်မြောက်လာတဲ့အတွက် .. ဝမ်းသာတယ်ကွယ့် .. ဖေဖေတို့ ထူထောင် လိုက်တဲ့ မွေးနံ့သာဟိုတယ်ကြီးရဲ့ မင်္ဂလာခန်းဆောင်ကြီးမှာ .. ပထမဆုံး ကျင်းပလိုက်ရတဲ့ မင်္ဂလာပွဲရဲ့ သတို့သားနဲ့သတို့သမီးတို့ဟာ .. ဖေဖေ့ သား ခန့်ကြီး နဲ့ ဖေဖေ့သမီးလေး ဟောဒီကချွေးမချောလေး ရွှေသွန်းမေ တို့ရဲ့ ပွဲဖြစ်နေတာကိုက .. ကြည်နူးပီတိဖြစ်စရာ အကောင်းဆုံးပါပဲကွယ် .."

နှစ်ဖက်မိဘနှစ်ပါးကို ကန်တော့နေရသည့် သတို့သားနှင့်သတို့ သမီးတို့၏ဘဝသည် ရင်ခုန်လှုပ်ရှားမှုကင်းစင်နေတာ ဖေဖေနှင့်မေမေ မသိသည်ကောလေဟု သူ ခံစားရ၏။ ကောင်မလေးကိုကြည့်တော့ မျက်နှာလေး ညှိုးရိပ်သမ်းနေ၏။ ရွှေနဝေ သို့ အမြဲတစေနေထိုင်ဖို့ ရောက်လာရပြီဖြစ်သည့် သတို့သမီး၏ မျက်နှာနုနုလေးထက်မှာလည်း ကြည်နူးရိပ်တို့ ကင်းဝေးနေကြတာ သူ မြင်နေရသည်ပဲလေ ..။

"အေး .. သမီးသွန်း .. သျှောင်နောက်ဆံထုံးပါဆိုသလို ရွှေနဝေ ကို ပြောင်းလာရပေမယ့် .. ကြာရိပ်ဖူး ဟာ သမီးရဲ့အိမ်ပဲဆိုတာ မမေ့နဲ့.. သားခန့်ကြီးကလည်း .. ကြာရိပ်ဖူးဟာ သားရဲ့အိမ်ပဲဆိုတာ နှလုံးပိုက် ထား .. သမီးသွန်းကလည်း .. အိမ်ထောင်ရှင်မတစ်ယောက်ဖြစ်ပြီ .. ခင်ပွန်းသည်အပေါ် လေးစားကြည်ညိုစိတ်ထားရမယ် .. ချစ်ရိုသေစိတ်



ရှိရမယ် .. ကြာရိပ်ဖူးမှာ ကလေးလိုနေပေမယ့် .. ဒီရွှေနဝေမှာ .. အိမ်ထောင်ရှင်တစ်ယောက်အဖြစ် နေရလိမ့်မယ် .."

အမေလုပ်သူ ပြောနေချိန်မှာ သွန်း ခေါင်းငုံ့ထားသည်။ မျက်လွှာ ချထားသည်။ ရင်သည် လှိုက်နေ၏။

"ထား ကလည်းကွယ် .. သွန်းလေး ဟာ လွမ်း တို့ရဲ့သမီးပါ .. သမီးလေး နေတတ်သလိုနေပါစေ .. ဘယ့်နှယ်ကွယ် .. ကလေးလို ရှင်ရှင်သန်းသန်းလေးနေတတ်တဲ့ စရိုက်လေးကို လွမ်း တို့က ပိုချစ်နေ ရတာ .. ကလေးကို စိတ်ညစ်အောင် မလုပ်ပါနဲ့ ထားရယ် .."

သူ မေမေ့ကိုကြည့်မိ၏။ မေမေကတော့ ချွေးမတော်လေးကို တပြုံးပြုံးဖြင့် ချစ်မဆုံးကြည့်၍ပြောနေခြင်း ..။ ဤသူငယ်မ ကလေးလို ဗိုလ်ကျနေမည့်ကိစ္စကို သူက လန့်နေသည်။ မေမေက မြှောက်ပေးနေ သည်တည့်။ ရင်ထဲလေးလာရပြန်သည်။

"မဟုတ်ဘူး လွမ်းရဲ့ .. ကလေးလိုဆိုးနေမှာ စိုးရိမ်လို့ သတိပေးနေ ရတာပါ .. ဒီမှာ သား ခန့်ကြီး .. အန်တီထားရဲ့သမီး မိသွန်း ဆိုးရင်.. အန်တီထားကို တိုင်ပြော ... သူ့ကိုမကြောက်နဲ့ .. သူ့အကြောင်း အန်တီထား ကောင်းကောင်းသိတယ် .. အလွန်ဉာဏ်နဲ့ ဆိုးတဲ့ကလေးမ .. လူလည် .."

သူ အန်တီထား ကိုကြည့်ကာ ခေါင်းညိတ်သည်။ မဆိုး ..။ အန်တီထား ကို အားကိုး၍ ကောင်မလေးကို နှိပ်ကွပ်နိုင်မည်။ ထိန်းကျောင်းနိုင် မည်ဟု သူ အားကိုးရာ ရလိုက်သလိုတော့အရှိ ..။ ဒါပေမယ့် .. ထစ်ခနဲ ဆို .. လှမ်းတိုင်နေ၍ ကောင်းတာမဟုတ်။ ဤသူငယ်မက တစ်ခါတလေ လေး ဆိုးမည့်အချိုးမရှိ ..။ အမြဲဆိုးမည့်အချိုး ..။ သူက ထစ်ဆို တိုင် .. ထစ်ဆိုတိုင်နှင့် ကြာလျှင် သူပဲ အဆိုးဖြစ်ကိန်းရှိသည်။ အဆိုးပြောမည့် သူက အန်တီထားနှင့် အန်ကယ်သု မဟုတ်။ သူ၏ ဖေဖေနှင့် မေမေတို့ က ချွေးမဘက်ကရပ်တည်ရင်း သူ့ကို ကောင်းကောင်းအပြစ်တင် ..၊ ကောင်းကောင်းဆူ ..၊ ပြီးတော့ ချွေးမတော်ကို ကျောသပ်ရင် သပ်ဖြင့် ချော့မော့ကြချေဦးမည် ..။

www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ .. တိုင်တိုင်တောဖောာအလုပ် ငါမလုပ်တော့ဘူး .. သူ့ကို ငါကိုယ်တိုင် နိုင်နင်းအောင် ထိန်းကျောင်းရမယ် .. သူများအားကိုးလို့မဖြစ်ဘူး .. ငါ့အားငါကိုး .. ငါ့အရည်အချင်းနဲ့ငါ မယားနိုင်ခန့်ညားမောင် ဖြစ်ဖို့လိုတယ် .."

လက်ထပ်ခဲ့သည်မှ မင်္ဂလာပွဲကျင်းပရာမှ ရွှက်နဝေသို့ ပြန်ရောက်ရုံပဲရှိသေးသည်။ သူ့စိတ်ထဲမှာ ကောင်မလေးကို အရှုံးပေးရမှာလန့်နေသည့် ခန့်ညားမောင် ဖြစ်နေရပြီ။ ဟုတ်သည်လေ ..။ လန့်နေသည်မို့ အနိုင်ယူမည့်လမ်းတွေ ခုကတည်းက ကြိုတင်ပြင်ဆင်နေမိရခြင်းပေပေါ့ ..။ သွန်း ကိုကြည့်တော့ ခေါင်းငုံ့ထားဆဲ ..။ သူ တစ်ချက်ထူးဆန်း၏။ ဤကောင်မလေး ဝမ်းနည်းနေသလား ..၊ ဝမ်းနည်းပန်းနည်း ကြေကွဲနေသည်လား ..၊ သူ .. ထိုသို့သောဟန်အချိုးကို မကြုံဖူး ..။ ငယ်တုန်းကလည်း လူလည်အစွာဇလေး ..။ မကြာမတင် ဆုံခဲ့ရဖူးတုန်းကလည်း တစ်ချက်မခံ ကက်ကက်လန်သည့် ကောင်မလေး ..။ ထိုသို့သောကောင်မလေးက ငြိမ်ချက်သားကောင်းနေသည်။

"ဒီကောင်မလေး .. လူကြီးတွေဆီက သနားကရု... ရအောင် မျက်နှာငယ်လေး လုပ်နေတာထင်တယ် .. သိပ်တော့ ...ချရဘူး .. သူက ဉာဏ်များများရယ် .. တကယ်ဝမ်းနည်းနေတာဆိုရင်တော့ သနားပါတယ် .. တကယ့်ဝမ်းနည်းနေတာမဟုတ်ဘူးဆိုရင်တော့ .. လန့်ပါတယ် .."

ဟု လန့်စိတ်ဖြင့်လည်း တွေး၏။ သနားစိတ်ဖြင့်လည်း တွေး၏။ သူသည် သွန်း နှင့်ပတ်သက်လျှင် သနားခြင်းနှင့်လန့်ခြင်းတို့ကို တစ်ပြိုင်တည်း ခံစားတတ်နေရသော ခန့်ညားမောင် ဖြစ်နေရ...သည် တကား ..။ ဤသို့ဖြစ်ခြင်းသည် မင်္ဂလာဦးရက်တစ်ခုအတွက် မကောင်း။ မဖြစ်သင့် ..။ ကိုယ်လက်ထပ်ထားရသည့် မိန်းကလေးကို ခုကတည်းက ဉာဏ်များနေမည်လားဟု လန့်နေရတာမျိုးကိုက စိတ်ပျက်ဖို့ကောင်းနေသည်ပဲလေ ..။



"အံ့ရော ထားရယ် .. မောင်က ပြောတယ်လေ .. သူ့သားတော်မောင်ကို ဖုန်းဆက်မေးတော့ တဲ့ .. သွန်းလေး ကို အပြင်မှာ တစ်ခါပဲ မြင်ဖူးလိုက်ရတဲ့သားက ဖြေသတဲ့လေ .. သွန်း လက်ခံရင် သူလည်း လက်ခံမယ် .. သွန်း ငြင်းရင် သူလည်း ငြင်းရမှာပါတဲ့ .. ဟော .. အဲဒီသတင်းကို လွမ်း က ဝမ်းသာအားရနဲ့ သွန်း လက်ခံရင် သားက လက်ခံနေပြီဆိုတာလည်း ဖုန်းနဲ့လှမ်းပြီး ရှမ်းပြည်ကနေရင်း သတင်းပို့လိုက်ရော .. မကြာပေါင် .. ထား ဆီက ဖုန်းပြန်ဝင်လာတာပဲလေ .. သွန်းကိုလည်း မေးကြည့်တော့ .. သွန်း ကလည်း ခန့် လက်ခံရင် .. လက်ခံမယ် .. သား ခန့် ငြင်းမှ သူလည်း ငြင်းပါ့မယ်ဆိုတာ ဖြေတယ်ဆိုတော့ အံမယ်လေးလေ .. သူတို့နှစ်ယောက် တိုင်ပင်ထားကြသလိုပါလားလို့ကို အံ့သြယူကြရတာလေ .. အဟင်း ဟင်း .."

သူ မေမေ့ကိုကြည့်တော့ ပြောလက်စကားကိုဖြတ်၍ ရယ်မောရင်း သူ့ခေါင်းကိုပင် ချစ်စနိုးလေးပုတ်နေရသည့်အဖြ... ..။

"ဟုတ်တယ် ကိုသုရေ .. ကိုယ်က ပြောတာမှ သားကို အရှင်းပြောတာ .. သွန်း ဘက်က မငြင်းဘူးဆိုရင် .. ဖိတ်စာဝေပစ်လိုက်မှာနော်ဆိုတော့ .. ဒီကောင် ဘာဖြေတယ်ထင်သလဲ .. ဟော့ကောင် .. ခုမှ ရှုက်မနေနဲ့ .. သွန်း ကိုလည်း အပြင်မှာမြင်ဖူးလိုက်ရော .. ဟုတ်ကဲ့ .. ဟုတ်ကဲ့ နဲ့ အဖေလုပ်သူပြောတာကို ပြန်ဖြေတာဗျ .."

သူ ရှက်သည်။ တကယ်က သွန်း ကို မြင်မြင်ချင်းချစ်လွန်း၍ ခေါင်းညိတ်သည်ဟု အထင်ခံနေရပြီ။ တကယ်က လူလည်ကျ၍ ကိုယ်လွတ်ရုန်းဖြေခဲ့ခြင်း ..။ ခုကျတော့ ကိုယ့်ရှုးကိုယ်ပတ်၍ လက်ထပ်ပွဲမှာ သတို့သားဖြစ်ခဲ့ရပြီ ..။ သူ ကြည့်မရသော ကောင်မလေးကို သတို့သမီးအဖြစ် လက်ချင်းချိတ်၍လျှောက်ခဲ့ရကာလောက် လူ့ဘဝကို စိတ်ကုန်နေတာမရှိ ..။ ဒါတွေကို နှစ်ဖက်မိဘတွေ သိကြတာမဟုတ်။ တပြုံးပြုံးဖြင့်ပြောနေကြသည်မှာ လောကကြီးတစ်ခုလုံး စိမ်းလန်းခြင်း၏ အရိပ်အောက်မှာ ရှိနေသည့်နှယ်ဖြစ်နေသည်။ တကယ်တမ်းကျတော့

www.burmeseclassic.com



သူ့ရင်ထဲမှာ မီးလောင်ပြင်လို မီးခိုးတွေ အူထနေပြီ ..။

"အေးကွယ် .. ဘာပဲဖြစ်ဖြစ် .. သားက .. အကြီးဖြစ်တယ်၊ အကြီးဆိုတာ အငယ်အပေါ်မှာ ညှာတာထောက်ထားရတယ် .. ခွင့်လွှတ်ရတယ် .. သမီးလေး သွန်း တစ်ခုခုများ မသိစိတ်နဲ့မှားမှား .. ကလေးစိတ်နဲ့ ဆိုးပေပေလေးလုပ်ရင်းပဲမှားမှား .. ဖေဖေ့သားက .. ဗွေမယူရဘူး .. ခွင့်လွှတ်ရမယ် .. ခင်ပွန်းသည်ဆိုတာ ကိုယ့်ဇနီးသည် အပေါ်မှာ ညှာတာထောက်ထားခြင်းတွေ .. ကြင်နာခြင်းတွေနဲ့ .. ထီးအမိုးလို .. အရိပ်ကြီး တစ်ခု ပေးရတယ်ကွယ့် .."

ဟု ဖေဖေ ဆက်ပြောနေတော့လည်း သူ ငြိမ်နေရသည်။ ကောင်မလေးကို သူ ကြည့်မိပြန်၏။ ခုထိ မျက်နှာသေလေးဖြင့် ငြိမ်နေဆဲ..။ အဖြူရောင်ပိုးသားမှာ ပုလဲပွင့်ထိုး ထဘီချိတ်ဆင် ..၊ အဖြူရောင် သတို့သမီးအင်္ကျီလက်ရှည်လေးနှင့် ဤပုံစံမျိုး သူ မမြင်ဖူးခဲ့သော ကောင်မလေးတစ်ယောက်က သူ့ဘေးမှာ ဇနီးအဖြစ် ထိုင်နေတာကို ရင်ထဲမှာ မယုံနိုင်အောင် ဖြစ်နေရသည်။ အင်္ကျီမှာလည်း ပုလဲပွင့်လေးတွေ ဆင်တူထိုးထားသည်။ ပဝါက ရွှေပဝါ .. ပုလဲကွန့်ထိုးအဆင် ..။ အတော်လှသည့်ပဝါ ..။ ဆံထုံးဆံမြိတ်နှင့် ကောင်မလေး ..။ ပုလဲနှင့်စိန်တို့ဖြင့် လှလှပပ ရွှေနှင့်ဆင်ထားရာ ပန်းပွင့်ဆံထိုးကလည်း ဖူးရှုနေသည်။ မျက်နှာဘေးကလည်း မှုန်မှုန်သာအောင် လှနေသည်ပါပဲ။ ဒါပေမယ့်.. သူ .. ဘာကြောင့် ရင်မခုန်ဘဲ ရှိရပါသတဲ့လဲလေ။ ဤကောင်မလေး သူ့ကို မချစ်ဘဲ လက်ထပ်ခြင်းဆိုတာ အတိအကျသိထားရသည်ကိုးလေ။ အဘယ်သတို့သားတစ်ယောက်သည် .. မိမိကို .. မချစ်ဘဲလက်ထပ်ရလေသော သတို့သမီးနှင့် အတူရှိနေရင်း ကြည်နူးချမ်းမြေ့နိုင်စွမ်းပါမည်တဲ့လဲလေ ..။ ထို့နယ်ပင် တူတူရှိချေမည်သာ ..။ သူ့ဘက်ကလည်း သွန်း ကို သက်မထပ်ချင်တာ အတိအလင်းပြောခဲ့သည်ပဲလေ ..။ ကောင်မလေးသည်လည်း သူ့နယ်ပင် အေးစက်စက်၊ နှမ်းသွေ့သွေ့ မင်္ဂလာပွဲတစ်ခုအဖြစ် ရင်ထဲမှာ အမှတ်တရသိမ်းထားချေမည့် သတို့သမီးလေးပဲ ဖြစ်နေချေ



မည်သာ ..။

"ခန့်ကြီး .. ဖေဖေပြောနေတာလေးကိုလည်း တစ်ချက်ဖြေတာလေးဘာလေး စကားတုန့်ပြန်ဖော်ရှိဖို့တော့ လိုနေတာပေါ့ကွယ့် .. ခုကျတော့ .. သွန်းလေး မျက်နှာပဲတကြည့်ကြည့်နဲ့ ငြိမ်လွန်းနေတယ်နော်.. အဲဒါပြောတာ .. အဲဒါပြောတာ .. သွန်းလေး ကို သား ခန့်ကြီး မြင်ရင် ချစ်ကိုချစ်မယ်လို့ .."

ဖေဖေရယ်၍ပြောတော့ သူ မျက်နှာ အမ်းခနဲဖြစ်၏။ ဖေဖေထင်နေသည်က ကောင်မလေးကို သူ ချစ်စိတ်ဖြင့် အရိပ်တကြည့်ကြည့်ငေးနေခြင်းဟု ..။ အို .. ဖေဖေတစ်ယောက်တည်းပင် မဟုတ်ပါ ..။ မေမေရော ..၊ အန်ကယ်သု နှင့် အန်တီထားတို့ရော ထိုသို့ ယုံကြည်နေကြသည်မို့ တပြုံးပြုံးဖြင့် သူ့ကိုဝိုင်း၍ ချစ်စနိုးကြည့်နေကြသည်လေ ..။

သူ .. အနေခက်စိတ်ဖြင့် သွန်း ကိုကြည့်မိစဉ်မှာ သွန်း ကလည်း သူ့ကို ဖျတ်ခနဲ ကြည့်လာသည်နှင့်ဆုံ၏။ ဤကောင်မလေးနှင့် မင်္ဂလာပွဲအပြီးမှာ ဤတစ်ကြိမ် ပထမဆုံးအကြိမ် မျက်ဝန်းချင်းဆုံမိခြင်း ..။ လှောင်ရိပ်လေးတွေ သဲ့သဲ့ပါနေချေသည်လား ..။ ဩော် .. ကြေကွဲရိပ်မှျင်မှျင်များ ရောထွေးနေသည်လား ..။ နက်မှောင်အရည်လဲ့နေသည့် မျက်ဝန်းထဲမှ အဖြေတစ်ခုကို သူ လောလောဆယ်မှာ တိတိကျကျ မရွေးချယ်တတ်သေး ..။ ဒါပေမယ့် သေချာတာတစ်ခုကတော့ .. ဤ ကလေးမသည် .. ပျော်ရွှင်ခြင်းတွေ ပျောက်ဆုံးနေသည် ..။ ဟုတ်သည်။ ပျောက်ဆုံးနေသည်မှ .. အနာဂတ်ပါ ပျောက်နေသည့်နှယ် ရှိနေသည်ဟု သူ ထင်လာနေမိရပါ၏။

"ရှင် .. ကျွန်မကို လက်မထပ်ချင်ဘူးဆိုတာ ကျွန်မ သိနေသလို ရှင့်မိဘတွေရော .. ကျွန်မမိဘတွေရော မသိကြတာ .. သူတို့အတွက် ကံကောင်းပါတယ်ရှင် .. ဒါမှမဟုတ်ရင် ကြေကွဲနေကြရမှာ .. ပျော်ရွှင်ကြည်နူးခြင်းတွေ ဆိတ်သုဉ်းသွားကြရတော့မှာ .."

ဟုများ ပြောလာချေမည်လားမသိ ..။ ဟုတ်သည်။ သူနှင့် နှစ်

www.burmeseclassic.com



ယောက်တည်းရှိချိန်မှာ ကောင်မလေး ထိုသို့ စေ့စေ့ပါအောင်ကြည့်ရင်း ပြောလာချေမည်ဟု ကြိုတင်၍ ခံစားနေနှင့်မိရသည်ပါပဲ ..။ တကယ်က ထိုသို့သော စကားလုံးများသည် သူ့ရင်ထဲမှာလည်း ရှိနှင့်နေသည့် စကားလုံးတွေဖြစ်နေသည်။ ဒါကြောင့်လည်း .. ဤကောင်မလေးသည်လည်း ထိုနှယ်ပင် ခံစားပြောလာချေလိမ့်မည်ဟု သူ ကြိုတင်ခံစားနိုင် ..။ တွေးနေမိနိုင်ခဲ့သည်ပေါ့ ..။ တကယ်တမ်းအချိန်မှာ ထိုသို့ ကောင်မလေး ပြောမလာခဲ့လျှင်တော့ ကောင်းပေလိမ့်မည်။ ထိုစကားလုံးတွေကို .. ကြားနေ၍လည်း ဘာမှအကျိုးထူးနိုင်ချေတော့မည်မှ မဟုတ်ချေပဲလေ။

တကယ့်ကိုပင် နှစ်ဖက်မိဘတွေက သူတို့ဘာသာသူတို့ နေ့ကောင်းရက်သာတွေ ရွေးချယ်ကြ၊ ဖိတ်စာတွေရိုက်ကြ၊ ဝေကြပြီးမှ .. ထိုဖိတ်စာတစ်စောင်စီကို ကောင်မလေးနှင့် သူ့ကို ပြခဲ့ကြသည်မို့ .. ကိုယ့်စကားနှင့်ကိုယ် .. ကိုယ့်ရှူးကိုယ်ပတ်ကြရလူတွေက သူ နှင့် သွန်း ပဲဖြစ်ခဲ့ကြရကာ ..၊ မိဘတို့ဂုဏ်သိက္ခာအတွက် .. လက်ထပ်ပွဲကြီးတစ်ခုကို ခံစားချက်တွေ ထုံထိုင်းရှုပ်ထွေးနေသည့် နှလုံးသားတွေဖြင့် ကျင်းပသရုပ်ဆောင်ခဲ့ကြရသည်ကလည်း သူနှင့် ကောင်မလေးတို့ပဲ ဖြစ်ချေသည်သာ ..။

"သမီးလေး သွန်း နဲ့ သားတို့အတွက် .. ဟန်းနီးမွန်းခရီးကို .. ချောင်းသာဘက် ရွေးချယ်ထားတယ် .."

ဟု အန်ကယ်သူ မှပြောတော့ သွန်း ခေါင်းမော့လိုက်တာကို သူ မြင်၏။

"ဟင့်အင်း .. သွန်း မသွားချင်သေးဘူး ဖေဖေ .. ဟိုတယ်က ဖွင့်တာမှ မကြာသေးတဲ့ဥစ္စာ ..။ မောင်ကြီးအတွက် ဒီအလုပ်က ပိုအရေးကြီးပါတယ် .. သွန်း လည်း ဒီရွက်နုဝေကို .. ဧည့်ခန်းမှာ .. ပန်းအလှတွေ ဆင်ချင်သေးတယ် ဖေဖေ .."

ဟုပြောတော့ သူ တစ်ချက်အံ့သြ၏။ ဤကောင်မလေးက အိမ်ကို ပန်းအလှတွေဘာတွေဆင်ဖို့ စိတ်ကူးရှိနေသည်တဲ့လား ..။ သူ ထင်သည်က .. ပေါကျော့နေသည့်ကောင်မလေးဖြစ်နေသည်လေ ..။ ဘာပဲဖြစ်ဖြစ်



ဟိုတယ်သစ်ဖွင့်ထားတာကိုလည်း ထည့်ပြောသည်၊ အိမ်အလှဆင်ချင်တာကိုလည်း ထည့်ပြောသည်ဆိုတော့ .. သွန်း သည် လတ်တလောရင်ဆိုင်တိုးနေရသည့် တူတူနှစ်ယောက် ဟန်းနီးမွန်းထွက်ကြရမည့် ဒုက္ခတစ်ခုကို ဆယ်ထုတ်ဖယ်ရှားလိုက်နိုင်သည်လေ ..။

"ဒါဆိုလည်း .. တစ်လနှစ်လလောက်နေမှ .. သားကလည်း ဟိုတယ်အလုပ်တွေပိနေတာ နားတဲ့အနေနဲ့ .. ရွှေသွန်း လေးကလည်း ခရီးလေးထွက်ရင်း .. ကုန်ကြမ်းရှာတဲ့အနေနဲ့ .. ချောင်းသာဖြစ်ဖြစ် .. ငပလီဖြစ်ဖြစ် .. ပုဂံဘက်ကိုပဲဖြစ်ဖြစ် .. ခရီးထွက်ကြပေါ့ကွယ် .."

မေမေ ဝင်ပြောတော့ သူ တစ်ချက်ရင်ထဲမရှင်း ..။ ဘာတဲ့ ..။ ကောင်မလေးက ကုန်ကြမ်းရှာရင်း ဆိုသည့်စကား ..။ ဘာကုန်ကြမ်းကို ရှာမည်တဲ့လဲ ..။

"သူက .. ဘာကုန်ကြမ်းရှာမှာလဲ မေမေ .."

ဟု မရှင်းတာကို လွှတ်ခနဲ မေးမိတော့ မေမေရယ်သည်။

"သားရယ် .. သားကသာ စာရေးဆရာလုပ်မယ်တွေဘာတွေ ငယ်ကတည်းက ကြွေးကြော်ထားတာ .. သွန်းလေး ကဖြင့် .. အခု စာရေးဆရာမလေး ဖြစ်နေပြီကွယ့် .. စာရေးဆရာမ လွန်းခင်ခင် ဆိုတာ သမီးသွန်း ပေါ့ .. ခုလို .. သားနဲ့သမီးကို အကြင်လင်မယားဖြစ်ကြပြီဆိုတော့ .. တစ်ယောက်ရဲ့ဝါသနာ တစ်ယောက်မှာတူ ဆိုသလိုဖြစ်နေတာ ကြည်နူးစရာပေါ့ကွယ် .. စောစောပိုင်းက သားကို အသိမပေးတာကတော့ .. သားဖြစ်ချင်တဲ့ စာရေးဆရာဘဝကို .. သွန်းလေး ကဖြစ်နေတာ သိရင် .. ရင်ထဲ .. အားဘက်က .. သိမ်ငယ်ခံစားသွားရမှာကို .. ဟောဒီက သားရဲ့ အန်ကယ်သူနဲ့အန်တီထားတို့က ငုံ့ရိမ်ပေးနေကြသလေ .. ခုလည်း .. သူတို့က .. မပြောဘဲထားချင်နေကြသေးတာ .. မေမေကဆုံးဖြတ်တယ် .. သားရဲ့ဇနီး သွန်းလေး ဟာ .. စာရေးဆရာမ ဖြစ်နေတာကို .. သားက ဘာဖြစ်လို့ သိမ်ငယ်နေရမှာလဲလို့ .. သားက သွန်းလေးကိုမြတ်နိုးလို့တောင် လက်ထပ်ထားပေါ့ပဲကွယ် .. ကြည်နူးဖို့ပဲရှိတယ်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား ..''

ဟု မေမေ တပြုံးပြုံးဖြင့်ပြောနေချိန်မှာ သွန်း ဆိုသည့်ကောင်မလေး၏ လှောင်ရိပ်ပါသောအကြည့်တွေကို ရင်ဆိုင်လိုက်ရချေတော့မှာကို ကြိုတင်တွေးနေမိရပြီ။ သူ ... သူ .. ရှုံးချေပြီတကား ..၊ ရှုံးချေပြီတကား .. ဟု ကြေကြေမွမွ ခံစားနေရပါပြီတည်း။

''လွှမ်းကလည်းကွယ် .. မပြောသေးပါနဲ့ဦးဆိုတာကို မရပဲကိုး..''

အန်တီထား လှမ်း၍ဟန့်သလို ပြောနေတာကိုလည်း သူ ကြားနေရသည်။ သွန်း ကိုလည်း သူမကြည့် ..။ ဘယ်သူ့ကိုမှလည်း မကြည့်။ ရင်ထဲမှာ ဆို့နေသည်။ တစ်ချိန်လုံး ဤကောင်မလေးကို သူ့ဘက်က အရှုံးပေးခြင်းဆိုတာ မရှိစေရ .. ဟု ငယ်ဘဝကတည်းက အားတင်းထားသည့်စိတ်တွေ ..။ ခုကျတော့ .. အရှုံးကြီးတစ်ခုကို ရုတ်ချည်းလက်ခံပေးလိုက်ရသည့် ခန့်ညားမောင် ဖြစ်ခဲ့ရချေပြီကော .. ဟု .. ရင်ထဲမှာ ယူကြုံးမရ ..။ သူ .. သူ .. စာပေကို စောစောကတည်းက ဖောက်ချ၍ ရေးသင့်သည်။ သူ့ရင်ထဲမှာ ခံစားချက်တွေအပြည့်ရှိသည်။ ရေးချစရာ ဖာတ်အိမ်တွေ ပြည့်နေသည်။ ကဗျာတွေ သူစပ်ထားတာ ရှိနေခဲ့သည်။ ဒါပေမယ့် .. သူ .. စိတ်တိုင်းမကျသေးဟု ကိုယ့်ကဗျာကိုသတ်မှတ်ကာ ဘယ်မဂ္ဂဇင်းတိုက်ကိုမှ မပို့ဖြစ်ခဲ့ ..။ သိမ်းထားခဲ့မိသည်တည့် ..။

ဝတ္ထုတိုတွေလည်း မရေးဖြစ်ခဲ့ ..။ လုံးချင်းလည်း မရေးနိုင်ခဲ့ ..။ ဖေဖေ့စက်ရုံကိစ္စမှာ အချိန်တွေ နှစ်နေမိခဲ့သည်။ သူ .. စာမဖတ်သောနေ့မရှိ ..။ ရုပ်မဖတ်သောနေ့ မရှိ။ စာကြည့်ခန်းမှာ မထိုင်မိသောည မရှိ ..။ ကဗျာတွေ စပ်ချင်စပ်နေတတ်ဖူးသည့်သူသည် .. ခုကျတော့ စာရေးဆရာ မဖြစ်နိုင်သေးခဲ့ ..။ ကောင်မလေးက စာရေးဆရာ ဖြစ်နေပြီတဲ့လား ..။

''တကယ်က .. တကယ်က .. သူ .. သူ .. ငါ့ကို ပြိုင်ဘက်လိုငယ်ကတည်းက .. တေးထားတာ .. ရင်ထဲတေးထားတာ .. ကြည့်စမ်း သူက .. သူက .. စာရေးဆရာမ ဖြစ်နေပြီတဲ့လား .. ငါ့ကို ကျော်သွား



တာပေါ့ .. ကျော်ပြလိုက်တာပေါ့ ..''

ဟု ရင်ထဲမှာ ဇွေ့ဇွေ့ခါနေသည်။ ခံပြင်းနေသည်။ ကောင်မလေးအတွက် ကြည်နူးပီတိဖြစ်ဖို့အတွက် ရင်းနှီးစရာ ခံစားချက်မရှိ။ နာကျင်ခံပြင်းနေခြင်းတွေပဲရှိနေသည်။

''သမီးလေး သွန်း ရေ .. ကြာရိပ်ဖူးညှော်ခန်းနံရံမှာ ချိတ်ထားခဲ့တဲ့ ဝတ္ထုမျက်နှာဖုံးပန်းချီကားတွေကို သမီးရဲ့မေမေက .. ဟောဒီ ခန့်ကြီး ရောက်မလာခင် ကြိုတင်ဖြုတ်သိမ်းခဲ့တယ်မဟုတ်လား .. အခု .. ဒီ.. ရွက်နုဝေမှာ .. သမီးရဲ့ ဝတ္ထုမျက်နှာဖုံးပန်းချီကားတွေကို .. မှန်ပေါင်သွင်းထားတာတွေအားလုံး ချိတ်ပေတော့ ..''

ဟု မေမေမှ ပြုံး၍လည်းပြော ..၊ ကောင်မလေး၏ဆံစကိုလည်း သပ်ပေးနေတာ သူ မြင်နေရသည်။ ခုထိ ကောင်မလေး ငြိမ်နေသည်။ တိတ်ဆိတ်နေသည်။ ဒါပေမယ့် .. တကယ်တမ်းကျတော့ သူ ရှုံးနေပြီဆိုတာကို အသံတိတ်ပြောနေခြင်းဟု ခံစားဖြစ်လာရပါ၏။

''ဒါကြောင့် .. သူက .. ရွက်နုဝေကို ပန်းတွေဘာတွေနဲ့ အလှဆင်ချင်သလေး .. ဘာလေးနဲ့ .. ပြောတာကိုး .. ဘယ်တော့မှ .. အဲဒီညဥ်ပျောက်မှာမဟုတ်ဘူး .. ညဏ်နီညဏ်နက် ထုတ်တတ်တဲ့အကျင့် .. သူများကို ကျော်တတ်တဲ့အကျင့် .. သူများရှုံးတာကို တစိမ့်စိမ့်နဲ့ ခိုးကြည့်အရသာခံတတ်တဲ့အကျင့် ..''

ငယ်ဘဝတုန်းက နေ့တစ်နေ့ကို ပြန်၍ မြင်လာမိရပြီ။ စွန်ကြိုးဖြတ်သည့်ကိစ္စမှာ .. ကောင်မလေးက ဝန်ခံသည်။ တောင်းပန်သည်။ သူ ရိုက်တာကို ထည့်မပြောသည်မို့ .. ယောကျ်ားတို့၏ သိက္ခာမာနဖြင့် သူကလည်း ကောင်မလေးကို ရိုက်မိတာတွေဘာတွေအားလုံး ဝင်၍ ဝန်ခံခဲ့သည့်နေ့ ..။ ထိုစဉ်က လူကြီးတွေက အလုအယက် ထိုသို့ သူနှင့်ကောင်မလေးတို့ အပြစ်ဝန်ခံပြနေကြသည့်ကိစ္စကိုကြည့်ကာ ရယ်မောခဲ့ကြသည်လေ ..။ မေမေ့ရင်ခွင်ထဲ ရောက်လောက်အောင်ပင်။ မေမေကိုယ်တိုင်က ချစ်စိတ်ဖြင့် ထွေးပိုက်ခဲ့သည့်နေ့ ..။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က မေမေ့ရင်ခွင်ထဲ ဝင်ရပါမို့လားဟု သူ မနာလိုဖြစ်နေချိန်မှာ .. ကောင်မလေးက အနိုင်ယူသောအပြုံးဖြင့် ခိုး၍ ခိုး၍ .. လူကြီးတွေမသိအောင် .. သူ့ကို ပြုံးကြည့်ခဲ့သည်မဟုတ်ပါလား ..။ ထိုနေ့က သူသည် ကောင်မလေး၏ ဆင်လိုက်သောဘုဏ်ထောင်ချောက်ထဲ မိခဲ့ရသည့် ခန့်ညားမောင် ဖြစ်ခဲ့ရသည်။

ခုလည်း'.. သူ .. ခံရပြန်ပြီကောလေ ..။

"သူဟာ .. သူဟာ .. ရင်ထဲက လှောင်ရိပ်တွေနဲ့ .. ငါ့ကို .. အသံမဲ့ .. အနိုင်ယူပြနေတာပါလား .. ခု .. ရွက်နုဝေရဲ့ညှို့ခန်းမှာ .. ကောင်မလေးရဲ့ ဝတ္ထုမျက်နှာဖုံးတွေ သားသားနားနား .. နေရာယူသိမ်းပိုက်တော့မယ် .. ငါက .. နေ့တိုင်း .. အဲဒီပန်းချီကားတွေကို မြင်နေရမယ် .. ငါ့ရဲ့ကျရှုံးခန်းကို .. နေ့တိုင်း အဲဒီပန်းချီကားတွေ မြင်နေရင်း .. သိနေရတော့မယ် .. နောက်ဆုံး .. ငါ .. စာရေးဆရာ တစ်နေ့ဖြစ်လာတယ်ပဲ ရှိစေဦး .. သူက အရင်ဖြစ်ပြီး .. ငါက နောက်မှ ဖြစ်ရတဲ့ .. နောက်လူပဲဖြစ်ရမှာ .. ငါ .. ငါ .. တစ်သက်လုံး .. သူ့ရှေ့မှာ နာလန်မထူနိုင်တဲ့ ကျရှုံးမှုကို .. ဒီတစ်ကွက်တည်းနဲ့ .. ခံလိုက်ရတော့မှာပါလား .."

ဟု တွေးနေရင်း .. ရင်ထဲမှ အရှက်သည်းခြင်းသည် ယောကျ်ားမာနဖြင့် ဖြစ်တည်၏။ ခံပြင်းခြင်းက နောက်မှယှဉ်၍ လိုက်ပေ၏။

"ကဲ .. ကဲ .. သားနဲ့သမီး .. နားကြ .. နားကြ .."

ဟု မေမေပြောခိုက်မှာ အန်တီထားမှ ..

"လွှမ်းရေ .. လွှမ်း တို့ သန်ဘက်ခါပြန်တဲ့အခါ .. ဒေါ်ကြီးဉနဲ့ မလုံးကို ကူဘူခေါ်သွားပါကွယ် .. ဒီမှာ ကိုသန်းပဲ ရှိပါစေပေါ့ .. သွန်း က .. ချက်ရေးပြုတ်ရေး ရပါတယ် လွှမ်း ရယ် .. သွန်း အတွက် အပုလေးကို ရွက်နုဝေပို့ထားရင် ပြီးတာပါပဲ .. ဥယျာဉ်မှူးကတော့ ဘဘကျော်နဲ့အတူ .. အလုပ်လုပ်တဲ့ ရန်ကနားကို ဒီမှာ ဘဘစိမ်းကို ကူဖို့ ထည့်ထားပေးပါ့မယ် .. ရန်ကနား သူ့ရွာ ခဏပြန်နေတာလေ .. သူပြန်လာတော့ ဒီကိုပို့ထားပါ့မယ် .. မွေးနံ့သာမှာ လွှမ်း တစ်ယောက်တည်း ချက်ပြုတ်နေရတာ၊ အိမ်သိမ်းနေရတာ .. ပင်ပန်းပါတယ် .. မငြင်းနဲ့ လွှမ်းရေ .. လွှမ်း ရော ထား ရော အသက်လေးတွေ ရလာပြီလေ ... ဒီလောက်အိမ်မှုကိစ္စတွေ တစ်ယောက်တည်းလုပ်လို့ ဘယ်ဖြစ်မလဲ .. ပြန်ခေါ်သွားပါကွယ် .. ဒေါ်ကြီးဉနဲ့ မလုံးကို .."



ဟု ဖွတ်ပြောနေတော့ သွန်း မှ ..

"ဟုတ်ပါတယ် အန်တီလွှမ်း .. သွန်း လုပ်တတ်ပါတယ် .. အပုလေးလည်း ရှိတာပဲဥစ္စာ .."

ဟုဝင်၍ပြောတော့ သူ ငြိမ်နေသည်။ ဘာပဲဖြစ်ဖြစ် .. သူ၏ကျရှုံးခန်းကို ဖေဖေနှင့်မေမေတို့ ကြာကြာမမြင်ရတော့ဘဲ ပြန်သွားကြမှာကို ရင်ထဲသက်သာသည်။ ပြီးတော့ မွေးနံ့သာမှာ ဒေါ်ကြီးဉတို့ မလုံးတို့ ရှေ့မှာ .. ဤကောင်မလေးနှင့်အတူ ရွက်နုဝေမှာ မနေဖြစ်တော့မည့် ကိစ္စကိုလည်း ရင်ထဲမှာ သက်သာရာရသည်။ သူ့ကို ငယ်ကတည်းက ဒေါ်ကြီးဉက ထိန်းကျောင်းလာသည်လေ ..။ ခုလို .. သူ .. စာရေးဆရာ မဖြစ်ခင် သွန်း ဆိုသည့် ရွှေသွန်းမေ ကကျော်သွားတာတွေကို ဒေါ်ကြီးဉလည်း မြင်နေရသည်မို့ စာအုပ်ဂျိုးဖြစ်သည့်သူ့ကို .. သနားနေမည်လားမသိ ..ဟု ကိုယ့်ဘာသာ လိုရာတွေးရင်း ရှက်နေမိရသည်ကိုးလေ။

"သမီးသွန်း .. ရော့ .. ဒါ .. ရွက်နုဝေရဲ့ တစ်အိမ်လုံးရဲ့သော့ .. မီးခံသေတ္တာသော့က ဒီမှာသပ်သပ်ပါတယ် .. အားလုံး .. ဟောဒီက အန်တီလွှမ်းရဲ့သမီးလေးလက်ထဲ အပ်ခဲ့ပြီ .. အင်း .. အပ်တယ်ဆိုရာမှာ .. ဒီသော့တွေအပြင် .. ဟောဒီက အန်တီလွှမ်းရဲ့သားကိုပါ အပ်တာနော် .. သားက သွန်း လေးထက်ကြီးပေမယ့် .. တစ်ချို့နေရာတွေမှာ ဗိုလ်ကျနေမယ်ဆိုတာ ကြိုတင်ပြီး အန်တီလွှမ်း သိထားတယ် .. သူ့ကို ဘယ်တော့မှ အလျှော့မပေးနဲ့ .. ကြားလား .. ကောင်းကောင်းကြီး ထိန်းကျောင်းပေး .. မနိုင်ဘူးဆိုရင် .. အန်တီလွှမ်းကို လှမ်းတိုင် .. ဒီကိုလိုက်လာပြီး .. နားရွက်ဆွဲပစ်မယ် သိရဲ့လား .."

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောနေတော့ သူ သော့တွဲတွေကိုလည်းကြည့်သည်။ မီးခံသေတ္တာသော့ကအစ အပ်သည်တဲ့လားလေ ..။ ဒါဆို .. အိမ်ဦးနတ်ဖြစ်သည့် သူက ဘာလုပ်ရမည်တဲ့လဲ ..။ မီးခံသေတ္တာသော့ဖွင့်ဖို့ပင် ကောင်မလေးဆီက သော့တောင်းရမည်တဲ့လား ..။ မေမေက ငွေရေးကြေးရေးကိစ္စကအစ ကောင်မလေးကို ပုံအပ်လိုက်သည့်နှယ် ဖြစ်နေပြီ။

"သွားပြီ .. ရောင့်တက်တော့မှာပဲ .."

ဟု တွေးမိ၏။ ကိစ္စမရှိ ..။ ဟိုတယ်မှ မီးခံသေတ္တာရှိသည်ပဲဟု သူ ကြံဖန်ဖြေသိမ့် တွေးမိပြန်သည်တည့် ..။

"သားက .. ရွက်နုဝေရဲ့ မီးခံသေတ္တာထဲမှာ ရှိနေတဲ့ငွေကို စုကတည်းက မှတ်သားထား .. လျော့တာရှိရင် .. အပြည့်ချက်ချင်းပြန်ဖြည့် .. ကြားလား .."

ဟု ဆက်ပြောသည်ကလည်း မေမေပါ ..။ သဘောက .. ကောင်မလေးသည် ရွက်နုဝေမှ မီးခံသေတ္တာထဲမှငွေကို ကြိုက်သလိုသုံးနိုင်သည်။ ထိုငွေလျော့သမျှ သူက ဖြည့် ..။

"ဖြုန်းလိုက်မယ့်အမျိုးကွာ .. ဒီကောင်မလေး .. အကျင့်ပျက်တော့မှာပဲ .. ဟိုဟာဝယ် .. သည်ဟာသုံးနဲ့ .. ငါ့ကိုအမြင်ကပ်တိုင်း အသုံးကြမ်းတော့မှာ .."

ဟု ရင်ထဲမှ မသက်မသာဖြင့် ရေရွတ်နေမိရပေမယ့် .. ပါးစပ်ကဖြင့် စကားတစ်လုံး ပွင့်မကျ ..။ ပွင့်ကျကြည့်ပါလားလေ ..။ မေမေ့လက်က ခေါင်းခေါက်လာမည်။ ဖေဖေက နားရင်းတီးမည်။

"သည်းသည်းလှုပ်နေကြတာပဲ .. ချွေးမကိုများ ရွှေနဲ့ကြိုထားတာကျလို့ .. အဖိုးတန်နေလိုက်ကြတာ .."

မဲ့ကာရွဲ့ကာဖြင့် ပြောခွင့်ရလိုက်ကြည့် ..။ ပယ်ပယ်နယ်နယ်ကို စိတ်နှစ်၍ ပြောထည့်လိုက်မိမည်သာ ..။ ဒါပေမယ့် လက်တွေ့မှာ ဘာအသံပွင့်မကျနိုင် ..။ ပွင့်ကျဖို့ အခွင့်အလမ်းလည်း ပျောက်နေသည်။ ငုတ်တုတ်ငြိမ်နေရသည့်အခြေအနေထဲမှာ စိတ်မောကိုယ်မောဖြင့် သူ



ထိုင်နေရတာလောက် စိတ်မသက်မသာဖြစ်ရတာမရှိ ..။

"သမီးသွန်းလည်း သေချာနားထောင်နော် .. ဟောဒီက အန်တီလွမ်းက သမီးဘက်ပြောပေးတိုင်း မြှောက်ကြွမြှောက်ကြွ မလုပ်နဲ့၊ သားခန့်က သမီးရဲ့ခင်ပွန်းဖြစ်နေတာကို .. မမေ့နဲ့ .. အေး .. သမီးဆိုးရင် ရန်ကနားက တိုင်မှာနော် .. သူ့အကြောင်းသိတယ်မဟုတ်လား .. သူ့ကို မေမေစောင့်ကြည့်ခိုင်းထားမှာနော် .. ရန်ကနားက သူ့ကို တာဝန်တစ်ခုခု ပေးထားရင် .. အလွန်ဝတ္တရားကျေတာနော် .."

ဟု အန်တီထားပြောတော့မှ သူ့မှာ ရန်ကနား ကယ်တင်ရှင်ကြီး ရွက်နုဝေသို့ အမြန်ရောက်လာစေဖို့ အားတက်သရော ဆုတောင်းမိရပြန်ပါသတည်း။ သူ အကဲခတ်ကြည့်ဖြင့် ရွှေသွန်းမေ သူငယ်မကိုကြည့်မိတော့ .. တိတ်ဆိတ်စွာရှိနေတာကိုပဲ မြင်ရသည်။

ဤကောင်မလေး၏ရင်ထဲမှာ .. ဘာတွေရှိနေသည်ဆိုတာ သူ သိချင်လာပြန်၏။ စေ့စေ့ငုငု သိချင်သည်။ ကျကျနန သိချင်သည်။ သေချာတာတစ်ခုကတော့ .. ဤကောင်မလေးသည်လည်း ပျော်မှာမဟုတ် ..။

တကယ်က ဤနေ့မှာကျင်းပခဲ့သည့် မင်္ဂလာပွဲတစ်ခုဆီက .. သူရော .. ကောင်မလေးရော တူတူလက်ခံလိုက်ရသည်ကဖြင့် .. ခြောက်သွေ့သော အနာဂတ်တစ်ခုကို လက်ခံခဲ့ရခြင်း ..။ သူရော .. ကောင်မလေးရော .. ထိုမင်္ဂလာပွဲမှာ .. သိမ်မွေ့သော ရင်ခုန်ခြင်းများ၊ တောက်ပသော မျှော်လင့်ချက်များကို ရင်ထဲမှာ အပျောက်ဆုံးခံလိုက်ခဲ့ကြရပြီးပြီပဲလေ ..။

အဆုံးမရှိသော .. ခြောက်သွေ့သည့်ဘဝတစ်ခုကိုသာ .. ပိုင်ဆိုင်ကြဖို့ပဲ ရှိကြတော့သည့် .. သတို့သားနှင့်သတို့သမီးတို့သည် .. သူနှင့် ကောင်မလေးပဲ ဖြစ်ကြချေသည်တကား ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

တကယ့်ကိုပဲ ဒေါ်ကြီးဥနှင့်မလုံးကို ရွက်နုဝေမှ မေမေခေါ်သွားတာမို့ သွန်း စိတ်ညစ်ကျန်ခဲ့ရပါ၏။

ဒေါ်ကြီးဥကတော့ ညနေစာတွေအားလုံး မီးဖိုထဲ ချက်ပြုတ်ထားခဲ့သမျှ မောင်ကြီးနှင့် သွန်း ကို ပြောခဲ့ရှာသည်ပါပဲ။ မော်ဒယ်ပုကိုလည်း မနက်ဖြန်နေ့လယ်လောက်မှ မေမေပို့မည်ဟု ပြောခဲ့တာမို့ လောလောဆယ်မှာတော့ မောင်ကြီးနှင့် သွန်း တို့နှစ်ယောက်ပဲ ကျန်ခဲ့ရမည့်အခြေဆိုက်နေသည်။ အန်ကယ်စည် နှင့် အန်တီလွှမ်း တို့ကတော့ တစ်ရက်လောက်နေပြီး နောင်တာရားသို့ ပြန်မည်တဲ့။

မနက်ဖြန်မနက်ဘက် ရွက်နုဝေသို့ လာကြဦးမည်ဟုတော့ ပြောသွားကာ ကြာရိပ်ဖူးသို့ အားလုံးပြန်သွားကြတော့ မောင်ကြီးနှင့် သွန်းပဲ ပေါ်တီကိုအောက်မှာ ကျန်ခဲ့ရပါ၏။ ကားနှစ်စီး ရှေ့ဆင့်နောက်ဆင့်၍ ထွက်သွားသမျှ သွန်း ငေးကြည့်နေမိရင်း ရင်ထဲမှာ ရှုပ်ထွေးနေသည်။ အန်တီလွှမ်း တို့လည်း ကြာရိပ်ဖူးမှာပဲ ရှိနေကြမည်လေ။

"ဒီမယ် .. မင်းကို မေးစရာရှိတယ် .. လာစမ်းပါ့ခင်ဗျာ .."

အရေးထဲ မောင်ကြီး က ဘာကိစ္စမပြောလည်းတာတွေ ရင်ထဲ အောင်းနေသည်မသိ ..။ ပေါ်တီကိုအောက်မှာ ရပ်နေသည့်အချိန် ..၊ အိမ်ထဲပင် ပြန်မဝင်ရသေးခင်မှာ မြိုသိပ်မရနိုင်စွာ မာရေကျောရေ ပြောလာနေ



တော့ သွန်း ရင်ထဲ ပို၍ အောင့်သက်သက် ဖြစ်လာရပါပြီ။

မောင်ကြီး ရှေ့မှဝင်တော့ .. သွန်း ပဲလေ .. ဘာကိစ္စရပ်ကျန်နေရမှာတဲ့လဲ ..။ နောက်က လိုက်ဝင်သည်ပေါ့။ မလိုက်ဘဲနေလျှင် သွန်းက မောင်ကြီး ကိုကြောက်၍ ငြိမ်ကျန်ခဲ့သည်ဟု အထင်ခံရမည်လေ..။

ဆောင့်ခနဲ မောင်ကြီး ဆိုဖာမှာထိုင်သည်။ ဝတ်ထားသည့် သတို့သားဝတ်စုံပင် မချွတ်ရသေး ..။ အဖြူရောင် ပိုးတိုက်ပုံ၊ စိန်ကြယ်သီးရှပ်ဖြူ ပိုးလည်ကတုံး၊ စိန်ရင့်ထိုးကြီး တလက်လက် တဖျပ်ဖျပ်၊ အဖြူခံမှာ အပြာနုဒေါင်းစင်း ပိုးချည်ထိုးပုဆိုး ..။ အဖြူရောင်ကတ္တီပါဖိနပ်ကြီးနှင့် နှုဖတ်နေသည့်မောင်ကြီး ..။ လူက နုနေသလောက် မျက်နှာကြောက ရင့်နေသည်။

"ထိုင်စမ်းပါဦး .."

ရှေ့မျက်နှာချင်းဆိုင် ဆိုဖာမှာထိုင်ခိုင်းတော့ သွန်း အေးအေးဆေးဆေး ထိုင်လိုက်သည်ပါပဲ။ ဘာတွေပြောလာမည်တဲ့လဲလေ ..။ နားထောင်ပေးလိုက်မည်။ ဒါပေမယ့် ပါးစပ်ကတော့ ပိတ်မထားနိုင် ..။ ပြန်၍ပြောသင့်တာ ပြောရမည်ပေါ့ ..။ သွန်း ရင်ထဲမှာ အားမွေးထားပြီးနေပြီ ..။

"နေစမ်းပါ .. ဘာကိစ္စနဲ့ မင်းက စာရေးဆရာမ ထလုပ်နေရတာလဲကွ .. ဟေ .. ဘာလဲ .. ဘာလဲ .. ငါ့ကိုပြိုင်တယ်ပေါ့ .. ချိုးတယ်ပေါ့.."

ကောက်ကာငင်ကာမေးလာသည့် မေးခွန်းကြောင့် သွန်း ပင် အံ့အားတသင့် ဖြစ်ရပါ၏။ ဤမျှအထိတော့ စိတ်ကောက်လူကောက်၊ စကားကောက် စကားဟောက်ဖြင့် သဟောက်သဟာမ်းကြီး အလကားနေရင်း အူတွေပွကာ ချက်ချင်းမေးလာမည်ဟုတော့ မထင်ထားမိ ..။ ခုဥစ္စာ .. သွန်း စာရေးဆရာမ ဖြစ်သည့်ကိစ္စ ..။ ဘဝပျက်သည့်အတိုင်း ဖွင့်မေးနေတော့ စိတ်ညစ်ချင်သည်။ ပြီးတော့ .. မေးပုံကလည်း ကိုဖာ ချမ်းသာစရာကိုမရှိ။ ဆူဆူအောင့်အောင့်နိုင်သည်။ မာမာတင်းတင်း ရှိသည်။ အပြစ်ကျူးလွန်ထားသူကို ငေါက်ငမ်းနေသည့်အချိုး ..။

www.burmeseclassic.com

www.burmeseclassic.com



"သွန်း က .. သွန်း ဝါသနာပါတာကို လုပ်တာလေ .. ဒါနဲ့ .. နေစမ်းပါဦး .. သွန်း စာရေးဆရာမလေးဖြစ်နေတော့ .. ရှင့်မှာ ဘာများဖဲ့ပေးလိုက်ရလို့တဲ့လဲ .. ခြေထောက်တွေ လက်တွေ ဖဲ့ပေးလိုက်ရလို့လား .. ဒုက္ခိတကြီး ဖြစ်ကျန်ခဲ့ရလို့လား .. ခေါင်းကြီးဖောက်ပေးလိုက်ရပြီး ဦးနှောက်တွေ တစ်ဝက်လောက် အခိုးခံလိုက်ရလို့လား .. ဘာကြောင့် ဒီလောက်ထိ မျက်နှာထားကြီး အင်္ဂတေကိုင်ထားသလို တင်းနေရတာတဲ့လဲ .. မာနေရတာတဲ့လဲ .. ကျွန်မ စာရေးဆရာမဖြစ်တဲ့ကိစ္စ .. ရှင့်ကို ချိုးတယ်လို့ထင်ရအောင် .. ရှင်က .. ရှင်က .. ကျွန်မကို စာရေးဆရာမလေးမဖြစ်နိုင်ဘူးလို့ အထင်တသေးရှိခဲ့လို့ပေါ့ .. ဟုတ်လား .. ရှင်ပဲ စာရေးဆရာဖြစ်ရမယ်လို့ ထင်နေလို့လား .. ရှင် စာရေးဆရာဘဝကို မဖြစ်ရမချင်း ကျွန်မက ကျွန်မရဲ့ဝါသနာကို တောင်းအုပ်ထားသလို အုပ်ပြီး အပေါ်ကကျောက်ခဲပါ ဖိထားရမလိုများ ရှင်က ဖန်တီးနေချင်သလား .."

ဆက်တိုက်ပြန်မေးနေတော့ ဂုဏ်းခနဲ ထရပ်သည်က မောင်ကြီး ပါ။

"ဟာ .. မဟုတ်ဘူးလေ .. မင်းနဲ့ငါက .. ငယ်ကြေးရှိတဲ့သူနှစ်ယောက်ကွ .. မင်း ငါ့အပေါ် လူလည်ကျခဲ့တာ ငါမေ့မယ်များထင်လား .. မင်းနဲ့ငါ ကြည့်မရကြတာ မင်းအသိပဲဥစ္စာ .. ခုဟာက .. ငါ စာရေးဆရာဖြစ်ချင်နေတာ မင်းအသိ .. ငါ စာတွေဘယ်လောက်ဖတ်တယ်ဆိုတာ မင်းနားလည်ထားနေတာပဲဥစ္စာ .. ငါ စာရေးဆရာဖြစ်ချင်တယ်ဆိုတာနဲ့ .. မင်းက လိုက်ဖြစ်ချင်တာပေါ့လေ .. အခု .. ငါက ဖေဖေ့အလုပ်တွေ သိမ်းကြုံးလုပ်နေရင်း စာရေးဆရာဘက်ကို ဦးမလှည့်နိုင်ချိန်မှာ .. မင်းက .. ငါ့ထက်အရင် လက်ဦးမှုယူပြီး စာရေးဆရာမဖြစ်အောင် အနိုင်ပိုင်းလုပ်ပြလိုက်တယ်ဆိုပါတော့ .. ဒီမှာ .. ငါ .. အမုန်းဆုံးက .. အရှုံးပေးလိုက်ရတာပဲကွ .. နားလည်လား .."

"ဩော် .. တရားပါပေရဲ့ .. ရှင့်ဘာသာရှင် .. ပျင်းတိပျင်းတာလုပ်ပြီး စာမရေး ဘာမရေးနဲ့ .. ဝါသနာပါတယ် .. ဝါသနာပါတယ်ဆိုတာ



ကြီးကို လက်ထဲဆုပ်ထားပြီးတော့ .. ပျင်းကြောရှည်ခဲ့တာကိုကျတော့ မမြင်ဘဲ .. ကျွန်မ .. စာရေးတာကို ရှင်က လာပိတ်ပင်နေတယ်ပေါ့လေ .. မနာလိုဖြစ်နေတယ်ပေါ့နော် .. ရှင့်ထက်ကျွန်မ စောပြီး စာရေးဆရာမလေးဖြစ်တာ .. ရှင် ဘာနစ်နာခဲ့လို့လဲ .. စာရေးဆရာတွေ .. စာရေးဆရာမတွေမှအများကြီးရယ် ရှိနေတာ .. အဲဒါတွေအားလုံးကို.. အခု ကျွန်မကိုပြောသလို ပြောရဲသွားပြောကြည့်ပါလား .. ရှင် စာရေးဆရာ .. မဖြစ်မချင်း .. သူတို့အားလုံးက ကလောင်လေးတွေငြိမ်ကိုင်ပြီး စောင့်ဆိုင်းပေးနေကြရမယ်လို့ ရှင် ပြောခွင့်ရှိနေလို့လား .. ဒီကိစ္စက.. ကျွန်မရဲ့ စာပေအနုပညာကိစ္စဖြစ်တဲ့အတွက် .. ကျွန်မ .. ရှင့်ကို ခုလိုပဲ ဘုံ့ပြန်ပြောရမှာပဲ ကိုခန့်ညားမောင် .. စာပေအနုပညာကို .. ရှင်က .. ကျွန်မရင်ဘတ်ထဲက ဆွဲနှုတ်လို့ ဘယ်တော့မှမရဘူးဆိုတာ နားလည်ထားပါ .."

-"မဟုတ်ဘူး .. ငါ .. အဲဒါကို ဆိုလိုတာမဟုတ်ဘူး .. မင်း .. မင်း .. ငါ့ကိုချိုးတာကိုပြောတာ .. အဲဒါပြောတာ .. ဘ ?ိ သည်းဆိုတော့ .. ငါ့ကိုပြိုင်ဆိုင်ချင်တဲ့စိတ်တစ်ခုကြောင့် .. မင်း .. စာတွေရေးခဲ့တယ်ဆိုတာ ငါသိတယ် .. အခြေခံမျဉ်းကြောင်းက ပြိုင်ဆိုင်လိုခြင်းဆိုတဲ့မျဉ်းကြောင်း .. အဲဒီမျဉ်းကြောင်းပေါ်မှာ မင်းရပ်ပြီး .. ရေးတာ.."

"ဘုရားရေ .. ရှင်က .. ကျွန်မရင်ထဲကအနုပညာကို .. လာပြီး.. နှုပ်စွဲနေပါလား .. ခွဲခြမ်းစိတ်ဖြာနေပါလား .. နေစမ်းပါ .. ရှင်က ဘာအခွင့်အရေးနဲ့ .. ဒီလိုပြောနေတာလဲ .. ဘာပိုင်ခွင့်နဲ့ ပြောနေတာလဲ"

"ဟ .. တခြားလူတစ်ယောက်ယောက်က စာရေးဆရာမ ဖြစ်တာ ငါနဲ့မဆိုင်ဘူး .. ငါလက်ထပ်လိုက်ရတဲ့ မိန်းမ က .. စာရေးဆရာမဖြစ်နေတာ .. ငါ့သိက္ခာကို ထိစေတယ် သိရဲ့လား .. မင်း .. ငါ့ကို .. အနိုင်ပိုင်းတာ .. ပထမပိုင်းမှာတော့ .. ကြာရိပ်ဖူးက ရွှေသွန်းမေ ဆိုတာ ရွှေနဲ့သာက ခန့်ညားမောင် ထက်စောပြီး စာရေးဆရာဖြစ်တယ်ဆိုတာ မင်းအရယူခဲ့တာ .. အခုကျတော့ .. နေရင်းထိုင်ရင်း .. မင်းက ငါ့မယား

www.burmeseclassic.com

www.burmeseclassic.com



လာဖြစ်နေတော့ .. ငါ့မယားက .. ငါ့ထက်စောပြီး စာရေးဆရာဖြစ်တယ်ဆိုတာ .. ငါက .. ငါက .. လက်ခံပေးလိုက်ရပြီ .. အဲဒါ .. မင်း ငါ့မာနကို ချိုးတာကွ .. စိန်ခေါ်တာ ..''

''မဆိုင်တာကို လာမပြောနဲ့ .. ရှင် .. ညှံ့တိုင်း လာမပြောနဲ့ .. မဖြစ်ပါဘူး .. ရှင်နဲ့ကျွန်မတို့နှစ်ယောက်ဟာ .. ဘယ်တော့မှ .. အဆင်ပြေမယ့်သူတွေမဟုတ်ဘူးဆိုတာ အခု ပိုပြီး သိလာရတယ် .. ရှင်က .. ကျွန်မထက်တောင် ပိုပြီး အတ္တကြီးတာပဲ ..''

သွန်း မော့ပြောတော့ သူ ရှူးရှဲ .. ရှူးရှဲ နှင့် ဒေါသဖြင့် လုံးထွေးနေသည်။ လောလောဆယ်မှာက ရွက်နုဝေမှာ ဘယ်သူမှ လူပိုမရှိသေးတာမို့ လွတ်လွတ်လပ်လပ် ပြောနိုင်ဆိုနိုင်နေကြခြင်း ...။

''ဒီမှာ .. မင်းရဲ့ .. မျက်နှာဖုံးပန်းချီ မှန်ပေါင်သွင်းထားတာတွေ.. ငါ့ရဲ့ .. ဒီဧည့်ခန်းမှာ မချိတ်နဲ့ .. ငါ့ကိုမကြွားနဲ့ .. ငါ့ကို .. ဦးမချိုးနဲ့.. ဒါပဲ ..''

ဟု သူ အော်ပြီး အပေါ်ထပ်သို့ တက်သွားတော့ သွန်း ငြိမ်၍ ထိုင်ကျန်ရစ်သည်။

မင်္ဂလာဆောင်သည့်နေ့ ...။ ရွက်နုဝေသို့ ခြေစချရသောနေ့ ...။ ဟုတ်သည် ...။ အရင်တုန်းကလည်း အန်တီလွှမ်းနှင့်အတူ ဤရွက်နုဝေသို့ လိုက်လာဖူးသည်။ ဒါပေမယ့် .. အိမ်ရှင်မတစ်ယောက်အဖြစ်မဟုတ်။ ခုဥစ္စာက .. ဤရွက်နုဝေ၏ အိမ်ရှင်မအဖြစ် ခြေစချရသည့်နေ့ ...။ ဤနေ့မှာ မောင်ကြီး နှင့် သွန်း တို့ စကားအခြေအတင်ပြောဖြစ်သည်။ မောင်ကြီး ဘက်က ပေါက်ပေါက်ကွဲကွဲနိုင်နေသည်။ သွန်း ဘက်ကလည်း ခံစားချက်ပြင်းထန်သည်။

''သူ .. မဖြစ်နိုင်သေးတဲ့ကိစ္စ .. ငါက ဖြစ်လိုက်ရတာကိုပဲ .. ငါက အပြစ်ကျူးလွန်ရာရောက်လို့ ..''

ဟု ပွစိပွစိ ရွတ်နေမိရဆဲမှာ ..

''ဟော့ .. အဝတ်လာလဲ .. ငါ သဲပြီးပြီ .. မင်းကို .. အဲဒီသတို့သမီး



အဝတ်ကြီးနဲ့ မြင်နေရတာကိုက .. ငါ့ရင်ထဲမှာ မသက်သာဘူး သိလား၊ ငါ့ကို .. လက်ထပ်ယူထားတဲ့ မိန်းမတစ်ယောက်ရဲ့ အမှတ်အသားတွေထဲမှာ အဲဒီသတို့သမီးအဝတ်ကြီးလည်းပါတယ် .. ပြီးတော့ .. စိန်တွေ ရွှေတွေတလက်လက်နဲ့ .. မျက်စိစူးတယ်ကွ ..''

မြားဦးက သတို့သမီးဝတ်စုံဘက် လှည့်လာပြန်သည်။ အဝတ်အစားသဲပြီးထွက်လာကာ လေ့ကားထိပ်မှာရပ်၍ လှမ်းအော်နေသည့် သူ့ကို မော့ခနဲ ကြည့်ကာ ...

''ရှင်ကရော .. စိန်လက်စွပ်တွေ .. စိန်ရင်ထိုးတွေ .. စိန်ကြယ်သီးတွေ တလက်လက် .. စိန်လက်ပတ်ကြိုးတပ် ရွှေလက်ပတ်နာရီကြီး တကားကားနဲ့ မရှိခဲ့လို့လား ..''

ဟု မော့အော်တော့ သူ တက်ခေါက်၏။

''ဟော့ .. လာလဲ .. လာလဲ ..''

''ကိုယ့်စိတ်နဲ့ကိုယ် .. လဲချင်တဲ့အခါမှလဲမယ် .. မနက်ဖြန်မှ လဲချင်လည်းလဲမယ် .. အခု လဲချင်လည်းလဲမယ် .. ထ. ်းစားပြီးမှ လဲချင်လည်းလဲမယ် .. ကျွန်မသဘော .. ကျွန်မသဘော ..''

ဟု အလျှော့မပေးဘဲ လှမ်းမော့အော်သည်က သွန်း ပါ ...။

သူ .. တစ်ချက် အံ့ခဲကြည့်၏။ နောက်တော့ လှေကားထစ်တွေကို နင်း၍ စိတ်လိုက်မာန်ပါ ဆင်းလာသည်က မြန်ဆန်လွန်းနေသည်။ ခေါင်းမာပုံလေးဖြင့် ပေထိုင်နေသည့် သွန်း ကို မပြောမဆို ကောက်ပွေ့၍ အပေါ်ထပ်သို့တက်၏။ သွန်း အမြင်ကပ်ကပ်ဖြင့် သူ့မေးစေ့ကို တွန်းတော့ ဇက်လန်နေ၏။

''ဟော့ .. ငြိမ် .. ငြိမ်ဆိုငြိမ် .. အခန်းထဲရောက်တာနဲ့ ငါချပေးမယ် .. အဝတ်လဲ .. ဒါပဲ .. ကြည့်မရတဲ့အဝတ်ကို မလဲလို့မဖြစ်ဘူး။ နားလည်လား .. ဒါပဲ ..''

ဟု သူ ကလည်း ပေကပ်၍အော်သည်။ မလွှတ် ...။ ဘာကယ်ပဲ အခန်းတံခါးရှေ့ရောက်တာနှင့် ကြမ်းပေါ်ချပေးလိုက်တော့ သွန်း လက်

www.burmeseclassic.com

www.burmeseclassic.com



ဖျားလေး လှမ်းမိသမျှဖြင့် သူ့ဆံပင်ကို ဆွဲလိုက်တာ ခံရပြန်၏။

"မင်းက ငါ့ဆံပင်ကို ဆောင့်ဆွဲတယ် .. ဟုတ်လား .. ငါ .. မခံဘူးဆိုတာ ခုကတည်းက သဘောပေါက်ထား .. လက်မပါလာနဲ့ .. ကဲ .."

သူကလည်း သွန်း ၏နားရွက်ကိုဆွဲသည်။ ခေါင်းခေါက်သည်။ သွန်း ကလည်း သူ့ကိုပြန်၍ ရုတ်ခနဲ မျက်မှန်ကြီးချွတ်ပစ်သည်။

"ဟော့ .. ဘာလဲကွ .. ပေးစမ်း .. ငါ့မျက်မှန် .."

"သွန်း ရဲ့သတို့သမီးအဝတ်ကို မမြင်ချင်ဘူးဆို .. မမြင်အောင် လုပ်ပေးတာလေ .. ဟော .. ဝတ်ထားတယ် .. ဝတ်ထားတယ် .. ဝတ်ချင်လို့ကို ဝတ်ထားမယ် .. ဘာဖြစ်လဲ .. ဒီမှာကြည့် .. ကြည့် .."

အရွဲ့တိုက်၍ လှည့်ပတ်ကာ သတို့သမီးအဝတ်ဖြင့် နေပြလိုက်..၊ ခြေလက်ချိုးလှလှဖြင့် အချိုးတကျ မင်းသမီးကဖြင့် ကပြလိုက်ဖြင့် ရွှတ်ကမ်းကမ်းလေး သွန်း လုပ်ပြသည်။ မျက်မှန်က သွန်း လက်ထဲမှာ တလှုပ်လှုပ် ..။

မျက်မှန်မရှိသည်မို့ သွန်း ကိုကြည့်ရတာ မရှင်းပေမယ့် .. ပါဝါအရမ်းထူတာမဟုတ်သည်မို့ .. အမြင်အရမ်းမသဲကွဲတာတော့မဟုတ်။ ကြည့်ရတာ အမြင်နည်းနည်းဝါးတာလောက်ပဲရှိသည်လေ ..။ သူ တစ်ချက်မှင်သက်သွားရသည်။ တကယ့်မင်းသမီးလေးကျနေသည်ပဲ..။ ကနေသည်မှ ညွှတ်ညွှတ်ပျောင်းပျောင်းနိုင်၏။

"မကနဲ့ ကောင်မလေး .. မျက်စိနောက်တယ်ကွ .."

သူ အော်တော့ သွန်း ပို၍ကွေးနေအောင် ကပြပြန်၏။

"ကတယ် .. ဘာဖြစ်လဲ .. ကတယ် .. ဟော .. ဆိုတောင်ဆိုလိုက်ဦးမယ် .. အပာမ်း .. တန်ဆောင်မုန်း .. တန်ဆောင်တိုင် .. သူ့အိမ်လည်းပဲမြိုင် .. ငါ့အိမ်လည်းပဲမြိုင် .. အရပ်ချင်းကပြိုင် .. များရာကစနိုင် .. မှားရာကမှုနိုင်ရှင့် .. ခြေကျင်းမငွေမြိုင် .."

မြခြေကျင်းမငွေမြိုင်၏ စန္ဒကူးမြိုင်သီချင်းကို မြိုင်မြိုင်ဆိုင်ဆိုင်



လေးဆို၍ပင် လှပညွှတ်ပျောင်းအောင် သွန်း ကပစ်လိုက်တော့ သူ တစ်ချက် ငေးခနဲ ကြည့်၏။ အကကောင်းတာကို မသိဘဲနေ၍ကိုမရ ..။

"ဟော့ .. ဟော့ .. ရပ် .. အခုရပ် .. ငါ့မျက်စိနောက်တယ် .. ဟော့.. ဟော့ ... ငါ့မျက်မှန်အခုပေး .. အခုပေး .."

ဆတ်ခနဲ လက်ကိုဖမ်းဆွဲ ..၊ မျက်မှန်ကိုလု ..၊ မျက်နှာမှာပြန်၍ မျက်မှန်ကိုတပ် ..၊ ကောင်မလေး မျက်မှန်လာလုလျှင် မမီအောင် ခြေဖျားကြီးပါထောက်၍ရပ်ပစ်ကာ မျက်မှောင်ကုတ်၍ သူ ကြည့်၏။ သွန်း ကလည်း မျက်မှောင်ကုတ်၍ ပြန်ကြည့်သည်။ လောလောဆယ်မှာ သူရော .. သွန်း ရော .. တစ်ချိန်တုန်းက ရှမ်းမြေမြင့်ရှိ စမ်းချောင်းသေးမှာ လေတံခွန်လွှတ်သည့်နေ့ကို ပြန်ရောက်နေသည့်နှယ်ရှိ၏။ တစ်ယောက်နှင့်တစ်ယောက် ခေါင်းခေါက်လိုက် ..၊ ခေါင်းထုလိုက်ဖြင့် ရှိခဲ့ကြသည်ကဖြင့် ကလေးဆန်နေကြသည်။ ကလေးဘဝကို ပြန်ရောက်သည့်နှယ်ရှိ၏။

"ဒီမယ် .. မောင်ကြီး .."

"ဘာလဲ .. အားတိုင်းခေါ်နေတာပဲ .."

မောင်ကြီး ဆိုတာ သူ့ကိုခေါ်မှန်းလည်း အလိုလိုသိနေရသည်။ ခေါ်တော့လည်း သူ ပြန်ထူးမိပြန်၏။

"ကျွန်မဆီကအဖြေတစ်ခု ရှင်နားထောင်လိုက်ပါဦး .. မွေးနံ့သာမှာ . ရှင် .. ကျွန်မကို .. ရတုဆိုပြဖူးတယ်လေ .. ရာဇဓာတုကလျာရဲ့ အလှကို ရေးဖွဲ့ထားတဲ့ နတ်သျှင်နောင်ရဲ့ရတု .. အဲဒါ .. ရှင့်ကြောင့်.. ကျွန်မ ... ရတုဆိုတာကို မြတ်နိုးသွားတာ .. နောက်ပိုင်းကျတော့ .. အရွယ်လေးရလာလေလေ .. စာတွေပိုဖတ်လေလေ .. ကဗျာတွေ ပိုဖတ်လေလေ .. ရတုလည်းဖတ် .. ဝတ္ထုလည်းဖတ် .. ကဗျာဖတ် .. အဲသလို စာပေကို မြတ်နိုးပြီးရင်း .. မြတ်နိုးရင်းကနေပြီးတော့ .. သွန်း .. စာရေးဖြစ်သွားတာ .. သွန်း .. ဉပဒေဖိုင်နယ်ရောက်တော့ ရေးနေပြီ .."

ဟု ဖြေတော့ သူ ရင်ထဲပို၍ အောင့်ခနဲ ဖြစ်ရပါပြီ..။ အဆုံးသတ်

www.burmeseclassic.com

www.burmeseclassic.com



ကျတော့ ဤကောင်မလေး စာရေးဆရာဖြစ်ရခြင်းသည် သူ့ကြောင့်ပင် ဖြစ်နေချေသည်တကား ..။ ရဇာအဖတ်ပြကောင်းခဲ့မိသည်ကိုး ..။

"အထဲဝင်ကွာ .. အထဲဝင်ကွာ .. အဝတ်လဲတော့ .."

သူ စိတ်ညစ်ညစ်ဖြင့်ပြောတော့ ကောင်မလေး မဝင် ..။

သူ့ရှေ့မှာ ခပ်တည်တည်လေး ရပ်နေသည်။ ခုကတည်းက သူ့စကားဆို စကားမထင်ဘဲ နေပြခြင်း ..။ နားထောင်ဖို့ ဘယ်တော့မှ စိတ်ကူးမည်မဟုတ် ..။ သူ မျက်နှာထားဖြင့်ကြည့်ကာ ..

"ဒီအဝတ်ကြီးနဲ့ ငါမမြင်ချင်ဘူးလို့ ပြောထားတာ ကြာပြီးပြီပဲ ဥစ္စာ .. အဝတ်လဲကွာ .."

ဟုအော်တော့ သွန်း မော့၍ကြည့်၏။

"စည်းကမ်းထုတ်မလို့ .. အခန်းထဲမှာ ရှင် ဆေးလိပ်မသောက်ရဘူး .. စီးကရက်အနံ့ .. ဆေးလိပ်နံ့ သွန်း မခံနိုင်ဘူး .."

"အရေးထဲကွာ .. နောက်မှပြောလည်းရတာပဲ .. အဲဒီစည်းကမ်းကို .."

ဟု ခေါင်းကိုကုတ်ဖွ၍ သူ ညည်း၏။

"ငါ ဘယ်တုန်းကမှ ဆေးလိပ်မသောက်ဘူး .. ရောဂါရမှာစိုးလို့"

ဟု ဖြေသည်။ သွန်း သူ့ရှေ့မှာ လက်ညှိုးလေးတွေ ကွေးချည်ဆန့်ချည်လုပ်ပြတော့ နားမလည်နိုင်ဘဲ လက်ကွေးလက်ဆန့်နေတာကိုလိုက်၍ စဉ်းစားမရပုံဖြင့် သူ ကြည့်ရပြန်သည်။

"ဘာလဲကွ .. ဒါက .."

"ကွေးသောလက်မဆန့်ခင် .. ဆန့်သောလက်မကွေးခင် .. ဘာမဆိုဖြစ်နိုင်တယ်လေ .. ပြောင်းလဲနိုင်တယ် .. အခု ဆေးလိပ်မသောက်ပေမယ့် .. နောက်နေ့မှာ .. သောက်ချင်သောက်လာနိုင်တယ်လေ .. ဥပမာ .. စိတ်ညစ်လို့ .. ဘာလို့ဆိုပြီး ဆေးလိပ်တွေဘာတွေ ဖွာလာနိုင်တယ် .. အရက်တွေဘာတွေ သောက်လာနိုင်တယ် .. အဓိကအကြောင်းကတော့ .. ရှင့်ကိုစိတ်ညစ်စေမယ့်အရာက .. ကျွန်မ စာရေးဆရာ



ဖြစ်နေခြင်းကြောင့်ပဲ .."

ဟု သူ့အရိုက်ထိအောင်ပြောတော့ မျက်မှောင်ကုတ်၍ စိုက်ကြည့်မိရပြန်သည်။ သူ ကြည့်နေတာကို ကောင်မလေးကပြုံး၍ မော့ကြည့်ကာ လက်ကလေးမြှောက်၍ လက်ကောက်တွေ လက်လက်ထနေသမျှကို လှုပ်ခတ်လှုပ်ခတ်လုပ်ပြကာ ..

"နောက်တစ်ကျော့ ကလိုက်ရမလားဟင် .. ဟော .. တန်ဆောင်မုန်း .. တန်ဆောင်တိုင် .. သူ့အိမ်လည်းမြိုင် .. ငါ့အိမ်ကိုလည်းမြိုင်"

"ဟေ့ .. ဟေ့ .. ရပ် .. ရပ် .. ပေးတယ်ကွာ .. အဲဒီကတိ .. ငါ ဆေးလိပ်မသောက်ဘူး .. အရက်လည်းမသောက်ဘူး .."

ဟုလက်ကာ၍ သူ ကမန်းကတန်းပြောတော့ သွန်း စတင်၍ရယ်၏။ စောစောက ရန်ဖြစ်နေကြသည့်လူနှစ်ယောက် ..။ သွန်း ဘက်က ကြာရှည်စိတ်ဆိုးနေတာမျိုးကို ဘယ်လိုမှမရှိတတ်သည့် ငယ်ကျင့်လေးအတိုင်း .. နေရင်းထိုင်ရင်း ပျော်သလိုလိုရှိလာပြန်သည်။ ဇွေ့ဇွေ့ခုန်အောင် စိတ်ကိုလွှတ်ကာ ဒေါတပွပွရှိတတ်ပါသည့် မောင်ကြီး ကို နှလိုပြောနေရင်းဖြင့် စိတ်ထဲနောက်ပြောင်ကျီစယ်တတ်ပါသည့် ငယ်ကျင့်က ဖျောက်မရနိုင်စွာ ပေါ်လာပြန်သည်ပါပဲ ..။

"ဟုတ်ပြီ .. အိပ်တဲ့အခါ .. မဟောက်ရဘူး .."

"ဟ .. ငါဘယ်သိမလဲကွ .. အဲဒါတော့ .."

ဟု တစ်ချက် သူ အော်သည်။

"နင့်ကိုလည်း ငါမယုံပါဘူး .. ညည်းက .. ငါမဟောက်လည်း ဟောက်တယ်လို့ ပြောချင်ပြောမှာ .."

"ဟာ .. စိတ်ချ .. အဲသလို ကလိန်ကကျစ် မလုပ်တတ်ပါဘူး .. ရှင်အိပ်တဲ့အခါ .. ဟောက်တယ်ဆိုရင် .. ကျွန်မက .. ရှင်အိပ်နေတာကိုလည်း ဗီဒီယိုရိုက်ထားပါ့မယ် .. ရုပ်ရော အသံရော သက်သေရှိတာပေါ့.. အဲဒါက .. ရုပ်သက်သေ .. အသံသက်သေလို့ခေါ်တယ် .. သက်သေခံဥပဒေပုဒ်မ ခြောက်ဆယ်အရ .. သက်သေခံဝင်ပါတယ် .."

www.burmeseclassic.com

www.burmeseclassic.com



သူ မျက်စိပြူး၍ကြည့်၏။ အိပ်ရမှာ လန့်လာသည်။ ဤကောင်မလေး ယုံရတာမဟုတ်။ တကယ့်ကို ပြောသည့်အတိုင်း လုပ်မည့်အမျိုး။

"ဟော့ .. ဟော့ .. ငါ့ကို .. မအိပ်ရဲအောင် လာမလုပ်နဲ့ .. မင်း ငါ့ကို ဗီဒီယိုကင်မရာကြီးတကားကားနဲ့ လာလာရိုက်နေဖို့အတွက်.. ငါက - အိပ်ပေးနေရမှာလားကွ .. ကဲ .."

ဟု အော်တော့ သွန်း ရယ်သည်။ သွန်း ရယ်နေတာကိုကြည့်ရင်း သူ လည်း ရယ်ချင်သလိုလိုတွေ ဖြစ်လာသည်။ ဒါပေမယ့် မဖြစ် ... ရယ်ကြည့် ...၊ ကောင်မလေး ရောင့်တက်ချေမည်။ သူ့ကို လူပင် ထင်တော့မှာမဟုတ် ...။ လုပ်ချင်တာလုပ်ပြီး သွားဖြဲလေးဖြင့် ဟိုပြောသည် ပြောဖြင့် သူ့ဒေါသကို အရည်ပျော်အောင်လုပ်သည့်အကျင့် ရသွားမည်။

"ငါလည်း စည်းကမ်းထုတ်မယ် .."

"ထုတ် .."

"ငါက အသန့်ကြိုက်တယ် .. အိမ်မှာ ခွေးမမွေးရဘူး .. ခွေးက ညစ်ပတ်တယ် .. ဟိုနေရာသေးပန်း .. ဒီနေရာအီးပါ .. လူကို .. ဟိုက ကုတ်ဖက်တက် .. ဒီဘက်က ကုတ်ဖက်တက် .. လျှာနဲ့ ခြေထောက်တွေ လျက်ချင်လျက်နဲ့ .. ငါမကြိုက်ဘူး .."

သူ ပြောတော့ သွန်း ငြိမ်နေ၏။ မှတ်ပလား ဟု သူကျေနပ်သွားသည်။ ကောင်မလေး၏အသည်းကျော် ခွေးတစ်အုပ်ကြီးကို မခေါ်ဘဲထားရမည့်ကိစ္စ ...။ ဤသူငယ်မ .. ရင်ကွဲနာကျချေမည်သာ ...။

မေးစေ့ကို ပွတ်ကာပွတ်ကာဖြင့် သူ အရသာခံ၍ စိမ့်စိမ့်ပါအောင် ကြည့်မိခိုက်မှာ ကောင်မလေး သူ့ကိုမော့ကြည့်၏။

သူ လက်ကာသည်။ သဘောက မတောင်းပန်နှင့် ...။ ခွေးမခေါ်ဆိုတာ ဘယ်လိုမှ အလျှော့မပေးနိုင်ပါ.. ဆိုသည့်သဘော။

"အဲဒါကိုတော့ .. မေမေနဲ့ ရှင်ညှိမှဖြစ်လိမ့်မယ် .."

သူ မျက်စိလည်သွား၏။ ခွေးကိစ္စ .. အန်တီထားကို သူ က ဘာသွားညှိရမှာတဲ့လဲ ...။



"မေမေက ကျန်တဲ့ခွေးငါးကောင်ကိုတော့ ထိန်းနိုင်တယ်တဲ့.. မန်းကီးကိုတော့ မနိုင်ဘူးတဲ့ .. အလွန်ဆော့တာမို့ .. သွန်း ပဲခေါ်ထားတဲ့ .. မနက်ဖြန် .. မေမေလာတဲ့အခါ .. မန်းကီးကိုပါ ခေါ်လာမှာ .. ဒီမှာနေဖို့ ခွေးအိမ် ရယ်ဒီမိတ်တောင် ဝယ်ထားပြီးပြီ .."

ဟုပြောတော့ သူ နဖူးကိုသာ ရိုက်လိုက်မိရပါသတည်း။ သွားပြီ။ ဤတစ်ကြိမ်မှာလည်း သူ ရှုံးရပြန်ပြီကောလေ ...။

"ကဲပါလေ .. ရှင်စိတ်ညစ်နေတာ ကျွန်မ သနားပါတယ် .. အဝတ်လေးဘာလေး သွားလဲလိုက်ပါတော့မယ် .."

ဟု ပြောကာဆိုကာ ရုတ်ခနဲ အခန်းထဲဝင် ...၊ တံခါးရွက်ကိုပါ ပိတ်သွားတာမို့ မန်းကီးကိစ္စလည်း သူ ဘာမှမဆက်နိုင်ဘဲ ကျန်ခဲ့ရချေသည်တကား ...။

သူ မျက်မှောင်ကုတ်နေမိသည်။ ငြိမ်ရပ်နေမိသည်။ ထူးခြားတာတစ်ခုကို သူ့ဘာသာသူ သတိထားမိလာသည်။ စိတ်ထဲ ရှုပ်ထွေးနေတာလည်း အမှန် ...။ ဒါပေမယ့် .. သူ ပျော်သလိုလိုလည်း ဘာကြောင့်ဖြစ်လာရပါသတဲ့လဲ ...။ ဟုတ်သည် ...။ သူ့ရင်ဘတ်ထဲမှာ ထောင့်လေးတစ်ထောင့်ဆီမှ အပျော် ဆိုသည့်အရာလေးတစ်ခုသည် ခေါင်းပြူ၍ သူ့ကိုကြည့်နေသည်ဟု ခံစားလာရချေသည်တည့် ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

အခန်းထဲဝင်သွားသည့် သုငယ်မ ..၊ လုံးဝကို ထွက်မလာတော့ သူ့ စိတ်ထဲ ကသိကအောက် ဖြစ်လာရပြန်သည်။ အခန်းအောင်းပြီး ဘာတွေ ဉာဏ်ဆင်နေပြီမသိဟုလည်း သောကဖြစ်၏။ ဤကောင်မလေးအပေါ် ဘယ်လိုမှ သူ စိတ်ချလက်ချမရှိရဲ ..။ တစ်ခုခုတော့ သူ့အပေါ် အကောက်ကြံနေလောက်ပြီဟု ရန့်မကင်းချင် ..။ လျှော့တွက်၍ မရနိုင်သည့်အထဲမှာ ဤကောင်မလေးသည် ထိပ်တန်းဖြစ်နေသည်။ သူ့ကို စိတ်ဓာတ်ရေးရာ ရှုပ်ထွေးနောက်ကျိနေအောင် စိတ်ပိုင်းဆိုင်ရာ ဒုက္ခပေးမည့်ကောင်မလေး ..။

"ဝင်သွားလိုက်တာများ .. ခုထိမထွက်နိုင်ဘူးဖြစ်နေတယ် .. တမင်တကာ ငါ့ကို အရွဲ့တိုက်တာများလား .. အဝတ်အစားလေး လဲတာပဲဥစ္စာ .. ဒီလောက်ကြာစရာမှတ်လို့ .. ခုတော့ .. ငါ့မှာ .. ဧည့်ခန်းထဲ တငုတ်တုတ်တုတ်နဲ့ထိုင်လိုက် .. ညောင်းရင် .. ဧည့်ခန်းထဲလျှောက်လိုက် .. ခြံထဲဆင်းလိုက်နဲ့ ယောင်တီယောင်ချာ ဘယ်လောက်ဖြစ်သလဲ.. နှစ်ယောက်တည်းနေတဲ့အိမ်ထဲမှာ .. သူက အခန်းထဲမှာ စည်းစိမ်တည်နေတယ် .. ငါက .. အိမ်စောင့်ဖြစ်နေတယ် .. ဒါ .. ကောင်းသလား.. သူက .. မိန်းမပဲ .. အိမ်ထဲမှာ တစ်ခုခုလုပ်နေ ကိုင်နေပေါ့ .. ငါက ..



ညောင်းညောင်းညာညာရှိတဲ့ဥစ္စာ .. ခဏတဖြုတ် လှဲချင် နားချင်သေးတာပေါ့ .."

စူပွစူပွဖြင့် သူ လည်း ဆီမန်းမန်းတတ်သည့် ခန့်ညားမောင် ဖြစ်နေရပြီ။ ဤကောင်မလေးကြောင့် သူ့မှာ အကျင့်ပျက်ကိန်းတွေဆိုက်နေတာ မကောင်း ..။ အူကလည်း တကျုတ်ကျုတ်ဖြစ်လာသည်။ ညနေသုံးနာရီခွဲလောက်ဆို သူက ကော်ဖီလေးဘာလေးသောက်နေကျ ..၊ ဘီစကစ်လေးဝါးနေကျ ..။ ခုဥစ္စာက ရေခဲသေတ္တာထဲက ရေသန့်ဘူး ယူမော့နေရသည့်အဖြစ် ..။ စားပွဲပေါ်တင်ထားသည့်ဓာတ်ဘူးကို ဖွင့်ကြည့်တော့ ရေနွေးအပြည့်ရှိနေတာမို့ .. ဗီရိုဖွင့်၊ ဟိုရှာသည်ရှာဖြင့် ဟိုဘူးဖွင့် သည်ဘူးဖွင့် အလုပ်ကိုလုပ်ကိုင်ရင်း ကော်ဖီမစ်ထုပ်တွေ ထည့်ထားရာဘူးကိုတွေ့၏။ ကော်ဖီမစ်တစ်ခွက်ဖောက်၍ ကော်ဖီဖျော်သောက်လိုက်ရမှပင် ဝမ်းမီးလောင်နေတာ အေးငြိမ်း၏။

ကော်ဖီခွက်ကို ဆေးကြော၍ ပန်းကန်စစ်စင်လေးမှာ နေသားတကျ မှောက်ထားပြီး သူ မီးဖိုဆောင်ထဲမှထွက်သည်။

မတတ်နိုင် ..။ သူ စည်းကမ်းချက်တွေ ရေးမှဖြစ်မည်။ ဒါမှ ကောင်မလေး သူ့ကို ဘာတွေလုပ်ကိုင်ပေးရမည်ဆိုတာ သိမည်ပေါ့။ ဤနေ့မှာပဲ လျှက်ထပ်သည်။' ခုဥစ္စာက .. သူ့ဘာသာသူ ကော်ဖီဖျော်သောက်နေရသည်ဆိုတော့ နိမိတ်မကောင်း ..။ ခက်သည်က စာရွက်တွေ ဘာတွေကလည်း ပိတ်ထားသော အပေါ်ထပ်က အခန်းထဲမှာပဲ စာရေးစားပွဲပေါ်မှာရှိသည်။ သူ ရေးချင်သည့်စည်းကမ်းချက်များကို ချရေးစရာ စာရွက်မရှိဘဲဖြစ်နေ၏။ ဘာကြောင့်ဆို .. သုငယ်မ ရွှေနန်းသူကဖြင့် ရွှေတံခါးရွက်ကို ဖွင့်တော်မမူသေးချေသည်ကိုးလေ ..။

"ဒါ .. ငါ့ကို ဦးချိုးတာဖြစ်မယ် .. တောက် .. ခုကတည်းက .. သူက လွှတ်လွှတ်လပ်လပ် နေချင်သလိုနေမယ် .. ငါက .. ကုပ်ချုပ်လေး အိမ်စောင့် .. ဆာရင် တစ်ခုခုရှာဖွေစား .. သူက ဘာတာဝန်မှမရှိဘူးဆိုတဲ့သဘော ဖြစ်နေတယ် .. ဒါ .. ရိုးရိုးသားသားမဟုတ်နိုင်ဘူး..

www.burmeseclassic.com



ငါ့ကို တမင်တကာကျောတာ ..''

လူက ခံပြင်းစိတ်ဖြင့် လုံးထွေးနေသည်။ နောက်တော့မှ အောက်ထပ်စာကြည့်ခန်းမှာ စာရေးစက္ကူရှိနေသည်ကို အမှတ်ရ၏။ ခေါင်းကို ကုတ်ကာ ကုတ်ကာဖြင့် ..

"ငါလည်း မှတ်ဉာဏ်တွေ အညံ့ဘက်ကူးနေပါလား .. တောက်.. အဲဒါ အဲဒီငတိမလေးကို စိတ်တိုနေရလို့ပေါ့ .. အာရုံက .. စိတ်ထဲ ခံပြင်းနေတဲ့ဘက်ကိုပဲ ပို့ပို့ပါနေသကိုး ..''

ဟုတွေးကာ အလကား အားနေကာ ဝေလေလေ ယောင်ပေပေ ဖြစ်နေချိန်မှာ စည်းကမ်းချက်တွေ ချရေးနေခြင်းဖြင့် အချိန်ကို တန်ဖိုးရှိရှိသုံးလိုက်မည်ဟုတွေးကာ စာကြည့်ခန်းထဲဝင် ...၊ စာရွက်ပေါ်မှာ အမှတ်စဉ်တွေ တပ်ကာတပ်ကာဖြင့် ရေးချနေမိရပါ၏။ နောက်တော့ စာရွက်ကို ထမင်းစားခန်းဆီသို့ယူလာကာ သေသေသပ်သပ်လေး နံရံမှာ တိပ်အကြည်ဖြင့် ကပ်ထားလိုက်မိရပါ၏။ ပြီးတော့ ပီတိဖြင့် ရပ်၍ ကြည့်သည်။

"ဒါဆိုရင် .. သူ .. ကျကျနန .. သိကိုသိရလိမ့်မယ် .. သူဟာ .. ငါ့ကို ဇနီးမယားတစ်ယောက်အနေနဲ့ ဘာတွေလုပ်ကိုင်ပေးရမယ်ဆိုတာတွေကိုပေါ့ . ဝတ္တရားကျေတဲ့သူအဖြစ် သူ ဘယ်လိုနေထိုင်ရမယ်ဆိုတာ .. ဒီစာလုံးလေးတွေက သူ့ကို စေခိုင်းလိမ့်မယ် ..''

ဟု ကျေကျေနပ်နပ် တွေးနေခိုက်မှာပင် ..

"အဟမ်း ဟမ်း .. နံပါတ်တစ်က .. မနက်စောစောထရမည် .. ကော်ဖီဖျော်ရမည် .. ဘရိတ်ဖတ်(စ်) ကို အမြဲ ပေါင်မုန့်မီးကင်ထောပတ်သုတ် ပါစေရမည် .. ထို့အပြင် .. အခြားသောမုန့်လည်း လုပ်ပေးရမည် .. နွားနို့တစ်ခွက်နှင့် ကြက်ဥဟာပ်ဖရိုက်လည်း ပါရမည် .. ဖျော်ရည်တစ်မျိုးမျိုးကိုလည်း အစာပိတ်အဖြစ် ကျွန်ုပ် စားသောက်တတ်သည် .. နံပါတ်နှစ် .. စားသောက်ချိန်မှာ စားပွဲပေါ်၌ လက်သုတ်ပဝါ သန့်သန့် မီးပူကျ အမြဲရှိရမည် .. လက်ဖက်ရည်ပန်းကန်ပြားတစ်ခုပေါ်



မှာ ထိုလက်သုတ်ပဝါကို ခေါက်သားတကျ တင်ထားရမည် .. တစ်ခါသုံးပြီးတာနှင့် ပြန်လျှော်တောင်းထဲ ထားလိုက်ရမည် .. လက်သုတ်ပဝါသည် တစ်ခါသုံးလျှင် လျှော်ဖွပ်သန့်စင်ပြီး မီးပူတိုက်ထားတာ ဖြစ်ရမည် .. စားပွဲပေါ်တွင် ပေါင်ပေါ်တင်သော အဝတ်ဖြူတစ်ထည် .. လည်ပင်းရှေ့မှာထားရမည့် အဝတ်ဖြူတစ်ထည် .. လည်ပင်းရှေ့မှာ ထားရမည့်အထည်တစ်ထည် ရှိနေစေရမည် .. ဇွန်းခက်ရင်းတစ်စုံတင်ထားသည့် ပန်းကန်ရှိရမည် .. အစားအသောက်တိုင်းကို သန့်သန့်ပြန့်ပြန့် ပန်းကန်တွေဖြင့် ခူးခပ်ထည့်ရမည် ..''

နောက်ပါးဆီမှ တောက်လျှောက်အသံလေးစာစာဖြင့် ဖတ်နေသည့်အသံ ...။

ဘယ်အချိန်ကများ နောက်ပါးကို ရောက်လာသည်မသိ ...။ သူက ပီတိဖြင့် စာရွက်ကို ကပ်ကြည့် ခွာကြည့်ဖြင့် ကိုယ်ကြီးကို ရှေ့တိုးနောက်ဆုတ်လုပ်၍ တစိမ့်စိမ့်ကြည့်နေချိန်မှာ ကောင်မလေး ခြေသံလုံလုံဖြင့် နောက်ကို ရောက်လာသည်ကောလေ ...။ ချက်ချင်း သူ လှည့်မကြည့်သေး ...။ ကောင်မလေးဖတ်နေတာ တစ်ဝက်လောက်ရောက်မှ လှည့်ကြည့်သည်။ ကောင်မလေးကလည်း သူ့ကို မော့ကြည့်၏။ အံမယ် .. သနပ်ခါးပါးကွက်ကျားနှင့်၊ ဆံကျစ်ရှည်နှစ်ဖက်ကျစ်နှင့် ...။ ဘလောက်အကျီဖြူပွပွလေးကို ပါတိတ်ထဘီဝါဝါလေးဖြင့် ရေမိုးတွေဘာတွေ ချိုးထားပုံဖြင့် ဆင်းလာပါသည့် သူငယ်မပေကိုးလေ ...။ လန်းဆန်းနေလိုက်သည်မှ ကောင်းကောင်းတစ်ရေးနှပ်လာသည့်ပုံလည်း ပေါက်နေသည်။

"ကျေးဇူးလည်းတင် .. အားလည်းနာတယ် မောင်ကြီးရယ် ..''

မော့၍ပြောလာတော့ သူ နားမလည်နိုင် ...။ သူက .. ကောင်မလေး ရှိုးချိုးစည်းစိမ်တည်၍ တစ်ရေးနှပ်ခဲ့တာကို အူပွစိတ်တိုဖြစ်နေချိန်မှာ .. သူငယ်မ က သူ့ကိုမော့ကြည့်၍ ကျေးဇူးတစ်ကြောင်း ပြောနေသည်တဲ့လား ...။ ဤစည်းကမ်းချက် တရှည်ကြီးကိုဖတ်၍ စိတ်မတိုဘဲ

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင် အားနာသည်တဲ့လား ..။ သူ .. နားမလည်နိုင်ပဲဖြစ်ရပြန်၏။

"မနက်တိုင်း .. မောင်ကြီးက .. သွန်း ကို ဒီလိုချက်ပြုတ်ပြင်ဆင်ပြီး ကျွေးမွေးမယ်ဆိုတော့ .. သွန်း ကျေးဇူးလည်းတင်တယ် .. အားလည်းနာတယ် မောင်ကြီးရယ် .."

သူ အူကြောင်ကြောင် တစ်ချက်ပင် ဖြစ်သွားရပါပြီ။ နောက်တော့မှ မော့၍ ပြုံးကြည့်နေသည့် မျက်ဝန်းလေးတွေထဲမှာ ကျီစယ်ရိပ်ကို သူ မြင်ဖြစ်အောင် မြင်လာရသည်။

"ဟော့ .. ဟော့ . ရောမပစ်နဲ့ .. ငါက .. ငါ့ကို ဘယ်လို ညည်းလေး မနက်စာ .. နေ့လယ်စာ .. ညစာတွေ ကျွေးမွေးရမယ်ဆိုတာ ရေးထားတာကွ .. ငါ ဘယ်လောက်အသန့်ကြိုက်တယ်ဆိုတာ မင်းနားလည်မှာပါ .. အဲသလိုပဲ ငါ စားသောက်တတ်တယ် .. အဲဒါ .. မင်းလုပ်ရမယ့် အလုပ်တွေကို ချရေးထားတာကွ .. ငါလုပ်ပေးမယ့်အလုပ်တွေ မဟုတ်ဘူး .. နားလည်ရဲ့လား .. ဖြစ်ရလေ .. သူလုပ်ရမှာကို ငါက ရေးပြပါတယ် .. အံမယ် .. သူကတစ်ပြန် ငါ့ကိုများ .. ငါလုပ်ရမယ့်အလုပ်လေး ဘာလေးနဲ့ .. ငါ့ဘက်ပြန်ပုတ်ပေးလာသေးတယ် .. လည်ပါ့ .."

ဟု မျက်မှောင်ကုတ်၍ ပြောတော့လည်း ရယ်ပြနေပါ၏။

"ရပါတယ် .. သွန်း လုပ်ရမှာတွေလား .. ဒါဆိုလည်း လုပ်ရမှာပေါ့ .. အပန်းမကြီးပါဘူး .. ဒါပေမယ့် .. သွန်း က .. စားသောက်တဲ့အခါ .. စကားမပြောဘဲ မနေနိုင်ဘူးနော် .. အဲဒါကိုတော့ စည်းကမ်းနဲ့လာမပိတ်နဲ့ .. ပိတ်ရင် .. အန်တီလွမ်း နဲ့တိုင်မှာ .. ဒီတော့ .. နံပါတ်ငါး စည်းကမ်းထဲက .. စကားမများရ ဆိုတာကို ဖျက်ပေးပါ .."

အံမယ်မယ် ..။ ကောင်မလေးက သူ လှည့်၍စကားပြောနေချိန်လေးမှာပင် သူ့ကို ပြုံးကြည့်ဘာကြည့်ဖြင့် ရှိနေရင်းက နောက်ပါးနံရံမှာကပ်ထားသည့် စည်းကမ်းတွေကို ဆက်ဖတ်လိုက်သေးသည်တဲ့လား ..။ ကျီးကန်းမျက်စိနှယ် မြန်လိုက်ပါသည့်အဖြစ် ..။ နံပါတ်ငါး စည်းကမ်းကို ဖျက်ခိုင်းနေ



"နောက်ကို .. အခန်းတံခါး ဒီလောက်အကြာကြီး ပိတ်မထားနဲ့၊ ငါ ခဏလေးလှဲချင်တာတောင် မလှဲရဘူး .. မင်းက ဖိမ်နဲ့အိပ်နေတယ်.. ငါက အိမ်စောင့်နေရတယ်ကွ .."

ဟု သူ ခပ်တည်တည်ပြောတော့ ကောင်မလေး အေးအေးဆေးဆေးပင်ပြန်ကြည့်သည်။

"ဒါများ .. မခက်ခဲပါဘူး .. ရပါတယ် .. သွန်း က ဘာမှအခက်အခဲမရှိဘူး .. အိပ်ချင်ရင်လည်း ဧည့်ခန်းက နှစ်ယောက်ထိုင်ဆိုဖာရှည်ကြီးတစ်ခုပေါ်မှာ ကျောမှီအုံးကို ခေါင်းအုံးလုပ်ပြီး နေ့ခင်းဘက်အိပ်လိုက်လည်း အိပ်ပျော်တတ်တယ်လေ .. အောက်ထပ်က ရေချိုးခန်းထဲမှာ နေ့ခင်းဘက်မှာ ရေချိုးလိုက်လည်းဖြစ်တယ် ... ဘာမှ ပြဿနာမရှိဘူး .."

သူက တက်နေသည့်ပြဿနာ ..။ ကောင်မလေးအတွက်က ဆံခြေလျှော်လေးတစ်ခုကို စကိတ်လေးဖြင့် အသာလေး လျှောဆင်းလိုက်ရသည့်နှယ် အဆင်းဘက်ကို ဦးတည်ပြော၏။ သူက အမြင့်တက်နေသည့်ပြဿနာသည် ကောင်မလေးအတွက်က အဆင်းဘက်ဖြစ်နေသည်တဲ့လား ..။ သူ့မှာ .. ရန်တွေ့ရသည်ပင် အရသာမတွေ့လိုက်ရ ..။ တစ်ဖက်က အေးအေးဆေးဆေး လုပ်ပြနေတော့ သူ့ရန်တွေ့ခန်းကြီးကို ဟိုမဝင်သည်မရောက်ဖြင့် ခရီးမပေါက်ဘဲ အူတိအူလည်ဖြစ်ကျန်နေရကိန်း ဆိုက်နေချေသည်ကောလေ ..။

"ငါ .. ကြက်ဟင်းခါးသီးမကြိုက်ဘူး .. မှိုမစားဘူး .. နေကြာစေ့စားတာ မကြိုက်ဘူး .. အမှိုက်ပွတယ် .. ခါးတာမကြိုက်ဘူး .. အဆိပ်အတောက်မလွတ်ဘဲရှိလာတတ်တဲ့ မှိုကို ငါလန့်တယ် .. အိမ်ပေါ်မတင်ပါနဲ့ .. အရိုးများတဲ့ငါးကို ငါမစားတတ်ဘူး .. အရိုးမများတဲ့ငါးဆိုရင်စားတယ် .. ကြက်ချက်ရင် ဖင်ဆီဘူး ထည့်မချက်ပါနဲ့ .. ငါရွံတယ်.. ခြေထောက်တွေဘာတွေနဲ့ ဟင်းချိုချက်ဖို့တောင် စိတ်မကူးနဲ့ .. ငါရွံတယ် .."

www.burmeseclassic.com



သွန်း ခေါင်းညိတ်၏။

"မောင်ကြီး မစားလည်းရပါတယ် .. သွန်း တစ်ယောက်စာ မှိုတို့ ကြက်ဟင်းခါးသီး ပုစွန်ခြောက်အစာသွပ်တို့၊ ကြက်ဟင်းခါးသီး ငရုတ်စပ်ကြော်တို့ .. မှိုဟင်းတို့ .. မှိုကြော်တို့ .. ကြက်ခြေထောက်စွပ်ပြုတ်တို့ .. ဖင်ဆီဘူး အစိမ်းကြော်ချက်တို့ .. ချက်စားပါမယ် .. မောင်ကြီး အတွက်က .. သီးသန့်ဟင်းအမယ်များစွာကိုလည်း ချက်ပေးမှာပါ .. သွန်း က ငါးပိလည်းကြိုက်တယ် .. ငါးခြောက်လည်းကြိုက်တယ် .. ပဲပုပ်ဈေးဖောက်ချက်လည်း ချက်စားတတ်တယ် .. မောင်ကြီး ကြိုက်ရင် ယူစားနိုင်တယ် ., မကြိုက်ရင် .. မစားပဲနေနိုင်တယ် .."

ဟု ပြောလာတော့ သူ အောင့်သက်သက်ဖြစ်ရပြန်သည်။ သူ မကြိုက်တာကို တမင်တကာ ဖွယ်ဖွယ်ရာရာတွေ ချက်ပြုတ်စားပြမည့် သဘောဖြစ်နေ၏။

"ငါးပိ .. ငါ မစားဘူးနော် .."

သူ ဝင်ပြောတော့ ကောင်မလေး ခေါင်းပဲညိတ်၏။

"သွန်း .. ဟင်းတွေ ပြန်အပူပေးလိုက်ဦးမယ် .. ထမင်းစားကြမယ် လေ .. ဆာပြီ .."

ဆာတတ်သား .. ဟု တစ်ချက် စိတ်ထဲ သူ အတင်းအုပ်၏။ ကောင်မလေး ဟင်းတွေဘာတွေ အပူထပ်ပေး၍နွေး ..၊ ထမင်းပွဲပြင်၏။ ထမင်းစားခန်းဗီရိုထဲမှ လက်သုတ်ပဝါတွေဘာတွေ ကျကျနန ထုတ်၏။ လက်ဖက်ရည်အောက်ခံပြားတွေဖြင့် သပ်သပ်ခပ်ခပ် တင်၏။ သောက်ရေခွက်ကအစ ကြည်ကြည်စင်စင်ရှိ၏။ ထမင်းပန်းကန်ပြားတစ်ဖက်မှာ ဇွန်းခက်ရင်းကိုတင်၏။ နောက်တော့ ဟင်းတွေခူးခပ် ..၊ ထမင်းအုပ်ထဲ ထမင်းကိုထည့်ပြီးမှ ပန်းကန်ထဲထည့် ..၊ လုပ်ပုံကိုင်ပုံကတော့ မဆိုး ..။ လုပ်နေကျအလုပ်နှယ် ရှိ၏။ အမှားအယွင်းမရှိ ..။ သူ .. ဝင်ထိုင်သည်။ ကော်လာရှေ့နေရာမှာ လက်သုတ်ပဝါအကြီးတစ်ထည်ကို ယူ၍ သပ်သပ်ရပ်ရပ် သုံးခေါက်ချိုးကာထည့်၏။ ပေါင်ပေါ်ကိုကျတော့



ဖြန့်၍ လက်သုတ်ပဝါကိုတင်၏။

သွန်း ကတော့ ဘေးစင်နေရာမှာ ရေစက်ကိုဖွင့်၍ လက်ဆေး ..၊ ခုတ်ခနဲဝင်ထိုင်ကာ စတင်၍ ဟင်းတွေ ဟိုခွက်ထဲက ကော်ခပ်ထည့်၊ သည်ခွက်ထဲက ကော်ခပ်ထည့်ဖြင့်ရှိ၏။ သူက .. ကုလားထိုင်မှာ တောင့်တောင့်ဖြောင့်ဖြောင့်စတိုင်နှင့် ထိုင်ကာ ဟင်းတွေကို တို့စိတို့စိ ဟိုခပ်သည်ခူးဖြင့် စားနေချိန်မှာ သွန်း က အားရပါးရ နယ်ဖတ်၍စားသည်။ ငရုတ်သီးထောင်းစပ်စပ်ကိုလည်း တို့ကာမြုပ်ကာဖြင့် စား၏။ ဟုတ်သည်။ ငရုတ်သီးထောင်းကို ပန်းကန်ထဲကော်ခပ်ထည့်ကာ လက်ညှိုးဖြင့် တို့၍တို့၍ လျှာပေါ်တင်ကာ တင်ကာလည်း ထမင်းလုတ်ထည့်အားရာကိုဟ၍ စားနေတော့ သူ နှလုံးနောက်၏။ ထမင်းလုတ်ထဲလည်း ငရုတ်သီးထောင်းကိုမြုပ်၍လည်း စားချင်စားသေးသည်။ ရှူးရှဲ .. ရှူးရှဲဖြင့် စားနေရင်းမှ နှာရည်တွေထွက်ကျလာသည်မို့ ထရပ်ကာ ဖြတင်းမှာ ဘယ်လက်ဖြင့် နှပ်ညှစ်ပြန်၏။ နောက်တော့ ဘေစင်မှာ လက်ဆေးသည်။ ဆပ်ပြာဖြင့် ဆေးတာမဟုတ် ..။ ရေဖြင့် ဘယ်လက်နဲ့ဆေးခြင်း။ ထမင်းပွဲကို ပြန်လာထိုင်ကာ ဘယ်လက်ဖြင့် ဟင်းခပ်ဇွန်းကို ကိုင်မည်ပြုခိုက် သူ အလန့်တကြား လက်ကြီးတကာကာဖြင့် ...

"ဟေ့ .. ဟေ့ .. လက်ပြန်ဆေး .. လက်ပြန်ဆေး .. ဘယ့်နှယ်ကွာ .. မင်းနှပ်ညှစ်ထားတဲ့လက်ကြီး ရေလေးနဲ့ပွတ်ပြီး ပြန်လာထိုင်တာ ကောင်းသလား .. နှပ်ချေးချွဲချွဲတွေ လက်ထဲကပ်ကျန်နေမှာပေါ့ကွ .. ငါ့ကို နှလုံးနောက်အောင် မလုပ်နဲ့ .. ဒီဇွန်းကို နင့်ဘယ်လက်ကကိုင်ပြီး ခပ်ချင်ရာဟင်းခွက်ကိုခပ် .. ငါက လိုက်ခပ်ရမှာလား .. ငါ့ရဲ့ဘယ်ကွ .. ငါက ဇွန်းခက်ရင်းနဲ့ ထမင်းစားပေမယ့် .. ဟင်းခပ်စားတာအောင်မှ ခွက်က ဇွန်းနဲ့ပဲခပ်စားတာ သိရဲ့လား .. ငါ့ပါးစပ်နဲ့ထိထားတဲ့ ဒီထမင်းစားဇွန်းနဲ့ ဟင်းခွက်ထဲ မခပ်ဘူး .. ထမင်းစေ့တွေ ပါသွားနိုင်တယ်လေ .. ငါက စည်းကမ်းနဲ့စားတာ .. မင်းက .. ထမင်းတွေနယ်ဖတ်စားလိုက်တာများ အားရပါးရ .. တကာတည်းဗျာ .. ထမင်းငတ်

www.burmeseclassic.com

www.burmeseclassic.com



နေသလိုကြီးဖြစ်လို့ ..."

"ဘာလဲ .. ဘာလဲ .. ဝတ်ကြီးကျနေတယ်လို့ သွန်း ကိုပြောတာလား .. သွန်း က စိတ်ကောင်းလေးနဲ့ .. သည်းခံနေတာကို ထပ်ပြီး ခေါင်းတက်မနင်းနဲ့ .."

ဟု ပြောကာ ပြောကာဖြင့် ဟင်းချိုရည်ဇွန်းကိုယူ၍ တရှူးရှူး ခပ်သောက်နေ၏။ ပါးစပ်မှာကပ်နေသည့် ထမင်းစေ့က ဟင်းချိုဇွန်းမှာကပ်၊ နောက်တော့ ဇွန်းထဲကပ်ပါသွားကာ .. နောက်တစ်ဇွန်း ဟင်းချိုခပ်သောက်တော့ ထမင်းစေ့က ဟင်းချိုပန်းကန်လုံးထဲ ရေဆင်းငုပ်ကျန်ခဲ့ပြီ ..။ သူ ဘယ့်နှယ်လုပ်၍ စားကောင်းသောက်ကောင်း ဖြစ်နိုင်ပါတော့မည်တဲ့လဲ ..။

"တော်ပြီ .. ငါ့ကို .. ဟင်းချိုတစ်ပန်းကန်သပ်သပ် .. နောက် ထမင်းစားတဲ့နေ့တွေတိုင်းမှာ ထားပေး .. ငါ .. တူတူမသောက်နိုင်ဘူး.. ပါးစပ်ထဲက တံတွေးတွေ .. ထမင်းစေ့တွေနဲ့ ဇွန်းဆေးနေတာကြီးကို ငါရွံတယ် .."

သွန်း ဝုန်းခနဲ ထရပ်၏။

"ရှင်က ကျွန်မကို ရွံတယ် .. ဟုတ်လား .."

"အေး .. မရွံလို့ဖြစ်မလား .. မင်းလက်က နုပ်ချေးစင်သေးတာ မဟုတ်ဘူး .. မင်းပါးစပ်က ထမင်းစေ့တွေ၊ တံတွေးတွေနဲ့ .. ဟင်းချိုဇွန်းကို ယူသောက်တယ် .. ဇွန်းမှာလည်း နုပ်ချေးကပ်တယ် .. ဟင်းချိုမှာလည်း ထမင်းစေ့တွေ၊ မင်းတံတွေးတွေ ရောက်ကုန်ပြီ .."

ဟု ပြောတော့ သွန်း ထမင်းပန်းကန်ကိုယူ၍ ဆောင့်အောင့်ထွက်၏။ နောက်ဖေးလှေကားထစ်မှာ သွားထိုင်စားသည်။

"ဟုတ်တယ် .. ကျွန်မက နုပ်ချေးလည်း ညှစ်ချင်သလိုညှစ်တာ၊ ရှင်ရွံတတ်ရင် လုံးဝမထိနဲ့ .. ရေချိုးရင် .. ဆပ်ပြာတောင် တိုက်ချင်မှ တိုက်တော့မယ် သိလား .. ညစ်ပတ်ပေ့စေ .."

"ဟေ့ .. မထိဘူးကွ .. မထိဘူး .. အစကတည်းက ငါဆုံးဖြတ်ထားတာ .. ငါ့ကိုမချစ်ဘဲ လက်ထပ်ထားတဲ့မိန်းမ .. ငါက မချစ်ဘဲ လက်ထပ်ထားရတဲ့မိန်းမ .. လက်ဖျားနဲ့တောင်မထိဘူးလို့ .. နားလည်လား .."

"ဘယ်သူကများ ဝမ်းနည်းနေမှာကျလို့ .. ဝမ်းတောင်သာသေး.."

တစ်ယောက်တစ်ပြန်အော်နေရင်း ထမင်းစားခြင်းသည် သီးခြားစီ ပြီးသွားရသည်ပါပဲ။ သွန်း က နောက်ဘက်လှေကားထစ်မှာ သွားစားပြီး ထမင်းစားခြင်း ပြီးမြောက်၏။ သူက .. ဟင်းချိုပန်းကန်ကို လုံးဝမထိ တို့တော့ဘဲ ထမင်းတစ်ပန်းကန်ကုန်၏။ ရန်ဖြစ်နေရတာကြောင့် ဘာ ဟင်းမှလည်း အရသာမတွေ့ ..။ ဝမ်းပြည့်တာပဲ ရှိလိုက်ရသည်တည့်။

"ရှင်က ခုတင်ရဲ့ဘယ်ဘက်မှာ ဖျာခင်းအိပ်၊ သွန်း က ညာဘက်မှာ ဖျာခင်းအိပ်မယ် .. ရှင် ကြပ်ကြပ်သတိထားပါ .. ရှင်ဟောက်တာတွေ .. လေလည်တာတွေကအစ .. ဗီဒီယိုကင်မရာနဲ့ မှတ်တမ်းတင်ထားမယ် သိလား .. ဘာမှတ်လဲ .."

ဟု ကလေးဆိုးနှယ် ကြိမ်းမောင်းနေသည့်ကောင်မလေးကို သူ လှမ်းကြည့်သည်။

"ဟေ့ .. ငါက ညာဘက်မှာအိပ်မယ်၊ မင်းက ဘယ်ဘက်မှာအိပ် .. ငါ့ကို ဘုန်းနိမ့်အောင် မလုပ်နဲ့ .. ယောကျ်ားဆိုတာ ညာဘက်မှာ အိပ်ရတယ်ကွ .. ပြီးတော့ .. ငါကြမ်းပေါ် ဖျာခင်းမအိပ်နိုင်ဘူး .. ဆိုဖာရှည်ကြီးပေါ်မှာ အိပ်ရာတစ်ခုခင်းပြီး အိပ်မယ် .. အမြင့်မှာ အိပ်မှာ .."

ဟု အော်၏။

"ငါ့ကို ဗီဒီယိုရိုက်ကြည့် .. ငါကလည်း ပြန်ရိုက်မှာပေါ့ကွ .. မင်း ဘယ်လိုအိပ်နေတယ်ဆိုတာ .."

ဟုဆက်၍ ခြိမ်းခြိမ်းခြောက်ခြောက်လုပ်၏။

"အံမယ် .. ရိုက်ပေါ့ .. သွန်း တို့က .. ကိုယ့်တာကိုယ်ရှိတယ် သိလား .. ညအိပ်တာကို ဟောက်တတ် မဟောက်တတ် .. အခန်းထဲ



www.burmeseclassic.com

www.burmeseclassic.com



စီစီတီဗီကင်မရာထားပြီးတော့ကို .. ကိုယ့်ဘာသာကိုယ် အရင်စစ်ဆေးပြီးပြီ .. လုံးဝမဟောက်တတ်ဘူး .. အေးအေးဆေးဆေးအိပ်တတ်တယ်.. နားလည်လား .."

ဟု ပြောတော့ သူ အယ်ခနဲ ဖြစ်၏။ ကောင်မလေး ဒါကြောင့် လေတစ်ကျယ် မိုးတစ်လုံးဖြင့် သူ့ကို ညအိပ်ချိန် ဗီဒီယိုကင်မရာဖြင့် ရိုက်မည်တကဲကဲ လုပ်ရဲနေသည်ကိုးလေ ..။

သူ့မှာ .. ညဘက် .. ဘယ်လိုအိပ်ရမည်မသိဘဲ အကြံအိုက်နေသည်။ ဟောက်တတ်နေလျှင် အခက်။

"ဟိုတယ်က ငါ့အနားယူခန်းမှာ သူ့လို စီစီတီဗီကင်မရာလေး တပ်ပြီး နေ့ခင်းဘက် အစမ်းအိပ်ကြည့်မှဖြစ်မယ် .. ငါ .. ဟောက်တတ်လား .. မဟောက်တတ်ဘူးလားဆိုတာ သိရအောင် .."

ဟု အကြံအိုက်ရင်း စိတ်အိုက်ရင်း တွေး၏။

ဘယ်တော့မဆို သူ က အမြဲနောက်ကျသည်။

စာရေးဆရာဖြစ်တာလည်းကြည့် ..၊ သူက နောက်ကျသည်။ သူ့စာ တစ်ပုဒ်မှ ပါဖူးတာမရှိ ..။ ခုလည်း အိပ်ချိန်မှာ ဟောက်တတ်မဟောက်တတ်ကို .. သူ့ဝယ်မက .. လက်ဦးမှုယူ၍ အရင်စမ်းသပ်အောင်မြင်ခဲ့ပြီးပြီ ..။ ခုမှ .. သူက .. သူ့ကိုယ်သူ စစ်ဆေးဖို့ ခေါင်းထဲ အကြံလေး ဝင်ရုံရှိသေးသည်တကား ...။



## အခန်း (၁၆)

သူ စိတ်ညစ်လျှက် ဆိုဖာရှည်ကြီးထက်မှာ ထိုင်လိုက် ..၊ ရှေ့မှာ ရှိနေသည့် ဆက်တီစားပွဲပေါ်မှ လက်ဖက်သုပ်တစ်ကော် စားလိုက် ..၊ လက်ဖက်ရည်ကျကျသောက်လိုက်ဖြင့် ရှိနေရတာလည်း ကြာလှပြီ ..။ လက်ဖက်သုပ်ကလည်း ရင်ပြည့်နေရပြီ ..။ လက်ဖက်ရည်ကလည်း ဝမ်းကားနေရပြီ ..။ ကျေးဇူးရှင်သူငယ်မ ခုထိ အခန်းထဲဝင်မလာသေး။ အောက်ထပ်မှာ ဘာတွေလုပ်နေသည်မသိ ..။

"ငါ့မှာဖြင့် သူ့ရှေ့မှာ အိပ်ပျော်မှ လာလန့်ပြီး ခုထိမအိပ်ရဲဘဲ မျက်စိကျယ်အောင် .. လက်ဖက်သုပ်စားရ .. လက်ဖက်ရည်ကျကျသောက်ရနဲ့ .. လက်ဖက်သုပ်လည်း မောက်မောက်တစ်ပွဲ ပြောင်သလင်းခါတော့မယ် .. လက်ဖက်ရည်ကျကျမာတ်ဘူးလည်း ထက်ဝက်ကျိုးနေပြီ၊ ရင်ပြည့်ရင်ကယ်နဲ့ ဆေးရုံတက်ဖို့ပဲ ကျန်တော့တယ် .. အဲဒီ မမ .. ဘာလုပ်နေတယ်မသိ .."

သူ့မှာ ရတက်ကိုမအေးနိုင် ..။ ကောင်မလေး အိပ်မပျော်မီမှာ သူ အိပ်ပျော်၍မဖြစ် ..။ ကောင်မလေး ကောင်းကောင်း အိပ်မောကျသွားမှ သူအိပ်မည်ဟု ကြံစည်ထားသည်လေ ..။ ဒါမှ .. သူ .. မတော်တဆ.. ဟောက်သံထွက်လာသည်ရှိစေဦး ..။ ကောင်မလေး မကြားရဘဲ ရှိမည်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ညစ်ပါရဲ့ .. အဟုတ် .."

မင်္ဂလာဦးညတစ်ညမှာ တစ်ယောက်က လက်ဖက်သုပ်ပွဲကြီး မောက်မောက်နှင့် လက်ဖက်ရည်ကျကျဓာတ်ဘူးကြီးတစ်လုံးဖြင့် ငုတ်တုတ်ကြီး စိတ်ညစ်နေရရင်း ...၊ သတို့သမီးအိပ်အပျော်ကို ထိုင်စောင့်နေရသည့်အဖြစ်ကို ဘယ်သူက စိတ်ကူးထဲပင် ထည့်နိုင်ချေမည်မဟုတ်။

ညဝတ်အင်္ကျီအစင်းလက်ရှည်၊ ဘောင်းဘီရှည်ဆင်တူဖြင့် သူသည် အိပ်ဖို့ရန်အသင့်ရှိနေသည့် လူတစ်ယောက်ဖြစ်မနေဘဲ .. မျက်စိ ကျယ်ကျယ်ဖြင့် ဆိုဖာပေါ်ဆောင့်ကြောင့်ထိုင်ပြန်၏။ ညောင်းနေပြီ ..။ ခြေထောက်တွေလည်း ခြေတွဲလွဲချထိုင်ရလွန်း၍ ဒေွးကျနေပြီ။ အိပ်မပျော်အောင် အခန်းထဲ စောစောပိုင်းက ဒေါင်းတင်မောင်းတင် လက်လွှဲလက်ဆန့်ဖြင့် ခေါက်တုံ့ခေါက်တင် လျှောက်ရလွန်းသည်မို့လည်း ခြေထောက်တွေက ခြေသလုံးကြွက်သားတွေ ညောင်းခဲနာကျင်နေရပြီ ..။ ဒါပေမယ့် .. သူ .. ဆိုဖာရှည်ကြီးထက်မှာ လှဲမချရဲ ..။ ခေါင်းအုံးပေါ် ခေါင်းမတင်ရဲ ..။ မတော် .. အိပ်ပျော်သွားလျှင်အခက်။ မတော် .. သူ ဟောက်သံတွေ မြိုင်ဆိုင်နေလျှင် အခက်။ သူ .. ပါးစပ်ကြီးဟ၍ ဟောက်တော်မူနေသည့်ပုံကို ကောင်မလေး ကောင်းကောင်း စိတ်တိုင်းကျ ထောင့်စုံမှရိုက်ထားပြီး တစ်သက်လုံး သူ့အပေါ် ရယ်ပွဲဖွဲ့နေတာမျိုးကို သူ့အဖြစ်မခံနိုင် ..။ ကောင်မလေး စိတ်ထဲပေါ်လာတိုင်း ထိုပုံတွေကို ကြည့်ကြည့်နေသမျှ သူ .. တစ်သက်လုံး အရှုံးပေး အရှက်ရနေရင်း ရင်ဆိုင်ရမှာကိုလည်း အရောက်မခံနိုင် ..။ အရှက်ကွဲကိန်း၊ အရှုံးပေးကိန်းကို လောလောဆယ်မှာတော့ အိပ်မပျော်ဘဲနေခြင်းဖြင့် ကာကွယ်ထားရမည်တည်း။

ဒါကြောင့်လည်း ဆိုဖာရှည်အိအိကြီးပေါ် ခြေဖဝါးကိုချ၍ ဆောင့်ကြောင့်ထိုင်နေမိရပါသည့်အဖြစ် ..။ ဒါဆို .. သူ အိပ်ပျော်နိုင်စရာ မရှိ။ ဒါပေမယ့် ခက်သည်က ခြေသလုံးကြွက်သားတွေ တောင့်ခဲလာခြင်းပဲဖြစ်လေသည်။ တက်တစ်ချက် သူ ခေါက်ပစ်ကာ လွှားခနဲ ထရ



မိပြန်၏။

မတတ်နိုင် ..။ ခြေထောက်တွေ ညောင်းချင်ညောင်း ..၊ အခန်းထဲ လမ်းပဲလျှောက်နေလိုက်တော့မည်။ ဒါဆို .. သူ အိပ်ပျော်နိုင်စရာမရှိ။

"ငါ့မှာ အိပ်ပျော်ခြင်းကို တွန်းလှန်နေရချိန်မှာ .. သူက .. ဘယ်မှာ ဘာတွေလုပ်နေပါလိမ့် .. တုပ်တုပ်လှုပ်သံတောင် မကြားရဘူး .."

မတတ်နိုင် ..။ ဤအတိုင်း အခန်းထဲ ယောက်ယက်ခတ် ဆတ်စလူး ဖျာနေရမည့်အစား ကောင်မလေးကို နည်းနည်းပါးပါး သွားချောင်းလိုက်တာ ပို၍ သင့်တော်ချေလိမ့်မည်။ ပထမဆုံး ခြေသံလုံလုံထား၍ အခန်းတံခါးရှေ့ရပ်၏။ အခန်းအပြင်ဘက်ကို နားစွင့်၏။ ကောင်မလေး၏ လျှောက်လာသောခြေသံကို ကြားလိုကြားငြား ထောက်လှမ်းခြင်း ..။ ဘာသံမှ မကြားရ။ အိမ်မြှောင်စုတ်ထိုးသံပင် ကင်းမဲ့နေသည့်ည ..။

"ခုမှ .. ငါ့အဖြစ်က .. ငါ့အခန်းထဲမှာ ကျီးလန့်စာစားဘဝရောက်နေရတာပါပဲလား .. နားတစွင့်စွင့်နဲ့ နေနေလိုက်ရတာ .."

ဟု တစ်ချက်ညည်းမိသည်။ အိပ်မပျော်ရေး ဒုက္ခစရိယာကျင့်နေရတာကလည်း ကိုယ့်အခန်းနှင့်ကိုယ် ဖြစ်နေရခြင်း ..။

သူ .. တစ်ချက်ငြိမ်၍နားစွင့် ..။ စိတ်ချရပြီဆိုမှ တံခါးရွက်ကို ညင်ညင်သာသာဖွင့် ..၊ ခြေဖျားလေးထောက်၍ ထောက်၍ စင်္ကြံရှည် အတိုင်းလျှောက် ..၊ လှေကားထိပ်ရောက်တော့ .. တစ်ချက်ရပ်၍ နားစွင့်၊ အောက်ထပ်ကို ငုံ့ကြည့် ..၊ တစ်အိမ်လုံး မီးတွေကတော့ ထိန်နေသည် ပါပဲ ..။ လူကိုသာ မတွေ့ရတာရှိသည်။ မီးတွေကတော့ ဖွင့်ထားလိုက်သည်မှ ထိန်ထိန်သာနေသည့်အဖြစ် ..။

"လျှပ်စစ်ကို တော်တော်ဖြုန်းတီးတဲ့ သူငယ်မပဲ၊ စည်းကမ်းကို မရှိဘူး၊ ကြည့်စမ်း .. ညဉ့်တစ်နာရီထိုးနေပြီ .. သူက .. ဘာကိစ္စ .. မအိပ်မဖြုဘဲ မီးတွေ တစ်အိမ်လုံးထွန်းပြီး ဘယ်နားမှာ သွားငြိမ်နေတယ်သိ .."

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲက ရေရွတ်ခြင်း ..။ အသံတစ်ချက် မထွက်စေရ။ ခြေသံလုံလုံဖြင့် လှေကားအတိုင်း သူ ဆင်းသည်။ ခြေတံရှည်ကြီးက လှေကားနှစ်ထစ်လောက်ကို ကျော်၍ ကျော်၍ဆင်းခြင်း ..။ ခုနေများ ဖေဖေနှင့် မေမေတို့မှ သားတစ်ယောက်ကို ညဝတ်အင်္ကျီဝတ်စုံပွအစင်းကြီး တကားကားဖြင့် ဗျိုင်းခြေတံလို လှေကားထစ်တွေ ကျော်လွှားချွတ်နင်းနေသည်ကိုများ မြင်ချေလျှင် ရင်ဘတ်စည်တီး ဖြစ်ကြချေမည်တည်။ သူ့ပုံက .. ကိုယ့်အိမ်လှေကား ကိုယ်ဆင်းတာနှင့်တူမနေ ..။ သူများအိမ် သူခိုးဆင်းနေတာနှင့်တူနေသမျှ ရင်ထဲတော့ အောင့်သက်သက်ဖြစ်ရသည်တည် ..။

ဧည့်ခန်းရောက်တော့ တစ်ချက်နားသည်။ အံမယ် .. ခိုးကြောင်ခိုးဝှက်လုပ်ရခြင်းသည် ရင်လည်း အတော်ခုန်၏။ မောလည်း အတော်မောတတ်၏ ဟု ခုမှ ကိုယ်တွေ့သိလာရချေသည်တကား ..။ ဧည့်ခန်းမှာကတော့ သူငယ်မ ကျေးဇူးရှင် ရှိမနေတာ သေချာသည်လေ .. ဟိုဟိုသည်သည် တစ်ချက်ကြည့်စဉ်နိုက်မှာပင် တိုင်ကပ်နာရီကြီးဆီမှ ဒေါင်ခနဲ တစ်နာရီလိုးသံမြည်လိုက်သည်မို့ ရုတ်ခနဲ ဆိုတော့ အသံကြောင့် လန့်ပင်လန့်သွားရပြန်ချေသည့်အဖြစ် ..။

"တောက် .. အဲဒါ ဒီကျေးဇူးရှင် သူငယ်မကြောင့် ဖြစ်ကုန်ရတာ သူ မသိအောင် ငါဆင်းလာတုန်း ဒီနာရီက အသံထမြည်နေရတယ်လို့ ငါကလည်း လန့်တတ်နေလိုက်တာ .. ခုမှ .."

ဟု စိတ်ထဲက မြည်တွန်တောက်တီးသည့်အထဲမှာ သူ့ကိုယ်သူ အမြင်ကပ်သံပင် ရောထွေးမွှေနှောက်၍ ပါလာနေပြီ။

"ငါသာ သူခိုးလုပ်စားရင် .. လန့်တာနဲ့သေမှာ .."

ဟုတွေးသည်။ ကောင်မလေးမသိအောင် ချွတ်နင်း၍ ဆင်းလာသည့်ကိစ္စ ..။ သူခိုးတို့၏ ခံစားချက်တွေကို သိလာရသည့်အဖြစ်။

"မကောင်းပါဘူး .. ငါလည်း အကျင့်ပျက်လာပြီ .. ခိုးကြောင်



ခိုးဝှက်လုပ်တတ်လာပြီ .."

ဟု ညည်းမိကာ ဟိုဟိုသည်သည် ကြည့်ရပြန်သည်။ တစ်အိမ်လုံးက တိတ်ချက်သားကောင်းနေဆဲ ..။ အိမ်၏အထွက် တံခါးမကြီးကို ကြည့်တော့လည်း ပိတ်လျက်သားရှိနေသည်။ ကောင်မလေး နောက်ဘက်တံခါးကဆင်းပြီး ခြံထဲ လမ်းသလားနေသည်လား ..၊ ဒါမှမဟုတ် စာရေးဆရာမတစ်ယောက်၏ ခံစားချက်တွေဖြင့် ကောင်းကင်ကြီးကို မော့ကြည့်ကာ လ၏အလှ ..၊ ကြယ်၏အလှကို ခံစားနေသည်လား..။ လေညင်း၏အထိအတွေ့ကို တိမ်းမူးခံစားတတ်နေပြီလား ..။

"အံမယ် .. ငါက .. သူ့အကြောင်းတွေးတာများ ကဗျာဆန်နေလိုက်တာ .."

ဟု အပြစ်တင်မိပြန်၏။ စာကြည့်ခန်းတံခါး မသိမသာဟနေတာ မြင်ရသည်မို့ ခြေသံလုံလုံဖြင့် သွားမိရကာ အထဲဘက်ကို တံခါးအဟနေရာဆီမှ ချောင်းကြည့်တော့ သူငယ်မကို တွေ့ရပါပြီ။ အေးအေးလူလူဖြင့် ကွန်ပျူတာရိုက်နေခြင်း ..။ နမူးကိုရိုက်မိကာ ကျွတ်ခနဲ စုတ်သပ်ညည်းမိမယောင်ဖြစ်သွားပေမယ့် .. ကမန်းကတန်း ထွက်မည့်အသံကို ပြန်မြိုချရသည်။ စုတ်သပ်ညည်းသံလည်း ကောင်မလေးကြားသွားလျှင် အခက်။ သူ လာချောင်းတာ လူမိမခံနိုင်။ တစ်ချက် စိတ်ရှုပ်ရှုပ်ဖြင့် ကြည့်မိစဉ်မှာ ..။

လျှပ်စစ်မီးရောင်ဖြူဖြူအောက်မှာ နူနေသည့် ကောင်မလေး၏ ပျောင်းနွဲ့နွဲ့ နန်းဆန်ဆန်လေးကို စတင်၍ အာရုံထားမိလာရပါ၏။ ဆံကျစ်ရှည်ကြီးနှစ်ဖက် ကျစ်ချထားသည့်ကောင်မလေး ..။ မျက်နှာမှာ သနပ်ခါးပါးကွက်ကျားလေး တင်ထားသည်။ ထူထဲရှည်လျားသော မျက်တောင်ကိုလည်း သတိမထားမိ၍ကိုမရ ..။ အတော်ကြီးလှနေသည့် မျက်တောင်ရှည်လေးတွေပါတကား။ နှာတံလေးက ထင်းနေသည်။ မျက်လွှာလေးချလျက် အရေးတွေထဲမှာ နှစ်နေသည့်ဟန် ..။ အခန်းထဲ

www.burmeseclassic.com



ဖွင့်ထားသည့် လေအေးစက်သံ ညင်ညင်ကိုလည်း သူ ကြားနေရသည်။

"သူ .. ဝတ္ထုရေးနေသလား ..၊ ကဗျာစပ်နေသလား ..၊ ဘာရေးနေပါလိမ့် .."

ဟု စတင်တွေးလာချိန်မှာ ...

"အနုပညာရှင်တစ်ယောက်ဟာ .. သူ့အနုပညာနဲ့သူ စီးဝင်မျောပါနေတယ်ဆိုတာ ဒီလိုမျိုးလား .. ကြည့်စမ်း .. အေးချမ်းလိုက်တာ .. မျက်နှာလေးမှာ ဒေါသရိပ် .. မာနရိပ်မရှိဘူး .. အရမ်းကို အေးချမ်းနေတာပါလား .. ဒါ .. အနုပညာရဲ့ ထူးခြားတဲ့ပုံရိပ်ပဲ .."

ဟု မခံစားဘဲ မနေနိုင်လောက်အောင် ကောင်မလေး၏မျက်နှာလေးကလည်း တကယ့်ကို အေးချမ်းနေသည်။ ဖြူစင်သောအရိပ် - အေးမြလိုက်တာ .. ဟု သူ ငေးအကြည့်နှင့် တွေးနေမိရဆဲ ..၊ နောက်တော့မှ တစ်ချက် သူ လန့်ခနဲ ဖြစ်လာပြန်၏။ ကောင်မလေး၏ကိုယ်လေး တစ်ချက် ခါးလေးဘာလေး နွဲ့ချိုးတာ လုပ်လာသည်ကိုးလေ။

"သူ .. အခန်းထဲကမထွက်ခင် .. ငါ .. ငါ .. အခန်းထဲပြန်ရောက်မှဖြစ်မယ် .. ငါချောင်းတာ လူမိလို့ကတော့ ငါ့တစ်သက် .. ခေါင်းဖော်စရာတောင် မကျန်ဘဲဖြစ်မယ် .. သူ့ကို .. ငါက .. လာချောင်းပါတယ်ဆိုပြီး .. ဂုဏ်တတင်တင်နဲ့ရှိလိုက်မယ့်အမျိုး .. တစ်သက်လုံး ငါ့အနိမ်ခံဖြစ်မှာ .. ဖြစ်မှာ .."

ဤတစ်ကြိမ်မှာတော့ သူ လွှားခနဲ လွှားခနဲ ဗျိုင်းတို့၏ခြေလှမ်းဖြင့် လေ့ကားထစ်တွေကို ခုန်ပျံကျော်လွှား၍တက် ..၊ ခြေဖျားထောက်၍သွားတာပေမယ့် မြန်မြန်သွားသည့်ခြေလှမ်းတို့ဖြင့် ဟိုက်ဟိုက်အောင် မောကောသောကောဖြင့် အခန်းထဲပြန်အရောက် ခရီးနှင်ရသည်။ တကယ့်ကို အခန်းထဲရောက်တော့ တံခါးရွက်ကိုပိတ်၍ ချက်ပ် ..၊ ရေတစ်ဖန်ခွက်ကို နောက်တော့မှ သုတ်သုတ်သွားသောက် - ဆိုဖာရှည်ကြီးပေါ် ခြေကုန်လက်ကျထိုင် ..၊ ကျောကြီးမှီကျနေ



ပါးစပ်ကိုဟ၍ အသက်ရှူနေခိုက်မှာ .. အခန်းတံခါးပွင့်လာတော့ သူ့မှာ လန့်ခနဲဖြင့် ကျောကြီးမတ်သွားရပြန်၏။ အမောကလည်း ကောင်းကောင်းမပြေနိုင်သေး ..။ မျက်စိမျက်ဆံ လန့်ပြူးကျယ်ကြီးဖြင့် ကြည့်လိုက်မိတာမို့ အကြည့်ခံရသည့်ကောင်မလေးပင် အလန့်ကူးသွားပုံ သူ့ကိုကြည့်လာရင်းမှ ..

"ဟင် ...ဘာ .. ဘာဖြစ်တာလဲ .. ဘာတွေ့လို့လဲ .. မြွေဝင်လို့လား .."

ဟု ဟိုဟိုသည်သည်ကြည့်ရင်း မေးလာတော့ သူ မျက်မှောင်ကုတ်၍ ..

"ဟာ .. ဒီအိမ်ကြီးမှာ ဘယ်က မြွေဝင်ရမှာတဲ့လဲ .."

ဟု ငေါက်သံပေါ်လာသည်။

"မသိဘူးလေ .. ဒါဆို .. ဘာလန့်နေတာတဲ့လဲ .. ကဲ .."

ဟု မေးရင်းမှ အကြည့်က စားပွဲပေါ်ရောက်၏။ လက်ဖက်သုပ်ပန်းကန်၊ ဓာတ်ဘူးကြီးနှင့် လက်ကျန်နည်းနည်းရှိနေသေးသည့် ခွက်ထဲက လက်ဖက်ရည်ကိုကြည့်သည်။

"ဟင် .. ဒီလောက်ပန်းကန်ကြီးတစ်ခုထဲမှာ လက်ဖက်သုပ်တွေ သုတ်ပြီးစားတယ် .. ဟုတ်လား .. မောင်ကြီးက လက်ဖက်သုပ်တတ်တယ်ပေါ့ .. မှန်း .."

ဟု အားမနာပါးမနာ အလိုက်မသိဖြင့် တစ်ဖွန်းလာခပ်စားသည်။

"ဟင် .. ငရုတ်သီးစိမ်းလည်း မပါဘူး .. လက်ဖက်သုပ်ဆိုတာ စပ်မှ .. မောင်ကြီးရဲ့ .."

ဟု ဝေ့ဝေ့ဖန်ဖန် လုပ်နေသေးသည်။ နောက်တော့ သူ့သောက်လက်စ လက်ဖက်ရည်ခွက်ကိုဘေးချ၍ အောက်ခံပြားထဲသို့ ဓာတ်ဘူးထဲမှလက်ဖက်ရည်ကိုလောင်းထည့်ကာ အရသာခံ၍သောက်သည်။

"အံမယ် .. ဟုတ်သား .. ကောင်းလို့ပဲ .."

www.burmeseclassic.com

www.burmeseclassic.com



ဟု ရှိုးကျူးသံထွက်လာသည်။ အခန်းထဲမှာက .. ညအဆာပြေ စားသောက်ဖို့ ရယ်ဒီမိတ်လက်ဖက်ရည်ထုပ်၊ ကော်ဖီမစ်ထုပ်တွေလည်း ရှိသည်။ နို့မှုန့်ဘူးလေးလည်း ရှိသည်။ ရယ်ဒီမိတ်ဂျင်းလက်ဖက်ထုပ် လေးတွေလည်း ရှိသည်။ ညဆာလျှင် အောက်ထပ်ဆင်းစရာမလို။ ကိုယ့် အခန်းထဲကိုယ်စားလိုက်ရုံ ..။ ပန်းကန်နှစ်ချပ်သုံးချပ်၊ ဇွန်းနှင့် လက်ဖက် ရည်ခွက်တွေ ရှိကြသည်လေ ..။ ဒါကြောင့် .. သူ အောက်ထပ်မဆင်းဘဲ အားလုံးစားနိုင်ခြင်း ..။ ဘီစကစ်ပုံးကိုတော့ မဖွင့်ဖြစ်။ အိပ်ငိုက်ပြေဖေ ဖို့အတွက် ဘီစကစ်ထက် လက်ဖက်ပွဲက သူ့ကို ပို၍ ကူညီနိုင်သည် ကိုးလေ ..။

"ဒါနဲ့ — မင်း မအိပ်ဘူးလား .."

"ဟင် .. မောင်ကြီးကရော .. မအိပ်ဘူးလား .. သွန်း က ကဗျာစပ်နေတာလေ .. မောင်ကြီးက ငုတ်တုတ်ကြီး ပေကပ်မအိပ်ဘဲ လက်ဖက်သုပ်တွေစား .. လက်ဖက်ရည်တွေသောက်နဲ့ .. လုပ်နေတာ ရှင့် .. အခု .. တစ်နာရီထိုးပြီးနေပြီ သိရဲ့လား .. ဘာကိစ္စ မအိပ်ဘဲ နေ မနေရတာလဲ .. ဘာလဲ .. ခုတင်ပေါ်မအိပ်ရလို့ မအိပ်တတ်ဘဲ ဖြစ်နေ တာလား .."

ဟု မေးပြီးမှ လက်ထဲပါလာသောစာရွက်လေးကို ဖြန့်၍ကြည့် သည်။ နံရံမှာ တိပ်ဖြူဖြင့် သွားကပ်သည်။

"လာစမ်းပါ မောင်ကြီးရဲ့ .. နည်းနည်းလေးတော့ လာဖတ်ကြည့် စမ်းပါ .."

ဟုပြောတော့ သူ ခေါင်းခါသည်။ ကွန်ပျူတာဖြင့် စီထားသော ကဗျာစာရွက်လေးကို နံရံမှာကပ်ထားသမျှ သူက လိုက်၍လိုက်၍ ဖတ် ပေးရမည်တဲ့လား ..။ ဝေးသေး .. ဟု စိတ်ထဲက ရှုံ့မဲ့၍ပြောသည် အသံမထွက် ..။

"အဟမ်း .."



ချောင်းဟန့်သံ ပေါ်လာပြီ။ သေချာတာတစ်ခုကတော့ ကောင် လေး ကဗျာဖတ်၍ သူ့ကိုကြွားတော့မည်။

"အချစ်ဆိုတာ
ဘယ်ခါမရှိလျှင် ..
ဘယ်သူပင် ရင်မှာငြိမ်းနိုင်မလေ့ ..။
ယောင်ချာချာ ဟိုသည်လှမ်း
သောင်ကမ်းမတွေ့ ..။
အမုန်းကိုဖယ်ရှား
နှလုံးသားမှာထားပါလျှင်
သူ့တွင် ငါ့တွင် ..
ပန်းလွင်ပြင် ကဗျာစခန်း
အောင်ပန်းဆင် ရွှေပြည်နန်း
တက်လှမ်းပျော်မွေ့ ..။

ကဗျာလေးကို သံနေသံထားဖြင့် ဖတ်ပြတော့ သူ မျက်မှောင်ကုတ် ၍ ကောင်မလေးကို ကြည့်မိရပါ၏။

"ဘာလဲ .. ဘာလဲ .. ငါက .. စိတ်ထားမကောင်းဘူး .. သူများ တွေကို မုန်းနေတတ်တဲ့သူမို့ .. ခုထိ .. စာရေးဆရာ မဖြစ်ဘူးလို့ .. မင်းက .. လာစွပ်စွဲနေတာလား .. ဟင် .. မင်းကတော့ .. သဘော ကောင်း မနောဖြူဆိုပါတော့ .. ဟုတ်လား .. ဟုတ်လား .."

ဟု အော်တော့ ကောင်မလေး တစ်ချက် အံ့ဩသလိုကြည့်၏။ နောက်တော့ ခေါင်းခါသည်။

"သွန်း စရောက်တဲ့ ဒီနေ့မှာ .. စိတ်ကောင်းမွေးဖို့ .. ကိုယ့်ကို ကိုယ် သတိရှိအောင် .. အသိရှိအောင် .. ဒီကဗျာလေး ရေးတာပါ မောင်ကြီးရဲ့ .."

ဟုဖြေသည်။ နောက်တော့ အိပ်ရာခင်းလေးခင်းထားကာ ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



အုံးလေးချ၍ ခြေရင်းဘက်မှ စောင်ခေါက်လေးတင်ထားပါသည့် ဆိုဖာ ရှည်ကို တစ်ချက်ကြည့်သည်။

"မောင်ကြီး အိပ်ပျော်မှာမဟုတ်ပါဘူး .. ဆိုဖာရှည်မှာမှ မအိပ်ဖူး ပဲကိုး .. သွန်း .. အောက်ထပ်က စာကြည့်ခန်းဆိုဖာမှာ သွားအိပ်ပါ့ မယ် .. သွန်း ကတော့ .. ငယ်ကျင့်ကိုက .. စာကြည့်ရင်း စောင်ပါးလေး ပါ တစ်ပါတည်းယူပြီး မှီအုံးကို ခေါင်းအုံးလုပ်ပြီး အိပ်ပျော်ရင် အိပ် ပျော်နေတတ်တာလေ .. အကျင့်ပါနေပြီ .. မောင်ကြီး ခုတင်ပေါ်မှာ အိပ်ပါ .. တံခါးလည်း ချက်ချလို့ရပါတယ် .. သွန်း လည်း ဗီဒီယို ကင်မရာ တကယ်လည်းမရှိပါဘူး ... အဟက်ဟက် .."

ဟု ပြောကာရယ်ကာဖြင့် စောင်ပါးလေးတစ်ထည်ကောက်၍ ခုတင်ပေါ်မှယူလိုက်ကာ အခန်းထဲမှထွက်သွားတော့ သူ ငိုင်၍ ကျန်ခဲ့ ရပါသတည်း ..။

ကြည့်စမ်း .. ကောင်မလေး သူ့ကို လက်ရုံးတန်း၍ ကြိမ်းလား မောင်းလားဖြင့် ခြောက်ခဲ့သည့်ကိစ္စ ..၊ သူ တကယ်မှတ်၍ လက်ဖက် သုပ်စားရ၊ လက်ဖက်ရည်သောက်ရဖြင့် မိုက်တွေအောင့်နေရသည်အထိ ဖြစ်ခဲ့ရပြီးပြီ။ တကယ်တမ်းကျတော့ ကောင်မလေးမှာ ဗီဒီယိုကင်မရာ မရှိပါတဲ့။ အိပ်တော့လည်း အောက်ထပ်သွားဆင်းအိပ်နေပြီ။

သူ .. သူ .. ဤတစ်ကြိမ်မှာလည်း .. ကောင်မလေး၏ နောက် ပြောင်ကျီစယ်မှုကို အူလည်လည် ထုံတုံတုံဖြင့် ခံလိုက်ရပြန်ချေသည် တကား ..။

ဒါပေမယ့် .. သူ .. တံခါးချက်မချဘဲတော့ မအိပ်ရဲ ..။ ဗီဒီယို ကင်မရာမရှိပါဆိုတာကို အရမ်းလည်း ပစ်မယုံရဲ ..။ သူ အိပ်မှ .. လာ ရိုက်နေလျှင် အခက်လေ။ တံခါးချက်ကိုပိတ်နေရင်းမှ ဤတစ်ကြိမ်မှာ တော့ သူ လွှတ်ခနဲ ပြုံးမိသည်။ သူသည် ခိုးကြောင်ခိုးဝှက်ဖြင့် ချောင်း ကြည့်တတ်သည့် ခန့်ညားမောင် လည်း ဖြစ်မှန်းမသိ ဖြစ်ခဲ့ရပြီးပြီ။



ပြီးတော့ အခန်းတံခါးကို ချက်မချဘဲ မအိပ်ရဲသည့် ခန့်ညားမောင် လည်း ဖြစ်နေသည်။

သူသည် .. ထိုအဖြစ်တွေကြားထဲမှာရှိနေရင်း .. ရင်ထဲမှာ ထူးခြား သောခံစားမှုတစ်ခုကို ခံစားလာရပါ၏။ သူသည် .. သူမလုပ်ဖူးသော အလုပ်တွေကို ဤကောင်မလေးကြောင့် လုပ်တတ်နေသည်တကား။ ပြီးတော့ ရယ်စရာလည်း ဖြစ်လာနေသည်။ ပျော်စရာလိုလိုလည်း ဖြစ် နေသည်။ ထူးဆန်းသောအတွေ့အကြုံတစ်ခုသည် မင်္ဂလာဦးကာလမှာ သူ့ထံသို့ .. ကောင်မလေးကြောင့် .. ရောက်ရှိလာရချေသည်ကောလေ။

ခုကျတော့မှ ကဗျာရွေ့မှာ ရပ်မိသည်။

ပြီးတော့ ဖတ်မိချေသည်တည့် ..။

"အမုန်းကိုဖယ်ရှား

နှလုံးသားမှာ ထားပါလျှင်

သူ့တွင် ငါ့တွင် ..

ပန်းလွင်ပြင် ကဗျာစခန်း

အောင်ပန်းဆင် ရွှေပြည်နန်း

တက်လှမ်းပျော်မွေ့ .... ...

ဆိုသည့် အဆုံးပိုဒ်မှာ အကြည့်သည် တန့်၏။

ဤညမှာ .. ဤကဗျာလေးကို .. ချစ်စရာကောင်းအောင် .. သီကုံး ခဲ့သည့်ကောင်မလေး ..။ ဟုတ်သည် .. ကဗျာလေးက ချစ်ဖို့ကောင်း နေသည်။ ချစ်စရာလေး ဖြစ်နေချေသည်တကား ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

အတော်ကျယ်သည့် တဘုန်းဘုန်းထုသံကြောင့် သူ လန့်နိုးလာရပါ၏။ အိပ်မှုံစုံမွှားဖြင့် သူ မျက်စိတွေပွတ်၊ ခေါင်းကိုခွာ၍ ကသောင်းကနင်းကြီး ထထိုင်လိုက်ရသည်က ဘယ်လိုမှ နားမခံသာနိုင်ဘဲ ဖြစ်နေရပါသည့် တံခါးရွက်ကြီးကို ထုရိုက်နေသံကြောင့်ဖြစ်နေမှန်း .. ခုမှ ဇဝေဇဝါးစိတ်တွေ မပြယ့်တပြယ်ဖြင့် သိလာရသည်။ ညက ကိုယ့်အတွတ်နှင့်ကိုယ်စူးကာ လက်ဖက်သုပ်တန်ခိုး၊ လက်ဖက်ရည်ကျကျတန်ခိုးတို့ဖြင့် တော်တော်နှင့်အိပ်မရ။ စတင်၍ ခုတင်ပေါ်လှဲလိုက်ရသည့်အချိန်ကပင်လျှင် တစ်နာရီခွဲနေပြီးပြီ။ မနက်နှစ်နာရီထိုးလည်း အိပ်မရ၊ သုံးနာရီထိုးလည်း အိပ်မရ၊ မျက်စိကြောင်နေသည်။ ဗိုက်ထဲအင့်နေသည်။ မနက်သုံးနာရီကျော်တော့မှ အိပ်ပျော်သွားခဲ့ခြင်း ..။ ခုကျတော့ မနက်အစောကြီးလာ၍ အာမနာလျှာမကျိုး တံခါးရွက်ကို တဘုန်းဘုန်း တဒိုင်းဒိုင်း လာထုနေသည့် သူငယ်မ ..။ စိတ်ထဲ ကျိန်ဆဲချင်လာသည်။

"ကျွတ် .. ငါ စိတ်ညစ်တယ် .. အဟုတ် .. အိပ်မယ်မှမကြံ .. လာအနှိုးခံရဆိုသလိုဖြစ်နေပြီ .."

အံမယ် .. ညည်းညည်းညူညူစကားက တိုးတက်နေသည်တည့်။ နံဘေးကာရန်တွေဘာတွေ မှန်နေသည့်အညည်း ..။ ဘာတဲ့ .. အိပ်မယ်



…ကြံ .. လာအနှိုးခံရတဲ့လားလေ ..။ သူလည်း စာရေးဆရာမပေါက်စန…ဘတ်ကူးလာပြီထင့် ..။

"တံခါးဖွင့်ပါ မောင်ကြီးရဲ့ .. ဒီမှာ .. ဒုက္ခတွေ့နေလို့ဥစ္စာနော်.. …ပ်လိုက်တာလည်း ဆင်အော်မကြား .. ဆားအော်မကြင် ဆိုသလို ဖြစ်…တယ် .."

သူ လွှတ်ခနဲ ပြုံးမိ၏။ ဆင်အော်သံမကြား .. ဆားအော်မကြင်တွေ…ဘာတွေ စကားပြောင်းပြန်တွေ ဘာတွေဖြင့် ရွှတ်တတ် ညည်းတတ်…ည့်သူငယ်မ ..။ ဘာတွေများ ဒုက္ခတွေ့လာသည်မသိ ..။

"ကောင်းတယ် .. မနက်စောစော .. သူဒုက္ခတွေ့နေတယ်ဆိုတာ…ကြားရတာလောက် နားအရသာတိုးတာမရှိဘူး .. နေပေ့စေ .. ငါခဏ…ငြိမ်နေလိုက်မယ် .. အိပ်ပျော်ချင်ယောင်ဆောင်တာများ လွယ်ပါ့ .. …သံမပေးဘဲ ငြိမ်နေရုံပဲ .."

သူ စိတ်ပုပ်လည်း မွေးတတ်လာနေပြီ။ ကောင်မလေး စိတ်ညစ်မေ့…ဆိုသည့်အောဖြင့် သူ ပေကပ်၍ ထိုင်နေသည်။ [illegible]ပေါ်မှ ခြေ…ထောက်ကိုတွဲလွဲချ၍ ငြိမ်ထိုင်နေ၏။

"မောင်ကြီး .. တံခါးဖွင့် .. ဟိုမှာ .. ဖေဖေနဲ့မေမေရော၊ အန်ကယ်…အန်တီလွမ်းရော .. ခြံတံခါးပေါက်ရောက်နေပြီ သိရဲ့လား .. ကား…ဟွန်းသံမကြားဘူးလား .. တကတည်း .. အိပ်လိုက်ပုံများ .."

နင်းကန်တံခါးထုရင်း ကောင်မလေး အော်ခိုက်မှာ သူ ဖြောင့်ခနဲ…အောင် ထရပ်မိပြီးသား ဖြစ်ကုန်ရပြီတည့် ..။ ဘုရားရေ .. ဖေဖေနှင့်…မေတို့ ရောက်လာကြသည်တဲ့လား ..။ အန်ကယ်သု နဲ့ အန်တီထားတို့…ည်း ပါနေသည်တဲ့။ သူက .. အခန်းတံခါးချက်ထိုး၍ ခုတင်ပေါ်…ခန့်သားအိပ်နေသည်ဆိုတာမျိုး မေမေသိလို့ကဖြင့် သူ့ဘိုကေလေးကို…ဘင့်ဆွဲဂုဏ်ပြုမှာ သေချာနေသည်လေ။

ကမန်းကတန်း တံခါးဖွင့်ပေးတော့ ကောင်မလေး ခပ်သုတ်သုတ်…ခန်းထဲဝင်လာသည်။ ခေါင်းခေါက်ကလေးကို ခုတင်ပေါ်တင်သည်။

www.burmeseclassic.com

www.burmeseclassic.com



မှန်တင်ခုံရှေ့မှာ သုတ်သုတ်ထိုင်သည်။ သနပ်ခါးတွေဘာတွေ ကသော ကမျောသွေးကာ သုတ်သုတ်ယက်ယက်ပါအောင် လူးနေသည်။ နောက်က ကျားလိုက်သည့်နယ်ပင်ရှိ၏။

မိန်းကလေးတစ်ယောက် သနပ်ခါးသွေးလိမ်းနေတာ အနုမှ သူ ကြုံဖူးခြင်း ...။ အရင်တုန်းကတော့ မေမေနှင့် ဒေါ်ကြီးဥတို့ ဘာတို့ လူးတာပြုတာတို့ တွေ့ဖူးတာရှိပေမယ့် .. ခုလို .. ချောမောလှပသည့် ကောင်မလေး နုနုငယ်ငယ်လေးတစ်ယောက် သနပ်ခါးတွေဘာတွေ သွေးလူးနေတာမျိုးကို တစ်ခန်းတည်းအတူနေ၍ ကိုယ်တွေ့ကြုံတာ ကတော့ဖြင့် .. ဒါ .. ပထမဆုံးပဲဖြစ်လေသည်။

ကောင်မလေး သူ့ကို မျက်မှောင်ကုတ်၍ကြည့်၏။ မှန်နောက်မှာ သူလည်း ရပ်နေတာမို့ မှန်ထဲမှ သူ့ပုံရိပ်ကိုလည်း မြင်နေရသည်။ ခေါင်းက စုတ်ဖွားဖွားနိုင်နေ၏။ ရှက်စိတ်ဖြင့် ကမန်းကတန်း လက်ဖဝါးတွေဖြင့် ဆံပင်ကို ဖိရသပ်ရဖြင့် သူ ရှိသွားရသည်။ ညဝတ်အင်္ကျီကလည်း နည်းနည်းတွန့်ကျေကျေဖြစ်နေပြီ။ သူ ဆွဲဆန့်မိပြန်၏။ ဘောင်းဘီကလည်း ညာဘက်ဘောင်းဘီအောက်ခြေရှုံ့ကြိုးက လိပ်တက်နေ၍ ဒူးဆစ်အောက်မှာ ခပ်တိုတိုနေရာယူကာ ဘယ်ဘက်ဘောင်းဘီအောက်ခြေရှုံ့ကြိုးက ခြေမျက်စိအထက်မှာ တွန့်စုစုရှိနေတာမို့ တစ်ဖက်တိုရှည်ဒီဇိုင်းနှင့် မျက်မှန်မပါဘာမပါ စုတ်ဖွားဖွား ရှုံးပုံ့ပုံ့ဖြင့် မသားနားစွာ ရှိနေပါသည့် သူ့ရုပ်ကိုသူကြည့်၍ ရှက်၏။ ဘယ်တော့မဆို .. ခန့်ညားမောင် ဆိုတာက မျက်နှာသေချာသစ်၊ မုတ်ဆိတ်မွှေးလေး ပါးမြိုင်းမွှေးလေးတွေ သေချာရိတ်သင်၊ ဘိုကေလေး ခပ်ကျော့ကျော့၊ ရေမိုးလေးပင်ချိုးကာဖြင့် အဝတ်အစားမီးပူကျဖြင့် မနက်စောစောအောက်ထပ်ဆင်းလာတတ်သည့်သူ ...။ ခု .. ထိုစံချိန်လည်း ပျက်ပြီ။ ပြီးတော့ .. ဤကောင်မလေးလို စွန်မျက်စိ အတင်းတုပ်တတ်သည့်သူ့ရှေ့မှာမှ ခုလို ခေါင်းမွှေးဖွာလန်၊ ဘောင်းဘီတစ်ဖက်တိုရှည်အချိုးဖြင့် မိုးတိုးမတ်တတ် ကိုယ်ထင်ပြရပ်နေရတာလောက် ရှက်ဖို့ကောင်းတာမရှိ။



"ဘာရပ်နေတာလဲ .. မျက်နှာသစ်လေ .. ခေါင်းဖြီး .. အဝတ်အစားလဲ .. အောက်ထပ်ဆင်းလာခဲ့တော့ .. ဟိုမှာ ဘဘစိမ်း ခြံတံခါးခြေဖွင့်ပေးနေတယ် သိရဲ့လား .. ရှင် .. အအိပ်မက်နေတာသိရင် .. ထမင်းဆုံးဆူမှာကဲ .. အန်တီလွှမ်းပဲ .. ကဲ .. သုတ်သုတ်လုပ် .. ကျွန်မအောက်ထပ် ပြန်ပြေးဆင်းရမယ် .. လူကြီးတွေရောက်လာချိန်မှာ .. ကျွန်မ သနပ်ခါးမလူး ဘာမလူးနဲ့ဖြစ်နေရင် မေမေက အရင်မေးမှာ.. မေမေက မနက်ဆိုရင် .. မျက်နှာသစ်ပြီးတာနဲ့ သနပ်ခါးလူးမှကြိုက်တာ .. ကျက်သရေရှိတယ်တဲ့ .. အခု .. ရှင့်တံခါးချက်ကြီးထိုးထားတာက နေမြင့်တဲ့အထိဆိုတော့ .. သနပ်ခါးလည်း လာမလူးနိုင်ဘဲ ဖြစ်ခဲ့ရတာရှင် .. ရှင်ကလည်း အိပ်လိုက်ပုံများ .. အံ့ပါရဲ့ .. မနက်မှာ လူကြီးတွေလာကြမယ်ဆိုတာလေးလောက်တော့ .. သတိဝီရိယလေး ထားအိပ်သင့်တာပေါ့ .. ခုလို .. ရှင် တံခါးချက်ကြီးပိတ်အိပ်နေတာ လူကြီးတွေသိရင် .. သွန်း က .. အောက်ထပ်မှာအိပ်တာ မိသွားမှာပေါ့ .. ဒါကြောင့် ဖုတ်ပူမီးတိုက် ပြေးလာရတာ .. တကတဲ မှ .. ရှင်အိပ်နေတာက .. သူများတွေ မနက်စာစားပြီးလို့ .. ရေဒီယိုရှစ်နာရီသတင်းတောင် နားထောင်ပြီးချိန်ဖြစ်နေပြီ သိရဲ့လား .."

ဆက်တိုက်ရွတ်လည်းရွတ် ...၊ အခန်းထဲမှ သုတ်သုတ်ပြန်ထွက်သွားသည့်ကောင်မလေးကို သူ ဘာတစ်ခွန်းမျှ ရန်မလုပ်လိုက်ရ၊ တုံ့ပြန်ရန်လုပ်ဖို့ ပြင်နေသည့်စကားတွေ လည်ချောင်းပေါ်ကို မတက်လိုက်ရ။ လည်ချောင်းထဲမှာပဲ ကျန်နေခဲ့ရကာ ကောင်မလေး၏ ပွစိပွစိရွတ်သွားသမျှကို နားထောင်ကျန်ခဲ့ရတာပဲရှိခဲ့ရပါသည့်အဖြစ် ...။

နာရီကို ကမန်းကတန်းကြည့်မိသည်။ ဟုတ်ပါပေရဲ့ .. လေ ...။ ရှစ်နာရီခွဲလုလုပင်ဖြစ်နေသည်ကိုး။ ဒါကြောင့် .. ကောင်မလေးက သူ အိပ်ရာထချိန်ကို ရေဒီယိုသတင်းအပြီးဟုပင် ပြောသွားခြင်း။

"အဲဒါပြောတာ .. စကားကို ရိုးရိုးမပြောဘူး .. သိုင်းဝိုင်းပြောကို ပြောရမှဆိုတဲ့ ကောင်မလေး .. ရှစ်နာရီကျော် .. ကျော်တယ်ပြောပါ့

www.burmeseclassic.com



လား .. ခုကျတော့ .. ငါ့ကိုများ ကဲ့ကဲ့ရဲ့ရဲ့ ပြောသွားလိုက်တာ .. ရေဒီယို သတင်းတောင် ပြီးပြီတဲ့ ..''

သူ့စိတ်ထဲက မကျေမချမ်းပြောနေရင်းမှ ကမန်းကတန်း ရေချိုးခန်းဝင် ..၊ မျက်နှာသုတ်သုတ်သစ် ..၊ မုတ်ဆိတ်လည်းမရိတ်အား ..၊ တိုစိစိလေးတွေ သည်အတိုင်းထားလိုက်ရကာ အဝတ်အစားပြေးလဲ ..၊ ခေါင်းဖြီး ..၊ အောက်ထပ်သို့ ခြေလှမ်းတွေ လွှားခနဲ လွှားခနဲဖြင့် ဆင်းလာရပါ၏။ ဒါပင် မီလိုက်ရုံရှိသည်။ ကားက ပေါ်တီကိုအောက် ရောက်ပြီ။ ဤမျှလောက် မြန်ဆန်စွာ သွားတိုက်ဖူးတာလည်း မကြုံဖူးခဲ့။ မျက်နှာကို ရေဖြင့် သစ်ရုံသစ်ခဲ့ရတာမျိုးလည်း မကြုံဖူးခဲ့။ လူကြီးတွေ အရောက် .. သူလည်း အောက်ထပ်မှာအရှိဖြစ်နေဖို့ .. သူ .. ကပြစ်ကညစ်ဖြင့် မျက်နှာသစ်ခဲ့ရခြင်း။

ပေါ်တီကိုအောက်မှာ အသံတွေ ဝေစည်နေပြီ။

''အံမယ် .. အံမယ် .. မန်းကီးက ဒီလောက်လေး ခဏခွဲရတာကိုများ .. လွမ်းနေလိုက်တာ .. ဟော့ .. ဟော့ .. ခုန်မတက်နဲ့ကွ .. ခေါင်းနဲ့ မခွေ့နဲ့လေ .. ဟဲ့ .. ခြေထောက်ကို အတင်းမဖက်နဲ့လေ .. ဟော .. ကြည့် .. လက်ကို လျှာနဲ့ လျက်ပြန်ပြီ ..''

သူ .. အသံဖြင့်ပင် နှလုံးနောက်လာ၏။ ကောင်မလေးထံမှာ ခွေးလက်တွေထိ ..၊ လျှာနှင့်လျက် ..၊ ဟိုဖက်သည်ဖက်ဖြင့် ခွေးဆီမှပိုးတွေ ဘယ်လောက်ကပ်ကုန်ပြီမသိ။ ခွေး ဆိုတာက ခြေထောက်မှာ ဖိနပ်ပါတာမှမဟုတ်သည်ပဲ။ ဟိုနင်းသည်ပြေးဖြင့်ရှိသည့် လက်တွေ၊ ခြေထောက်တွေမှာ ဘယ်လောက်ညစ်ပတ်ပိုးတွေ တွယ်ကပ်နေသည်မသိ။ သူ.. စိတ်လက်ညစ်ပြီ။ ဤခွေးတစ်ကောင်နှင့် သူက ဤအိမ်တစ်အိမ်ထဲမှာ အတူရှိနေရချေဦးတော့မည်။ သူကသာ အဆင်မချော၊ ရင်ထဲမောနေရပေမယ့် အပြင်ဘက်မှာတော့ ခွေးနှင့်လူကိစ္စအားလုံးက တရယ်မောမောဖြင့် အစစ အသားတကျ ရှိနေကြပါ၏။ သူ့ကို ဘယ်သူမှ မေးစမ်းဖော်မရ။ မေးသံမကြားရ။ ရင်ထဲ နည်းနည်းအောင့်၏။ လူတစ်ယောက်



ခွေးတစ်ကောင်က ပို၍ လောလောဆယ်မှာ အရေးအရာပါနေသယောင် ဖြစ်နေသည်လေ။

''ခန့်ကြီးရော ..''

''ရှိပါတယ် .. မီးဖိုခန်းထဲ ကျန်ခဲ့တယ်လေ .. အဟင်းဟင်း .. ဝင်ကူလုပ်မယ်ချည်း တကဲကဲလုပ်နေလို့ မနည်းတားထားရတာ .. အန်တီလွမ်းရဲ့ ..''

''ဟုတ်မှဟုတ်ရဲ့လား ကလေးရဲ့ .. အန်တို့သားအကြောင်း အန်တီ သိတယ်နော် .. သူလား .. မီးဖိုချောင်ကိစ္စဝင်ပါမှာ .. ဟောဒီမှာ ထားရေ .. သမီးလေးကတော့ .. သူ့မောင်ကြီးကို ကာကွယ်နေလေရဲ့ .. ဒီခန့်ကြီးဆိုတာလေ .. အိမ်မှာ လက်ဆေးစားနေတဲ့သူရှင့် ..''

ဟု ပြောကာ ရယ်သံတွေ ပေါ်လာပြန်သည်။

အခန်းထဲဝင်လာကြတော့ သူ မီးဖိုတံခါးဘက် ဈေ့ခနဲရောက်အောင် ပြေးသွားခဲ့ပြီးတာမို့ တကယ်ပဲ မီးဖိုထဲကထွက်လာသယောင်ယောင်တွေ ဖြစ်ကုန်ရကာ ..၊ မေမေပင် သူ့ကို မျက်ခုံးလေးပင့်၍ ကြည့်လာသည်။

''မေမေ့သားက .. မီးဖိုထဲဝင်တယ် .. ဟုတ် ..''

ဟု မေး၏။ သူ ပြုံးကာ ..

''ခုကတည်းက .. မေမေ့ချွေးမက ခိုင်းနေပြီဗျ .. ကြက်သွန်ခွာပေးပါ .. ဖန်ခွက်ယူပေးပါ .. ထမင်းအိုးမွှေပေးပါ .. အဲသလို ..''

ဟု ရယ်မောပြောတော့ အန်တီထားမှ မျက်မှောင်ကုတ်၍ သမီးကိုကြည့်ကာ ..

''ရှေ့သွန်း .. အဲသလိုမခိုင်းရဘူးလေ .. စောစောက ကြားတယ် မဟုတ်လား .. ခန့်ကြီးက .. လက်ဆေးစားတဲ့ကလေး ..''

ဟု ပြောနေသည်။ ထိုစဉ်ခိုက် စကားပြတ်သွားရစေအောင် လုပ်လိုက်သည်က မန်းကီး ဆိုသည့် အညိုရောင်ခြေတံရှည် ကသန်ကလားခွေးကြီးပါ။ ဝုတ် ဝုတ် .. အီး အင်း .. အီးအင်း .. အသံဖြင့် ခုန်ပေါက်

www.burmeseclassic.com

www.burmeseclassic.com



ဝင်လာကာ သွန်း ကို လှည့်ပတ်ပြေးပွတ်၊ လက်နှင့်ပုတ် ..၊ ခေါင်းနှင်း ခွေ့ ..၊ လက်တွေအတင်းပေး ..၊ ခြေသလုံးနှစ်ဖက်ကို လက်ဖြင့် အတင်း ပိုက်ဖက်ထားနှင့် လွမ်းသမျှကို ပေါ်တီကိုဆီမှ ညှော်ခန်းသို့တိုင်အောင် အရှည်ဆက်နေခြင်း။

"ဟုတ်ပါပြီ မန်းကီးရဲ့ .. မနက်ဖြန်ကျရင် .. နင့်ကျန်ခဲ့ရာ ငါ့ ဘော်ဒါတွေဆီလည်း ငါဝင်ရဦးမယ် သိရဲ့လား .. နင် .. တူတူလိုက် မှာလား .. လိုက်ခဲ့ပေါ့ မန်းကီးရ .. ဟိုမှာ သူတို့နဲ့ တူတူပြန်ဆော့ ရတာပေါ့ .. မေမေရေ .. ဘလက်ကီရော .. ငြိမ်ရဲ့လား .. သွန်း ကို လိုက်ရှာနေပြီထင်တယ် .. အို .. အားလုံးလိုက်ရှာနေကြမှာ သိလား .. ဟင့် .. ဟင့် .. အီး .."

အရေးထဲ ပြောရင်းဆိုရင်းမှ ခွေးတွေလွမ်းသည့်ခါတ်တက်လာ ကာ မျက်ရည်ကျ ငိုနေတော့ လူကြီးတွေ တစ်ချက်ငြိမ်နေသည်။ သူ လည်း ဘာလုပ်ရမယ်မှန်းမသိ။ လူတစ်ယောက်က ခွေးကိုလွမ်း၍ ငို သည်ဆိုတာကိုက ဆန်းနေသည်။ သူ့မှာ ထိုခံစားချက်မျိုး မရှိဖူး - ခွေးကိုလည်း ချစ်ရမှန်းမသိ ..။ ခုလို ... ငိုနေတာတွေ့တော့ ရင် ဆန်းနေရသည်။

"ဟဲ့ .. သား .. ဘာကြည့်နေတာလဲ .. ပခုံးပေါ်ကသဘက် ပေး လိုက်လေ .. ကလေး မျက်ရည်သုတ်ရအောင် .."

သူ ကသုတ်ကရက် မျက်နှာသုတ်ကာ သဘက်ကို ပခုံးပေါ် မှ တင်ထားမိသမျှ .. အောက်ထပ်ထိ ပါလာရတာမို့ ..၊ မေမေ မျက်စိမှ နှာမကောင်းနိုင်ဘဲ ကောင်မလေးကို ပွေ့ဖက်ထားရင်း သူ့ကိုလှမ်း သဘက်တောင်းတာမို့ ပေးလိုက်ရသည်ပါပဲ။

ကောင်မလေး လှမ်းယူသည်။ စောစောက ခွေး၏လျှာဖြင့်လျ ထားသော လက်ဖမိုးဆိုတာက ဘယ်ဘက်လား၊ ညာဘက်လား မသိ။ ခု .. သူ့လက်ကိုလှာထိသည့် လက်ဖမိုးကြောင့် သူ့မှာ လ ပြေးဆေးရမလိုလိုဖြင့် မသတီနိုင်ဘဲ ဖြစ်နေရပြန်သည်။ သူ့သဘ



လေးကိုယူ၍ မျက်ရည်သုတ် ..၊ နှပ်ညှစ်ထည့်နှင့်လုပ်နေတော့ .. သူ .. သဘက်ကို နှလုံးနောက်လာပါပြီ။ သူ့မှာက သဘက်သေးသေးလေး တွေ ဆင်တူ ..၊ အားလုံး အဖြူတွေချည်း ..။ ဘယ်သဘက်က နှပ်ညှစ် ထားသည်ဆိုတာ လျှော်ဖွပ်မီးပူကျဘာဝရောက်လျှင် သူ ရွေးချယ်နိုင်စွမ်း ရှိတော့မည်မဟုတ်။ မဖြစ် ..။ ဤသဘက် နှပ်ချေးပေကို အသာလေး ဟိုတယ်သွားချိန်မှာ ယူသွားကာ ဟိုရောက်မှ အမှိုက်တောင်းထဲ ထည့် လိုက်တော့မည်။ ဒါမှ .. သူ မျက်နှာသစ်ပြီးတိုင်း မျက်နှာသုတ်စဉ်မှာ စိတ်လက်အေးချမ်းရချေမည်တည့်။

"အန်ကယ်ရန်ရော .."

"အံမယ် .. ညည်း အန်ကယ်ရန် .. နောက်ကားနဲ့ ပါလာသပေါ့ ရှင် .. ခန့်ကြီးရဲ့ လေးလေးသိန်း မောင်းဝင်လာမယ့်ကားနဲ့ပေါ့ .. ဒီနေ့ ညနေပဲ သွန်းလေးရဲ့ အန်တီလွမ်း တို့ပြန်ကြမယ်တဲ့ .. အဲဒါကြောင့် ခန့်ကြီးရဲ့ ဒေါ်ကြီးစာနဲ့ မိလုံးတို့ကတော့ ကြာရိပ်ဖူးမှာပဲ ကျန်ခဲ့ကြ တယ်ကွယ် .. ဟိုမှာ အပြန်သယ်စရာတွေ ကားထဲ ထည့်သိုထားကြ မယ်လေ .. သမီးရဲ့မော်ဒယ်ပုလည်း အဲဒီ ရန်ကနားနဲ့အတူ .. ပါလာ လေရဲ့ .. ဟောဒီ မန်းကီးပဲ .. ချန်ခဲ့လို့ကိုမရတာ .. သမီးသွန်း ပျောက် နေကတည်းက .. တစ်ခြံလုံး ယောက်ယက်ခတ်ရှာနေတာ .. မနေ့က လည်း .. ဘာမှမစားဘူး .. မှိုင်နေလေရဲ့ .. ဒီနေ့ .. အပြင်ထွက်မယ် လည်းလုပ်ရော .. သူ .. သိများသိနေသလား မသိပေါင်အေရယ် .. ဇွေ့ခနဲ ကားနောက်ခန်းကို သူ အရင်ရောက်နေပြီ .. မေမေ့နားကပ်ပြီး ထိုင်ပါလာလေရဲ့ .. ခြေရင်းမှာ ခွေခေါက်လိုက်လာတာလေ .."

ဟု အန်တီထားပြောနေသမျှ သူ လည်း လိုက်နားထောင်နေရသည် ပါပဲ။ ကောင်မလေးကတော့ ခွေးကို ခေါင်းပွတ်ဇက်ပွတ်၊ နှာဖျားလေး နှင့်ထိ လုပ်နေသည်။ ခွေးကလည်း ခွေး ..၊ မျက်စိလေးမှေး၍ ငြိမ်နေ၏။ ဇက်ကလေး ရှေ့ထိုးထား၏။ ငန်းများ လည်ရှေ့ဆန့်ထားသည့်နှယ်ပင် ဖြစ်ချင်ချင်။

www.burmeseclassic.com

www.burmeseclassic.com



"မနက်စာစားကြရအောင် မေမေရယ် .. သွန်း ရော .. မောင်ကြ
ရော .. မစားကြရသေးဘူး .. မေမေတို့လာမှ စားမလို့လေ .."

ဟု ပြောခိုက် သူ ကသောကမျော ပြောမိသည်က ..

"ဟော့ .. ကောင်မလေး .. လက်ဆေးနော် .. လက်ဆေးပြီးမှ
စားစရာပန်းကန်ကိုကိုင် .. မနက်စာစားမယ့်ပွဲကိုပြင် .."

ဟု ပြောမိပြီ။ ကောင်မလေး လက်မဆေးဘာမဆေးဖြင့် ဘရိတ်
ဖတ်(စ်) ပွဲတွေ ပြင်လိုက်မှာ သူ လန့်သည်လေ။ သူ ရွံသည်ပေါ့။ ခွေး
ကို ဒီလောက်ပွတ်ကိုင်ထားသည့် ကောင်မလေး ..၊ ခွေးက လျှာနဲ့
လျက်ထားသည့်လက် ..၊ သူ .. မသတိနိုင်။ သူ အလန့်တကြားပြော
ခိုက်မှာ မေမေ သူ့ကိုကြည့်သည်မှ မျက်မှောင်ကုတ်၍ပါ။ အန်တီ
နှင့် အန်တီထားတို့ကတော့ ရယ်နေကြသည်ပါပဲ။ သူ အသန့်ကြိုက်
တာ သိကြသည်ကိုးလေ။

"ဒါဆို .. သား သွားပြင်ပါ့လား .. အဲဒီမနက်စာကို .."

ဟု မေမေပြောတော့ သူ ငြိမ်နေသည်။ သူမှ မလုပ်တတ်သည်ကိုး
လေ ..။

ထိုစဉ်ခိုက် အိမ်ရှေ့မှာ နောက်ထပ်ကားတစ်စင်း ဆိုက်၏။

"မမသွန်းရေ .."

"ရွှီတွန်းရေ .. ရွှီတွန်းရေ .."

လူမမြင်ရသေး ..။ အသံက တမ်းတစွာပေါ်၏။ အိမ်ထဲဝင်လာ
ကြသည်က အရပ်ရှည်ရှည်၊ ညိုပိန်ပိန်ဖြင့် ကောင်မလေးတစ်ယောက်၊
အရပ်ရှည်ရှည်မြင့်မြင့်၊ ညိုမောင်းမောင်းနှင့် ပိန်ကပ်ကပ်လူတစ်ယောက်၊
ရန်ကနားဆိုတာဖြစ်မည်။ ဟိုပေါက်စနကောင်မလေးက မော်ဒယ်
ဆိုတာ သူ မြင်ဖူးပြီးသားပါ။

"ဟေး .. အန်ကယ်ရန်နော် .. မနေ့ညကျွေးမှနော် .. ဂျာရိတ်
ကိုနော် .. ရောက်ဒယ်ရှိတယ် .... အန်ကယ်ရဲ့တူမဂ .. ဟိုးမှာ ... မန်း
ဂလားရှောင်ဒယ် .. ဒီးမှာဂ .. ရွှီတွန်းက မန်းဂလားရှောင်လိုက်ဒယ်



အဲ့ဩဘေမဲ့ .. ဝန်းတာဒယ် .. အန်ကယ်ရန် ဒီးမှာလာနေရမယ့်အတွက်
ဝန်းတာဒယ်ရှိတယ် .. ဒါ .. ရှာဂ ရန်ကနား ယူလာဒဲ့ .. ကြက်တူရွေး
နှစ်ကောင် .. ရွှီတွန်း လိုချင်တယ်ရှိလို့ .."

သွားပြီ ..။ ကြက်တူရွေးခြင်းတစ်ခြင်းထဲမှာ နှစ်ကောင်ပါလာ
သည်။ နောက်ထပ် ငှက်မွေးတိရစ္ဆာန် တိုးဦးတော့မည်တကား ..။

ကောင်မလေးက လက်သေချာဆေးကာ စားသောက်စရာတွေ
ပြင်ဆင်တာမို့ သူ စိတ်အေးသွားရသည်ပါပဲ။

ခေါက်ဆွဲကြော် ..၊ ကြက်ဥပုတင်း ..၊ ဆန်းကာစ်ဖျော်ရည် ..၊
ကြက်ဥဟပ်ဖရိုက် ..၊ အားလုံး သူနှင့် အဆင်ပြေနေသည်။ ပေါင်မုန့်
မီးကင်လည်း ပါသည်လေ။ ဤအစာတွေအားလုံးကို ကောင်မလေး
မနက်စောစောထ၍ ချက်ပြုတ်ထားသည်ဆိုတာ သူ မယုံချင် ..။ ကျော့
ကျော့နေသည့်ကောင်မလေးဟု သူထင်ထားသည်လေ။ အရသာလည်း
ကောင်းနေသည်မို့ ကျိတ်၍ ရင်ထဲမှ အံ့ဩနေသမျှ ဖွင့်ဟမပြောနိုင်
ပေမယ့် ..

"အချက်ကောင်းပဲဟေ့ .."

ဟုတော့ စိတ်ထဲက ကျိတ်ချီးကျူးမိပြန်သည်။ ဒါပေမယ့် တာ
ရှည်မခံနိုင်။ ခွေးကို ချကျွေးလိုက်၊ လူစားလိုက်၊ ခွေးက လူပေါင်ပေါ်
ခေါင်းတင် မေးတင်လုပ်၍ လက်ပုတ်ကာ တောင်းစားလိုက်ဖြင့် ခွေး
တစ်ဝက်စားနေသမျှကို သူ မြင်တော့ မနက်တိုင်းမှာ ခွေးနှင့်အတူတူ
သူလည်း မနက်စာစားရတော့မည်ဟု မိသက်မသာ တွေးရင်း ..၊ သိနေရ
ရင်း စိတ်မောလာရပြန်ချေသည်တကား ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

"ကိုသိန်း .. လာစမ်းပါ ..."

ဖေဖေ့အသံက ထမင်းစားခန်းဆီမှ လွင့်ခနဲ မာထန်ထန်ပေါ်လာတာမို့ သူ လန့်သွားပြီ။ ဖေဖေ ဘာများ အမြင်မတည့်တာ ရှိနေချေပြီမသိ။ သူ လည်း ဘာမှမလုပ်ရသေး။ မနက်စောစော မျက်နှာသစ်၊ အောက်ထပ်ဆင်းခဲ့တာပဲရှိသေးသည်။ ဖေဖေတို့ ရေပါတီကိုအောက်အရောက်ကို အလျှင်မီရုံလေး သီသီလေးမျှစောကာ ထမင်းစားခန်းထဲတက်သုတ်နှင်ရုံလေးပဲ ရှိခဲ့သေးသည်လေ။ ဘာဆိုဘာမျှ သူ မဟုတ်တာမလုပ်ရ ..။ ခု .. ဘာကိစ္စ ဖေဖေအမြင်မကြည်နေတာ ရှိနေပြီမသိ ..။ ဖေဖေ့ခေါ်သံကြောင့် လေးလေးသိန်းလည်း ထမင်းစားခန်းဆီသို့ ပျာတိပျာတာဖြင့် ပြေး၏။ ရန်ကနား ကတော့ လက်ထဲပါလာသည့် မှန်ပေါင်းသွင်း မျက်နှာဖုံးပန်းချီကားကြီး စားပွဲပေါ် ချနေသည်။

"အဲဒါ .. အခုချာစမ်း .. ဘယ့်နှယ်ကွာ .. ကြီးကြီးကျယ်ကျယ်.. သူက .. မနက်စာကို .. ဘာတွေ့စားမလေး .. ဘာလေးနဲ့ .. ကလေးကို စာတတန် ပေတတန်နဲ့ နံရံမှာ ကပ်ထား ပြထားရသေးသတဲ့ .. ကိုယ့်မိန်းမကိုများ .. ဘာမှတ်နေတာ်မသိပေါင် .. သူ့လက်တိုလက်တောင်းခိုင်းစရာ ခေါ်ထားသလိုများ ထင်နေသလား .. သူ့ဝတ်ကြီးဝတ်ငယ်တွေကို သူခိုင်းသလို လုပ်ရမယ့်သူလို့များ မှတ်နေသလား .. ဟော့ကောင်..



ခနဲ့ကြီး .. လာစမ်း .."

သွားပြီ ..။ သူ့လောက်အကင်းမပါးသည့်လူ ဘယ်မှာရှာတွေ့မည်တဲ့လဲလေ ..။ သူ စားချင်တာတွေ စာနှင့်ရေး၍ ကပ်ထားသည့်ကိစ္စ..။ ဒေဖေဒေါ်သံဖြစ်နိုင်သည်ဆိုတာလောက်ကိုတော့ ကြိုဖောင်၍ တွေးမိဖို့ကောင်းသည်။ ခုကျတော့ လူတတ်ကြီးလုပ်၍ ကောင်မလေးကို အမိန့်ပေးသည့် ခနဲ့ ..၊ ခိုင်းသည့် ခနဲ့ .. ဆိုတာမျိုးတွေးကာ ရေးထားမိသည့်ကိစ္စ ..။ ခုလည်း .. ကိုယ့်အတတ်ကိုယ်စူးတာ ထပ်တိုးပြန်ပြီ။ ကိုယ့်ရှုးကိုယ်ပတ် ထပ်တက်လာပြန်ပြီ။

"ကျွတ် .. ခက်ပြီပဲ .. အေးလေ .. ဘယ်တုန်းကမှ .. ဒီလိုပြဿနာမျိုး မွေးနံ့သာမှာ မရှိခဲ့ဖူးတာပဲဥစ္စာ .. ဟိုမှာက .. ဒေါ်ကြီးဥနဲ့ မေမေတို့ငါ့ကို အမြဲကြိုက်နိုးရာရာတွေ ကျွေးတတ်တာကိုး .. ခုဥစ္စာက .. ငါ့အကြောင်းမသိတဲ့ သူ့ကို သိအောင် .. ငါမကြိုက်တာတွေ မချက်အောင် ရေးမိတဲ့သဘော .. အဲဒီသဘောပါ .. အဲဒီသဘောပါ .."

ဖေဖေ့ကို ဘယ်လိုဆင်ခြေပေးရမည်ဆိုတာ ခုကတည်းက ကြိုတွေးရသည်။ လေပြေထိုးဖို့ ဉာဏ်ဆင်ရပြီ။ ကုပ်ကုပ်လေး ဖေဖေ့ထံရောက်တော့ ကောင်မလေး ညှော်ခန်းဆီမှ လိုက်မလာ ..။ ကျန်နေရစ်ခဲ့သည်။ သဘောက .. ကိုယ့်ပြဿနာကိုယ်ရှင်းဆိုသည့်သဘော။ ဖေးကူသည့်အစီအစဉ်မရှိပါ ဆိုသည့်သဘော။

"ဒါက .. ဒီလိုပါ ဖေဖေ ..သား မကြိုက်တာတွေ သူ ချက်မိမှာစိုးလို့ပါ .. စာနဲ့ ရေးပြထားရတာက .. ပါးစပ်နဲ့ပြောရင် .. သူ မေ့သွားမှာစိုးလို့ပါ .. ဒီသဘောပါ ဖေဖေ .. ဖေဖေမကြိုက်ရင် .. သား ဆွဲဆုတ်ပစ်လိုက်ပါ့မယ် .. ပေး .. လေးလေးသိန်း .. ပေး .."

နံရံမှခွာယူထားသောစာရွက်ကို လေးလေးသိန်း လက်ထဲမှ သူယူကာ ဖေဖေ့ရှေ့မှာ ဆွဲဆုတ်ပစ်လိုက်တော့ ဖေဖေ အတန်မျှ မျက်နှာထားတင်းနေတာ ပြေစပြုလာသည်။

"ရေးပုံရေးနည်းလည်း မမှန်နေဘူးနော် .. ဘာပါရမည် .. ဘာကို

www.burmeseclassic.com

www.burmeseclassic.com



အစာပိတ်ဖျော်ရည်တွေ လုပ်ရမည်နဲ့ ရေးထားတာကိုက .. ဖေဖေ့မျက်စိထဲ သိပ်မတွေ့ဘူးနော် ခန့်ကြီး .. မင်းကြိုက်တာ မင်းဖျော်ပေါ့ကွ .. လက်ပါတာပဲ .. အိမ်မှာလည်း ဖေဖေ စားချင်တာတွေ မီးဖိုထဲဝင်ပြီး ချက်ချင်ချက်ပစ်တတ်တာ မင်းအသိပဲ .. သားမေမေ ဘယ်လောက်တာဝန်ကျေတယ် .. ဖေဖေ့ကို ဂရုစိုက်တယ် .. ချက်ပြုတ်ကျွေးတယ်ဆိုတာ သားအသိပဲ .. ဒါပေမယ့် .. ဖေဖေကိုယ်တိုင်က .. ဝင်ဝင်ချက်တတ်တာ သားအမြင် .. အဲဒါ .. ချစ်ခြင်းမေတ္တာကွ .. ကူညီခြင်းကွ.. တစ်ယောက်နဲ့တစ်ယောက် သံယောဇဉ်ပိုကြီးလာစေတယ်ကွ .. မင်း.. အိမ်ဦးနတ်ဆိုပြီး .. ပေါ်ကျော့နေမယ် စိတ်မကူးနဲ့ .. ကဲ .. စားကြမယ်"

ဟု ပြောပြောဆိုဆို မနက်စာစားဖို့ကို ကုလားထိုင်မှာ သွားထိုင်သည်။ ထိုအခါမှ အားလုံး အထဲဝင်လာကြပါ၏။ မေမေကတော့ သူ့ကို မျက်စောင်းတစ်ချက် ခဲသည်။ အန်တီထားက ရယ်၍ ..

"ကလေးချော .. သူစားချင်တာလေးတွေ ရေးပြတာကိုများ ကိုကြီးစည်ရယ် .. မဆူပါနဲ့ .."

ဟု ချော့ချော့မော့မော့လေသံဖြင့် ပြော၏။ အန်ကယ်သု ကလည်း ခေါင်းညိတ်နေကာ သွန်း ကိုကြည့်၍ ..

"သမီး .. သေချာဂရုတစိုက်လေး မနက်စာ လုပ်ကျွေးနော် .."

ဟု မှာနေသည်။ မနက်စာစားကြတော့ သွန်း ဝင်မထိုင်။ စားဖို့သောက်ဖို့ ပြင်ဆင်ပေးသည်။ လိုက်ပွဲလေးတွေ လိုက်ထည့်နေသည်။ သူ့ပန်းကန်ထဲရောက်နေသည့် ခေါက်ဆွဲကြော်သည် စားကောင်းနေသည်။ ဘေးမှာရှိသည့် ပူတင်းပန်းကန်ထဲမှ တစ်ကော်လေး ဇွန်းဖြင့်ယူစားတော့လည်း ကောင်းနေသည်။ အားလုံးလည်း စားဝင်နေကြသည်ပါပဲ။ ဤကောင်မလေး အချက်အပြုတ်တတ်နေတာကို သူ အံ့သြသည်။ ဒူးဆစ်ဖုံးဘောင်းဘီနှင့် အကျီခါးရှည်လက်ပြတ် အနားတွန့်လေးကိုဝတ်ကာ ခွေးတစ်အုပ်နှင့်ပျော်နေတတ်သည့် ဤသူ ... ဤမှ၊ လက်ရာကောင်းအောင် ချက်ပြုတ်တတ်နေသည်လားဟု



အံ့သြသည်။ ပြီးတော့ .. ဤအချိန်လေးအတွင်းမှာ ဤမျှ အမယ်စုံမနက်စာ ကြော်လှော်နိုင်၊ မုန့်ဖုတ်နိုင်တာကိုလည်း အံ့သြသည်။ ဘယ်အချိန်ကများ ထသည်မသိ။ သူက အပေါ်ထပ်မှာ နှပ်နေချိန် ..၊ ဤကောင်မလေး မီးဖိုထဲမှာ တကုပ်ကုပ်ဖြင့် ချက်ပြုတ်နေသည်ပဲ။

"ဟော့ကောင် .. ခန့်ကြီး .. ခုထိ .. မင်းပါးစပ်မပွင့်သေးဘူးလားကွ .. ဟော .. သွန်းလေးကို တူတူစားဖို့ခေါ်လိုက်ရင် .. မင်း .. ဘာများပွံ့ပါသွားမှာမို့လို့လဲ .. ဖေဖေ တမင်ကြည့်နေတာ သိလား .. အပုလေးနဲ့ သွန်းလေးက လိုက်ပွဲလေးတွေ လိုက်ထည့်ပေး ဘာပေးနဲ့ လုပ်နေတာကိုများ .. မင်းက ခန့်ခန့်ကြီး ထိုင်တီးနေတယ်ပေါ့ .. ငါ .. တယ်လေ.. နားရင်းအုပ်လိုက်ရ .. နားလည်သွားတော့မယ် .."

ဖေဖေကျိန်းတော့ ထုံးစံအတိုင်း အန်တီထားမှ ..

"ဩော် .. ကိုကြီးစည်ကလည်းလေ .. ဒီနေ့မှာက .. ထားတို့လိုလူကြီးမိဘတွေ နှစ်ဖက်စုံရှိနေကြတော့လည်း သမီးလေးက ... ဘယ်ထိုင်စားဖြစ်ပါ့မလဲရှင် .. ခုလိုပဲ .. လူကြီးတွေအတွက် ဘာလိုနေနေ .. လိုက်ပွဲလေးဘာလေး လိုက်ဖြည့်ပေးရပေမပေါ့ .. ဒီမယ် သား .. မနေ့က .. ညစာ တူတူစားကြတယ် မဟုတ်လား .."

သူ ခေါင်းညိတ်သည်။ စိတ်ထဲ မျက်၍လည်း ကောင်မလေးကို ကြည့်မိသည်။ ဤမျှအထိ သူ့ကို ဖေဖေဆူနေတာ တစ်ချက်ဝင်မပြောပေး။ မနေ့က တူတူစားတာတွေ ဝင်ဖြည့်ပြောပေးဖို့ ကောင်းသည်ပေါ့။

"သူ့ကို ဝင်မစားရဘူးလို့ .. အခုလည်း .. သားက .. သူ့ကို ပြောလို့လား .. သူ့ဘာသာသူ .. မစားတဲ့ဥစ္စာ .."

သူ .. စိတ်ထဲကပြောခြင်း။ ပါးစပ်က ပွင့်မကျ။ ပြောလိုက်မိလျှင် အန်ကယ်သု နှင့် အန်တီထားကို အားနာနေရမည်လေ။ သွန်း ကိုအပြစ်တင်သည့်စကား ငွေ့ငွေ့သမ်း၍ သူ အထွန့်တက်ရာရောက်နေမည့် စကားကို သွန်း ၏ မိဘတွေရှေ့ မပြောသင့်တာလောက်ကိုတော့ သူ ဆင်ခြင်သင့်သည်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



"အေး .. နောက်ကို .. ထမင်းစားစား .. ဘရိတ်ဖတ်(စ်)ပဲစားစား အမြဲတမ်း .. ကိုယ့်အိမ်ကလူတွေအားလုံးနဲ့စား .. နှစ်ယောက်တည်း မစားနဲ့ .. ကလေးကို မင်း ပေါက်နေပြုနေမှာ ငါ အဖြစ်မခံနိုင်ဘူး .. ဘေးလူရှိနေတော့ .. ထမင်းဝိုင်းမှာ မင်း စကားဆင်ခြင်နိုင်လိမ့်မယ်.. ဒါ .. သွန်းလေး အတွက် .. ဖေဖေ စိတ်ချမ်းသာအောင် စီစဉ်ခဲ့ခြင်းပဲ.. စားတာသောက်တာကအစ .. ကလေးအပေါ်မှာ စတိုင်တင်းနေရင်– ငါ့ကိုလှမ်းတိုင် .. ကြားလား .. ဖုန်းလည်း ငါ့ပေးခဲ့ပြီးပြီဥစ္စာ .. သူ့ကို မကြောက်နဲ့ .. ငါ့ကိုဆက်စရာရှိဆက် .. ကလေးအပေါ်မှာ .. ခပ်တင်းတင်း တစ်ချက်လုပ်ကြည့် .. တစ်ချက်ဆိုတစ်ချက် .. ချက်ချင်းသာ ဆက် .. နှစ်ချက်သုံးချက် ဗိုလ်ဆက်ကျတာမျိုးထိ မစောင့်နဲ့ .. ကြားလား .. ဒီကောင့်ကို .. အပိုးကျိုးအောင် သေချာထိန်းကျောင်းပစ် .."

ဟု ဖေဖေပြောနေတော့ သူ့မှာ အနေကျပ် အစားကျပ် ဖြစ်တော့မည်ဆိုတာ သိလာနေရရင်း ရင်ကိုသာထု၍ ငိုချင်းပင် ချလိုက်ချင်တော့သည်ပါပဲ။

"ကိုသိန်း .."

"ခင်ဗျာ .."

ဖေဖေ့ခေါ်ဆတ်ဆတ်ခေါ်သံ ..။ လေးလေးသိန်း၏ ညောင်နာနာထူးသံ ..။ သူကတော့ စိတ်ညစ်လျက် ဘာသံမျှပင် ထွက်မကျချင်တော့အောင် စိတ်ဓာတ်အရှာ ကျဆင်းနေသည့်အချိန်ပဲဖြစ်လေသည်။

"ဖြေစမ်း .. သူ့ကိုကြောက်သလား .. ငါ့ကိုကြောက်သလား –

"သူ့ကိုလည်း ကြောက်ပါတယ် .. အစ်ကိုကြီးကိုလည်း ကြောက်ပါတယ် .."

လေးလေးသိန်း ဖြေချိန်မှာ ခစ်ခနဲ အသံပွင့်လာသည်က ကောင်မလေးပဲဖြစ်လေသည်။ အားလုံး ကောင်မလေးထံသို့ အကြည့်ရောက်၏။ သူလည်း ရောက်၏။ နှုတ်ခမ်းပေါ် လက်ဖဝါးလေးအုပ်၍ ရယ်ချင်စိတ်ကို အောင့်ထားပုံလေးဖြင့် ရှိနေသည့်ကလေးမ ..။ မျက်လုံးလေး



တွေက ရယ်မောရိပ်တွေ ပြည့်နေသည်။ နောက်တော့ ဟိုကြည့်သည်ကြည့်ဖြင့် အကြည့်လေးတွေ ရွေ့၏။ ပြီးတော့ မအောင့်နိုင်တော့သည့်နှယ် လက်ဖဝါးလေးကို နှုတ်ခမ်းပေါ်မှအရင်ဖယ်၍ လက်ကလေး ဗိုက်ပေါ်အကျအနအုပ်ကာ ရယ်ချေသတည်း။

"အဟက် ဟက် .. ရယ်ရတယ် သိလား .. အဟင်း ဟင်း .. လေးလေးသိန်းကြီး ဖြေတာ ဘယ်လောက်ရယ်စရာကောင်းနေလဲ .. အဟက် .. သနားပါတယ် .. သနားစရာကောင်းနေရင်း .. ရယ်စရာဖြစ်တယ်ဆိုတာ .. လေးလေးသိန်းပဲ .. အဟက် ဟက် .. ဟဲ ဟဲ .."

ပြောရင်းရယ်နေတော့ ဘေးကလူကြီးတွေ မနေနိုင်။ အကျပ်ရိုက်နေပုံဖြင့်ရှိနေသည့် လေးလေးသိန်း ကို ဝိုင်းကြည့်ကြကာ တညီတညာ ရယ်ကြမောကြဖြင့် မနက်စာပွဲသည် စည်ကားသိုက်မြိုက်လာချေ၏။ သူ ပင် မနေနိုင်။ လိုက်၍ ပြုံးလိုက်မိရပါပြီ။ ဤကောင်မလေးမှာ ဤအရာတော့ ပါရမီထူးသည်ပဲလေ။ စိတ်လက်ညစ်နေချိန်တစ်ခုကို ကယ်ဆယ်နိုင်သည်။ ခုပဲကြည့် ..၊ ရယ်မောသံတွေဖြင့် လောကကြီးသည် အဆင်ပြေစရာတစ်ခုသို့ သက်ရောက်လာချေသည်တည့်။

"အဟွန်း .. ဟွန်း .."

ဖေဖေ ရယ်သံကို မနည်းကြီး အရှိန်သတ်ယူပြီးမှ မျက်နှာကို ပြန်တည်၏။

"ကိုသိန်း .. သူ့ကိုမကြောက်နဲ့ .. ငါ့ကိုကြောက် .. ကြားလား"

"ဟုတ် .. ဟုတ်ကဲ့ .."

"ဖြေစမ်းပါဗျ .. ဘယ်သူ့ကို မကြောက်ရဘူးလဲ .."

"ခန့်ကြီး ကို .."

"ဘယ်သူ့ကို ကြောက်ရမလဲ .."

"အစ်ကိုကြီးကို .."

အမေးအဖြေ အဆင်ပြေနေချိန်မှာ အဆင်မပြေသူတစ်ယောက်ပဲ ရှိ၏။ သူပဲ ဖြစ်ချေသည်ပေါ့။ ဘယ်မှာ အဆင်ပြေစရာရှိမည်တဲ့လဲ

www.burmeseclassic.com

www.burmeseclassic.com



လေ။ လေးလေးသိန်း ကိုဖြင့် တိုင်တိုဖုံတောတောအလုပ်တွေ တယ်လီဖုန်းဖြင့် သတင်းတော်ပို့ဖို့ ဖေဖေ မြှောက်ပေးနေသည့်ကိစ္စသည် သူ့အတွက် ဘယ်မှာလာ၍ စိတ်သက်သာရာဖြစ်နေချေမည်တဲ့လဲ။

"အေး .. အဲဒါကြောင့် .. ဒီကောင် ခြေလှမ်းပျက်တာနဲ့ ငါ့ကို သတင်းပို့ဖို့ မမေ့နဲ့ .. တာဝန်ကျေပါ .. ကြားလား .."

"ဟုတ်ကဲ့ခင်ဗျ .."

ကောင်မလေးမျက်နှာ ပြုံးမြဲမြဲဖြစ်နေသည်။ သူ့ကိုလည်း လှမ်းကြည့်၏။ အကြည့်ချင်းဆုံမိုက်မှာ မျက်ခုံးလေးပင့်ပြသည်။ သဘောက ဘယ့်နှယ်ရှိစ .. ဆိုသည့်သဘော။

"တော်တော်အူမြူးနေတယ် .."

စိတ်ထဲက မြည်တွန်တောက်တီးမိချိန်မှာပင် ..

"ဟဲ့ .. မိန္ဒာလေး .. မိရွှေသွန်း .. သူများအတိုင်ခံရမယ်ဆိုပြီး ဝမ်းသာအူကြွလုပ်မနေနဲ့ .. ဒီမယ် ရန်ကနား .. သူ .. ငါ့သားကို ဆောင့်လား အောင့်လား .. နောက်ပြောင်ကျီစယ်လား .. မထိခလုတ် ထိခလုတ်လုပ်လား .. စောင်းလားချိတ်လား .. လုပ်ရင် .. မမလေးကို တိုင် .. မော်ဒယ်ပုလည်း အန်တီ့ကိုတိုင် .. ကြားလား .."

"ရှိတ်ချဘာ .. ရှိတ်ချဘာ .."

လူလည်အန်ကယ်ရန် ကတော့ တကယ်တိုင်ချင်မှတိုင်မည်။ ဒါပေမယ့် .. မေမေ စိတ်ချမ်းသာအောင် ကတိပေးမြန်သည်ဟု သွန်းတွေး၏။ ထိုသို့တွေးခြင်းသည် စိတ်သက်သာရာရသည့်နည်းပဲ ဖြစ်ချေသည်လေ။ တကယ်တမ်း အန်ကယ်ရန် တိုင်တော့လည်း ဘာတတ်နိုင်မည်တဲ့လဲလေ ..။ အဆူခံထိပေးလိုက်မည်ပေါ့။ ဒါကြောင့် သွန်း မျက်နှာ သိပ်မပျက်။ ပြုံးတုံးတုံးဖြင့် အေးအေးဆေးဆေးပဲ နေလိုက်သည်ပါပဲ။

"အပုလေး .."

"ရှင့် .."

"တိုင်မှာလား .. ဖုန်းပေးထားတယ်နော် .. ဟန်းဖုန်းကိုင်ချင်တယ်



ဆိုပြီး ပွဆာနေတာကြာပြီ .. အခု .. အန်တီလေး ဝယ်ပေးထားပြီးပြီနော် .. အင်တာနက်ချည်း ကြည့်မနေနဲ့ .. ကြားလား .."

"ဟုတ်ကဲ့ .. ဖုန်းလေးက ချစ်စရာလေး .."

ဖုန်းမျက်နှာဖြင့် အပုလေးကတော့ မေမေ့ကို ကောင်းကောင်းဖော်လံဖားမှာ သေချာနေသည်။ အပုလေးကိုတော့ သိပ်လျှော့တွက်၍ မရ။ ရှုးတူးပေါ်တော်ဖြင့် တကောက်ကောက်လိုက်ကြည့် ...၊ မျက်နှာလိုအားရဖြင့် တောင်တိုင်မြောက်တိုင် လုပ်သည်တည့်။ သွန်း မျက်မှောင်လေးကုတ်၍ အပုလေးကိုကြည့်ကာ ..

"မှန်မှန်ကန်ကန်တိုင်နော် .. မေမေ့ကို ဖော်လံဖားပြီး မဟုတ်မဟတ်တိုင်လို့ကတော့ .. နင်အသိ .. ဆွဲလည်းလိမ်မယ် .. ခေါင်းလည်းခေါက်မယ် .. ဗိုက်ကြောလည်းဆွဲမယ် .. တီဗီလည်း ပေးမကြည့်ဘူး .. ကြားလား .."

သွန်း ဆိုတာ ဤသို့ပါပဲ။ ပေါ်တင်ပြောတတ်သည်။ ခ ◌ က်ကွယ်ကျတော့မှ ခိုးတိခိုးတောင် ကြောင်သူတော်ကြွက်သူခိုးအလုပ်ကို မလုပ်။ လူကြီးတွေရှေ့မှာတင် အပုလေးကို ခပ်တည်တည်ပြောတော့ ..

"ဟဲ့ .. မိရွှေသွန်း .. ကလေးကို ခုကတည်းက ဟောက်မနေနဲ့"

ဟု မေမေဟန့်ချိန်မှာ သွန်း မျက်နှာလေး တမင်ငယ်ပြလိုက်ကာ..

"သွန်း ကပြောထားတာပဲဥစ္စာ မေမေရယ် .. မှန်မှန်ကန်ကန်တိုင်ပါလို့ .. မမှန်မကန်မတိုင်ပါနဲ့လို့ .. မှန်မှန်ကန်ကန်တိုင်ရင် ဘာအရေးလဲ .. အဆူခံထိမှာများ .. ခံရမှာပေါ့လို့ .. သွန်း တို့က .. ကိုယ်လုပ်ရင် ကိုယ်အဆူခံရဲတယ် .. ကိုယ်မလုပ်ရင် .. ကိုယ်အဆူမခံရဖို့လည်း ဘာဗာလုပ်ထားတယ် .. ဒါပါပဲ မေမေရ .."

"မိသွန်း .."

"ရှင့် .."

"ခုကတည်းက .. ငါ့သားကို စောင်းချိတ်ချိတ်ထည့်မလုပ်နေနဲ့"

အရေးထဲ .. သမက်ကို သား .. သားနှင့်လုပ်နေသည့် မေမေ့ကို

www.burmeseclassic.com

www.burmeseclassic.com



သွန်း မျက်နှာလေး ပျက်၍ပျက်၍ကြည့်ကာ ..

"အန်တီလွမ်းရေ .. သွန်း ကို သမီးလို့ခေါ်ပါ .. ခေါ်ပါ .."

-ဟု-ခုကတည်းက လှမ်း၍ မဲဆွယ်နေသည်။ သဘောက .. သွန်း ဘက်ကပါပေးပါ ဆိုသည့်သဘော။

"အေးလေ .. ထားကလဲ .. လွမ်းရဲ့သမီးလေးကို အလွန်အပြစ်ပြော မြန်တာပဲကွယ် .. ကလေးအနေခက်တာပေါ့ .. ခမျာ .. ကြာရိပ်ဖူးကလဲ ဒီကိုရွှေ့နေရာသစ်ပြောင်းလာရသေး .. ထားက အားမပေးတဲ့အပြင် - ငေါက်နေလိုက်တာကွယ် .."

ဟု အန်တီလွမ်း သွန်း ဘေးလာရပ်ကာ ဆံစလေးသပ်၍ပြောတော့ သွန်း ခုမှ ဝမ်းနည်းသလိုရှိလာရသည်။ ဟုတ်သည်။ သွန်း က ရွှက်နေ နေရာသစ်ကို ပြောင်းလာရသည့်ဥစ္စာ ..။ ဖေဖေ မေမေတို့နှင့်လည်း ခွဲ နေရသည်။ ကြာရိပ်ဖူးကိုလည်း ခွဲထားခဲ့ရသည်။ ပြီးတော့ ဘလက်ကီ တို့တစ်အုပ်လုံးကိုလည်း ချန်ထားခဲ့ရသည်။ အားငယ်နေမည့်ဥစ္စာကို မေမေက ဆူနေသည်ပဲဟုတွေးကာ .. တွေးကာ .. အန်တီလွမ်းစကား အားကိုးဖြင့် ခုမှ အားငယ်ပါးငယ် စငိုမိရပါပြီ။

"ဟုတ်ပါရဲ့ .. အန်တီလွမ်းပြောမှ .. သွန်း လည်း - ငိုချင်လာပြီ - အီး .. သွန်း က .. အားလုံးနဲ့ ခွဲခဲ့ရတဲ့ဥစ္စာ ..သူများအိမ်ကို မျက်နှာငယ် လေးနဲ့ လာခိုကိုးနေတဲ့အချိန်ကြီးမှာ .. အပြစ်ပြောဖို့ချောင်းနေတဲ့ - ဟောဒီက အန်ကယ်ရန်နဲ့မော်ဒယ်ပုတို့ကြားထဲ .. မေမေမို့ .. ထား ရက် .. တာဝန်ပေးရက်တယ် .. သွန်း တော့ဖြင့် .. ငိုချင်တော့တာပဲ - အီး .. အန်တီလွမ်းတို့နဲ့ နောင်တရားကို လိုက်သွားတော့မယ် .. အဲဒါ ကောင်းတယ် .."

သူ လန့်ခနဲ ကြည့်မိ၏။ အံမယ် .. ကောင်မလေး ကိုယ်လွတ်ရုန်း တော့မည်။ သူ့ကိုထားရစ်ခဲ့ကာ .. နောင်တရားသို့ လိုက်သွားပြီး ဟိုမှာ ဖေဖေနှင့်မေမေ့ကို ဆောင်းကောင်းပတ်ချွဲနှပ်ချွဲလုပ်ပြီး ကောင်းစား ကြံနေသည်ကိုး။ မရ ..။ ထိုသို့တော့ တစ်ကိုယ်ကောင်းရုန်းထွက်၍



ဘယ်ရမည်တဲ့လဲ ..။

"ဟာ .. မင်း .. ဟိုထွက်သွားရင် .. ငါ့ဘယ်သူချက်ကျွေးမှာလဲကွ.. အချက်အပြုတ်ပျင်းပြီး လစ်မယ်မကြံနဲ့ .. ငါ .. အပုလေးချက်တာလည်း မစားဘူး .. လေးလေးသိန်းချက်တာလည်း မစားဘူး .. ဒါပဲ .."

ဟု ရုတ်ခနဲ ဝင်၍ပြောပစ်လိုက်သည်က ကောင်မလေး ထွက်ပေါက် ပိတ်အောင်ပါ။ အားလုံးက သောခနဲ ရယ်ကြပြန်၏။

"အံမယ် .. ဒီတစ်ကွက်ကျတော့လည်း ဖေဖေ့သားက တော်နေ ပြန်သကိုး .. အေး .. ကိုယ့်မိန်းမ .. မခွဲနိုင်တာတော့အသိသား .. ဟေး .. ဟေး .."

ဖေဖေ တကယ့်ကို စိတ်ထဲ သဘောကျနေပုံဖြင့် ကြည်ကြည်နူးနူး ပြော၏။ အံမယ် .. သူ့ရင်ထဲ ဘာကြောင့် ရှိန်းခနဲ ပူခနဲ ဖြစ်သည် မသိ။ ကောင်မလေးကိုကြည့်တော့ ရှက်သွေးဖြာနေမည်လားမှတ်တယ်၊ ထွက်ပေါက်ပိတ်ရပါမို့လား ဟု နှုတ်ခမ်းစူ မျက်ခ ေင်းထိုးနေတာပဲ ကြုံရပြန်၏။ သူ့မှာသာ ရှက်သွေးဖြန်းရ ဘာရနှင့်ဖြစ်မှုချိန် ..။ ရှက် ပင်ပိုရှက်သွားရသည့်အဖြစ်။ ဟုတ်သည် ..။ ကောင်မလေးကိုရှက်ခြင်း။ သူကပဲ .. မခွဲနိုင်သယောင်လည်း ဖြစ်ရသေးသည်။ ပြီးတော့ .. သူကပဲ ယောကျ်ားတန်မဲ့ ရှက်တတ်နေရပြန်သေးသည်။ ကောင်မလေးက မိန်း ကလေး ..။ ဖေဖေ့စကားကြောင့် ရှက်သွေးဖြန်းတာလေးဘာလေး လောက်တော့ ဖြစ်သင့်သည်ပေါ့။ သူက ခြေလှမ်းတွေစိုး၍ ရှေ့ဘက် ရောက်ကာ ရှက်ပြနေတာမျိုး ဖြစ်နေသည်။ ဘက်တူလက်တူ လိုက် ရှက်ပေးဖော်မရှိ ..။ ဘက်ပွဲနေသည့် ခန့်ညားမောင် ဖြစ်နေရသည်လေ။

"ကဲပါကွယ် .. ရပ်ပါတော့ .. ကလေးတွေ စိတ်ပင်ပန်းကုန်ကြ ရတော့မယ် .."

ဟု အန်ကယ်သု ပြောတော့မှ ထမင်းပွဲမှာ ငြိမ်ထိုင်နေရမည့်ကိစ္စ လွတ်ရသည်က သူပဲဖြစ်လေသည်။ အန်ကယ်သု ထရပ်သည်မို့ သူ လည်း ထရပ်မိချိန်မှာ ..

www.burmeseclassic.com

www.burmeseclassic.com



"ခန့်ကြီး .. ဧည့်ခန်းမှာ ပန်းချီကားရှိတယ် .. သမီး သွန်း ဘယ်မှာချိတ်ချင်လဲမသိဘူး .. သားက ချိတ်ပေးလိုက် .. သမီးကပြပေးလိုက်"

ဟု ဖေဖေပြောလာတာမို့ သူ ပြန်ထိုင်လိုက်ချင်သည်ပါပဲ။ မျက်နှာဖုံးပန်းချီကားကို သူ ချိတ်မပေးချင် ..။ ဘယ့်နှယ်.. သူက စာရေးဆရာဘဝမရောက်ရသေး။ ကောင်မလေး၏ ထွက်ပြီးသည့်ဝတ္ထုမျက်နှာဖုံးပန်းချီကားကို ချိတ်ပေးရမည်တဲ့။ အရာရာနောက်ကျကျန်နေရသည့်အဖြစ်တစ်ခုကို .. သူက တူတစ်လက် သံမှိုနှစ်ချောင်းရိုက်ခြင်းဖြင့် သက်သေထူ၍ ပန်းချီနှစ်ချပ်ကို ချိတ်ပေးရမည်တဲ့လား ..။

"ရပါတယ် .. ပန်းချီကားကို .. မှန်ချိတ်ကပ်ခွာရပ်လေးတွေနံရံမှာ အန်ကယ်ရန်နဲ့ကပ်ခိုင်းပြီး ချိတ်ခိုင်းလိုက်ပါ့မယ် .. မောင်ကြီးနားပါစေ .. နားပါစေ .."

ဟု သွန်း လက်လေးတကာကာဖြင့် ဝင်ပြောတော့ ရင်ထဲသက်သာရသွားချိန်မှာပင် ..

"ရန်ကနား၊နဲ့လုပ်နိုင်းမယ်လို့ .. ပြောသံကြားမိလို့လား .. အေး.. ပြောလက်စနဲ့ ဆက်ပြောမယ် .. သား ခန့်ကြီး .. မင်းက .. အန်ကယ်သူနဲ့အန်တီလွမ်းကို ဒက်ဒီနဲ့မာမီလို့ခေါ် .. သမီးသွန်းကလည်း .. ဟောဒီက အန်တီလွမ်းကို မာမီလို့ခေါ် .. ဒက်ဒီလို့လည်း .. ဒီဘက်ကို ခေါ် - အန်ကယ်ဆိုတာတွေ၊ အန်တီဆိုတာတွေ မသုံးနဲ့ .. သားက သွန်းမိဘကို ဒက်ဒီ မာမီ .. သမီးကလည်း .. ဟောဒီခန့်ကြီးရဲ့မိဘဖြစ်တဲ့ ဟောဒီက ဒက်ဒီနဲ့မာမီကို အဲသလိုခေါ် .."

သဘောက ကိုယ့်မိဘကို ဖေဖေနှင့်မေမေခေါ်နေကျအတိုင်းခေါ် .. တစ်ဖက်မိဘကို ဒက်ဒီ မာမီဟုခေါ် ..၊ ဖေဖေကတော့ အခေါ်အဝေါ်တွေကအစ သတ်မှတ်ပေးပြီးပြီ။ သူ .. ခေါင်းပဲညိတ်ပြရပါ၏။

"ကဲ .. သမီး သွန်း .. ဒက်ဒီပြောသလို ခန့်ကြီးနောက်ကို လိုက်သွား .. သူ့ကို .. ပန်းချီကားချိတ်ခိုင်း .. သားနဲ့သမီးတို့ဟာ .. ဘဝကြင်ဖော်တွေ ဖြစ်ကြပြီးပြီ .. တစ်ယောက်ရဲ့အောင်မြင်ခြင်းကို တစ်



ယောက်က .. ဂုဏ်ပြုတတ်ရမယ် .."

ဟု ဖေဖေပြောနေတော့ သူ စိတ်ဆင်းရဲနေရသည်ပါပဲ။ ဘာတဲ့.. တစ်ယောက်၏အောင်မြင်မှုကို တစ်ယောက်က ဂုဏ်ပြုရမည်တဲ့။ ကောင်မလေး စာရေးဆရာဖြစ်သည့်ကိစ္စ ..။ သူက ဂုဏ်ပြုရင်း ဂုဏ်တယူယူဖြင့် ပန်းချီကားကြီး ချိတ်ပေးရတော့မည်ပေါ့။ ကိုယ့်ကျရှုံးခန်းကို .. ကိုယ်က .. ပြန်၍အတည်ပြုနေရသလိုဖြစ်နေတာကို သူပဲ ကျိတ်၍ခံစားနေရသည့်အဖြစ် ..။ ရင်ထဲမှာ ရုတ်ခနဲ နာကျင်လာသည်။ ဤကောင်မလေးသည် သူ့ကို အနိုင်ယူဖို့ ကံကြမ္မာက အမြဲရပ်တည်ပေးနေသည့်နှယ်ပါတကား။

ဧည့်ခန်းသို့ သူ ရှေ့မှထွက်တော့ နောက်ပါးဆီမှ ကောင်မလေးလိုက်လာသည်။ ဧည့်ခန်းအလယ်မှာ သူ ရပ်၍ ကောင်မလေးကို ခပ်တင်းတင်းကြည့်မိပြီ။ ဘေးမှ လူကြီးတွေမှ မရှိချေသည်ပဲလေ။ တမင်တကာ နှစ်ယောက်တည်းရှိနေအောင် ထမင်းစားခန်းမှာ နေရစ်ခဲ့ကြခြင်းဆိုတာ သူ ရိပ်မိသည်။ ဘာပဲဖြစ်ဖြစ် .. လူကြီးတွေ မရှိသည်မို့ သူ လွတ်လပ်စွာ ခပ်တည်တည်ကြီး ကောင်မလေးကို ကြည့်ခွင့်ရနေသည်။ မေးခွင့်ရနေပြီ ..။

"ငါ အခန်းအလယ်တည့်တည့်မှာ ရပ်နေတာနော် .. ညည်းဘယ်နံရံမှာ ညည်းရဲ့ပန်းချီတွေချိတ်မလဲ .. ရွေး .. ငါ.. ချိတ်ပေးမယ်.. မင်းရဲ့ မဟာအောင်ပွဲကြီးအဖြစ်နဲ့ဆိုပါတော့ .."

သူ ခပ်မဲ့မဲ့ တစ်ချက်ပြုံးပြီးပြောခိုက် ကောင်မလေး ခေါင်းခါသည်။ ခုံတစ်လုံးကိုယူ၍ နံရံတစ်ဖက်ရှေ့မှာချသည်။ အိမ်ဧည့်ခန်း၏ ညာဘက်ခြမ်း နံရံ၏နောက်ဘက်ခပ်ကျကျနေရာလေး ..။

သူ ခြေလှမ်းကျဲဖြင့် ခပ်သုတ်သုတ်လျှောက်သည်။ ခုံပုလေးပေါ်ကျော်တက်၍ နံရံကပ်ချိတ်လေးကို ကပ်ခွာလေးခွာ ချိတ်ဖို့ပြင်နေသည့်ကောင်မလေး၏လက်ကို ဆိုးဆိုးဆတ်ဆတ်နိုင်စွာ ဆွဲ၍တား ..။ ပုကိုလည်း အင်အားဖြင့်ပွေ့ငင်၍ ကြမ်းပေါ်သော့အောင့်ချ ..၊ သူကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com



ပန်းချီချိတ်ဖို့ကိစ္စ အခန်း၏အလယ်ကျကျနေရာကို သူ ရွေးသည်။

"မင်း .. ခုပေါ်က ဖောက်ထိုးကျတာကိုလည်း ငါ ငုတ်တုတ်ကြည့်နေသလားလို့ လူကြီးတွေ အပြစ်ပြောကြရအောင် .. ညည်း မကြိုးစားချင်စမ်းပါနဲ့ .. ညည်းရဲ့အောင်မြင်ခြင်း ပန်းချီကားတွေကို .. ဧည့်ခန်းရဲ့ချောင်နေရာလေးမှာ ငါက ချိတ်ပေးတယ်လို့လည်း အထင်စံရအောင် .. ညည်းဉာဏ်မထုတ်ချင်စမ်းပါနဲ့ .. တော်ရုံပဲ ငါ့ကိုဒုက္ခပေးစမ်းပါ မယ်မင်းကြီးမရယ် .. တောင်းပန်ပါရဲ့ .. ညည်း .. ငါ့ကို .. ကျားကွက်ထိုးသလို .. ဟိုအကွက်ရွှေ့ .. သည်အကွက်ထားနဲ့ မကစားပြနဲ့ .. နားလည်လား .. နားလည်လား .."

ဟု ခပ်ကျိတ်ကျိတ် မာန်သလိုပြောပြီး ပန်းချီကားကို ယူလာခိုင်းသည်။ ကောင်မလေး ပန်းချီကားတစ်ချပ်စီကို စားပွဲပေါ်မှာ သွားသွားယူလာကာ သူ့လက်ထဲထည့်သည်။ သူလည်း ချိတ်လိုက်သည်ပါပဲ။ ချိတ်ရင်းလည်း ကြည့်မိသည်။ ကလောင်အမည်က .. လွန်းခင်ခင် ..။ ဝတ္ထုအမည်က .. လမင်း၏မျက်ရည်စက် ..။ နောက်တစ်ဖုဒ်အမည်က .. လွင့်ပြယ်သွားသော ပန်းရနံ့များ ..။ အမည်လေးတွေက နူးညံ့သည်။ ဩော် .. ကြေကွဲချင်စရာ ..။ တစ်ချက်ငုံ၍ကြည့်မိသည်က ကောင်မလေးကိုပါ ..။ ဤဝတ္ထုနှစ်ပုဒ်ကို ကောင်မလေး ရေးဖွဲ့ခဲ့ပြီးပြီ။ စာအုပ်လည်း ထွက်ပြီးသွားပြီ။ မူရင်းမျက်နှာဖုံးပန်းချီကိုပင် ထုတ်ဝေသူက ကောင်မလေး အမှတ်တရသိမ်းစိမ့်သောငှာ ပေးခဲ့ပြီးပြီ။ ဩော် .. ခုတော့ .. သူ၏ ရှက်နုဝေဧည့်ခန်းဆောင်မှာ အမြင့်သားပင် နေရာယူပြီးသွားပြီကောလေ ..။ ဤကောင်မလေးသည် တကယ့်ကို စာရေးဆရာဖြစ်ခဲ့ပြီ။ ဖြူဥဥ၊ သေးနွဲ့နွဲ့နှင့် အထက်တန်းကျောင်းသူရုပ်မပျောက်သေးသည့် သူငယ်မက .. စာရေးဆရာဖြစ်နေပြီတဲ့လား။ ပြီးတော့ .. သူ၏မိန်းမလည်း လာဖြစ်နေသည်။

"ဘာလို့ လွန်းခင်ခင် လို့ နာမည်ပေးထားတာလဲ"

သူ လွှတ်ခနဲ မေးမိရပါ၏။ ကောင်မလေး မော့၍ ပန်းချီကားကို



ကြည့်သည်။

"မောင်ကြီးအတွက် အနှောင့်အယှက်ဖြစ်နေမှန်းသိပါတယ် .. ကြီးတွေမရှိတဲ့အခါ .. ဒီပန်းချီကားနှစ်ချပ်ကို ကျွန်မစာကြည့်ခန်း ပို့ထားလိုက်ပါ့မယ် .."

"နေရာမရွှေ့နဲ့ .. ဒီအိမ်ကို လူကြီးတွေ တစ်ခါပဲလာပြီး နောက်နေ့ မလာဘဲနေကြမယ်လို့ ညည်းက ဘာကိစ္စနဲ့ ပြောချင်ရတာလဲ .. ကြီးတွေ လာကြမှာ .. ညည်းဖေဖေနဲ့မေမေ .. လာကြမှာ .. ငါ့ကို .. သား .. သားနဲ့ ခေါ်နေကြတဲ့သူတွေဆီက .. မေတ္တာကို ပြန်ရုပ်သိမ်းပြီး ထင်လွဲအောင် .. ညည်းက .. ပန်းချီကားကို ဒီဧည့်ခန်းမှာမထားဘဲ မယ်ကြတယ်ပေါ့ .. ငါမကြိုက်လို့ဆိုပြီးတော့လေ .. ညည်း ကလီ ဘာသိပ်မများနဲ့ .. နားလည်လား .. ငါက .. ညည်းထက် အသက်ကြီး သယ် .. ညည်းဉာဏ်ပြေးသလောက်တော့ ငါတစ်ရေးနိုးလောက်ပဲ ရှိ ယ် .. ဒက်ခနဲ သိနိုင်တယ်သိလား .. ကဲ .. ဖြေစမ်းပါ .. ဘာကြောင့် ကလောင်နာမည် ရွေးရတာလဲ .."

ကောင်မလေး သူ့ကို မော့ကြည့်၏။ နောက်တော့ ပန်းချီကားကို ကြည့်၏။ ကလောင်အမည်နေရာလေးကို လက်ဖြင့် ဖွဖွနုနုထိ၏။ လောင်အမည်လေးကို အတော်လေးမြတ်နိုးမှန်း သိသာနေသည်။

"မေမေ့နာမည်က ဒေါ်ခင်ခင်ထားလေ .. အန်တီလွှမ်းရဲ့နာမည် ဒေါ်လွှမ်းကြင် .. အဲဒါနဲ့ လွှမ်းခင်ခင် လို့ အမည်ပေးမလို့ တွေးရာ .. လွှမ်း ဆိုတဲ့နေရာမှာ .. လွန်း ဆိုတဲ့အမည်လေး ထည့်လိုက်တာ .. မိခင်နှစ်ယောက်ဆီက အမည်လေးတွေကို သွန်း ရဲ့ကလောင် အမည်မှာ တမြတ်တနိုး .. စွဲလမ်းချစ်ကြင်တဲ့စိတ်နဲ့ ထည့်လိုက်သလိုပါ.."

ဟု ဖြေလိုက်တော့ သူ မထင်မှတ်ထားသည့်အဖြေပေမို့ ငေးခနဲ သွားရသည်ပါပဲ။ ဩော် .. မိခင်နှစ်ယောက်၏အမည်မှ .. ခံစားရွေး ရာအမည်တဲ့လားလေ ..။ စာရေးမည်ဟဲ့ သူ အားခဲထားပေမယ့်.. သူ့မှာက ကလောင်အမည်မရှိသေး။ ဩော် .. ကလောင်အမည်

www.burmeseclassic.com

www.burmeseclassic.com



ရွေးချယ်ရမည်ဆိုလျှင်ပင် .. မိခင်၏အမည် ..၊ ဖခင်၏အမည်တို့ ထည့်ဖို့ရာ စိတ်ကူးစိတ်သန်းလေးပင် ရေးရေးမရှိလောက်အောင် သူ့ဘက်က မေ့လျော့နေမိခဲ့သည်။ ခု .. တောင်မလေးက သူ့ထက် သာသွားပြန်ချေပြီတကား။ ခုလိုကျတော့လည်း ကောင်မလေး၏ကလောင်အမည်နေရာလေးကိုကြည့်ကာ ရင်ထဲ အေးချမ်းသယောင်ရှိလာသည်။ ငယ်တုန်းက .. ရှေ့နေလည်း လုပ်ချင်သည်။ ဆရာဝန်လည်း လုပ်ချင်သည်။ ကျောင်းဆရာမလည်း လုပ်ချင်သည်ဟု ပြောခဲ့ဖူးသော လေကျယ်ကျယ် ကောင်မလေး ..။ ခုကျတော့ တကယ်ပဲ ရှေ့နေလည်း ဖြစ်တော့မည်။ စာရေးဆရာပင်ဖြစ်နေပြီ။

"ငါ့မေမေနာမည်ကို ယူသုံးမယ်ဆိုရင် .. ငါ့ကိုတော့ အနည်းဆုံး မင်းခွင့်တောင်းသင့်တာပေါ့ကွ .."

ဒါပေမယ့် .. ထုံးစံအတိုင်း သူသည် ဘယ်တော့မှ အလျှော့ပေးသူ မဖြစ်ရချေဖို့အတွက် ခံစားချက်အပြည့်ဖြင့် .. ကောက်ကာငင်ကာ မာကျွတ်ကျွတ်ပြောပြီး ပန်းချီကားကို ကျော်ခိုင်းလိုက်မိရပါသတည်း။

နောက် .. သူ ဂရုထားလိုက်မိသည်က .. ထမင်းစားခန်း၏ ချထားသောခန်းဆီးလေး မသိမသာ လှုပ်နေခြင်းပဲဖြစ်လေသည်။ လူကြီးတွေ တစ်ဖက်ဆီမှ အသာလေး ချောင်းကြည့်နေချေမှန်း ရိပ်မိပြီ။ သူနှင့် ကောင်မလေးကို မျက်ခြည်မပြတ် လေ့လာနေကြခြင်းဆိုတာကိုလည်း သိလာမိသည်။ သူ သေချာသိလိုက်သည်က .. လူကြီးတွေသည် .. သူတို့နှစ်ယောက်ကို ခပ်ပေါ့ပေါ့လျှော့တွေးထားပုံမရ။ ကြည့်မရသူနှစ်ယောက် လက်ထပ်ခဲ့ကြခြင်းဆိုရာမှာ သူ မငြင်းလျှင် ငါမငြင်းပါ ဆိုသည့်စကားကြောင့် ဖြစ်ခဲ့ရချေသည့် သူတို့နှစ်ယောက်၏အရိပ်အခြည်ကို မျက်စိဒေါက်ထောက်၍တော့ ကြည့်နေကြချေဦးမည်သာ။ ဤအတွက် သူ စိတ်ထဲ မွန်းကြပ်လာမိရပြန်သည်။

"ပန်းချီကားချိတ်ပေးတဲ့အတွက် .. ကျေးဇူးပါ မောင်ကြီး .."

ဟု လှမ်းပြောသံလေးလွင့်လာတော့ သူ တစ်ချက်ကြည့်မိသည်



ကောင်မလေး လှောင်နေခြင်းများလားဟု ရနံ့မကင်းချင်။ ဒါပေမယ့် မျက်ဝန်းလေးတွေမှာ တကယ့်ကို ကျေးဇူးတင်ရိပ်တွေ ပြည့်နေသည်ဟု ထင်လာမိသည်။

"အေး .. ကျေးဇူးတင်တယ်ဆိုရင်ဖြင့် .. အဲဒီပန်းချီကားကို .. နေရာမရွှေ့လိုက်ပါနဲ့ .. ချောင်ဘက် မပို့လိုက်ပါနဲ့ .. ဒါပဲပြောချင်ပါရဲ့.. ငါ အမှုပတ်မခံနိုင်ဘူး .. ညည်းလုပ်ချင်ရာ ရွှေ့ချင်ရာရွှေ့တာ ငါ့ကြောင့်ဆိုတာမျိုးတော့ .. လူကြီးတွေ မထင်ကြပါစေနဲ့ .. ဒါကြောင့် .. နေရာမြဲမြဲနဲ့ ပန်းချီကားတွေရှိပါစေ .."

လူကြီးတွေ မကြားအောင် လေသံကိုနှိမ့်၍ ခပ်တည်တည်ပြောကာ အပေါ်ထပ်သို့ ခပ်သုတ်သုတ်တက်လာမိရပါ၏။

"လူကြီးတွေကို ထမင်းစားခန်းထဲ ချန်ခဲ့မလို့လား .. မောင်ကြီးရဲ့ .."

ဟု သတိပေးသံ ပေါ်လာတော့မှပင် အယ်ခနဲ သူ အသံထွက်လာရ ..၊ ကမန်းကတန်း ပြန်ဆင်းလာရပြန်သည်။ ဤကောင်မလေး .. သူ့ဘက်က တစ်ခုခုလိုအပ်ချက်ကြုံလာလျှင် .. သတိပေးတတ်လာချေမည်လားမသိ။

ဤသည်ကို ဓနီးမောင်နှံတို့၏ အမှုစရိုက်လေးတွေ ဟုခေါ်ပေသလားဟု တွေးမိရာမှ ရင်သည် သိမ့်ခနဲ ဖြစ်ချင်၏။

ဤသည်ကို စိတ်လှုပ်ရှားခြင်း ဟုခေါ်ချေမည်လား ကောင်မလေးရေ .. ဟု တွေးမိရပြန်ချေသည်တကား။

www.burmeseclassic.com



## အခန်း (၁၉)

ဟိုတယ်မှ သူ ပြန်ရောက်လာချိန်မှာ မီးဖိုခန်းဆီမှ ချက်ပြုတ်ကြော်လှော်သံတွေ မြိုင်ဆိုင်နေသည်။ ဘာတွေချက်ပြုတ်နေသည်တော့မသိ ..။ နေ့လယ်စာကိုတော့ ဟိုတယ်မှာပဲ သူ စားဖြစ်ခဲ့သည်လေ။ မန်နေဂျာ ဘာဘဦးအိမ်စိုး၏ အတွေ့အကြုံရင့်ကျက်မှုကြောင့် ဟိုတယ်၏ လုပ်ငန်းဆောင်တာတွေကို သူ ကြီးကြပ်လုပ်ကိုင်ရတာ အဆင်ပြေရှိသည်။ ပြီးတော့ .. နောင်တရားမှာတုန်းကလည်း မွေးနံ့သာစက်၏ အတွေ့အကြုံအရ အလုပ်သမားများစွာနှင့် ဆက်ဆံရသည့်ကိစ္စတွေသည် ဟိုတယ်ဝန်ထမ်းအများစုနှင့် ဆက်ဆံလုပ်ကိုင်ရာမှာလည်းများစွာ အထောက်အကူဖြစ်သည်တည့်။

သူ့နောက်ပါးဆီမှ ကပ်ပါလာသည့် လေးလေးသိမ်း ကိုကြည့်ရပါ၏။ ဟိုတယ်မှအပြန်မှာလည်း လေးလေးသိမ်း ပဲ ကားမောင်းသည်လေ။ ဟိုတယ်မှာ သူ ရှိနေချိန်မှာလည်း လေးလေးသိမ်း သူ့အပါးမှာရှိနေသည်။ ဤသည်က ဖေဖေ့အစီအမံ ..။

"ဒီနေ့တွေ့တယ်မဟုတ်လား .. လေးလေးသိမ်း .. ခန့် ပြန်ရောက်လာတာတောင် မသိဘူး .. ထွက်ကြိုဖို့ဆိုတာ ဝေးရော .."

တိုင်ချင်းတိုင်လျှင် ဖေဖေ့ကို လေးလေးသိမ်း ဤအချက်ကို တိုင်ကောင်းသည်ဟု စကားအူကြောင်း ချပေးခြင်းပါ။



"မိန်းကလေးက မီးဖိုထဲ ရှိနေတာကိုးကွ .. ပြီးတော့ .. ခြံဝကားရပ်လိုက်တာနဲ့ .. ဘာဘစိမ်း ပြေးလာပြီး ခြံတံခါးဖွင့်ပေးတော့ဟွန်း တောင်မတီးလိုက်ရဘဲ ခြံထဲဝင်လာရသကိုးလေ .. ဟွန်းသံဘာသံမကြားရတော့လည်း သွန်းလေး ဘယ်သိနိုင်မလဲ ညားကြီးရ .. ငါ့လူပြန်ရောက်လာတာ .."

အံမယ်မယ် ..၊ ကိုယ့်ဘက်မပါ .. သွန်း ဘက်ပါ ဆိုသည့် လေးလေးသိမ်း ဖြစ်နေသည်။ သူ မျက်မှောင်ကုတ်၍ ကြည့်ရုံပဲကြည့်ကာအပေါ်ထပ်သို့ တက်စဉ်ခိုက် ..

"နောက်ဆိုရင် .. ဟိုတယ်ကပြန်လာချိန်မှာ .. ဖုန်းလေးတစ်ချက်ဆက်လိုက်ပေါ့ ငါ့လူရာ .. သွန်းလေးရေ .. မောင်ကြီးပြန်လာပြီလို့ .. ဟေး .. ဟေး .. သူ ကြိုလိမ့်မပေါ့ .. အေး .. မကြိုရင်လည်း .. ငါကသူ့အပြစ်တွေ .. အိန်တီထားကို တိုင်ဖို့အတွက် .. ရန်ကနားကို ဖိအားပေးမယ်ကွာ .. အဲသလိုလုပ်မယ်"

ဟု ပြောတော့ သူ ခေါင်းခါပြလိုက်သည်ပါပဲ။ ဘယ့်နှယ် .. ကိုယ်ပြန်လာသည့်ကိစ္စ .. လှမ်း၍ ဖုန်းဆက်ရမည်တဲ့လား။ ဒါက ..၊ နှစ်ကိုယ်ချစ်၍ကျသည့် အိမ်ထောင်သည်တွေ လုပ်ရမည့်ကိစ္စ။ သူ့လို နှစ်ဖက်မိဘက ချစ်၍ပေးစားလိုက်သည့်စုံတွဲမျိုးတွေမှာ ဖြစ်မလာနိုင်သည့်ကိစ္စ။

"မောင်ကြီး ပြန်လာပြီ သွန်းလေးရေ .. ကြိုနေနော် .."

ဟု အဘယ်ကြည်နူးမှုတွေ ရင်ထဲရင်းပြီး လှမ်း၍ပြောနိုင်မည့်ကိစ္စဖြစ်နေမည်တဲ့လဲ။ ဝေးသေး .. သူ ရှုံ့မဲ့၍ ခေါင်းခါဆုံးဖြတ်ကာ လှေကားအတိုင်းတက်သည်။ အခန်းထဲရောက်တော့ ခုတင်ပေါ် ခြေပစ်လက်ပစ်ထိုင်ချကာ အတန်ကြာ ငိုင်နေမိပြန်၏။

"ပျော်စရာမကောင်းလိုက်တာကွာ .. ကျွတ် .. အဲဒီကောင်မလေးနဲ့ ငါ ညစာအတူတူစားရဦးမယ် .. ဘာတွေ ညစ်တီးညစ်ပတ်နဲ့ လုပ်ဦးမယ်မသိ .."

စိတ်တွေမွန်းကြပ်ကာ ဟီးချကာ တစ်ချက်ညည်းပြီးမှ ရေချိုး..။

www.burmeseclassic.com

www.burmeseclassic.com



အိမ်နေအဝတ်အစားလဲ ...၊ ထုံးစံအတိုင်း ဘိုကေလေးကျော့နေအောင် ဖြီး ...။ အောက်ထပ်သို့ ဆင်းလာမိရပါ၏။

"ဘယ်ရမလဲ .. ငါ့ကို ပတ်ချောင်းခိုင်းထားတဲ့ လေးလေးသိန်း.. ဘာတွေအလုပ်လုပ်နေသလဲ .. အန်ကယ်ရန်ရော .. ကောင်မလေးရဲ့ ပြစ်တွေကို လိုက်ကြည့်နေရဲ့လား .. အဲဒါတွေ ငါကလည်း အလစ်မပေးဘဲ ပတ်ချောင်းရမယ် .. ငြိမ်နေလို့မဖြစ်ဘူး .."

သူ့ဘက်ကလည်း တန်ပြန်အပြစ်ချောင်းသည့်အလုပ်ကို လုပ်ဖို့ တာစူထားရမည်။ အေးအေးလူလူ စာလေးဖတ်လိုက် ဘာလေးဖတ်လိုက်ဖြင့် နေ၍မဖြစ်။

ပထမဆုံး ခြံထဲ ဆင်း၏။ အန်ကယ်ရန်ကို ဥယျာဉ်ထဲမှာ တွေ့ရသည်။ ဘဘစိမ်း က အသက်ကြီးသည်မို့ ပန်းပင်တွေ မြေဆွသည့် အလုပ်ကို ဒိုင်ခံ၍ အန်ကယ်ရန်ကနား လုပ်နေတာကိုမြင်တော့ သဘောကျမိသည်ပါပဲ။ အန်ကယ်ရန်၏ စိတ်ရင်းကောင်းကိုလည်း သဘောတွေ့ရပါ၏။

"ရှီတွန်းနော် .. ခွေးနော် .. ကန်းကန်းမွေးဒယ် .. ခွေးနော် .. ပန်းတွေကို သူတို့ပြေးဆော့တဲ့အခါမှာ ဟိုတိုက်သည်တိုက် လုပ်ရရှာ ခွေလို့ ထင်နေတလိုဘာပဲ .. ပြေးကြ .. တိုက်ကြနဲ့ .. အပင်နော် .. ကန်းကန်း ပန်းကြွေတယ်ရှိဒယ် .. အခုနော် .. မန်းကီးတစ်ကောင်ပဲ ရှိဒယ်မို့လို့ တော်တေးဒယ် .. ခက်ဒါက .. တစ်ကောင်ဘဲရှိပေမယ့် .. တူက .. ပိုပြီး ဆတ်စလူး မျောက်ရှုးဖြစ်နေတာခက်ဒယ် .."

ဟု မန်းကီးကို အတင်းချနေတာကြားရ၏။ ကောင်မလေး၏ ခွေးအတင်းပြောတာကို ကြားရုံလေးဖြင့် သူ နားချမ်းသာလိုက်ပါသည် အမျိုး ...။ ကောင်မလေး မကောင်းကြောင်း ပြောသံများကြားရလျှင် အဘယ်မျှထိ နားပီတီဖြစ်ချေမည်မသိ။

"ဒါကြောင့် .. မန်းကီးကို မွေးအိန်ထဲမှာ .. ခဏထားထားဒယ်-

ဟု လေဆက်ပစ်နေတာကို ဘဘစိမ်း ပုဏ္ဏရိတ်ပင်လေးတွေ ပန်း



ညှပ်ကတ်ကျေးဖြင့် အဖျားတိနားထောင်ရင်း ပြုံးနေသည်။

သူ .. အသာလေး လစ်ခဲ့ပါ၏။ လေးလေးသိန်းကိုကျတော့ ကားရေဆေးနေတာ တွေ့နေရသည်။ လောလောဆယ် .. သူ မီးဖိုဘက် ခြေဦးလှည့်မည်။ ဟိုမှာ ဘာတွေပြောနေကြသည်ဆိုတာ ချောင်းရဦးမည်။

"မသက်သာလိုက်ပုံများနယ်နော် .. ငါတစ်ယောက်တည်းက တစ်အိမ်လုံး လူကုန်ကို ပတ်ချောင်းနေရတဲ့ဘဝထဲ သက်ဆင်းနေရပါလား .. ဟိုတယ်ကအပြန် အိမ်မှာ နားရတာယ်ကိုမရှိဘူး .. အလုပ်ကပုံနေပြီ .."

ဟု တစ်ချက် ညည်းမိသည်။

"လေးလေးသိန်းက ငါ့ကိုပဲ စောင့်ကြည့်တာ .. တစ်ယောက်တည်းကိုပဲ ကြည့်နေရုံဆိုတော့ သက်သာတယ် .. အန်ကယ်ရန်ကလည်း ကောင်မလေးကိုပဲ ကြည့်နေရုံရှိတာ .. သူတို့က တစ်ယောက်ပဲ ကြည့်ရတယ် .. ငါက .. ကောင်မလေးရဲ့အပြစ်တွေကိုလည်း လိုက်ကြည့်နေရမယ် .. အဲဒီအပြစ်တွေကို အန်ကယ်ရန်က ပြန်တိုင်မတိုင်လည်း စောင့်ကြည့်ရဦးမယ် .. လေးလေးသိန်း ကရော .. ကောင်မလေးရဲ့လိုအပ်ချက်တွေကို မမြင်ချင်ယောင်ဆောင်ပေးနေမလားဆိုတာ .. ငါက စောင့်ကြည့်ရဦးမယ် .. ပြီးတော့ .. ဘဘစိမ်းနဲ့ အပုလေး ဆိုတာကရော .. ဘယ်သူ့ဘက်ခပ်ပါပါဖြစ်နေလည်းဆိုတာကို လေ့လေ့လာလာ လုပ်ထားရဖို့ကလည်း လိုသေးတယ် .. မတော်တဆ .. တစ်ဖက်ကို ထောက်ခံပေးရမယ်ဆိုရင် .. ဘယ်သူ့ဘက်လိုက်မလဲဆိုတာ .. ငါသိထားဖို့လိုတယ်လေ .."

သူ တောက်လျှောက်တွေးနေသည်။ သူ့ကိုယ်သူပင် စုံထောက်ယောင်ယောင်ဘာယောင်ယောင် ဖြစ်မှန်းမသိ ဖြစ်လာနေရချေသည် ဘည့်။ မီးဖိုဘက်ကို ခြေသံလုံလုံဖြင့် လျှောက်ခဲ့ရကာ တံခါးရွက်အကွယ်မှာရပ် ...၊ အသက်ကို ဖြည်းဖြည်းရှူ ...၊ အထဲဆီမှအသံကို နားစွင့်၏။

www.burmeseclassic.com

www.burmeseclassic.com



"မမသွန်း .. ချက်ဘား မဆင်းဘူးလား .."

"ချိန်ဘာပါဟဲ့ .. မော်ဒယ်ပုနော် .. အင်္ဂလိပ်လို မပီရင်မပြောနဲ့လို့ ငါပြောထားတယ်မဟုတ်လား .."

"အို .. တစ်ခါတလေလေးတော့ ပြောကြည့်ချင်တာပေါ့လို့ .. အပုလေးလည်း လေးတန်းထိ သင်ခဲ့တာပဲဥစ္စာ .. ချက်ဘားနဲ့ ချိန်ဘာ.. နည်းနည်းလေးပဲ လွဲတဲ့ဟာကို .."

"ချိန်ဘာဟာယ် .. အလုပ်သင်ရှေ့နေဆင်းတယ်လို့ပြောတာ .. နင်မပြောတတ်ရင် .. ရှေ့နေသွားမသင်ဘူးလားလို့မေး .."

ချိန်ဘာနှင့်ချက်ဘားကိစ္စ မမှားယွင်းအောင် သင့်နေသည့်ကောင်မလေး ..။ သူ့ အသားလေး မျက်စိလေး ကွင်းပေါ်ရုံချောင်းကြည့်သည်။ သနပ်ခါး ကျကျနနလူးထားကာ .. မီးပူကျ ဒူးဆစ်ဖုံးဘောင်းဘီအပြာခံမှာ အဝါပွင့်ပါသော၀တ်စုံ ..။ အပေါ်ကလည်း လက်တိုအနားဖောင်းလေးပါသော ဘလောက်ပွပွလေးကို ၀တ်ထားပါသည့် မိန်းကလေး..။ အိမ်စီး၀က်ဝံရုပ်ပါ ဖိနပ်အကြီးစား ပွချောင်ချောင်ကြီးကို စီးထားသည်။ ဆံပင်နှစ်ဖက်ကျစ်ဖြင့် ပေါ့ပါးခနေသည့် ကောင်မလေး ..။ ကြည့်ရတာ ရေမိုးတွေပင် ချိုးထားသည့်အသွင် ..။ လန်းနေသည်ပါပဲ ..။ ဂက်စ်မီးဖိုပေါ်မှ ဒယ်အိုးကိုမွှေနေ၏။ အပုလေးက ကြက်သွန်နီတွေ အကွင်းလိုက် လှီးနေသည်။ ဘာချက်ဦးမည်မသိ ..။ ပုစွန်ခြောက်နံ့ကတော့ လှိုင်နေသည်။

"ဒါက .. ညည်းရဲ့အစ်ကိုကြီးဖြစ်တဲ့ ငါ့ရဲ့မောင်ကြီးအတွက် .. အစိမ်းကြော်ကြော်တာဟဲ့ .. လာစမ်း .. မြည်းကြည့်စမ်း .."

ညည်းအစ်ကိုကြီးဖြစ်တဲ့ ငါ့ရဲ့မောင်ကြီး ဆိုသည့်စကားကြောင့် ရင်ထဲ ရှိန်းခနဲ အဖြစ်။ နောက်ဆက်တွဲစကားဖြစ်လာသည့် မြည်းစမ်းဆိုသည့်အသံလည်း ကြားရချိန်မှာ လန့်ခနဲ ဖြစ်၏။ အပုလေး၏ ပါးစပ်ထဲ အစိမ်းကြော်လေး ဇွန်းဖြင့် မွှေကော်ယူပြီး ခွံ့လိုက်လျှင် အခက်။ အပုလေးက ဇွန်းထဲကဥစ္စာ[illegible]ပါးစပ်ဖြင့်တော့၍ စားမည်။ တံတွေး



တွေ့ပါကုန်မည်။ ကောင်မလေး ထိုဟင်းခပ်ဇွန်းဖြင့် ထပ်၍ ဒယ်အိုးကို မွှေလား နှောက်လား လုပ်လျှင်တော့ အပုလေး တံတွေးကို တစ်ဒယ်လုံး သမပေးလိုက်သလို ဖြစ်ကုန်တော့မည်။ အပုလေး ဆိုတာ သွားမှ မှန်မှန် တိုက်ရဲ့လားမသိ။ သွားချေးထူပါးစပ်ကြီးနဲ့ထိတာကို သူ မခံနိုင်။

သူ ကမန်းကတန်း မီးဖိုထဲ ၀င်မယောင်ပြုပြီးမှ ကိုယ်ရှိန်ပြန်သတ်၏။ ကောင်မလေးနှင့် အပုလေး တို့ လုပ်သမျှကို သူ ကြည့်ရမည်ပေါ့။ ဒါမှ ဒယ်အိုးထဲကဥစ္စာတွေကို ဇွန်းနဲ့ ကော်ခပ်စားလိုက်တာမျိုး လုပ်ခလုပ် သိနိုင်မည်လေ။ ကောင်မလေး ပန်းကန်ငယ်လေး ယူနေသည်။ ဇွန်းဖြင့်ခပ်၍ ပန်းကန်လေးထဲထည့်သည်။ ကိုယ်တိုင်လည်း မြည်းသည်။ အပုလေးကိုလည်း မြည်းခိုင်းသည်။

"ဝွဒ် ..."

အံမယ်မယ် ..၊ ဘိုပြောရူး အပုလေးက အင်္ဂလိပ်လို တိုတိုတုတ်တုတ် ချီးကျူး၏။ အမြှောက်ကြိုက်မှန်း သိသာလောက်အောင်ပင် ကောင်မလေးကလည်း ပြုံးလိုက်သည်မှ တစ်မျက်နှာလုံး ၀င်းစင်ကြည်လင်ကုန်သည်အထိပါ။

"အေးဟဲ့ .. ကောင်းတယ်နော် .. ဟော့ .. မောင်ကြီးတော့ .. ငါ့လက်ရာနဲ့ လျှာတွေလည်း လည်ကုန်မယ် .. အူတွေလည်း ဖြောင့်ကုန်ရမယ် .. အဟက် .. ဟက် .."

"ဟင် .. မမသွန်း ကလည်း .. ဘာလို့ အူကဖြောင့်ရမှာလဲ .."

"ဟဲ့ .. အူဖြောင့်သွားတော့ အစားတွေ တန်းခနဲ တန်းခနဲ လျှောဆင်းပြီးတော့ကာ .. တစ်လုတ်ပြီးတစ်လုတ် ဆက်တိုက်စားဖြစ်မှာပေါ့ .. မော်ဒယ်ပုရဲ့ .. အဲဒါပြောတာ .. အ ..တယ်လို့ပြောလည်း မခံချင်ဘူး .. ပြီးတော့ လည်တာလည်းမဟုတ်ဘူး .."

"အို .. ဘယ်သူက အူဖြောင့်ကြလို့လဲလို့ .. အားလုံး အူတွေခွေနေကြတာပဲဥစ္စာ .. မမသွန်း ရဲ့ အစိမ်းကြော်လေး စားလိုက်ရုံနဲ့ အူက တန်းခနဲ တောင့်ခနဲ ဖြောင့်သွားရမယ်တဲ့လားလို့ .. အခု .. အပုလေး

www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှာအူဖြောင့်နေလို့လဲ .. ကဲ .. မမသွန်း ရဲ့ အစိမ်းကြော်ကြီး စားပြီး ပြီပဲဥစ္စာ .. ဖြောင့်စရာရှိ အပုလေး အရင်ဖြောင့်မှာပေါ့လို့ .. ကဲ .. မမသွန်း ပြောတာက ယုတ္တိမှမရှိတာ .. အပုလေးကို .. အ တယ်လို့ မပြောပါနဲ့ .. မမသွန်း က .. အပြောပိုတာ .."

မှတ်ကရော ဟု သူ ကျေနပ်၏။ ဒက်ဒက်ပါအောင်ပြောနေသည့် အပုလေးကို သူ ချီးကျူးခန်းဖွင့်နေမိသည်က ရင်ထဲမှပါ။ သွန်း ကတော့ ရယ်မောရင်း အပုလေး ၏ပါးကို လက်ဖျားဖြင့်တို့၏။

"အေး .. ငါ့အပုလေး တိုးတက်လာပြီ .. ချက်နဲ့လက်နဲ့ ပြောတတ် လာပြီ .. အဲဒါ တိုးတက်တာပဲဟဲ့ .. ရှေ့နေတပည့် တဖြည်းဖြည်း ပီသလာပြီ သိလား .."

ဟု ဂုဏ်တင်ချီးကျူးချေ၏။

"ဟဲ့ .. ငါးနာရီထိုးတော့မယ် .. ငါ့မောင်ကြီးလည်း ပြန်မလာသေး ပါလား .."

သူ့ကွယ်ရာပေမို့ ရယ်စရာလုပ်၍ ငါ့မောင်ကြီး .. ငါ့မောင်ကြီး.. နှင့် ကောင်မလေး ရွှတ်နောက်နောက်ပြောနေမှန်းလည်း သူ သိနေ သည်။ ဒါပေမယ့်.. မီးဖိုခန်းနံရံမှ တိုင်ကပ်နာရီကြီးကိုကြည့်ကာ .. ငါးနာရီထိုးသည်အထိ သူ ပြန်မရောက်သေးပါလားဟုတွေးကာ သတိရ တာကို ကြားနေရတာကိုက ကြည်နူးစရာလိုလိုဖြစ်လာ၏။ ပြီးတော့.. ငါ့မောင်ကြီး ဟု အခေါ်ခံရတာကိုလည်း ရင်ထဲ ရှိန်းမြမြဖြစ်၏။

"ငါက .. သူ့ကို .. ငါ့သွန်းလေး လို့ တစ်ခါမှ မခေါ်ဖူးဘူး .. သူက .. သူ့မောင်ကြီးလို့ ငါ့ကိုခေါ်တယ် .."

ဟုတွေးရင်း .. သူ့ဘက်ပဲ ပျက်ကွက်နေသလိုလို ဖြစ်လာရပြန်၏။ ဘာကြောင့် .. သူကလည်း ခတ်ကူးကာ ကောင်မလေးကို ငါ့သွန်းလေး ဟု ခေါ်ချင်သလိုလိုတွေ ကျိတ်၍ ဖြစ်လာရပါသတဲ့လဲ ..။ ကျိတ်ခနဲ စုတ်သပ်၍ ခေါင်းခါမိပြန်၏။

"အဲဒီပေါ်တာအနောက်သန်လေးကို .. အဟုတ်ထင်မနေနဲ့ ..



သူက .. ငါ့ကို ချစ်စနိုးနဲ့ .. ငါ့မောင်ကြီး .. ငါ့မောင်ကြီး ..လို့ခေါ်နေ တာမဟုတ်ဘူး ခနဲ့ညားမောင်ရဲ့ .. ပေါ့ပျက်ပျက် ရွှတ်နောက်နောက် နဲ့ ခေါ်နေ၊ ပြောနေတာ သိစမ်းပါ .."

ဟု ကျစ်ကျစ်ဆုံးမရသည်က ကိုယ့်စိတ်ကိုပဲဖြစ်လေ၏။

"မှန်း .. ငါ တစ်ချက် .. ခြံဝဘက်မျှော်ကြည့်လိုက်ပါ့မယ်ဟယ် .. ဒီမယ် မော်ဒယ်ပု .. ငါ့မန်းကီးလည်း သူ့အိမ်ထဲက ထုတ်လိုက်ပါဟယ်.. နည်းနည်းထိန်းလိုက်ဦး .. ပန်းခြံထဲဝင်ပြီး အူမမြူးနေစေနဲ့ .."

ဟု ပြောပြောဆိုဆို တံခါးဘက်ကို လာနေတာမို့ သူ့မှာ သုတ် သုတ်ရက်ရက် နောက်ဘက်လှည့်ရ၊ ဆိုဖာပေါ် ပစ်ထိုင်မိရ၊ တွေ့ရာ သတင်းစာကို ကောက်၍ ဖတ်နေလိုက်ရဖြင့် ရှိကုန်ရသည်ပါပဲ။ သူ ချောင်းနေသည့်ကိစ္စ လူမိခံ၍မဖြစ်။

"အဟွတ် ဟွတ် .. ဟမ်း .."

အိမ်တံခါးဆီမှ အသံ ..။ သူ ကြည့်မိတော့ လက်ကြီးပိုက်၍ မိန့် မိန့်ကြီးမြုံးကြည့်နေသည့် လေးလေးသိန်း ..။ ဘယ်အချိန်က ဘည်းက များ သူ့ကို လေးလေးသိန်းကလည်း တစ်ကျော့ပြန် ချောင်းနေသည် ခသိ။ သူက ကောင်မလေးကို ချောင်းနေချိန်မှာ လေးလေးသိန်း က လည်း သူ့ကို ချောင်းနေချေသည်တကား။

"အဟွတ် ဟွတ် .. ဟမ်း ဟမ်း .. ဟွတ် .. လည်ချောင်းတယ် ယားသကိုး .. အေးကွာ .. ဒီနေ့တော့ .. အစ်ကိုကြီးဆီကို ဖုန်းဆက် ရော အကြောင်းတစ်ကြောင်း .. ရသွားတာပေါ့ .. အဟက် ဟက် .. ချောင်းဖျားချောင်းနား ဆိုတဲ့ သဘောရဲ့အနက်အဓိပ္ပာယ်က .. ချောင်း နားထောင်သောသူသည် ချောင်းနားထောင်ခြင်းကို လူမိလျှင် .. ကြောက်ဖျားဖျား၍ .. ချောင်းဖျားဖျားခြင်းဝေဒနာကို ခံစားရလတ္တံ့ ဆိုတဲ့သဘောများပါလားလို့ ခုမှ အတွေးပေါက်သကွာ .. ဩော် .. ချောင်းဖျားချောင်းနား .. ချောင်းဖျားချောင်းနား .. တယ်လည်း ဘိတ် ဘိတ်ဆိတ်ဆိတ်နဲ့ .. ခိုးကြောင်ခိုးဝှက်လုပ်ရတဲ့အလုပ်ပါလားကွယ်.."

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းလေးတခါခါ ..။ လည်ချောင်းလေးတဗွတ်ဗွတ်ပါအောင် ရှင်းရင်း ပြုံးစိ ပြုံးစိဖြင့် လေးလေးသိန်း ထွက်သွားတော့မှ သူ့မှာ ရှက်ရှက်နှင့် ကျန်ခဲ့ရသည်ပါပဲ။

"တောက် .. ငါကိုက .. ချောင်းတဲ့အလုပ်ကို မကျွမ်းကျင်လွန်းပဲဖြစ်နေသကိုး .."

စိတ်လက်မအီမသာဖြင့် သူ ညည်းမိ၏။ ဖေဖေ့ကို လေးလေးသိန်း လှမ်း၍ ဤအဖြစ်ကို ဖုန်းဖြင့် သတင်းတော်ပို့လျှင် ဖေဖေကတော့ ရယ်နေပါချေလိမ့်မည်။ ချွေးမတော်ကို သားလုပ်သူက ဟိုတယ်မှပြန်ရောက်တာနှင့် ခိုး၍ ချောင်းကြည့်နေသည်ဆိုရမှာ .. ချစ်၍ချောင်းနေသည်ဟု ထင်လျှင်အခက် ..။ သူ သိက္ခာကျသည်ပေါ့။

"အေးလေ .. ကောင်မလေး ငါ့ကို ချောင်းကြည့်တယ်ဆိုတာမျိုး အနံ့ကယ်ရန် မြင်ရင် .. ငါသိက္ခာတက်ရမှာ .. ခုက ပြောင်းပြန်ဖြစ်ကုန်ပြီ ...တော်ပြီ .. နောက် .. ဒီကောင်မလေးကို ငါမချောင်းတော့ဘူး .. သူ ချက်ပြုတ်တာ သန့်မသန့် ...ပေါ်တင်သွားထိုင်ကြည့်မယ် .. ကဲ"

ဟု တွေးစဉ်နိုက်မှာ ..

"ဟယ် .. မောင်ကြီး ပြန်ရောက်နေပြီကိုး .. သွန်း မသိလိုက်ဘူး သိလား .. အတော်ပဲ .. နာရီဝက်လောက်ဆိုရင် .. ထမင်းစားကြရအောင်နော် .. သွန်း က ညစာစောစောစားတတ်တယ် မောင်ကြီးရဲ့ .. ငါးနာရီလေးဆယ့်ငါးလောက်မှာ စားမယ်လေ .."

"ဟော့ .. ငါ .. ခြောက်နာရီခွဲမှ စားတတ်တယ်ကွ .. အဲဒီအချိန်ကျတော့မှ ငါစားမယ် .. ဖေဖေမှာထားတယ်နော် .. အားလုံးတူတူစားကြရမယ်တဲ့ .. နည်းနည်းအဆာခံပြီး ညည်းနောက်ကျစားပေါ့ကွ .. ငါက စောစားရရင် ...ထမင်းမဝင်နိုင်ဘဲဖြစ်မယ်ကွ .."

ကောင်မလေး ဆာနေအောင် တမင်ညစ်၍ သူပြောတော့လည်း အထွန့်မတက်။

"ရပါတယ် .. ခြောက်နာရီခွဲမှ စားမယ်လေ .. လောလောဆယ်



ဘီစကစ်လေး နည်းနည်းဝါးလိုက်တာပေါ့ .. အဟက် .. အစာအိမ်ဆိုတာ .. ဆာချိန်မှာ နည်းနည်းတော့ ဖြည့်ပေးမှရတယ်လေ .. အစာအိမ်ရောဂါ မဖြစ်အောင်ပေါ့ .. အင်း .. နောက်နေ့ ဈေးဝယ်ထွက်တဲ့အခါ.. မုန့်ပုံးတွေ ထပ်ဝယ်လာဦးမယ် .. ဆာတဲ့အခါ .. ဟိုမုန့်လေးစားလိုက်၊ သည်မုန့်လေးစားလိုက်နဲ့ မုန့်လေးတွေမရိုးအောင် လျှာအရသာရှိဖို့ ဝယ်ထားရမယ် .. မောင်ကြီး သတင်းစာဖတ်နေတာလား .. ဖတ်ပါ .. သွန်း .. မုန့်တီးလိုက်ဦးမယ် .. အပုလေးကလည်း ဆာတတ်တယ် .. သူ့လည်း ကျွေးမယ် .."

ဟု ပြောပြောဆိုဆို မီးဖိုဆောင်ဘက် ပြန့်ဝင်သွားတော့ သူ ငြိမ်ကျန်ခဲ့ရပါ၏။ ကောင်မလေး အူလိမ်ပြီးဆာနေအောင် တမင် သူ အချိန်ဆွဲလိုက်ချိန်မှာ အဆာပြေမုန့်တွေဘာတွေ သွားစားခိုင်းလိုက်သည့်နယ်ခင် ဖြစ်သွားရပြီ။

"ဒီကောင်မလေးမှာ .. ဘယ်အချိန် ဘာနဲ့ဖြေရှင်းမယ်ဆိုတာ အရံသင့် ရှိနေတာပါလား .. သူ့မှာ ဘာမှ ပြဿနာ[illegible]ရှိဘဲဖြစ်နေတာ .."

စိတ်ထဲမှ သူ ညည်းမိရပြန်၏။ ကောင်မလေး မုန့်ပန်းကန်ဖြင့် ထွက်လာသည်။ ကျော့ကျော့မော့မော့ ရှေ့မှဖြတ်သည်။ သူ့ကိုကြည့်ဘာ ..

"အခုမှ ငါးနာရီဆိုတော့ ခြောက်နာရီခွဲဖို့ဆိုတာက တစ်နာရီခွဲကြီးများတောင် လိုနေသေးတယ်လေ .. လေးလေးသိန်းတို့ .. အန်ကယ်ရန်တို့ .. ဘဘစိမ်းနဲ့ မော်ဒယ်ပု တို့အတွက်ပါ မုန့်တွေ ယူလာတယ်.. ပန်းခြံထဲ တူတူသွားစားလိုက်မယ်လေ .. အပျင်းပြေလည်းဖြစ် .. ပျော်လည်းပျော်ဆိုတာမျိုးပေါ့ .. နောက်နေ့တွေလည်း ဒီလိုပဲ ထမင်းစားနောက်ကျမှာမို့ .. ခုလိုပဲ .. စုစုဝေးဝေးလေး ပန်းခြံထဲမှာ အဆာပြေ .. စားလည်းတပြောပြော .. ချက်ပြုတ်တာလည်း အပန်းဖြေရင်း .. အလိုက်မယ် .. မုန့်တွေ အမယ်စုံထည့်ပြီးတော့လေ .. ဟိုဘီစကစ်လေး

www.burmeseclassic.com

www.burmeseclassic.com



သုံးလေးချပ် .. ဒီရေခဲညှပ်လေး သုံးလေးချပ် .. ဟိုမုန့်လေးကတစ်မျိုး တစ်ချပ်နှစ်ချပ် .. အဲသလို ..''

ဟု ပြောကာပြောကာဖြင့် ကော့ကော့တော့တော့လေး ထွက်သွားတော့ သူ ငေး၍ကျန်ခဲ့ရချေသည်တကား။

ညနေတိုင်း ပန်းခြံထဲမှာ အဆာပြေမုန့်စားပွဲလေး ကျင်းပဖို့ သူက ဖန်တီးပေးရာပင် ရောက်ကုန်ပြီ။ သူက .. ငြိမ်ငေးတော်နေရုံပဲရှိမည်။

''ဟော့ .. ခဏာရပ်ပါဦးကွ .. ပြောစရာရှိလို့ ..''

သူ ပြောတော့ ကောင်မလေး ရပ်သည်။ သူ ကောင်မလေးထံ လျှောက်ခဲ့ကာ ရှေ့တည့်တည့်မှာရပ်မိ၏။ ငုံ့မိုး၍ ကြည့်ယူရလောက်အောင် သူကလည်း အရပ်မြင့်သည်မို့ ခုလိုကျတော့ ကောင်မလေး၏ မျက်ခုံးစိမ်းစိမ်းလေးကို အပေါ်စီးမှ ကြည့်သည့်နယ်ရှိ၏။ နဖူးဝင်းဝင်း စင်စင် ..၊ မျက်တောင်ရှည် ထူထူစင်းစင်းလေးကိုလည်း နဖန့်နေအောင် မြင်နေရသည်။ လက်ထဲက မုန့်ပန်းကန်ထဲ မောက်နေသည့်မုန့်တွေကိုလည်း တစ်ဆက်တည်း မနာလိုစိတ်ဖြင့် ကြည့်မိ၏။

''ညကျရင် .. ဘယ်လိုလုပ်မလဲ .. အပုလေး ရောက်နေပြီဆိုတော့ ညည်းစာကြည့်ခန်းထဲအိပ်ရင် .. အန်တီထား ကို လှမ်းတိုင်လိမ့်မယ်.. ငါ .. ခုတင်ပေါ် အိပ်မှာနော် .. ညည်း .. ငါ့အခန်းက .. ဆိုဖာမှာအိပ်.. ဒါမှမဟုတ်ရင် .. ဘယ်သူ ခုတင်ပေါ်အိပ်မယ်ဆိုတာ မနိုက်မလား.. မျှမျှတတပေါ့ ..''

ဟု ပြောတော့ ကောင်မလေး ခေါင်းခါသည်။

''ကျွန်မ .. စာကြည့်ခန်းမှာ အိပ်မှာပါ .. ရှင် စိတ်မပူစမ်းပါနဲ့.. ကျွန်မမှာ အကြံရှိပါတယ် .. သိတယ်မဟုတ်လား .. ရွှေချထားရတဲ့ ဦးနှောက်ကို ပိုင်တဲ့သူလေ .. ရွှေဦးနှောက်တို့သခင်လို့ ခေါ်နိုင်ပါတယ် ငါ့မောင်ကြီးရယ် .. ဟက် .. ဟက် ..''

ဟု ပြောကာဆိုကာ ခြံဘက်ဆက်ဆင်းသွားတော့ သူ တိတ်ကျ ကျန်ခဲ့ရသည်ပါပဲ။ ဘာတဲ့ .. ပေါ်ပေါ်တင်တင်ခေါ်သွားသည်မှ ငါ့



မောင်ကြီး တဲ့လားလေ ..။ သူ့ကိုများ ချစ်စနိုးခေါ်ခြင်းများပေလဲ့လား လေ။ ရင်သည် သိမ့်ခနဲဖြစ်၏။ ထိုသို့ သူ အဘယ်မိန်းကလေးနှင့်မျှ ကြုံဆုံခံစားရဖူးတာမရှိ။ သူ့တစ်သက်မှာလည်း အဘယ်မိန်းကလေးကိုမျှ စိတ်ဝင်စားဖူးတာလည်း မရှိတာမို့ ဤသို့သော အတွေ့အကြုံလည်း မရှိ။ ရင်ထဲ တစ်မျိုးဖြစ်နေသည်။ ကောင်မလေး၏ လှုပ်ရှားပြောဆိုမှုတွေက စိတ်ညစ်စရာတွေ ဖြစ်နေစေသလိုလိုဖြစ်ဖြစ်နေရင်းမှ .. ဘာကြောင့် သူသည် ပျော်စရာလိုလိုတွေ ခံစားနေမိရပါသတဲ့လဲ။

ပြတင်းဆီသို့ သူ ရောက်၏။ ပန်းခြံဘက်ကိုကြည့်မိတော့ အားကျစရာကောင်းအောင် မြင်လိုက်ရသည်ပါပဲ။ မြက်ခင်းပေါ်မှာ ကောင်မလေးသည် အားလုံးနှင့်တူတူ တစ်သားတည်းကျအောင် ထိုင်နေသည်။ ရယ်မောနေသည်။ စကားတွေပြောနေသည်။ မုန့်လည်း စားနေချေသည်တကား။

အားလုံးကလည်း မုန့်တွေ နှိုက်စားလိုက်၊ ရယ်လိုက် ..၊ ပြောလိုက်ဖြင့် လွတ်လပ်ကြည်စင် .. ပျော်စရာမြင်ကွင်းဖြစ်နေသည်။ လက်ဆေးရဲ့လားဟု မေးမည့်သူမရှိ၊ လက်ဆေးမဆေးလည်း သူမသိ။ အားလုံးကတော့ တက်ညီလက်ညီ မုန့်နှိုက်ကာ နှိုက်ကာဖြင့် စားနေကြပါသည့်အဖြစ်။ သူပဲ တစ်ယောက်တည်း ငြိမ်ရပ်နေချေသည်တကား။

ထိုမုန့်စားနေသည့်နေရာသို့ သူ ဘာကြောင့်ရောက်သွားချင်စိတ်ဖြစ်နေရပါသတဲ့လဲ။ တူတူစားချင်နေသည်ကတော့ အမှန် ..။

''မဖြစ်ပါဘူး .. သူတို့ လက်မဆေးဘာမဆေးနဲ့ စားကြမှာ ..''

ဟု ငယ်ကျင့်အတိုင်း ရွံ့သလိုလိုပြောမိပေမယ့် .. စိတ်ထဲမှာ သိပ်မလေးနက်သဲယောင်ဖြစ်နေတာကို သူ့ဘာသာသူလည်း သိသိလာနေရသည်တည့်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

ဆိတ်နံ့ရိုးနှင့် ကုလားပဲခြမ်းဟင်းရည်ချက်က ချိုမြနေသည်။ မဆလာနံ့လေးကလည်း သင့်ရုံလေးပဲပါ၏။ ကုလားပဲခြမ်းလေးတွေက ပေါင်းထားသည့်အတိုင်း အိနေသည်။ ကြက်သားဆီပြန်ချက် ..။ အစိမ်းကြော်ကလည်း ကြက်ရင်အုပ်သားနှင့် ကြော်ထားသည့် မုန်လာဥနီ၊ အာလူးလေးထောင့်တုံးသေးသေးလေးတွေ၊ ပန်းမုန်လာပွင့်အနည်းငယ်၊ ရွှေပဲသီးစိမ်းနုနုတွေဖြင့် ကြော်ထားတာမို့ စားကောင်းနေသည်ပါပဲ။ သူ့ထမင်းပွဲဘေးမှာ လက်ဖက်ရည်ပန်းကန်ပြားတစ်ချပ်စီမှာ ရင်ဘတ်ရှေ့စည်းစရာ အဖြူရောင်ချည်ထည်စ၊ ပေါင်ပေါ်တင်ရာ အဖြူရောင်ချည်ထည် ခပ်ကြီးကြီးတို့ကို ခေါက်သားတကျ ထည့်ထားကာ နောက်ထပ်လည်း လက်သုတ်ပဝါ ခေါက်ရိုးကျိုးလေးက လေးထောင့်ကျကျဖြင့် ရှိနေကာ ဖွန်းခက်ရင်းတစ်စုံကလည်း ရှိနေသည်။ အားလုံး လက်ဖက်ရည်ပန်းကန်ပြားငယ်လေးတစ်ခုစီမှာ သပ်သပ်ခပ်ခပ် ရှိနေကြပါသည့်အဖြစ်။ ကြက်ဥဟပ်ဖရိုက်ကြော်တစ်ပွဲကို ငရုတ်ကောင်းမှုန့်လေး သင့်ရုံဖြူးလျက် တွေ့ရသည်။ ငါးပေါင်းဟင်းကလည်း မွှေးမြနေသည်။ နူးအိနေအောင် ပေါင်းထားသည့် ငါးပေမို့ အရိုးကြောက်ဖို့မလိုသည့်သဘော။ ကြိုက်လျှင်တို့စားဖို့ သခွားသီးစိတ်လေးတွေလည်း ရှိနေသည်။ ဤသည်က သူ့ထမင်းပွဲ ..။



သူနှင့် ဘေးကျကျမှာတော့ မြိုင်ဆိုင်နေအောင်ပြင်ထားသည့် ထမင်းပွဲက လူငါးယောက်စာဖြစ်၏။ ဟင်းတစ်မျိုးစီအတွက် ဟင်းတစ်ခွက်စီပဲရှိသည်။ တစ်ယောက်တစ်ခွက် သီးသန့်မထား။ ပဲဟင်းရည်ချိုဆိုတာကလည်း ပန်းကန်လုံးဖောက်နက်ကြီးဖြင့် ဇွန်းတစ်ချောင်း တပ်လျက်ရှိ၏။ ထူးခြားတာက ဟင်းပွဲတွေ သူ့ထက်များနေခြင်းပဲဖြစ်သည်။

သူ သေချာ မျက်စိလျှင်လျှင်ထား၍ ဟင်းပန်းကန်တွေကို နံပါတ်စဉ်တပ်၍ လိုက်ရေတွက်လိုက်တော့ ဟင်းခွက်သုံးခွက်ပိုနေသည်။

"အံမယ် .. သူတို့က သုံးမျိုးတောင် ငါ့ထက်ပိုစားကြမယ့်သဘော.. ဒါက ဘာသဘောလဲ .. အားလုံး တန်းတူညီမျှစားရမှာပေါ့ .."

စတင်၍ သူ မကျေမချမ်းဖြစ်ရပြီ။ ဒါပေမယ့် နှုတ်က ဘာမျှမပြော ..။ သေချာလက်တွေဘာတွေဆေး ..၊ ကျကျနနထိုင် ..၊ လည်ပင်းမှာ အဝတ်တစ်ခုစည်း ..၊ ပေါင်ပေါ် အဝတ်တစ်ခုတင် ..၊ ဇွန်းခက်ရင်းကို စတိုင်ကျကျကိုင်၍ စတင် ထမင်းစားသည်။ အားလုံး စားမြိန်နေသည်ပါပဲ။ ခံတွင်းတော့အလိုက်ဟု ဝန်ခံမိသည်။ ဒါပေမယ့် ခက်သည်က တစ်ဖက်ထမင်းစားနေကြသူတွေပဲဖြစ်လေသည်။ ဟင်းတွေ သူ့လက် ငါ့လက် ဟိုခွက်သည်ခွက် နှိုက်ကြ၊ သခွားသီးတို့စရာနှင့် တို့မြုပ်၍စားကြ၊ တော်တော် စားသောက်ကောင်းနေကြတော့ သူ မျက်စိထဲစူးလာသည်က အပိုဆောင်းနေသည့် ထိုထမင်းဝိုင်းဆီမှ ဟင်းသုံးခွက်ပဲဖြစ်ချေသည်။ ဘာဟင်းတွေလည်းဆိုတာလည်း ထ၍ရပ်ကြည့် စစ်ဆေးဖို့ကျတော့ သူ သိက္ခာကျမည်။

"ကောင်းလိုက်တဲ့ ခရမ်းသီးနဲ့ ပုစွန်ခြောက်အစပ်ချက်ဗျာ .. အခြောက်ဆီပြန်ချက်ထားတာများ .. ဒီဟင်းတစ်ခွက်နဲ့တင် လျှာလည်နေပြီ .."

သူ့လက် ငါ့လက် ခပ်သွက်သွက် နှိုက်ကြ ခပ်ကြ စားကြဖြင့် ရှိနေကြပေမယ့် ထူးခြားတာက အားလုံး နှုတ်ဆိတ်နေကြခြင်းပဲဖြစ်လေသည်။ ဤအထဲမှာမှ စတင်၍ အသံပွင့်လာသည်က လေးလေးသိန်းပါ။

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေး လှမ်း၍ လေးလေးသိန်းကိုကြည့်သည်။ နှုတ်ခမ်းမှာ လက်ညှိုးလေးထောင်ကပ်၍ ...

"ရှူး ... ရှူး ..."

ဟု စကားမပြောဖို့ တား၏။

"ဟင် .. ပျင်းတယ် မမသွန်းရဲ့ .. နည်းနည်းတော့ စကားပြောချင်တာပေါ့လို့ .. ဟောဒီ ငါးပိရေကျိုကလည်း ပုစွန်ခြောက်နိုင်နိုင် ငရုတ်သီးစိမ်းမီးဖုတ်ထောင်းနဲ့ ကြက်သွန်ဖြူ မီးဖုတ်ထောင်းလေး ထည့်ထားတာမို့ .. မွှေးနေတာပဲ . ငရုတ်သီးနဲ့လေးဆို သင်းနေရော .. အို - အပုလေးတော့ ကျန်နေတာကို သေချာသိမ်းပြီးတော့ .. ညတစ်ရေးနိုးဆာရင် .. ငါးပိရည်လေးဆမ်းပြီး သခွားသီးစိမ်းလေး ကိုက်လိုက်၊ မြှုပ်လိုက်နဲ့ တစ်ခါထပ်တီးဦးမှာ .. ဟောဒီ ငါးပိကောင်ချက်ကလည်း ငရုတ်သီးစိမ်းအတောင့်လေးတွေနဲ့ .. သိပ်ကောင်းတာ .."

သူ လိုက်၍ မှတ်သားနေသည်။ တစ်ခွက်က ခရမ်းသီးပုစွန်ခြောက် အိုးကပ်ချက်၊ နောက်တစ်ခွက်က ငါးပိရေကျို၊ နောက်တစ်ခွက်က ငါးပိကောင်ချက်၊ ကုလားပဲဟင်းကို ခူးခပ်၍ထည့်လိုက်၊ ငါးပိကောင် အစပ်ချက်နှင့်စားလိုက်၊ ငါးပိရေကျိုလေး ဆမ်းကာဆမ်းကာဖြင့် သခွားသီးလေး မြှုပ်လိုက်၊ ကုလားပဲဟင်းနှင့် ခရမ်းသီးပုစွန်ခြောက် အိုးကပ်ချက်ကို စားလိုက်ဖြင့် တခြားဟင်းခွက်တွေထက် ထိုသုံးခွက်ဆီမှာပဲ လက်တွေက ခပ်များများရောက်နေကြတော့ သူ ခံပြင်းလာသည်။

"ဒါ .. ဒါ .. ငါ့ကို .. တမင်တကာ ငါ့ကိုရွဲ့တာ .. ကြည့်စမ်း - ငါအစ်ပ်မစားဘူး .. ငါးပိမစားဘူး .. ပုစွန်ခြောက်မစားဘူး ဆိုတာနဲ့ - သူက အဲဒါတွေကို ချက်တတ်ပြုတ်တတ်တဲ့အားကိုးပြီး သူများတကာတွေ မြိန်ရည်ယှက်ရည်ဖြစ်အောင် ငါ့ရှေ့မှာ ချက်ပြုတ်ပြတယ် .. စားနိုင်းတယ် .. အဲဒါကောင်းသလား .. ဘေးကမြင်နေရတဲ့လူ သွားရည်ယိုလာအောင် အဲဒီလူတစ်သိုက်ကလည်း စားပြနေလိုက်ကြတာ .. လေးလေးသိန်းဆိုရင် အဆိုးဆုံးပဲ .. ခေါင်းကိုမဖော်ဘူး .. ထမင်းလိုက်ပွဲယူ



တာလည်း နှစ်ခါရှိနေပြီ .. ထမင်းအုပ်က သူ့လက်ထဲပဲ ရောက်ရောက်နေတာ .."

သူများတကာ ထမင်းအုပ်လေးယူလိုက် ..၊ လိုက်ပွဲလေးဖြည့်လိုက်၊ စားလိုက်ဖြင့် စားကောင်းသောက်ကောင်း ဖြစ်နေကြတာကိုလည်း သူ မျက်စိစူးသည်။

"ဟုတ်သကွယ် .. လေးနေလေးသိန်းတော့ .. ဗိုက်စူလာတော့မှာ .. ဟက် ဟက် .."

လေးလေးသိန်း ရယ်၍ပြောနေချိန်မှာ ထုံးစံအတိုင်း ကောင်မလေးက လက်ညှိုးလေးတထောင်ထောင် ..။ နှုတ်ခမ်းမှာ တကပ်ကပ် ..။ ပါးစပ်က တရှူးရှူးဖြင့် လုပ်နေတော့ .. သူ .. စားလက်စ ထမင်းပွဲဆီမှ ထထွက်လာခဲ့ရပါပြီ။ သူက .. ထမင်းစားချိန်မှာ စကားပြောတာ မကြိုက်ဟု ပြောထားသည်ကိုးလေ။ ခု .. ကောင်မလေးက စကားပြောဖော်တွေ ရှာထားသည့် ပြောသည့်လူကို တားနေသည်။

"ဟင် .. မောင်ကြီး .. စားမကောင်းဘူးလား .. ထမင်းတစ်ဝက် [illegible] .. မကြိုက်ရင်ပြောလေ .. သွန်း .. တစ်ခုခု ညစာအတွက် ထပ်လုပ်ပေးပါ့မယ် .."

ဟုပြောတော့ သူ ခေါင်းခါသည်။ စိတ်သည် ခရမ်းသီးပုစွန်ခြောက်ချက်ဆီသို့ ရောက်၏။ မြည်းကြည့်ချင်သလိုလိုတွေပင် ဖြစ်ချင်ချင် ..။

"ကောင်းပါတယ် .. စားကြပါ .. စားကြပါ .. စကားလည်း ပြောကြပါ .."

ဟုပြောကာ အပြင်သို့ထွက်သွားတော့ ကောင်မလေး မျက်နှာမကောင်း။ သူ တစ်ချက်လှည့်ကြည့်တော့ ခပ်ငေးငေးကြည့်နေတာနှင့်ဆုံ၏။ နောက်တော့ အားလုံးကိုချန်ခဲ့ကာ သူ့နောက်လိုက်လာသည်။ ဧည့်ခန်းမှာ သူ့ကို မီသည်မို့ ..

"သွန်း တားပါတယ် .. ဘီစကစ်စားနေကြတုန်းကလေ .. အပြင်မှာရှိနေကတည်းက .. တားပါတယ် .. ထမင်းစားချိန်မှာ စကားမပြော

www.burmeseclassic.com

www.burmeseclassic.com



ကြဖို့ .. အဲဒါ .. လေးလေးသိန်းခများ တစ်ခွန်းနှစ်ခွန်း .. အပုလေးက တစ်ခွန်းနှစ်ခွန်း ပြောလိုက်ကြတာပါ .. သွန်း လည်း တားပါတယ် .. သူတို့ကို .. တရှူးရှူးနဲ့လေ ..”

သူ ဆတ်ခနဲ ကြည့်၏။ မျက်နှာငယ်လေးဖြင့် မော့ကြည့်နေတော့ သူပင် ဇဝေဇဝါဖြစ်ချင်ချင် ..။ ကောင်မလေး တကယ်များ စိတ်မကောင်းဖြစ်နေသလားမသိ။ ဟင့်အင်း .. ဟုတ်ချင်မှဟုတ်မည်။ ဉာဏ်များသည့်ကလေးမ ..။ စိတ်မကောင်းချင်ယောင်ဆောင်နေတာ ဖြစ်နိုင်သည်။ လျှော့တွက်၍မရ ..။

“မဟုတ်ပါဘူး .. စကားမပြောရဘူးဆိုတာ .. မင်းကိုပြောတာ.. မင်းက သူများနဲ့မတူဘူး .. စားရင်သောက်ရင် ပါးစပ်ပေါက်ကို မပိတ်ဘူး .. ပလုပ်ပလောင်းစားရင်းနဲ့ .. စကားတယ်များသကိုးကွ .. အဲသလောက် စကားအပေါက်အစများနေမှတော့ ဘယ်သူ နားမညည်းဘဲ နေနိုင်ပါ့မလဲ .. နောက်ကို .. သူတို့ပြောချင်တာပြောပေ့စေ .. ညည်း မပြောဖို့ဘဲလိုတယ် .. ညည်းပါးစပ်က ဘရိတ်မမိတဲ့ပါးစပ် ..အလွန်ဆက်တိုက် မနားတမ်းပြောနိုင်တဲ့ပါးစပ် .. ညည်း .. တခြားလူကိုဆုံထည့်ပြီး ငါ့ကို အမြင်စိုင်းကပ်အောင် ဉာဏ်မများနဲ့ .. ကြားလား - ပြီးတော့ .. မင်းဟာ တယ်ပူစပ်ပူလောင်နိုင်တဲ့သူပဲကွ .. ဟင်းချက်တာများ .. အစပ်တွေ ဒီလောက်ထိချက်ပြီး သူများတကာကို ကျွေးရသတဲ့လား .. အစာအိမ်နာကုန်မယ်ကွ .. ငါ ဆေးမကုပေးနိုင်ဘူး .. ဒါပဲ -”

သူ ဆက်တိုက်ပြောကာ ရှေ့ဆက်လျှောက်၏။ သူများ စားကောင်းသောက်ကောင်းနေတာ မသထာရေစာဖြစ်တာမဟုတ်။ အဆွဲ တိုက်၍ တပင်တကာ အစပ်ဟင်းတွေချက်သည့်ကောင်မလေးကိုလည်း သူ မျက်စိစူးသည်။ ဟင်းခွက်ကြွေကိုလည်း မျက်စိစူးသည်။

“ညည်း ငါ့ကို သွားရည်ယိုအောင် တမင်ချက်တာ ငါသိတယ်- ဒါပေမယ့် .. ငါက မွေးနံ့သာမှာကတည်းက အစပ်စားခဲ့တာမဟုတ်ဘူး - ငယ်ကျင့်ကိုက အစပ်မကြိုက်ဘူးဆိုတာ ညည်း သေချာသော



ပေါက်ထား .. မယုံရင် လေးလေးသိန်းကိုမေးကြည့် .. ဒါပဲ ..”

ဟု ပြောကာ ကြည့်လိုက်တော့လည်း မျက်နှာငယ်လေးဖြင့် မော့ကြည့်နေတာပဲတိုးသည်။

“ဒီမှာ .. မျက်နှာလေး ဟိုငယ်သည်ငယ် .. မျက်နှာလေး ဟိုညှိုး ဒီညှိုးနဲ့ လုပ်မပြနဲ့ .. ညည်းလေးရင်ထဲမှာ ရယ်ချင်နေတာ ငါသိတယ်- အိုက်တင်ကောင်းမနေနဲ့ .. ဘာလဲ .. ဘာလဲ .. ငါက .. ညည်းဟင်းခွက်တွေကို မစားရလို့ ရင်ထဲ မချိတရိများ ဖြစ်နေမယ်ထင်သလား .. ဝေးဝေး .. ဟေး ဟေး ..”

ကလေးနှင့်ပြိုင်၍ ရန်ဖြစ်နေသည့်နှယ် ဖြစ်မှန်းမသိဖြစ်လာရ.. ရောက်မှန်းမသိ ရောက်လာရပြီဖြစ်ချေပြီကောလေ .. ဟု သူ့ဘာသာသူလည်း သတိပြန်ပေးယူနေရပြန်သည်။

“သွား .. ထမင်းစားချေ .. ငါ့ကြောင့် ထမင်းတစ်နပ်တောင် ဖြောင့်ဖြောင့်မစားရရှာဘူးလို့ .. လေးလေးသိန်းရဲ့အမြင်မှာ သနားကြင်နာစွာ ဖြစ်တည်လာအောင် ကြိုးစားနေတာ ငါမသိဘူးများ မှတ်နေလား .. ဖေဖေ့ကို လေးလေးသိန်း သတင်းပို့တဲ့အခါ .. ညည်းက မျက်နှာညှိုးလေးနဲ့ နေနေပြီးတော့ .. ငါ့အပေါ် အလွန်သည်းခံရှာတယ်လို့ မျက်နှာကောင်းရအောင် .. သတင်းပို့ခံရအောင် .. ညည်း .. ဉာဏ်ရောင်စုံထုတ်နေတာ ငါသိတယ် .. သူများတွေက ဉာဏ်နီဉာဏ်နက်လောက်ပဲထုတ်တယ် .. ညည်းက .. ဉာဏ်ရောင်စုံ ..”

“ခစ် ..”

သူ တိုးတိုးကြိတ်ကြိတ် ရန်ထောင်နေချိန်မှာ ကောင်မလေး က နားထောင်နေရင်း .. နားမထောင်နေရင်း မျက်လုံးတွေပါ ပြုံးတက်လာလျှက် ခစ်ခနဲ မအောင့်နိုင်ဟန်လေးဖြင့် ရယ်သံလေး ပွင့်ကျလာတော့ ရင်သာထု ငိုလိုက်ချင်တော့သည်ပါပဲ။ ဘယ့်နှယ် .. ရယ်စရာတွေညည်း လုပ်လုပ်ပစ်နေသည့် ကလေးမ ..။

“သွန်း က .. ဘယ်တော့မဆို .. တစ်ယောက်ယောက်ကိုတော့-

www.burmeseclassic.com

www.burmeseclassic.com



နောက်နောက်ပြောင်ပြောင်လေး .. လုပ်လိုက်ရမလေ .. မောင်ကြီးက ဖွေ့ဖွေ့နွဲ့နွဲ့မောင်ကြီးဖြစ်နေတော့ .. ပိုပြီး နောက်ချင်တယ်သိလား .. ဒါပေမယ့် .. ဒီနေ့ဟင်းတွေကတော့ စိတ်ထဲ ကောင်းရာရာ ချက်စားဟာပါ မောင်ကြီးရယ် .. မောင်ကြီး အဲဒီဟင်းခွက်ထဲ ဒီလောက် စားချက်အပြင်းစားတွေ နစ်ဝင်လာလိမ့်မယ်လို့မှမထင်တာ .. အဟင်း ဟင်း .."

"ဘာဖွေ့ဖွေ့နွဲ့ မောင်ကြီးလဲ .. ညည်းသာ ဆတ်ကော့လတ်ကော့ ရွှေသွန်းမေ .. ပူစပ်ပူလောင် ရွှေသွန်းမေ .."

သူ မျက်စိမျက်နှာပျက်၍ပြောတော့ ကောင်မလေး ရယ်ပြန်၏။

"ဟယ် .. အံ့ရော .. တကယ့်ကို ဒေါဖောင်းနေတာကိုး .. ကျောကုန်းကြီး ဖောင်းနေတဲ့ ဖားပြုပ်ကြီးကျလို့ .. အဟက် ဟက် .. ဖားပြုပ် မောင်ကြီး လို့ ပြောင်းခေါ်ရမှာ အားနာလို့ လွတ်ငြိမ်းခွင့်ပေးလိုက်တယ် မှတ်ပါရှင် .."

လက်ကလေး နောက်ပစ်၍ သူ့ကို စေ့စေ့ပါအောင် တပြုံးပြုံးဖြင့် မော့ကြည့်ရင်း ပျော်ပျော်ပါးပါး ပြောနေတော့ သူ စိတ်နောက်ကိုယ်ပါ တစ်ချက်မျှ ခေါင်းခေါက်မိလိုက်ရပါသတည်း။ ဇက်ဟလေးပုရွဲ ကော[illegible]မလေးရယ်သည်။

"ဘာမှန်း[illegible]သိဘူး .. [illegible]နာလုံး ရယ်ကြောတွေနဲ့ ရက် [illegible]ကြီး[illegible]တာပဲ .. လေမင့်လေးသမ်းလိုက်ရင်တောင် [illegible]ကဲ့မျက်နှာ .."

[illegible] မှစိမ့်ရှက်ကာ လေ့[illegible]တွေကို နင်းတက်တော့မှ ကော[illegible] လာ[illegible]နောက်ပစ်၍ ခုန်ပေါက်ခုန်ပေါက်လေးလုပ်ကာ ထမင်း[illegible]နးထဲ [illegible]သွားပါ၏။ ဤသူငယ်မ .. ကြာရိပ်ဖူးမှာနေခဲ့ [illegible] တစ်လျှောက်လုံး ဤသို့ဤနှယ်ပင် ခုန်ပေါက်မြူးတူးစွာ [illegible]လို့ ပျော်လင်ကြည်[illegible] နေခဲ့ဟာ သေချာသည်ဟု သူထင်၏။

[illegible] ကြည့် [illegible]တစ်ချက်ကျည့်အကြည့်မှာ ထို



အတွေးသည် မြင်ကွင်းကြောင့် ဖြစ်တည်လာရခြင်း ...။

ကောင်မလေး အခန်းထဲရောက်သွားတော့ သူ နောက်တစ်ကျော့ ပြန်ဆင်းလာမိပြန်ပါပြီ။ ဘာတွေများ သူ့အစာင်းအုပ်နေကြမည်လဲ ဟု သိလိုရှိ၍ပါ။ ခုမှ .. သူလည်း အကျင့်မကောင်းတော့ပြီ။ ချောင်းနားထောင်ကျင့်တစ်ခု မရှိသင့်ဘဲ ရှိလာပြီ။

"အဲဒါ .. အဲဒီကောင်မလေးကြောင့် ဖြစ်ရတာ .."

တွေးကာ တွေးကာဖြင့် သူ တံခါးအကွယ်မှာကပ်၍ နားစွင့်မိရသည်ပါပဲ။

"ဟရေးဘာဘား .. ကျာရိတ်ဖူးမှာ .. ရွှီတွန်းရဲ့ နားပိထောင်းနဲ့ ဒညင်းတီးမီးဖုတ်တစ်ခြမ်းကို .. အန်ကယ်ရန်နဲ့ ရွှီတွန်းတို့ ညနေသုံး နာရီလောက်မှာ တစ်ခါ တစ်ခါ အဆာပြေ .. ဇလုံငယ်လေးနဲ့ တစ်ရိပ် အောက်မှာ ရေနွေးကြမ်းတစ်ခွက်စီနဲ့ .. စားခဲ့ဒါ .. မမေ့ဘူး တိလား.."

အံမယ်မယ် ...။ ဤသူငယ်မ .. ဇလုံနှင့် ထမင်းတီးသည်ကိုး ...။ အန်ကယ်ရန်၏ ငါးပိထောင်းနှင့် ဒညင်းသီး မီးဖုတ်တစ်ခြမ်း ထမင်းစားခန်းကို သူ မြင်ယောင်လာမိသည်။ မြေပြင်ပေါ် ဖင်ချထိုင်၍ ဘေးမှာ ရေနွေးကြမ်းခွက်လေးချကာ လေပစ်ရင်း ထမင်းတစ်ဇလုံဖြင့် ရှိနေမည့် ကောင်မလေး ...။

"အင်း .. သူက .. အရာရာကို .. စိတ်ရှိရာအတိုင်း ကောက်ကောက်လုပ်ပစ်တတ်တဲ့ ဘဝတစ်ခုကို ပိုင်နေသကိုး .. အဲဒါ .. ပျော်စရာလား .. ပစ်စလက်ခတ် စည်းကမ်းမရှိ လုပ်ချင်ရာလုပ်တာလား.. ထမင်းစားရမယ့်နေရာ ရှိပါရက်ကယ်နဲ့ .. အိမ်ထဲမှာမစားဘဲ .. မြေကြီးပေါ်မှာစားတယ် .. ထမင်းပန်းကန်ရှိရက်နဲ့ ဇလုံနဲ့စားတယ် .. ဒါ .. စည်းကမ်းမရှိတာပဲမဟုတ်လား .."

သူ တွေးနေမိသည်။ ကောင်မလေး၏ လွတ်လပ်ပေါ့ပါးစွာ ဖြတ်သန်းသည့်အကျင့်ကို သူ ချီးကျူးအားပေးလိုက်ရမည်လား ... စိတ်ပျက်လက်ပျက်ဖြစ်ရမည်လား ...။ ယောလောဆယ်မှာ သူ ဝေခွဲ၍ပင်မရချင်။

www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်ဆို .. ပျော်ရွှင်ခြင်းဆိုသည့်ခံစားမှုကို ကောင်မလေးက အပိုင် သိမ်းထားနိုင်စွမ်းသည့်အကျင့်ပိုင်ရှင် ဖြစ်နေတာလည်း မျက်မြင်ဖြစ်နေသည်ကိုးလေ။

"အမလေးလေး .. ငါ့ညားကြီးဆိုတာ .. ငယ်ကတည်းက အစပ် မစားတာအမှန်ကွ .. ဒါပေမယ့် .. ဒီလိုဟင်းအစပ်ကိုများ ငါ့လူ စားကြည့်မိလိုက်ရင်ဖြင့် .. ဒီကောင်ကြီး .. ငရုတ်ခင်းဖြတ်ပေ့စေ .. စားမယ် ဆိုတဲ့စကား ပြောင်းပြောလာမှာ သေချာသကွ .. အံမယ်လေး .. ကောင်းလိုက်တဲ့လက်ရာတွေဗျာ .."

ဟု လေးလေးသိန်း၏ အာလုတ်သံကြီးဖြင့် ချီးကျူးသံထွက်လာချိန်မှာ သူ မျက်မှောင်ကုတ်၍ နောက်ကြောင်းလှည့်လာမိရပါပြီတည်း။

ဟင်းခွက်မျက်နှာတွေဖြင့် စားကောင်းသောက်ကောင်းအောင် ဖော်လံဖားနေသည့် လေးလေးသိန်း ကို သူ အမြင်ကပ်ချင်ချင်။

"အားလုံး သို့ဘက်တော်သားတွေချည်း ဖြစ်ကုန်ပြီ .. အေးပေါ့.. သူက အိုးသူကြီး .. ပြီးတော့ .. မီးခံသေတ္တာသော့ကိုင် ကေရှီသခင်မ ပေကိုး .."

ဟု အောင့်သက်သက်ဖြင့် လေ့ကားထစ်တွေ နင်းတက်ရင်း သူ ခံစားလာရသည်က .. သူ့မှာ တစ်ယောက်တည်းဖြစ်နေပါလား ဆိုသည့် ခံစားချက် ..။

ကောင်မလေးက အားလုံးကို တပြုံးပြုံးဖြင့် ချစ်စရာကောင်းအောင် နေပြ ..၊ ရယ်ပြ ..၊ ချက်ပြုတ်ကျွေးမွေးပြနှင့် အချစ်တွေကို သိမ်းယူသွားချေပြီကောလေ။



## အခန်း (၂၁)

"မန်းကီး"

"ဝုတ်.."

သွန်း လက်ကလေးဖြန့်တော့ မန်းကီးခမျာ ခပ်သွက်သွက် လက်ပေးသာပါ၏။ မန်းကီး၏ အညိုရောင်အမွေးနုလေးတွေကို သွန်း ၏ လက် တစ်ဖက်က သပ်ပေးနေသည်။ လက်တစ်ဖက်က မန်းကီး၏ လက်ကို ကိုင်ထား၏။ နောက်တော့ သွန်း ၏ လက်ညိုးလေး ထောင်လိုက်ကာ အသာလေးကွေးပြလိုက်တော့ မန်းကီး ခပ်သွက်သွက်ထိုင် ပြပြန်၏။ သနားစိတ်ဖြင့် ခေါင်းလေးကို ပွတ်ပေးတော့ ချွဲတာတာဖြင့် သွန်း ၏ရင်ဘတ်ကို ခေါင်းဖြင့်ခွေ့သည်။

"အင်း .. နင်လည်း ဒုက္ခပါပဲ မန်းကီးရယ် .. ဒီဇ်လာက် အငြိမ် နေတဲ့ အဆော့သန်မန်းကီးဘဝကနေပြီးတော့ .. အိမ်လေးထဲ ငြိမ်ကုတ် နေရတာ တော်တော်ပျင်းနေမှာနော် .. အိမ်လေးထဲထားပြီး တံခါးလေး ပါ ပိတ်ထားရတာက .. ငါ့ကြောင့်မဟုတ်ဘူးဟဲ့ .. နင့်ရဲ့သခင်အသစ် ဖြစ်တဲ့ .. အသန့်လွန်ပုဂ္ဂိုလ်ကြီးကြောင့် သိရဲ့လား.. သူ့မှာက .. ခွေးရဲ့ သက်နဲ့ သူ့ကို လာထိမှာ ကြောက်ရတာနဲ့ .. ခွေးရဲ့နှုတ်သီးနဲ့ သူ့ကို သာတို့မှာ လန့်ရတာနဲ့ .. ထိလိုက်မိရင်ပဲ ဘက်တီးရီးယား တစ်သိန်း လောက်က သူ့ကိုယ်ပေါ်မှာ တွားတွားတဲ့ကောင်တွေက တွားသွား.. နမ်ပုံကပ်ငြိနေတဲ့အကောင်တွေက ကပ်ငြိ .. နားရွက်ပေါ်ကနေပြီး ခေါင်း

www.burmeseclassic.com



ပေါ်ခုန်ကူးတဲ့ကောင်တွေက ခုန်ကူးနဲ့ ရှိနေမှာကျနေတယ်လေ .. အလွန် .. သန့်လွန်းနေတဲ့စိတ်တစ်ခုကို တစ်သက်လုံး ရင်ထဲပိုက်ပြီးတော့.. သူများတကာတွေလို လွှတ်လွှတ်လပ်လပ်လည်း ဟောသလို မြေပေါ် ခြေလေးဆင်းထိုင်တဲ့အရသာလည်း မသိလိုက်ရ .. ဟောသလို အိမ်မွေးသတ္တဝါလေးတွေနဲ့ အတူနေရင်း ကြည်နူးရတဲ့အရသာလည်း နားမလည်လိုက်ရ .. ဟိုနေရာက ပေလာမလား .. ဒီနေရာက ညစ်ပတ်တာ ထိလိုက်မလားနဲ့ သောကတွေမွေးပြီး .. ဒုက္ခရှာရင်း အသက်ကြီးလာရရှာတာဟဲ့ .. သနားဖို့ကောင်းချက်.. အဟုတ် ..''

မန်းကီး ကို ခေါင်းလေးသပ်လိုက် ..။ ကျောလေးပွတ်လိုက်ဖြင့် လုပ်ရင်း သွန်း ပြောမိသည်။ မန်းကီးခမျာ ခွေးအိမ်အသစ်လေးထဲ တစ်နေကုန်နီးပါး နေနေရတာမို့ ခုလို .. သွန်းနှင့် မြက်ခင်းထက်မှာ တူတူရှိခွင့်ရခိုက် အူမြူးနေသည်။ ဒါပေမယ့် .. ခါတိုင်းလို မျောက်ရှုံးအောင် မဆော့နိုင်ရှာ။ သွန်း ကို ပွတ်သီးပွတ်သပ် တွင်တွင်လုပ်နေဆဲ။ ခမျာ .. လွမ်းရှာမည်ပေါ့ ..။ သခင် နားကပ်နေချင်သည်ပေါ့ ..။

''ညနေစာ ချက်ပြုတ်နေတုန်းကတောင် နင့်ကို သနားလို့ မော်ဒယ်ပုနဲ့ နင့်အိမ်လေး တံခါးဖွင့်ပေးဖို့ မှာလိုက်တာ လေးလေးသန်းနဲ့ ခြံထဲတိုးတာနဲ့ .. ခွေးကို မလွှတ်သေးနဲ့ဦးဆိုပြီး တားသကွယ် .. ထမင်းစားချိန်မှာ မန်းကီး ထမင်းစားခန်းထဲဝင်လာရင် .. အဲဒီလူကြီး ထမင်းစားပျက်မှာ စိုးသတဲ့ကွယ် .. ငါ့မောင်ကြီးလေ .. အဲဒီမောင်ကြီးကြောင့် .. နင် ဒုက္ခတွေ့နေသကွယ် မန်းကီးရဲ့ ..''

ဟု ထပ်ပြောနေချိန်မှာပင် သစ်ပင်နောက်ကွယ်ဆီမှ လူရိပ်ထွက်၏။ လှည့်ကြည့်တော့ မောင်ကြီး ဖြစ်နေသည်။ သွန်း မျက်လုံးလေး ဝိုင်းခနဲဖြစ်သွားရကာ လူမိခံရသည့် အနေခက်ပုံလေး တစ်ချက်ဖြစ်သွားရသည်ပါပဲ။ ဒါပေမယ့် .. သွန်း ပဲလေ ..။ ဟက်ခနဲရယ်ပြလိုက်ရပါပြီ။ မောင်ကြီး ကတော့ ခပ်တည်တည်ကြည့်နေသည်။ မန်းကီး ကလည်း မောင်ကြီးကိုကြည့်ကာ ဝုတ်ခနဲ လှမ်း၍ အသံတိုးတိုးဖြင့် နှုတ်ဆက်၏။ အကင်းပါး မန်းကီးသည် ဤအိမ်မှ အခရာဖြစ်သည့်လူထဲမှာ မောင်ကြီး



ပါသည်ဆိုတာ သိနေပုံရသည် အမြီးလေး တနှံ့နှံ့ဖြင့် ရှေ့တိုးဖို့ ခြေလှမ်းပြင်သည်။ သဘောက မျက်နှာလိုမျက်နှာရလုပ်ပြီး မိတ်ဖွဲ့မည့်သဘော..။ သွန်း ၏ မန်းကီးအကြောကို သွန်း ကောင်းကောင်းသိသည်ပေါ့..။ တကယ်က ထိုအမူစရိုက်လေးက ခွေးတစ်ကောင်အဖို့ရာမှာ အလွန်ချစ်ဖို့ကောင်းသည့်အဖြစ်။ ဒါပေမယ့် .. အသန့်တကာတစ်ရာဖြစ်သည့် မောင်ကြီး က လက်တကာကာဖြင့် ..

''ဟေ့ .. ဟေ့ .. ညည်းရဲ့ခွေးကို တားပါဦးကွ .. ငါ့ကို လျှာနဲ့လာရက်နေရင် အခက် .. မျက်နှာကိုက ဖော်လံဖားနေတဲ့ရုပ် ..''

ပထမတော့ သွန်း တားမလို ဖြစ်မိသေးသည်။ နောက်တော့လည်း ငယ်ကျင့်ဆိုတာက ဖျောက်နိုင်သည်မှမဟုတ်ချေသည်ပဲလေ။ မန်းကီး၏ လျှာနှင့်ရက်တော့လည်း ဘာဖြစ်သည်မှတ်လို့ ..။ ရေနှင့်ဆေး ပြောင်သည်ပဲလေ ..။ မတားတော့ဘဲ လွှတ်ထားလိုက်သည့်တည့် ..။ မန်းကီး၏ တင်ပါးလေးကို ခပ်ဖွဖွလေးပုတ်ပေးလိုက်ရပြီ။ ကိုယ့်မန်းကီးနှင့်ကိုယ် ..။ သခင်နှင့်ခွေး ..။ ခွေးနှင့်သခင် ..။ အကြော..ိကြသည်မို့..။ မန်းကီး မြူးထူးကြွတဖြစ်လာ၏။ မောင်ကြီး ကို သွား၍ ပ.. ..က်နားရက်လုပ်ဖို့ ပါမစ်ကျသည်ကိုး။ ရှေ့သို့ ခြေလေးလှမ်း ခုန်သည်။ လက်ကိုကွေး၍ ဖင်ကလေးထောင်ကာ ထောင်ကာဖြင့် ကိုယ်တစ်ဝက်ကဝပ်..။ ကိုယ်တစ်ဝက်က ဖင်ဘူးထောင်လေးဖြင့်နေပြသည်။ သခင်ကို မြူဆော့သည့်ဟန် ..။ နောက်တော့ လက်ကလေးမြှောက်တောက်တာက်လုပ်ကာ ရှေ့သို့တိုး၏။ မန်းကီး ပဲလေ ..။ သခင်က တင်ပါးပုတ်၍ ခိုင်းလိုက်လို့ကဖြင့် ရှေ့ကလူကို လက်တွေရက် ..။ ခြေဖမိုးတွေရက် ..။ ခန်၍ တင်ပါးကိုပုတ် ..။ ကျောကုန်းကိုပုတ် ..။ ဆက်တိုက်လုပ်နေချေသတည်း ..။

''ဟော့ကောင် .. ဟော့ကောင် .. ဟာ .. ညစ်ပတ်ကုန်ပါပြီကွာ.. ဟေ့ ညည်းခွေး ညည်းတား .. ညည်းတား .. တကတည်းကွ .. ခုပဲ ရေမိုးချိုးထားတာ .. တစ်ခါပြန်ချိုးရတော့မယ် .. လူ အအေးမိတော့မှာပဲ .. ရေဆိုတာ တစ်ခါချိုးတော့ ဆေး .. နှစ်ခါချိုးတော့ အေးသကွ --

www.burmeseclassic.com



နားလည်လား .. ဘေးဖြစ်တော့မှာပဲ ..''

သူ ခုန်၍ ဟိုဘက်ရွှေ့လိုက် ..။ သည်ဘက်ရှောင်လိုက်ဖြင့် ရှိနေသမျှ မန်းကီး ငနဲကလည်း လိုက်၍လိုက်၍ ဇွေ့ခနဲ ဇွေ့ခနဲခုန် ..။ ဇွေ့ခနဲ မြောက် ..။ အာဝု .. အာဝုနှင့် အသံတွေထွက်၍ လက်ဖြင့် သူ့ခါးကို ပုတ်၏။ ခေါင်းဖြင့် ဝမ်းဗိုက်ကိုခွေ့၏။ သွန်း ကတော့ ရယ်နေသည်ပါပဲ ..။ သူ့မှာ မန်းကီးခွေးကြောင့် ဟိုခုန်သည်ခုန် ..။ လက်မြှောက် ခြေရှောင်ဖြင့် ခွေးအလျက်မခံရဖို့ ကြိုးပမ်းနေရင်းဖြင့် ..။ အလိုလိုနေရင်း နေရင်း .. မျောက် က .. က .. နေသည့်နှယ် ဖြစ်နေရလေသမျှ ..။ သူငယ်မကဖြင့် အားမနာလျှာမကျိုး ရယ်နေသည်မှ တဟက်ဟက် ..။

''မောင်ကြီးကလည်း .. အိမ်ထဲမှာမနေဘဲ .. အလုပ်မရှိအလုပ်ရှာပြီး ဒီနေရာထိလည်း ရောက်လာသေးတယ် .. သွန်း နဲ့ မန်းကီး ပြောတာတွေကို ချောင်းနားထားလည်း ချောင်းနားထားသေးတယ်.. ဒီနေရာ ရောက်တော့လည်း မန်းကီးရဲ့မိတ်ဖွဲ့တာကို ခံသင့်တာပေါ့ရှင် ..''

ဟု ပြောတော့ သူ စိတ်တွေရှုပ်နေသည့်ကြားထဲက နားမရှင်းဖြစ်ရပြန်ပါပြီ။ ဘာတဲ့ ..။ ချောင်းနားထား ..။ သူက ဘယ်သူ့ကို ချောင်းနားထားနေ၍တဲ့လဲ့ ..။

''ဟော့ .. ဘာလဲကွ .. ချောင်းနားထား .. ဘာချောင်းနားထားလဲ .. ဟေ .. စကားကို မရှင်းမရှင်း တယ်လုပ်သကိုးကွ .. ဟော့ .. ဟော့.. မင်း လျှာကြီးကလည်းကွာ .. ချွဲဖတ်ဖတ်နဲ့ ..''

လက်ဖမိုးလာရက်နေသည့် ခွေးမျောက်ကိုလည်း ခြောက်ရသည်။ လူမျောက်ကိုလည်း မေးခွန်းထုတ်ရသည်။

''မန်းကီး ..''

''ဝုတ်''

''သန်းတုတ်ပေးလိုက်''

''ဝုတ် ..''

အံမယ် ..။ မန်းကီး ဟု ခေါ်တော့ ဝုတ်သံပေး၍ ရပ်သည်။ သခင်မကိုကြည့်သည်။ သန်းတုတ်ဆိုတော့ ပြန်၍ဝုတ်သည်။ သူ .. ဘူးမထွင်း



နားရှင်း လုပ်နေချိန်မှာ မျောက်မန်းကီး ခွေးငရှုပ်က သူ့ပေါင်ကို နှာသီးဖြင့်တေ့၍ ဆတ်ဆတ် .. ဆတ်ဆတ် .. ဖြင့် ခွေးသန်းတုတ်သလို လုပ်နေတော့ အူယားလာရသည်ပါပဲ။

''တော်ပြီ .. တော်ပြီ .. လာတော့ မန်းကီး .. သွန်း ကို လာ သန်းတုတ် .. ရော့ ..''

ဟု လက်ကလေးရှေ့တိုး၍ ပြောတော့ မန်းကီး ခုန်ပေါက်၍ နေရာ ရွှေ့၏။ ကောင်မလေး၏လက်မောင်းပေါ် သန်းတုတ်သလို ဆတ်ဆတ်.. ဆတ်ဆတ်ဖြင့် နှုတ်သီးကိုတင်၍ ပါးစပ်လေး မသိမသာဟ၍ ..။ ရှုပ်ရှုပ် ဆိုသည့် နှာသံလေးပင် ထွက်လာအောင် သန်းတုတ်သလို လုပ်ချေသတည်း ..။ သူ .. စိတ်မောမောဖြင့် မြက်ခင်းပေါ်ထိုင်ချလိုက်မိပြီ..။ ထိုက်ကိုမရပ်နိုင်ဘဲဖြစ်နေရပြီကိုးလေ ..။ လက်ဖမိုးမှာရော ခြေဖမိုးမှာရော ခွေးသွားရည်တွေ ပေနေသည်ဟု ခံစားနေရသည်။

''သွန်း က .. မတော်တဆ မောင်ကြီး ရောက်လာရင် .. မန်းကီး က .. တစ်ခုခု လျှာနဲ့ရက်ပြီး မိတ်ဖွဲ့လိုက်ရင် .. ဆေးဖို့ ရေသန့်ပုလင်း ရယ် .. ဆပ်ပြာရည်ဘူးလေးရယ် အသင့် ကြိုတင်ပြင်ဆင်ထားပြီးသား ပါ .. ဒါပေမယ့် ... ခုကျတော့ ..''

ဪခနဲ သူ အသံထွက်၏။ ခုမှ ကောင်မလေးဘေးမှာ ရှိနေသည့် ရေသန့်ပုလင်းဆိုသည်က သောက်ဖို့ရာ ယူထားသည်မဟုတ်ဘဲ ..။ သူ့အတွက် လက်ဆေးခြေဆေးဖို့ရာ ယူလာခြင်းဆိုတာ သိရတော့ ပို၍ ဒေါသပုန်ထလာရပါ၏။ ဒါပေမယ့် .. အကျယ်ကြီး ရန်မလုပ်ရဲ ..။ ဆေးလေးသိန်းရန် က အနီးမှာရှိသည်။ တစ်အိမ်တည်းနေနေသည်လေ။ ဆရာစောက သူ ဒုက္ခရောက်နေတာကိုကျတော့ မြင်ချင်မှမြင်တော်မူမည်။ သူ အော်သည့်အခါကျတော့ ကြားချင်ကြားနေငြိမ့်မည်။

''တောက် .. မင်းရဲ့ရေသန့်တစ်ဘူးလောက်နဲ့ ငါ့ကို ဘာသန့်ရှင်းနိုင်မှာတဲ့လဲကွ .. ဟော့ ..''

''အေးလေ .. ဂေါ်ဇီလာကြီးကို ရေတစ်စက်စဉ်သလောက်ပဲရှိမှာ ..''

သူ့တစ်ကိုယ်လုံးကိုကြည့်၍ ပြောခြင်း ..။ ခြေထောက်ကိုကြည့်

www.burmeseclassic.com

www.burmeseclassic.com



သည်။ လက်ကိုကြည့်သည်။ ကျောက်ကုန်းကိုကြည့်သည်။ ရင်ဘတ်ကို ကြည့်သည်။ ကျေးဇူးရှင် မန်းကြီး ဖက်ရက်သန်းတုတ်ထားသမျှ နေရာများကို ကြည့်ခြင်း ..။

သူ .. မျက်မှောင်ကြုတ်၍ စိုက်ကြည့်ကာ ...

"ဟင် .. ဘာဂေါ်ဓိလာလဲ .. တောက် .."

ဟု ဒေါသသံဖြင့် ကျိတ်၍ မာန်သံပွင့်၏။ ရုတ်ခနဲ ခေါင်းထဲ တိုးလာသည်က ..

"ချောင်းနားထား .. ချောင်းနားထောင် .."

ဆိုသည့်အဖြေ ..။ ခုမှ သူ စဉ်းစားမိခြင်း ..။

"ဟော့ ,, မင်းက .. ငါ့ကို ဘာစွပ်စွဲတာလဲ .. မင်းကို ငါက ချောင်းနားထောင်တယ်လို့ ပြောတာပေါ့လေ .. ဒီမှာ .. ဟော့ .. မင်း .. ခွေးတစ်ကောင်နဲ့ ဘာအရှုံးထနေသလဲဆိုတာ ငါ လာလေ့လာတာကွ.. တစ်အိမ်တည်းနေကြတဲ့သူတစ်ယောက်ဟာ .. ခွေးတစ်ကောင်ကို ဘယ်လို .. ပွေ့ဖက်ပုတ်ပက်ပြီး နေသလဲဆိုတာ သိမှဖြစ်မှာလေ .. မင်း .. ညစ်ပတ်နေရင် .. ရေချိုးခိုင်းမလို့ပေါ့ကွ .. ငါ့အခန်းထဲ ဆိုဖာပေါ်မှာ မင်း လာထိုင်ရင် .. ငါ ရွံတယ်လေ .."

ဟု ပြောတော့ သွန်း ရယ်၏။

"ဟက်ဟက် .. အခုလောလောဆယ်တော့ မောင်ကြီး မြက်ခင်းပေါ်မှာ ဖုတ်လှိုက်ဖုတ်လှိုက်နဲ့ မောပြီး ထိုင်နေတာလေ .. အဲဒီနေရာမှာ စောစောက မန်းကြီး ရှူးပေါက်ထားရင် ဘယ့်နှယ်လုပ်မလဲ .. ဟက်ဟက်.."

ဟု ပြောတော့ သူ ဒေါကန်သည်မှ ဇွေ့ဇွေ့ခါ၏။ ရှူးရှဲနှင့် ထရပ်သည်။ ပုဆိုးလည်း စိတ်ထဲ မသတီချင် ..။ ခွေး ရှူးရှူးတွေပဲ စေးထန်းထန်းစိုနေပြီလားဟု စိတ်ထဲ တွေးရင်း ချက်ချင်း အိမ်ဘက် ခြေဦးပြင်သည်။ ရေချိုးရတော့မည်လေ ..။



## အခန်း (၂၂)

"ရှိတ်ချတာ မမ .. ဒီးမာနော် .. ရှိတွန်းနော် .. ကန်းကန်း ထာမင်းဟင်းချက်ကျွေးတယ်ရှိဒယ် .. အာကိုလေးကိုနော် .. ကန်းကန်းဂရုရိုက်ဒယ်ရှိဒယ် .. ထာမင်းရှားဒယ်နော် .. အာကိုလေးကိုနော် ငရုတ်သီးမပါဒဲ့ဟင်းကို တေတေချာချာ ချက်ကျွေးဘာဒယ် .. ရှိတ်မပူဘာနဲ့ မမ .."

ရေတမာပင်အောက်မှာ ဟန်းဖုန်းဖြင့် အလုပ်ဖြစ်နေသည်က အန်ကယ်ရန် ..။ ခပ်လှမ်းလှမ်းမှာကျတော့လည်း လေးလေးသိန်း ဖုန်းပြောနေသည်ပါပဲ။ အပုလေးကတော့ မမသွန်း မှာထားသည့်အတိုင်း ဘယ်သူက ဘယ်လို သတင်းတော်ပို့နေသည်ဆိုတာကို ထောက်လှမ်းနေခြင်း ..။ ပန်းခြံထဲ ဘာဘစိမ်းကိုပဲ ကူသလိုလို ..။ ရေဖျန်းပိုက်လေးဖြင့် ရေလေး ဟိုဖျန်း သည်ဖျန်း လုပ်လိုက် ..။ မန်းကြီးနှင့် ဆော့လိုက်ဖြင့် ရှိနေသည့် အပုလေးပါ ..။ ပထမ အပင်လေးတွေ ပေါင်းသင်သလိုလို လုပ်ရသည်။ ဘာဘစိမ်းကတော့ ခပ်အေးအေးနေတတ်သည်မို့ ပြုံးပြုံးကြီးကြည့်လိုက်။ အပုလေးကို သဘောကောင်းလေးအဖြစ် ခင်မင်စိတ်ဖြင့် စကားလေးပြောလိုက်ဖြင့် ရှိနေခဲ့ခြင်းပါ။ နောက်တော့ အပုလေး ရေဖျန်းသည်။ ထိုနောက်ကျတော့ .. မန်းကြီးနှင့် မြက်ခင်းဘက် ဆော့နေရပြန်သည်။ အားလုံးကဖြင့် .. မမသွန်း ချပေးလိုက်သည့် ဇယားအတိုင်း လုပ်နေရခြင်း။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းကျတော့ .. အန်ကယ်ရန်မှ စတင်၍ ရေတာမာဝင် ဘက်ရောက်လာကာ သစ်ရိပ်အောက်မှာ ဒူးရှည်ကြီးထောင်ကာ ပင်စည်ကိုမှီ၍ ကျကျနနထိုင်သည်။ နောက်တော့ သတင်းပို့၏။

လေးလေးသိန်း ကျတော့ ဟန်ရှိသည်။ ခုံတန်းပြာထက်မှာ ဒူးလေးတန့်နှံ့ဖြင့် သတင်းပို့ခြင်း ...။

"စိတ်ချပါ အစ်ကိုကြီး .. ဒီမှာ တကယ့်ကို အဆင်ပြေနေတာခင်ဗျ .. ညားကြီးက တကယ်တမ်းကျတော့ စိတ်ပူမိရသလောက် ဆိုးမနေပါဘူး .. သွန်း လေးအပေါ်မှာ မာမာကြောကြောပြောဆိုတာလည်း မတွေ့ရပါဘူး .. အံ့မယ်လေး အစ်ကိုကြီးရေ .. သူက .. သွန်းလေးကို လိုက်လိုက်ချောင်းနေတာဗျာ .. တည့်တည့်မကြည့်ရဲဘူးနဲ့ တူပါရဲ့ ဟင်းဟင် .. ကျွန်တော် မိတော့ သူက ရှက်တယ်ခင်ဗျာ .."

အပုလေး မှတ်သားရပြန်သည်။ ဒါမှ မမလေးသွန်းထံမှာ မျက်နှာကောင်းလည်းရမည်။ မမသွန်း ပေးမည့် ဆုတော်ငွေငါးရာကြီးများလည်း ရဦးမည်။ ကာတွန်းကားလည်း ခွေငှား၍ တထောကြီး ပေးကြည့်တာကလည်း ရှိလာဦးမည်။ တွက်ရေးတွက်ဆဖြင့် ဟန်တကျကျဖြစ်နေရသည်ကတော့ အပိုလေးပါ ...။

အားလုံး တာဝန်ကျေပြီမို့ အပိုလေး မန်းကီးကို ခွေးအိမ်ထဲသွင်းတံခါးကိုပိတ်ပြီး မမသွန်း မှာထားသည့်အတိုင်း စာကြည့်ခန်းထဲ ဝင်လာရပါပြီ ...။ ဥပဒေစာအုပ်ထူကြီး ဖတ်နေသည့် မမသွန်းမှ အပုလေး ဝင်လာတာနှင့် လှမ်းကြည့်ပြီမို့ ပြုံး၍ ...

"မမသွန်း .. အိုကေတယ် သိလား .. အားလုံးက မမသွန်းကိုချီးကျူးနေကြတာ .. အန်ကယ်ရန် က အန်တီထားကို .. ဖုန်းပြောနေတာမှ ကြော့မော့နေတာပဲ သိလား .. လေးလေးသိန်းကလည်း အစ်ကိုလေးရဲ့ဖေဖေ့ဆီကို အစ်ကိုကြီး အစ်ကိုကြီးနဲ့ ပြောနေတာများ မမလေးနဲ့ ဒီကအစ်ကိုလေးနဲ့ တည့်တည့်ရှုရှုရှိတာရော .. ဟို .. မမသွန်းချောင်းကြည့်တာတွေရော ပြောပြနေတာ .."



ဟု ပြောတော့ သွန်း ပြုံး၏။ ဒါဆို .. စိတ်အေးရပြီ ..။ သွန်းစိတ်ထဲဆန်းနေသည်က ဖေဖေရော မေမေရော နောက်ထပ် ရွှက်နုဝေသို့ လူလည်းမလာ ..။ ဖုန်းလည်းမဆက်ခြင်းပဲဖြစ်ပါ၏။ ဒါပေမယ့်.. သွန်းကို လွှတ်မထားဘဲ အန်ကယ်ရန်ကို သတင်းပို့တာတွေကိုပဲ စောင့်ဆိုင်း၍ နားထောင်နေမည့်ဟန်ရှိ၏။ တစ်ခုခု .. သွန်း ဘက်က မှားကြည့် ..။ ရွှက်နုဝေ သို့ မေမေ ထိုအခါမှ ရောက်လာကာ သွန်း ကိုကောင်းကောင်းကြပ်မှာ သေချာသည်။

"အေး .. သွန်း ရဲ့မော်ဒယ်ပုက အားအကိုးရဟဲ့ .. ရော့ .. ငါးရာယူထား .. ဒီကိစ္စ .. မေမေ့ကို လျှာကြောသွားမချောင်နဲ့ .. ညည်းလေးကို သတင်းပို့ဖို့ဆိုပြီး မေမေ ဖုန်းပေးထားတာ အလကားမဟုတ်ဘူးနော် .. ညည်းကို ဆက်တဲ့အခါ .. ဟိုအောက်ဒီအောက်နဲ့ စကားတွေအစ်ထုတ်မှာ ငါသိတယ် .. ညည်းက .. နည်းနည်းလေးမြှောက်လိုက်ရင်.. တန်းပြီးလေကြောမဆုံးအောင် လျှာကြောတစ်မိုင်ပြေးတဲ့ အမျိုး .. မေမေနဲ့ စကားပြောတဲ့အခါ .. စကားမရှည်နဲ့ .. ရှည်ရင် .. မှားကုန်မယ်နားလည်လား .."

"စိတ်ချပါ မမသွန်း ရဲ့ .. အပုလေးကိုများ လူလည်မဟုတ်တာကျလို့ .. အပုလေးက လူလည်ပါ မမသွန်းရဲ့ .."

လူကသာ မအူမလည်ရှိသည်။ ကိုယ့်ကိုယ်တော့ လူလည်နေရာကတစ်ထစ် အဆင့်မခံ ..။ တကယ်လည်း ကိုယ့်ကိုယ်ကို လူလည်ဟုအထင်တစ်လုံးဖြင့် ရှိတတ်သည့် အပုလေးပါ။ ဘာပဲဖြစ်ဖြစ်။ အပုလေးကိုတော့ ခုလို .. ပတ်ချောင်းသတင်းယူအလုပ်ကို ခိုင်း၍ရနေတာမို့ သွန်း အားကိုးဖော်လေးတော့ အရသား ..။

"မမသွန်းရဲ့ ပလိန်အတိုင်း အပုလေးက မှင်သေသေနဲ့ကို ပတ်ချောင်းနားထောင်လုပ်ခဲ့တာ သိလား .. သူတို့က လည်မလိုလိုနဲ့ မလည်တဲ့လူတွေဆိုတော့ .. အန်ကယ်ရန်ရော .. လေးလေးသိန်းရော သူတို့ကို အပုလေး အခုလို .. ရှီးဒဲလုပ်တာ မရိပ်မိကြဘဲရှိကုန်ရှာတယ်ပေါ့လို့.."

www.burmeseclassic.com

www.burmeseclassic.com



ရှီးဒဲ ..။ သွန်း ဟက်ခ်နဲ့ရယ်၏။ ရှီးဒဲ ဆိုတာ ရှဲဒိုးကိုရည်ညွှန်း၍ သွန်း ပြောခဲ့ခြင်း။ အင်္ဂလိပ်လိုဆို အလွန်ပြောသံဆိုသံကို နားဝင်ပီယံ ရှိသည့် အပုလေးကို တစ်ခုခု မြှောက်ထိုးပင့်ကော်ဖြင့် ခိုင်းကြည့်လိုက်.. တန်း၍ စိတ်ပါလက်ပါ လုပ်သည်ချည်း။

"ငါ့မှာ ပလန်တစ်ခုရှိတယ်.. ညည်းက .. အန်ကယ်ရန်နဲ့ လေး လေးသိန်းကို ရှီးဒဲလုပ်ပေး .."

ဟု ညနေစာစားအပြီးမှာ အင်္ဂလိပ်လို ညှပ်၍ပြောလိုက်တာနှင့်.. သူငယ်မ အပုလေး မြှောက်တောက်မြှောက်တောက်ဖြင့် သတင်းချောင်း အလုပ်ကို လုပ်ခဲ့ခြင်းပါ ..။ ရှဲဒိုး ..။ အရိပ်လိုလိုက်ခြင်း ဆိုသည့်စကား ကို ..။ ပြောင်းပြန်လှန်၍ ရှီးဒဲ ဟု ပြောခဲ့တာကိုလည်း အဟုတ် ရှီးဒဲ ဟု ခေါ်တာ အမှန်ဟုထင်ကာ မော်ဒယ်ပု ဘဝင်လေးခပ်ကိုင်ကိုင်ဖြင့် သတင်းချောင်းခဲ့ခြင်းပါ။

ခုလည်း သွန်း ၏ ပြောင်းပြန်ရှီးဒဲကို အဟုတ်မှတ်၍ လိုက်ရှီးဒဲ နေသည့် အပုလေးပါတည့်။

"အပုလေးက အင်္ဂလိပ်လိုလည်းတတ်တာဆိုတော့ .. မမသွန်းရဲ့ ပလိန်ကြီးအတိုင်း .. ရှေ့ျန်းလိုက် .. မန်းကီးနဲ့ဆော့လိုက် .. ဘာဘာစိုး ကို ကျော့ပိုက်နဲ့ နေ့ပပလိုက်တာပေါ်လို့ .."

မော်ဒယ်ပုကလည်း မခေ ..။ ဒူးဆစ်ဖုံးချည်ထည်ဘောင်းဘီ အညိုစင်းနှင့် ဘလောက်အင်္ကျီ လက်တိုလေးနှင့် သွန်း နှင့်တော့ ဘက်ညီ၏။

"ပလိန်မဟုတ်ပါဘူးဟယ် .. ပလန်ပါ .. ညည်းလုပ်ပုံနဲ့ သွန်း က .. အလိန်ကြီးဖြစ်တော့မယ် .. ဟက်ဟက် .."

မော်ဒယ်ပုကို ခေါင်းလေးခေါက်၍ သွန်း ရယ်သည်။ စကိုင်းနတ် မှာလာသည့် အက်ရှင်ကားဆိုလျှင်လည်း အင်္ဂလိပ်ကားတွေ အလွန် မက်သည့် အပုလေး ..။ ပြီးတော့ .. ဘယ်သူ့ ဘယ်သူက မင်းသား - ဘယ်သူ့ဘယ်သူက လူကြမ်းဆိုတာ တစ်ခါတစ်ခါ မခွဲတတ်ကော့ပဲ-



အသေအလဲ အတီးခံရသူက လူဆိုး ..။ လက်သံပြောင်သည်က မင်းသား ဟု ထင်ချင်သလိုထင်ပစ်ကာ ..။ ရုပ်ရှင်ကိုလည်း ကြိုက်သလို နားလည် ပစ်တတ်သည့် မော်ဒယ်ပုပါ။ ရှေ့တည့်တည့်မှာ ပြနေသည့် ရုပ်ရှင်ကား ကိုပင် သဘော ရေရေလည်လည်မပေါက်သည့် အပုလေးက ..။ သတင်း ချောင်းအလုပ်ကို စုံထောက်ယောင် ဘာယောင်ဖြင့် စတိုင်ကလည်း အဖြုံးလုပ်ချင်သည်။ ရုပ်ရှင်ကား စာတန်းထိုးပေမယ့် စာဖတ်နှေးသည့် အပုလေးက အပင်ပန်းခံ၍မဖတ်။ စာတွေဖတ်နေလျှင် အရုပ်တွေ မကြည့်ရဘဲ စာဖတ်ကျင့်နေသလိုဖြစ်သည်တဲ့ ..။ အပြောလေးပင် သဘာဝကျကျပြောတတ်သည့် အပုလေးပါတည့် ..။ ဘာပဲဖြစ်ဖြစ်..။ စုံထောက်ရူး မော်ဒယ်ပုကို သတင်းချောင်းအလုပ်ခိုင်းဖြစ်ရတာကိုတော့ သွန်း ကံကောင်းသည်ဟုပဲ ပြောရချေမည်လေ ..။ သဘောတကျကျဖြင့် သွန်း ထပ်၍ ခေါင်းလေးပုတ်ကာ...

"အင်း .. ပြောရဦးမယ် သိလား .."

ဟု တစ်ချက် စကားစသည်။

"မမသွန်းရဲ့သူငယ်ချင်းတစ်ယောက်လေ .. သူ .. ပြောပြတာ သိလား .. သူ့အိမ်ဘေးကတဲ့ .. မီးနေသည်တဲ့ .. မနေ့က သေတာတဲ့.. အဲဒါ .. ညကျတော့ .. နှင်းတွေ တဝါဝါနဲ့ .. စမုံနက်ထုပ်ကြီးတရှုးရှုး နဲ့ .. အဲဒီအိမ်အပြင်ဘက်မှာ လမ်းသလားနေတာတဲ့ သိလား .. အရပ်ထဲ ကလူတွေတောင် မြင်ကြဆိုပဲ .. ဖြုတ်ဆို .. အိမ်ကြီးထဲဝင်သွားလိုက်.. တော်နေကြာ ပြန်ထွက်လာဂိုက် .. ဆံပင်ကြီးဖားလျားချပြီး ခေါင်းဖြီး ချင်ဖြီးနေလိုက် .. မီးနေသည်ခေါင်းပေါင်းကြီးပေါင်းလိုက် .. အိမ်ထဲ ပြန်ဝင်သွားလိုက် .. ထဘီကြီးခေါက်ထိုးဝတ်ပြီး ထွက်လာလိုက်.. မျက်လုံးကြီးပြူးပြီး လမ်းဘက်ကိုကြည့်လိုက် .. အိမ်ထဲဝင်သွားလိုက် နဲ့ တဲ့ဟယ် .. အဲဒါ .. မမသွန်းရဲ့သူငယ်ချင်းလည်း ကြောက်ပြီးသူ့ အဒေါ်အိမ် ခဏပြောင်းနေလိုက်ရတယ်ဆိုပဲဟယ် .. အဲဒီမီးနေသည် သေတဲ့အိမ်ကြီးက .. အကြီးကြီးဆိုပဲ .. မမသွန်းတို့ရဲ့ ရှက်နုဝေလို

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီးမျိုးလိုပေါ့ဟာ .. ညဘက်ကြီးမှာတဲ့ .. လသာဆောင်မှာ ဆံပင်ကြီးဖားလို့ဖားလားနဲ့ .. ကလေးချော့သီချင်းတွေဆိုနေသံလည်း ကြားရတယ်တဲ့ သိလား .. အင်း .. အဲ့ဒီအိမ်ကြီးက .. ကြီးတာဆိုတော့ ဘယ်အခန်းမှာများ မီးနေသည်တစ္ဆေ ဝင်အောင်းနေမလဲဆိုတာလည်း မှန်းလို့မရဘဲဖြစ်နေတာတဲ့ .. သူ့ယောက်ျားတောင် ဟိုဘက်ပြောင်းပြီး အခန်းငှား ညအိပ်ရရှာတယ်ဆိုပဲ .. ခက်ပါ့ဟယ် .."

ဟု မျက်နှာလေးတပျက်ပျက်ဖြင့် သွန်း ပြောတော့ အပုလေး တစ်ချက်ကျော့တွန့်၏။ တောင်ကြည့်မြောက်ကြည့် စဖြစ်လာပြီ ..။ သတင်းချောင်းအလုပ်ကို ကမ္ဘာကျော် ဂျိမ်း(စ်)ဘွန်းစတိုင်လုပ်၍ မြောက်တောင်မြောက်တောက်လုပ်ကာ လောလောလတ်လတ်လေးမှာ ငွေငါးရာကြီးများတောင် ဆုတော်ငွေရထားသည့် အပုလေး ခမျာမှာ ..။ လောလောဆယ်မှာတော့ဖြင့် မီးနေသည်တစ္ဆေဇာတ်ဖြင့် ငြိမ်ကုတ်ကုတ်ဖြစ်စပြုလာနေပြီ။ ကုတ်ချောင်းကုတ်ချောင်းဖြင့် ဘေးတိုက်လေး မသိမသာကပ်ကပ်လာသည်က သွန်း၏ဘေးနား ကပ်ကပ်သပ်သပ်ရှိလာသည်အထိပါ ..။

"အဲဒါဟယ် .. အဲဒီအိမ်ကြီးက .. ဒီလမ်းနဲ့ တစ်လမ်းတည်းတဲ့ဟဲ့.."

"ဘွယ် .. ဘွယ်အိနိဂျီးလွဲဟင် .. ဟင် .. တာလမ်းထဲ .."

စကားတွေ လျှာလိပ်ကာ အလန့်ထည့်ကာ ထမေးလာသည့် အပုလေးကို သွန်း ကြည့်သည်။ အပုလေး လန့်နေသည်ဆိုတာကို မရိပ်မိသည့်အကြည့်မျိုးဖြစ်အောင် တာမင်လုပ်ထားရသည့်အဖြစ် ..။

"ဟဲ့ .. ဘယ်အိမ်ကြီးရမှာတဲ့လဲ .. အဲဒီ တစ္ဆေအိမ်ပေါ့ဟဲ့ .. မီးနေသည်တစ္ဆေအိမ်ကြီးလေ .. အဲသလိုပဲ ငါ့သူငယ်ချင်း ကျော့ကျော့ ပြောပြတာပဲ အပုလေးရဲ့ .. သွန်း ကတော့ တစ္ဆေတို့ .. မှင်စာတို့ .. ဂုတ်စာတို့ .. အဲဒါတွေမှ အယုံအကြည်မရှိတာ .. မကြောက်ပေါင်ဟယ် - သူတို့ မျက်စိမှားတာဖြစ်မှာပါ .. အဲဒီ သေသွားတဲ့ မီးနေသည်ဆိုတာကဖြင့် .. ခုလောက်ဆို .. သူ့အုတ်ဂူထဲမှာ တုတ်တုတ်တောင်လှုပ်ဖော်



မရနိုင်တဲ့ဥစ္စာ .."

ခပ်တည်တည် မှင်ကောင်းကောင်းဖြင့် သွန်း ဆက်၍လှိမ့်၏။ လောလောဆယ်မှာတော့ မရှိသော သူငယ်ချင်း ကျော့ကျော့နှင့် တစ္ဆေပုံပြင်သည် အုတ်ဂူထဲရောက်နေပြီ ..။ လူသေ အုတ်ဂူထဲရောက်သည်ဆိုရာ ဇာတ်ဝင်ခန်းမှာ လန့်ဖျပ်နစ်ကျနေသည့် အပုလေး ..။ လက်ထဲဆုပ်ထားရာ ငွေငါးရာလည်း ချွေးတွေဖြင့် စေးထန်းစိုလာနေပြီ ..။

"မမသွန်း .. တစ္ဆေနိုင်ဂါထာ ရလားဟင် .."

ကောက်ကာငင်ကာ မေးတော့ သွန်း ရယ်၍ ...

"အံမယ် .. ငါ့မှာ အထင်သေးလို့ .. ငါက .. တစ္ဆေသာ မယုံတာ.. ဂါထာခိုတာကိုတော့ သူများသင်ပေးတာ ကြုံဖူးသဟဲ့ .. အုံ .. အုံ .. ဝိညာဉ်တစ္ဆေ .. ဖုတ်တစ္ဆေ .. ဂုတ်စာတစ္ဆေ .. ခွေးကြောင်မြင်းကြက်မြွေနက် .. ကျားဆင် .. ဘာတစ္ဆေပင်လာလာ .. ငါ့ကားမကြောက် .. လက်နှင့်တောက်မည် .. အသင်တစ္ဆေ ပြေးလတ္တံ့တဲ့ .. အဲဒါ .. ငါ.. ကျက်ထားတာ .."

ဟု ပြောတော့ အပုလေး အားကိုးတကြီးဖြင့် သွန်းအနီး ကပ်၏။

"အပုလေး ကျက်ထားမယ်လေ .. မမလေး ရေးပေး .."

ရှောရှောရှုရှု သွန်း စာရွက်ပေါ် ရေးပေးသည်။ အပုလေး ဝမ်းသာအားရ စာရွက်ကိုယူ၍ အခန်းထောင့်မှာ ကုလားထိုင်လေးချ၍ အပြတ်ကျက်၏။ ကျက်လိုက် ..။ မျက်စိမှိတ်၍ရွတ်ကြည့်လိုက် ..။ မေ့လိုက်..။ ပြန်ကျက်လိုက်ဖြင့် ရတက်မီးကြီးနေချိန်မှာ အေးအေးဆေးဆေးပင် သွန်း စာရေးနေလိုက်သည်ပါပဲ။ ရေးလက်စစာမူကို ဆက်ရေးဖို့လိုနေသည်ကိုးလေ ..။

"မမသွန်း .."

ငိုမဲ့မဲ့ဖြင့် လာခေါ်တော့ သွန်း ဇက်ကလေးချိုး၍ ကြည့်သည်။

"ဩော် .. နားချင်ပြီလား .. နားလေ .. ညည်းအခန်းလေးမှာ ပြန်အိပ်လိုက်တော့ .. အံမယ် .. ညည်းအိပ်ရမယ့်အခန်းလေးကို ခုတင်

www.burmeseclassic.com

www.burmeseclassic.com



လေးနဲ့ .. ဗီရိုလေးနဲ့ .. ညအိပ်မီးအိမ်လေးနဲ့ .. အက်ဖ်အမ်ရေဒီယိုသေး လေးတစ်လုံးနဲ့ကို .. ရှိတာ သိလား .. ကဲ .. ကဲ .. အိပ်. အိပ် ..''

ဟု ပြောတော့ အပုလေး ငိုမဲ့မဲ့ဖြင့် ..

''မမသွန်းနဲ့ လိုက်အိပ်မယ် .. အဲဒီဂါထာ .. ကျက်တာ .. ရှေ့က ဟာ နောက်ရောက် .. နောက်ကဟာ ရှေ့ရောက် .. ဟိုဟာမေ့ကျန်ခဲ့.. သည်ဟာ မေ့ကျန်ခဲ့နဲ့ ..''

ဟု ပြောအပြီး ငိုငိုယိုယို စဖြစ်လာတော့ သွန်း သနားသလိုလေး လုပ်ကာ ငြိမ်ကြည့်သည့်အလုပ်ပဲ လုပ်နေလိုက်သည်။

''အဲဒီမီးနေသည့်အိမ်ကြီးကလည်း ဒီလမ်းနဲ့ တစ်လမ်းတည်းဆို.. အဲဒါ .. မိုးပျံတစ္ဆေလုပ်ပြီး .. ဟိုးတစ္ဆေကားထဲကလို .. ရောက်လာရင်.. ဘယ့်နှယ်လုပ်မလဲ ..''

တစ္ဆေကားတွေတုန်းကတော့ မျက်လုံးကြီးပြူးကျယ်၍ စိတ်ဝင် တစား လန့်ယန့်ဖြင့် စွဲစွဲလန်းလန်းအကြည့်ကောင်းခဲ့သမျှ ..။ ဘယ် ဇာတ်ကားထဲက မိုးပျံတစ္ဆေကို မှတ်မိနေသည်မသိ ..။ ငိုကာယိုကာဖြင့် အပုလေး ပြောနေရှာပြီ ..။

''အပုလေး ကြည့်တဲ့ ဇာတ်ကားထဲက တစ္ဆေကလေ .. အဖြူ ရောင်အကျီရှည်ကြီးနဲ့ .. ပဝါရှည်ကြီးနဲ့ .. ဆံပင်ရှည်ကြီးနဲ့ .. လေထဲ လွင့်ပျံပြီးတော့ သစ်ပင်တွေကြားထဲက သွားနေတာ ..ဟော .. မကြာ ဘူး .. မျက်နှာဖြူဖြူချောချောလေးက ဖြတ်ဆို .. မြွေအရေခွံလိုဖြစ်ပြီး ရှီးဆို ပါးစပ်ထဲက လျှာထွက်လာတာ သိလား .. မြွေထွက်သလိုလေ မြွေလျှာ .. မြွေလျှာ ..''

သစ်ပင်ကြားမှာ လှုလှုပပပျံသည့်မြွေတစ္ဆေဇာတ်ကတော့ စခန်း ပြီ၊ ခုကျတော့ .. မျက်လုံးလေး မှတ်ခတ်ပုတ်ခတ်လုပ်၍ ငြိမ်နားထောင် သည့်အလုပ်ကို လုပ်ပြလိုက်သည်က သွန်း ပါ ..။ မလန့်သလိုလို လန့်သလိုလိုလေးလည်း ဟိုလိုသည်လိုလုပ်ပြလိုက်သေးသည်။

''အဲဒါ .. အပုလေး .. မမသွန်းနဲ့ပဲ .. ညအိပ်တော့မယ်နော် –



လိုက်အိပ်မယ်လေ ..''

ဟု ပြောတော့ သွန်း တစ်ချက်စဉ်းစားသလို လုပ်ပြသည်။ လက်ညှိုး လေးကို ပါးပေါ်ထောက်လိုက် ..။ မေးပေါ်ထောက်လိုက် ..။ ခေါင်းလေး ငဲ့လိုက် ..။ အခန်းထဲ လမ်းလျှောက်လိုက် ..။ လက်ဇလေး နောက်ပစ် လိုက် ..။ အိုက်တင်ပေါင်းစုံကိုသုံးပစ်လိုက်ပြီးသည့် နောက်မှာ ပြန်လာ ထိုင်သည်။ သွန်း၏ လှုပ်ရှားမှုမှန်သမျှကို မျက်နှာလေး ဆီးစေ့ဖြင့် တကောက်ကောက်လိုက်ကြည့်နေသည့် အပုလေးကို တစ်ချက်ကြည့် ၏။ အလွန်ခက်ခဲနေသည့်ကိစ္စတစ်ခုထဲ ရောက်နေသည့်နှယ် သွန်း ခေါင်းလေးကုတ်၍ ...

''ခက်တယ်ဟ .. ညည်းက .. ငါနဲ့အိပ်မယ်ဆိုတော့ကာ .. သူများ တွေက ငါ့ကိုမေးရင် .. ခက်မယ် .. အဲ .. သူများတွေက ညည်းကိုမေး ရင်လည်း ခက်မယ် .. ညည်းက တစ္ဆေကြောက်နေတာလေ .. ငါက ပြောပြထားမိပြီ .. မေမေက .. ငါ့ကို တီးမှာပဲ .. ကလေးကို ခြောက် ချရသလားဆိုပြီးတော့ပေါ့ဟယ် .. တကယ်ဟ .. ငါကလည်း ငါပါပဲ.. ညည်းကို .. ဒီကိစ္စ .. လွှတ်ခနဲ ပြောပြမိတယ်ဟယ် .. ကျော့ကျော့ ပြောတာကို ငါက မယုံလို့ .. ညည်းကိုလည်း ငါ့လိုပဲ .. မယုံဘဲနေမှာလို့ ထင်ပြီး .. ရယ်စရာဆိုပြီး ဟက်ဟက်ဆိုပြီး ရယ်ကြမယ်ဆိုပြီး .. ငါက.. ပြောပြမိတာ .. ညည်းက တစ္ဆေကားတွေ လွှတ်ကြည့်တာဆိုတော့.. တစ္ဆေကို မကြောက်လို့ကြည့်တာ .. မယုံလို့ကြည့်တာလို့ အထင်ကြီး မိတာကိုး .. ခုကျတော့ .. ညည်းက .. ဖွတ်ကျွဲပဲ .. တစ္ဆေကြောက် တယ်ဆိုရင်လည်း .. ဘာကိစ္စနဲ့ .. ညည်းက တစ္ဆေကားတွေကို ဖွဲ့နဲ့ဘဲ နဲ့ မျက်လုံးကြီးမပိတ်အောင်ကြည့်နေရတာလဲ .. ကဲ ..''

သွန်း မေးလိုက်တော့ အပုလေး ငို၏။ ကြာရိပ်ဖူး မှာက ဇာတ် လမ်းတွေဖွဲ့ထားပေမယ့် ကြည့်ဖြစ်ချင်မှကြည့်ဖြစ်ကြသည်။ ညနေ မှာ အန်ကယ်ရန်နှင့်အမြဲအတိုင်းမြဲမြဲဖြင့် ဇာတ်လမ်းကြည့်သည့် အပု လေးဆိုတာက .. ကြာရိပ်ဖူးအိမ်မှာ ဖွဲ့ဆုရလောက်သည့်အမြဲ။ အခုကျ

www.burmeseclassic.com



တော့ .. မိုးပျံမြွေတစ္ဆေကားပင်ကြည့်ခဲ့ပြီးနေသည့် အပုလေး။ လန့်နေသည်မှ ကြည့်တီကြောင်တောင် လုပ်နေသည့်အဆင့်ကို ကူးနေပြီ ..။

"မပြောပါဘူး မမသွန်းရဲ့ .. အန်တီလေးထားကို .. အပုလေး .. ဒီကိစ္စ .. မပြောပါဘူး .. စိတ်ချ .."

"ဟဲ့ .. ညည်း .. အန်ကယ်ရန်နဲ့ လေးလေးသိန်းတို့ကို ဒီတစ္ဆေကိစ္စ သွားပြောပြီး .. လျှာရှောင်ရင် .. အဲဒီသတင်းက .. မမေ့ဆီရောက်မှာ သိရဲ့လား .. မောင်ကြီးရဲ့ဖေဖေ့ဆီကိုလည်း ရောက်မှာ.. သူတို့က သတင်းတော်ပို့တွေဟဲ့ .. ညည်း .. သေချာစဉ်းစား.."

ဟုပြောတော့ အပုလေး ခေါင်းညိတ်ပြနေသည်ပါပဲ ..။

သွန်း ထရပ်၍ အခန်းထဲ ခေါက်တုံ့ခေါက်တင်လျှောက်ပြန်၏။ လက်ကလေးနောက်ပစ်၍လျှောက်လိုက် ..။ ခေါင်းကုတ်လိုက် ..။ ခြေစုံရပ်၍ စဉ်းစားဉာဏ်ထုတ်လိုက်ဆိုသည့် အိုက်တင်တကာကို ဟန်ပါပါ လုပ်ပြီးမှ ..

"ညည်း .. ငါနဲ့အိပ်မယ်ဆိုရင်လည်း .. မောင်ကြီးက .. သူ့အခန်းထဲ လူစိမ်းဝင်တာ ကြိုက်မှာမဟုတ်ဘူးဟဲ့ .. ငါကလည်း .. ညည်းကို သနားနေမိပြီဆိုတော့ .. ငါ .. စာရေးသလိုလိုနဲ့ .. အင်း .. စာလည်း တကယ်ရေးလည်းရေးမှာပါဟယ် .. အဲသလိုနဲ့ .. ငါ .. ဒီအခန်းထဲမှာ.. နေလိုက်မယ် .. ညောင်းရင်လည်း .. ဆိုဖာပေါ်မှာ ခဏလှဲမှာပေါ့ဟယ်.. ညည်းလည်း ဆိုဖာပေါ်မှာ အိပ်ပေါ့ .. မနက်ကျရင် .. ဟန်မပျက်.. နေပေါ့ .. ညည်းအခန်းမှာ ညည်းအိပ်သလိုလိုနဲ့နေ .. ဟုတ်ပြီလား.."

ဟုပြောတော့ အပုလေး ထိုအခါမှ မျက်နှာလေး အတန်လန်းလာသည်။

"အင်း .. အင်း .. အဲသလိုနေမယ်လေ .. အပုလေး .. ဒီကိစ္စ .. မမသွန်းနဲ့ ဒီမှာအိပ်တာ .. ဘယ်သူ့မှ မပြောပြပါဘူး .."

"ဟော့ .. ဟော့ မော်ဒယ်ပု .. စကားပြင်ပြောစမ်း .. ဘာ .. ငါနဲ့ တူတူ ဒီအခန်းမှာအိပ်တာလဲ .. ညည်း လန့်နေလို့ .. ညည်းကို .. ငါက အတူတူလာစောင့်အိပ်ပေးရ[illegible]နားလည်လား .. ငါ့ကြောင့် ညည်း



အိပ်ရတာမဟုတ်ဘူး .. ညည်းကြောင့် .. ငါက အိပ်ပေးရတာ .. စကားကို ရှင်းရှင်းလင်းလင်းပြောစမ်းပါ .. လုံးထွေးထွေး မလုပ်ပစ်စမ်းပါနဲ့.."

လက်တကာကာဖြင့် သွန်း ပြောတော့ အပုလေး ခေါင်းသာ တွင်တွင်ညိတ်ကာ ..

"ဟုတ်ပါတယ် .. အပုလေးကို သနားလို့ .. မမသွန်း က အိပ်ပေးတာပါ .."

ဟု မျက်နှာငယ်လေးဖြင့် မြန်မြန်ပြောရှာ၏။ သွန်း စိတ်ပြောင်းပြီး စာကြည့်ခန်းမှာ မနေတော့ဘဲ .. မအိပ်တော့ဘဲ .. အပေါ်ထပ်တက်သွားမှာ အပုလေး လန့်နေသမျှ သိသာနေသည်ပါပဲ ..။

သွန်း တစ်ချက် ချောင်းဟန့်၍ ...

"ကဲ .. ဒါဆို .. ညည်း .. ခဏနေခဲ့ .. ငါ .. မောင်ကြီးကို ခွင့်သွားတောင်းလိုက်ဦးမယ် .. စာကြည့်ခန်းမှာ သွန်း စာကြာကြာရေးမလို့ပါလို့ .. အဲသလို .."

ဟု ပြောတော့ အပုလေး ခေါင်းညိတ်၏။ သွန်း အပေါ်ထပ်သို့ တက်ဖို့ အခန်းထဲမှထွက်တော့ ..။ ပထမပိုင်းလေးမှာ ရပ်ကျန်ခဲ့ပါသည့် အပုလေး ..။ ကျောမလုံသလိုဖြင့် ပြေးလိုက်လာကာ သွန်း ၏ခါးကို လက်ဖြင့်ဆွဲ၏။ ဒူးဆစ်ဖုံးဘောင်းဘီပွပွလေး၏ ရှုံ့ကြိုးက အပုလေး လက်ထဲ အိခနဲပါ၏။

"ဟဲ့ .. ငါ့ရှုံ့ကြိုး ပြုတ်မယ် .. လက်လွှတ် .."

ဟု လှည့်မာန်ယူရသည်။ အပုလေး မျက်တောင်လေးပုတ်ခတ်ခတ် လုပ်ပြီး နောက်မှ မခွာတခွာဖြင့် လိုက်လာသည်ပါပဲ..။ လှေကားထစ်တွေ တက်တော့လည်း နောက်မှာပါလာသည်။ အခန်းတံခါးရှေ့ ရောက်တော့လည်း နောက်မှာရှိနေသည်။

"ဟဲ့ .. အခန်းထဲ လိုက်မဝင်နဲ့လေ .. အပြင်မှာရပ် .."

"မွကြာနဲ့နော် .. မမွှဒွန်း .."

ထုံးစံအတိုင်း လျှာတွေလိပ်လုပ်ကာ အသံမပီတော့သည့် အပုလေး

www.burmeseclassic.com

www.burmeseclassic.com



ကို ခေါင်းပဲညိတ်ပြကာ သွန်း အခန်းတံခါးကို တစ်ချက် ဖွဖွခေါက်..။ အခန်းတံခါးရွက်ကို ဖွင့်တော့ အလိုက်သင့်ပွင့်၏။ ဆိုဖာရှည်ကြီးထက်မှာ စာတစ်အုပ်ဖြင့်ရှိနေသည့် မောင်ကြီး လှမ်းကြည့်တော့ သွန်း တံခါးရွက်ကို ပြန်ပိတ်ကာ လက်ညှိုးဖြင့် နှုတ်ခမ်းပေါ်ဖိကာ ..

"ရှူး .."

ဟု တိတ်တိတ်နေဖို့ အချက်ပြရ၏။ မောင်ကြီး အကဲခတ်သလို ကြည့်နေသည်။ သွန်း၏နှုတ်ခမ်းပေါ်မှာတင်နေသည့်လက်ညှိုးကိုလည်း ကြည့်၏။ ခပ်သွက်သွက်လှမ်းလာသည့် ခြေလှမ်းကိုလည်း ကြည့်၏။

"မောင်ကြီး .. စိတ်ချလက်ချအိပ် .. သွန်း အောက်ထပ်မှာ အိပ်မှာ.. အဲဒီကိစ္စ .. အပုလေး ဘယ်တော့မှ .. မေမေ့ကိုလည်း ပြောပြမှာမဟုတ်ဘူး .. လေးလေးသိန်းတို့ အန်ကယ်ရန်တို့ကိုလည်း ပြောမှာမဟုတ်ဘူး.. ဒါကြောင့် .. မောင်ကြီး စိတ်မပူနဲ့ .. စိတ်ချလက်ချအိပ် .. သွန်း စာကြည့်ခန်းမှာ အပုလေးနဲ့အတူအိပ်မှာ .. ကဲ .. ကဲ .. မောင်ကြီး စိတ်အေးကြည်သာ .. နေခဲ့ပါလေ .. နေပါလေလှည့် .. အဟက်ဟက်.."

ပျော်ပျော်လေးပြောလည်းပြော ..။ ရယ်လည်းရယ်ပြကာ သွန်း ထွက်မည်ပြုတော့ ..

"မီးခံသေတ္တာထဲ ပိုက်ဆံဖြည့်ရမှာလေ .. ဒါနဲ့ .. နေစမ်းပါ့ .. မီးခံသေတ္တာရော ဖွင့်ကြည့်ရဲ့လား .."

ဟု မေးသံပေါ်လာပြန်သည်။ သွန်း ခေါင်းလေးညိတ်ကာ ..

"ဖွင့်ကြည့်ပါတယ် မောင်ကြီးရဲ့ .. လက်ဝတ်လက်စားတွေမှ အများကြီးရယ် .. ရတနာဘူးတွေနဲ့ ထည့်ထားတာမှ .. အထပ်လိုက်ကို ရှိနေတာ .. နှစ်ဖက်မိဘတွေရဲ့လက်ဖွဲ့တွေပေါ့ မောင်ကြီးရယ် .. သွန်းက သိပ်ပြီးတော့ လက်ဝတ်လက်စား ထူထူထဲထဲ .. တောက်တောက်ပပ .. တန်ဖိုးကြီးတာတွေ မဝတ်တတ်လို့သာ သိမ်းထားရတာ .. လှလိုက်တာမှ အရမ်းပဲသိလား .. ရှော့ .. ရှော့ .. မောင်ကြီးလည်း ကြည့်လိုက်ပါဦး .. မောင်ကြီးအတွက်လည်း လက်စွပ်တို့ .. လက်ပတ် နာရီတို့ .. ဆွဲကြိုးတို့ ..



ဘာတို့ .. ရှိတယ်တော်ရဲ့ .. သော့ကြီးကို .. သွန်း က သိပ်ကိုင်တာမဟုတ်ဘူး မောင်ကြီးရဲ့ .. မောင်ကြီးပဲ ကိုင်လေ.. သွန်း လိုတာ .. ရှိလာရင် .. သော့တောင်းမှာပေါ့ .. မနေ့ကတည်းက ဒီသော့ကိုအပ်ချင်နေတာ .. လူကြီးတွေကို အားနာလို့ ခဏကိုင်ထားရတာ မောင်ကြီးရဲ့ .."

ဟု ပြောကာ သော့ကို ဘလောက်(စ်)အင်္ကျီအိတ်ကပ်ထဲမှ ထုတ်၏။ ထုတ်သည်မှ သော့ကို တွယ်ချိတ်ကြီးဖြင့် တွယ်ချိတ်ထားတာမို့ ချိတ်ကို ဖြုတ်၍ပေးလာခြင်း ..။ သူ့ တွေခနဲဖြစ်၏။ ညှာကောင်မလေးက .. သော့ကို ကျမပျောက်အောင် တွယ်ချိတ်ကြီးနှင့်တွယ်ထားသည်တဲ့လား ..။ ကလေးလိုပါပဲလားဟု စတင်၍ တစ်ချက်သဘောပေါက်ပေးလိုက်ရပြီ။

"အိတ်တစ်ခုခုထဲ ထားတာမဟုတ်ဘူး .. သော့ကို .."

သူ လွှတ်ခနဲ ပြောတော့ သွန်း ရယ်ကာ ..

"အိတ်ဆိုတာက ကိုယ်နဲ့ မခွာရှိတာမဟုတ်ဘူး မောင်ကြီးရဲ့ .. တွယ်ချိတ်နဲ့တွယ်ထားတော့ မပျောက်တော့ဘူးပေါ့ .. ပြီးတော့ .. အိတ်ဆိုတာက နေရာအထားမှားပြီး ရှာမတွေ့ဖြစ်တတ်တယ် .. ဟိုရှာသည်ရှာနဲ့ မီးခံသေတ္တာတော့ ပျောက်လို့ .. အထားမှားလို့ ရှာတယ်ဆိုတဲ့ အသံမျိုး မေမေ ကြားလို့ကဖြင့် .. ဗိုက်တွင်းကြော အထပ်နှစ်ဆယ် ပြတ်ကုန်မှာ မောင်ကြီး ရဲ့ .. အဟက်ဟက် .."

ဟု ပြောကာ သော့ကို ဆက်တီပေါ်တင်၏။ သူက လှမ်းမယူပဲ နေနေသည့်ကိုးလေ ..။ ဒါကြောင့် .. စားပွဲပေါ်တင်ခြင်း ..။

"ဟော့ .. ဟော့ .. ပြန်ယူ .. ပြန်ယူ .. ငါက .. မင်းဆီက ဒီသော့ကို တောင်းတာမဟုတ်ဘူးကွ .. ကုန်တဲ့ ပိုက်ဆံ ဖြည့်မလို့မေးတာ ..။ ဒီသော့ကို .. ငါ ယူကြည့်ပါလား .. မေမေ က .. သူ့ ချွေးမဆီက သော့ယူသိမ်းတယ်ဆိုပြီး .. ငါ့ ဗိုက်တွင်းကြော အထပ်နှစ်ဆယ်ပြတ်ကုန်မှာပဲ .."

ဟု ပြောတော့ သွန်း သူ့ကို ကြည့်သည်။ ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သိအောင် ပြောပြတဲ့သူ ရှိမှသိတာပါ-မောင်ကြီး ရဲ့ .. မောင်ကြီး သော့ကိုင်တာကောင်းပါတယ် .. သွန်း မှာ တွယ်ချိတ်ကြီးနဲ့ နေနေရ တာလေ"

ဟု ပြောလည်းပြော ..။ အခန်းထဲမှ ထွက်တော့ သူ့မှာ သော့ တင်နေသည့် စားပွဲကို ကြည့်ရင်း စိတ်အိုက်ကျန်ခဲ့ရသည်ပါပဲ .. ။

တံခါးရွက်ကတော့ ပြန်စေ့ပိတ်သွားပြီ ..။ ကောင်မလေးလည်း မရှိပြီ ..။ တကယ့်ကို .. ဘာညာဏ်တွေသုံး၍ .. ဘယ်လိုစီမံပြီး .. စာကြည့်ခန်းမှာ အိပ်နိုင်ဖို့ ကြံစည်မှုအထမြောက်ခဲ့ပြီမသိ ..။ သူ .. ဤ သူငယ်မကို လက်ဖျားခါမိရပြီ ..။ စာကြည့်ခန်းမှာ ညအိပ်မည်တဲ့ ..။ ကောင်မလေး သူ့ကို အာမခံစကားပြောခဲ့ဖူးသည်။ ယခု တကယ် ဖြစ် ပြီ ..။ ထက်ထက်မြက်မြက်တော့အရှိ .. ဟု သူ ဝန်ခံ၏။ ဤကောင် မလေး၏ စရိုက်သဘောတွေကို .. အဆိုးချည်းသက်သက်လည်း မြင်၍ မရနိုင်တာကို သူ ဝန်ခံမိရပြီ ..။ ဖြူစင်ခြင်းဆိုသည့် မနောလေးကို .. သူ .. မမြင်ဟန်ဆောင်၍ မရနိုင်တော့သည့်နှယ် ရှိနေပြန်၏။ ကောင် မလေးကြောင့် သူ စိတ်အနှောက်အယှက်တွေ ဖြစ်နေရတာတော့ အမှန် .. ။ အိမ်ထောင်မပြုချင်ပဲ ပြုခဲ့ရသည့် ခံစားချက်တစ်ခုက စိတ်ကို အပြင်း စား မွန်းကြပ်မှုတွေ ပေးအပ်ထားတာလည်း အမှန် ..။

ဒါပေမယ့် .. ထို မွန်းကြပ်မှုကြီးသည် .. တစ်ခါတစ်ခါမှာ .. ရုတ် ချည်း လွင့်စင်သွားတတ်နေတာကို သူ သိသိလာနေရသယောင်ရှိနေပြီ ..။ တစ်ချက်မှု .. စိတ်သည် .. ကြည်စင်လာတတ်၏။ ပေါ့ပါးလိုက်တတ် ၏။ ရယ်မောချင်စိတ်လည်း ဖြစ်ချင်၏။ ဖြူစင်လိုက်တာ ... ဟု လည်း တွေးမိ၏။ ဒါပေမယ့် ... ထိုခံစားချက်သည် ... အချိန်မ ကြာမြင့် ..။ တိုတောင်းသည်။ ချက်ချင်းပြန်၍ စိတ်သည် မွန်းကြပ် ပြန်၏။ သူ့ လက်ရှိရပ်တည်မှုသည် အထာမကျနိုင်သေးပဲ ဖြစ်နေသည်။

အထူးသဖြင့် .. ညစ်တီးညစ်ပတ် .. နေတတ်တာအဆိုးဆုံး ..။ သူက သန့်သန့်ပြန့်ပြန့် မီးပူကျလေး ဝတ်လိုက်ရုံဖြင့် သန့်သွားတာမှ



ဟော့တ်ချေပဲ ..။ ခွေးနှင့် ဖက်ရက်နေတတ်တာအဆိုးဆုံး ...။

စားသောက်လျှင်လည်း ပါးလုတ်ပါးလောင်း ..။ ပယ်ပယ်နယ် နယ် ..။ အသေးအမွှားပေမယ့် .. ထိုအဖြစ် ငယ်ငယ်လေးတွေသည် .. သူ့ကို စိတ်ရှုပ်ထွေးမွန်းကြပ်စေတတ် ပြန်သည်တည့် ..။

စိတ်မပါ လက်မပါဖြင့် သော့ကိုယူသည်။ ခေါင်းအုံးအောက်မှာ သွားသည်။ ကောင်မလေးမရှိပဲ မီးခံသေတ္တာကို ဖွင့်ရမှာ စိတ်ထဲ တစ်ခုခု ဘာသယောင်ရှိ၏။ မလုံမလဲဖြစ်တာလည်းရှိ၏။

"လျှော့တဲ့ ပိုက်ဆံ ပြန်ဖြည့်ပေးချင်လို့ ငါ မေးတယ်လို့ မထင်ပဲ .. ငါက သော့ကိုင်ဖြစ်ချင်လို့ .. သူ့ကို သော့ကီစွ မေးတယ်လို့ထင်ရင် .. ငါ လောဘကြီးရာ ရောက်တယ် .. အတ္တကြီးရာရောက်တယ် .. ငါပဲ .. အိမ်ဦးနက်ဆိုပြီး ချုပ်ကိုင်တယ်လို့ အထင်သေးတာ ငါ မခံနိုင်ဘူး .."

ဟု တွေးကာ လုံးဝ မီးခံသေတ္တာကို မဖွင့်ပြန် ..။ ခေါင်းအုံး အောက်မှာပဲ သော့ကို အငြိမ်ထားလိုက်ရပြီ .. ။

သူ တစ်ချက် ငြိမ်သွားမိပြန်၏။

အံမယ် ..။ သူက .. ကောင်မလေး သူ့ကို အထင်တသေးဖြစ်တာ လည်း မခံနိုင်။ သူသည် အတ္တကြီးသူ ဖြစ်သည်ဟုလည်း ကောင်မလေး ခြင်သွားမှာထက် လန့်နေတတ်ပြန်သည်။

ဒါ့ဆို .. သူက .. ရွှေသွန်းမေ ၏ အထင်ကြီးတာကို ခံချင်နေသည့် လူတစ်ယောက် ဖြစ်နေချေပြန်သည်ပေါ့ ..။

သူက .. သူက .. မိန်းမတစ်ယောက်၏ အထင်ကြီးခြင်းကို ခံချင် နေသည်တဲ့ ..။ ထို မိန်းမသည်လည်း .. သူ လက်ထပ်ထားရာ မိန်းမ .. ။ သူ လက်မထပ်ချင်ပါဟု အတိအလင်း ပြောခဲ့ရာ မိန်းမ ဖြစ်နေချေပြန် သည်တကား ...

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

"အဲဒီမှာ မင်းရဲ့ မီးခံသေတ္တာသော့ ရှိတယ် .. မနေ့ညက ငါ လုံးဝ အဲဒီသော့ကို မသုံးဘူးဆိုတာ နားလည်ထား .. ငါက .. မိန်းမ တစ်ယောက်ကိုင်ပြီး တာဝန်ယူထားတဲ့ မီးခံသေတ္တာကြီးကို .. အဲဒီ မိန်းမရဲ့ မျက်ကွယ်မှာ ဘယ်တော့မှ ဖွင့်မှာလည်း မဟုတ်သလို .. အဲဒီ မီးခံသေတ္တာသော့ကိုလည်း ကိုင်မှာ မဟုတ်ဘူးကွ .."

သွန်း မနက်ဘက် အခန်းထဲရောက်လာတော့ သူဆိုဖာထက်မှာ စာတစ်အုပ်ဖြင့် ထိုင်နေရာက လှမ်းပြော၏။ တကယ်ကဖြင့် မနက်က တည်းက ကောင်မလေး အခန်းထဲဝင်အလာကို သူ တစောင့်စောင့်ဖြင့် ရှိနေခြင်း။ အခိုက ကိစ္စသည် ခေါင်းအုံးအောက်မှာ အစန့်သားရှိနေ သည့် သော့တစ်ချောင်း ကိစ္စပဲ ဖြစ်နေသည်။ ဒါပေမယ့် .. ကောင်မလေး ဝင်လာချိန်မှာကျတော့ သူ တစောင့်စောင့်ရှိနေတာကို လူသိလည်း မခံ ချင်။ စာတစ်အုပ်ဖတ်နေရင်းမှ အေးအေးဆေးဆေး လှမ်းပြောလိုက် သည့်ဟန် ဖြစ်နေသည်။

"သွန်း က ... အဲဒီ သော့ကြီးကို မကိုင်ချင်ပါဘူးဆိုမှ .. မောင်ကြီး ပဲကိုင်ပါ ... အဲဒီထဲမှာ လက်ဝတ်ရတနာတွေလည်းရှိတယ် .. ပိုက်ဆံ တွေလည်း အများကြီးရယ်ရှိတယ် .. သော့ထိန်းအလုပ်က သိပ်ပင်ပန်း တာ သိလား ... ပင်ပန်းတဲ့ အလုပ်ဆိုတာ ယောကျ်ားတွေ လုပ်ရတာ



လေ မောင်ကြီး ရဲ့ .. အဲဒီ သော့ကို တစ်ခါပဲသုံးမိတာရှိတယ်ရှင့် .. ဂေါ်လာ လက်ဝတ်လက်စားတွေ သိမ်းရတဲ့ ကိစ္စပေါ့ .. အဲဒီ မီးခံသေတ္တာကြီး ထဲ ပြန်သိမ်းထားရမှာလေ မောင်ကြီးရဲ့ .. အဲဒီ တစ်ခါပဲ ဖွင့်လိုက်တာ ရှိတယ် ... ပြီးရော"

ဟု ပြောလာတော့ သူ စတင်၍ မျက်မှောင်ကြုတ်စပြုလာပြီ။ မဟုတ်သေး ...။ တစ်ခုခုတော့ လွဲနေပြီ။ သူ စတင်၍ တစ်ချက်တွေခနဲ ဖြစ်၏။

"နေစမ်းပါ .. ညည်းက .. အဲဒါပဲ ဖွင့်ဖူးတယ်ဆိုတော့ .. ပိုက်ဆံ ယူမသုံးဘူးလား .. ငါက .. ပိုက်ဆံထပ်ဖြည့်ရမှာလေ .. ဘယ်လောက် ပိုက်ဆံရှိနေတယ် .. လျော့သွားတယ်ဆိုတာလေးလောက်တော့.. မင်း ငါ့ကို ပြောပြထားသင့်တာပေါ့ကွ .. ခုဥစ္စာက .. တစ်ခါပဲဖွင့်တယ် ဆိုတော့ .. အဲဒီတစ်ခါထဲမှာပဲ အိမ်သုံးစရိတ်တွေပါ ယူထားလိုက်တာ လား .. ဟုတ်လား .. အဲဒါ ပြောစမ်းပါ မမရယ် .. ဘယ်လောက် ပိုက်ဆံလျော့သွားသလဲလို့ .. ဒီမှာ .. ငါပြောမယ် .. နောက်ကို .. မင်း ယူလိုက်တဲ့ပိုက်ဆံလေး ဘယ်လောက်ရှိတယ်ဆိုတာလောက်ပဲ ငါ့ကို ပြော.. ငါက ပြန်ဖြည့်ငွေ မင်းလက်ထဲပဲ အပ်လိုက်မယ် .. ပြီးရော.. အဲဒီသော့ ညည်းပဲကိုင် .. ညည်းကိုအပ်ထားတာက လူကြီးတွေနော် .. သူတို့ကို လေးစားပါ .."

သူပြောတော့ ကောင်မလေး ခေါင်းကုတ်၏။ စိတ်ရှုပ်ပုံလေးဖြင့် သော့ကို ခေါင်းအုံးအောက်မှ ယူ၏။ အိတ်ကပ်လေးထဲ ပြန်ထည့်သည်။ ချိတ်အကြီးစားကြီးနှင့် အတွင်းဘက်မှာ တွယ်ချိတ်လိုက်ခြင်း။

"ပိုက်ဆံကတော့ မလျော့ပါဘူး မောင်ကြီးရယ် .. သွန်း ရဲ့ စာမူ ခတွေထဲကပဲ .. အိမ်သုံးစရိတ် သုံးလိုက်တယ်.."

ခပ်အေးအေးပြောလိုက်သည်က ကောင်မလေးဖြစ်ပေမယ့် ...။ သူ့ ရင်ထဲ ဆောင့်ခနဲ အရှိန်နှင့်တိုးဝင်၏။ သူ ဝုန်းခနဲထရပ်လိုက်မိပြီ ...။ ရှုံးရှုံးရှုရှုကောင်မလေးကို ကြည့်မိရင်းမှ ..

www.burmeseclassic.com

www.burmeseclassic.com



"မင်း .. မင်း .. ဒါ .. ဒါ .. ငါ့ကိုချိုးတာပေါ့လေ .. ဟင် .. ပြောစမ်း .. ပြောစမ်း .."

တုန်ခါနေသည့်အသံဖြင့် တစ်ချက်ပြောမိသည်။ ခြေလှမ်းက မြန်ဆန်၏။ ကောင်မလေးရှေ့မှာ ခြေစုံရပ်လိုက်ကာ စိတ်နောက်ကိုယ်ပါကြီး ကိုယ်ကိုကိုင်းသည်။ ကောင်မလေး၏ပခုံးပေါ် လက်ကိုတင်သည်။ ခပ်ကြမ်းကြမ်းဆုပ်ပစ်ကာ ပခုံးလေးကို ရှေ့နောက်ယမ်းပစ်လိုက်မိရပြီ ..။ ရင်ထဲမှာ ခံပြင်းခြင်းက အစိုင်အခဲအဖြစ် ဆောင့်တက်နေ၏။ မာနကို အချိုးခံရခြင်းဟု ယူကျုံးမရလည်းဖြစ်သည်။

"ငါ .. ငါ .. မသိလို့စားခဲ့တာကွ .. နားလည်လား .. နားလည်လား.. မင်း .. ငါ့ကို တစ်သက်လုံး ဦးချိုးပစ်တာ .. ဟင် .. ဟင် .. ဒါ.. မင်းဉာဏ် အကုန်ပဲလား .. အကုန်ပဲလား .."

သူ အံခဲ၍ပြောနေချိန်မှာ အသံက ဩရှရှဖြစ်နေသည်။ မျက်နှာတစ်ခုလုံး ပူနေ၏။ သူ သိနေသည်။ သူ့မျက်နှာသည် ခံပြင်းရှိန်ဖြင့် နီရဲနေပေလိမ့်မည် ..။ အသားတွေဆီမှ သွေးတွေပေါက်ထွက်တော့မည့်အတိုင်း ရှိနေလိမ့်မည်။ ဟုတ်သည်။ သူ့သွေးတွေ ဆူပွက်ထနေသည်လေ..။

"သွန်း က ဘာလုပ်မိလို့လဲ မောင်ကြီးရဲ့ .. ပခုံးတွေ နာတယ်ရှင် .."

နားမလည်နိုင်သလိုလည်း မော့မေးသည်။ ပခုံးတွေနာနေတာကိုလည်း ပြောလာသည်။ သူ မလွှတ် ..။ ကောင်မလေး၏အမူအရာအတိုင်းကို စိတ်ပျက်စွာ .. ခံပြင်းစွာ .. မလွှတ်စတမ်း စိုက်ကြည့်နေမိရပြီ ..

"မင်းက .. မင်းက .. ဟန်တော့အကောင်းကွ .. ကြည့်စမ်း .. မင်းသမီးလုပ်ဖို့ကောင်းတယ် .. အပြစ်ကိုကင်းလို့ .. ဟင် .."

သူ့မှာ ခံပြင်းဒေါသတွေ .. ခံပြင်းမာနတွေဖြင့် တဟင်ဟင် အသံတွေ မချိမဆံ့ပွင့်ကျနေရ ..။ ပြောနေရပေမယ့် ကောင်လေး၏မျက်နှာလေးက ခုထိ သဘောမပေါက်သေးသည့်နှယ် လုပ်ပြနေပြီ ..။



"မင်းက .. မင်းက .. မင်းလုပ်စာကို .. ငါ့ကျွေးတယ်ပေါ့ .. အဲဒီသဘောပေါ့ .. မင်းရဲ့စာမူခနဲ့ .. ဒီရွက်နုဝေရဲ့ မင်းလက်ရာထမင်းပွဲကို .. ငါ .. ငါ .. ဒီအိမ်ထောင်ဦးစီးမှာ ပထမဆုံး မျိုချမိခဲ့ရပြီးပြီ .. ငါ.. ငါ .. ဦးချိုးခံရတာ .. မိန်းမက .. တစ်နေ့မှာ .. ငါ့ကို မျက်နှာထားတင်းတင်းနဲ့ .. ရှင့်လုပ်စာ ကျွန်မ.. မစားရသေးခင်မှာ .. ကျွန်မလုပ်စာရှင် ပထမဆုံး လည်ချောင်းထဲသွင်းခဲ့တာ မှတ်မိသေးရဲ့လားလို့ ခေါင်းမော့ ရင်ချီပြီး ငါ့ကို မာန်တဖီဖီနဲ့ ပြောခွင့်ရအောင် .. မင်း .. မင်း လုပ်ခဲ့ပြီးပြီပေါ့ .. မင်းဟာ .. တကယ့်ကို မလိမ့်တပတ်လုပ်တတ်တဲ့ ကောင်မလေးပဲ .."

သူ့အသံတွေထဲမှာ ယူကြုံးမရသံတွေ ပို၍နက်နက်နဲနဲကြီး တိုးဝင်လာနေပြီ။ မာနကို အခြေခံရသည်ပဲဟု ခံစားရင်း ရင်သည် ကျေမွ၏။

"အဲသလိုသဘောနဲ့မဟုတ်ရပါဘူး မောင်ကြီးရဲ့ .. သွန်း က .. တကယ့်ကို သဘောရိုးနဲ့ .. အဲဒီပိုက်ဆံသုံးလိုက်မိတာပါ .. သွန်း ရဲ့ စာမူခကို .. ဖေဖေနဲ့မေမေကလည်း သွန်း ပဲ သိမ်းထားဆိုပြီး ပေးထားတာမို့ .. ဒီရွက်နုဝေထဲ သွန်း ရဲ့ အဝတ်အစားသေတ္တာထဲမှာ ပါလာတာပါ.. သွန်း ကလည်း .. ကိုယ့်အိမ်မှာ .. အဲဒီစာမူခလေးနဲ့ တပျော်တပါး စားသောက်ကြတာကို စတင်မယ်လို့ အပျော်နဲ့ ချမ်းချမ်းမြေ့မြေ့တွေးပြီး .. အဲသလို အိမ်စရိတ်သုံးလိုက်မိတာပါ .. မောင်ကြီးကို .. ဦးချိုးတာ မဟုတ်ရပါဘူး မောင်ကြီးရယ် .."

"မင်း လေသံချိုချိုပျော့ပျော့လေးနဲ့လုပ်မလာနဲ့ .. မင်းရဲ့ အကြောင်း ငါသိတယ် .. မင်း လျှာအရိုးမရှိတိုင်း မပြောနဲ့ .."

သူ အသံလည်း သိပ်မကျယ်ရဲ ..။ အောက်ထပ်မှာ လေးလေးသိန်းတို့ ရောက်နေကြပြီလားမသိ။ ဘရိတ်ဖတ်(စ်)တူတူစားဖို့ ရှိသေးသည်ကိုးလေ..။

"မနေ့ကလည်း မင်းပိုက်ဆံနဲ့ ငါ မျိုချခဲ့ရပြီးပြီ .. ဒီနေ့လည်း မနက်မိုးလင်းတာနဲ့ .. မင်း ရှာဖွေစာနဲ့ ငါက .. စားပွဲမှာ .. မီးပူကျ

www.burmeseclassic.com

www.burmeseclassic.com



လက်သုတ်ပဝါတွေ .. ခွန်းခက်ရင်းတွေ .. ငါကြိုက်တဲ့အစားအစာတွေနဲ့ ထိုင်ရမယ်လို့ မင်းက စီမံထားတယ်ပေါ့လေ .. ငါ .. ငါ .. မစားဘူးကွ .. သိလား .. မစားဘူး .. မင်း .. သိပ်ပက်စက်တဲ့မိန်းမပဲ .. ငါ မသိဘဲနေမလားကွ .. မင်းအကျင့်ကို ..''

သူ့မှာ ဇွေ့ဇွေ့ခါနေသည်။ ဆောက်တည်ရာပျောက်နေသည်။ ဖြစ်ရလေ .. ဟု ရင်ထုမနာဖြစ်နေရပြီ။ ထိုအစားတစ်လုတ်သည် .. သူ့ကို တစ်သက်လုံး နာလန်မထူအောင် ကောင်မလေးက အပိုင်စားရစေဖို့ အတွက် ဖြစ်တည်ခဲ့ပြီးပြီကိုးလေ ..။

“လျှာအရိုးမရှိတိုင်း ပြောနေတာက မောင်ကြီးရှင့် .. ဘယ့်နှယ် ဒီလောက်ဖြူစင်တဲ့ထမင်းပွဲ .. စားသောက်ပွဲကိုများ .. ဘီလူးခံတွင်းထဲက နှိုက်ယူလာတာကျနေတာပဲ ..''

ကောင်မလေးကလည်း မခေ ..။ စတင်၍ ပြန်ဖွာလာပြီ။ သဘောက .. မျက်နှာငယ်လေးဖြင့်နေပြ၍ မရတော့ပြီဆိုတာ သိလောက်ပြီ.. ဒါကြောင့် မာကြောကြောလုပ်ပြလာခြင်းဖြစ်သည်။ သူကလည်း မလျှော့..။ စိုက်ကြည့်ပစ်သည်ပေါ့ပဲ ..။

“မနူးမနပ်ညဏ်လေးတစ်ထွာသာသာနဲ့ ငါ့ကို လာမစမ်းနဲ့.. ညည်း.. ဒီပိုက်ဆံ .. ဘာကြောင့်သုံးတယ်ဆိုတာ ငါသိတယ် .. ညည်းက .. စာရေးဆရာဖြစ်တာလည်း ငါ့ကို အပြတ်ဖြိုပြသလိုကြွားတိကြွားတားနဲ့လုပ်ပြတယ် .. အဲဒီပိုက်ဆံနဲ့လည်း ငါ့ကိုကျွေးပြတယ် .. ညည်း- လျှာအရိုးမရှိတိုင်း .. ငါ့ကို .. လှည့်ပတ်ပြီး .. ကလိမ်ကကျစ်စကားတွေ .. ညဏ်တွေနဲ့ လေပြေမထိုးနဲ့ .. ဒါပဲ .. ဒီကိစ္စ .. ငါ .. တစ်သက်- အခဲမကျေဘူး သိလား .. ရင်ထဲနာသကွာ .. အန်လို့များရရင် .. ငါ - ညည်းထမင်းတွေပြန်အန်ပစ်တယ် သိလား ..''

သူ တက်တခေါက်ခေါက်ဖြင့်ရှိ၏။ လက်သီးတဆုပ်ဆုပ်ဖြင့်ရှိ၏။ သူ့စိတ်ထဲမှာ .. အရှက်သည်းတာတွေလည်း တိုးဝင်လာလေသည်။ ကောင်မလေး .. သူ့ကို တစ်ကွက်တည်းနှင့် မာနကို အလဲပိုးရိုက်ချိုး



ပစ်လိုက်ခြင်း ..။ သူက ငတုံးငအ .. ငတုံးကြီးဖြစ်ပြီး ခံလိုက်ရပြီးပြီ၊

“နေစမ်းပါ .. ရှင်ကရော .. လျှာအရိုး ဘယ်နေရာမှာများ ထူးပြီး ရှိနေလို့လည်း မောင်ကြီးရဲ .. သူများတကာကို .. လက်ညှိုးတငေါက်ငေါက်နဲ့ စွပ်စွဲမနေချင်စမ်းပါနဲ့ .. ကျွန်မရဲ့စာမူခနဲ့ အိမ်စရိတ်သုံးမိတာဘာများ မကောင်းတာရှိသွားလို့လဲ .. ဘာလဲ .. ကျွန်မရဲ့စာမူခက .. သိပ်နိမ့်ကျနေပြီး .. ရှင့်မာနကြီးက .. သိပ်မြင့်မြတ်နေတယ်ပေါ့လေ.. ဒါတော့ .. ရှင် .. လွန်လွန်းအားကြီးနေပြီနော် .. ဒါ .. အနုပညာကို စော်ကားတာရှင့် .. ရှင် စာရေးဆရာဖြစ်မလာရတိုင်း .. ကျွန်မကို မရှုဆိတ်ဖြစ်နေတာကတော့ ထားပါ .. ကျွန်မ .. နားလည်ခွင့်လွှတ်ပေးနိုင်ပါတယ် .. ဒီလောက်ဖြူစင်အေးချမ်းစွာ ရရှိထားတဲ့ စာမူခ ထမင်းဟင်း .. စာမူခဘာရိတ်ဖတ်စ်ကို စားလိုက်ရလို့ .. ရှင့်မှာ .. ဘယ်လောက်များ .. ဘုန်းကံတွေ နိမ့်ကျကုန်မှာမို့လို့တဲ့လဲ .. ရှင် .. ကျွန်မကို စော်ကားမော်ကား ပြောတာ ထားပါ .. အနုပညာကိုတော့ မစော်ကားပါနဲ့ ဦးခန့်ညားမောင်ရဲ့ ..''

အံမယ် ..။ တပြန်တလဲ ပြန်၍ပင်ဖွာသည့် သူငယ်မ ..။ သူ .. မျက်တောင်မခတ်ကြည့်နေရင်း စိတ်ထဲ ခံပြင်းခြင်းက အရှိန်တိုးလာသည်။

“ဟေ့ .. ဘာပြောတယ် .. ငါက စာရေးဆရာဖြစ်မလာသေးခင်.. မင်းကဖြစ်လို့ .. ဟုတ်လား .. ဒီမှာ .. သိပ်ပြီး စကားခင်းအနိုင်ပိုင်းပြမနေနဲ့ .. မင်းပြောတဲ့စကားက .. ဘာသဘောလဲဆိုတာ ရှင်းတယ် .. ငါက စာရေးဆရာဖြစ်မလာဘူး .. မင်းက .. ဖြစ်လာတယ် .. အဲဒါကို.. တဲ့တိုးပြောစမ်းပါကွ .. ဒီမှာ .. ငါပြောမယ် .. ငါက .. မင်းလို စာအုပ်ဖတ်လိုက် .. ကျောင်းစာလေးဖတ်လိုက် .. စာမေးပွဲလေးဖြေလိုက် .. စာတွေဘာတွေရေးလိုက်နဲ့ အေးအေးဆေးဆေးရှိနေရတာမဟုတ်ဘူး.. မင်းက .. မိဘအလုပ် ဘာတစ်ခု ဝင်လုပ်လို့လဲ .. ငါက .. မိဘရဲ့ စီးပွားရေးကိစ္စအားလုံး လိုက်လုပ်ရတာ .. အချိန်မရတာကွ .. နားလည်

www.burmeseclassic.com

www.burmeseclassic.com



လား .. ငါ စာရေးဖို့ အချိန်မရတာ.. မင်းက ဘော်ကျော့နေရတာကိုး.. ကဗျာလေးလည်းစပ်နိုင်မယ် .. စာလေးလည်း ရေးနိုင်မယ် .. မင်းမှာက အချိန်ပိုတွေမှ အများကြီး .. ငါ့လို အချိန်မဆင်းရဲဘူး သိရဲ့လား .."

သူ ဆက်တိုက်ပြောရင်း ခေါင်းတွင်တွင်ခါနေမိသည်ပါပဲ။ ဤ ကောင်မလေးကို ဤမျှအထိ သူ့အပေါ် ဦးချိုးရက်လိမ့်မည်ဟု မထင်ထားမိခဲ့တာကိုက သူ့အမှား ..။ သူ .. သူ .. လူတစ်ယောက်ကို လျှော့တွက်မိခဲ့ပြီဟု နောင်တ အကြီးအကျယ်ရနေမိပြီ။ သူ လျှော့တွက်မိသည်ကလည်း သူ လက်ထပ်ထားသည့်မိန်းမ ..။ ထိုမိန်းမသည် သူ့ကို တစ်ချီတည်းနှင့် အလဲထိုးဦးချိုးပြီးခဲ့ပြီ။ သူလည်း မာန်စွယ်အချိုး .. မာနကျိုးရမတတ်ဖြစ်ကုန်ပြီ။ ရင်ထုမနာဆိုသည့်စကား၏ အတိမ်အနက်ကို သူ သိလိုက်ရသည်က ရင်ကိုရင်း၍ ...။

"မင်းမှာ ဘာတာဝန်မှ မရှိဘူး .. မင်း .. ငါ့လို .. အလုပ်များကြည့်ပါလား .. တာဝန်ကြီးခဲ့ပါလား .. ဒီလို .. ငါ့ရှေ့မှာ ဆောင့်ကြွားကြွားနဲ့ .. ဘယ်လုပ်ပြနိုင်ပါ့မလဲ .. ခုကျတော့ အေးအေးလူလူစားလိုက်.. ကျောင်းစာလေး အလိုက်သင့်ဖတ်လိုက် .. စာမေးပွဲအောင်လိုက် .. ဝတ္ထုလေးတွေရေးလိုက် .. အဲသလိုနဲ့ .. စာရေးဆရာဖြစ်ရတာကိုများ .. ဂုဏ်တင်နေချင်သေးတယ် .. ငါ့အပေါ် .. အောင်နိုင်သူအလံ လာမထူချင်စမ်းပါနဲ့ .. မင်း .. ဘာအခက်အခဲရှိဖူးလို့လဲ .. ငါ့ဟိုတယ်က .. သန့်ရှင်းရေးလုပ်တဲ့ ဝန်ထမ်းတစ်ယောက်လောက်တောင်မှ .. အရည်အချင်းရှိလို့လား .. ဟိုဘက်ကအလုပ်နဲ့ .. အခြေခံကျကျ .. လုပ်ကိုင်ရင်း .. ဘဝကို ရုန်းကန်တာ .. သူလည်း သူ့ကျောင်းစာအတွက် .. အဝေးသင်ဂဲဖြစ်ဖြစ် တက်နေမှာပေါ့ .. မင်းက .. အလိုက်သင့် ဘဝကို လေပြေထဲမှာ ဖြတ်သန်းနေတာ.."

ဟု ပြောလာတော့ သွန်း မျက်နှာလေး တည်ခနဲဖြစ်၏။ ဆတ်ခနဲ ထရပ်သည်။ သူ့ရှေ့တည့်တည့်ရပ်ပစ်ခြင်းပေမို့ မျက်နှာက နီးနီးကပ်ကပ်..။



"ဒီမှာ ဦးခန့်ညားမောင် .. ရှင့်ကို ကျွန်မ ပြောမယ် .. ကျွန်မ ရွှေသွန်းမေ ဆိုတဲ့ ရှင့်မိန်းမဟာ .. ရှင့်လိုပဲ မာနကြီးတတ်တယ်ဆိုတာ နားလည်ထားစမ်းပါ .. ရှင် .. တစ်ခုသိထားစမ်းပါ .. စကားကျွံရင် နှုတ်မရဘူးတဲ့ .. ရှင် စောစောကပြောတဲ့စကား ကျွံခဲ့ပြီ .. ရှင် ပြန်နှုတ်လို့မရဘူးမှတ်ပါ .. ဘာတဲ့ .. ရှင်ပြောတာ .. ကျွန်မက .. ရှင့်ဟိုတယ်က .. သန့်ရှင်းရေးဝန်ထမ်းလောက်တောင်မှ ဘဝကို ခံနိုင်ရည်မရှိဘူး.. သူ့လို သန့်ရှင်းရေးဝန်ထမ်းလုပ်ရရင် ကျွန်မ စာရေးနိုင်မှာမဟုတ်ဘူး.. စာရေးဆရာဖြစ်မလာနိုင်ဘူးဆိုတာလေ .. ရှင်နဲ့ကျွန်မ .. စိန်ခေါ်ပွဲ တစ်ခုတော့ စကြပြီ မောင်ကြီး .. ကျွန်မ .. ရှင့်ဟိုတယ်မှာ သန့်ရှင်းရေးဝန်ထမ်း လုပ်မယ် .. စာမူတစ်ပုဒ်ပြီးအောင် ရေးပြမယ် .. အဲဒါနဲ့ ရှင်က မကျေနပ်နိုင်သေးရင် .. နောက်ထပ် .. နောက်ထပ် ကျွန်မ စာမူတွေ .. အဲဒီမှာ အလုပ်လုပ်ရင်း .. ကျွန်မ ရေးပြမယ် .. ဒီမှာ မောင်ကြီး .. အနုပညာဆိုတာ .. ချမ်းသာဆင်းရဲခြင်းနဲ့မဆိုင်ဘူး .. ဘဝတစ်ခုမှာ ရင်ဆိုင်ကြုံကြရတဲ့ ဘဝအခြေအနေနဲ့လည်းမဆိုင်ဘူး .. လုပ်ရတဲ့ အလုပ်အကိုင်ချင်း တူတာမတူတာနဲ့လည်း မဆိုင်ဘူး .. အဓိကဖြစ်တာက .. အနုပညာဆိုတာ ခံစားမှုနဲ့ဆိုင်တယ် .. အနုပညာကို မြတ်နိုးခြင်းနဲ့ ဆိုင်တယ် .. အနုပညာကို ဖန်တီးနိုင်ခြင်းနဲ့ဆိုင်တယ်.. အဲဒါကို နားလည်ထားပါ .."

အောင်မလေး ပြတ်သားစွာပြောလာတော့ သူ ခေါင်းယမ်းသည်။

"ဟေ့ .. လက်မခံဘူးကွ .. မင်းကို .. ငါ့ဟိုတယ်မှာ အဲဒီအလုပ်လည်း ငါ မခန့်နိုင်ဘူး .."

ဟု အလန့်တကြားပြောချိန်မှာ ကောင်မလေး သူ့ကို မျက်တောင်မခတ် စိုက်ကြည့်သည်။

"ရှင်က .. အနုပညာကို စိန်ခေါ်တုန်းက ခေါ်ခဲ့ပြီးပြီ .. အခု .. နောက်ဆုတ်လို့မရဘူး ကိုခန့်ညားမောင် .. အထူးသဖြင့် .. စာမူတစ်ပုဒ်ဆိုတာ ဘယ်လိုရှင်သန်ဖြစ်တည်တယ်ဆိုတာ ရှင် ခွဲခြားနားမလည်နိုင်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပဲ .. ရှင် .. ပြောချင်သလို .. လူတစ်ယောက်ကို ပြောဆိုခဲ့ပြီးမှဖြင့် .. အဲဒီကိစ္စကို .. ရှင် .. ယောက်ျားပီပီ ရင်ဆိုင်ဖို့ပဲကျန်ပါတယ်.. ဟောဒီ ကျွန်မရဲ့လက်တွေနဲ့ .. ရှင့်ကို သက်သေတစ်ခုထူပြမယ် .. အနုပညာ ဆိုတာ .. သူ ရှင်သန်ရာနေရာတစ်ခုကို .. ချမ်းသာမှ .. ရွေးချယ်တာ မဟုတ်ဘူးဆိုတာကို .. ရှင် ကောင်းကောင်းသဘောပေါက်ဖို့ရာ .. ကျွန်မ .. ရှင့်ဟိုတယ်မှာ .. အလုပ် ဝင်ကိုဝင်ရပါလိမ့်မယ် .. ရှင့်ဟိုတယ် ကိုလည်း ဘတ်စ်ကားစီးပြီးလာခဲ့မှာရှင့် .. သိရဲ့လား .. တကယ့်အလုပ် သမတစ်ယောက်လို ဆိုပါတော့ ..”

ခေါင်းအမာစားမှန်း သူ သိရချိန်မှာ သူ မျက်စိမျက်နှာပျက်လာ ရပြီ ..။ ဤမျှအထိ .. စကားလမ်းကြောင်းတွေပြင်းထန်ကုန်ရသည်က လည်း သူ့ကြောင့်ပဲဖြစ်နေတာကို ခုမှ နောင်တဖြစ်ရပြန်၏။

“အကယ်၍ .. ရှင် .. အဲဒါကို ငြင်းမယ်ဆိုရင်တော့ .. ကျွန်မ .. တခြားဟိုတယ်တစ်ခုခုမှာ .. အလုပ်သွားဝင်လိုက်ရပါလိမ့်မယ် ..”

ဟု ပြောလာတော့ သူ သက်ပြင်းရှိုက်ရပြီ။ သူ .. နှုတ်ကျွံမိခဲ့ပြီ။ နောင်တရသည်ရှိစေ။ နုတ်၍မရတော့ပြီကောလေဟု သိလာနေရပြီ တည်း..။

သူ ပို၍လန့်လာသည်။ ဤမိန်းသည် ငြိမ်းမင့်မီး မဟုတ်တော့ပြီ ဆိုတာ ပိုသိလာနေရပြီ။ ကောင်မလေး၏ရင်ကို အတော်ကြီး လောင် မြိုက်စေခဲ့သည့် မီးအပြင်းစား ဖြစ်ကုန်ရပြီ။

“အဲဒီအလုပ်ကို ငါ လက်မခံနိုင်ဘူး ..”

“ရှင့်ရှေ့မှာ .. ကျွန်မ အဲဒီအလုပ်ကို လုပ်ပြဖို့ရယ် .. စာမူရေးပြီး ဖို့ရယ် . ကျွန်မအတွက် .. သေရေးရှင်ရေးတမျှ အရေးကြီးနေပါတယ် ဦးခန့်ညားမောင် .. ရှင် .. နားလည်ပေးပါ ..”

ဟု ပြောတော့ သူ ငိုင်စနဲ့ဖြစ်၏။

“ဒီ .. ဒီလိုဆိုရင် ..”

သူ ကြံရာမရဖြစ်နေရလေသမျှ အကောင်းဆုံးကိုရွေးရပါပြီ--။



“ငါ့ .. ငါ့အခန်းမှာပဲ .. မင်း .. မင်း .. လုပ်ပါ .. အဲဒီကိစ္စ .. ဘေးလူ .. မသိပါ .. စေ .. နဲ့ .. ငါ .. ငါ .. သိက္ခာကျတယ်ကွ..”

ဟု ပြောမိရပါပြီ။ တကယ်က .. သူ့သိက္ခာထက် ..။ ကောင်မ လေး အရှမ်းပင်ပန်းမှာကို သူ ပို၍ထိတ်လန့်နေခြင်းဆိုတာ နားလည် လာနေရသည်ပါပဲ ..။

စောစောက ကောင်မလေး သူ့ကို ပြောခဲ့သည့်စကား ...။

သူ နှုတ်ကျွံခဲ့သည်ကို ပြန်နုတ်သိမ်း၍ မရတော့ပါ .. တဲ့လား လေ..။

စူးရှတောက်ပနေသောမျက်ဝန်းအစုံကို သူ ငေးစိုက်ကြည့်နေမိ သည်။

ဤသည်ကို .. အနုပညာရှင်တစ်ယောက်၏ အနုပညာမာနကို အထိပါးမခံနိုင်စွမ်းပါသည့် .. မျက်ဝန်းများဟု ခေါ်ပါသလား ..။

သြော် .. သူသည် .. ထိုမာနမျက်ဝန်းတွေ၏ရှေ့မှာ .. ငိုင်တွေစွာ ရပ်နေရသူဖြစ်နေရပြန်ချေသည်ကောလေ ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

သွန်း ရေချိုးခန်းမှထွက်လာချိန်လေးမှာပင် မော်ဒယ်ပု သုတ်သုတ် ပျာပျာလေး အခန်းထဲရောက်လာပါ၏။

"မမသွန်း .. အန်တီးလေးထားရော .. အန်တီလေးလွှမ်းရော ရောက်နေကြတယ် .. မျက်နှာလည်းမကောင်းကြဘူး မမသွန်း ရဲ့.. အဲဒါ မမသွန်း ကို ခေါ်လာစမ်းဆိုပြီး အန်တီထား က ပြောတယ်.. အန်တီလွှမ်း ကလည်း မမသွန်း ရဲ့ မောင်ကြီးကို မျက်စောင်းကြီးထိုးနေတာ သိလား .. ဘာတွေဖြစ်နေလည်းတော့ အပုလေးလည်း မသိဘူး .. တစ်ခုခုတော့ တစ်ခုခုဖြစ်နေတာ သေချာတယ် .."

မှတ်ချက်တွေ ဘာတွေပင် ဖြည့်ဖြည့်စွက်စွက်လုပ်၍ အပုလေး သတင်းတော်ပို့၏။

"ဟင် .. မေမေရော အန်တီလွှမ်း ရော ရောက်နေတယ် ဟုတ်လား .."

"မာမီလို့ ခေါ်ရမယ်ဆို .. မှာထားတယ်လေ .. အန်တီလွှမ်းလို့ မခေါ်ရဘူးလေ မမသွန်း ရဲ့ .."

အရေးထဲ မော်ဒယ်ပုက သတိဝင်ပေးပြန်ချေ၏။ ဟုတ်ချေသည် ပဲ။ အန်တီလွှမ်း ကို မာမီဟုခေါ်ရမည်ဟု မှာထားသည်။ သွန်း မေ့သွား သမျှ မော်ဒယ်ပု သတိပေး၍ ...င်းရခြင်းပါ။ လူကြီးတွေမှာထား



တာကို မေ့မေ့လျော့လျော့လုပ်တာ မကောင်း။ အထူးသဖြင့် မေမေ့ရှေ့ မှာဆို ပိုမကောင်း ..။ မာမီလွှမ်း ကို အန်တီလွှမ်း လုပ်မိ၍ကတော့ဖြင့် ခေါင်းခေါက်၍ သွန်း ကို ဩဘာပေးမှာ သေချာသည်။

"ငါ ရေချိုးခန်းထဲရောက်နေတုန်း မေမေတို့ကား ဝင်လာတာဖြစ် မယ် .. ရေသံကြောင့် ငါ မကြားမိတာဖြစ်မယ် .. စောစောစီးစီးမှာ မျက်နှာမကောင်းဘဲ နှစ်ယောက်စလုံးရောက်လာကြတာကို ငါ လန့် တယ်ဟဲ့ .. ပြီးတော့ .. မာမီလွှမ်း က ဒက်ဒီနဲ့အတူ ပြန်သွားပြီလို့ ပြောထားတာလေ .. ခုကျတော့ ဒီမှာရှိနေတယ်ဆိုတော့ .. ငါနဲ့ မောင်ကြီး မသိအောင် ရန်ကုန်မှာ မာမီလွှမ်း တာမင်နေခဲ့တာဖြစ်မယ် သိလား .. တစ်ခုခုတော့ တစ်ခုခုပဲဟဲ့ .. ခု ရောက်လာတဲ့ပုံစံက .. နှစ်ယောက် တူတူရောက်လာကြတာကြီးဖြစ်နေတယ်လေ .."

သွန်း စိတ်လေးလေးဖြင့် ကမန်းကတမ်း အဝတ်အစားလဲရ ..။ သနပ်ခါးပင်မလူးအား ..။ သုတ်သုတ်ရက်ရက်လေးဆင်းလာရပါပြီ..။

"တွေ့တယ်မဟုတ်လား .. ငါ့သမီးလေးကို မင်း စိတ်ဆင်းရဲ အောင်လုပ်ထားသမျှ .. ကလေးခမျာ သနပ်ခါးတောင်မလူးနိုင်ရှာဘူး.. မင်းနော် .. ငါ့သမီးလေးကို ကြပ်ကြပ်စိတ်ဆင်းရဲအောင်လုပ် .. မေမေ ဘိုကေလေး ဆွဲလိုက်ရ .."

မာမီလွှမ်းက မှေ့ာခနဲကြည့်ကာ မောင်ကြီးကို မာန်သည်။ မျက်နှာ လေး ဆီးရှက်လောက်ဖြင့် မောင်ကြီး ငြိမ်နေပုံကလည်း အမြင်ဆန်း နေသည်ပါပဲ။ တစ်ခွန်းတင်မခံတတ်ပါသည့် မောင်ကြီး အလွန်တရာ ကိုမှ ငြိမ်ကျနေခြင်း ..။

"အို .. လွှမ်း ကလည်း .. ထားရဲ့သားကို မဆူစမ်းပါနဲ့.. ဒီကောင် မလေးအကြောင်း လွှမ်း ဘာသိလို့လဲ .. အလွန်ဉာဏ်များတဲ့ကလေး.. ထား ရဲ့သားကို စိတ်လက်ဆင်းရဲအောင် သူ လုပ်တာ .."

အံမယ် ..။ မေမေကလည်း အားကျမခံ မောင်ကြီးကိုမှား မေမေ့

www.burmeseclassic.com

www.burmeseclassic.com



သား ဆိုကာ ဆိုကာဖြင့် ခေါင်းလေးသပ် ကျောလေးသပ်ဖြင့် သနားပြနေသည်။

"ဒါကြောင့် .. သူက .. မျက်နှာသေ လုပ်နေတာကိုး .. မမေ သနားအောင် အိုက်တင်လုပ်နေတဲ့ ဉာဏ်ကျယ်မောင်ကြီး ဖြစ်နေသကိုး .. ငါကဖြင့် သူ့မျက်နှာလေး ရွှေးစေ့လောက်လုပ်နေတာ နည်းနည်း စိတ်ထဲမကောင်းဖြစ်မိတာ .. ပြန်ရုပ်သိမ်းပါရဲ့ .."

စိတ်ထဲ ကွဲကွဲရဲ့ရဲ့လုပ်ပြီး သွန်း ဆင်းလာခိုက်မှာ .. မာမီလွှမ်း ထရပ်ကာ သွန်း ထံ လျှောက်လာသည်။ လေ့ထားထစ်မဆုံးခင်မှာပင် မာမီလွှမ်း ကဖြင့် သွန်း ၏လက်လေးကိုဆွဲကာ တွဲခေါ်လာပါ၏။ နည်းနည်းတော့ဆန်းနေသည်။ မာမီလွှမ်းက သွန်းကို သနားချိန်မှာ မမေက မေတ္တာပျက်နေသည်။ မမေက မောင်ကြီးကို သနားနေချိန်မှာ မာမီလွှမ်း က မောင်ကြီးကို မေတ္တာတုံးနေသည်။ မျက်စောင်းတခဲခဲပင် လုပ်နေသေးသည့်အဖြစ် ..။

"ဒီမယ် ခေါ်ရွှေသွန်းမေ .. လွှမ်း ရှေ့မှာ သနားကမားလုပ်ပြမနေနဲ့ .. ထိုင် .. ညည်းရဲ့မာမီလွှမ်း ဘေးမှာ မထိုင်နဲ့ .. မမေ့ဘေးမှာ ထိုင် .. ဒါမှ .. မြန်မြန်ဆန်ဆန်ခေါင်းခေါက်လို့လွယ်မှာ .."

ဟု မမေ ပြောတော့ မာမီလွှမ်း က သွန်း၏ကိုယ်လေးကို ဖွေ့ကာဖက်ကာဖြင့် ဘေးမှာအထိုင်ခိုင်းပါ၏။ တော်သေး ..။ မမေ့လက်နှင့်အလှမ်းဝေးသည်မို့ ခေါင်းခေါက်ခံရမည့် လတ်တလောဘေးကတော့ နည်းနည်းလွတ်နေသေးသည်။

"အမြဲးနေမှန်း ငါသိတယ်နော် .. မမေ့မှာ ခြေထောက် ရှိတယ်– ညည်းဆီကို စကြန့်ပိုင်းအတွင်း ရောက်လာနိုင်တဲ့ ခြေထောက်ရယ် – ဒေါင်ဒေါင်ပါအောင်ခေါက်ပစ်နိုင်တဲ့ ဒီလက်တွေရယ် ရှိနေတယ် ဆိုတာ ကြပ်ကြပ်သိထားစမ်း မိရွှေသွန်း .."

"သူ့ကို .. မခေါက်ပါနဲ့ မရိုက်ပါနဲ့ မာမီ .. ခေါက်ချင်ရင် –



ကျွန်တော့်ကို ခေါက်ပါ .."

"ဘာလဲရှင် .. ရှင် ဗျာ .. ဘာကိစ္စ .. ဝင်အခေါက်ခံချင်နေတာလဲ.. မမေ့ကို မျက်နှာလိုအားရ မလုပ်ပြချင်စမ်းပါနဲ့ .. ကျွန်မကိုယ်စား ရှင် ဝင်အခေါက်ခံပြ အနစ်နာခံပြစရာ မလိုဘူး .. ကျွန်မ အခေါက်ခံမယ် .. အခေါက်ခံရတာ ခံနိုင်တယ်ရှင့် .. ရှင်က တစ်သက်လုံး ရင်ကြီးကော့ပြီး မင်းကိုယ်စား ငါ အခေါက်ခံထားတာဆိုတာမျိုးတော့ အပြောမခံနိုင်ဘူး သိရဲ့လား .."

တကယ်ပြောရဲတာမဟုတ်ပါ။ ရင်ထဲက ပွစိပွစိနှင့် အသံမထွက်ရဲ စွာ စွာနေရခြင်းပါ။

"အို .. လွှမ်း ရဲ့သမီးလေးကို အခေါက်မခံနိုင်ပေါင် ထားရယ် .. ယောဒီက လျှာကြောမထိန်းတဲ့ ဖိုးခန့်ညား ကိုပဲ ဘိုကေလေးဆွဲပစ်လိုက်ချင်တာပါပဲ .. ဒီမယ် သား .. ဘယ့်နယ်ကွယ် .. ကလေးကိုများ .. ဟိုတယ်က သန့်ရှင်းရေးအလုပ် လုပ်ခိုင်းချင်တဲ့ စကားမျိုး ပြောရမတဲ့လား .."

သွန်း လန့်ခနဲ မောင်ကြီးကို ကြည့်မိရပါပြီ။ ဘယ်တုန်းကများ သတင်းတော်ပို့လိုက်သည်မသိ။ နောက်ျတော့ .. မမေ ရော မာမီလွှမ်း ရော အိမ်ကိုရောက်လာရသည့်အကြောင်းရင်း သွန်း သိရပါပြီ။ မျက်မှောင်လေးကြုတ်၍ ခပ်စူးစူးကြည့်ချိန်မှာ မောင်ကြီး ကတော့ သက်ပြင်းရှိုက်ကာ ..

"မကြည့်နဲ့ ရွှေသွန်းမေ .. မင်းကို .. ငါ့ဟိုတယ်မှာ .. သန့်ရှင်းရေး အလုပ်တွေ တစ်နေကုန် ပင်ပင်ပန်းပန်းလုပ်ရင်း .. ဝတ္ထုလည်း တစ်ပုဒ်ပြီးအောင်ရေးမယ့်ကိစ္စကိုတော့ ငါလည်း ငြိမ်ကြည့်မနေနိုင်တာမို့ .. ဒီလိုပဲဆုံးဖြတ်ပြီး .. မာမီထားကို ဖုန်းဆက်ရ.. အဖြစ်စုံပြောပြရတာပဲ သိရဲ့လား .. မမေ ဒီမှာရှိနေမှန်း ငါလည်း မသိဘူး .. အခု .. မာမီထားနဲ့ပါလာမှ ငါလည်းသိရတာ .."

www.burmeseclassic.com

www.burmeseclassic.com



မောင်ကြီး ဝင်ရှင်းပြချိန်မှာ မာမီလွမ်း ထရပ်ကာ မောင်ကြီး၏ ဘိုကေလေး ဆွဲပစ်တော့ သွန်း ပင် လန့်သွားရသည်ပါပဲ။

"ဟင် .. မလုပ်ပါနဲ့ မာမီရဲ့ .. သွန်း ကြောင့် မောင်ကြီး ဘိုကေ အဆွဲခံရတယ်ဆိုတာ မကောင်းပါဘူး .."

"တွေ့တယ်မဟုတ်လား .. ကလေးက မင်းအတွက် စိတ်မကောင်း ဖြစ်နေသလေ .. ဒါကြောင့် .. မင်းအဖေ မင်းအကြောင်းသိလို့ .. မေမေ့ကို ကြာရိပ်ဖူးမှာ နှစ်ပတ်လောက်နေခဲ့ဦးဆိုပြီး ချန်ထားရစ်ခဲ့တာ သိရဲ့လား .. ဒါကြောင့်လည်း မင်းတို့နှစ်ယောက်စလုံး ကြာရိပ်ဖူးကို မလာကြစေနဲ့လို့ မင်းရဲ့မာမီထားနဲ့ ဒက်ဒီသူ တို့က ပြောထားတာပေါ့ .. ကြာရိပ်ဖူးကိုလာရင် .. ကျုပ်ကိုမြင်သွားကြမှာစိုးကြသကိုးကွယ့် .. ခု.. ကြည့်စမ်း .. မေမေ တိတ်တိတ်လေး မင်းမသိအောင် ကြာရိပ်ဖူးမှာ ရှိနေတုန်းမှာ .. မင်းက .. ငါတို့မိဘလက်က လွတ်နေတယ်ထင်ပြီး.. ငါ့သမီးလေးကို .. နိုင်စားနေတယ်ပေါ့ .. ဟင် .. ကလေးကို .. ဟိုတယ်မှာ အဲဒီအလုပ် ခိုင်းချင်တော့ .. နှိမ်ချင်တော့ .. နိုင်စားချင်တော့ မခံချင့်စကားတွေ တမင်ပြောပြီး .. အခု ခိုင်းစားတော့မယ်ပေါ့လေ .. ဟင်.."

"သြော် .. လွမ်းကလည်း .. အဲသလိုနိုင်စားချင်တယ်ဆိုရင် – ခုလို .. ထားရဲ့သားလေးက .. လှမ်းပြီး ထားကို ဖုန်းဆက်ပြောပြပါ့မလား .. ခမျာ .. စိတ်ထဲမကောင်းလွန်းလို့ .. ထားကိုလှမ်းပြောရှာတာပါ.."

သားမက်ကို သား ..။ ချွေးမကို သမီးလုပ်ကာ ပြောကာဖြင့် အခေနှစ်ယောက်ကတော့ သားမက်အမှန်။ ချွေးမ အမှန် လုပ်နေချိန်မှာ သွန်း စိတ်အတိုဆုံးကတော့ မောင်ကြီးကိုပဲ ဖြစ်သည်။ ဘာကိစ္စကြောင့် လူကြီးတွေကို ဖုန်းဆက်၍ သံတော်ဦးတင်သည်မသိ ..။ ခု .. ရှုပ်ကုန်ပြီ..။ သွန်း က ဘာသန့်ရှင်းရေးအလုပ်ကိုမှ ဟိုတယ်မှာ သွားမလုပ်ရသေး။ ရှက်နဝေကို မေမေနှင့်မာမီလွမ်းတို့ ရောက်လာကြရပြီ။ စိတ်



ဆင်းရဲနေကြပြီ ..။

"ကဲ .. ပြောစမ်း .. ဒီကိစ္စ .. ဘယ်ကစတာလဲ .. သား ပြော.."

မေမေ စစ်စစ်ဆေးဆေး စလုပ်၏။ မောင်ကြီးကိုကြည့်၍ ပြောတာမို့ သွန်း ဝင်၍မဖြေ ..။ သံတော်ဦးတင်သည့်လူ ..။ သူပဲဖြေပေါ့.. ဟုလည်း အငေါ်တူးစိတ်ဖြစ်၏။ လက်ကလေးပိုက်၍ သွန်း ငြိမ်နေသည်ပါပဲ။

"စပြီးဖြစ်တာက .. မီးခံသေတ္တာသော့ .. သူမ ကိုင်ရာက စတာပါပဲ .. သူက .. သော့မကိုင်တော့ .. သားက .. သူ့ကိုပဲကိုင်ခိုင်းတာဝါ.. မနေ့ညက သော့လာအပ်တာ .. သားက ခေါင်းအုံးအောက်မှာပဲ သော့ကို ထားလိုက်တာပါ .. ဒါကြောင့်လည်း .. ပိုက်ဆံလျော့မလျော့ဆိုတာ မသိနိုင်တာပါ .. ပြီးတော့ .. မနက်ကျတော့မှ .. သားက .. သူ့ကို .. သော့ပြန်ယူဖို့လည်း ပြောရင်း .. ပိုက်ဆံလျော့တာလည်း ဖြည့်မယ် ပြောတော့ .. သူက .. ပိုက်ဆံယူမသုံးဘူးလို့ ဖြေရာက .. အဲဒီမှာ အဲဒီကိစ္စတွေ ဖြစ်ကုန်ရတာပါ .. သူက .. သူ့စာမှုခနဲ့ အိမ်မှ ..  ..က်ပြုတ်တာ ပြောတော့ .. သားလည်း .. သားကို .. သူက .. ဦးချိုးတာလို့ ခံစားရရာက .. စကားပြောမတည့်ဖြစ်ကုန်တာပါ .."

မောင်ကြီး ပြောသမျှ သွန်း ကတော့ ငြိမ်နေသည်ပါပဲ။

နောက်ထပ်လည်း ဘာတွေဆက်ပြောရမည်ဆိုတာ မောင်ကြီး နားလည်လျှင် ဆက်ပြောဖို့ တာဝန်ကျန်နေသည်ပဲလေ ..။ ဆက်ပြောပေါ့ .. ဟု ဆုံးဖြတ်ထားလိုက်သည်ပါပဲ။

"သြော် .. သြော် .. ငါ့သမီးလေးက .. သူ့စာမှုခပိုက်ဆံနဲ့ ထမင်းဟင်း .. ချက်ကျွေးတာကို .. မင်းက .. နာတယ်ပေါ့လေ .. နေစမ်းပါ့.. အဲဒီပိုက်ဆံက .. ဘာများ မသတီစရာရှိနေလို့လဲ .. ဟင် .. ဒီလောက် မွန်မြတ်တဲ့ပိုက်ဆံ .. အဲဒါနဲ့ ကျွေးတာမွေးတာကို မင်းက ချိုချိုမြိန်မြိန် စားရမယ့်ကိစ္စ .. ဘာကြောင့် .. ဦးချိုးခံရတယ်လို့ ထင်ရတာတဲ့လဲ –

www.burmeseclassic.com



ခန့်ညားမောင် .. မေမေ မွေးထားတဲ့သားဟာ .. ဒီလောက်ထိ .. အသိဉာဏ်တုံးနေလိမ့်မယ်လို့ မထင်မိခဲ့ဘူး ..''

မာမီလွမ်း ဝင်ပြောတော့ မောင်ကြီး ငြိမ်နေသည်။ မျက်နှာမကောင်း။ တစ်ယောက်တည်း လှိမ့်ရှုံ့ခံနေရသလိုဖြစ်လာတော့လည်း သွန်း စောစောတုန်းကလို မှတ်ပလားဆိုသည့်စိတ် ပျောက်၏။ နည်းနည်း နေရထိုင်ရခက်စပြုလာသည်။ ကိုယ့်ကြောင့် လူတစ်ဖက်သား လှူးလှိမ့်နေအောင် အဆူအကြိမ်းခံရတာကို အရသာခံ၍ ကြည့်ဖို့ကျတော့ ..။ တကယ်တမ်း စိတ်မနိုင် ..။ နေရခက်၏။ မျက်နှာပူ၏။

"မဟုတ်ဘူး လွမ်း .. အဲသလို မျက်စိမှိတ်ပြီး ဘက်မလိုက်ချင်စမ်းပါနဲ့ .. ဒီကောင်မလေးအကြောင်း လွမ်း ဘာသိလို့လဲ .. သူက .. မီးခံသေတ္တာထဲက ပိုက်ဆံနဲ့ ဈေးသုံးချက်ပြုတ်ရမယ့်ကိစ္စ .. ဘာလို့ မချက်ပြုတ်ချင်ရတာတဲ့လဲ .. ညည်းကိုက .. ဘာအလုပ် လုပ်လုပ် .. အရာနဲ့အကြောင်း တယ်လုပ်ချင်တဲ့ သူငယ်မ .. နေစမ်းပါ အေရယ် .. ညည်းက .. ဘာကိစ္စ စာမူခနဲ့ ချက်ပြုတ်ရသတဲ့တုံး .. ညည်းကို .. ပိုက်ဆံသုံးဖို့ လက်ထဲမအပ်ထားလို့လား .. ကဲ ..''

မေမေကလည်း မောင်ကြီးဘက်ကဝင်၍ကာဘာလုပ်၏။ အန်တီလွမ်းက သွန်း ဘက်က။ မေမေက .. မောင်ကြီးဘက်က ..။ သွန်း စိတ်ညစ်နေသည့်ကြားက အမေနှစ်ယောက်ကို ကြည့်ကာ ရယ်ချင်လာသည်။ မေမေက မောင်ကြီးကို ကျောသပ်ရင်သပ်လုပ်၏။ မာမီလွမ်းက သွန်း ကို ဆံစလေးသပ်၏။ သွန်း နှင့် မောင်ကြီးတို့က ကြောင်လေးတွေလို ငြိမ်ဝပ်နေကြသည်။ တွေးရင်းဖြင့် သွန်း ပြုံး၏။ မေမေ မျက်မှောင်ကြုတ်၍ကြည့်ကာ ...

"မိသွန်း .. အချိုးပြောင်းစမ်း .. ခုလို .. စိတ်ရှုပ်နေချိန်မှာ ညည်းက .. ဘာကိစ္စ ပြုံးတုံးတုံးလုပ်နေရတာတဲ့လဲ .. အဲဒါပြောတာ .. မျက်ကြောကိုက မသေဘူး .. အလွန် အတွန့်အတက်များတဲ့မျက်ကြော-



ဟိုဘက်တွန့်ပြုံးလိုက် .. ဒီဘက်တွန့်ပြုံးလိုက်နဲ့ .. နှုတ်ခမ်းကြောပါးကြောတွေ တယ်လှုပ်တဲ့ကလေး ..''

မေမေ ပြောတော့ သွန်း ရယ်သည်။

"မေမေကလည်း .. ဒီကိစ္စများ .. အရေးထားလို့ .. သွန်း က .. သန့်ရှင်းရေးအလုပ် လုပ်တယ်ဆိုတာ .. အောက်ခြေသိမ်း ပိုဆန်တာပေါ့လို့ .. မောင်ကြီးက သွန်း ကိစ္စ .. အလကား .. လူကြီးတွေကို အသိပေးရတယ်လို့ .. ဟက်ဟက် .. သွန်း က တောင့်တင်းသန်မာသော သွန်းပါ မေမေရဲ့ .. လုပ်နိုင်ပါတယ် ..''

"ဟဲ့ .. ကြည့်စမ်း .. ခုထက်ထိ .. သူက .. အဲဒီအလုပ် လုပ်မယ်ပြောနေတုန်းပါပဲလား .. မိသွန်း နော် ..''

မေမေက လှမ်း၍ဟန့် ..။ မာမီလွမ်းက မောင်ကြီးကို ကြည့်နှုတ်ဖြစ်ကုန်ကာ ..

"နေစမ်းပါ .. မင်းက .. ငါ့သမီးကို .. ဒီလောက်ထိ အဲဒီအလုပ်.. လုပ်မယ်ဖြစ်ရအောင် .. ဘာတွေများ .. ကလေးကို နာကျင်အောင်ပြောခဲ့လို့လဲ .. ပြောစမ်း .. မင်းပါးစပ်နဲ့ပြော .. ကလေးကို အပြောတာဝန်မပြောင်းနဲ့ ..''

"သားက .. သူ့ကို .. မိဘလုပ်စာ အေးအေးဆေးဆေးစားပြီး ဘော်ကျော့နေရင်း စာရေးဆရာဖြစ်လာတာလို့ ပြောမိတာပါ .. သားက အလုပ်တွေထဲနစ်ဝင်နေရလို့ .. ခုထိ စာရေးဆရာ .. မဖြစ်သေးရတာလို့လဲ ပြောမိတယ် မေမေ .. အဲဒီအချိန်တုန်းက သားလည်း သူ့ပိုက်ဆံနဲ့ ဒီအိမ်မှာ စားခဲ့သောက်ခဲ့ရတာကို ရင်ထဲအောင့်နေလို့ .. ပြောမိတာလည်း ပါပါတယ် .. သားရဲ့ ဟိုတယ်က သန့်ရှင်းရေးဝန်ထမ်း တစ်ယောက်လောက်တောင်မှ .. သူ .. ဘာတာဝန်မှရှိတာမဟုတ်ဘူးလို့ ပြောမိလိုက်တာပါပဲ ..''

ပြောရင်း မောင်ကြီး သွန်း ကိုကြည့်၏။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ .. သူက .. ဘတ်စ်ကားစီးပြီးတော့ အလုပ်သမား တစ်ယောက်လိုပဲ ဟိုတယ်ကိုလည်းသွားမယ် .. ဟိုမှာလည်း အလုပ်လုပ်မယ် .. ဝတ္ထုတစ်ပုဒ်လည်း ရေးပြမယ်လို့ ဖြစ်လာတော့တာပဲ .. သူ အဲသလိုလုပ်ရင်း ဝတ္ထုရေးနိုင်တယ်ဆိုတာ .. သက်သေပြမလို့တဲ့ မေမေ.. သားက .. ဘယ်လိုအဖြစ်ခံနိုင်ပါ့မလဲ .. သူ အဲသလိုလုပ်ရင် .. သားလည်း သိက္ခာကျမှာပေါ့ မေမေ .. သားရဲ့ဟိုတယ်မှာ .. သား လက်ထပ်ထားတဲ့သူက .. သန့်ရှင်းရေးအလုပ်တွေ လုပ်နေတယ်ဆိုတော့ .. ဘေးအမြင်မှာ ဘာပြောစရာတွေဖြစ်ကုန်မလဲ .. မေမေ သိပါတယ် မေမေရာ .. အဲဒါ .. သား .. သူ့ကို တားမရလို့ မာမီထားဆီ ဖုန်းဆက်လိုက်ရတာပါ .. မေမေ ဒီမှာရှိနေမှန်းလည်း မသိလို့ပါ မေမေရယ် .."

"ညှောင်စိညှောင်စိနဲ့ .. အပြစ်မရှိတဲ့လူလို လုပ်မပြနဲ့ .. ဒီကိစ္စ.. မင်း .. ရှုပ်တာ .. မေမေ့သမီးကို .. အဲသလို .. မင်း ပြောစရာလား .."

"အို .. လွှမ်းရယ် .. ထားရဲ့သားက ဘာများမှားနေလို့တဲ့လဲ .. မိရွှေသွန်း .. ဘယ်တုန်းကများ သူ့အဖေရဲ့စက်ရုံ လိုက်ဖူးလို့လဲ .. အဖေလုပ်သူကလည်း သမီးကို စာပဲကျက် .. စာပဲကြိုးစားဆိုပြီး ထားထားတာ .. သူ အိမ်မှာ ကလေးလိုနေတယ် .. ကျောင်းတက်တယ် .. ဘွဲ့ရတယ် .. အပူအပင်ကိုမရှိဘူး .. ကြည့်လိုက် .. သူ့ကို ဘယ်တော့မဆို.. ပျော်နေဖို့ပဲသိနေတာ .. ဘာသောကရှိလို့လဲ .. အဲဒါ .. သူ ဖြောင့်ဖြောင့် စာရေးနိုင်တာပေါ့လို့ .. ထားရဲ့သား ပြောတာ မမှားဘူး .. လွှမ်း ဆူစရာ မလိုဘူး .."

မေမေကလည်း မျက်နှာထားကြီးဖြင့် သွန်းကိုကြည့်ကာ ဝင်ပြောပြန်၏။

"အဲသလောက်လေးပြောလိုက်ရုံနဲ့ .. သူက .. မာနတင်းပြီး .. ကိုယ့်လင်ယောကျ်ားကို အကျကောက် .. အပြစ်ယူပြီး .. အဲသလို စိန်ခေါ်ရမတဲ့လား .. ဟင် .. ကိုယ့်ယောကျ်ားရဲ့ဟိုတယ်မှာ သန့်ရှင်းရေး



လုပ်ပြရမတဲ့လား .. သူ .. ဇော်ကားတာကိုကျတော့ လွှမ်း က မပြောပဲ ကိုး .. ထားရဲ့ မွေးထားတဲ့သမီးအကြောင်း ထား ပိုသိတယ် လွှမ်း .. သူ့ဘက်က မပါချင်စမ်းပါနဲ့ .."

မေမေ ဆက်ပြောနေတော့ သွန်း ရင်ထဲမကောင်း။ သွန်း ၏ အနုပညာခံစားမှုကို အဇော်ကားကြီးဇော်ကားတာကို မေမေကလည်း မမြင်ပေးတတ်ပြီကော .. ဟု ဝမ်းနည်းပက်လက် ဖြစ်လာရပြန်သည်။

"လွှမ်း ရဲ့သားအကြောင်း လွှမ်း ပိုသိပါတယ် ထားရယ် .. သူ.. ကလေးအပေါ်မှာ မနာလိုဖြစ်နေတာ .. ဒါပဲ .. အလကား .. ယောကျ်ား မဆန်တဲ့သူ .."

"ဟာ .. အဲသလောက်တော့ သားကို မပြောပါနဲ့ မေမေရာ .."

"ဒီမှာ သား .. ကိုယ့်ကျတော့ အထိမခံဘူး .. သူများကျတော့ ဘော်ကျော့နေလို့ စာရေးဆရာဘဝရောက်တာလို့ ပြောထွက်တယ် လား .. မှတ်စမ်းပါ သားရယ် .. မေမေ မေးမယ် .. ရန်ကနား ယူလာတဲ့ ကြက်တူရွေးလှောင်အိမ်လေး .. ဒီကို အခု မေမေ ရောက်တော့ မမြင်လို့ .. ရန်ကနား ကို မေးတော့ .. ဖြေတယ်လေ .. မင်းက ရန်ကနားပဲ မွေးပါ .. အိမ်မှာ နားညည်းတယ် .. ကြက်တူရွေးက ချေးပါသေးပါ လုပ်မယ်ဆိုပြီး .. အမွေးမခံဘူးဆို .. ရန်ကနားကို ဇွတ်မေးလို့ ခမျာ ဖြေရတာနော် .. စောစောက မေမေ .. သွန်းလေးကိုစောင့်နေရင်း .. တစ်ချက်အပြင်ခဏထွက်သွားတာ အလကားမထင်နဲ့ .. အဲဒါ .. သွား မေးတာ .."

ဟု ပြောတော့ သူ ငြိမ်နေသည်။

"နေစမ်းပါ .. ရွှေသွန်း အတွက် ယူလာပေးတဲ့ ကြက်တူရွေးလေး နှစ်ကောင်ကို မွေးတော့ .. မင်း ဘာနှစ်နာမှာမို့လို့လဲ .. သွန်း က ခဆုံးဖြတ်ရဘဲ .. မင်းက .. သွန်း ယူရမယ့် ကြက်တူရွေးနှစ်ကောင်ကိစ္စ.. ဘာကြောင့် ဝင်ဆုံးဖြတ်ရတာလဲ .. မေမေ ရှက်တယ် သား .. မေမေ

www.burmeseclassic.com

www.burmeseclassic.com



မွေးတဲ့သားဟာ .. ဒီလောက်အထိ အမြင်ကျဉ်းတာ မေမေ ရှက်တယ်.."

ဟု ပြောလာတော့ မောင်ကြီး မျက်နှာမကောင်း ..။ ငိုင်နေ၏။ သွန်း ကိုကြည့်ကာ ..

"ဆောရီး.."

ဟု ခပ်တိုးတိုး တောင်းပန်သည်။ ကြက်တူရွေးကို နားညည်း၍ အိမ်ထဲ မမွေးချင်ဟု မောင်ကြီး အန်ကယ်ရန် ကို ပြောတုန်းက သွန်း စိတ်တော့မကောင်းခဲ့။ ဒါပေမယ့်လည်း အခြေအတင်မဖြစ်ချင်တာမို့ ငြိမ်ခဲ့သည်ပါပဲ။ မောင်ကြီး လုပ်ပုံကို စိတ်ထဲ မတွေ့ပေမယ့် ..။ ခုလို.. မျက်နှာမကောင်းပဲ တောင်းပန်လာတာကို ကြုံရတော့လည်း ရင်ထဲ အနေခက်ပြန်၏။ အားနာစိတ်ဖြစ်လာရပြန်သည်။

"နေစမ်းပါ .. မင်းတို့နှစ်ယောက် .. မေမေ မသက်ာဘူး .. အပုလေး .. လာစမ်း .. မနေ့ညကရော .. သူတို့ စကားများကြသေးလား.."

မေမေ ရုတ်ခနဲ ဘာတွေးမိသည်မသိ ..။ အပုလေးကို စစ်စစ်ဆေးဆေး စလုပ်ပြီ။

"မများပါဘူး အန်တီလေး"

"မနေ့ညက .. ညည်းမမလေး .. ဘယ်အချိန်အိပ်လဲ .. ညည်းကရော .. ဘယ်အချိန်အိပ်လဲ .. ညည်း အိပ်ပျော်ပြီးချိန်မှာ စကားများရင်-ညည်း သိပါ့မလား .. အပုလေး .. မှန်မှန်ဖြေစမ်း .. ညည်းမမလေး -ဘယ်မှာအိပ်သလဲ .."

ဒက်ခနဲ မေမေ မေးလာတော့ သွန်း ပင် လန့်ခနဲဖြစ်၏။ မေမေကလည်း အပုလေးကို မလွှတ်တမ်း စိုက်ကြည့်နေ၏။

"မနေ့ညက .. အဲဒီမီးခံသေတ္တာသော့ကို ညည်းက ပေးတယ်ဆို-မိသွန်း .. ဖြေစမ်း .. အဲဒီသော့ကို သားက ချက်ချင်းပြန်ပေးလို့ ရရက်နဲ့-ခေါင်းအုံးအောက်မှာ တစ်ညသိပ်ပြီးမှ .. မနက်ကျတော့မှ .. သားက ညည်းကိုပေးတယ်ဆိုတော့ .. ညည်း .. မနေ့ညက .. တစ်ညလုံး -



ဘယ်ရောက်နေလို့ .. သားက .. ညည်းကို သော့ပေးမရဘဲ .. ခေါင်းအုံးအောက်မှာထားထားရတာတဲ့လဲ .. ညည်း .. ဖြေစမ်း .."

မေမေ့မြားဦးက သွန်း ဘက် တည့်တည့်လှည့်လာပြီ ..။ သွန်း စိတ်လည်းညစ်နေသည်ပါပဲ။

"အပုလေး .. ဖြေ .. သူ .. ည .. ဘယ်အိပ်လဲ .."

"ဟို .. ဟို .. ပြော .. ပြောလိုက်ရ .. တော့ .. မလား .. မမသွန်း.. သရဲကြောက် .. လို့ .. အပုလေးကို .. ဟို .."

အရေးထဲ .. အပုလေးကလည်း သတ္တိကြောင်လျက် ယောင်တောင်တောင် .. အူကြောင်ကြား လုပ်နေတာမို့ မေမေ ပိုမသက်ာဖြစ်လာရပါပြီတည်း။ ခုကျတော့ .. မောင်ကြီးရော သွန်းရော နှစ်ယောက် မချောင်ကိန်းဆိုက်နေပြီ ..။ မျက်နှာလေးတွေ ကိုယ်စီကိုယ်င .. ကျကျနန ပျက်ကုန်ရကိန်းဝင်ရပြီ ..။

"မော်ဒယ်ပု .."

"ရှိန် .. အဲ .. ရှင် ..."

လန့်ခနဲထူးသည်က အပုလေး ..။

"ညက .. ညည်းမမသွန်း .. ဘယ်မှာအိပ်လဲ .."

"စာကြည့်ဂန်း .. အဲ .. စာကြည့်ခန်းထဲမှာပါ အန်တီလေး .. ဟို.. အပုလေးလဲ .. သရဲကြောက်လို့ .. မမသွန်းနဲ့ .. အိပ်ဘလိုက် .. အဲ .. အိပ်လိုက်ပါတယ် .."

ကသောင်းကနင်းဖြေသည့်အဖြေသည် အမေနှစ်ယောက်ကို ငေါက်ခနဲဖြစ်စေကုန်ပြီ။ မာမီလွှမ်းက မောင်ကြီးကို ကြည့်သည်။ မေမေထားက သွန်း ကို ကြည့်၏။

"ဘာသရဲလဲ"

"ဒီတစ်လမ်းထဲမှာ .. မီးနေသည်သရဲ ရှိတယ်တဲ့ .. မမသွန်း ပြောပြတာပါ .. ပြီးတော့ .. မမသွန်း က .. သရဲနိုင်ဂါထာရှိတယ်တဲ့..

www.burmeseclassic.com

www.burmeseclassic.com



သရဲက လေထဲပျံပြီး ဒီအိမ်ထဲဝင်လာရင် .. မမသွန်း က ဂါထာနဲ့ မှုတ်ပစ်လိုက်နိုင်တယ်တဲ့ .. အဲဒါ .. အပုလေး လန့်တာနဲ့ .. မမသွန်းနဲ့ တူတူ လိုက်အိပ်ချင်တယ်ပြောလို့ .. မမသွန်း က .. ဒီအောက်ထပ်က.. ဧည့်ဂိုဏ်း .. အဲ .. ရှာကြည့်ခန်း .. ဟို .. စာကြည့်ခန်း .."

လျှာတွေ လိပ်မှောက်ကုန်ကာ စာကြည့်ခန်းဆိုတာ အမှန်ရောက်ဖို့ သုံးခါလောက် စကားပြင်နေရသည့် အပုလေးကို မေမေ သက်ပြင်းချ၍ ကြည့်၏။

"ရှေ့တိုးစမ်း အပုလေး .. လက်ပိုက် .. အန်တီလေးကိုကြည့် .. သေချာဖြေ .. သူက .. ဘာသရဲနိုင်ဂါထာတွေ တတ်နေသတဲ့လဲ .."

ဟု မေးတော့ အပုလေးက လက်ကလေးပိုက်ကာ မျက်စိလေး ကလည်ကလည်ဖြင့် စဉ်းစား၏။

"တဖေနာမယ်တွေက အရှည်ကြီး အန်တီလေးရဲ့ .. ဟို .. ဖုတ်တဖေ .. ဂုတ်ဓာတဖေ .. ဆင်တဖေ .. မြင်းတဖေ .. ဂျောင် .. အဲ.. ကြောင်တဖေ .."

သွန်း ချောင်းတိုးတိုးဆိုး၏ ပြောတုန်းကတော့ တွေ့ရာတိရစ္ဆာန်တွေ တန်းစီလုပ်ပစ်ခဲ့ပေမယ့် ..။ ခုကျတော့ လက်ကလေးပိုက်၍ မျက်စိလေး ပေကလပ်ပေကလပ်ဖြင့် တန်းစီကို တဖေအသံလန့်လန့်ဖြင့် ထွက်ချင်လိုထွက်၍ ကတုန်ကရင်ဖြင့် ဖြေနေသည့် အပုလေး ကိုကြည့်ကာ ရယ်ချင်လာသည်။ ရယ်လည်း မရယ်ရဲ ..။ ချောင်းချည်းဆိုးရင်း ရယ်ချင်တာကို ထိန်းနေသည့် သွန်း ၏မျက်နှာလေး ရဲတက်လာသည်။ မောင်ကြီး ကလည်း သွန်းကို လှမ်းကြည့်၏။ သွန်း ကလည်း နိုးကြည့်၏။ မောင်ကြီး၏ မျက်လုံးတွေလည်း ပြုံးရိပ်သမ်းနေသည်။ ရယ်ချင်နေမှန်း သိသာနေသည်ပါပဲ။ စိတ်လက်ညစ်နေသည့်ကြားထဲ အပုလေး၏ ပေကလပ်ဖြစ်ပုံကိုကြည့်ကာ ရယ်ခွင့်များရလျှင် သွန်း ဖြင့် အော်ရယ်မိမှာ သေချာသည်။ ခုကျတော့ .. မေမေ့ကို လန့်နေရတာ ရှိနေ



တော့ မရယ်ရဲ ..။

မေမေကတော့ သွန်း ကို မျက်မှောင်ကြုတ်၍ ကြည့်နေသည်။ နောက်တော့ အပုလေးကိုကြည့်ကာ...

"အေး .. ညည်း .. ငါနဲ့ အိမ်ပြန်လိုက်ခဲ့ .."

ဟု ပြောတော့ အပုလေး ဝမ်းသာသွားသည်။ တစ္ဆေ လန့်ရသည့် ဘေးမှ လွတ်ပြီကိုးလေ။

"ညက .. ညည်း .. စာကြည့်ခန်းမှာအိပ်တယ် .. အိပ်လို့ရအောင် ကလေးကို တစ္ဆေလန့်အောင်လည်း မီးနေသည်သရဲတွေ ဘာတွေ ဇာတ်ခင်းပြီး ခြောက်တယ်ပေါ့ .. ဟုတ်လား .. ညည်း .. မဖြေနဲ့ .. သားကို မေးမယ် .. သား .. အရင်ရက်တွေကော .. သူ .. ဘယ်မှာအိပ်သလဲ.."

"သွန်း .. ဒီစာကြည့်ခန်းမှာပဲ အိပ်ပါတယ် မေမေ .. သူက .. သွန်း ကို မချစ်ပဲလက်ထပ်ရသလို .. သွန်း ကလည်း သူ့ကို မချစ်ပဲ လက်ထပ်ခဲ့ရတယ်ဆိုတာ သိနေကြတာပါ .. သူကလည်း သွန်း ကို မချစ်ကြောင်း ပြောခဲ့သလို .. သွန်း ကလည်း သူ့ကို မချစ်ကြောင်း ပြောခဲ့ကြပြီးတာလည်း ဝန်ခံပါတယ် မေမေ .. ဒါကြောင့် .. သွန်း .. စာကြည့်ခန်းမှာ အိပ်ပါတို့ .. မောင်ကြီးက အပေါ်ထပ်မှာ အိပ်ပါတယ်.."

ဟု ပြောတော့မှ မေမေ ရင်ကိုဖိ၏။ မာမီလွှမ်းလည်း မျက်နှာပျက်၏။ နောက်တော့ မေမေရော မာမီလွှမ်းရော မျက်ရိပ်ပြကာ အိမ်ပြင်ထွက်သွားကြတော့ နှစ်ယောက်သား ငြိမ်ကျန်ခဲ့သည်ပါပဲ။

မောင်ကြီး သွန်း ကို ကြည့်သည်။

"ဒီကိစ္စဖြစ်ရတာ .. ငါ့ကြောင့်ပဲ .. ဆောရီး .."

မောင်ကြီး တောင်းပန်လာသည်။ အသံက ခပ်တိုးတိုးနိုင်၏။ သွန်း ငြိမ်နေသည်။ တကယ်က .. နှစ်ယောက်စလုံး မကောင်းကြ၍ ဖြစ်သည်ဟုပဲ သွန်း ခံယူသည်။

"ကျွန်မကတော့ .. ကျွန်မရဲ့ အနုပညာအတွက် .. အဲဒီ သန့်ရှင်း

www.burmeseclassic.com

www.burmeseclassic.com



ရေးဝန်ထမ်းအလုပ်ကို လုပ်ကိုလုပ်မှာပါပဲ မောင်ကြီး .. ဝတ္ထုတစ်ပုဒ်ပြီးအောင်ကို ရေးပြမှာပါ .. ဒါကတော့ မပြောင်းလဲနိုင်ပါဘူး .. ရှင့်ကို အသိပေးထားပါရဲ့ ..''

ခံပြင်းနာကျင်စိတ် မကုန်ခန်းနိုင်စွာ သွန်း ထပ်၍ပြောတော့ မောင်ကြီး ငိုင်ဆင်းသွားသည်။ ခေါင်းမော့မလာနိုင် ..။

မေမေနှင့် မာမီလွှမ်း အိမ်ထဲပြန်ဝင်လာသည်။ မေမေက တယ်လီဖုန်းကို ဆက်တီစားပွဲပေါ်တင်၏။

''အဲဒါ .. သမီးဖေဖေ ပြောတဲ့စကားပဲ ..''

ဟု ပြော၏။ စပီကာခလုတ်ဖွင့်ထားတာမို့ ဖေဖေ့အသံ ပေါ်လာသည်။

''သမီးမေမေ ဖုန်းဆက်ပြီး အကျိုးအကြောင်း ပြောတယ် .. ဖေဖေ ရှက်တယ် သမီးသွန်း .. ဒီတော့ .. မင်းတို့နှစ်ယောက်ကို စိတ်ဆင်းရဲအောင်လည်း တူတူမထားတော့ဘူး .. ဒါ .. ဖေဖေ့အဆုံးအဖြတ်ပဲ .. သား ခန့်ညား .. ဒက်ဒီ တောင်းပန်တယ် .. ဒီလောက်မိုက်မဲတဲ့ သမီးကြောင့် ဒက်ဒီတို့ မျက်နှာပူရပြီ .. ဒီတော့ .. မိုက်လုံးကြီးတဲ့ သမီးကို ဘော်ဒါဆောင်တစ်ခုမှာ ပြောင်းထားမယ် .. ဒက်ဒီ့အိမ်မှာတော့ မထားဘူး .. သားက .. အေးအေးချမ်းချမ်း .. ရွက်နုဝေမှာ နေပါ ..''

ဟု ပြောတော့ သူ လန့်ခနဲဖြစ်၏။ ဘယ့်နှယ် ..။ သွန်း လို နုနုနယ်နယ် ကောင်မလေး ..။ ဘော်ဒါဆောင်မှာနေရလျှင် အနေအစား ဆင်းရဲတော့မည်ပေါ့ ..။

''အေး .. မေမေလည်း ပြောမယ် သား .. သားဖေဖေဆီကို ဖုန်းဆက်ပြီး အခု ပြောပြတော့ .. သားဖေဖေ အလွန်စိတ်ဆိုးတယ် .. သားကို သေခန်းဖြတ်မယ်တဲ့ .. သမီးလေးကိုတော့ နောင်တရားကို ခေါ်ထားမယ်တဲ့ .. စောစောက သမီးလေးကို ဘော်ဒါပို့မယ်ဆိုတာတွေ သမီးလေးရဲ့ဖေဖေပြောတာတွေ .. စောစောက အခန်းပြင်သွားပြီး ဖုန်းပြောရင် .. ထား ပြောပြလို့ .. မေမေ ကြားတာမို့ .. အဲဒါတွေလည်း သားဖေဖေကို ဖုန်းနဲ့ မေမေ ပြောပြတော့ .. သူ ခေါ်ထားမယ်တဲ့ .. မင်းကိုလည်း ရွက်နုဝေမှာ မထားနိုင်ဘူးတဲ့ .. ဟိုတယ်ကိုလည်း မသွားစေနဲ့တဲ့ .. ပညာတတ်ပြီပဲတဲ့ .. သွန်း လေးကိုတောင် .. မာနတခွဲသားနဲ့ .. စာမူခပိုက်ဆံ မစားနိုင်ဘူးဆိုတာတွေ လုပ်တာတဲ့ .. ကိုယ့်ဘာသာ ကိုယ်ရှာစားတော့တဲ့ .. အဲသလို ဖုန်းနဲ့ပြောတယ် .. မေမေကတော့ .. ဖုန်းပိတ်လိုက်ပြီမို့ သားဖေဖေ ပြောတာတွေကို .. ကြားချင်ရင် .. ကိုယ်တိုင်ဆက် .. ဟုတ်ပြီလား ..''



အပျက်အပျက်ဖြင့် အခြေအနေတွေက တင်းမာကုန်ပြီ ..။

''အို .. ထားရဲ့သားကို .. ထား ခေါ်သွားမယ် .. ကြာရိပ်ဖူးမှာ သား နေ .. ကြာရိပ်ဖူး အထည်စက်ရုံကို သားရဲ့ဒက်ဒီနဲ့တူတူ ဦးစီး.. ဟုတ်ပလား .. ဒီကောင်မလေးလည်း နောင်တရားပါသွားပေ့စေ .. ပြီးရော ..''

ဟု မေမေ ပြော၏။ သွန်း ကတော့ ဘာမှကို မပြောချင်တော့ပါ။ မောင်ကြီးလည်း ငိုင်ခြင်းမက ငိုင်ကျနေ၏။

မာမီလွှမ်း က ချွေးမကို သမီးလုပ်၍ ခေါ်သွားတော့မည်။ မောင်ကြီး ကို .. မေမေကလည်း သားမက်ကို သားလုပ်၍ ခေါ်သွားတော့မည်။ အခြေအနေနှင့် အဖြစ်က ဆန်းနေ၏။ နှစ်ဖက်လူကြီးချင်းလည်း စိတ်မဆိုးကြ ..။ နာကြည်းစကားတွေ မပြောကြ။ ကိုယ့်သားအမှန် ..။ ကိုယ့်သမီးအမှန် မပြောကြ ..။ သားမက်အမှန် ..။ ချွေးမ အမှန် ဆိုပြီး ရပ်တည်ကြကာ ..။ သားမက်လက်ကိုဆွဲ၍ ..။ ချွေးမလက်ကိုဆွဲ၍ .. ရွက်နုဝေမှခွာဖို့ ဆုံးဖြတ်ကြသည်။ ဖေဖေနှင့်မေမေက သွန်း ကို အပြစ်တင်သည်။ ဒက်ဒီနှင့် မာမီလွှမ်း က .. သားကို အပြစ်တင်သည်။ အပြတ်ဖြတ်ကြသည်။ ဤသည်ကလည်း ဆန်းတကာ့အဆန်း ဖြစ်နေသည့် ဇာတ်ကြမ္မာပဲဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သွန်း .. စာမူပြီးတဲ့အခါ .. ရှင့်ဆီ .. မိတ္တူဆွဲပို့လိုက်ပါ့မယ်.. ကြာရိပ်ဖူးလိပ်စာနဲ့လေ .. သွန်း ဆိုတာ .. ဘဝကို .. ဘယ်လိုရှိရှိ .. စာရေးနိုင်တဲ့ သွန်း ဖြစ်တယ်ဆိုတာ ရှင် ယုံကြည်ပေးလိုက်ရတဲ့ရက်ကို .. လက်ခံနိုင်ဖို့ .. အသင့်ပြင်ဆင်ထားပါ မောင်ကြီး .."

ဟု ပြတ်သားစွာ သွန်း ပြော၍ ထရပ်တော့ မာမီလွှမ်း က သွန်း လက်ကို ဖေးကိုင်၏။ ကျောပြင်ကို ပုတ်ပေး၏။

မေမေကတော့ သွန်းကို မော့၍ တင်းတင်းမာမာကြည့်သည်။

"စကားကို ပြင်ပြောစမ်း သွန်း .. အဲ့ဒါ .. ညည်း .. ယောက်ျားလေ .."

ဟု အော်သည်။

မောင်ကြီးကတော့ .. သွန်း ကို တိတ်ဆိတ်စွာစိုက်ကြည့်နေပါ၏။

မျက်ဝန်းဝယ် မာနရိပ် ရှိမနေကြ ..။ ဆို့ဆို့နင့်နင့်နိုင်သည့်အကြည့် ဟု သွန်း ဘာကြောင့် နားလည်လာမိရပါသတဲ့လဲ ..။

သွန်း .. ခါ့ခနဲအကြည့်ကိုလွှဲ၏။

လောလောဆယ်မှာတော့ .. မာမီလွှမ်းနှင့်အတူ .. သွန်း လိုက်သွားရပါလိမ့်မည်။ နောက်တော့မှ .. သွန်း သည် .. နေစရာတစ်ခုကိုရှာဖွေရပါလိမ့်ဦးမည်။ ဘာကြောင့်ဆို .. ရွှေသွန်းမေ ဆိုတာ .. အနုပညာသည်တစ်ယောက်ဖြစ်သည်မို့ ..။ အနုပညာသည်၏ ရှိအစ်ရာမာနဖြင့် .. ကိုယ့်ခြေထောက်မှာ ကိုယ်ရပ်တည်နိုင်ခြင်းကို လောကကြီးတစ်ခုလုံးမဟုတ်စေလျှင်သော်မှ ..။ မောင်ကြီးတစ်ယောက် သိနိုင်ရုံလောက်တော့ .. စွမ်းဆောင်ပြလိုက်ချင်သည်ကိုးလေ ..။



## အခန်း (၂၅)

"ကဲ .. မာမီ့သား .. အဝတ်အစားလေးယူလိုက်ဦး .. အဲဒီ တစ်ကိုယ်ကောင်းအတ္တကြီးတဲ့ ကောင်မလေးကတော့ .. အဝတ်အစားတောင် ဘာမှမယူဖြစ်တော့ဘဲ လွှမ်း နဲ့ ပါသွားလေရဲ့ .. အေးပေါ့လေ .. သူ့မာမီလွှမ်း က ဝတ်ကောင်းစားလှတွေ သူ့သမီးကို ဆင်ပေးမပေါ့ .. ဘယ့်နှယ်ကွယ် .. ချွေးမလုပ်သူကို ဆုံးမမယ်မကြံဘဲ မြှောက်ပေးတဲ့ လွှမ်း ကိုလည်း စိတ်ညစ်ပါရဲ့ .. ချွေးမကို ချစ်တာတော့ ချစ်ပါ .. ဒီလောက်ထိ မျက်စိမှိတ်ချစ်တာမျိုးတော့ မကောင်းပေဘူးပေါ့ သားရယ် .."

သူ စိတ်ထဲဟာနေသည်။ မာမီထား တွတ်တွတ် မကျေမချမ်း ရွတ်နေချိန်မှာ သူက ရင်ထဲ နေမထိထိုင်မသာဖြစ်နေသည်။ ဟာတိဟာတာဖြစ်နေသည်။ ကောင်မလေးကို မေမေ လက်ဆွဲ၍ ခေါ်သွားချိန်မှာ သူ့ကို နောက်ဆုံးပြောခဲ့ပါသည့် ကောင်မလေး၏စကားကလည်း ရင်ထဲက မထွက်နိုင်ဘဲ ဖြစ်နေသည်။

"တကယ်ပဲ .. တစ်နေရာရာမှာ .. သူ .. သန့်ရှင်းရေးဝန်ထမ်းအလုပ်လုပ်တော့မှာ သေချာနေတယ် .. ငါ့ဟိုတယ်မှာ လုပ်တာထက် ပိုပင်ပန်းအောင် ငါ တွန်းပို့သလိုဖြစ်ကုန်ပြီ .. ငါက .. ငါ့ဟိုတယ်မှာတောင် အလုပ်မခံရက်တာ .. ခုကျတော့ .. တခြားမှာ .. သွားလုပ်တော့

www.burmeseclassic.com

www.burmeseclassic.com



မယ် .. သူ့ကို ဘယ်သူဘယ်ဝါမှန်းလည်း မသိတဲ့နေရာမျိုးဆိုရင် .. အလုပ်ရှင်ကလည်း .. သူ မလုပ်စဖူး အလုပ်တွေ လာလုပ်နေမှန်း ဘယ့်နှယ်လုပ်သိနိုင်မှာလဲ .. ခိုင်းနေကျအတိုင်း ခိုင်းမှာပဲလေ .. သူက .. သူများတကာ သန့်ရှင်းရေးဝန်ထမ်းမိန်းကလေးတွေနဲ့ တန်းတူ လိုက်လုပ်နေရရှာမှာ .. အရမ်းပင်ပန်းတော့မှာပဲ .. အဲဒါ .. ငါ့နှုတ်ကျွံလို့ ဖြစ်ရတာ .. ငါ .. မကောင်းတာ .. ခုလည်း .. သူ့မိဘတွေရဲ့ အငြိုအငြင် ခံရရှာပြီ .. ငါဟာ .. နေရာတကာမှာ သူ့အပေါ် အပြစ်ပဲလိုက်ရှာနေတာ ကိုး ..''

ရင်ထဲမှာ ဘယ်လိုမှမကောင်းနိုင် ..။ ကိုယ့်ကြောင့် ကောင်မလေး ဒုက္ခရောက်ရတာ သိနေရတာလောက် ရင်ထဲ ခံရဆိုးနေတာ မရှိ။ ဆောက်တည်ရာပျောက်နေခြင်းဆိုတာ ခုမှ ပို၍ သူ နားလည်လာသည်။ ခံစားတတ်လာနေသည်။ နေရင်းထိုင်ရင်းလည်း ရှက်နဝေက ကျန်ခဲ့ရတော့မည်။ သူက .. ကြာရိပ်ဖူးကိုရောက်မည်။ ကောင်မလေးက မွေးနံ့သာကိုရောက်တော့မည် ..။ တစ်ယောက်တစ်နေရာစီဆိုရာမှာ .. တောင်စဉ် တောင်တန်းခြားသည့်နေရာမျိုး ဖြစ်နေသည်။

''ခက်ပြီ .. ငါက .. သူ့ကိုတားချင်နေတာ .. အဲဒီအလုပ် မလုပ်ဖို့ တားချင်နေတာ .. ခုကျတော့ .. သူက တစ်မြို့တစ်နေရာ ရောက်ရတော့မယ် .. ဖေဖေနဲ့မေမေတို့ သူ့ကို အဲဒီအလုပ်မလုပ်ဖို့ ဖျောင့်ဖျ နားချနိုင်ပါ့မလား .. မရဘူးထင်တယ် .. ဒီကောင်မလေး အရမ်းခေါင်းမာတယ် .. ကျွတ် .. ငါ .. အဲဒါကို ရင်ထဲမနေတတ်ပဲဖြစ်နေတာ .. ငါမှားတယ် .. ခု .. ခု .. ငါပြောမိသမျှ .. ယူကြုံးမရဖြစ်နေရပြီ ..''

သူ တွေတွေကြီးငြိမ်ကျနေသမျှ မာမီထားကတော့ ဘယ်လို သဘောပေါက်သည်မသိ။

''အေးလေ .. ငါ့သားလည်း .. ဒီကိစ္စကြောင့် .. မာမီတို့ကို မျက်နှာပူ အနေခက်နေတယ်ထင်ပါရဲ့ .. ဘာမှမခံစားနဲ့ သား .. မာမီထားရဲ့



သမီး ဘယ်လောက်ဉာဏ်များတယ် .. ဆိုးတယ်ဆိုတာ မာမီတို့ သိတယ် .. သူ ပျော်ပျော်နေတတ်တာလေးတစ်ခုကိုကြည့်ပြီး .. ကလေးလေးလိုနေတာပါလားဆိုပြီး .. အလိုလိုက်ခဲ့မိတာ မာမီတို့အမှားပဲကွယ် .. ခု .. အိမ်ထောင်ရက်သားကျတဲ့အခါကျတော့ .. အဲဒီဉာဉ်က သူ့ဆီပါသွားသလေ .. လုပ်ချင်တာလုပ်ပြီး .. တစ်ဖက်သားက စိတ်လက်ဆိုးရင်လည်း .. သူက တဟက်ဟက် တဟဲဟဲနဲ့ သွားကျောလေးဖြဲပြပြီး လျှောချပစ်တတ်တာ .. အဲဒါနဲ့ပဲ လူတွေ လိုမ့်ခံရတာလေ .. အဲဒီအဖြူး ကြောင့် .. စိတ်ဆိုးရခက် .. စိတ်ဖြေရခက်နဲ့ ဖြစ်ဖြစ်ကုန်ရတာ .. ခုဥစ္စာကတော့ .. လွန်လွန်းသကွယ် .. ကိုယ့်ခင်ပွန်းသည်အပေါ် .. ဒီလောက် အထာအနကောက်ရသတဲ့လား .. ရွဲ့ရသတဲ့လား .. အဲဒီအလုပ်ကို လုပ်ပြမယ်လို့ .. မောက်မောက်မာမာပြောရသတဲ့လား .. မာမီ ရှက်သကွယ် ..''

ဟု ပြောနေတော့ သူ ခေါင်းခါပြမိရပြီ ..။

''ကျွန်တော် လွန်တာပါ မာမီရယ် .. ခု .. သူ .. တခြားမှာ အဲဒီ အလုပ်သွားလုပ်တော့မှာ ..''

ရင်ထဲမွှေနေသည့် သောကကို သူ ဖွင့်ပြောတော့ မာမီထား ပို၍ မျက်နှာတည်သွားကာ ...

''လုပ်ပေ့စေပေါ့ သားရဲ့ .. ဒါမှ သူ့မာန ဦးကျိုးမှာ .. သူ့ကိုယ်သူ ထင်တစ်လုံးနဲ့ .. သူ လုပ်ပြမယ်လို့ ကြွေးကြော်ထားတာ .. လုပ်ပြစမ်းပါ့စေ .. တစ်နေ့ မလုပ်နိုင်မှန်း သိလာတဲ့အခါကျတော့မှ လေသံပြောင်းလာမှာ .. ဒီလို ထင်ကြီးတစ်လုံးနဲ့ နေတဲ့သူကို .. လွှတ်ထားပေးရတယ် သားရဲ့ .. မဆွဲထားချင်စမ်းပါနဲ့ .. သူ လုပ်ချင်ရာလုပ်ပြစမ်းပါ့စေ .. သူ ဘယ်တုန်းကမှ ပင်ပင်ပန်းပန်းလုပ်ကိုင်ဖူးတာမဟုတ်ဘူး .. ရွှေပေါ် မြတင် နေလာတဲ့ သူငယ်မ .. တပ်တပ်အပ်အပ် ပင်ပန်းမှ .. လေသံပြောင်းမှာ .. အဲဒါ ကောင်းတယ် .. တစ်သက်စာပဲ ..''

www.burmeseclassic.com



မာမီထား ပြောလေလေ ..။ သူ ပို၍ နေရခက်လေလေ ..။ ရင်ထဲ ဆောက်တည်ရာမရ ဖြစ်လေလေ ..။ သူ့ပယောဂ လုံးဝမကင်းဘဲ ကောင်မလေး ပင်ပန်းရမည့်ကိစ္စကို ဘယ်လိုမှ သူ ရင်ထဲက ဖျောက်မရဲ ပြုမရ ဖြစ်နေတာ ရင်ကို အဖိစီးဆုံးဖြစ်နေသည်။ အခန်းထောင့်မှာ တရှုံ့ရှုံ့ငိုနေသည့် အပုလေးကိုလည်း မာမီထား လှမ်းကြည့်နေရင်းမှ စိတ်လက်မရှည်သံဖြင့် ပြောနေတာတွေကိုလည်း သူ ကြားနေရပြီ ..။

"ဟဲ့ .. မော်ဒယ်ပု .. ညည်းက ဘာကိစ္စ ငိုနေတာလဲ .. သွားပြီး အဝတ်အစားသိမ်းချေ .."

"မမသွန်းကို သနားလို့ပါ .. အန်တီလေးက ဘာလို့ဆူရတာလဲ လို့ .. အပုလေး မမသွန်း ကို လွမ်းနေရတော့မှာပဲ .. မောင်းထုတ်လိုက်တာမှ ဘော်ဒါပို့မယ်ဆိုတော့ .. အပုလေးဖြင့် ငိုချင်တော့တာမှ သေချင်အောင်ပါပဲ .. အခုလည်း သေချင်အောင်ငိုချင်နေတာပဲ အန်တီလေးရဲ့.. မမသွန်းကို ပြန်ခေါ်ပါနော် .. အဝတ်လည်း ယူမသွားရဘူး .. ဘာနဲ့ ဝတ်မှာလဲလို့ .."

အပုလေး ပြောပြောငိုနေတော့ ရင်ထဲဆို့လာရသည်က သူပဲဖြစ်လေသည်။ မာမီထား ကတော့ အပုလေးကိုခေါ်၍ နောက်ဘက်အခန်းသို့ သွားလိုက်ပြီ ..။ အဝတ်အစားသိမ်းဖို့ ဖြစ်မည်။ သူ ငိုင်ကျန်နေရစ်ရမြဲ ..။ လူက လှုပ်မရချင် ..။ ခြေမရွေ့ချင်ဖြစ်နေသည်။ အပုလေး အပြော ..။ သြော် .. မော်ဒယ်ပု အပြောအတိုင်း ပြောရလျှင်ဖြင့် သေချင်အောင် စိတ်ညစ်နေရသည်မှာလည်း အမှန် ..။ သေချင်အောင်နောင်တ ဖြစ်နေရသည်ကလည်း သူ အသိဆုံး ..။

အကြည့်က စာကြည့်ခန်းဘက်သို့ ရောက်၏။ ကောင်မလေး မနေ့ညက အိပ်ခဲ့ရာအခန်း။ စားရေးခဲ့ရာအခန်း ..။ ဤနေ့မှာကျတော့ ကောင်မလေး မရှိတော့ပြီ ..။ ခြေလှမ်းက စာကြည့်ခန်းဆီသို့ ရွေ့၏။ အခန်းထဲရောက်တော့ စားပွဲထက်မှာ စီထပ်၍ ဖိတုံးလေးဖြင့် ဖိထားရာ



စာရွက်ကို တွေ့တာမို့ သွားရပ်ကြည့်မိရပါ၏။

စာဖိတုံးလေးကို ဖယ်မိသည်။ စာရွက်လေးကို ယူမိပြီ။

ကျွန်မ မက်မောတန်ဖိုးထားတဲ့
ပျော်ရွှင်စွာနေထိုင်ခြင်းဆိုတဲ့အရာကို
ပျက်သုဉ်းစေမယ့်သူဟာ
ကျွန်မကို မနှစ်မမြို့ဖြစ်နေတဲ့
ရှင်ဖြစ်တယ်ဆိုတာ
ကျွန်မ သိပါတယ် ...။

ဒါပေမယ့် ...
ရှင့်ထံပါးက ပျော်ရွှင်ခြင်းများကို
စွန့်ခွာသွားစေဖို့ရာအတွက်
ကျွန်မ ဘယ်တော့မှလုပ်မိမှာမဟုတ်ပါဘူး ...။

ဘာလို့လဲဆိုတော့ ...
ကျွန်မ မက်မောတန်ဖိုးထားတဲ့အရာကို
ဘယ်လိုမှ ...
ဘယ်သူ့ထံပါးဆီကမှ ...
ကျွန်မ .. မဖျက်ဆီးရက်လို့ပါပဲ ...။

ပျော်ရွှင်ခြင်းများစွာကို
ရှင် ပိုင်ဆိုင်သွားနိုင်ပါစေ ....။

စာပိုဒ်လေးအဆုံးမှာ သူ့အကြည့်က ရွေ့မရနိုင်ဘဲ ဖြစ်နေသည်။ စာလုံးတိုင်းက ဆွဲငင်အားများစွာဖြင့် သူ့ကို ဆွဲယူသိမ်းကျုံးထားသည့်

www.burmeseclassic.com

www.burmeseclassic.com



နှယ် ရှိကုန်ပြီ …။ ရင်သည် … ကိုယ့်လက်သီးဆုပ်ဖြင့် ကိုယ်ဆုပ်ညှစ်ထားသည့် နှလုံးအိမ်တစ်ခုဆီမှ နာကျင်မှုတွေ၏အောက်မှ ပြားပြားဝပ်နေသည်သို့ရှိ၏။ ဟုတ်သည် …။ သူ့အမှားသည် နှောင်တဖြစ်၏။ သူ့နှောင်တသည် သူ့နှလုံးသားကို ဆုပ်ချေ၏။ ထိုသို့ဖြစ်စေသည့် တရားခံသည် သူပဲဖြစ်ချေသည်မို့ …။ သူ့နှလုံးသားကို ချေမွနေသည့် လက်သီးဆုပ်သည်လည်း သူ့လက်သီးဆုပ်ပဲဖြစ်ရချေသည်တည့် …။

"ကြည့်စမ်း … မနေ့ညက ရေးခဲ့သလိုပါပဲလား … သူ့ရဲ့ ပျော်ရွှင်ခြင်းတွေကို ငါ ဖျက်ဆီးခဲ့ပြီးပြီ … သူက သူက … ငါ့ကို ဘယ်တော့မှ… ငါ့ဆီက ပျော်ရွှင်ခြင်းတွေကို မဖျက်ဆီးရက်ဘူးတဲ့လားလေ … ငါ့ကို… ပျော်ရွှင်ခြင်းတွေ ဆက်လက်ပိုင်ဆိုင်သွားစေဖို့ ဆုတောင်းပေးခဲ့တာပါလား … သူ တန်ဖိုးထားတဲ့ ပျော်ရွှင်ခြင်းဆိုတဲ့အရာကို … ဘယ်သူ့ဆီကမှ သူ မဖျက်ဆီးရက်ပေမယ့် … ငါက … သူ့ပျော်ရွှင်ခြင်းတွေကို ဖျက်ဆီးပစ်ခဲ့ပြီ …"

သူ … သူ့ရင်ထဲ ခါနေသည်။ ကမန်းကတန်း အပေါ်ထပ်သို့ သူတက်၏။ အရင်ဆုံး ပြေးကြည့်မိ …။ နံရံဆီမှ ဖြုတ်ယူမိသည်က … ကောင်မလေး၏ကဗျာလေးပဲဖြစ်လေသည်။ မင်္ဂလာဦးကာလလေးမှာ ကောင်မလေး ဤအခန်းနံရံမှာ လာကပ်ထားပါသည့် ကဗျာလေး …။

အချစ်ဆိုတာ
ဘယ်ခါမရှိလျှင်
ဘယ်သူပင်ရင်မှာငြိမ်းနိုင်မလေ့ …။
ယောင်ချာချာဟိုသည်လှမ်း
သောင်ကမ်းမတွေ့ …။

အမုန်းကိုဖယ်ရှား



နှလုံးသားမှာထားပါလျှင်
သူ့တွင်ငါ့တွင်
ပန်းလွှင်ပြင်ကဗျာစခန်း
အောင်ပန်းဆင်ရွှေပြည်နန်း
တက်လှမ်းပျော်မွေ့ …။

သူ့လက်တွေ တုန်ခါနေသည်။ ကဗျာလေးကိုဖတ်ရင်း လည်ချောင်းတနင့်နင့်ဖြစ်လာသည်။ ကောင်မလေးသည် … သူ့ရင်ဘတ်ထဲသို့ … အမုန်တရားများကို မြင်တတ်လာအောင် အပ်နှံပေးခဲ့ချေပြီတကား…။ ဒါပေမယ့် … ဤအချိန်မှာ … သူ့ထံပါးမှာ ကောင်မလေးက မရှိပြီ…။ သူ့ကို နာကြည်းနာကျင်နေသော ရွှေသွန်းမေ အဖြစ် ထွက်ခွာသွားခဲ့ပြီးနေပြီ …။ ကောင်မလေး၏နှလုံးသားဖြူဖြူစင်စင်လေးကို သူ စောစောကတည်းက မြင်တတ်သင့်နေပါလျက် …။ တန်ဖိုးထားတတ်သင့်ပါလျက်…။ သူ … သူ … အတ္တတွေဖြင့် မမြင်ယောင်ပြုခဲ့သည်။ ခုကျတော့… သူ … ရင်ကွဲနေရချေပြီကောလေ …။

စာကြည့်ခန်းဆီမှယူလာရာ ကောင်မလေး၏ လက်ရေးနုနုလေးနှင့်အတူ ဤကဗျာလေးကို သူ နူးနူးညံ့ညံ့ ထပ်၍သိမ်းသည်။ ခေါင်းရင်းစားပွဲဆီမှ သွားရေအိတ်ထဲ ထည့်သည်။ ဘဏ်ငွေစုစာအုပ်ကို အိတ်ကပ်ထဲ ထည့်သည်။ နောက်တော့ … သူ ခြေလှမ်းသုတ်သုတ်ဖြင့် အပေါ်ထပ်ဆီမှ ဆင်းလာမိရပြီ။ ပေါ်တီကိုအောက်မှာ ရပ်ထားရာကားပေါ် သူတက်၏။ မာမီထားလည်း ကျန်ခဲ့ပြီ …။ မော်ဒယ်ပုလည်း ပြေးတော့မြေးထွက်လာသေးသည်။ မာမီထား၏ခေါ်သံလည်း နောက်ပါးဆီမှာကျန်၏။

သူ … ရင်ထဲမကောင်းနိုင်တော့ပြီမို့ ကားကို မောင်းလာမိချိန်မှာ…
"မင်း … ငါ့ကို … ဒီတစ်ခါမှာတော့ … မဖြစ်မနေ … ခွင့်လွှတ်ပေးရ

www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ် ကောင်မလေးရေ .. ဒါမှ .. ငါ .. ပျော်ရွှင်နိုင်မှာ ကောင်မလေးရဲ့ .. ငါ့ဆီက ပျော်ရွှင်ခြင်းတွေကို မဖျက်ဆီးရက်ဘူးဆိုရင် .. မင်း.. ငါ့ကို .. ခွင့်လွှတ်ပေးရလိမ့်မယ် သိရဲ့လား .. သိရဲ့လား ဒေါ်ပေါလစ်ရဲ့.. မျောက်ဖြူလေးရဲ့ ..''

သူ စိတ်လိုက်မာန်ပါ ပြောနေမိရင်းမှ အံ့ဩမိရပြန်သည်။ ငယ်ဘဝတုန်းက ကောင်မလေးကို သူ ခေါ်ဖူးသည့်အမည်လေး ...။ ဘာတဲ့..။ ဒေါ်ပေါလစ် ...။ မျောက်ဖြူ ...။ အားလုံးသည် .. သူ့နှလုံးသားထဲမှာ ချစ်စနိုးကိန်းအောင်းနေကြမှန်း ဘာကြောင့် သူ့ဘာသာသူ မသိနိုင်စွမ်းခဲ့ရပါသတဲ့လဲ ...။ ထိုမျှအထိ သူ ညံ့ဖျင်းနေရချေသည်ပဲ..။ ခုကျတော့.. ကားမောင်းနေရင်း ...။ ကောင်မလေးကို တမ်းတနေရင်း .. ထိုအမည်လေးတွေ နှုတ်ဖျားဆီမှ ပွင့်ကျလာကြချေသည်တကား ...။ သူ .. သူ.. ပထမတော့ ထိုနှစ်ကြာအမည်လေးကို မှတ်မိနေခြင်းကို အံ့ဩမှင်တက်သည်။ နောက်တော့ .. နောက်တော့ .. သူ့ရင်ကိုသူ မမြင်တတ်ချေသမျှ-သူ့ရင်ဘတ်ကြီးကိုသာ ထုပစ်နေမိရပြန်သည်ပါပဲ ...။

“ငါဟာ .. ငါ့နှလုံးသားကိုမှ မသိနိုင်တဲ့ အညံ့ဖျင်းဆုံးသော သတ္တဝါပါလား ..”

ဟု မညာမတာကြိမ်းမောင်းပြစ်တင်လုပ်ပစ်မိရလောက်အောင်လည်း ကိုယ့်ဘာသာကိုယ် ပြန်၍ မေတ္တာတုံးလာမိရပြန်သည် ...။

ကောင်မလေးနှင့် သူ့ကြားမှာ နားလည်မှုလွဲမှားနေခြင်းဆိုသည့် အဆီးအတားတစ်ခုကို သူ ဖယ်ရှားလိုက်နိုင်ခဲ့ပြီ ...။ ထိုအခါ .. အချစ်ဆိုတာ .. ဘွားခနဲ ထွန်းလင်းတောက်ပစွာ သူ့နှလုံးအိမ်ဆီသို့ အရောင်ဖြာယှက်လာချေသည်ကောလေ ...။

ခွဲရသည်မှ အချိန်ပိုင်းလေးပဲရှိသေးသည်။

သူ .. သူ .. ကောင်မလေးကို လွမ်းနေပြီ ...။ သတိရနေပြီ – ကောင်မလေး၏ ရိုးစင်းဖြူဇင်သော လှုပ်ရှားမှုပုံရိပ်လေးများကို မြင်



ယောင်ကြေကွဲနေမိရပြီ။ ရုတ်ချည်းပင် .. ထိုခံစားချက်ဆီမှ .. စိတ်နှင့်ခီရာ ရေးဖွဲ့ရာ စာတစ်ပုဒ်သည် သူ့နှလုံးအိမ်ဆီမှာ ဖြစ်ထွန်းလာချေသည်တကား .. ..။

သင့်အား ...
သတိရနေတတ်အောင်
လွမ်းဆွတ်နေတတ်အောင်
ခံစားမှုများကိုအပ်နှင်းသော
ခွဲခွာရသည့်နေ့ရက်ကို
ကျွန်ုပ် ကျေးဇူးတင်ပါ၏ ...။

အဘယ်ကြောင့်ဆိုသော် ...
ဤနေ့ရက်ကြောင့်ပင်လျှင်
သင့်အား ကျွန်ုပ် အဘယ်မျှထိ
ချစ်နေကြောင်း သိလာရ၍ ဖြစ်ပေသည် ...။

သြော် .. နှလုံးသားဆီမှာ ဖြစ်ထွန်းပါလေသော .. လွမ်းဖွဲ့စေရာခံစားချက်စာသားတို့ကို .. ကောင်မလေး ကြားစေ မြင်စေချင်လှပါဘိ...။ အောင်ကြီး၏ သခင် .. ကောင်မလေး .. ယုံကြည်ပေးစေချင်လှပါဘိသည်ကောလေ။

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူ ...
မင်းကိုချစ်တဲ့ငါ့အချစ်တွေနဲ့
သစ္စာတိုင်လိုက်ချင်ပါရဲ့ ...။

ငါ့နှလုံးသားနဲ့ မင်းနှလုံးသားကို
ဆက်နွှယ်စေမယ့်ပန်းတံတားတစ်စင်းကို
ငါ ဖန်ဆင်းခွင့်ရပါရစေလို့လေ ...

ချစ်သူ ...
မင်းရဲ့ချစ်ခြင်းတွေကို
ငါ့နှလုံးသားထံပို့ဆောင်စေဖို့
လေပြေရထားလေးတစ်စင်းကို
ပန်းတံတားထက်မှာဖြတ်ကူးလာစေလှည့်ပါ...။
ငါ ...
စောင့်ကြိုနေခွင့်ရပါရစေကွယ် ....။



## အခန်း (၂၆)

မှောင်ရိပ်ဖျန်းစ ညနေတစ်ခု၏ အလှသည် ပန်းနုရောင်အခိုင်လိုက်ပွင့်ဝေဆုပ်ခဲနေကြပါသည့် နှင်းဆီရိုင်းနွယ်ပင်တို့ကြောင့် ပို၍လွမ်းဆွတ်ချင့်စဖွယ်ဖြစ်နေသည်လား မသိ ...။

နှင်းဆီနွယ်တို့က ပန်းခိုင်ကို ဆုပ်ခဲပွင့်ဝေနေရင်း ခြံစည်းရိုး ဝါးတန်းတို့ထက်မှာလည်း ရှိ၏။ ခြံအဝင်ဝ ပန်းခုံးကြီးထက်မှာလည်း အရွက်စိပ်စိပ်၊ ပန်းခိုင်မြိုင်မြိုင်ဖြင့် လှိုင်နေ ခင်ပွင့်၏။ နှင်းဆီ၏ရနံ့က လေပြေနုဝယ် တသင်းပြန့်ပြန့် ...။ အရွက်သေးချွန်ချွန်၊ ဝါးရိုးဝင်စည်နွှဲနွှဲတို့ဖြင့် ရှိနေပါသည့် ဝါးရုံရိပ်၏ ထိပ်ဖျားမကျတကျနေရာမှာ တုန်ဆုံးလုလုနေခြည်သည် အစွမ်းအစကျန်နေသရွေ့ ဝါရွှေရွှေအဆင်းဖြင့် နှုတ်ဆက်တို့ထိနေသည့်အလား ရှိနေသည်။

သွန်း ငေးကြည့်နေပေမယ့် ရင်သည် သဘာဝ၏ အလှတရားများကြားမှာ မတိမ်းမူးနေနိုင် ...။ မပျော်မွေ့နိုင် ...။ အမြဲရွှင်လန်းပျော်ရွှင်နေတတ်သည့် ငယ်ကျင့်လေးတစ်ခုသည် လောလောဆယ်မှာ ပျောက်ဆုံးနေသည်။

ဘာပဲဖြစ်ဖြစ် ...။ ဤယာတောအိမ်ကြီးရှိရာ ခြံကျယ်ကြီးသည်မွေးနံ့သာသို့ မရောက်ခင် အပြန်လမ်းမှာ အရင်ရောက်ရသည့်နေရာဖြစ်နေချေသည်မို့ ...။ မာမီလွမ်းက ဤတစ်ညတော့ ဤယာတောအိမ်မှာပဲ နားလိုက်တော့မည်ဟု ဆုံးဖြတ်ခဲ့ခြင်းသည်ပင်လျှင် သွန်း အတွက်

www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းနေသေးသည်။ ဒါမှမဟုတ်လျှင် .. မွေးနံ့သာသို့ အရောက် ပြန်သွားပါက ဒက်ဒီ၏ တဖျစ်တောက်တောက်ဖြင့် သွန်း ၏မောင်ကြီး ကို ပြစ်တင်မောင်းမဲပြောနေသမျှကို စိတ်လက်မချမ်းသာပဲ ကြားနေရမည်။ ဒက်ဒီ၏ သွန်း အပေါ် ထားရှိပါသည့် မေတ္တာဓာကြောင့်ပင်လျှင် ထိုသို့ သားဖြစ်သူအပေါ် မကျေနိုင်မချမ်းနိုင် ဖြစ်ရချေတာ သွန်း သိနေရသည်မို့ ..။ သွန်း ကြောင့် မောင်ကြီး ခုလို မျက်နှာပန်းမလှ ..။ အိမ်တစ်လုံးပင် နေစရာမကျန်တော့ဘဲ နှင်ချခံခဲ့ရတာတွေ တန်းစီတွေးရင်း စိတ်ထိခိုက်နေရုံပဲ ကျန်နေမည်ကိုးလေ ..။

"ငါမှားတာ .. ငါကိုက .. အပျော့်စိတ်တစ်ခုနဲ့ .. မောင်ကြီးကို နောက်နောက်ပြောင်ပြောင်နဲ့ ကျီစယ်နေမိတာတွေ လုပ်မိတာကိုး .. သူ့ကို စလိုက်ရင် .. သူ့ စိတ်လက်ဆိုးတာလေးက အရမ်းခင်ဖို့ကောင်းနေတာမို့ .. ငါက တစစ .. တနောက်နောက် လုပ်မိခဲ့တာပါ .. ဒါပေမယ့် .. ငါ့စာမူခနဲ့ ချက်ပြုတ်မိတာကတော့ သဘောရိုးတစ်ခုနဲ့ဆိုတာ ငါ သစ္စာဆိုရဲပါတယ်လေ .. မောင်ကြီးက တစ်မျိုးမြင်သွားခဲ့တာပါ.. အေးလေ .. ဘာပဲဖြစ်ဖြစ် .. ငါသာ အဲသလို မချက်ပြုတ်ခဲ့ပဲ .. မီးခံသေတ္တာထဲက ပိုက်ဆံပဲ ယူသုံးမိခဲ့ရင် အလွန်ကောင်းနေမှာ .. ခုလိုလည်း မောင်ကြီးကို မောင်ကြီးဖေဖေက .. ဟိုတယ်အလုပ်လည်း ပြန်ရုပ်သိမ်းမှာမဟုတ်ဘူး .. ရွှက်နုဝေကလည်း နှင်အချခံရတော့မှာ မဟုတ်ဘူး .. ငါလည်း .. ဒီကိုရောက်လာစရာ အကြောင်းမရှိဘူး .. ခုတော့ အနုပညာကို ပြိုင်စရာလို့ထားပြီး သူ့ဟိုတယ်မှာ သန့်ရှင်းရေးလုပ်ပြမယ်လို့ မောက်မောက်မာမာပြောခဲ့တယ် .. အားလုံး လွန်ကုန်ပြီ ဘာမှ ပြန်နောက်ဆုတ်လို့မရတော့ဘူး .. ငါမှားတာ .. ခုကျတော့ မောင်ကြီးက .. ငါ တမင် သူ့ကို ချိုးတယ်လို့ ထင်ကျန်ခဲ့တာ .. ခုလည်း အဲသလိုထင်နေမှာပါပဲ .."

တွေးရင်း သွန်း မျက်ရည်ကျချင်ချင် ..။ တစ်ယောက်တည်း ဝါးရုံရိပ်အောက်မှာ မြက်ရိုင်းပင်စိမ်းမြမြထက်မှာ သွန်း ထိုင်နေခြင်း ..။

အရေးထဲ လေးလေးသိန်း ကလည်း ဖုန်းတစ်လုံးဖြင့် တော်တော်



အလိုက်မသိသည့်အလုပ်တွေ လုပ်နေသည်။ လမ်းခရီးမှာလည်း တော်နေကြာ ဖုန်းမြည်လိုက် ..။ ဖုန်းပြေလိုက်.. ။ တော်နေကြာ ခရီးတစ်ထောက်ခထားနား ..။ ထမင်းလေးဘာလေး စားချိန်ဆိုလည်း လေးလေးသိန်း ယောင်ပေပေဖြင့် ဆိုင်ရှေ့ရောက်ကာ ဖုန်းပြောနေပြန်သည်။ မာမီလွှမ်း ကတော့ သတိထားမိပုံမရ ..။ သွန်း ကတော့ သူမျှားတကာ စိတ်လက်ညစ်နေချိန်မှာ ဖုန်းတပြောပြောဖြင့် အရှိန်မပျက် ချိတက်နေသည့် လေးလေးသိန်းကို နည်းနည်းတော့ မျက်စိရှုပ်ချင်၏။

ခုလည်း .. ခြံရှေ့ပန်းခုံးကြီးကိုဖြတ်၍လျှောက် ..။ ခြံပြင်မှာ ဟိုဟို သည်သည် လမ်းသလားနေရင်း ဖုန်းပြောနေပြန်ပြီ ..။

"အေးလေ .. သူက .. အပူအပင်မှမရှိတာ .. ဖုန်းပြောစရာတွေ ရှိနေမှာပေါ့ .. သူ့သာ စိတ်ညစ်နေကြည့်ပါလား .. ဖုန်းကို စက်တောင်ပိတ်ထားဦးမှာ .."

လူကိုရော ဖုန်းကိုရော မျက်စိရှုးလာရသည်က သွန်း ပါတည့်..။ ညနေစာ ထမင်းလည်း ဆိုင်ကဝင်ဝယ်လာသည့် ထမင်းနှင့်ဟင်း အမယ်စုံဖြင့် ဖော့ဘူးတွေဖွင့်၍ ..။ ယာတော်အိမ် ထမင်းစားခန်းရှိ ကြွေခင်အိမ်ထဲမှ ထမင်းမှာင်းပန်းကန်တွေထဲ စားပွဲပြည့်စားပွဲလျှံ တည်ခင်း စားသောက်စဉ်ကလည်း ..။ လေးလေးသိန်းသည် စားကောင်းသောက်ကောင်း အဖြစ်ဆုံး လူတစ်ယောက် ဖြစ်နေခဲ့ချေသည်ပါပဲ ..။ ခုလည်းကြည့်.. ဖုန်းပြောပြီးတာနှင့် လေလေးတချွန်ချွန်ဖြင့် ခြံထဲ ပေါ့ပါးသောခြေလှမ်းတွေနှင့် ဝင်လာသည်။

နောက်တော့မှ မျက်မှောင်လေးကြုတ်၍ကြည့်နေသည့် သွန်း ကို ခုမှတွေ့ဟန်ဖြင့် ကိုယ်ရှိန်ပြန်သပ်၏။

"အန်တီလွှမ်း .. အဲ .. သွန်းရဲ့မာမီလွှမ်း .. သွန်းရဲ့ဒက်ဒီဆီကို.. ဖုန်းဆက်ခိုင်းလို့ပါ .. ဒီယာတော်အိမ်မှာပဲ တစ်ညနားမယ်ဆိုတာရယ် ဒီကိုပြန်ရောက်နေကြပြီဆိုတာရယ် .. လမ်းခရီးမှာ .. ကားတာယ်ချက် မပျက်ဘဲ ချောချောရှုရှုရောက်ကြတယ်ဆိုတာရယ် .. အဲဒါတွေ သတင်းပို့ခိုင်းလို့ပါ .."

www.burmeseclassic.com

www.burmeseclassic.com



သွန်း မမေးရပါပဲနှင့် ရှင်းလင်းချက်ကို လေးလေးသိန်း ဖွင့်တော့ သွန်း ငိုင်ခနဲဖြစ်သည်။ ဩော် .. လေးလေးသိန်းသည် ဒက်ဒီ့ထံ ဖုန်း ဆက်ချေသည်ကိုး။

မောင်ကြီးကို ဆူကြိမ်းတာတွေ ဖုန်းထဲမှာ ဘယ်လောက်များ ဒက်ဒီ ပြောခဲ့ချေမည်မသိ။ လေးလေးသိန်းကိုလည်း မေးမကြည့်ချင် တော့ပါ။ ကြားလျှင်လည်း စိတ်ချမ်းသာစရာဖြစ်လာချေမည်မှမဟုတ် ချေသည်ပဲလေ ..။

"အပြင်မှာ အေးလာပြီ သွန်းလေး ရဲ့ .. အထဲဝင်လိုက်ပါလား.. လေးလေးသိန်းလည်း ကားမောင်းရတာ ညောင်းသကွယ် .. အောက် ထပ်က .. လေးလေးသိန်း အခန်းမှာ ခဏလှဲလိုက်ဦးမယ် .. စားသောက် ထားတာလည်းများတော့ မျက်တောင်စင်းချင်လာသကွယ့် .. ဟေးဟေး.."

သူများတကာ စိတ်လက်ဆင်းရဲနေသည်မှ အားမနာ ..။ တဟေး ဟေးဖြင့် ပြောချင်တာပြော၍ လေးလေးသိန်း သွန်း ‹ ႅ ကြည့်လာသည်။ တိတ်ဆိတ်စွာကြည့်နေသည့် သွန်း ၏ အကြည့်စူးစူးကို သတိထားမိပုံ ပင် မရ ..။ ပေါ့ပေါ့ပါးပါးကြီး ဆက်ရှိနေမြဲ ..။ ဘာကြောင့်များ ဤမျှ ထိ လေးလေးသိန်း အူမြူးကာ တဟေးဟေးဖြစ်နေသည်မသိ ..။ မာမီ လွှမ်း သာမြင်လျှင် တဟေးဟေး ဆရာတော့ သက်သာမည်မဟုတ်။ အငေါက်ခံကိန်းနီးသည်။

"ဟေးဟေး .. ညည်းလေးကလည်း .. ရေမိုးချိုး .. အဝတ်အစားလဲ ထားတာ .. ငါ့ရဲ့မမလေး အဝတ်တွေ ယူဝတ်ရတာဆိုတော့ .. ရင်ဖုံး အင်္ကျီပွတီပွတနဲ့ ပါတိတ်ထဘီကွက်စိပ်နဲ့ .. ရှေးမင်းသမီးလိုလိုကြီးကို ဖြစ်လို့ .. ဟေးဟေး .."

လာပြန်ပြီ ဟေးဟေး ..။ သွန်း မျက်မှောင်ကြုတ်လိုက်ကာ –

"ဘာဟေးဟေးလဲ .. သွန်း မှာ လဲစရာအဝတ်မှမရှိတာ .. ခိုး ထွက်လာရတာဆိုတော့ .. ရေမိုးချိုးဖို့လိုတာမို့ .. ရေမိုးချိုးပြီးချိန်မှာ– မာမီလွှမ်းရဲ့ ဗီရိုထဲက အဝတ်ပဲ ယူဝတ်ဆိုပြီး မာမီလွှမ်း ပြောလို့ ယူဝတ် တဲ့ဥစ္စာ .. ဘာကဲ့ရဲ့တာလဲ .. ဟင် .. လေးလေးသိန်းနော် .. လူကဖြင့်–



ခုထိ ရေမချိုးမိုးမချိုး .. အဝတ်လဲမလဲ .. ဖုန်းတစ်လုံးနဲ့ ဟိုဆက် ဒီ ဆက် .. ဟိုကိုဂုံးထိုး .. ဒီကိုဂုံးတိုက် လုပ်နေတာ မသိဘူးမှတ်လို့လား.."

လေးလေးသိန်း မျက်ခုံးကြီးပင့်၍ မျက်လုံးကြီးပြူးကာ သွန်းကို စိုက်ကြည့်သည်။ မျက်ဝန်းတွေမှာ ပြုံးရိပ်သမ်းနေ၏။

"အံမယ် .. ခုမှ .. ငါတို့ရဲ့သွန်းလေး ပြန်မြင်နေရသလိုဖြစ်ကုန်ပါ ရောလား .. တစ်ချိန်လုံး ငြိမ်နေတာ .. ခုမှ .. စပြီးတော့ .. လှုပ်လာတော့ တယ် .. မျက်လုံးတွေကိုတောက်နေတာပဲ .. သူ့မောင်ကြီးကို .. ငါက.. အစ်ကိုကြီးဆီမှာ ဂုံးထိုးတယ်လို့တောင် ရန်ထောင်နေသေး .. ဟေးဟေး.. ဟေးဟေး .."

တဟေးဟေးဖြင့် လေးလေးသိန်း ထွက်သွားတော့မှ သွန်း ရှက် အမ်းအမ်းဖြစ်ကျန်ခဲ့ရပါပြီ ..။ အံမယ် ..။ သွန်း က .. သွန်း က .. မောင်ကြီးဘက်က ရန်ထောင်တတ်နေသည့် သွန်း ဖြစ်နေသည်တဲ့ လား..။ ခုမှ .. ကိုယ့်ဘာသာကိုယ်လည်း သိလိုက်ရခြင်း။ ရှက်သွေးဖျန်း ခနဲဖြစ်သည်။ ရင်သည် သိမ့်ခနဲရှိန်းမြမြဖြစ်၏။ မောင်ကြီးသာ ဤအဖြစ် ကိုသိလျှင် သွန်း ကို လှောင်ရိပ်ဖြင့်ပြုံးကြည့်မည်လား ..။ ကြင်နာစိတ် ဖြင့်ပဲ ကြည့်မည်လား ..။ မသိ ..။ တစ်ခုခုသောခံစားချက်သည် မောင်ကြီး ထံမှာ ရှိနေမည်။ သွန်း ကို နာကြည်းသောခံစားချက် ..။ ဒါမှမဟုတ်.. ခုလို .. သွန်း မောင်ကြီးကို သတိတရဖြစ်နေသည့်နှယ် မောင်ကြီးက လည်း သွန်းကို သတိရနေသည့်ခံစားချက် ..။

"သူ မုန်းနေရင်တော့ .. ငါ့ကို လှောင်ပြုံးနဲ့ကြည့်မှာပေါ့ .. အကယ်၍ သူ .. သတိရနေတယ်ဆိုရင်တော့ .. ငါ့ကို စာနာကြင်နာ တဲ့အကြည့်နဲ့ ကြည့်မှာပေါ့ .. အင်းလေ .. သူ .. ငါ့ကို .. ပိုမုန်းနေမှာပေါ့ လေ .."

သွန်း အားအင်လျော့သလိုဖြစ်လာ၏။ ထူးဆန်းလှချေသည်ကော ဟု ခံစားလာရပြန်သည်။ သွန်း က .. မောင်ကြီးထံမှ အမုန်းနှင့်နာကြည်း မှုကို ခံယူလိုက်ရမှာ ကြောက်နေသည့် သွန်း ဖြစ်နေသည်။ ကြင်နာခြင်း တွေကို တောင့်တနေသည့် သွန်း ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်တုန်းကမှ .. ဤခံစားချက်မျိုး .. သွန်း မဖြစ်စဖူး ..။ သွန်း အာရုံမှာ မောင်ကြီး၏ပုံရိပ်တွေ မြင်မြင်လာနေမိရပြန်၏။ ညဘက် လက်လက်သွပ်ပွဲကြီးနှင့် ဆောင့်ကြောင့်ကြီး ဆိုဖာပေါ်ထိုင်ကာ မျက်လုံး ကြီးအဝင်းဖြံ့ဖွင့်၍ မအိပ်အောင်ကြိုးစားခဲ့သည့် မောင်ကြီး၏ ချစ်စရာ ပုံရိပ် ..။ သွန်း လွှတ်ခနဲပြုံးမိသည်။

"ငါသိတာပေါ့ .. သူ့အိပ်ရင် ဟောက်သံထွက်မှာစိုးလို့ .. မအိပ်ရဲဘဲ .. ငါ့ကိုလှန့်နေတာ .. ဟင်းဟင်း .. အဲဒါကြောင့် .. ငါက .. စာကြည့်ခန်းထဲ သွားအိပ်ပေးလိုက်တာပါ .. သူ့ကို သနားလို့ .. ခမျာ.. ညအိပ်ဖြစ်တော့မှာမဟုတ်ဘူးလို့လေ .."

သွန်း တွေးရင်း ထပ်၍ပြုံးမိပြန်သည်။ အပြုံးသည် ချစ်စနိုးနိုင်နေ၏။ ကလေးတစ်ယောက်၏ ကဘောက်ကချာလုပ်မိလုပ်ရာလုပ်နေတာကို ဘေးကကြည့်နေသည့်သူ၏အပြုံး ..။ မန်းကီး၏ ရှုံ့ရှုံ့တွေ မြက်ခင်းပေါ်ရှိနေမည်လားမသိဟု သွန်း ချစ်စနိုးကျီစယ်ချိန်ကလည်း မောင်ကြီး မြှောက်ခနဲထခုန်တာကိုလည်း မမေ့ ..။ မောင်ကြီးသည်.. လူကြီးလိုလို .. ဘာလိုလို .. လုပ်နေရင်း .. တကယ်ကျတော့.. ကလေး အရမ်းဆန်နေတတ်သည်ကိုးလေ ..။

ဟြော် .. ခုကျတော့ .. မောင်ကြီးလည်း ကျန်ခဲ့ပြီ ..။ သွန်း လည်း ထွက်ခဲ့ရပြီ ..။ သွန်း တို့နှစ်ယောက် မချစ်ဘဲလက်ထပ်ခဲ့ရသည် ဆိုတာ..။ လက်မထပ်ချင်ဘဲ လက်ထပ်ခဲ့ကြရသည်ဆိုတာလည်း မကြာ မတင်ပင် ရွက်နုဝေမှာ မောင်ကြီး ဖော်ကောင်အလုပ်ကောင်း၍ နှစ်ဖက် မိဘတွေလည်း ရင်ကွဲပက်လက်သိကုန်ကြရပြီ ..။

လူကြီးတွေက .. သွန်း ရော မောင်ကြီးရော .. လူချင်းဆုံမိကြချိန် မှာ စိတ်ထားပြောင်းပြီး လက်ထပ်ဖို့ ငြင်းနေသမျှကို ခေါင်းပြန်ညိတ် သဘောမျှခဲ့သည်ဟု ထင်ခဲ့ကြသည်ကိုးလေ ..။ ထင်သလိုမဖြစ်နေမှန်း သိတော့ ..။ ခု .. သွန်း က ယာတောအိမ်သို့ ရောက်နေရပြီ။ မောင်ကြီး က ကြာရိပ်ဖူးသို့ ရောက်နေလောက်ပြီ ..။ သွန်း နှင့် မောင်ကြီးတို့ .. ဝေးကြရမှာကလည်း သေချာနေပြီ ..။ အတွေးသည် မတန့် ..။ အတွေး



များကလည်း မောင်ကြီးနှင့်ပတ်သက်ရာတွေ ဖြစ်နေတတ်ပြီ ..။ မောင်ကြီးနှင့်မကင်းနိုင်ဘဲဖြစ်နေသည်။ သွန်း မြက်ခင်းထက်မှာ ထိုင် နေမိရဲဆဲ ..။ အကြည့်က ဝါးရုံရိပ်ဆီသို့ရောက်၏။ နှင်းဆီးရိုင်း ပန်း ရောင်အပွင့်သေးသေးတွေ ဆုပ်ခဲပွင့်ရာဆီသို့ ရောက်၏။ မြက်ခင်းကြား ရောက်နေသည့် စံပယ်ရုံဆီသို့လည်း ရောက်၏။

မာမီလွမ်းကတော့ အိပ်ရာထက်မှာလှဲရင်း ပုတီးစိပ်နေသည်။ သွန်း နှိပ်ပေးပေမယ့် မာမီလွမ်း က ခဏ တစ်ယောက်တည်း ပုတီးစိပ် အာရုံ ပြုချင်သည်ဆို၍ သွန်း ခြံထဲရောက်လာရခြင်း ..။ အိမ်ကြီးကတော့.. သွပ်စစ်မီးရောင်တွေ ထွန်းထားသည့်အိမ်ကြီးတစ်လုံး ဖြစ်နေပြီ..။ အရမ်း ကို တိတ်ဆိတ်နေသည့် နေရာတစ်ခု ..။ ထိုစဥ်ခိုက် .. ခြံဝမှာ ကားတစ်စီး ရပ်၏။

မြန်ဆန်လွန်းစွာ ဆင်းလာသူတစ်ယောက် ..။ မှောင်ရိပ်ဆမ်းစ အချိန်ပေမို့ သွန်း အာရုံစိုက်၍ ကြည့်မိရပြီ ..။ ဘုရားရေ ..။ မောင်ကြီး ပါတကား ..။ သွန်း၏ မောင်ကြီးကို သွန်း ကောင်းကောင်းမှတ်မိသည် ဆဲ ..။ အလောတကြီးဆင်းလာသည့် မောင်ကြီးသည် ပထမတော့ သွန်း ကို မမြင်သေး ..။ ခြံထဲ စိတ်ဇောဖြင့်ဝင်လာရာမှ အိမ်ကြီးဘက် ကိုသာ အာရုံစိုက်၍ ဝင်ဖို့ပြင်သည်။ သွန်း ကလည်း ရုတ်ခနဲ ထရပ်လိုက် မိပြီ ..။ မောင်ကြီး .. ဘယ့်နှယ်လုပ်၍ ဤအထိ ရောက်လာနိုင်သည် ဆိုတာကို စဥ်းစားမရ ..။ အတွေးမပေါက်နိုင်ပေမယ့် ..။ ခုလို .. မောင် ကြီး ရောက်လာတာကို ဘယ်လိုဝမ်းသာနေမိမှန်းမသိ ..။ ဘယ်လို ခုန်တွေခုန်နေမှန်းလည်းမသိ ..။ အသံက ပွင့်ကျမလာနိုင်အောင် .. ခံစားချက်အပြင်းစားတွေက ရင်ထဲမှာ ကြပ်ခဲမောက်လျှံနေကြပြီ ..။

ရုတ်ခနဲရပ်လိုက်သည့် လူရိပ်ကြောင့်ထင့် ..။

မောင်ကြီး ကြည့်လာသည်။ သွန်း ကိုမြင်တော့ ရုတ်ခနဲခြေစုံရပ် ၏။ သွန်း ကို မမိတ်မသုန် အတန်ကြာ ငေးစိုက်ကြည့်နေသည်။ သွန်း ကလည်း ငေးကြည့်နေမိသည်ပါပဲ..။

"သွန်း .. သွန်းရယ် .."

www.burmeseclassic.com

www.burmeseclassic.com



မောင်ကြီးထံမှ ခေါ်လိုက်သံက နူးညံ့လွန်းနေသည်။ ကြေကွဲသံ တမြှေမြှေပါနေသည်။ ကာလကြာမြင့်စွာ ခွဲခွာခံလိုက်ရသည့်နယ် ပြင်းထန်လွန်းနေသည့် ခံစားချက်များ မွန်းကြပ်နေရာ ခေါ်သံတိုးတိုးသည် အက်တက်တက်လည်း နိုင်နေသည်။ သွန်း .. အံ့ဩစွာ နားလည်စ ပြုလာရပါပြီ ..။ ဘုရားရေ .. သွန်းသည် .. သွန်းသည် .. မောင်ကြီး၏ ခံစားချက်များကို ဖတ်ရှုနေသော သွန်း ဖြစ်နေချေသည်တကား..။ သွန်း.. သွန်း .. ဘာကြောင့် .. ဘာကြောင့် .. ကိုယ့်စိတ်ကို .. ကိုယ်.. ပြန်၍ မဖတ်နိုင်လောက်အောင် ညံ့ဖျင်းမိခဲ့ရပါလိမ့် ..။ ခုမှ သိတတ်လာရလောက်အောင် .. ဘာကြောင့် .. နုံ့နဲ့ဆိုးဝါးမိခဲ့ရပါလိမ့် ..။

မောင်ကြီး၏ခြေလှမ်းတွေ ရုတ်ခနဲ ပြန်၍မြန်ဆန်လာသည်။ အိမ်ကြီးဘက်ကို စိုးရိမ်သလိုလည်း ကြည့်သေးသည်။ သွန်း သေားကိုရောက်လာတာနှင့် ဖျတ်ခနဲ ပိုင်စိုးလွန်းစွာ ဆုပ်ခဲကိုင်လိုက်ရာမှ အပြင်သို့ ခေါ်လာတော့ သွန်း နားမလည်နိုင် ..။

"ဘယ် .. ဘယ်ကိုသွားမလို့လဲ မောင်ကြီး .. ဟို .. ဟို .. မောင်ကြီး ဘယ်တုန်းက ရောက်တာလဲ .."

သွန်း မေးနေတော့ မောင်ကြီး သွန်း ကို ငုံ့မိုး၍ကြည့်သည်။ အကြည့်က သွန်း ခြေထောက်ဆီသို့ ရုတ်ခနဲရောက်၏။ ဖိနပ်လေး ကျွတ်ကျခဲ့တာမို့ ခြေထောက်တစ်ဖက်မှာက ဖိနပ် ပါမလာ ..။ မောင်ကြီး ရုတ်ခနဲ သွန်း ကို ကောက်ပွေ့သည်။

"ဟင် .. ဘာလုပ်တာလဲ .. မောင်ကြီး လက်တွေနာကုန်လိမ့်မယ်– သွန်း လျှောက်ပါ့မယ် .."

"မင်း ခြေထောက်တွေ နာကုန်တာကို ငါ မျက်စိမှိတ်ကြည့်မနေ နိုင်ဘူးကွ .. တဆိတ်.. ပါးစပ်လေးငြိမ်နေစမ်းပါ .."

ဟု တစ်ချက် ငေါက်ဆတ်ဆတ်အသံပေါ်လာ၏။ သွန်း ရယ်ချင် လာသည်။ သွန်း ၏မောင်ကြီးကို သွန်း ပြန်ရလိုက်ပြီကောလေ .. တစ်ယောက်နှင့်တစ်ယောက် ငေါက်ဆတ်ဆတ်နှင့် ဘုသောက်ကျ သည့်ကာလလေးကို သွန်း ပြန်ပိုင်ဆိုင်လိုက်ရသည့်ကာလလေးတစ်ခုပါ

BURMESE CLASSIC .com



ဘားလေ ..။

မောင်ကြီး ရပ်ထားသောကားဆီသို့ ရောက်တော့ တံခါးဖွင့်၍ သွန်း ကို ညင်ညင်သာသာထိုင်စေသည်။ သွန်းကို ဆိုဖာပေါ် သက် သောင့်သက်သာထိုင်နိုင်အောင် ဖွဖွညင်ညင် ထိုင်စေခြင်း ..။ သွန်း ကို ဂရုတစိုက်ရှိချေသည်ပဲဟု ရင်တနွေးနွေးဖြင့် သွန်း သိနေရင်း မောင်ကြီး ၏ လှုပ်ရှားမှုတိုင်းကို တိတ်ဆိတ်စွာလိုက်ကြည့်နေမိရပါ၏။ မောင်ကြီး ကား ခေါင်းကိုကွေ့ပတ်ကာ ကားထဲဝင်သည်။ ကားစက်နှိုး၍ ထွက် သည်။ သွန်း အိမ်ကြီးဘက်ကို လှမ်းကြည့်မိရပါ၏။ မောင်ကြီး ဘာ တွေလုပ်နေသည်မသိ ..။ အိမ်ထဲဝင်ရမည့်ကိစ္စ ..။ အိမ်နှင့်ဝေးရာကို ဘက်သုတ်နှင်၍ မောင်းနေသည်ဆိုတော့ ..။ လူကြီးတွေ သွန်းကို ဘာ ပြောမည်မသိ ..။ မောင်ကြီးနှင့် တူတူပါသွားတာလည်း သိကြသေးတာ မဟုတ်။ သွန်း ပျောက်နေလျှင် မာမီလွမ်း ဆောက်တည်ရာမရ စိတ်ပူ နေချေမည်။

"မာမီလွမ်း စိတ်ပူလိမ့်မယ် မောင်ကြီးရဲ့ .."

သွန်း ပြောတော့ မောင်ကြီး မဖြေ ..။ ကားကိုသာ ထောက်လျှောက် မောင်းနေသည်။ သွန်း ခုလိုကျတော့လည်း .. မာမီလွမ်းကို သနားလာရ သည်မို့ ...

"ဘယ်သွားမလို့လဲ မောင်ကြီးရဲ့ .. မာမီလွမ်း စိတ်ပူလိမ့်မယ်.."

"မသိသေးဘူး သွန်း .. ဒီအိမ်ကြီးနဲ့ အဝေးဆုံးရောက်အောင် အရင်မောင်းရလိမ့်မယ် .. တစ်မြို့မြို့ရောက်ရင် .. ဟိုတယ်တစ်ခုခုမှာ တည်းမယ်ကွာ .. ကဲ .."

"ဟင် .. ဘယ်ဖြစ်မလဲ .. မာမီလွမ်း စိတ်ပူလိမ့်မယ် မောင်ကြီး ရဲ့ .."

"အေး .. ငါက သေတော့မယ် သိရဲ့လား .. မင်း မရှိရင် .. သေတော့ မယ် သိရဲ့လား ကောင်မလေးရဲ့ .. မျောက်ဖြူရဲ့ .."

လှည့်ငေါက်လာသည်က စိတ်နောက်ကိုယ်ပါနိုင်၏။ သွန်း ငေး ခနဲကြည့်ကာ ငြိမ်ကျသွားသည်။ ဘာသံမျှကို ထွက်မလာနိုင်တော့..။

www.burmeseclassic.com

www.burmeseclassic.com



မောင်ကြီးက .. မောင်ကြီးက .. သွန်း မရှိလျှင် သေရတော့မည်တဲ့ ..။ သွန်း .. သွန်း .. ရင်ထဲဆို့လာသည်။ ဝမ်းနည်းဝမ်းသာ .. စိတ်တွေလည်း လှုပ်ရှား ..။ ရင်တွေလည်း တရှိန်းမြမြခုန်ပြီးရင်းခုန် ..။ အားလုံး ဆုံကုန်တော့ မျက်ရည်က ဘယ်လိုအင်အားတွေ ပြည့်လျှံရင်း ကျလာသည် မသိ..။ ဖြိုင်ဖြိုင်ပါအောင်ထိန်းမရ ပြုမရ ပြိုကျလာကြပါချေသတည်း။

မောင်ကြီး ငဲ့ကြည့်ကာ ရုတ်ခနဲ ကားကိုရပ်သည်။ သွန်း ၏ ကိုယ်လေးကို ပခုံးဆီမှ ဖေးကိုင်၍ ဆွဲယူသည်။ သွန်း၏ မျက်နှာလေး ကို တစိမ့်စိမ့်မျှကြည့်သည်။ ကြည့်မဝနိုင်အောင်ကြည့်ခြင်း ..။ ခွဲမရနိုင်စွာ ကြည့်ခြင်း ..။ ထိုအရာများကို သွန်း မြင်နေရသည်။

"မောင်ကြီးကို ခုထိ မုန်းနေလို့လား သွန်း ရယ်., ဟင့် .. မောင်ကြီး အလွန်မှားခဲ့မိပါတယ် သွန်းရယ် .. သွန်းကိုချစ်လို့ချစ်နေမှန်းကို မောင်ကြီး မသိခဲ့တာ .. အခု ခွဲရတယ်လည်းဆိုရော .. မောင်ကြီး ရူးကျန်ခဲ့တာပဲ .. မင်း မရှိရင် မောင်ကြီး နေလို့မဖြစ်ဘူးကွ .. အဲဒါ .. ခုမှသိရတာ .. ဒါကြောင့် .. မောင်ကြီး ချက်ချင်း ကားနဲ့လိုက်လာခဲ့ ရတာပါကွယ် .. လေးလေးသိန်း ကိုလည်း ဖုန်းဆက်ဆက်မေးရတယ် သိလား .. ဘယ်ရောက်နေပြီလဲ .. ဘယ်ရောက်နေပြီလဲ ဆိုပြီးတော့ လေ .. အဲဒါ .. လေးလေးသိန်း က .. သူ .. ဆက်မယ်တဲ့ .. အဲဒီအခါကျ တော့မှ လိုက်လာတဲ့ .. လောလောဆယ်တော့ .. နောက်ကပဲ မေးလိုက် လာခဲ့ဆိုလို့ မောင်ကြီး အဲသလိုပဲလိုက်လာခဲ့ရတာ .. အခု .. ညနေမှာ မောင်ကြီး ဒီရွာပြင်မှာ ကားရပ်စောင့်နေဆိုလို့ စောင့်နေရတာလေ .. မောင်ကြီးကို .. စောစောက လေးလေးသိန်း ထပ်ဖုန်းဆက်တယ်.. လာခဲ့ တော့တဲ့ .. မေမေလည်း အခန်းထဲမှာတဲ့ .. အမြန်ဆုံးသာလိုက်လာခဲ့တဲ့.. သွန်း ခြံပြင်မှာရှိတာကိုတော့ ဖုန်းထဲ ထည့်မပြောဘူးလေ .. ဒါကြောင့် အိမ်ထဲဝင်ရှာတော့မလို့ သိလား .. အေးလေ .. သွန်းလေးများ ခြံထဲကနေ အိမ်ထဲဝင်ချင်ဝင်သွားနိုင်တယ်လို့ တွေးမိလို့ လေးလေးသိန်း .. အဲဒါကို ထည့်မပြောတာဖြစ်မှာပါ .. သူ ဖုန်းဆက်သတင်းပို့နေလို့သာ မောင်ကြီး ဒီထိလိုက်လာနိုင်တာပေါ့.. ဒါမှမဟုတ်ရင် .. မောင်ကြီး မွေးနံ့သူ့ကို



အောက်လျှောက်မောင်းမိမှာ .. လေးလေးသိန်းက သတင်းပို့တယ်လေ .. ညနေစာ ထမင်းဆိုင်မှာ ထမင်းစားတော့ .. မေမေက ပြောတယ်တဲ့ .. ဒီယာတောအိမ်ရှိတဲ့ ရွာလေးမှာပဲ ညအိပ်မယ်တဲ့ .. အဲဒါ .. ချက်ချင်း သတင်းပို့လာလို့ မောင်ကြီး .. ဒီယာတောအိမ်ကို လိုက်လာနိုင်တာပေါ့ .."

မောင်ကြီး ဆက်တိုက်ရှင်းပြနေချိန်မှာ သွန်း ရင်ထဲမှာ တစ်ခုပဲ ရှိနေသည်။ မောင်ကြီး၏ပခုံးပေါ် ခေါင်းလေးတင်လိုခြင်း ..။ ငိုလိုခြင်း..။ မောင်ကြီး၏ပခုံးပေါ် ခေါင်းလေးတင်ခွင့်ရလျှင်ပဲ သွန်း မှာ အားရှိလှပါ ပြီ ..။ မောင်ကြီး၏ပခုံးမှာ ငိုခွင့်ရလျှင်ပင် ရင်ထဲ အတန်မျှ သက်သာ ရာ ရလာပါချေလိမ့်မည် ..။ သွန်း မော့၍ကြည့်ကာ ကလေးလေးလိုပဲ ပြောမိရသည်က ..

"သွန်း လည်း .. သွန်း လည်း .. မောင်ကြီးလိုပဲ ခံစားနေရတာပါ.. သွန်း လည်း .. သေတော့မှာပဲထင်ပါရဲ့ မောင်ကြီးရဲ .."

ငိုမဲ့မဲ့လေးပြောနေသည့် သွန်း ကို ကြည့်ကာ မောင်ကြီး တစ်ချက် ငြိမ်ခြင်းမက ငြိမ်ကျသွားသည်။ မျက်တောင်မခတ် အငေးကြီးငေးကြည့် နေသည်။ နောက်တော့ .. ရုတ်ခနဲ ကိုယ်ကြီးကိုင်းညွှတ်၍ သွန်း ၏ ကိုယ်လေးကို မလွှတ်စတမ်း ထွေးပိုက်သည်။ သွန်း ၏ ခေါင်းလေး ကို ဖွဖွညင်ညင် လက်ဖဝါးဖြင့် ဖေးယူ၍ ပခုံးပေါ်တင်သည်။ လက်ဖြင့် အနှုးညှံ့ညှံ့ဖေးအုပ်ထားပါ၏။

"ဖြစ်ရလေ .. မောင်ကြီးတို့နှစ်ယောက် ချစ်နေကြပါရက်ကယ်နဲ့ .. အဲဒါကို .. မောင်ကြီးတို့ မသိခဲ့ကြတာကိုး .. မသိခဲ့ကြတာကိုး .."

ထိထိခိုက်ခိုက် မောင်ကြီး ခပ်ညည်းညည်းပြောသည်။

သွန်း ၏ ဆံစလေးတွေကို ဖွဖွနမ်းရှိုက်လာသည်။ မျက်နှာလေး ကို ဖေးယူ၍ တစိမ့်စိမ့်ကြည့်သည်။ သွန်း ကလည်း တမော့မော့ကြည့် နေမိရသည်ပါပဲ ..။ ဤမျှ တိမ်းမူးအံ့ဩဖို့ကောင်းနေသော..။ နူးညံ့ သွပ်ရှားနေသော ..။ မက်မောမြတ်နိုးဖွယ်ရင်ခုန်ခြင်းဆိုတာကို .. သွန်း.. သွန်း .. ခုမှ .. စတင် .. ခံစားတတ်လာရချေသည်ကော မောင်ကြီးရယ် လေ ..။ မောင်ကြီးသည်လည်း သွန်းနှယ်ပင် ရှိနေမည်ဆိုတာ အရမ်းကို

www.burmeseclassic.com



နူးညံ့စွာတောက်ပနေသည့် မျက်ဝန်းတွေကြောင့်ပင်လျှင် သွန်း သိနေရသည်ပါပဲ။ မောင်ကြီး၏လက်ဖဝါးတွေ သွန်း ၏ ပါးပြင်လေးပေါ်မှာ ဖွဖွ ဖေးအုပ်ထားကြသည်။

"သွန်း ရယ် .. သွန်းကိုချစ်တဲ့ မောင်ကြီးရဲ့အချစ်တွေနဲ့ သစ္စာတိုင်လိုက်ချင်ပါရဲ့ .. မောင်ကြီးနဲ့ သွန်း ရဲ့နှလုံးသားကို ဆက်နွယ်တဲ့ ပန်းတံတားတစ်စင်းကို မောင်ကြီး ဖန်ဆင်းချင်ပါတယ်လို့လေ .. အဲဒီ.. ပန်းတံတားထက်မှာ .. သွန်း ဘက်က ပန်းလေပြေရထားတစ်စင်းနဲ့ အချစ်တွေကို မောင်ကြီးရဲ့နှလုံးသားထံ အပ်နှံပေးလိုက်ပါတော့ .. မောင်ကြီး .. အဲဒီအချစ်တွေကို စောင့်မျှော်နေပါရစေ .."

မောင်ကြီး၏အသံတွေက အရမ်းကိုနူးညံ့နေသည်။ သိမ်မွေ့လေးနက်နေသည်။ အလွန်လှပသော ကဗျာတစ်ပုဒ်နှင့်တူညီနေသည့် စကားလုံးနူးနူးညံ့ညံ့လေးတွေ မောင်ကြီး၏နှုတ်ဖျားဆီမှ စီးမျောကျလာကြတာကို သွန်း အံ့သြကြည်နူးစွာ သိနေရသည်။ ကြားနေရသည်။ ဤသည်ကို .. အချစ်ဟု ခေါ်ပါသည် မောင်ကြီးရယ် ..။ အချစ်သည်.. လှပသောစကားကဗျာလေးတွေကိုလည်း စီးသွယ်ကျလာစေတတ်ပါသည်။ နားဆင်စေနိုင်ပါသည်ကောရှင် ..။ သွန်း .. မောင်ကြီး၏ ပြုံးကျနေသည့် ဆံစလေးများကို ဖွဖွညင်ညင် သပ်ပေးလိုက်မိရပါ၏။ ဒါဆိုလျှင် .. သွန်း ၏ ရင်မှာ ရှိနေသည့် လေပြေရထားလေးမှ အချစ်များကို မောင်ကြီး မြင်နိုင်လောက်ပါပြီ ..။

"သွန်း ကို ချစ်လွန်းလို့ .. မောင်ကြီး .. သွန်း ကို ခိုးပြေးလာတာ.."

ဟု ပြောလာသည့်အသံတွေက တုန်ခါနေသည်။ သွန်း ကလည်း မောင်ကြီး ခိုးရာနောက်သို့ လိုက်မည့် သွန်း ပဲ ဖြစ်နေပါသည်။ မောင်ကြီး၏ တရှိုက်ရှိုက်နမ်းလာပါသည့် အနမ်းနုနုတို့ ဖေးတင်ရာ နဖူးပြင်လေးသည်လည်း နွေးထွေးနေကြပါလေသည်။

"မောင်ကြီးတို့ ခုလို .. ခိုးပြေးကြတယ်ဆိုတာ လေးလေးသိန်းက ခုလောက်ဆို .. အားလုံးကို ရှင်းပြလောက်ပါပြီ .. မေမေ့ကို ပြောပြလိမ့်မယ် .. မေမေက ဖုန်းဆက်ပြီး အားလုံးကို ပြောပြမှာပါ .. မောင်ကြီးတို့ချစ်နေကြမှန်းသိရင် .. လူကြီးတွေကလည်း .. ဘယ်ခွဲကြတော့မလဲ သွန်း ရယ် .."



ဟု ပြောလေတော့ သွန်း ခပ်တိုးတိုးရယ်သည်။ ထူးတော့ထူးသည်။ လက်ထပ်ထားသူနှစ်ယောက် ခိုးပြေးသည်ဆိုတာကိုက အဆန်းတကျတစ်ရာဖြစ်နေသည်တည့် ..။

"ဒါဆိုလည်း မောင်ကြီးရယ် .. မာမီလွမ်း ကို ဝင်တွေ့ပြီး .. ဖွင့်ပြောပြ .. ရှင်းပြလည်း ရတာပါပဲဥစ္စာ .."

"မေမေ့အကြောင်း မောင်ကြီး သိတယ် .. စိတ်ဆိုးနေတာ ပြေမှာမဟုတ်ဘူး .. ရှင်းပြဖို့ အခွင့်အရေးလည်း ရမှာမဟုတ်ဘူး .. မောင်းထုတ်မှာ သိရဲ့လား .. ဒါကြောင့် .. အချိန်တိုတိုအတွင်းမှာ .. ပြန်ခိုးပြေးလိုက်တဲ့နည်းပဲ သုံးရတော့မှာလေ .."

ဟု ပြောခိုက် ဖုန်းမြည်လာတာမို့ မောင်ကြီး ဖုန်းကိုကြည့်သည်။

"လေးလေးသိန်း ဆီက ဖုန်း .."

ဟု ပြောကာ ထူးလိုက်ပါ၏။

"ဟယ်လို .."

"မဟယ်လိုနဲ့ .. မေမေ ဆက်တာ .. မင်း .. ငါးရဲ့ပြာလူးဖြစ်ပြီးချက်ချင်း ကားနဲ့ ကစုန်စိုင်းလိုက်လာတာတွေ ထား ဖုန်းနဲ့ သတင်းပို့တယ် .. လေးလေးသိန်း ကို မင်း ဖုန်းတဆက်ဆက်လုပ်တာလည်း.. မေမေ သိတယ် .. လေးလေးသိန်း ကလည်း အားလုံး ပြောပြတယ်.. ဒီလောက်ထိ ကိုယ့်ရင်ထဲမှာ ဘာရှိတယ်ဆိုတာ မသိတဲ့ ဒီနှစ်ယောက်.. ညှာပေးပစ်မယ်ဆိုပြီး လွှတ်ထားတာ .. ဒီက သွန်း ကလည်း မျက်စိမှုတ်နှာပျက်တာမှ သနားဖို့တောင်ကောင်းနေတာ သိရဲ့လား .. အဲဒါ.. မင်း .. မင်းမိန်းမကို မင်းပြန်ခိုးတာ ငါတို့ မသိချင်ယောင်ဆောင်ပြီး လွှတ်ပေးထားတာကို လှမ်းအသိပေးတာ .. ပြန်လှည့်မလာနဲ့ .. ခရီးဆက်ကြ .. ချောင်းသာကိုသွား .. ဟိုမှာ ဟန်းနီးမွန်းထွက် .. မင်းပိုက်ဆံလိုရင် .. နီးစပ်ရာမြို့က ဘဏ်မှာ ငွေသွားထုတ်နိုင်အောင် .. အရင်ဆုံး ဖုန်းဆက်လာခဲ့ .. အဲဒီကို ငွေလွှဲလိုက်မယ် .. ကဲ .. ကဲ ..

www.burmeseclassic.com



ခရီးဆက်ကြ .. အေး .. မေမေ့သမီးလေးကို အဝတ်အစားလေးတော့ ဝယ်ပေးလိုက်ဦး .. ခမျာ .. ခုမှ .. မေမေ့အဝတ်တွေနဲ့ .. ရှေးမင်းသမီးရုပ် ထွက်နေတာကွယ် .. ဟင်းဟင်း .. ဂွတ်နိုင် .."

ဟု ပြောနေတော့ .. စပီကာလေးပါ သူနှိပ်ထားတာမို့ ဘေးက ကြားနေသည့် သွန်း ရော သူရော ပျော်လိုက်ကြသည်မှလေ ..။ ရင်ထဲ ပေါ့ပါးကုန်ကြရကာ ..။ ကလေးနှစ်ယောက် အပျော်လွန်ကြသလို .. ဟေးခနဲလည်းအော်ကြ ..။ တစ်ယောက်ကိုတစ်ယောက်လည်း ဝမ်းသာအားရ ဖက်ကြနှင့် ဖြစ်ကုန်သည်ပါပဲ ..။

မောင်ကြီးက နောက်တော့မှ သွန်း ကို ဂရုတစိုက်ကြည့်ကာ ပြုံး၍ ...

"ဟုတ်ပါရဲ့ .. မောင်ကြီးလည်း မိန်းမဓာနဲ့ခိုးပြေးဖို့ပဲသိနေရင်း-- သွန်း ရဲ့အဝတ်တွေ ဂရုဓာစိုက် မရှိလိုက်မိဘူး .. အဲမယ် .. မောင်ကြီးရဲ့ သွန်း က .. မင်းကတော်လိုလို .. ဘာလိုလိုရယ် .. ဟက်ဟက်.."

ရင်ဖုံးအကျႌ ..။ ထဘီအကွက်နှင့်ရှိနေသည့် သွန်း ကိုကြည့်ကာ မောင်ကြီး ရယ်တော့ သွန်း မျက်စောင်းထိုးမိရပြီ ..။

"ဘာ မင်းကတော်လဲ .. မောင်ကြီးကတော် .."

ဟု ပြောတော့ မောင်ကြီး ရယ်သည်။ သိမ်းကျုံး၍ပွေ့သည်။

"မောင်ကြီးတို့နှစ်ယောက်ကတော့ စုံပါပဲဗျာ .."

ဟု ကိုယ့်အဖြစ် ကိုယ်ပြန်၍လည်း ညည်းသည်။

"မောင်ကြီး သွန်း ကို ချစ်နေတာ မသိဘူးဗျ .. မုန်းနေတယ်လို့ တုံးကြီးဖြစ်ရင်း ထင်နေမိတာလေ .. ဘယ်လောက် တုံးဖြစ်နေသလဲ ဆိုရင် .. မုန်းတောင်မုန်းပြခဲ့သေးတာ သိရဲ့လား .. ဒီလောက် ပျော်စရာ လေးတွေပြော .. ပျော်ပျော်လေးနေရင်း ချစ်စရာကောင်းနေတာကို ချစ်နေမှန်းကို မသိခဲ့တာဗျ .. အချစ်ဆိုတာ ချိုသတဲ့ သွန်း လေးရဲ့ -- အမုန်းဆိုတာ ခါးသတဲ့လား .. မုန်းတယ် မုန်းတယ်နဲ့ .. မောင်ကြီးရဲ့ အမုန်းတွေက ချိုနေတာ.. မသိခဲ့ဖူးလေ .. ဟောဒီက .. မောင်ကြီးရဲ့ အမုန်းဆိုတာက .. အမုန်းချိုချိုတွေ ဖြစ်နေတာ.. ဟောဒီက ကောင်

BURMESE CLASSIC



လေးကလည်း .. မောင်ကြီးကို မချစ်ပါဘူးဆိုပြီး .. နေပြခဲ့တာတွေက လည်း .. အမုန်းချိုချိုတွေဖြစ်နေတာ.. ခုမှ သိကြရသကိုး ကလေးရယ်.. နှမြောလိုက်တာကွာ .. နော် .. မသိခဲ့ကြတာကိုလေ .. ဟင် .."

မောင်ကြီး ပြောရင်း .. ဤတစ်ကြိမ်မှာတော့ သွန်း ၏ကိုယ်လေး ကို ပိုင်စိုးပိုင်နင်းနိုင်စွာ .. ပိုင်စိုးစွာ .. ထွေးပိုက်၍ .. မျက်နှာလေးထက် မှာ .. အနမ်းများစွာကို .. ရင်နှစ်၍ .. ဖေးတင်မိရလေသမျှ ..။

သွန်း ကလည်း .. မောင်ကြီး၏ပခုံးကို .. အားကိုးစွာ .. ချစ်ကြင် နာတ်နိုးစွာ .. ဩော် .. သွန်း မခွဲနိုင်ဆုံးသောသူတစ်ယောက်ဆိုတာကို လည်း ဝန်ခံစွာ .. ဖေးကိုင်ထားမိလိုက်ရပါပြီ ..။ ဤလက်နုနုလေးများ ကို မောင်ကြီး၏ပခုံးထက်မှာ ထာဝရဖေးကိုင်ထားပါရစေ မောင်ကြီး ရယ် ..။

မောင်ကြီး၏ အမုန်းချိုချိုများကိုလည်း .. သွန်း .. ထာဝရ .. ပိုင် ဆိုင်သွားပါရစေ ..။ သွန်း ၏ အမုန်းချိုချိုများကိုလည်း .. မောင်ကြီး ထာဝရ ပိုင်ဆိုင်သွားပါလေ ..။ ချစ်၍ .. ချစ်နေမှန်းကို .. ဝန်ခံစေပါ သည် .. ထိုအမုန်းချိုချိုလေးများကို .. ရင်မှာ .. ထာဝရ .. သိမ်းဆည်း ထားကြပါရစေ .. နော် .. တကယ် ...။ ဩော် .. တောပန်းတို့၏ ရနံ့ သင်းဝေသော ညဦးကာလလေး ...။ လေပြေနုရထားလေးတစ်စင်း သည် .. ချစ်ခြင်းများကို .. ထာဝရ .. သယ်ဆောင်နေမည့် ပန်းတံတား တစ်စင်းထက်မှာ ရှိနေပါလေသည်တကား .. ..။

အချစ်ဆိုတာ ...
ချိုပါသတဲ့ .. ..။

အမုန်းဆိုတာ
ခါးပါသတဲ့ ...။

အမုန်းခါးခါးတွေ
ရှိနေကြချေတယ်လို့

www.burmeseclassic.com

www.burmeseclassic.com



မစို့မပို့ဟန်ထယ်ရင်း
ငါလေ မင်းကိုမုန်းပြခဲ့ ...။

အစတည်းက
မချီးရက်နိုင်ခဲ့
ချိုတဲ့အမုန်းတွေသာအမြဲ
ငါ့ရင်ထဲမှာစွဲထင်ခဲ့တာ
ဘာကြောင့်များပါလဲကွယ် ...။

သခင့်အတွက်
ဘဝသက်တမ်းရှည်ရှည်
အချစ်တွေပဲရှိနေခဲ့ပါသလား ...
ဝန်ခံသွားစေတဲ့အရာဟာ
အမုန်းချိုချိုများပါလား ... ကွယ် .. ...။
ဪ ...
အမုန်းချိုချိုများပါလားကွယ် .. ...။

*မျှဝေခံစားခြင်းများစွာဖြင့်...*



အမှတ်-၉၀၊ အုန်းတောလမ်း
ဒေါ်ဥရှုရပ်ကွက်၊ လှိုင်ကော်မြို့
ကယားပြည်နယ်။
ဖုန်း-၀၈၃-၂၁၃၂၃

မတူရာ(လှိုင်ကော်)
(၂၀-၇-၂၀၁၆)

BURMESE CLASSIC

www.burmeseclassic.com